# LIVING COLOR

ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်
စီးပွားရေးသတင်းမဂ္ဂဇင်း
No. 169,AUGUST, 2009



## နိုင်ငံ၊ နိုင်ငံတော်နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု

www.foreverspace.com.mm

www.foreverspace.com.mm

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

LIVING COLOR

HOLLYWOOD
SINGAPORE
YANGON

This magazine is founded and managed by board of directors of Myanmar Partners Think Tank Group in june, 1995 underlicensed of Living Color.

RECYCLE
KEEP THE WORLD GREEN.

၁။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်း၊ သတင်းဆောင်းပါး ဆောင်းပါးနှင့် အခြား ဖော်ပြချက်အားလုံး ကလောင်အမည် ဖော်ပြထားသည်ဖြစ်စေ၊ ကလောင်အမည် မဖော်ပြဘဲ ထားသည်ဖြစ်စေ၊ LIVING COLOR အယ်ဒီတာအဖွဲ့၏ အာဘော် ဖြစ်သည်။

၂။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကို LIVING COLOR မှဆင်းမှု ရှိကြောင်း ဖော်ပြ၍ လွတ်လပ်စွာ ကိုးကားနိုင်ပါသည်။

၂။ ဤစာအုပ်၏ မြန်မာစီးပွားရေးသတင်းကဏ္ဍတွင် ဖော်ပြထားသော သတင်းများ ( အထူးသဖြင့် ဘောင်ခတ် ဖော်ပြထားသောသတင်းများ ) ကို နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေနေသော မီဒီယာတစ်ခုခုပေါ်မှ အပိုဒ်လိုက် သော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ဘာသာပြန်ဆိုဖော်ပြခြင်းကို လုံးဝ (လုံးဝ) တားမြစ်သည်။ ဘာသာပြန်ဆိုဖော်ပြလိုပါက LIVING COLOR ၏ ခွင့်ပြုချက် ရယူရမည် ဖြစ်ပါသည်။

www.foreverspace.com.mm

www.foreverspace.com.mm

## Editorial

# နိုင်ငံတည်ဆောက်ရေး

နိုင်ငံတည်ဆောက်ရေးအကြောင်းကိုပြောရလျှင် အောက်ထစ်ဆုံးလိုအပ်ချက်သည် Good Governance ခေါ် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖြစ်ပါသည်။ ပြည်သူလူထုကို လူသားတစ်ဦးပီသစွာ နေထိုင်နိုင်သော အဆင့်သို့ ပို့ဆောင်ပေးမည်ဟုဆိုလျှင် လိုအပ်ချက်များသည် စားဝတ်နေရေးထက် ပိုသည်ဟု နားလည်ရပါမည်။ ထိုသို့ လူသားပီသစွာ နေထိုင်နိုင်ရေးတွင် နိုင်ငံသားအားလုံး အလုပ်လုပ်ကြရန်လိုအပ်ပြီး နိုင်ငံတော်များ၏ တာဝန်မှာ ထိုနိုင်ငံသားများလုပ်သာကိုင်သာသောအခြေအနေများကို နည်းအမျိုးမျိုးဖြင့် ဖန်တီးပေးရေးပင်ဖြစ်သည်။

ထိုသို့ နိုင်ငံသားများလုပ်သာကိုင်သာအောင် နိုင်ငံတော် (State) များဘက်မှ ဖန်တီးပေးရေးဆိုသည်ကို တစ်နည်းအားဖြင့် Enabaling Business Environment ဟု ခေါ်ကြလေ့ရှိပါသည်။ တစ်နည်းအားဖြင့် စီးပွားရေး ရေခံမြေခံကောင်းများ ဖန်တီးပေးရေးဟု ဘာသာပြန်ရမည်ထင်ပါသည်။ တစ်နည်းအားဖြင့်ပြောရလျှင် ကုန်လုပ်စွမ်းအားစုများ၏ မူလပိုင်ရှင်ဟု ပြောရမည့် နိုင်ငံတော်ကိုယ်စား ၎င်း၏ Operator ဖြစ်သူ အစိုးရက အဆိုပါကုန်လုပ်စွမ်းအားစုများ အလွယ်တကူ ရယူသုံးစွဲခွင့်ကို ဆောင်ကြဉ်းပေးရခြင်းဖြစ်သည်။

တစ်သားတည်းဖြစ်လာသော ယနေ့ကမ္ဘာကြီးတွင် လွတ်လပ်စွာ ကုန်သွယ်ခွင့်ဆိုင်ရာ သဘောတူညီချက်များကိုလည်း အစိုးရများက လက်မှတ်ရေးထိုးလာကြရာ (ဥပမာ–အာဆီယံ AFTA) စီးပွားရေးအရ ယှဉ်ပြိုင်နိုင်စွမ်းရည်ကို နိုင်ငံတော်ကိုယ်စား ဆောင်ကြဉ်းပေးရမည့်အစိုးရများသည် နိုင်ငံတွင်းအခြေအနေများ သက်သက်ပေါ် မူတည်ဆုံးဖြတ်ဆောင်ကြဉ်းရန်သာမက ဒေသဆိုင်ရာ၊ ကမ္ဘာလုံးဆိုင်ရာအခြေအနေများတွင် မိမိနိုင်ငံနှင့် နိုင်ငံသားများ၏ ယှဉ်ပြိုင်နိုင်စွမ်းရည်ကို စီမံဆောင်ကြဉ်းပေးရန် လိုအပ်ချက်ရှိလာခဲ့သည်ကို တွေ့ရသည်။ ဥပမာအားဖြင့် နိုင်ငံတွင် သယ်ယူပို့ဆောင်ရေးစရိတ်စကများ၊ ဆက်သွယ်ရေးစရိတ်စကများ ဒေသတွင်းနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် ဆောင်ကြဉ်းပေးမှသာလျှင် ယနေ့ဖြစ်ပေါ်လာနေသော Free Trade သဘောတူညီချက်များအရ 'ရောင်းသူ' နေရာသို့ ရောက်ရှိနိုင်မည်ဖြစ်သည်။ သို့မဟုတ်ပါက နိုင်ငံ၏ ယှဉ်ပြိုင်နိုင်စွမ်းရည်ကျဆင်းသွားပြီး 'အရောင်းခံရသူ' နိုင်ငံ ဖြစ်သွားတတ်ပေသည်။

အထက်ပါစီးပွားရေး ရေခံမြေခံများတည်ဆောက်ရေးလိုအပ်ချက်သည် နိုင်ငံတော်တည်ဆောက်ရေး၏ အခြေခံဖြစ်ပါသည်။ Good Governance မရှိဘဲ ဤရေခံမြေခံများ တည်ဆောက်ရန်မဖြစ်နိုင်ပါ။ တစ်ဖက်တွင်လည်း Good Governance ဆိုသည်မှာ State ခေါ် နိုင်ငံတော်၏ တာဝန်သက်သက်မဟုတ်ဘဲ State ခေါ် နိုင်ငံတော်၊ Market ခေါ် ဈေးကွက်၊ Civil Society ခေါ် အရပ်ဘက်လူ့အဖွဲ့အစည်းတို့၏ သုံးဦးသုံးဖလှယ်ပါဝင်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့်သာ ရနိုင်သော အကျိုးတရားတစ်ခုဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် ၂၀၁၁ မှစ၍ မြင်တွေ့ရမည့် နိုင်ငံရေးအခြေအနေသစ်ကို ခန့်မှန်းရလျှင် အောက်ထစ်ဆုံး 'စနစ်ပြောင်း၊ အုပ်ချုပ်သူမပြောင်း' ပုံသဏ္ဌာန်ဖြစ်ရာ စနစ်ပြောင်းသွားခြင်းကြောင့် နိုင်ငံတော်၊ ဈေးကွက်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းတို့၏ ပါဝင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဖြစ်နိုင်ခြေရှိသွားပြီဟု ဆိုနိုင်ပါသည်။

**အယ်ဒီတာ**

**(၉–၇–၂၀၀၉)**

www.foreverspace.com.mm

# LIVING COLOR

LIVING COLOR. No.169, AUGUST. 2009.


1 အယ်ဒီတာ့အာဘော်

5 ယခုလသတင်းအညွှန်း

6 ယခုလအကြိုက်ဆုံးကုန်ပစ္စည်း

6(2) မြန်မာ့စီးပွားရေးသတင်း

6(30) မျက်နှာဖုံးဆောင်းပါး

နိုင်ငံ၊ နိုင်ငံတော်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု

အောင်ထွန်း

10 အထူးဆောင်းပါး

မိုးရာသီနှင့် ရန်ကုန်မြို့ပြ

ကျော်ဆန်းမင်း၊၊ ခင်ဌေးကြွယ်

"ဘယ်လိုအချိန်မှာ ဘာတွေဖြစ်တတ်တယ်ဆိုတာ သိနေကြတာပဲ"

ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနအကြီးတန်းကူးစက် ဆရာဝန်ကြီး(အောက်မြန်မာပြည်) ဒေါက်တာ မောင်မောင်ဦးနှင့် တွေ့ဆုံခြင်း

စာလီကျော်

"ငါးနှစ်တစ်ကြိမ်လောက်ပြန်သုံးသပ်သင့်တယ်"

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)အငြိမ်းစား ညွှန်ကြားရေးမှူး ဒေါက်တာမြင့်ဦးနှင့်တွေ့ဆုံခြင်း

စာလီကျော်

24 မြန်မာ့စီးပွားရေးမြင်ကွင်း

လမ်းဘေးဈေးသည်များ၏ မြို့ကြီး

တင်အောင်ကျော်

32 ဖြေရှင်းရန်နည်းလမ်းရှာနေဆဲ ကြွပ်ကြွပ်အိတ်ပြဿနာ

ခင်ဌေးကြွယ်

38 ဟန်ချက်ညီညီ ကာကွယ်ရမည့်ထိုရောဂါ

ဒွေးအိငြိမ်

46 မြို့ပြ၏သဏ္ဌာန်ကို ရုပ်လုံးဖော်ပေးသော City Bus လိုအပ်ချက် ခင်ဌေးကြွယ်

54 စန်းပွင့်လာသောစီးပွားရေးလုပ်ငန်း သို့မဟုတ် အင်တာနက်ကဖီးများ ကျော်ကျော်မင်း

62 ရန်ကုန် ကုန်စည်ဈေးကွက်

နိုင်မင်းဓေ၊ စာလီကျော်

69 ရက်စွဲမှတ်တမ်း

72 ဈေးဝယ်လမ်းညွှန်

74 ကာတွန်း

ဒါရိုက်တာအောင်ကြူကြူ စိုးသော်တာ

92 မြန်မာပြည်တွင်လုပ်သည်

94 တွေ့ဆုံခြင်း

"လူသားချင်းစာနာထောက်ထားမှုအလုပ်က နှလုံးသားနဲ့ လုပ်မှရတာပါ"






www.foreverspace.com.mm

LIVING COLOR. No.169, AUGUST, 2009.

WFP မှ Programme Officer ဦးကျော်ဦးမောင်နှင့် တွေ့ဆုံခြင်း ကျော်နိုင်

100 မြန်မာ့စီးပွားရေးအမြင်
စီးပွားရေးပိုင်ဆိုင်မှုနှင့် စီးပွားရေးထိန်းချုပ်မှုကို ခွဲခြားခြင်း ရဲမင်းဦး

104 စီးပွားရေးလုပ်ငန်းတစ်ခု စတင်တည်ထောင်လုပ်ကိုင်ခြင်း(၈)
မူးခန့်စံ

108 ထင်ရှားကျော်ကြားမြန်မာ့စီးပွား

111 ဘယ်ပစ္စည်းဘာ့ကြောင့်

115 တွေ့ဆုံဆွေးနွေးမှုများ

118 ကုန်ဈေးနှုန်း

123 တစ်ဦးတည်းကိုယ်စားလှယ်

124 အတွေးအမြင်
ကျွန်တော့်အတွေး၊ ကျွန်တော့်စကားနှင့် ကျွန်တော့်လုပ်ဆောင်ချက်များ
ဆူဟာတိုပြောသည့် သူ့သမိုင်း တင်ညွန့်

130 သတင်းသမားများ၏ ရုပ်ပုံလွှာ ထင်အောင်ကျော်

134 စွန့်လွှတ်ရဲသင့်နေပြီ ကိုအောင်ဘန်း

138 ချစ်သူများနှင့် ခရီးသွားခြင်း
မောင်မောင်တင်

146 ပုံပြင်ကျေးရွာ မြသန်းသန်းနု

152 သူတို့ဆီကသန့်ရှင်းရေးနှင့်အမှိုက်သိမ်းစနစ် ကိုဝမ်း

156 ဆရာတော်ကိုးရာပြည့်ပွဲ (၃) သခင်တင်မြ

162 သူဌေးဖြစ်နည်းလျှို့ဝှက်ချက်(၂၃)
ဦးလှဝင်း(လေသူရဲတစ်ဦး)









www.foreverspace.com.mm

# Contents


**Board of Editors**

Chief Editor – ကျော်မင်းဆွေ
Deputy Chief Editor – ဇေယျသူ
Editor In Charge (Production) – မင်းခင်
Managing Editor – ကျော်နိုင်
Senior Executive Editor – ရဲမင်းဦး
Research & Development Editor – ဓနုအိပြည့်
Executive Editors – နိုင်ချိုဇော်ဝင်းထင်၊ ခင်ခင်သော်၊
နို့ကောနိုင်၊ သီရိဇော်
News Editor – ကျော်ဆန်းမင်း
Editors – လှိုင်းသစ်ခင်ဝေ၊ မြနှင်းဝေ၊ စန်းမော်အောင်
Photo Editor – မိုးကျော်လွင်
Chief Reporter – ကျော်ကျော်မင်း
Senior Reporters – တင်လင်း၊ နိုင်မင်းဝေ၊ ဇာလီကျော်၊ မိုးယုဝေ
Editorial Assistant – ဆွေငြိမ်းအေး
Staff Reporters – အောင်နိုး၊ ကျော်ဇေယျာဝင်း၊ ကျော်ဇေယျာထွန်း၊
ခင်ဇွေကြည်၊ အိမွန်ကျော်၊ ကျော်မျိုးထွန်း၊ ဇာဇီထွန်း၊ ကြူကြူသင်း(မိုးမြေ)

**DTP Department**

Manager – မနိုင်
Assistant Manager – ငုဝါနိုင်
Senior Operator – အေးမိုမိုအောင်
Staff Operators – ခင်မာလွင်၊ ငြိမ်းချမ်းနေဝင်း

**Finance Department**

General Manager – ဝေဝေအောင်ခင်
Manager (Admin and Finance) – စန်းသီတာ
Deputy Manager (Account) – ထက်ထက်ငြိမ်း
Assistant Manager – နုဝါဝင်း
(Marketing/Distribution Accounts)

**Marketing Department**

Manager – ကျော်သန်း
Deputy Manager – မြမြသီ
Assistant Manager – ဓနုလှိုင်
Marketing Supervisors – မင်းအောင်၊ ပြည့်ဖြိုးအောင်
Marketing Assistant – လှရည်ဦး
Designer – သိန်းအောင်ထွန်း
Receptionist – ဆုအိမြဦး

**Production Department**

Manager (Production & External Relation) – အောင်ကျော်ဆန်း

**Distribution Department**

General Manager – မင်းခင်
Manager – ထက်ခေါင်
Deputy Manager – ခင်မျိုးချစ်
Distribution Assistants – ဂျက်တူးတူး၊ ထက်အောင်

**Creation Department**

Art Director – နိုးဇော်တာ
Cover Idea / Design – ဇေသစ်တည်
Cover Logo – အောင်မင်း၊ ဘဇွေးကြည်၊ မြင့်မောင်ကျော်
Illustrator – နိုးဇော်တာ၊ ဇေသစ်တည်



**Publisher**

ဒေါ်ဝင်းကလျာဆွေ (ယာယီမှတ်ပုံတင်အမှတ်-၁၁၅၉)
အမှတ် ၁၄၈-B ၊ အောဝမ်းလမ်း၊ ရှစ်မိုင်ခွဲ၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

**Press**

Hnit Thit Oo ပုံနှိပ်တိုက်
နဝဒေးရုပ်ရှင်ရုံဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

**Office**

သမ္မတဟိုတယ် (Business Suite)
အမှတ် (၅)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၂၄၂၄၂၄၊ ၃၉၃၁၉၂၊ ၀၉-၅၀၀၀၉၉၇၊ ၀၉-၉၉၇၄၃၄၃
ဖက်စ် – ၂၄၂၄၂၄၊ ၃၉၃၁၉၂
hot line – ၀၉-၉၉၇၄၃၄၃

**E-mail**

Chief Editor - c-editor@myanmar.com.mm
News Room - myanfo@myanmar.com.mm
Marketing - paz@myanmar.com.mm
livingcolor@mail4u.com.mm

**Web Site Link - www. foreverspace.com.mm**

Photographer – မိုးကျော်လွင်
B/W Film – PERFECT
Binding – သစ္စာ စာအုပ်ချုပ်

**Upper Myanmar Distributor**

ထွန်းဦးစာပေ၊ မန္တလေး။
Cover Permission – ၅၄၀၆၇၃၀၇၀၉
Circulation – ၁၀၀၀
Distribution Price – ၁၃၅၀ ကျပ်

Copyright – Living Color ( မြကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန် )


**ကျေးဇူးတင်လွှာ**

ဤမဂ္ဂဇင်းပါ သတင်း၊ ဆောင်းပါးနှင့် ကုန်ဈေးနှုန်းများအတွက် အကူအညီပေးခဲ့ကြသော OK အီလက်ထရောနစ်၊ ကမ္ဘာလှုပ်ကုန်တိုက်၊ ကျောက်မြောင်းဈေးတိုး၊ ဘုရင့်နောင်ကုန်စည်ဒိုင်၊ ရွှေအိုးဆန်ဆိုင် (သင်္ဃန်းကျွန်း)၊ ဦးဘစိန် အဆင့်မြင့်လျှပ်စစ်၊ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်၊ Mr.Slim, Ever Fine, KMD Computer Center, Client Focus Technology Group, စာပေဗေဒ (၃) တို့နှင့် ညောင်ပင်လေးဈေး၊ မင်္ဂလာဈေးမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်းဆရာနှင့် မိတ်ဆွေသင်္ဂဟများ၊ ပုံနှိပ်၊ စလင်၊ စာအုပ်ချုပ်အဖွဲ့၊ ရောင်းဝယ်သူများ၊ ငှားရမ်းသူများ၊ ဖတ်ရှုအားပေးသူများနှင့် စာအုပ်ဖြန့်ချိရေးအတွက် အစစအရာရာ ပါဝင်ကူညီသူအားလုံးကို Myanmar Partners Think Tank Group မှ ကျေးဇူးတင်ရှိပါသည်။

www.foreverspace.com.mm



## NEWSMAKER OF THE MONTH

# ယခုလသတင်းအညွှန်း

'ယခုလသတင်းအညွှန်း' ကဏ္ဍကို တစ်လအတွင်းဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့်သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကိုမူတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သောသတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအား သတိပြုမိစေလို၍ ဖော်ပြခြင်းဖြစ်ပါသည်။ **အကြောင်းအရာရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာ အဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းဇာစ်မြစ်၏အာဘော်အတိုင်း ဖြစ်ပါသည်။**

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ယခုကဲ့သို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ဆွေးနွေးပြောကြားခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်ရှိပါကြောင်း၊ ကုလသမဂ္ဂအနေဖြင့် နိုင်ငံကြီး ငယ်မခွဲခြားဘဲ မျှတစွာဆောင်ရွက်ပေးမည်ဟု မျှော်လင့်ပါကြောင်း၊ မိမိတို့အနေဖြင့် အဓိကနှစ်ချက်ကို ဦးစားပေးဆောင်ရွက်နေပါကြောင်း၊ ပထမအချက်မှာ ၂၀၁၀ ပြည့်နှစ်တွင် ပြုလုပ်မည့်ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို အလေးထား၍ ဆောင်ရွက်နေပါကြောင်း၊ ဒုတိယအချက်အနေဖြင့် အဆိုပါရွေးကောက်ပွဲမှ ပေါ်ပေါက်လာမည့် နောင်အစိုးရလက်ထက်အတွက် အခြေခံကောင်းများကို တည်ဆောက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် အထက်ပါအချက်နှစ်ချက်နှင့်ပတ်သက်သည်များမှလွဲ၍ ကျန်ပုဂ္ဂလိက တစ်ဦးချင်းကိစ္စရပ်များကို လောလောဆယ် အလေးထားဆောင်ရွက်နိုင်ခြင်းမရှိပါကြောင်း၊ အတွင်းရေးမှူးချုပ်တင်ပြသည့် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံရေးနှင့်ပတ်သက်၍ ယမန်နေ့ကလည်း ရှင်းလင်းပြောကြားပြီးဖြစ်ပါကြောင်း၊ အတွင်းရေးမှူးချုပ်အား ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ပေးလိုသော်လည်း သူမသည် အမေရိကန်နိုင်ငံသား **Mr.John William Yettaw** နှင့်အတူ တရားရုံးတွင် အမှုရင်ဆိုင်နေရသူဖြစ်ပါကြောင်း၊ လွတ်လပ်မျှတစွာ ဆောင်ရွက်နေသော တရားစီရင်မှုတွင် မိမိတို့အနေဖြင့် အတွင်းရေးမှူးချုပ်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံပေးနိုင်ခွင့်မရှိပါကြောင်း၊ ထိုသို့ ပြောဆိုရခြင်းကိုလည်း နားလည်ပေးစေလိုကြောင်း .....

ယခုလသတင်းအညွှန်းအဖြစ် ၂၀၀၉ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့ထုတ် နိုင်ငံပိုင် ကြေးမုံသတင်းစာ မျက်နှာဖုံးပါ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နေပြည်တော် ဘုရင့်နောင်ရိပ်သာတွင် ဇူလိုင်လ ၃ ရက်နှင့် ၄ ရက်နေ့တို့၌ စုစုပေါင်း နှစ်ကြိမ် လက်ခံတွေ့ဆုံခဲ့သည်များကို ဖော်ပြထားသည့်သတင်းမှ အချို့ကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

www.foreverspace.com.mm


## PRODUCT OF THE MONTH

# ယခုလအကြိုက်ဆုံးကုန်ပစ္စည်း

ယခုလအကြိုက်ဆုံးကုန်ပစ္စည်းအဖြစ် ဈေးကွက်အတွင်း ရောင်းချဝယ်ယူနေကြသည့် ခွဲစိတ်ခန်းသုံး ပါးစပ်နှာခေါင်းစည်း Surgical Mask များကို ရွေးချယ်လိုက်ပါသည်။ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါအသွင်ဆောင်လာသော A/H1N1ခေါ် လူအချင်းချင်းကူးစက်သော ပြင်းထန်တုပ်ကွေးရောဂါသည် မြန်မာနိုင်ငံသို့လည်း ကူးစက်လျက်ရှိရာ ကျန်းမာရေးအသိရှိသူပြည်သူလူထုအများ ပါးစပ်နှာခေါင်းစည်း Mask များ တပ်ဆင်အသုံးပြုလာကြသဖြင့် ယခုကဲ့သို့ ရွေးချယ်ရခြင်း ဖြစ်ပါသည်။

အသက် ၁၃ နှစ်အရွယ် မိန်းကလေးငယ်တစ်ဦး ဇွန်လ ၂၆ ရက်တွင် စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိအပြီး အေတုပ်ကွေးရောဂါကူးစက်ခံရကြောင်း သတင်းများထွက်ပေါ်လာပြီးနောက် ပါးစပ်နှာခေါင်းစည်း Mask များကို ပုံမှန်ဈေးနှုန်းတစ်ခုလျှင် ၅၀ ကျပ်ခန့်မှ ကျပ် ၇၀၀ အထိ မြင့်တင်ရောင်းချခဲ့သည်။



www.foreverspace.com.mm


# မြန်မာ့စီးပွားရေးသတင်း


B U S I N E S S N E W S

အမှတ် ၁၆၉ ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ


## မြန်မာ့စွမ်းအင်နှင့်နည်းပညာ တောင်ကိုရီးယားကူညီမည်

**ရန်ကုန်၊ ဇွန် ၂၆**





မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍနှင့် နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်ကိုရီးယားနိုင်ငံက ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး ကူညီရန်ရှိကြောင်း မြန်မာနိုင်ငံဆိုင်ရာ တောင်ကိုရီးယားသံရုံးထံမှ စုံစမ်းသိရှိရသည်။

မြန်မာနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဇွန်လဆန်းပိုင်းအတွင်း အာဆီယံ–ကိုရီးယား နှစ် (၂၀) ပြည့် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ခဲ့စဉ် တောင်ကိုရီးယားသမ္မတ မစ္စတာလီမြောင်ဘတ်နှင့် တွေ့ဆုံဆွေးနွေးစဉ်ကလည်း စွမ်းအင်နှင့်နည်းပညာများ အကူအညီပေးရန် မစ္စတာလီမြောင်ဘတ်က ပြောဆိုခဲ့သည်ဟု ရန်ကုန်မြို့ရှိ တောင်ကိုရီးယားနိုင်ငံသံရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စွမ်းအင်နှင့်နည်းပညာကဏ္ဍအပြင် မြန်မာနိုင်ငံ၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက်လည်း မြန်မာဝန်ကြီးချုပ်နှင့် တောင်ကိုရီးယားသမ္မတတို့ဆွေးနွေးခဲ့သည်ဟု ဇွန်လ ၁၇ ရက်နေ့ ရန်ကုန်မြို့ Chatrium ဟိုတယ်တွင်ပြုလုပ်ခဲ့သော မြန်မာလုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံရုံးတာဝန်ရှိသူများနှင့်တွေ့ဆုံသည့် အစည်းအဝေးတွင် ကိုရီးယားသံရုံး ပထမအတွင်းဝန် Mr.Park Kil Chae က ပြောကြားသည်။



စွမ်းအင်နှင့် နည်းပညာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ကူညီမည့်အပြင် မြန်မာနိုင်ငံအပါဝင် အာဆီယံနိုင်ငံများမှ ကျောင်းသား ၅၀၀ ကိုလည်း ကိုရီးယားနိုင်ငံတွင် ပညာသင်ကြားနိုင်ရန် ပညာသင်ဆုပေးမည်ဟု ပထမအတွင်းဝန်က ပြောဆိုသည်။

"မြန်မာနိုင်ငံမှာ သယံဇာတတွေ အများကြီးရှိပေမယ့် နည်းပညာပိုင်းမှာ အားနည်းလို့ မထုတ်ယူရသေးတဲ့ သဘာဝသယံဇာတတွေ အများကြီးရှိသေးတယ်။ အခု ကိုရီးယားနိုင်ငံက ရန်ပုံငွေထူထောင်မယ်ဆိုတော့ ကြိုဆိုရမယ်" ဟု ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အသင်းဝင် စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးက သုံးသပ်ပြောကြားသည်။

၁၉၇၅ ခုနှစ်က နှစ်နိုင်ငံသံတမန်ဆက်ဆံရေးစတင်ခဲ့သော တောင်ကိုရီးယားနိုင်ငံသည် မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာ သန်း ၂၄၀ ဖိုး ရင်းနှီးမြှုပ်နှံထားပြီး ၂၀၀၈ ခုနှစ်တွင် မြန်မာနှင့် ကိုရီးယား နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၁ သန်းရှိကြောင်း မြန်မာအစိုးရ၏ တရားဝင်သတင်းထုတ်ပြန်ချက်များအရ သိရှိရသည်။

www.foreverspace.com.mm



# ကြည့်မြင်တိုင် မျက်မမြင်ကျောင်း ကျောင်းသူတစ်ဦး ၂၀၀၉ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်

**ရန်ကုန်၊ ဇွန် ၉**

လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ မသန်စွမ်းသင်တန်းကျောင်းတစ်ခုဖြစ်သည့် ကြည့်မြင်တိုင် မျက်မမြင်သင်တန်းကျောင်းမှ မျက်မမြင်ကျောင်းသား ခြောက်ဦး ၂၀၀၈–၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုခဲ့ရာ တစ်ဦးအောင်မြင်ကြောင်း ယင်းသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးလွင်ဦးထံမှ သိရှိရသည်။

အဆိုပါကျောင်းမှ ဝိဇ္ဇာဘာသာတွဲ အဓိကသင်ယူကြသည့် အမျိုးသားသုံးဦးနှင့် အမျိုးသမီးသုံးဦး ဖြေဆိုခဲ့ကြောင်း၊ အောင်မြင်သူမှာ ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်မှ မဖြိုးဝေခင် ဖြစ်ပြီး ယမန်နှစ်က ဖြေဆိုသော်လည်း အောင်မြင်မှုမရခဲ့သည့်အတွက် ပြန်လည်ဖြေဆိုခဲ့ခြင်းဖြစ်ကြောင်း တက္ကသိုလ်ဝင်တန်းစာမေးပွဲများကို ကြီးကြပ်ပေးနေသည့် ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ ဆရာမတစ်ဦးက ပြောကြားသည်။

ကြည့်မြင်တိုင်မျက်မမြင်ကျောင်းတွင် အဆောင်နေ မျက်မမြင်ကျောင်းသားနှင့် နေ့တက်မျက်မမြင်ကျောင်းသား စုစုပေါင်း ၇၂ ဦး ပညာသင်ကြားလျက်ရှိပြီး ယခင် ၂၀၀၇–၂၀၀၈ ပညာသင်နှစ်တွင် ကြည့်မြင်တိုင်မျက်မမြင်သင်တန်းကျောင်းမှ ကျောင်းသားလေးဦး တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ခဲ့ကြောင်း အဆိုပါကျောင်းတွင် စုံစမ်းသိရှိရသည်။

**နှယ်နှယ်**

# မြန်မာ-တရုတ် ရေနံဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်မှု ၂၀၁၃ ခုနှစ်တွင် ပြီးစီးမည်

**ဘေဂျင်း၊ ဇူလိုင် ၃**

မြန်မာနိုင်ငံ ရခိုင်ပြည်နယ် ကျောက်ဖြူဆိပ်ကမ်းမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့သို့ ယှဉ်လျက်သွယ်တန်းတည်ဆောက်မည့် မြန်မာ–တရုတ်ရေနံပိုက်လိုင်းနှင့် ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းမှာ ၂၀၁၃ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ကြောင်း တရုတ်နိုင်ငံပိုင် သတင်းမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

ယင်းကာလမှစ၍ ရေနံပိုက်လိုင်းကိုအသုံးပြုပြီး တရုတ်နိုင်ငံသို့ နေ့စဉ်ရေနံ စည်ပေါင်း ၄၄၂,၀၀၀ တင်သွင်းခြင်း၊ ရခိုင်ကမ်းလွန်ရှိ A-1နှင့် A-3ရေနံဓာတ်ငွေ့ရှာဖွေထုတ်လုပ်ရေးလုပ်ကွက်ကြီးများမှ ဓာတ်ငွေ့များကို ဓာတ်ငွေ့ပိုက်လိုင်းဖြင့် တရုတ်နိုင်ငံသို့တင်ပို့ခြင်းများ စတင်ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါသတင်းမီဒီယာတွင် ဖော်ပြပါရှိသည်။

China National Petroleum Corp. (CNPC) နှင့် မြန်မာနိုင်ငံစွမ်းအင်ဝန်ကြီးဌာနတို့အကြား ရယူလိုက်သော တရားဝင်သဘောတူညီချက်အရ ကီလိုမီတာ ၁၁၀၀ အရှည်ရှိမည့် ရေနံပိုက်လိုင်းနှင့် ကီလိုမီတာ ၂၈၀၀ အရှည်ရှိ ဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်မည့် ဒီဇိုင်းရေးဆွဲခြင်း၊ လမ်းကြောင်းသတ်မှတ်ခြင်း၊ တည်ဆောက်ခြင်း၊ အသုံးချခြင်းနှင့် စီမံခန့်ခွဲခြင်းများကို CNPC ကသာ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါစီမံကိန်းကြီးနှင့်ဆက်စပ်ပြီး ကျောက်ဖြူဆိပ်ကမ်းကို နိုင်ငံတကာစံချိန်မီ ရေနံတင်ဆိပ်ကမ်းအဖြစ် ပြင်ဆင်တည်ဆောက်ခြင်း၊ ကျောက်ဖြူမြို့၌ ကုဗမီတာ ၆၀၀,၀၀၀ ဆံ့ ရေနံစိမ်းလှောင်ကန်ကြီးတည်ဆောက်ခြင်းတို့လည်း CNPC ကသာ တာဝန်ယူလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယင်းဆိပ်ကမ်းနှင့် လှောင်ကန်တည်ဆောက်မှုကို ၂၀၁၀ ပြည့်နှစ်တွင် စတင်လုပ်ဆောင်မည်ဖြစ်ကြောင်း၊ ရေနံဓာတ်ငွေ့ပိုက်လိုင်းလုပ်ငန်းစီမံကိန်းတစ်ခုလုံးအတွက် ထည့်ဝင်ပိုင်ဆိုင်မှု အချိုးအဆမှာ CNPC က ၅၀ ဒသမ ၉ ရာခိုင်နှုန်းရှိမည်ဖြစ်ပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) က ၄၉ ဒသမ ၁ ရာခိုင်နှုန်းရှိမည်ဖြစ်ကြောင်း CNPC က သတင်းထုတ်ပြန်သည်။

CNPC အနေနှင့် ယခုနှစ် စက်တင်ဘာလတွင် စီမံကိန်းအကောင်အထည်ဖော်မှုစတင်မည်ဖြစ်ပြီး ရေနံပိုက်လိုင်းတည်ဆောက်ခြင်းအတွက် ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ သန်း ၁၅၀၀၊ ဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်ခြင်းအတွက် ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ ရှိမည်ဟု ခန့်မှန်းထားသည်။ အတူယှဉ်လျက်ရှိနေမည့် ရေနံနှင့် ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းကြီးကြောင့် တရုတ်–မြန်မာနှစ်နိုင်ငံလုံးအတွက် စီးပွားရေးအကျိုးအမြတ်များစွာ ရရှိမည်ဖြစ်ကြောင်း CNPC မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက Xinhua သတင်းဌာနသို့ ထုတ်ဖော်ပြောကြားသည်။ တရုတ်နိုင်ငံအနေနှင့် A-1နှင့် A-3လုပ်ကွက်ကြီးများမှ ထွက်ရှိလာသောဓာတ်ငွေ့များကို ၂၀၁၃ ခုနှစ်မှ ၂၀၄၃ ခုနှစ်အထိ ဝယ်ယူတင်သွင်းမည်ဖြစ်သည်။ ကျောက်ဖြူဆိပ်ကမ်းမှတစ်ဆင့် ရေနံတင်သွင်းခြင်း၌ တရုတ်နှင့် အရှေ့အလယ်ပိုင်းဒေသမှ ရေနံတင်သင်္ဘောကြီးများစွာကို အသုံးပြုကြမည်ဖြစ်သည်။

www.foreverspace.com.mm




# ကူးစက်မြန်ကမ္ဘာ့လူတုပ်ကွေးရောဂါ အရေးပေါ်အခြေအနေရောက်ရှိပြီဟု WHO သတ်မှတ်

ရန်ကုန်၊ ဇူလိုင် ၂၄

မက္ကဆီကိုနိုင်ငံမှ စတင်ဖြစ်ပွားခဲ့သော A(H1N1) ဗိုင်းရပ်စ်ရောဂါသည် ရက်ပေါင်း ၆၀ အတွင်း ကမ္ဘာ့နိုင်ငံပေါင်း ၇၄ နိုင်ငံသို့ ကူးစက်ပြန့်ပွားပြီး လူ ၁၅၀ ခန့်သေဆုံးပြီးနောက် လူအချင်းချင်း လျင်မြန်စွာကူးစက်နေမှုကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ကမ္ဘာ့တုပ်ကွေးကပ်ရောဂါအဖြစ်အရေးပေါ်အခြေအနေသတ်မှတ်လိုက်သည်။

ကမ္ဘာ့လူတုပ်ကွေးရောဂါအား ဇွန်လ ၁၁ ရက်နေ့မှစ၍ ကမ္ဘာ့ကပ်ရောဂါအဖြစ် WHO က အရေးပေါ်အခြေအနေသတ်မှတ်လိုက်ပြီးနောက် ကမ္ဘာ့နိုင်ငံများအနေဖြင့် ရောဂါကူးစက်ပြန့်ပွားမှုကာကွယ်ရေးအတွက် ပြင်ဆင်ကြရန်နှင့် ရောဂါကြောင့်လူသေဆုံးမှုလျှော့ချရေးအတွက် တစ်ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုအသွင်ဖြင့် အကောင်းဆုံးရင်ဆိုင်တိုက်ဖျက်သွားရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က တိုက်တွန်းပြောကြားသည်။

၂၀၀၉ ခုနှစ် ဧပြီလ ၁၇ ရက်မှ ဇူလိုင်လ ၂၁ ရက်အထိ ကမ္ဘာ့နိုင်ငံပေါင်း ၁၄၀ ကျော်တွင် ဓာတ်ခွဲအတည်ပြုထားပြီးဖြစ်သော တုပ်ကွေးရောဂါဖြစ်ပွားသူ တစ်သိန်းကျော်အနက် သေဆုံးသူဦးရေမှာ ၇၀၀ ကျော်ရှိနေပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ထုတ်ပြန်ချက်များအရ သိရှိရသည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်း၊ အိန္ဒိယနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့တွင် A(H1N1) တုပ်ကွေးရောဂါကူးစက်ပြန့်ပွားမှုများရှိခဲ့ပြီး မြန်မာနိုင်ငံတွင်လည်း ဇူလိုင်လ ၂၃ ရက်နေ့အထိ ကူးစက်ပြန့်ပွားသူ ခြောက်ဦးရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရှိရသည်။

# ၂၀၁၅ အာဆီယံ-ကိုရီးယား စီးပွားရေးစီမံချက်ကြောင့် မြန်မာနိုင်ငံတွင် တောင်ကိုရီးယားရင်းနှီးမြှုပ်နှံမှုတိုးလာနိုင်

**သတင်းဆောင်းပါး-မြနှင်းအေး**

**တောင်ကိုရီးယားသမ္မတလီမြောင်ဘတ်က အာရှသစ်ခြေလှမ်းစီမံချက်ကို ချမှတ်ပြီး အာရှနိုင်ငံများနှင့် ဆက်ဆံရေးတိုးမြှင့်ရန် ကြိုးစားလာကာ ၂၀၁၅ ခုနှစ်တွင် အာဆီယံနိုင်ငံများနှင့် ကိုရီးယားနိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အမေရိကန်ဒေါ်လာ ၁၅၀ ဘီလီယံထိရောက်ရှိရမည်ဟု ရည်မှန်းချက်ထားဆောင်ရွက်မည်ဖြစ်ရာ မြန်မာနိုင်ငံတွင် တောင်ကိုရီးယားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာနိုင်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးပထမအတွင်းဝန် Mr.Park Kil Chae က ပြောကြားသည်။**

၂၀၀၈ ခုနှစ်တွင် အာဆီယံနိုင်ငံများနှင့် ကိုရီးယားနိုင်ငံ၏ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၉၀ ဒသမ ၂ ဘီလီယံရှိခဲ့ကြောင်း၊ ယခု အာဆီယံနှင့် ကိုရီးယားတို့အကြား ၂၀၁၅ စီးပွားရေးစီမံချက်ကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သော မြန်မာနိုင်ငံတွင်လည်း တောင်ကိုရီးယား၏ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်လာနိုင်ကြောင်း အတွင်းဝန်


www.foreverspace.com.mm



ထံမှ သိရသည်။

"မြန်မာနိုင်ငံက ကိုရီးယားနိုင်ငံရဲ့ စီးပွားရေးမိတ်ဖက်နိုင်ငံဖြစ်လာဖို့ လုပ်သားပေါများခြင်း၊ သဘာဝသယံဇာတတွေ ပေါကြွယ်ဝခြင်း စတဲ့ကောင်းမွန်တဲ့အရည်အသွေးတွေက ကိုရီးယားလို နည်းပညာ ရှေ့တန်းရောက်နေတဲ့နိုင်ငံနဲ့ စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ဖို့ အလွန်လိုက်ဖက်ညီပါတယ်။ ကုန်ကြမ်းကြွယ်ဝတဲ့နိုင်ငံနဲ့ ကုန်ချောထုတ်လုပ်မှုနည်းပညာရှေ့တန်းရောက်နေတဲ့နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ခြင်းက အကျိုးရလဒ်တွေရှိစေမှာပါ" ဟု Mr.Park Kil Chae က ဆိုသည်။

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ တာဝန်ရှိသူ စုစုပေါင်း ၄၄ ဦးကို ကိုရီးယားနိုင်ငံသို့ ဇွန်လအတွင်းက ဖိတ်ခေါ်၍ နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက်ရန်ဆွေးနွေးခဲ့ပြီး ယင်းဆွေးနွေးပွဲတွင် မြန်မာကုမ္ပဏီခုနစ်ခုနှင့် ကိုရီးယားကုမ္ပဏီ ၇၀ ခုတို့ တွေ့ဆုံကာ အမေရိကန်ဒေါ်လာ ၃၁ သန်းဖိုး နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးဆောင်ရွက်ရန် ဆွေးနွေးခဲ့သည်ဟု ယင်းဆွေးနွေးပွဲတက်ခဲ့သည့်



မြန်မာလုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

"မြန်မာနိုင်ငံက လုပ်သားဈေးပေါတယ်။ ကိုရီးယားက ခေတ်မီနည်းပညာတွေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ မြန်မာနိုင်ငံမှာ လာပြီးလုပ်နိုင်ရင် နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းမယ်လို့ ယုံကြည်ပါတယ်" ဟု UMFCCI မှ အလုပ်မှုဆောင်တစ်ဦးက ရှင်းပြသည်။

"ကိုရီးယားက မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ တိုးမြှင့်ပြုလုပ်ဖို့ဆိုရင် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးနဲ့ ဘဏ်လုပ်ငန်းတွေ အများကြီးပြောင်းလဲဖို့ လိုပါတယ်။ နောက်တစ်ခုက စီးပွားရေးပိတ်ဆို့မှုပါ။ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့လုပ်ကြတဲ့ ကိုရီးယားလုပ်ငန်းရှင်တွေက သူတို့ထွက်ကုန်တွေ အမေရိကန်နဲ့ ဥရောပသမဂ္ဂနိုင်ငံတွေမဝယ်မှာ စိုးရိမ်ကြတယ်" ဟု ပထမအတွင်းဝန်က ရှင်းပြသည်။

နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရာတွင် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ

## ပဲခူးတိုင်း ကျေးရွာ ၇၉ ရွာ GSM နှင့် CDMA ဖုန်းများ စတင်အသုံးပြု

**ရန်ကုန်၊ ဇွန် ၅**

ပဲခူးတိုင်း (အရှေ့ပိုင်း) အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်မှ ကျေးရွာ ၈၉ ရွာတွင် GSM နှင့် CDMA မိုဘိုင်းလ်ဖုန်းများ စတင်အသုံးပြုနေပြီဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပဲခူးတိုင်း (အရှေ့ပိုင်း) မှ တာဝန်ရှိသူတစ်ဦးက Living Color သို့ ပြောကြားသည်။

ယင်းကျေးရွာများ၌ CDMA 450 ဖုန်းများကို တောင်ငူမြို့နယ်တွင် ၁၁ ရွာ၊ ထန်းတပင်မြို့နယ်တွင် လေးရွာ၊ အုတ်တွင်းမြို့နယ်တွင် ရှစ်ရွာ၊ ကျောက်ကြီးမြို့နယ်တွင် ၁၆ ရွာ၊ ကျောက်တံခါးမြို့နယ်တွင် သုံးရွာ၊ ဒိုက်ဦးမြို့နယ်တွင် လေးရွာ၊ သနပ်ပင်မြို့နယ်တွင် တစ်ရွာ၊ ကဝမြို့နယ်တွင် ၁၉ ရွာ၊ ဝေါမြို့နယ်တွင် ရှစ်ရွာနှင့် GSM ဖုန်းများကို ပဲခူးမြို့နယ်တွင် သုံးရွာ၊ ညောင်လေးပင်မြို့နယ်တွင် ၁၂ ရွာတို့၌ အသုံးပြုနေပြီးဖြစ်ကြောင်း၊ ယင်းမြို့နယ်များတွင် ယခင်က အော်တို (Cordless) ဖုန်းများတပ်ဆင်ထားပေးသည့် ကျေးရွာ ၄၁ ရွာရှိသဖြင့် ယခုအခါ ကျေးရွာစုစုပေါင်း ၁၃၀ တွင် ဖုန်းများချထားပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခုနှစ် မတ်လဒုတိယပတ်မှစတင်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ပဲခူးတိုင်း (အရှေ့ပိုင်း) အတွင်းရှိ ဒိုက်ဦး၊ ပဲနွယ်ကုန်း၊ ဖြူး၊ ညောင်လေးပင်၊ တောင်ငူမြို့ကြီးငါးမြို့တွင် GSM နှင့် CDMA ဖုန်းအလုံးရေ ခြောက်ထောင်ကျော်ငွေးရမ်းအသုံးပြုခွင့်ပေးခဲ့ကြောင်း၊ GSM ဖုန်းမှာ သက်ဆိုင်ရာမြို့နယ်ရှိ တာဝါတိုင်မှ ငါးမိုင်ပတ်လည်အတွင်း ဆက်သွယ်ပြောဆိုနိုင်ပြီး CDMA ဖုန်း၏ တာဝါတိုင်မှာ ၂၀ မိုင်ပတ်လည်အထိ ဆက်သွယ်၍ရကြောင်း၊ ရန်ကုန်တိုင်းရှိ ထောက်ကြန့်တာဝါတိုင်မှစ၍ ပဲခူးတာဝါတိုင်၊ ဒိုက်ဦးတာဝါတိုင်၊ ပဲနွယ်ကုန်းတာဝါတိုင်၊ ဖြူးတာဝါတိုင်၊ တောင်ငူတာဝါတိုင်အထိ လိုင်းများအကြားအလပ်မရှိ ထုတ်လွှင့်ပေးနိုင်သဖြင့် ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးနှင့် ယခင်လမ်းဟောင်းပတ်ဝန်းကျင်ရှိ ကျေးရွာအများစုတွင် CDMA ဖုန်းများ ဆက်သွယ်ပြောဆိုနိုင်ပြီဖြစ်ကြောင်း ၎င်းက ဆိုသည်။

www.foreverspace.com.mm



က ကိုရီးယားတွင် သွားရောက်ရင်းနှီးမြှုပ်နှံနိုင်မည်မဟုတ်ဘဲ ကိုရီးယားလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများသာ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း UMFCCI မှ အမှုဆောင်တစ်ဦးက ဆိုသည်။

"မြန်မာလုပ်ငန်းရှင်တွေ ကိုရီးယားမှာ ရင်းနှီးမြှုပ်နှံမှုသွားလုပ်ဖို့ ခက်မှာပါ။ ကိုရီးယားလုပ်ငန်းရှင်တွေပဲ ဒီမှာရင်းနှီးမြှုပ်နှံဖို့ အဆင်ပြေမယ်" ဟု ၎င်းက ပြောဆိုသည်။

မြန်မာနိုင်ငံတွင် ကိုရီးယား IK SAN International နှင့် HC Industrial ကုမ္ပဏီကြီးနှစ်ခုက သဘာဝသယံဇာတထုတ်လုပ်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန်နှင့် TECH DATA က အိုင်တီနည်းပညာစီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် ကြိုးစားနေကြောင်း ကိုရီးယားသံရုံး ပထမအတွင်းဝန်က ရှင်းလင်းပြောကြားသည်။



"မြန်မာနိုင်ငံမှာ အများကြီးရင်းနှီးမြှုပ်နှံနိုင်ဖို့ မြန်မာပြည်အကြောင်း ကိုရီးယားတွေကို ပြောပြပေးနေတယ်" ဟု ၎င်းက ရှင်းပြသည်။

"ကိုရီးယားနိုင်ငံက ကုန်ပစ္စည်းတွေဒီမှာ စမ်းသပ်ရောင်းချပြီး ဈေးကွက်ရှိလာဖို့ ကျွန်တော်တို့လုပ်ပေးဖို့ရှိတယ်။ ဈေးကွက်ရှိလာရင် ကိုရီးယားတွေဒီမှာ ရင်းနှီးမြှုပ်နှံမှု လုပ်လာမယ်" ဟု ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးက ပြောကြားသည်။

ကိုရီးယားသံရုံးပထမအတွင်းဝန်ကမူ မြန်မာနိုင်ငံတွင် ကိုရီးယားရင်းနှီးမြှုပ်နှံမှုများတိုးတက်ရန်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုကာကွယ်ပေးမည့် ဥပဒေများလည်း လိုအပ်သည်ဟု ဆိုသည်။

"လုပ်သားအများအပြား သုံးရတဲ့ အထည်ချုပ်လို စက်ရုံ၊ အလုပ်ရုံမျိုးတွေ ဒီမှာ ရင်းနှီးမြှုပ်နှံချင်တယ်။ ခဲ၊ သွပ်၊ သံဖြူ သတ္တုလုပ်ငန်းတွေမှာလည်း ရင်းနှီးမြှုပ်နှံဖို့လုပ်နေတဲ့ ကိုရီးယားကုမ္ပဏီတွေရှိတယ်။ ကြိတ်ပြားထုတ်လုပ်တာနဲ့ ဥယျာဉ်ခြံမြေလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံချင်တဲ့ ကုမ္ပဏီတွေလည်းရှိတယ်" ဟု ပထမအတွင်းဝန်က ရှင်းပြသည်။

၁၉၇၅ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံနှင့် သံတမန်ဆက်ဆံရေး စတင်ခဲ့သော ကိုရီးယားနိုင်ငံသည် မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာ သန်း ၂၄၀ ဖိုးရင်းနှီးမြှုပ်နှံထားပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တရားဝင်ထုတ်ပြန်သောစာရင်းများအရ မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၁ သန်းဖိုးရှိကြောင်း၊ ကိုရီးယားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် မြန်မာနိုင်ငံတွင်လာရောက်၍ရင်းနှီးမြှုပ်နှံသည့်နိုင်ငံများအနက် အဆင့် ၁၀ တွင်ရှိကြောင်း မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံသံရုံးထံမှ စုံစမ်းသိရှိရသည်။

# အင်းလေးကန်ဧရိယာ ကျဉ်းမြောင်းလာလျက်ရှိဟုဆို

**ညောင်ရွှေ၊ ဇွန် ၂၉**

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ်အတွင်းရှိသည့် အင်းလေးကန်ထဲသို့ ရေစီးဝင်မှုအများဆုံးဖြစ်သော နမ့်လတ်ချောင်း၊ သန်းတောင် (ကလော) ချောင်းနှင့် အင်းတိန် (ဘီလူး) ချောင်းတို့သည် အင်းလေးကန်တွင်းမရောက်မီ ကမ်းစပ်၌ သဲနုန်းများပို့ချထားသဖြင့် အင်းလေးကန်မြောက်ဘက်နှင့် အနောက်ဘက်ခြမ်းတို့တွင် နုန်းဖို့ပြင်များဖြစ်ပေါ်လာ၍ ကန်မှာ မူလဧရိယာ ၁၀၄ စတုရန်းမိုင်ကျယ်ဝန်းခဲ့ရာမှ ယခု ၆၄ မိုင်ခန့်သာရှိတော့ကြောင်း ဆည်မြောင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ထို့ကြောင့် အင်းလေးကန်နှင့် မိုင် ၂၀ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ သစ်တော၊ ရေ၊ မြေ၊ သားငှက်တိရစ္ဆာန်ကာကွယ်ထိန်းသိမ်းရေးကို သစ်တောဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်နေကြောင်း၊ ၂၀၀၉–၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် စူးစမ်းလေ့လာတိုင်းတာခြင်း၊ နုန်းထိန်းတမံနှင့် နုန်းဖမ်းဆည်များတည်ဆောက်ခြင်း၊ သဲနုန်းများတူးဖော်ခြင်း၊ အဓိကမှတ်တိုင်များထူခြင်း၊ ရှင်းလင်းပြီးကျွန်းမျောများ စုစည်းထိန်းချုပ်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အင်းလေးကန်၏ရေအရည်အသွေးမှာ ဓာတ်ခွဲစမ်းသပ်ချက်များ USDA (Class) အရ $G_2S_1$(Good Water) အဖြစ်တွေ့ရှိရပြီး PH ပါဝင်မှု ၆ ဒသမ ၈၄ နှင့် ၆ ဒသမ ၄၉ အတွင်းရှိသဖြင့် ပုံမှန်အခြေအနေအတွင်းရှိကြောင်း ဆည်မြောင်းဦးစီးဌာနထံမှ စုံစမ်းသိရှိရသည်။

**ဦးလှမြင့်**

www.foreverspace.com.mm



## ပဲခူးသို့ ခရီးသည်အဝင်လျော့

**ပဲခူး၊ ဇွန် ၄**

ရန်ကုန်မြို့နှင့် ၅၂ မိုင်မျှဝေးကွာသော သမိုင်းဝင်ပဲခူးမြို့သို့ ယခုနှစ် ခရီးသွားရာသီတွင် ပြည်တွင်းပြည်ပခရီးသည်ဝင်ရောက်လည်ပတ်မှုနည်းပါးကြောင်း ပဲခူးမြို့ရှိ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူအချို့၏ပြောကြားချက်အရ သိရသည်။

၂၀၀၈ ခုနှစ် စက်တင်ဘာလမှ စတင်ဖြစ်ပွားခဲ့သောကမ္ဘာ့စီးပွားရေးအကျပ်အတည်းကြောင့် ပြည်တွင်းပြည်ပခရီးသွားများ ယခုနှစ်တွင် ဝင်ရောက်လည်ပတ်မှုနည်းပါးခဲ့ကြောင်း၊ ယခင်နှစ်များက ပြည်တွင်းပြည်ပခရီးသွားဧည့်သည် တစ်ရက်လျှင် ထောင်ချီဝင်ရောက်ခဲ့သော်လည်း ယခုနှစ်တွင် ခရီးသွားဧည့်သည်ဝင်ရောက်မှု သုံးပုံတစ်ပုံလျော့နည်းသွားကြောင်း ခရီးသွားဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သည့် ပဲခူးမြို့ ဆိုရှယ်လစ် (၁၃) လမ်းတွင်နေထိုင်သူ ဦးလွင်ဦးက ပြောကြားသည်။

အဆိုပါခရီးသည်ဝင်ရောက်မှုနည်းပါးခြင်းကြောင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ကိုင်နေသော၊ ဝါးဖြင့်ပြုလုပ်သောလက်မှုပစ္စည်းအရောင်းဆိုင်များ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဆိုင်ကယ်ကယ်ရီများ စသည့်လုပ်ငန်းများ ဝင်ငွေလျော့နည်းလာကြောင်း ပဲခူးမြို့ ရွှေသာလျောင်းဘုရားကြီးဝင်းရှိ အရောင်းဆိုင်များထံမှ စုံစမ်းသိရှိရသည်။

ပဲခူးမြို့သို့ ပြည်တွင်းခရီးသွားဧည့်သည်များ ဘုရားဖူးခရီးလာရောက်ခြင်း၊ ကျောင်းသား/သူများ စုပေါင်းအပျော်ခရီးလာရောက်ခြင်း များပြားခဲ့သော်လည်း ယခုနှစ်ခရီးသွားရာသီတွင် ပြည်တွင်းခရီးသွားဧည့်သည်ပါ သိသိသာသာ လျော့နည်းသွားကြောင်း ဦးလွင်ဦးက ပြောကြားသည်။



## နေပြည်တော် ပျဉ်းမနားမြို့ တစ်ရက် ရေချိုသုံးစွဲမှု ဂါလန်သုံးသိန်းခန့်ရှိ

**သတင်းဆောင်းပါး/ဓာတ်ပုံ – မင်းသုခိုင်၊ ၂၉–၆–၂၀၀၉**

**နေပြည်တော် ပျဉ်းမနားမြို့၏ ရေအရင်းအမြစ်နှင့် ရေချိုသုံးစွဲမှုမှာ တစ်ရက်လျှင် ရေဂါလန်သုံးသိန်းခန့်ရှိကြောင်း နေပြည်တော် ပျဉ်းမနားမြို့တွင် အဝီစိတွင်းတူးလုပ်ငန်းလုပ်ကိုင်သူ ဦးစိုးမြင့် (မြသုခအဝီစိတွင်းတူးလုပ်ငန်း) က ပြောကြားသည်။**

ယခင်က ပျဉ်းမနားမြို့ ရေချိုသုံးစွဲမှုတွင် ရေစည်လက်တွန်းလှည်း၊ ရေစည်မြင်းလှည်းများဖြင့် ရောင်းဝယ်သုံးစွဲခဲ့ကြပြီး ယခုအခါ နေပြည်တော် ပျဉ်းမနားမြို့တွင် လူနေအဆောက်အအုံနှင့် စီးပွားရေးလုပ်ငန်းဈေးကွက်များပြားလာမှုကြောင့် ပုဂ္ဂလိကအဝီစိတွင်းတူးဖော်မှုနှင့် အဝီစိတွင်းတူးရေချိုသုံးစွဲမှုစနစ်များသို့ ပြောင်းလဲလာခဲ့ကြောင်း ဒေသခံများက ဆိုသည်။

နေပြည်တော် ပျဉ်းမနားမြို့တွင် အဝီစိတွင်းတူးဖော်မှုလုပ်ငန်းနှင့် အဝီစိတွင်းရေချိုသုံးစွဲမှုကို ၁၉၇၇ ခုနှစ်မှ စတင်လုပ်ကိုင်သုံးစွဲလာကြသော်လည်း လက်မောင်းရိုက်စနစ် (ကွန်ကျူး) ဖြင့်သာ တူးဖော်သုံးစွဲခဲ့ကြကြောင်း၊ အဝီစိတွင်းတူးလုပ်ငန်းလုပ်ကိုင်ရာတွင် ၁၉၇၇ ခုနှစ်မှ ၁၉၇၉/၈၀ ခုနှစ်အထိ နှစ်လက်မ GJ သွပ်ပိုက်များဖြင့် တူးဖော်ခဲ့ကြပြီး အဝီစိတွင်းများမှ ရေရရှိရေးအတွက် သံပိုက်လိုင်းအပေါက်ဖောက် ကြေးဆန်ခါပတ်ကာအသုံးပြုခဲ့ကြသည်။

အဝီစိတွင်းတူးလုပ်ငန်းလုပ်ကိုင်ရာတွင် ခေတ်မီပြောင်းလဲလာမှုအရ ၁၉၈၁ ခုနှစ်မှစပြီး ဂျပန်နိုင်ငံထုတ် PPC ပိုက်များဖြင့် အသုံးပြုခဲ့ကြသည်ဟု ဆိုသည်။ နေပြည်တော် ပျဉ်းမနားမြို့တွင် ၁၉၈၅ ခုနှစ်မှ စတင်၍ အဝီစိတွင်းတူးမှုစနစ်ကို စက်လှည့် (Water Jet) အသုံးပြုတူးဖော်ခဲ့ပြီး ယခုလက်ရှိ နေပြည်တော် ဥတ္တရသီရိမြို့တွင် စက်လှည့် (Water Jet) ဖြင့်တူးဖော်ခဲ့ရာ အနက်ပေ ၃၀၀ မှ ၆၀၀ အထိ အဝီစိတွင်းတူးဖော်ခဲ့သော်လည်း ရေချိုမရရှိသဖြင့် လက်ရိုက်စနစ်ဖြင့်သာအသုံးပြုလျက်ရှိကြောင်း ဦးစိုးမြင့်က ပြောကြားသည်။

www.foreverspace.com.mm

ယခု နေပြည်တော်နှင့် နေပြည်တော် ပျဉ်းမနားမြို့တွင် အဝီစိတွင်းတူးဖော်ရေး လုပ်ငန်းလုပ်ကိုင်သူအဖွဲ့ ၁၅ ဖွဲ့ခန့်ရှိပြီး အဝီစိတွင်းတူးဖော်ရာတွင် စက်လှည့် (Water Jet) စနစ်ဖြင့် တူးဖော်ကာ နှစ်လက်မ၊ နှစ်လက်မခွဲ၊ သုံးလက်မခွဲ ဂျပန်နိုင်ငံလုပ် PPC ပိုက်များ အသုံးပြုလျက်ရှိကြောင်း ဒေသခံများ၏အဆိုအရ သိရသည်။

နေပြည်တော်ဝန်ကြီးဌာန အိမ်ရာများတွင် နေပြည်တော်ရေပေးဝေရေး ပိုက်လိုင်းတပ်ဆင်သုံးစွဲမှုများရှိနေသကဲ့သို့ ဝန်ကြီးရုံး၊ ရပ်ကွက်၊ နေအိမ်များတွင် သီးသန့်အဝီစိတွင်းတူးဖော်ပြီး ဥယျာဉ်ခြံ၊ ပန်းခြံ၊ မြက်ခင်းပြင်များတွင် ရေဖျန်းအသုံးပြုလျက်ရှိသည်။



နေပြည်တော် ပျဉ်းမနားမြို့သည် ရေမြေသဘာဝအနေအထားအရ ရေငန်ကြော၊ ရေဝါကြော၊ ရေပြာကြောနှင့် ရေချိုကြောများရှိရာ အဝီစိတွင်းတူးဖော်ရာတွင် မြို့၏ အရပ်မျက်နှာအလိုက် မြေအောက်ရေရရှိမှု ကွာခြားပြီး အနည်းဆုံး အနက် ပေ ၁၅၀၊ ပေ ၂၀၀ မှ အများဆုံး အနက် ပေ ၃၀၀ တူးဖော်မှ ရေချိုရေကောင်းရရှိကြောင်း စုံစမ်းသိရှိရသည်။

အဝီစိတွင်းတူးဖော်ရေးလုပ်ငန်းလုပ်ကိုင်သူများ၏အတွေ့အကြုံနှင့် မှတ်တမ်းများအရ မန္တလေးတိုင်းအတွင်းရှိ မြို့နယ်များ၏ မြေအနေအထားနှင့် ရေကြောတွင် ရေငါးမျိုးတွေ့ရှိကြောင်း၊ ယင်းတို့မှာ–

– မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ကျောက်သဘော်တောင်ခြေတစ်ဝိုက်တွင် ယမ်းခတ်ပါသော ရေပြာများ တွေ့ရှိပြီး သုံးစွဲ၍မရဟုဆိုခြင်း၊

– ဝမ်းတွင်းမြို့နယ် ဒိုင်ဂမ်းကုန်းကျေးရွာတွင် ရေပုစမ်းကြောတွေ့ရှိပြီး သုံးစွဲ၍မရဘဲ ယင်းရေများကို မှတ်ထုတ်ပြီးလျှင် ရေစစ်ကန်နှင့်အအေးခံပြီးမှ သုံးစွဲ၍ရခြင်း၊

– မန္တလေးတိုင်းအတွင်း အချို့မြို့နယ်များတွင် ရေငန်ကြောများ အနံ့အပြားတွေ့ရှိရပြီး မိတ္ထီလာမြို့ ဝါးတန်းရပ်ရှိ ရေငန်ကြောမှာ ဆားချက်၍ရရှိသည်ဟုဆိုခြင်း၊

– နေပြည်တော် ပျဉ်းမနားမြို့မှ နေပြည်တော်လယ်ဝေးမြို့နှင့် ရေနီမြို့အထိ ရေဝါကြောများ အနံ့အပြားတွေ့ရှိရပြီး ယင်းရေဝါများကို ရေစစ်ကန်များပြုလုပ်၍ အသုံးပြုနိုင်ခြင်း၊

– မန္တလေးတိုင်းအတွင်း မြို့နယ်များတွင် ရေချိုကြောများ အနံ့အပြားတွေ့ရှိရသော်လည်း ရေချိုရှားပါးပြီး မြေအနက် ပေ ၃၀၀ ခန့် အဝီစိတွင်းတူးမှသာ ရေချိုများရရှိနိုင်ခြင်းတို့ဖြစ်ကြကြောင်း အဆိုပါ ရေတွင်းကျွမ်းကျင်သူများက ပြောကြားသည်။ ■

# ထိခိုက်ဒဏ်ရာ ကနဦးကုသမှုနည်းပြသင်တန်း ဩစတြေးလျဆရာဝန်များ ဒုတိယအကြိမ်ဖွင့်လှစ်ပို့ချမည်

**ရန်ကုန်၊ ဇူလိုင် ၁**

မြန်မာနိုင်ငံ၌ ဩစတြေးလျဆရာဝန်ကြီးများလာရောက်ပို့ချသင်ကြားသည့် ထိခိုက်ဒဏ်ရာ ကနဦးကုသမှုနည်းပြသင်တန်း Primary Trauma Care Training (Instructor Course) ကို လာမည့်အောက်တိုဘာလအတွင်း ဒုတိယအကြိမ် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆရာဝန်အသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာခိုင်စိုးဝင်းက Living Color သို့ ပြောကြားသည်။

အဆိုပါဆင့်ပွားသင်တန်းကို ၂၀၀၉ ခုနှစ် မတ်လ ၁၁ ရက်မှ ဧပြီလ ၂၈ ရက်အထိ ရန်ကုန်မြို့တွင် ပထမအကြိမ်ဖွင့်လှစ်ပို့ချခဲ့ရာ အသင်းဝင်ဆရာဝန် ၄၂ ဦး တက်ရောက်ခဲ့ကြောင်းနှင့် ယင်းသင်တန်းကို တစ်နှစ်လျှင်နှစ်ကြိမ် ပို့ချဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံဆရာဝန်အသင်းသည် ဆေးပညာရပ်များပြန့်ပွားရေးနှင့် ပြည်သူလူထုအားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အဓိကဆောင်ရွက်နေသည့် အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်းဖြစ်ပြီး ၂၀၀၈ ခုနှစ် မေလမှ ၂၀၀၉ ခုနှစ် ဧပြီလအထိ တစ်နှစ်တာအတွင်း နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ပြည်သူ ၂၁၅,၃၁၂ ဦးအား အသင်းဝင်ဆရာဝန် ၁၀၄၇ ဦးက စီမံချက်များချမှတ်၍ ကွင်းဆင်းကုသ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့သည်။ ■

www.foreverspace.com.mm



# ကျောက်တန်းလယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ စိုက်မြေအားလုံးအတွက် ငွေထုတ်ချေးဟုဆို

**ရန်ကုန်၊ မေ ၂၉**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကျောက်တန်းဘဏ်ခွဲက ကျောက်တန်းမြို့နယ်အတွင်းရှိ ကျေးရွာ ၅၀ မှ တောင်သူလယ်သမားများ၏ စိုက်မြေဧကအားလုံးအတွက် ယခုနှစ်မှစ၍ ငွေထုတ်ချေးလျက်ရှိကြောင်း အဆိုပါဘဏ်ခွဲ မြို့နယ်မန်နေဂျာဦးလှသွင်က ပြောကြားသည်။

ယခင်နှစ်များက အထူးဇုန် ကျေးရွာအုပ်စု၊ ရိုးရိုးကျေးရွာအုပ်စုဟု ခွဲခြားခဲ့ပြီး ယခုနှစ်မှစတင်၍ လယ်မြေဧကအားလုံးအတွက်ထုတ်ချေးခြင်းဖြစ်ကြောင်း၊ တောင်သူလယ်သမား ငါးဦးမှ ၁၀ ဦးအထိ အဖွဲ့ငယ်များဖွဲ့စေပြီး တစ်ဦးနှင့်တစ်ဦးတာဝန်ယူစေကြောင်း၊ အဆိုပါကျေးရွာ ၅၀ တွင် ကျေးရွာအုပ်စု ၅၆ အုပ်စုရှိပြီး လယ်သမားအဖွဲ့ ၁၅၁၈ ဖွဲ့ရှိကြောင်း၊ ယင်းအဖွဲ့များရှိ လယ်သမားဦးရေ ၁၁၂၉၈ ဦး၊ စိုက်ဧကပေါင်း ၁၅၃၉၆၄ ဧကအတွက် တစ်ဧကလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ကျပ် ၁၅၃၉ ဒသမ ၆၄ သန်း ထုတ်ချေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါချေးငွေကို ဧပြီလ ၂၇ ရက်နေ့မှ စတင်ထုတ်ချေးခဲ့ရာ မေလ ၂၈ ရက်နေ့အထိ ကျေးရွာအုပ်စု ၃၃ ခုအတွက် ကျပ် ၇၉၃ ဒသမ ၄၃ သန်း ထုတ်ချေးပေးပြီး နောက်ထပ်ကျေးရွာ ၁၇ ရွာအတွက် ကျပ် ၇၄၆ ဒသမ ၂၁ သန်းကို ဇွန်လအတွင်း အပြီးချေးမည်ဖြစ်ကြောင်း၊ ယင်းချေးငွေများအတွက် တစ်နှစ်လျှင် အတိုးနှုန်း ၁၇ ရာခိုင်နှုန်း ပေးရမည်ဖြစ်ကြောင်း အဆိုပါဘဏ်ခွဲ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

"ဒီပုံစံက ဘဏ်စနစ်ကို တောင်သူကျင့်သုံးတတ်မယ်။ ဘဏ်နဲ့တောင်သူ တိုက်ရိုက်ဆက်ဆံခွင့်ရှိပြီး တခြားမလိုလားအပ်တဲ့ငွေကြေးပြဿနာမပေါ်တော့ဘူး။ လယ်သမားချေးငွေမဆပ်နိုင်ဘူးဆိုတာလည်း တစ်နှစ်မှမရှိဘူး" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

"လယ်လုပ်သူက နောင်နှစ်အတွက်ကြိုအရင်းရှိပြီးသားပါ။ ဒီလိုချေးငွေရတော့ အထိုက်အလျောက်သက်သာပါတယ်။ ပဲစိုက်ဖို့နဲ့ နွေစပါးအတွက်တော့ ချေးငွေမရဘူး။ အဓိကလိုတာ ဓာတ်မြေဩဇာဖိုးပါ" ဟု ညောင်ပိုင်းကျေးရွာနေ လယ်ယာလုပ်ငန်း လုပ်သက် နှစ် ၃၀ ခန့်ရှိသည့် ဒေသခံတစ်ဦးဖြစ်သူ ဦးအေးဝင်းက ပြောကြားသည်။

# မိုးရာသီကျရောက်သော်လည်း ထီးနှင့်မိုးကာ အရောင်းအဝယ်အေး

**သတင်းဆောင်းပါး – ကြူကြူသင်း (မိုးမြေ) ၊ မိုးခိုင်**

**ကမ္ဘာ့စီးပွားရေးကျဆင်းမှုဂယက်ကြောင့် နိုင်ငံတိုင်းတွင် ငွေကြေးလည်ပတ်စီးဆင်းမှု နှေးကွေးလျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း ယင်းဂယက်ကြောင့် မိုးရာသီတွင် နှစ်စဉ်ရောင်းအားတက်လေ့ရှိသည့် ထီးနှင့်မိုးကာဈေးကွက်မှာ မိုးရာသီကျရောက်လာပြီဖြစ်သော်လည်း ရောင်းအားကျဆင်းလျက်ရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိသည်။**

မိုးကာအင်္ကျီဈေးကွက်ကို ကြည့်မည်ဆိုလျှင် ၎င်းတို့ထုတ်လုပ်သည့်ကုန်ပစ္စည်းအပေါ်၌ ဈေးနှုန်းချမပေးနိုင်သူများက ပစ္စည်းအရည်အသွေးပိုင်းကိုမြှင့်၍ ထုတ်လုပ်လျက်ရှိပြီး ပစ္စည်းအရည်အသွေးပိုင်းကို မယှဉ်ပြိုင်နိုင်သည့်လုပ်ငန်းရှင်များက ဈေးနှုန်းချပေးနိုင်ရန် ကြိုးစားလာကြောင်း သို့သော် မိုးကာအင်္ကျီထုတ်လုပ်သည့် အများစုသောစီးပွားရေးလုပ်ငန်းရှင်များသည် ကုန်ပစ္စည်းဈေးနှုန်းလျှော့ချခြင်းထက် ပစ္စည်းအရည်အသွေးပိုင်းကိုမြှင့်၍ ဈေးကွက်ကိုထိန်းထားလိုကြောင်း ဈေးကွက်အတွင်းမှ လေ့လာတွေ့ရှိရသည်။



ဈေးကွက်ပြိုင်ဆိုင်မှုပြင်းထန်သည့် ယခုလိုအချိန်သည် ရာသီဥတုကိုအမှီပြု စီးပွားရှာရသော မိုးကာအင်္ကျီနှင့် ထီးထုတ်လုပ်ရောင်းချသည့် စီးပွားရေးလုပ်ငန်းရှင်များအတွက် ၎င်းတို့၏စီးပွားရေးလုပ်ငန်းများ ဈေးကွက်အတွင်း ဆက်လက်ရပ်တည်နိုင်ရန် ခေါင်းခဲရမည့်အချိန်ဖြစ်သည်။

"ရောင်းဈေးတွေက အကုန်လုံးပြုတ်ကျတယ်ဆိုတော့ ပြုတ်ကျတဲ့ဈေးနဲ့ ရောင်းနိုင်အောင်လုပ်ရမယ်။ ရောင်းနိုင်အောင်လုပ်တဲ့နေရာမှာ Market မှာ သီအိုရီတစ်ခုရှိတယ်။ ဈေးချင်းတူရင် ကိုယ့်ပစ္စည်း

www.foreverspace.com.mm

ကောင်းအောင်လုပ်၊ ပစ္စည်းချင်းတူရင် ကိုယ့်ပစ္စည်းကို ဈေးသက်သာအောင်လုပ်။ ဒီနှစ်ခုက ဘယ်တော့မှမမှားဘူး။ ဒီတော့ ကျွန်တော်တို့မှာ ထုတ်လုပ်မှုစရိတ်သက်




သာပြီဆိုလို့ရှိရင် ကျွန်တော်တို့ပစ္စည်းတွေ ပိုကောင်းအောင်လုပ်ဖို့လိုလာပါပြီ” ဟု စီးပွားရေးပညာရှင် ဒေါက်တာဦးမြင့်က လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် စီးပွားရေး အကျပ်အတည်းကာလအတွင်း စီးပွားရေး လုပ်ငန်းတိုင်း သက်ဆိုင်ရာ စီးပွားရေးနယ်ပယ်တွင် ဆက်လက်ရပ်တည်နိုင်ရေးနှင့် ပတ်သက်၍ ယင်းကဲ့သို့ သုံးသပ်ပြသည်။

ယခုနှစ် မိုးရာသီအတွက် မိုးကာအင်္ကျီနှင့် ထီးဈေးကွက်သည် ဧပြီလ သင်္ကြန်ပြီးနောက်ပိုင်းတွင် စတင်အလုပ်ဖြစ်ခဲ့သည်။ ၂၀၀၉ ခုနှစ် မိုးကာအင်္ကျီနှင့် ထီးဈေးကွက်သည် ပြီးခဲ့သည့်နှစ်ဈေးကွက်ရာသီထက် တစ်လခန့်စော၍ အလုပ်ဖြစ်ခဲ့သည်။ သို့သော် အဆိုပါဧပြီလတစ်လအတွင်း၌သာ နယ်အဝယ်ရှိခဲ့ပြီး လက်ရှိတွင် ဈေးကွက်အခြေအနေမှာ အေးစက်လျက်ရှိသည်ဟု အဆိုပါဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် လယ်ယာလုပ်ငန်းနှင့်တစ်နည်းမဟုတ်တစ်နည်း ပတ်သက်ဆက်နွယ်နေသည်။ ထို ၇၀ ရာခိုင်နှုန်းခန့်ရှိသော ပြည်သူလူထုသည် ၎င်းတို့ဝင်ငွေ၏ ၇၅ ရာခိုင်နှုန်းကို စားနပ်ရိက္ခာအတွက် အသုံးပြုဖြေရှင်းနေကြရသည်ဟု စီးပွားရေးပညာရှင်များ၏ စစ်တမ်းကောက်တွက်ချက်မှုများအရ သိရသည်။ လူတစ်ဦးသည် ဝင်ငွေ၏ ၇၅ ရာခိုင်နှုန်းကို ရိက္ခာအတွက် သုံးစွဲနေရသည်ဆိုလျှင် ထိုသူ၏ဝင်ငွေသည် ဝတ်ဆင်ရေးနှင့်နေထိုင်ရေးအတွက် မသုံးရသလောက် ဖြစ်နေသည်။ လက်ရှိအခြေအနေတွင် ကဏ္ဍအသီးသီးရှိ ပို့ကုန်များကျဆင်းလျက်ရှိသကဲ့သို့ လယ်ယာကဏ္ဍမှ ပို့ကုန်များလည်းကျဆင်းလျက်ရှိပါသည်။ ထို့အတူ လယ်ယာကဏ္ဍမှပို့ကုန်များကျဆင်းသွားခြင်းသည်လည်း လယ်ယာကဏ္ဍနှင့် တစ်နည်းမဟုတ်တစ်နည်းပတ်သက်လျက်ရှိသော နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကို ထိခိုက်မှုရှိမည်မှာ အမှန်ဖြစ်သည်။ မူလကပင် လယ်ယာကဏ္ဍနှင့် ပတ်သက်ဆက်နွယ်နေသည့် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ၎င်းတို့ဝင်ငွေ၏ ၇၅ ရာခိုင်နှုန်းကို စားသောက်ရေးအတွက် သုံးစွဲဖြေရှင်းနေရသည်ဆိုလျှင် ယခုကဲ့သို့ဝင်ငွေကျဆင်းသွားချိန်၌ ဝတ်ဆင်ရေးနှင့်နေထိုင်ရေးအတွက် သုံးစွဲနိုင်မှုသည် ယခင်ထက်ပင် အခွင့်အလမ်းနည်းလျက် ရှိသည်။

လက်ရှိမိုးကာအင်္ကျီနှင့် ထီးဈေးကွက်တွင် မိုးကာအင်္ကျီနှင့် ထီးအမျိုးအစားပေါင်း တစ်ရာနီးပါးခန့်ရှိနေပြီဟု မင်္ဂလာဈေး၌ ထီးအမျိုးမျိုး လက်လီလက်ကားရောင်းချနေသည့်ဆိုင်ရှင်တစ်ဦးက ဆိုသည်။

မိုးကာအင်္ကျီနှင့်ထီးဈေးကွက်သည် ထုတ်ကုန်ပစ္စည်းအပေါ်၌ စမ်းသပ်ထုတ်လုပ်သည်မဟုတ်။ ဈေးနှုန်းအပေါ်၌လည်း အမျိုးမျိုးစမ်းသပ်လုပ်ဆောင်လျက်ရှိသည်။ လက်ရှိမိုးကာအင်္ကျီဈေးကွက်တွင် နာမည်ရနေသည့်ကုမ္ပဏီအချို့သည် ယခင်နှစ်က

---

# ဧရာဝတီလင်းပိုင် မျိုးမတုံးသွားစေရန် ထိန်းသိမ်း

**ကသာ၊ ဇွန် ၂၉**

မြန်မာနိုင်ငံတွင် ဧရာဝတီလင်းပိုင်အကောင်ရေ ၇၀ ကျော်သာကျန်ပြီး ဧရာဝတီတိုင်းနှင့် စစ်ကိုင်းတိုင်း ကျောက်မြောင်းဒေသ၌ကျက်စားနေထိုင်ကြကာ ထိုနေရာကို ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးနယ်မြေအဖြစ်သတ်မှတ်၍ ဧရာဝတီလင်းပိုင်များ မျိုးသုဉ်းပျောက်ကွယ်မသွားအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်နေကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) ထံမှ စုံစမ်းသိရှိရသည်။

ယင်းနေရာကို ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးနယ်မြေအဖြစ် သတ်မှတ်နိုင်ရန် ဧရာဝတီမြစ်ဖျားမှ စစ်ကိုင်းတိုင်းအထိ Survey သုံးကြိမ်ပြုလုပ်ခဲ့ကြောင်း၊ ထို့ပြင် ကသာခရိုင်အတွင်းရှိ ဧရာဝတီလင်းပိုင် ၂၁ ကောင်ကို ကသာခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့်သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) တို့ ပူးပေါင်းထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း၊ ကသာခရိုင်အတွင်းရှိ ရွှေလီမြစ်၊ မဲဇာချောင်း၊ သပြေပင်ချောင်းများတွင် ကျက်စားနေသော ဧရာဝတီလင်းပိုင်များသည် ရှားပါးမျိုးနွယ်များဖြစ်ကြရာ ယင်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ငါးသယံဇာတကိုထိန်းသိမ်းခြင်းနှင့်အတူတူဖြစ်ကြောင်း၊ ယမန်နှစ်က အင်းတော်မဲဇာချောင်းထဲတွင် လင်းပိုင်တစ်ကောင်ပိတ်မိနေသဖြင့် ဆယ်ယူပြီး ဧရာဝတီမြစ်အတွင်းပြန်လွှတ်ခဲ့ရကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ဆိုသည်။

လူနီးပါးအသိဉာဏ်ရှိသည့် ဧရာဝတီလင်းပိုင်များ မျိုးတုံးပျောက်ကွယ်မသွားရန် ပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များဝေငှခြင်း၊ သတိပေးပိုစတာများစိုက်ထူခြင်း၊ မိုင်းခွဲငါးဖမ်းခြင်းနှင့် ဆေးခတ်ငါးဖမ်းခြင်းများမပြုလုပ်ရန်တားမြစ်ခြင်း စသည်တို့ကို ကသာခရိုင်ငါးလုပ်ငန်းဦးစီးဌာနကဆောင်ရွက်နေကြောင်း ယင်းဌာနထံမှ စုံစမ်းသိရှိရသည်။

**ဦးလှမြင့်**

www.foreverspace.com.mm



အဆင့်ဆင့်သတ်မှတ်ရောင်းချနေသည့် ဈေးနှုန်းများကို ယခုနှစ်တွင်မူ ဈေးနှုန်းတစ်မျိုးတည်းသတ်မှတ်ရောင်းချလာသည်။ ထို့အပြင် အချို့ကုမ္ပဏီများသည် ပြီးခဲ့သည့်နှစ်အတွင်းက ၎င်းတို့၏ ထုတ်ကုန်ပစ္စည်းဈေးနှုန်းများကို တစ်ပြေးညီ သတ်မှတ်ရောင်းချစေခြင်းများမရှိခဲ့သော်လည်း ယခုနှစ်တွင် ကုန်ပစ္စည်းဈေးနှုန်းများကို တစ်ပြေးညီသတ်မှတ်ပြီး တစ်ဆင့်ပြန်လည်ရောင်းချသည့်ကိုယ်စားလှယ်ဆိုင်များကို ရာခိုင်နှုန်းအချိုးဖြင့် ခံစားခွင့်သတ်မှတ်ပေးလာသည်ဟု မိုးကာအင်္ကျီရောင်းချသည့်ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြည်တွင်းမိုးကာအင်္ကျီဈေးကွက်အတွင်း၌ နာမည်ရအမှတ်တံဆိပ်များဖြစ်သည့် TRI နှင့် DII2 အမှတ်တံဆိပ်မိုးကာအင်္ကျီများမှာ ထိုင်းနိုင်ငံမှ တိုက်ရိုက်တင်သွင်းရောင်းချသည့်ပစ္စည်းများဖြစ်ပြီး TEN မိုးကာအင်္ကျီများမှာ ကိုရီးယားနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ကုန်ကြမ်းပစ္စည်းများကို မှာယူတင်သွင်း၍ ပြည်တွင်း၌ချုပ်လုပ်ရောင်းချခြင်းဖြစ်သည်။ အဆိုပါနာမည်ရအမှတ်တံဆိပ်မိုးကာအင်္ကျီများကို အရောင်စပ်များနှင့် ကျားဝတ်၊ မဝတ် ဆင်တူချုပ်လုပ်ထားပြီး ဒီဇိုင်းမှာ အနည်းဆုံး ၁၀ မျိုး၊ ၁၅ မျိုးခန့် ထုတ်လုပ်ထားသည်ကို တွေ့ရသည်။

လက်ရှိဈေးကွက်အတွင်း၌ မိုးကာသားနှစ်ထပ်ဖြင့် ချုပ်ထားသည့် TRI အမှတ်တံဆိပ်ကျားဝတ်၊ မဝတ်မိုးကာအင်္ကျီတစ်ထည်ရောင်းဈေးမှာ ကျပ် ၂၂၉၂၀ နှင့် ကျပ် ၂၁၈၂၀ ခန့်ရှိပြီး မိုးကာသားတစ်ထပ်ဖြင့် ချုပ်ထားသည့်မိုးကာအင်္ကျီတစ်ထည်ရောင်းဈေးမှာ ကျပ် ၁၂၉၈၀ ဖြစ်သည်ကို တွေ့ရသည်။ ပြီးခဲ့သည့် ၂၀၀၈ ခုနှစ်အတွင်းက မိုးကာသားနှစ်ထပ်ဖြင့်ချုပ်ထားသည့် DII2 မိုးကာအင်္ကျီတစ်ထည်၏ ရောင်းဈေးမှာ ပစ္စည်းအမျိုးအစားနှင့် ဒီဇိုင်းပေါ်လိုက်၍ ကျပ် ၁၄,၄၀၀၊ ကျပ် ၁၆,၀၀၀ နှင့် ကျပ် ၁၈,၉၀၀ ဟူ၍ သုံးမျိုးသတ်မှတ်ရောင်းချခဲ့ပြီး ယခုနှစ်တွင် ကျပ် ၁၆,၂၀၀ တစ်မျိုးတည်း သတ်မှတ်ရောင်းချပေးလျက်ရှိသည်။ ပြည်ပမှ ကုန်ကြမ်းပစ္စည်းမှာယူတင်သွင်းပြီး ပြည်တွင်း၌ ချုပ်လုပ်ရောင်းချသည့် TEN အမှတ်တံဆိပ်မိုးကာအင်္ကျီတစ်ထည်ရောင်းဈေးမှာ ပစ္စည်းအမျိုးအစားနှင့်ဒီဇိုင်းပေါ်လိုက်၍ အနည်းဆုံး ကျပ် ၄၀၀၀ မှ အများဆုံး ၁၁၅၀၀ ကျပ်ခန့်အထိ ဈေးနှုန်းအသီးသီး သတ်မှတ်ရောင်းချပေးလျက်ရှိပြီး ယခုနှစ် TEN မိုးကာအင်္ကျီ၏ရောင်းဈေးမှာ ယခင်နှစ်က ရောင်းချပေးသည့်ဈေးနှုန်းထက် ကျပ် ၅၀၀ ကျော်ခန့်မြင့်တက်လာသည်ဟု ဈေးကွက်အတွင်းမှ သိရသည်။

လက်ရှိမိုးကာအင်္ကျီရောင်းချသည့် ဈေးကွက်အခြေအနေမှာ အရောင်းအဝယ်ပါးလျက်ရှိပြီး မန္တလေး၊ မော်လမြိုင်နှင့် ထားဝယ် စသည့်ဒေသတို့မှ လက်ကားဈေးကွက်များမှာ ငြိမ်လျက်ရှိကြောင်း၊ ပြည်ပမှတိုက်ရိုက်တင်သွင်းရောင်းချသည့် မိုးကာအင်္ကျီများမှာ ငွေကြေးဈေးနှုန်းအပြောင်းအလဲပေါ်လိုက်၍ ဈေးနှုန်းလျှော့ချပေးခြင်းများရှိသော်လည်း ပြည်ပမှ ပစ္စည်းမှာယူတင်သွင်းပြီး ပြည်တွင်း၌ချုပ်လုပ်ရောင်းချနေသည့် နာမည်ရအမှတ်တံဆိပ်မိုးကာအင်္ကျီအချို့မှာ ယခင်နှစ်ရောင်းဈေးထက်ပင် မြင့်တက်ရောင်းချခြင်းများရှိကြောင်း၊ ယခုနှစ် မိုးကာအင်္ကျီဈေးကွက်၌ နာမည်ရအမှတ်တံဆိပ်များနှင့်နှိုင်းယှဉ်လျှင် မိုးကာသားတစ်ထပ်တည်းဖြင့်ချုပ်ထားသည့် ကျပ် ၃၅၀၀ မှ ကျပ် ၄၀၀၀ ဝန်းကျင်ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိသော ပြည်တွင်းဖြစ်မိုးကာအင်္ကျီများမှာ အဝယ်ရှိပြီး ဈေးနှုန်းမြင့်သည့် နာမည်ရအမှတ်တံဆိပ်မိုးကာအင်္ကျီများမှာ အရောင်းအဝယ်ပါးလျက်ရှိကြောင်း မိုးကာအင်္ကျီလက်လီအရောင်းဆိုင်များမှ စုံစမ်းသိရသည်။

ထိုဈေးကွက်သည်လည်း မိုးကာအင်္ကျီဈေးကွက်နည်းတူ ဈေးကွက်စိန်ခေါ်မှုအမျိုးမျိုးကို အစမ်းသပ်ခံနိုင်ရန်ကြိုးစားနေသည်။ ထိုရောင်းချသည့်ကုမ္ပဏီများသည် ၎င်းတို့၏ထုတ်ကုန်ဈေးနှုန်းများကို တစ်ပြေးညီသတ်မှတ်ခြင်းနည်းသည်။ ဈေးနှုန်းကို တရားသေသတ်မှတ်၍ ကပ်ဈေးအတိုင်း ရောင်းရမည်ဆိုသည့်ထိုကုမ္ပဏီမှာ မရှိသလောက်ပင်နည်းသည်။ ထိုကုမ္ပဏီများသည် ၎င်းတို့၏ကုန်ပစ္စည်းနေရာ၌ အစားထိုးသုံးစွဲနိုင်သည့်ကုန်စည်ဈေးကွက် (မိုးကာအင်္ကျီ) ဈေးကွက်ဆီသို့ ဝယ်ယူသုံးစွဲသူများ အာရုံရောက်မသွားစေရန် ၎င်းတို့ထုတ်လုပ်သည့် ကုန်ပစ္စည်းဈေးနှုန်းများကို လူတန်းစားအမျိုးမျိုး၊ အလွှာ

အသီးသီးမှ ဝယ်ယူသုံးစွဲနိုင်အောင် ထုတ်ကုန်အဆင့်ဆင့်ထုတ်လုပ်၍ ဈေးနှုန်းအမျိုးမျိုးဖြင့် သုံးစွဲသူကို ဆွဲဆောင်လျက်ရှိသည်။

၂၀၀၉ ခုနှစ် မိုးရာသီထီးဈေးကွက်အခြေအနေမှာ နယ်ဒေသများမှ အဝယ်နည်း၍ ရောင်းအားထက်ဝက်ခန့်ကျဆင်းလျက်ရှိကြောင်း၊ လက်ရှိထီးဈေးကွက်၌ ဂျပန်ပစ္စည်းအမျိုးအစားအပေါ်လိုင်းထီးများဖြစ်သည့် အဆာပါ၊ ရာမဆုနှင့် နီကိုအမှတ်တံဆိပ်သုံးမျိုးက ထုတ်လုပ်သည့် ထီးဒီဇိုင်းများထဲမှ တီဗီ၌ ကြော်ငြာလျက်ရှိသော ဒီဇိုင်းသစ်ထီးများမှာအရောင်းသွက်လျက်ရှိပြီး အနက်ရောင်ခိုထီးများကိုဝယ်ယူသူ နည်းပါးလျက်ရှိကြောင်း၊ ကြော်ငြာထီးအရောင်းအဝယ်မှာလည်း ထက်ဝက်ခန့်ထိကျဆင်းလျက်ရှိကြောင်း၊ ယင်းကဲ့သို့ ထီးဈေးကွက်၌ ရောင်းအားများကျဆင်းသွားခြင်းမှာ ဝယ်ယူသုံးစွဲမည့်သူ၏ လက်ထဲ၌ ငွေရှားပါးလာ၍ဖြစ်ကြောင်း၊ ထီးထုတ်လုပ်သည့် ကုမ္ပဏီကြီးများသည် ယခုနှစ်ထီး ထုတ်လုပ်မှုကိုလျှော့၍ ထုတ်လုပ်ခဲ့ကြောင်း ထီးအမျိုးမျိုးလက်လီလက်ကားဖြန့်ချိသည့် ဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

မြန်မာနိုင်ငံ ထီးဈေးကွက်၌ ထီးအမျိုးအစားပေါင်း ၃၀ ကျော်ခန့် ထုတ်လုပ်ရောင်းချလျက်ရှိသည့် မြန်မာဟိန်းကုမ္ပဏီသည် ၂၀၀၉ ခုနှစ်၏ ထီးထုတ်လုပ်မှုကို လျှော့ချလုပ်ဆောင်ခဲ့ကြောင်း၊ ၂၀၀၈ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထီးကုန်ကြမ်းပစ္စည်းကွန်တိန်နာ ၁၅ လုံးခန့် မှာယူထုတ်လုပ်ခဲ့ရာ ယခုနှစ်တွင် ထီးကုန်ကြမ်းပစ္စည်း ကွန်တိန်နာ ၁၀ လုံးခန့်သာ မှာယူတင်သွင်းထုတ်လုပ်ခဲ့ကြောင်း၊ ပြီးခဲ့သည့် ၂၀၀၈ ခုနှစ်တွင် ထီးအရောင်းအဝယ်ကောင်းခဲ့သော်လည်း ယခုနှစ်၏ ရောင်းအားမှာ ယခင်နှစ်ရောင်းအားကို မီခြင်းမရှိကြောင်း၊ ယခုနှစ် ထီးဈေးကွက်ရာသီ၌ နာဂစ်မုန်တိုင်းဒဏ်ခံစားခဲ့ရသည့် ဧရာဝတီတိုင်းမှ လက်ကားဝယ်သူများနှင့် ၂၀၀၈ ခုနှစ် ဒီဇင်ဘာလအတွင်းက မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည့် မော်လမြိုင်အမှတ် (၁) ဈေးကြီး၌ ထီးလက်ကားရောင်းချသူများ၏ ထီးဝယ်ယူမှုများမှာ ရပ်ဆိုင်းလုနီးပါးကျဆင်းသွားခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ ထီးရောင်းချရသည့် ရာသီမှာ ဖေဖော်ဝါရီလမှ ဇူလိုင်လအထိဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ထီးထုတ်လုပ်သည့်ကုမ္ပဏီများအနေဖြင့် ထီးဈေးကွက်အခြေအနေကို စောင့်ကြည့်လျက်ရှိကြောင်း၊ ကြော်ငြာထီးဈေးကွက်၏အခြေအနေမှာလည်း နှစ်စဉ်ဝယ်လေ့ရှိသည့်ကုမ္ပဏီများသာ အမှာရှိပြီး ဆိုင်သုံး ထီးများမှာလည်း ဝယ်ယူမှုနည်းပါးလျက်ရှိသည်ဟု ထီးအမျိုးမျိုးထုတ်လုပ်ရောင်းချနေသည့် မြန်မာဟိန်းကုမ္ပဏီ၏ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ရန်ကုန်မြို့၏လူစည်ကားရာနေရာများတွင် "ထီးတစ်လက်ကို ငွေ ၂,၅၀၀ တည်း" ဆိုသည့် ဈေးကွက်ခေါ်သည့်အသံများက ၂၀၀၉ ခုနှစ် မိုးရာသီဈေးကွက်ကို လွှမ်းမိုးထားသည်ကိုတွေ့ရသည်။ အဆိုပါ လက်လီဈေးကွက်၌ ထီးတစ်လက် ၂,၅၀၀ ဖြင့် ဈေးခေါ်ရောင်းနေသည့်ထီးများသည် လက္ကားဈေးကွက်တွင် ထီးတစ်လက်လျှင် ၁,၇၅၀ ကျပ်၊ ၁,၈၀၀ ကျပ် ဖြင့်ရောင်းချပေးနေသည့် တရုတ်ကုန်ကြမ်း

# အင်ဒိုနီးရှား-မြန်မာ အပြန်အလှန်လည်ပတ်သော ခရီးသည်နည်းပါး

**ရန်ကုန်၊ ဇွန် ၂၅**


အာဆီယံဒေသတွင်း နိုင်ငံအချင်းချင်းဖြစ်သော အင်ဒိုနီးရှားနှင့် မြန်မာနှစ်နိုင်ငံအကြား အပြန်အလှန်လည်ပတ်သောခရီးသည်အရေအတွက် အလွန်နည်းပါးနေကြောင်း မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီး Mr. Sebastianus Sumarsono က ပြောကြားသည်။

"၂၀၀၈ ခုနှစ်က အင်ဒိုနီးရှားကိုလာတဲ့ခရီးသည် ၆၄ သန်းမှာ မြန်မာခရီးသည် ၂၅၀၀ လောက်ပဲပါတယ်။ နှစ်တိုင်းလည်း ဒီလောက်ပဲ" ဟု ၎င်းက ဆိုသည်။

မြန်မာနိုင်ငံသို့ ၂၀၀၈ ခုနှစ်အတွင်း အာဆီယံဒေသများမှ လာရောက်လည်ပတ်သောခရီးသည်စုစုပေါင်း နှစ်သိန်းသုံးသောင်းကျော်လာသည့်အနက် အင်ဒိုနီးရှားခရီးသည် ဦးရေ ထောင်ဂဏန်းပင်မပြည့်မီကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန မှညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က ပြောကြားသည်။

မြန်မာ–အင်ဒိုနီးရှားနှစ်နိုင်ငံ ခရီးသွားလုပ်ငန်းတိုးမြှင့်ရေးအတွက် ဆွေးနွေးရန် အချိန်တန်ပြီဖြစ်ကြောင်း Mr. Sebastianus က ပြောကြားသည်။

မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနှစ်နိုင်ငံသည် ရေမြေတောတောင်သဘာဝရင်းမြစ်များပိုင်ဆိုင်ထားသည့်နည်းတူ ကျယ်ပြန့်သောနယ်မြေများကိုလည်း ပိုင်ဆိုင်ထားကြကြောင်း၊



လူဦးရေသန်း ၂၄၀ ရှိသော အင်ဒိုနီးရှားနိုင်ငံနှင့် လူဦးရေ ၅၇ ဒသမ ၅သန်းရှိသော မြန်မာနိုင်ငံ နှစ်နိုင်ငံအကြားသည် စီးပွားရေးနှင့်ခရီးသွာလာရေးတိုးတက်ရန် အပြန်အလှန်အထောက်အကူပြုမှုများဖြင့် အခွင့်အလမ်းရှာဖွေရန်လိုအပ်ကြောင်း သံအမတ်ကြီးက ဆိုသည်။ ■

www.foreverspace.com.mm



ပစ္စည်းများဖြင့်ထုတ်လုပ်ထားသည့် မီကိုအမှတ်တံဆိပ်ခေါက်ထီးများပင်ဖြစ်သည်။

မိုးကာအင်္ကျီနှင့်ထီးကုမ္ပဏီများသည် ၎င်းတို့၏လုပ်ငန်းများရှင်သန်ရပ်တည်နိုင်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်နေသလို အခြားမိုးရာသီဈေးကွက်တစ်ခုဖြစ်သည့် ဘောထုပ်မိုးကာအင်္ကျီဈေးကွက်သည်လည်း ၎င်း၏ဈေးကွက်တစ်နေရာတည်မြဲရေးအတွက် ကြိုးစားလျက်ရှိသည်။ ပြီးခဲ့သည့် ၂၀၀၈ ခုနှစ် မေလအတွင်း၌ လေဘေးထောက်ပံ့မှုအတွက် ဝယ်ယူမှုများရှိခဲ့၍ အရောင်းအလွန်သွက်ခဲ့သည်ဟု ဆိုသည်။ လက်ရှိဘောထုပ်လက်ကားဈေးကွက်တွင် ဘောအန္တေးထည် ၁၆၀၊ ၁၇၀ ထည်ပါ ဘောတစ်ထုပ်လျှင် ကျပ်သုံးသိန်းနှစ်သောင်းခန့် ဈေးပေါက်လျက်ရှိသည်။ ဘောတစ်ထုပ်တွင် တရုတ်ထည်ကပိုများပြီး ကိုရီးယား၊ ထိုင်းဖြစ်အထည်များမှာ အနည်းငယ်သာပါဝင်သည်။ လက်ကားဘောထုပ်ဈေးနှုန်းများသည် ပါဝင်သည့်အထည်အကောင်း၊ အဆိုးပေါ်မူတည်၍ ဈေးနှုန်းသတ်မှတ်ခြင်း ဖြစ်သည်။

အထွေထွေကုန်ပစ္စည်းဈေးနှုန်းများကျဆင်းနေသည်ဟုဆိုသော်လည်း ဘောထုပ်လက်ကားဈေးနှုန်းမှာ ယခင်နှစ်ဈေးနှုန်းများအတိုင်းဖြစ်ပြီး ကျဆင်းခြင်းမရှိကြောင်း ဘောမိုးကာအင်္ကျီရောင်းချသည့်ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

“စီးပွားရေးတွေ မကောင်းတော့ဘူး။ လူတွေက ငွေမသုံးကြတော့ဘူး။ ဘောထည်မိုးကာအင်္ကျီတွေလည်း ဒီနှစ်အရောင်းမသွက်ဘူး။ ပြီးခဲ့တဲ့နှစ် ဒီအချိန်ဆို တစ်အားရောင်းနေရပြီ။ ဒီနှစ်က အေးတယ်။ စဖောက်ဖောက်ချင်း တစ်ထည် ၃,၅၀၀ ရောင်းတဲ့အထည်ကို ဒီနှစ် ၂,၅၀၀ နဲ့ရောင်းတာတောင် ဝယ်တဲ့သူမရှိဘူး” ဟု အနော်ရထာလမ်းတစ်လျှောက်ရှိ ဘောမိုးကာအင်္ကျီရောင်းချသူများကဆိုသည်။

ကမ္ဘာနှင့်အဝန်းတွင် ကြုံတွေ့နေရသည့်စီးပွားရေးအကျပ်အတည်းပြဿနာသည် ကူးစက်ရောဂါအသွင်ဆောင်နေသည်ဖြစ်ရာ အမေရိကန်ဒေါ်လာနှင့်ဆက်နွယ်သည့် စီးပွားရေးလုပ်ငန်းများဖြစ်၍ လက်ရှိဈေးကွက်အတွင်းရှိ ငွေကြေးနှင့်ပတ်သက်ဆက်နွယ်သည့်လုပ်ငန်းတိုင်း၌ အနည်းနှင့်အများ ထိခိုက်မှုရှိနေသည်ကို တွေ့ရသည်။ ထိုစီးပွားရေးကျပ်တည်းမှုပြဿနာသည် လုပ်ငန်းကြီးသည်ငယ်သည်ကို ရှောင်လွှဲခြင်းမရှိ။ ယင်းနှင့်ဆက်စပ်နေသည့် လုပ်ငန်းတိုင်းကို ဝါးမျိုပစ်မည်သာဖြစ်သည်။

# ကွမ်းခြံကုန်းအခမဲ့ဆေးခန်း မျက်မှန်ဆိုင်သစ် ၅၀ ရာခိုင်နှုန်း လျှော့ချရောင်းချ

**ရန်ကုန်၊ ဇွန် ၂၁**

အသည်းရောဂါအထူးကုဆရာဝန်ကြီးပါမောက္ခဒေါက်တာခင်မောင်ဝင်း စီစဉ်ဦးဆောင်မှုဖြင့် ဖွင့်လှစ်ထားသောကွမ်းခြံကုန်းမြို့ အခမဲ့ဆေးကုခန်းတွင် မျက်စိကုသမှုနှင့်တွဲဖက်၍ ဇွန်လ ၂၁ ရက်နေ့၌ စရိတ်မျှပေးမျက်မှန်ဆိုင်ကို ဖွင့်လှစ်ခဲ့ပြီး မျက်မှန်တစ်လက်လျှင် ၅၀ ရာခိုင်နှုန်းအထူးနှုန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်း ပါမောက္ခဒေါက်တာ ခင်မောင်ဝင်းက Living Color သို့ ပြောကြားသည်။

“ဆေးခန်းမှာ မျက်စိလာပြတဲ့သူတွေမျက်မှန်တပ်ဖို့လိုတဲ့အခါ တစ်ခါထဲအဆင်ပြေသွားအောင်လို့ပါ။ ရန်ကုန်ထိတက်ဝယ်စရာမလိုဘူး။ ဥပမာ– မျက်မှန်တစ်လက် ပုံမှန်ရောင်းဈေး ၁၆၀၀ ကျပ်ကျတယ်ဆိုရင် ၈၀၀ ပဲ ပေးရမယ်။ တစ်ဝက်ကို ကျွန်တော်တို့အဖွဲ့က စိုက်ပေးမယ်” ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ ဆေးကုခန်းတွင် အထွေထွေရောဂါကုသမားတော်၊ ခွဲစိတ်ကုသမားတော်၊ သားဖွားနှင့်မီးယပ်ကုသမားတော်၊ အသည်းရောဂါအထူးကုသမားတော်၊ နှလုံးအထူးကုသမားတော်၊ ကလေးအထူးကုသမားတော်များအပါအဝင် အထူးကုဆရာဝန်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးကုမ္ပဏီဝန်ထမ်းများက တစ်လလျှင်တစ်ကြိမ် ဒေသခံပြည်သူ ၇၀၀ ဦးမှ ၁၀၀၀ ဦးခန့်အထိကို အခမဲ့ ကျန်းမာရေးစောင့်ရှောက်ကုသပေးလျက်ရှိပြီး ခွဲစိတ်ကုသရန်လိုအပ်သည့် လူနာများကို အထူးကုဆရာဝန်များ၏ညွှန်ကြားချက်ဖြင့် အင်းစိန်မြို့နယ် သီရိစန္ဒာအထူးကုဆေးခန်း၌ အတွင်းလူနာအဖြစ် အခမဲ့ကုသဝန်ဆောင်မှုပေးလျက်ရှိကြောင်း စီစဉ်သူများထံမှ စုံစမ်းသိရှိရသည်။



www.foreverspace.com.mm



# မြန်မာနိုင်ငံ၌ ယာဉ်တိုက်မှုကြောင့် တစ်နှစ်ပျမ်းမျှ ၁၄၀၀ ဦးကျော်သေဆုံး

**နေပြည်တော်၊ ဇွန် ၁**

မြန်မာနိုင်ငံတွင် ၂၀၀၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း ပျမ်းမျှတစ်နှစ်လျှင် ယာဉ်တိုက်မှု ၆,၄၄၀ မှုဖြစ်ပွားခဲ့ပြီး ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရရှိသူ ၁၁,၁၈၂ ဦး နှင့် သေဆုံးသူ ၁,၄၃၆ ဦးခန့်ရှိကြောင်း ၂၀၀၉-၂၀၁၀ ပညာသင်နှစ် နေပြည်တော် အခြေခံပညာကျောင်းများ၌ပြုလုပ်သော ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေးသင်ခန်းစာသင်ကြားရေး အလုပ်ရုံဆွေးနွေးပွဲတွင် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ နာယက နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ပြောကြားသည်။

မြန်မာနိုင်ငံတွင် မှုခင်းဖြစ်ပွားမှုမှတ်တမ်းများအရ ၂၀၀၆ ခုနှစ်အတွင်း လူသတ်မှုကြောင့်သေဆုံးသူ ၇၉၃ ဦး၊ ယာဉ်တိုက်မှုကြောင့်သေဆုံးသူ ၁,၃၆၂ ဦး၊ ၂၀၀၇ ခုနှစ်အတွင်း လူသတ်မှုကြောင့်သေဆုံးသူ ၇၅၅ ဦး၊ ယာဉ်တိုက်မှုကြောင့်သေဆုံးသူ ၁,၆၃၈ ဦး၊ ၂၀၀၈ ခုနှစ်အတွင်း လူသတ်မှုကြောင့် သေဆုံးသူ ၇၈၃ ဦး၊ ယာဉ်တိုက်မှုကြောင့် သေဆုံးသူ ၁,၅၆၈ ဦးရှိခဲ့ကြောင်း၊ ယင်းမှတ်တမ်းအရ လူသတ်မှုကြောင့်သေဆုံးသူဦးရေထက် ယာဉ်တိုက်မှုကြောင့်သေဆုံးသူဦးရေမှာ နှစ်ဆဖြစ်နေကြောင်း နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီထံမှ သိရသည်။

မြန်မာနိုင်ငံ၏ယာဉ်တိုက်မှုဖြစ်ပွားချက်စစ်တမ်းများအရ တစ်ရက်လျှင် ပျမ်းမျှယာဉ်တိုက်မှု ၁၇ ဒသမ ၆၄ မှုဖြစ်ပွားပြီး ယာဉ်တိုက်မှုကြောင့်သေဆုံးသူ လေးဦးနှင့် ဒဏ်ရာရရှိသူ ၃၀ ဦးကျော်ရှိနေကြောင်း ယင်းကော်မတီထံမှ သိရသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီကို ၂၀၀၆ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် စတင်ဖွဲ့စည်းပြီး နေပြည်တော်ဒေသမြို့နယ်များအတွင်း ယာဉ်စည်းကမ်းလမ်းစည်းကမ်းထိန်းသိမ်းခြင်းလုပ်ငန်းများကို နိုင်ငံတကာ ယာဉ်စည်းကမ်းနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော်ဒေသမြို့နယ်များတွင် ယာဉ်တိုက်မှုဖြစ်ပွားသည့် မှတ်တမ်းများအရ ၂၀၀၆ ခုနှစ်အတွင်း ယာဉ်တိုက်မှု ၂၉၆ မှု၊ ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရရှိသူ ၄၆၃ ဦး၊ သေဆုံးသူ ၈၇ ဦး၊ ၂၀၀၇ ခုနှစ်အတွင်း ယာဉ်တိုက်မှု ၃၉၇ မှု၊ ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရရှိသူ ၆၃၅ ဦး၊ သေဆုံးသူ ၈၅ ဦး၊ ၂၀၀၈ ခုနှစ်အတွင်း ယာဉ်တိုက်မှု ၃၃၄ မှု၊ ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရရှိသူ ၆၄၈ ဦး၊ သေဆုံးသူ ၁၁၃ ဦး ရှိခဲ့ပြီး ၂၀၀၉ ခုနှစ် မေလ ၁၉ ရက်အထိ ယာဉ်တိုက်မှုကြောင့် သေဆုံးသူ ၅၀ ဦး ခန့်ရှိနေကြောင်း အဆိုပါကော်မတီ၏ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

**မင်းသုခိုင်**

# မိခင်နို့တိုက်ကျွေးခြင်းဖြင့် ငါးနှစ်အောက်ကလေးသေဆုံးမှုလျှော့ချနိုင်ဟုဆို

**ရန်ကုန်၊ ဇွန် ၁၃**



မိခင်နို့သည် ကလေးအတွက် အကောင်းဆုံးဆေးတစ်ခွက်ဖြစ်ပြီး မိခင်နို့တစ်မျိုးတည်းသာတိုက်ကျွေးသည့် အမူအကျင့်များတိုးတက်လာပါက မြန်မာနိုင်ငံတွင် ငါးနှစ်အောက်ကလေးသေဆုံးမှုနှုန်း လျှော့ချနိုင်မည်ဖြစ်ကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) မြန်မာ၏ ကျန်းမာရေးနှင့် အာဟာရဌာနမှူး ဒေါက်တာ အိုဆာမုခုနိက ပြောကြားသည်။

ယခုလ ၁၂ ရက်နေ့က ကုန်သည်ကြီးများဟိုတယ်တွင် UNICEF က ဦးဆောင်ပြုလုပ်သည့် ပြည်သူလူထုအကြားမွေးစမှအသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းတိုက်ကျွေးရေးဆိုင်ရာ ဗဟု

www.foreverspace.com.mm



သဘာဝနှင့်အမူအကျင့်များ တိုးတက်များပြားလာစေရန် လုပ်ငန်းအစီအစဉ်နှင့်ပတ်သက်သည့် စာနယ်ဇင်းအသိပေးရှင်းလင်းပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

"လေ့လာရသလောက် မြန်မာနိုင်ငံမှာ မိခင်နို့တိုက်ကျွေးခြင်းဟာ ယေဘုယျအားဖြင့် များတယ်လို့ထင်ရပေမယ့် တခြားအာဟာရတွေမပါဘဲ မိခင်နို့တစ်မျိုးတည်းတိုက်ကျွေးတာဟာနည်းပါးသေးတယ်" ဟု UNICEF မြန်မာ၏ပြန်ကြားရေးနှင့်ဆက်သွယ်ရေးဌာနမှူး Ms.Zafrin Chowdhroy က သုံးသပ်ပြောကြားသည်။

မိခင်နို့တစ်မျိုးတည်းတိုက်ကျွေးခြင်းဆိုသည်မှာ ကလေးငယ်များအား အားဆေးများပါဝင်သောအစက်ချဆေးမှလွဲပြီး မိခင်နို့တစ်မျိုးတည်းကိုသာတိုက်ခြင်းဖြစ်ကြောင်း၊ မိခင်နို့မှလွဲ၍ မည်သည့်အဖတ်အရည်ကိုမျှတိုက်ကျွေးရန်မလိုကြောင်း မြန်မာနိုင်ငံ ကလေးသူငယ် အစားအစာကျွေးခြင်းဆိုင်ရာမူဝါဒအရ သိရသည်။

"မိခင်နို့တစ်မျိုးတည်းတိုက်ကျွေးတဲ့နှုန်း ရာနှုန်းပြည့်ရောက်ဖို့လိုပါတယ်။ မိရိုးဖလာအတိုင်း မြန်မာနိုင်ငံရဲ့မိခင်နို့တိုက်ကျွေးနှုန်း ၉၀ ရာခိုင်နှုန်းရှိပေမယ့် မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးရမယ်ဆိုတဲ့ စံတစ်ခုဖြစ်လာတဲ့အခါ မိခင်တွေအနေနဲ့ ဆောင်ရွက်မှုအားနည်းတာကိုတွေ့ရပါတယ်" ဟု ကျန်းမာရေးဦးစီးဌာန အမျိုးသားအာဟာရဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအေးအေးသော်က ပြောကြားသည်။

မိခင်နို့အစားထိုးနို့မှုန့်များတိုက်ကျွေးခြင်းကြောင့် မသန့်ရှင်းသောရေများပါလာနိုင်ခြင်း၊ ကလေးနို့ဘူးနှင့် အခြားအသုံးအဆောင်များမသန့်ရှင်းခြင်း၊ ကမ္ဘာတွင်ထုတ်လုပ်ဖြန့်ချိနေသည့်နို့မှုန့်များသည် မိခင်နို့နီးနီးကောင်းမွန်သော်လည်း အရေးကြီးသော Anti-body ဟုခေါ်သည့် ကိုယ်ခံစွမ်းအား(စွမ်းရည်) မပါခြင်းတို့ကြောင့် ကလေးသေဆုံးမှု များလာကြောင်း၊ မိခင်နို့တစ်မျိုးတည်းကိုသာတိုက်ပါက တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် နှစ်စဉ် ငါးနှစ်အောက်ကလေး ၁ ဒသမ ၃ သန်းကို ကယ်တင်နိုင်ကြောင်း UNICEF မြန်မာ၏ အာဟာရဌာနအရာရှိ ဒေါက်တာကျော်ဝင်းစိန်က ပြောကြားသည်။

ကျန်းမာရေးဝန်ကြီးဌာနက ၁၉၉၀ ပြည့်နှစ်မတိုင်မီကပင် အသက်လေးလအထိ မိခင်နို့တစ်မျိုးတည်းသာတိုက်ကျွေးရန်တိုက်တွန်းနိုးဆော်ခဲ့ပြီး ၂၀၀၃ ခုနှစ်မှ စတင်ချမှတ်ခဲ့သော 'မြန်မာနိုင်ငံ ကလေးသူငယ်အစားအစာကျွေးခြင်း' မူဝါဒအရ အသက်ခြောက်လအထိ တိုးမြှင့်ပြီး မိခင်နို့တိုက်ကျွေးရန် အသိပညာပေးခြင်းများ ဆောင်ရွက်သကဲ့သို့ လက်ရှိတွင် မြန်မာတစ်နိုင်ငံလုံး ကျန်းမာရေးဝန်ထမ်း (သားဖွားဆေးဝန်ထမ်း) ပေါင်း ၈,၀၀၀ ဦးကျော်ဖြင့် မြို့နယ် ၃၂၅ မြို့နယ်တွင် အိမ်တိုင်ရာရောက်ကလေးမွေးဖွားခြင်းနှင့် မိခင်နို့တိုက်ကျွေးခြင်းဆိုင်ရာ အသိပညာပေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း ကျန်းမာရေးပညာဌာနမှ သိရသည်။

၂၀၀၃ ခုနှစ် စစ်တမ်းအရ ကမ္ဘာပေါ်တွင် နှစ်စဉ် ငါးနှစ်အောက်ကလေးငယ်ဦးရေ ၁၀ သန်းနီးပါးသည် မိခင်နို့တစ်မျိုးတည်းမတိုက်ကျွေးခြင်းကြောင့် သေဆုံးလျက်ရှိပြီး အင်ဒိုနီးရှားနိုင်ငံနှင့် အာဖရိကတို့တွင် မိခင်နို့အစားထိုး အစားအစာများသုံးစွဲကာ ငါးနှစ်အောက်ကလေးငယ်များကို တိုက်ကျွေးခြင်းကြောင့် ကလေးသေဆုံးမှု ၅ ရာခိုင်နှုန်းမြင့်တက်လာကြောင်း ရန်ကုန်မြို့တွင်ပြုလုပ်သည့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) အစည်းအဝေးတစ်ရပ်တွင် ပြောကြားချက်များအရ သိရှိရသည်။

**မင်းမျိုး**

# အဝေးပြေးကုန်တင်ယာဉ်တစ်စီးချင်းစီ အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေမည်

**ရန်ကုန်၊ မေ ၂၉**

အဝေးပြေးလမ်းမကြီးများပေါ်တွင် သွားလာအသုံးပြုလျက်ရှိကြသည့် ကုန်တင်မော်တော်ယာဉ်မောင်းနှင်သူများနှင့် ယာဉ်နောက်လိုက်များ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး သိရှိလိုက်နာရန်နှင့် သတိပြုရမည့် အချက်များပါဝင်သည့် အသိပညာပေးလက်ကမ်းစာစောင်များကို ဇွန်လဆန်းတွင် ယာဉ်တစ်စီးချင်းစီသို့ စတင်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းကုန်တင်မော်တော်ယာဉ်ကြီးကြပ်မှုကော်မတီထံမှ သိရသည်။

အဆိုပါ အသိပညာပေးလက်ကမ်းစာစောင်တွင် မော်တော်ယာဉ်၌ တပ်ဆင်ထားသောမီးများနှင့် ယာဉ်မောင်းသူ၏ လက်ဖြင့်အချက်ပြပုံများ၊ ကုန်တင်ယာဉ်



www.foreverspace.com.mm

မင်ရလမ်းများ၊ ကုန်တင်ယာဉ်၊ သစ်လုံးတင်ယာဉ်များကို ဝင်ခွင့်ပြုထားသောလမ်းများနှင့် ကုန်တင်ယာဉ်များလိုက်နာရန် သတိပေးနိုးဆော်ချက်များပါဝင်ကြောင်း ယင်းကော်မတီ၏ တာဝန်ရှိသူက ပြောကြားသည်။

“ဒီလက်ကမ်းစာစောင်တွေကို ကုန်တင်ယာဉ်အဝင်အထွက်စစ်ဆေးရေးဂိတ်တွေဖြစ်တဲ့ အင်းတိုင်၊ မှော်ဘီ၊ လှိုင်သာယာတို့ကနေ ယာဉ်တစ်စီးချင်းစီရဲ့ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တွေကို ဝေငှပေးသွားမှာဖြစ်ပါတယ်” ဟု ၎င်းကဆိုသည်။

အဝေးပြေးယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအနေဖြင့် သေချာစွာဖတ်ရှုလေ့လာသိရှိခြင်းဖြင့် ယာဉ်အန္တရာယ် လျော့နည်းပပျောက်စေပြီး ယာဉ်စည်းကမ်းလမ်းစည်းကမ်းများသိရှိနိုင်စေရေး အထောက်အကူပြုစေရန်ရည်ရွယ်ကြောင်း ယင်းလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့်ပတ်သက်၍ အဆိုပါပုဂ္ဂိုလ်က ရှင်းပြသည်။

ရန်ကုန်မြို့တွင်းသို့ နေ့စဉ်ဝင်ထွက်သွားနေကြသည့် ကုန်တင်ယာဉ်စီးရေ စုစုပေါင်း ၉၀၀ ဝန်းကျင်ရှိကြောင်း ယင်းကော်မတီ၏စာရင်းများအရ သိရသည်။

ယခုလဆန်းပိုင်းက အဝေးပြေးအမြန်လမ်းအသစ်ကြီးပေါ်တွင် အဝေးပြေးကုန်တင်ယာဉ်တစ်စီးက နောက်ယာဉ်ကျော်တက်ရန် အချက်ပြစနစ် မှားယွင်းကျင့်သုံးခဲ့သည့်အတွက် ယာဉ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း အဝေးပြေးကုန်တင်ယာဉ်လုပ်ငန်းလုပ်ကိုင်သော အသိုင်းအဝိုင်းထံမှ သိရသည်။

**မင်းမျိုး**

# မြန်မာနိုင်ငံ ဘိန်းစိုက်ပျိုးမှု သုံးရာခိုင်နှုန်းတိုးသော်လည်း ထုတ်လုပ်မှု ၁၁ ရာခိုင်နှုန်းလျော့ကျဟုဆို

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် အစိုးရက စီမံကိန်းချဆောင်ရွက်နေပြီး ၂၀၀၈ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှု သုံးရာခိုင်နှုန်း တိုးတက်သော်လည်း ဘိန်းထုတ်လုပ်မှုအနေဖြင့် ၁၁ ရာခိုင်နှုန်းကျဆင်းသွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးအထိမ်းအမှတ်ပေးပို့သော သဝဏ်လွှာတွင် ပြောကြားသည်။

လွန်ခဲ့သော ဆယ်စုနှစ်အတွင်း တရားမဝင်ဘိန်းစိုက်ပျိုးမှုသည် ၂၀၀၁ ခုနှစ်တွင် ၁၀၅,၀၀၀ ဟက်တာမှ ၂၀၀၆ ခုနှစ်တွင် ၂၁၅၀၀ ဟက်တာအထိ ကျဆင်းခဲ့သဖြင့် ရာခိုင်နှုန်းအားဖြင့် ၆၁ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ၂၀၀၇ ခုနှစ်တွင် စိုက်ပျိုးမှု ၂၇၇၀၀ ဟက်တာရှိခဲ့ရာမှ ၂၀၀၈ ခုနှစ်တွင် ၂၈၅၀၀ ဟက်တာရှိသဖြင့် ၂၀၀၇ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၂၀၀၈ ခုနှစ်အတွင်း စိုက်ပျိုးမှု ၃ ရာခိုင်နှုန်း ပြန်လည်တိုးတက်ခဲ့သော်လည်း ထုတ်လုပ်မှုအနေဖြင့် ၁၁ ရာခိုင်နှုန်း လျော့ချနိုင်ခဲ့ကြောင်း သဝဏ်လွှာတွင် ရေးသားဖော်ပြချက်က ဆိုသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကဏ္ဍတွင် တားဆီးနှိမ်နင်းရေးအဖွဲ့များက အိမ်နီးချင်း ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း၊ ယင်းအပြင် ပြည်တွင်းတွင် မူးယစ်ဆေးဝါးသုံးစွဲသူများကို ဆေးကုသမှုခံယူစေပြီး ဆေးဖြတ်ပေးနေကြောင်း၊ မူးယစ်ဆေးသုံးစွဲသူများအတွက် ပြန်လည်ထူထောင်ရေးစခန်းခုနစ်ခုတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုသင်ကြားပေးလျက်ရှိပြီး မူးယစ်ဗဟိုအဖွဲ့၏ကြီးကြပ်မှုဖြင့် ရွှေပြည်သာ၊ ရွှေပြည်သစ်၊ ရွှေပြည်အေးလူငယ်ပြုစုပျိုးထောင်ရေးစခန်းသုံးခုကို ဖွင့်လှစ်ကာ ဆေးကုသပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ဗိုလ်ချုပ်မောင်ဦးက သဝဏ်လွှာတွင် ပြောဆိုထားသည်။





မူးယစ်ဆေးဝါးသုံးစွဲသူ အရေအတွက်လည်း တစ်နှစ်ထက်တစ်နှစ် ကျဆင်းလာပြီး ၂၀၀၅ ခုနှစ် ပြည်နယ်နှင့်တိုင်းအလိုက်ကောက်ယူထားသော စာရင်းများအရ တစ်နိုင်ငံလုံးတွင် မူးယစ်ဆေးစွဲသူ ၆၁,၄၅၅ ဦးရှိနေရာမှ ၂၀၀၉ ခုနှစ် ဇန်နဝါရီလတွင် ပြန်လည်စာရင်းကောက်ယူချိန်တွင် မူးယစ်ဆေးစွဲသူ ၅၂,၆၈၇ ဦးသာရှိတော့သည့်အတွက် မူးယစ်ဆေးသုံးစွဲသူ ကျဆင်းသွားသည်ဟုဆိုရမည်ဖြစ်ကြောင်း အဆိုပါသဝဏ်လွှာ၏ထုတ်ပြန်ချက်က ဆိုသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ၁၉၉၉ ခုနှစ်မှစတင်ပြီး ၁၅ နှစ်စီမံကိန်း ချမှတ်ဆောင်ရွက်လျက်ရှိသည်ဟု အစိုးရ၏တရားဝင်သတင်းထုတ်ပြန်ချက်များအရ သိရသည်။ ■

www.foreverspace.com.mm



# ၂၀၁၀ အာဆီယံဆရာဝန်အသင်းဥက္ကဋ္ဌ မြန်မာနိုင်ငံလွှဲပြောင်းယူမည်

**ရန်ကုန်၊ ဇူလိုင် ၂**




အာဆီယံဆရာဝန်အသင်း Medical Association of South East Asian Nations (MASEAN) ၏ ၂၀၁၀ ပြည့်နှစ် အလှည့်ကျဥက္ကဋ္ဌတာဝန်ကို မြန်မာနိုင်ငံက လွှဲပြောင်းရယူမည်ဖြစ်ပြီး ထိုနှစ်တွင် ကျင်းပ ပြုလုပ်မည့် MASEAN အသင်း၏ (၁၄) ကြိမ်မြောက်နှစ်ပတ်လည်ညီလာခံကို မြန်မာနိုင်ငံကပင် အိမ်ရှင်နိုင်ငံအဖြစ် ပထမ ဦးဆုံးအကြိမ်လက်ခံကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆရာဝန်အသင်း တွဲဖက်အတွင်း ရေးမှူး ဒေါက်တာခိုင်စိုးဝင်းက Living Color သို့ ပြောကြားသည်။

အာဆီယံဆရာဝန်အသင်း (MASEAN) ကို ၁၉၈၀ ပြည့်နှစ် မတ်လ ၁ ရက်နေ့တွက် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ တည်ထောင်ဖွဲ့စည်းခဲ့ပြီး အသင်း၏ ပထမဦးဆုံးအလှည့်ကျဥက္ကဋ္ဌအဖြစ် မလေးရှားနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ Dr. M.K. Rajakumar က တာဝန်ယူဆောင်ရွက်ခဲ့ကာ အသင်းညီလာခံကို ၂ နှစ်လျှင် တစ်ကြိမ်ကျစီ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့မှအပ အာဆီယံနိုင်ငံ ရှစ်နိုင်ငံတွင် အလှည့်ကျပြုလုပ်ကျင်းပခဲ့သည်။ ယခုလက်ရှိ MASEAN ၏ ဒုတိယဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်က တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး ၂၀၁၀ ပြည့်နှစ်တွင် MASEAN အသင်းကြီး၏ ဥက္ကဋ္ဌတာဝန် အဖြစ်ပါ ပူးတွဲတာဝန်ယူရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆရာဝန်အသင်းထံမှ စုံစမ်းသိရှိရသည်။

မြန်မာနိုင်ငံဆရာဝန်အသင်းကို ၁၉၄၉ ခုနှစ်တွင် တည်ထောင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ အလုပ်အမှုဆောင်အဖွဲ့ဝင် ၂၉ ဦး၊ အသင်းဝင်ဆရာဝန် ၈၀၀၀ ဦးကျော်ရှိကာ နှစ်စဉ် မြန်မာနိုင်ငံဆရာဝန်ညီလာခံ ကျင်းပခြင်း၊ ဆေးပညာဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲနှင့် Seminar များကျင်းပခြင်း၊ မွမ်းမံသင်တန်းများဖွင့်လှစ်ပို့ချခြင်း၊ ပြည်ပမှ ကျွမ်းကျင်ပညာရှင်ဆရာဝန်များကိုဖိတ်ခေါ်၍ သင်တန်းများပို့ချခြင်း၊ ကျေးလက်ဒေသများသို့ ကွင်းဆင်းသွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ INGO များနှင့် ပူးပေါင်း၍ ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးစီမံချက်များ ဆောင်ရွက်ခြင်း၊ ဆေးပညာနှင့် ကျန်းမာရေးဆိုင်ရာ ဂျာနယ်၊ စာအုပ်၊ မဂ္ဂဇင်းနှင့် သတင်းလွှာများထုတ်ဝေဖြန့်ချိခြင်း၊ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ပြည်သူများကို မျိုးဆက်ပွားကျန်းမာရေးနှင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိသည်။

# လေမုန်တိုင်းကျရောက်သည့်နေရာများတွင် ရဲယိုပင်စိုက်ပျိုးထားသင့်ဟုဆို

**ရန်ကုန်၊ ဇွန် ၂၂**

သဘာဝဆေးဖက်ဝင် ရဲယိုပင်ကို လေမုန်တိုင်းကျရောက်နိုင်သည့် နေရာများတွင် လေကာရန်စိုက်ပျိုးထားသော လမုပင်ကဲ့သို့ စိုက်ပျိုးထားရန်လိုအပ်သည်ဟု ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း IHBC ၌ ပြုလုပ်သည့် ‘ရဲယိုတစ်ခေတ်ဆန်းသစ်လာပြီ’ စကားဝိုင်းတွင် ကိုယ်တိုင်ရဲယိုပင်စိုက်ပျိုးလုပ်ကိုင်နေသူ တစ်ဦးဖြစ်သည့် စာရေးဆရာ ရွှေနဂါး ဦးတင်ဝင်းက ဆိုသည်။

ရဲယိုပင်ကို ဒီရေအတက်အကျရှိသည့် ပင်လယ်ဆားငန်ဒေသများတွင် စိုက်ပျိုးနိုင်ကြောင်း၊ ပင်လယ်ရေကို ကြိုက်နှစ်သက်သည့်အပင်ဖြစ်၍ ကုန်းမြေတွင်စိုက်ပျိုးရသည်ထက် ရေလောင်းရလွယ်ကူနိုင်ခြင်းကြောင့် စိုက်ပျိုးစရိတ်သက်သာသည့်အပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း တစ်ဖက်မှ အကာအကွယ်ပေးနိုင်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

“ပင်လယ်ကမ်းခြေဒေသ ဒီရေတော

www.foreverspace.com.mm

ဈေးရှိတဲ့နေရာတွေကို တိုးချဲ့စိုက်ပျိုးသွားဖို့ရည်ရွယ်နေပါတယ်” ဟု အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

အဆိုပါပင်လယ်ပိုင်းဒေသ ရဲယိုစိုက်ပျိုးရေးသည် နောက်ပိုင်းဖြစ်ပေါ်လာမည့် မုန်တိုင်းများကိုလည်း ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ ဒီရေတောနှင့် ရဲယိုပင်ကို တွဲဖက်စိုက်ပျိုး၍ သဘာဝပတ်ဝန်းကျင်ကိုကာကွယ်နိုင်ပြီး တစ်ဖက်တစ်လမ်းမှဝင်ငွေရနိုင်ကြောင်း သစ်တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (FREDA) ၏ အတွင်းရေးမှူးဦးအုန်းက ပြောကြားသည်။



ရဲယိုပင်သည် ပင်လယ်ရေလွှမ်းမိုးမှုဒဏ်ကို တစ်ပင်လုံးမြုပ်သည့်တိုင်အောင် ခုနစ်ရက်ထိခံနိုင်သည့်အပင်မျိုးဖြစ်သည့်အတွက် နှစ်ပတ်တစ်ကြိမ် ဒီရေရောက်သည့်နေရာများတွင် ပိုမိုစိုက်သင့်ကြောင်း၊ ဆေးဖက်ဝင်အပင်ဖြစ်သည့်အတွက် အိမ်တိုင်းတွင် စိုက်ပျိုးသင့်သည့်အပင်ဖြစ်ကြောင်း မြန်မာရဲယိုကလပ်မိသားစုမှ ဒေါ်မိမိမြက ပြောကြားသည်။

**နွယ်နွယ်**

# မြန်မာ့ဆားရေစိမ်သားရေ တရုတ် ဝယ်ယူမှုထက်ဝက်ကျဆင်း

**ရန်ကုန်၊ ဇွန် ၂၃**

နိုင်ငံတကာမှ တင်ပို့သည့် သားရေများ တရုတ်ပြည်သူ့သမ္မတနိုင်ငံဈေးကွက်သို့ ဈေးအနိမ့်ဖြင့် ဝင်ရောက်လာသဖြင့် မြန်မာနိုင်ငံမှတင်ပို့သော ဆားရေစိမ်သားရေ ဝယ်လိုအား ၂၀၀၉ ခုနှစ် နှစ်ဆန်းမှစ၍ ထက်ဝက်ခန့် ကျဆင်းလျက်ရှိကြောင်း သားရေပြည်ပပို့ကုန်လုပ်ငန်းရှင်အသိုင်းအဝိုင်းထံမှ စုံစမ်းသိရှိရသည်။

နိုင်ငံအချို့ကတင်ပို့သော သားရေဈေးနှုန်းများက မြန်မာနိုင်ငံကတင်ပို့သည့် သားရေဈေးနှုန်းများထက် ပို၍သက်သာကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံကတင်ပို့သည့် သားရေများမှာ တရုတ်ဈေးကွက်အတွင်းရှိ အခြားနိုင်ငံများကတင်ပို့သည့် သားရေများနှင့်နှိုင်းယှဉ်လျှင် ပစ္စည်းအရည်အသွေးပိုင်း၌ အားနည်းမှုများရှိကြောင်း၊ ယင်းကြောင့် ယခုတရုတ်နိုင်ငံက မြန်မာနိုင်ငံမှတင်ပို့သည့် ဆားရေစိမ်သားရေများကို ဝယ်ယူမှုရပ်တန့်ထားသောအခြေအနေတွင်ရှိသည်ဟု ပင်ဆိုနိုင်ကြောင်း ဆားရေစိမ်သားရေလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

အသားကဏ္ဍ၏ပြည်ပဝင်ငွေရှာဖွေရေးတွင် ဆားရေစိမ်သားရေတင်ပို့သည့်လုပ်ငန်းမှာ အဓိကဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဆားရေစိမ်သားရေအဓိက တင်ပို့နေသည့်ဈေးကွက်မှာ တရုတ်နိုင်ငံဈေးကွက်ဖြစ်ကြောင်း၊ ယခုလက်ရှိတွင် တရုတ်နိုင်ငံသို့တင်ပို့ရောင်းချနေသည့် ဆားရေစိမ်သားရေတင်ပို့မှုမှာ ထက်ဝက်ခန့်လျော့နည်းလျက်ရှိကြောင်း၊ ၂၀၀၈ နှစ်ကုန်ပိုင်းခန့်ထိ တရုတ်သားရေလုပ်ငန်းရှင်များမှာ မြန်မာနိုင်ငံနယ်စပ်သို့ ဆားရေစိမ်သားရေများကို လာရောက်ဝယ်ယူခြင်းရှိခဲ့သော်လည်း ၂၀၀၉နှစ်ဆန်းပိုင်းမှစ၍ လာရောက်ဝယ်ယူခြင်းမရှိတော့သည်ကို တွေ့ရကြောင်း ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းတင်ပို့ရောင်းချသူများအသင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

၂၀၀၈-၂၀၀၉ ခုနှစ် ဘဏ္ဍာရေးကာလအတွင်း ကျွဲ၊ နွား၊ သိုး၊ ဆိတ် ဘေးထွက်ပစ္စည်း ပြည်ပတင်ပို့မှု မက်ထရစ်တန် ၁၀၁၉၄ ဒသမ ၄၁ တန်ရှိပြီး နွားသားရေ မက်ထရစ်တန် ၇၂၇၈ ဒသမ ၇၄ တန်နှင့် သိုး၊ ဆိတ်သားရေ မက်ထရစ်တန် ၉၂၆ တန်တင်ပို့ခဲ့ကြောင်း၊ လက်ရှိ ပြင်ဆင်သတ်မှတ်ထားသည့် ဈေးနှုန်းများအရ ကျွဲ၊ နွား ဆားရေစိမ်သားရေ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၀၊ သိုး၊ ဆိတ် ဆားရေစိမ်သားရေ တစ်တန် အမေရိကန်ဒေါ်လာ ၃၅၀ နှင့် သိုး၊ ဆိတ် ဆားနယ်သားရေခြောက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၅၀ ရှိကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ တရားဝင်ထုတ်ပြန်သည့်စာရင်းများအရ သိရသည်။

**မိုးခိုင်**

■

www.foreverspace.com.mm

# နေပြည်တော် National Land Mark တိုင်းနှင့်ပြည်နယ်အလိုက် Landscapping လုပ်ငန်းများ သိန်း ၁၀၀၀ စီ အကုန်ကျခံဆောင်ရွက်

**နေပြည်တော်၊ ဇူလိုင် ၃**

နေပြည်တော် တိုင်းရင်းသားကျေးရွာ National Land Mark တွင် တိုင်းနှင့်ပြည်နယ်အလိုက် အထင်ကရအဆောက်အအုံပုံစံငယ်များတည်ဆောက်ရေးနှင့်အတူ ဒေသပေါက်ပင်၊ အလှပန်းပင်စိုက်ပျိုးရေး၊ Landscapping (အပင်စိုက်အလှဆင်လုပ်ငန်း) များကိုလည်း တစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းအနေဖြင့် ဧရိယာ ၂၁ ဧက၌ အလှပင်စိုက်ပျိုးရေး Landscapping လုပ်ငန်းကို ၂၀၀၉ ခုနှစ် ဇန်နဝါရီလမှစတင်၍ ကျပ်သိန်း ၁၀၀၀ အကုန်ကျခံ ဆောင်ရွက်လျက်ရှိကြောင်း National Land Mark မကွေးတိုင်း အလှပင်စိုက်ပျိုးရေးတာဝန်ခံ ဦးဇော်လင်းထွန်းက ပြောကြားသည်။

မကွေးတိုင်း ဒေသပေါက်ပင်များဖြစ်သည့် ဖန်ခါး၊ တမာ၊ မန်ကျည်းနှင့် ထန်း၊ အုန်း၊ အုန်းပွား၊ ဆိုက်ပရပ်စ်၊ ကွမ်း၊ တောင်ထန်း၊ ဝါး၊ ဆွန်ပလွန် စသည့် ရာသီစုံပန်းပွင့်ပင်မျိုးစုံ အပင်တစ်သောင်းခွဲခန့် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ နေပြည်တော် National Land Mark မကွေးတိုင်းပြကွက်တွင် အလှပင်စိုက်ပျိုးရေး Landscapping လုပ်ငန်းအဖြစ် အုပ်စုအလိုက်ပြကွက်၊ တစ်အုပ်စုလျှင် အပင် ၃၀၀ မှ ၅၀၀ ထိ စိုက်ပျိုးရန် ရည်မှန်းထားပြီး စုစုပေါင်း အပင် ၁၂၀၀ စိုက်ပျိုးထားပြီးဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

နေပြည်တော် National Land Mark အတွင်း တိုင်းနှင့်ပြည်နယ်တစ်ခုချင်းအလိုက် ပန်းအလှပင်စိုက်ပျိုးမှု Landscapping လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သောပျိုးပင်များကို နေပြည်တော်နှင့် နေပြည်တော် ပျဉ်းမနားမြို့တွင်းရှိ စိုက်ပျိုးရေးခြံ (ပျိုးခြံ) များမှ ဝယ်ယူစိုက်ပျိုးကြကြောင်း၊ တိုင်းနှင့်ပြည်နယ်တစ်ခုချင်းအလိုက် Landscapping လုပ်ငန်းတစ်ခု၏ ကုန်ကျစရိတ်ကို ငွေကျပ်သိန်း ၁၀၀၀ ခန့် အကုန်အကျခံစိုက်ပျိုးအလှဆင်ဆောင်ရွက်မှုများရှိနေကြောင်း တာဝန်ယူတည်ဆောက်သည့်ကုမ္ပဏီများထံမှ စုံစမ်းသိရှိရသည်။

**မင်းသုခိုင်**

# တည်းခိုခန်းနှင့်ဟိုတယ်များ ဧည့်သည်များ၏ ဂုဏ်သိက္ခာလုံခြုံမှုကို အဓိကထားဆောင်ရွက်ရန်စီစဉ်မည်

**ရန်ကုန်၊ ဇွန် ၁၁**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းရှိ တည်းခိုခန်းနှင့်ဟိုတယ်များတွင် လာရောက်တည်းခိုသောဧည့်သည်များ၏ ပစ္စည်းလုံခြုံမှုအပြင် ဂုဏ်သိက္ခာလုံခြုံမှုများကိုပါ အဓိကထားဆောင်ရွက်ရန် စီစဉ်မည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာန၏ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူက ပြောကြားသည်။

"ဘယ်လိုကိစ္စမျိုးနဲ့ပဲလာတည်းတဲ့ဧည့်သည်ဖြစ်ပါစေ ဟိုတယ်အနေနဲ့ပစ္စည်းလုံခြုံမှုအပြင် ဂုဏ်သိက္ခာလုံခြုံမှုကိုပါ အဓိကထားဆောင်ရွက်ရမယ်" ဟု ၎င်းက ရန်ကုန်မြို့တော်တွင် ဇွန်လ ၁၁ ရက်က ပြုလုပ်သော Online Visa on Arrival System မိတ်ဆက်ရှင်းလင်းပွဲ၌ အထက်ပါအတိုင်း ပြောကြားသည်။

အဆိုပါဟိုတယ်နှင့် တည်းခိုခန်းများတွင် တည်းခိုသောဧည့်သည်များ၏ ပုဂ္ဂိုလ်ရေးလုံခြုံမှုကို ချိုးဖောက်သောလျှို့ဝှက်ကင်မရာတပ်ဆင်ခြင်း၊ ချောင်းကြည့်ခြင်းများသည် ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများတွင်မပါဝင်သော်လည်း ကျင့်ဝတ်အရ မပြုလုပ်သင့်ကြောင်း၊ ယင်းပြုလုပ်မှုများကြောင့် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းအနေဖြင့် လာရောက်တည်းခိုသော ဧည့်သည်များအတွက် လုံခြုံမှုကို အဓိကထားဆောင်ရွက်ရန်စီစဉ်မည်ဖြစ်ကြောင်း အဆိုပါဌာန၏ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Traders ဟိုတယ်တွင် တည်းခိုသော ပြည်တွင်းပြည်ပဧည့်သည်များ၏ လုံခြုံရေးကို အဓိကထားဆောင်ရွက်ပေးနေကြောင်း၊ ဟိုတယ်အတွင်းရှိ အခန်းတွင်း အခန်းပြင်သန့်ရှင်းရေးအပြင် လုံခြုံရေးကို ဟိုတယ်ရှိ ဝန်ထမ်းများက အလေးထားဆောင်ရွက်ပေးမှုကြောင့် တည်းခိုသောဧည့်သည်များ၏ ဂုဏ်သိက္ခာဆိုင်ရာလုံခြုံရေးကို ချိုးဖောက်မှုမျိုးမရှိကြောင်း၊ ဂုဏ်သိက္ခာရှိသော နိုင်ငံတကာအဆင့်မီ ဟိုတယ်များအနေဖြင့် ယင်းသို့ရှက်ဖွယ်ကောင်းသောအလုပ်မျိုး မလုပ်ဆောင်ကြဘဲ ယင်းသို့လုပ်ဆောင်သည့် ပြည်တွင်းဟိုတယ်အချို့ကြောင့် ဟိုတယ်များအားလုံး ထိုသို့လုပ်ဆောင်သည်ဟု ယူဆ၍မရနိုင်ကြောင်း Traders ဟိုတယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

■

www.foreverspace.com.mm

# ကွမ်းခြံကုန်းအခမဲ့ဆေးခန်း ရေရှည်ဖွင့်လှစ်ကုသသွားမည်ဟုဆို

**ရန်ကုန်၊ ဇွန် ၂၅**

နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ပြီးသည့် နောက်ပိုင်းအခမဲ့ဆေးကုသမှုဆောင်ရွက်ပေးလျက်ရှိသော ကွမ်းခြံကုန်းအခမဲ့ဆေးခန်းကို ရေရှည်ဖွင့်လှစ် ကုသပေးသွားမည်ဖြစ်ကြောင်း ဆေးခန်းကို ဦးဆောင်ဖွင့်လှစ်ခဲ့သူ ပါမောက္ခ ဒေါက်တာခင်မောင်ဝင်း(အသည်း)က ပြောကြားသည်။

ယခင်က တစ်ပတ်လျှင် တစ်ကြိမ်ကုသပေးခဲ့ပြီး ယခုအခါ တစ်လတစ်ကြိမ်ပုံမှန်ဖွင့်လှစ် ကုသပေးလျက်ရှိကြောင်း၊ ယခုအခါ အဆိုပါဆေးခန်းကို ကွမ်းခြံကုန်းမြို့ပေါ်၌ ရေရှည်ဖွင့်လှစ်သွားရန်အတွက် မြေနေရာရရှိထားပြီးဖြစ်ကြောင်း ၎င်းကဆိုသည်။

ယင်းဆေးခန်း၌ လာရောက်ပြသသောလူနာများအနက် ခွဲစိတ်ကုသရန်လိုအပ်သူများကို ရန်ကုန်မြို့ရှိ သီရိစန္ဒာအထူးကုဆေးခန်းနှင့် ဆက်သွယ်ခွဲစိတ်ကုသပေးလျက်ရှိကြောင်း၊ ထို့ပြင်ဆေးခန်း၌ အာထရာဆောင်း၊ အီးစီဂျီစက်များ အသုံးပြုနိုင်ရန်စီစဉ်ထားပြီး ခွဲစိတ်ခန်းကိုပါ ဖွင့်လှစ်ပေးထားရာ အဆိုပါခွဲစိတ်ခန်းကို ဒေသခံဆေးရုံနှင့် အခြားမြို့နယ်ဆေးရုံများမှ လာရောက်အသုံးပြုနိုင်ရန်အတွက်လည်း စီစဉ်ထားကြောင်း၊ အခမဲ့ဆေးခန်းသို့ လာရောက်ဆေးကုသသူဦးရေမှာ တစ်ရက်လျှင် ၇၀၀ ကျော်မှ ၁၀၀၀ ဝန်းကျင်အထိရှိပြီး ဆေးခန်းတွင် သမားတော်များ၊ အထူးကုဆရာဝန်များအပါအဝင် ဆရာဝန်၊ ဆရာမ ၈၀ ဦးခန့်ဖြင့် ဆေးကုသပေးလျက်ရှိကြောင်း၊ ဆေးခန်း၏ စုစုပေါင်း ဆေးကုသစရိတ်မှာလည်း တစ်ရက်လျှင် ကျပ်သိန်း ၄၀ ခန့်ရှိကြောင်း၊ ဆေးကုသစရိတ်လှူဒါန်းလိုသူများအနေဖြင့်လည်း ကွမ်းခြံကုန်းအခမဲ့ဆေးခန်းသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ၎င်းက ရှင်းပြသည်။

"ဒီမှာအများဆုံးတွေ့ရတာက ဆီးချိုနဲ့ သွေးချိုရောဂါတွေပဲ။ ဒီဘက်ဒေသတွေက ငါးပိ၊ ငါးခြောက်ကို အဓိကစားတာများတော့ ကာလရှည်လာတဲ့အခါ ဒီရောဂါတွေ ဖြစ်တော့တာပေါ့။ ကျွန်တော်တို့က ကွမ်းခြံကုန်းဆိုပေမယ့် ဒေးဒရဲမြို့နယ်ဘက်ကလာပြီး ကုသတဲ့သူတွေကိုလည်း လက်ခံပါတယ်" ဟု ဒေါက်တာခင်မောင်ဝင်းက ဆိုသည်။



"ကျွန်မက အသက်ရှူကျပ်နေလို့ လာပြတာ။ ECG ဆွဲကြည့်တော့ အသည်းမှာ အဆီဖုံးနေတယ်လို့ပြောတယ်။ အပြင်ဆေးခန်းမှာ ECG ဆွဲမယ်ဆိုရင် ၈၀၀၀ ကျပ်လောက်တော့ ပေးရတာပဲ။ အခု တစ်ပြားမှမကုန်ဘူး။ ဒီလိုအခမဲ့ လာကုသပေးတာကို ကျွန်မတို့က အများကြီးကျေးဇူးတင်ပါတယ်။ ဒီဘက်တွေက ရောဂါတစ်ခုဖြစ်ရင် ဆေးကုသနိုင်ဖို့ မလွယ်ဘူး" ဟု ကွမ်းခြံကုန်းမြို့နယ် အင်္ဂလိုကျေးရွာမှ ဒေါ်စန်းမြင့်က ပြောကြားသည်။

# MWEA ပညာမိခင်အစီအစဉ် ကျောင်းသူ ၂၀၀ ဦးအထိ တိုးချဲ့လက်ခံမည်

**ရန်ကုန်၊ ဇွန် ၂၅**

မြန်မာနိုင်ငံအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း (MWEA) က ပညာမိခင်အစီအစဉ်အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခု ၂၀၀၉–၂၀၁၀ ခုနှစ် ပညာသင်နှစ်အတွင်း အမျိုးသမီးငယ် ၁၆၀ ဦးကို မူလတန်းပညာသင်စရိတ်ထောက်ပံ့ပေးလျက်ရှိပြီး မကြာမီ အမျိုးသမီးငယ် ၂၀၀ ဦးအထိ တိုးချဲ့လက်ခံထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသင်းအတွင်းရေးမှူး ဒေါ်လှဝတီက Living Color သို့ ပြောကြားသည်။

ပညာမတတ်သူအမျိုးသမီးငယ်များ ပပျောက်ရေးအတွက် ချို့တဲ့နွမ်းပါးပြီး မူလတန်းပညာမသင်ယူနိုင်သူ အမျိုးသမီးငယ်များအား မူလတန်းပညာသင်ယူနိုင်ရန်

ရည်ရွယ်သည့် အဆိုပါ ပညာသင်စရိတ်ထောက်ပံ့ပေးသည့်အစီအစဉ်ကို ၂၀၀၅ ခုနှစ်တွင် ရန်ကုန်တိုင်း သန်လျင်မြို့နယ် ကရင်ဆိပ်စံပြကျေးရွာမှ မူလတန်းကျောင်းသူလေးဦးအား စတင်ပံ့ပိုးပေးခဲ့ခြင်းဖြစ်ပြီး ယခုအခါ ယင်းကျေးရွာအပြင် ရှမ်းပြည်နယ်တောင်ပိုင်း ကျောက်တစ်လုံးကျေးရွာနှင့် အင်းလေးဒေသ ပေါက်ပါးကျေးရွာရှိ မူလတန်းကျောင်းများနှင့် လှိုင်သာယာမြို့နယ် မူလတန်းလွန်ကျောင်း ၂၅ ကျောင်းတို့မှ စုစုပေါင်း ကျောင်းသူ ၁၆၀ ဦးအား တစ်ဦးလျှင် တစ်နှစ်ပညာသင်စရိတ် ၁၅၀၀၀ ကျပ်နှုန်းစီဖြင့် မူလတန်းပညာပြီးဆုံးသည်အထိ တာဝန်ယူ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

MWEA အနေဖြင့် ရန်ကုန်မြို့ရှိ ဈေးကိုးခုနှင့် စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ အမျိုးသမီးများကို အတိုးနှုန်းသက်သာစွာဖြင့် ငွေထုတ်ချေးပေးခြင်း၊ ကရင်ဆိပ်စံပြကျေးရွာမှတောင်သူများ မိုးစပါးနှင့် ပဲတီစိမ်းစိုက်ပျိုးနိုင်ရန် မတည်ရင်းနှီးငွေ ကျပ်သိန်း ၁၀၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း (သတင်းဖော်ပြပြီး Living Color No.167) ယင်းအသင်းထံမှ စုံစမ်းသိရှိရသည်။



"မြန်မာနိုင်ငံမှာ စာမတတ်တဲ့ မိန်းကလေးဦးရေက စာမတတ်တဲ့ယောကျာ်းလေးဦးရေထက် ပိုများနေတယ်။ ပညာမတတ်ကြတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျကြပြီး ကလေးတွေမွေးကြရော။ အဲဒါကို လျော့ပါးသွားအောင်လို့ ဒီပညာမိခင်အစီအစဉ်ကို စီစဉ်ဖြစ်တာ။ ကျောင်းသူတစ်ယောက်စီကို ကျွန်မတို့ E.C တွေနဲ့အသင်းဝင်တွေ တစ်ဦးစီက တာဝန်ယူပြီး ကျောင်းထားပေးတဲ့ အစီအစဉ်ပါ။ ဒီနှစ်မှာဆို ကျောင်းစိမ်းဝတ်စုံနှစ်စုံစီပါ ပံ့ပိုးပေးနိုင်ခဲ့တယ်" ဟု အသင်းတည်ထောင်သူနှင့် အကြံပေးပုဂ္ဂိုလ် ပါမောက္ခ ဒေါ်ရီရီမြင့်က သုံးသပ်ပြောကြားသည်။

# နယ်စပ်ဝင်ပေါက်ခရီးသည်ဦးရေ နှစ်စဉ်တိုးတက်

**ရန်ကုန်၊ ဇွန် ၂၅**

မြန်မာနိုင်ငံသို့ နယ်စပ်ဝင်ပေါက်များမှ ဝင်ရောက်သော ခရီးသည်ဦးရေမှာ နယ်စပ်ကုန်သွယ်ရေးဖွံ့ဖြိုးလာမှုကြောင့် နှစ်စဉ်တိုးတက်လာကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က ပြောကြားသည်။

နယ်စပ်ဝင်ပေါက်များမှ ခရီးသည်ဝင်ရောက်မှုသည် ၂၀၀၃ ခုနှစ်တွင် ဦးရေလေးသိန်းနီးပါးရှိခဲ့ရာမှ ၂၀၀၈ ခုနှစ်တွင် ငါးသိန်းခွဲနီးပါးရှိလာကြောင်း ယင်းဌာနကထုတ်ပြန်ထားသောစာရင်းများအရ သိရသည်။

နယ်စပ်ဝင်ပေါက်များမှ ဝင်ရောက်သောခရီးသည်များကို ရေတွက်ရာတွင် နေ့ချင်းပြန်ခရီးသည်များ၊ စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ခရီးသွားသူများကိုပါ ထည့်သွင်းရေတွက်ထားကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြားနယ်စပ်ဝင်ပေါက် ခြောက်ခုရှိပြီး မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြားတွင် နယ်စပ်ဝင်ပေါက်လေးခုရှိကြောင်း ၎င်းကဆိုသည်။

မြန်မာနိုင်ငံသို့ ရန်ကုန်၊ မန္တလေး၊ ပုဂံလေဆိပ်တို့နှင့် သီလဝါ၊ နန်းသီတာဆိပ်ကမ်းမှ ဝင်ရောက်သည့် ကမ္ဘာလှည့်ခရီးသည်များမှာမူ ယခုနှစ်တွင် လျော့နည်းခဲ့သော်လည်း ယခင်နှစ်များက နှစ်စဉ်တိုးတက်မှုရှိခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ထုတ်ပြန်သောစာရင်းဇယားများအရ သိရသည်။

ထိုင်းနိုင်ငံနှင့် ဆက်သွယ်ထားသောနယ်စပ်ဝင်ပေါက်များမှာ မြဝတီ၊ ကော့သောင်း၊ တာချီလိတ်၊ ဘုရားသုံးဆူတို့ ဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဆက်သွယ်ထားသော ဝင်ပေါက်များမှာ လွယ်ဂျယ်၊ နန့်ခမ်း၊ မူဆယ်၊ ကွမ်လောင်၊ မိုင်းလား၊ ကျူကုတ်တို့ ဖြစ်ကြသည်။

ခရီးသွားလုပ်ငန်းတွင်လည်း ကမ္ဘာ့စီးပွားရေးကျဆင်းမှု၏ဒဏ်ကို ကြုံတွေ့ခဲ့ရပြီး ၂၀၀၉ ခုနှစ် အစောပိုင်းနှစ်လအတွင်း ၈ ရာခိုင်နှုန်းခန့်အထိ ခရီးသည်ရောက်ရှိမှုကျဆင်းခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က ပြောကြား



www.foreverspace.com.mm

www.foreverspace.com.mm

သည်။

ရန်ကုန်၊ မန္တလေးနှင့် ပုဂံဝင်ပေါက်တို့မှ ဝင်ရောက်လာသည့် ကမ္ဘာလှည့်ခရီးသည်ဦးရေမှာ ၂၀၀၇ ခုနှစ်က ၂၄၈,၀၇၆ ဦး အထိရှိခဲ့သော်လည်း ၂၀၀၈ ခုနှစ်တွင်မူ ၁၉၃,၃၁၉ ဦးသာ ရှိခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ထုတ်ပြန်သော စာရင်းဇယားများအရ သိရသည်။

ကမ္ဘာ့စီးပွားရေးကျဆင်းမှုကြောင့် ထုတ်လုပ်မှုများ ကျဆင်းခြင်း၊ ပို့ကုန်များ ကျဆင်းခြင်း၊ ပုံမှန်မဟုတ်သော ဈေးနှုန်းနှင့် ငွေကြေးလဲလှယ်နှုန်းများ ပြောင်းလဲခြင်းတို့အပြင် အလုပ်လက်မဲ့နှုန်းတိုးပွားခဲ့ပြီး ၁၉၄၅ ခုနှစ်နောက်ပိုင်း အဆိုးဝါးဆုံး စီးပွားရေးကျဆင်းမှု ကြုံတွေ့ခဲ့ရကာ ၂၀၁၀ ပြည့်နှစ် နှစ်လယ်ပိုင်းတွင်မှ ပြန်လည်တည်ငြိမ်လာမည်ဟု စီးပွားရေးပညာရှင်အချို့က သုံးသပ်ထားသည်။

**ခရီးသည်ဝင်ရောက်မှုအခြေအနေစုစုပေါင်း**

| GATE | ၂၀၀၃ | ၂၀၀၄ | ၂၀၀၅ | ၂၀၀၆ | ၂၀၀၇ | ၂၀၀၈ |
|---|---|---|---|---|---|---|
| ရန်ကုန် မန္တလေးနှင့် ပုဂံဝင်ပေါက် | ၁၉၈၄၃၅ ၇၁၇၅ | ၂၃၆၃၇၀ ၅၅၆၈ | ၂၂၇၃၀၀ ၄၉၁၈ | ၂၅၇၅၉၄ ၅၉၂၀ | ၂၄၂၅၃၅ ၅၅၄၁ | ၁၈၇၇၆၆ ၅၅၅၃ |
| နယ်စပ် ဝင်ပေါက် | ၃၉၁၄၀၅ | ၄၁၄၉၇၂ | ၄၂၇၉၈၈ | ၃၆၆၅၄၇ | ၄၆၈၃၅၈ | ၅၃၇၉၁၁ |
| စုစုပေါင်း | ၅၉၇၀၁၅ | ၆၅၆၉၁၀ | ၆၆၀၂၀၆ | ၆၃၀၀၆၁ | ၇၁၆၄၃၄ | ၇၃၁၂၃၀ |

**နယ်စပ်ဂိတ်ပေါက်များမှ ခရီးသည်ဝင်ရောက်မှု**

| နယ်စပ်ဝင်ပေါက် | ၂၀၀၃ | ၂၀၀၄ | ၂၀၀၅ | ၂၀၀၆ | ၂၀၀၇ | ၂၀၀၈ |
|---|---|---|---|---|---|---|
| အရှေ့မြောက် ဒေသဝင်ပေါက်များ | ၄၅၀၅၄ | ၅၂၄၈၇ | ၅၀၀၁၀ | ၄၂၂၃၇ | ၅၁၉၆၄၁ | ၇၆၆၇၆ |
| အရှေ့ပိုင်း ဒေသဝင်ပေါက်များ | ၁၅၄၄၂၈ | ၁၅၁၂၇၆ | ၁၄၆၄၅၂ | ၁၄၈၉၈၄ | ၂၆၈၉၄၂ | ၃၀၉၁၅၂ |
| အရှေ့တောင် ဒေသဝင်ပေါက်များ | ၁၉၁၉၂၃ | ၂၁၁၂၀၉ | ၂၃၁၅၂၆ | ၁၇၅၃၂၆ | ၁၄၇၄၇၅ | ၅၂၀၈၃ |
| စုစုပေါင်း | ၃၉၁၄၀၅ | ၄၁၄၉၇၂ | ၄၂၇၉၈၈ | ၃၆၆၅၄၇ | ၄၆၈၃၅၈ | ၅၃၇၉၁၁ |

# စစ်တွေနယ်စပ်မှ ငါးသလောက်စတင်တင်ပို့ခွင့်ပြု

**ရန်ကုန်၊ ဇွန် ၂၃**

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မောင်တောနယ်စပ်မှ တင်ပို့လျက်ရှိသည့် ငါးသလောက်များကို စစ်တွေနယ်စပ်မှ ပြောင်းလဲတင်ပို့ရောင်းချခွင့်ကို ဇွန်လပထမပတ်မှစ၍ ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း စစ်တွေနယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးသန်းဝင်းက Living Color သို့ ပြောကြားသည်။

မောင်တောနယ်စပ်မှ တင်ပို့စဉ်က တင်ပို့ခွင့်လိုင်စင်များကို နေပြည်တော် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနသို့ လျှောက်ထားရယူခဲ့ရကြောင်း၊ ယခုအခါ တင်ပို့ခွင့်လိုင်စင်များကို စစ်တွေမြို့နယ် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနတွင် တိုက်ရိုက်ထုတ်ပေးနေပြီဖြစ်ကြောင်း ၎င်းက ဆိုသည်။

မောင်တောနယ်စပ်မှတင်ပို့လျှင် လမ်းခရီး၌ အချိန်သုံးရက်ခန့်ကြာမြင့်သည့်အတွက် ပစ္စည်းအရည်အသွေးမလတ်ဆတ်ခြင်းနှင့် ကုန်ကျစရိတ်များခြင်းတို့ကြောင့် ပစ္စည်းသယ်ယူစရိတ် ၂၀ ရာခိုင်နှုန်းခန့်သက်သာပြီး အချိန် ၁၀ နာရီခန့်သာကြာမြင့်သည့် စစ်တွေနယ်စပ်မှ ပြောင်းလဲတင်ပို့နိုင်ရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းကဲ့သို့ ပြောင်းလဲတင်ပို့နိုင်ရန်အတွက် ရခိုင်ပြည်နယ် ငါး၊ ပုစွန် ကုန်စည်ဒိုင်တစ်ခုဖွဲ့စည်း၍ ယင်းကုန်စည်ဒိုင်၏ ကြီးကြပ်မှုဖြင့် တင်ပို့ခွင့်ကို ဆောင်ရွက်လျက်ရှိ



ကြောင်း အဆိုပါကုန်စည်ဒိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရခိုင်ပြည်နယ်မှ တစ်ရက်လျှင် ငါးသလောက်ပိဿာချိန်တစ်ထောင်ခန့် ထွက်ရှိကြောင်း၊ ယခုရက်ပိုင်းတွင် ရာသီဥတုပြင်းမှုများကြောင့် ငါးသလောက်ထွက်ရှိမှု အနည်းငယ်လျော့နည်းသွားကြောင်း၊ ပြီးခဲ့သည့်မေလအတွင်း၌ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံများတွင် ဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းများကြောင့် မိုးရွာသွန်းမှုများခဲ့ပြီး ငါးသလောက်အများအပြားထွက်ရှိခဲ့ကြောင်း ရခိုင်ပြည်နယ်ရေထွက်ပစ္စည်းတင်ပို့ရောင်းချသူများထံမှ သိရသည်။

ယင်းအပြင် ပုစွန်ပို့ကုန်များကို စစ်တွေနယ်စပ်မှ ပြောင်းလဲတင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ရခိုင်ပြည်နယ် ပို့ကုန်လုပ်ငန်းရှင်များထံမှ စုံစမ်းသိရသည်။

ယင်းကဲ့သို့ တင်ပို့နိုင်ရန်အတွက် ရခိုင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ရခိုင်ပြည်နယ် ငါး၊ ပုစွန်ကုန်စည်ဒိုင်အသင်းတို့

ကာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုချက်ရလျှင် စစ်တွေနယ်စပ်မှ တင်ပို့မှု စတင်လုပ်ဆောင်မည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းအတွင်းရေးမှူး ဦးဘသိန်းက ပြောကြားသည်။

လက်ရှိရခိုင်ပြည်နယ်၌ ရေချိုပုစွန်မွေးမြူရေးဧကပေါင်း တစ်သိန်းငါးသောင်းကျော်ခန့်ရှိသည့်အနက် စစ်တွေ၌ ရေချိုပုစွန်မွေးဧက တစ်သိန်းကျော်ရှိပြီး မောင်တော၌ ပုစွန်မွေးဧက နှစ်သောင်းခန့်သာရှိခြင်းကြောင့် စစ်တွေနယ်စပ်မှ ပုစွန်တင်ပို့ခွင့်ပြုမည့်အနေအထားရှိကြောင်း စစ်တွေနယ်စပ်ကုန်သွယ်ရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**မိုးခိုင်**

# ကာဗွန်ဒိုင်အောက်ဆိုဒ်သည် လူသားတို့၏ ရန်သူဖြစ်သလို မိတ်ဆွေဟုလည်း သတ်မှတ်နိုင်

ပါမောက္ခဒေါက်တာမောင်ဒီ

**ရန်ကုန်၊ ဇူလိုင် ၈**






ကမ္ဘာကြီးပူနွေးလာမှု (Global Warming)ဖြစ်စဉ်၏ အဓိကတရားခံသည် ကာဗွန်ဒိုင်အောက်ဆိုဒ်ဖြစ်သော်လည်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့မရှိပါက ကမ္ဘာကြီးရှင်သန်ရပ်တည်ရန် မလွယ်ကူသဖြင့် ယင်းသည် လူသားတို့၏ ရန်သူလည်းဖြစ်သလို မိတ်ဆွေဟုလည်း သတ်မှတ်နိုင်ကြောင်း ပညာရေးဝန်ကြီးဌာန အငြိမ်းစား ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာမောင်ဒီက ပြောကြားသည်။

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၏စီစဉ်မှုဖြင့် ဇွန်လ ၁၀ ရက်နေ့ မွန်းလွဲပိုင်းက ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမတွင် ကျင်းပသော 'Carbondioxide: Friend or Foe' ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

လူပေါင်းတစ်သန်းကျော်သေဆုံးပြီး မြန်မာနိုင်ငံ၏ လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ကြီးမားစွာထိခိုက်ပျက်စီးစေခဲ့သည့် မှတ်တမ်းဝင်နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြီး၏ အဓိကမူလတရားခံမှာ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ပင်ဖြစ်ကြောင်း၊ နိုင်ငံတကာ၌ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချမည်ဟုပြောနေကြသော်လည်း တကယ်တမ်းတွင် လျှော့ချနိုင်ခြင်းမရှိကြကြောင်း၊ ချမ်းသာသည့်နိုင်ငံများမှ ထုတ်လွှတ်သော ကာဗွန်ဒိုင်အောက်ဆိုဒ်၏ သက်ရောက်မှုကို ဆင်းရဲသည့်နိုင်ငံများတွင် ခံစားနေရကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသတစ်ခုလုံးသည် ကာဗွန်ဒိုင်အောက်ဆိုဒ်ကြောင့်ဖြစ်ပေါ်လာသော Climate Change (ရာသီဥတုပြောင်းလဲမှု)၏ အန္တရာယ်ကို ခံစားနေရပြီဖြစ်ကြောင်း ၎င်းကဆိုသည်။

“ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့လျှော့ချဖို့ အကောင်းဆုံးနည်းလမ်းကတော့ အခုလက်ရှိသုံးနေကြတဲ့ Fossil Fuel တွေနေရာမှာ Renewable နဲ့၊ Green Energy တွေနဲ့ အစားထိုးသွားကြဖို့ပါပဲ။ Solar Energy တို့၊ Hydro Energy တို့လိုပေါ့” ဟု ၎င်းက အကြံပြုပြောကြားသည်။

ရာသီဥတုပြောင်းလဲမှုဒဏ်ကို ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ် လူ ၃၂၅ သန်းခန့် ခံစားနေကြရပြီး နောင်နှစ် ၂၀ ၌ ယခုထက်နှစ်ဆပိုမိုခံစားရမည်ဖြစ်ကြောင်း ဂျနီဗာမြို့တွင် ကျင်းပခဲ့သည့် Global Humanitarian Forum တွင် ကြေညာထားသည်။

■

www.foreverspace.com.mm



# ရန်ကုန်တက္ကသိုလ် ဘွဲ့လွန်လူမှုရေးပညာဒီပလိုမာသင်တန်း မျက်မမြင်ကျောင်းသားသုံးဦး တက်ရောက်

**ရန်ကုန်၊ ဇွန် ၁၅**

ရန်ကုန်တက္ကသိုလ်က ပို့ချပေးလျက်ရှိသည့် ဘွဲ့လွန်လူမှုရေးပညာဒီပလိုမာသင်တန်းတွင် မျက်မမြင်ကျောင်းသားသုံးဦးတက်ရောက်လျက်ရှိကြောင်း ရန်ကုန်တက္ကသိုလ်စိတ်ပညာဌာနမှ တွဲဖက်ပါမောက္ခဌာနမှူး ဒေါက်တာအောင်သန်းဦးက ပြောကြားသည်။

"Education for All ဆိုပြီး အရင်ကတည်းက လက်ခံပေးနေပါတယ်။ ဒီသင်တန်းကို အရင်ကလျှောက်တဲ့သူ (မျက်မမြင်သင်တန်းသားအနေနဲ့) မရှိဘူး။ ဒီနှစ်မှာမှ လာလျှောက်ကြတာပါ" ဟု ၎င်းက ဆိုသည်။

အဆိုပါလူမှုရေးပညာဒီပလိုမာဘွဲ့သည် နိုင်ငံတကာအသိအမှတ်ပြုဘွဲ့ဖြစ်ပြီး သင်ရိုးကို နိုင်ငံတကာသင်ရိုးညွှန်းတမ်းနှင့်ညှိနှိုင်းထားကြောင်း၊ ယင်းသင်တန်းကို ၂၀၀၆–၂၀၀၇ ပညာသင်နှစ်မှ စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်းနှင့် ယခုအခါ သင်တန်းအမှတ်စဉ် (၄) အထိ ရောက်ရှိနေပြီဖြစ်ကြောင်း ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

မျက်မမြင်များအနေဖြင့် ယင်းသို့ ဘွဲ့လွန်သင်တန်းသို့တက်ရောက်နိုင်ခြင်းသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖြစ်ပြီး ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ ကျောင်းသားနှစ်ဦးပါဝင်ကြောင်း၊ ထို့ပြင် ဘွဲ့ရ ၁၆ ဦးကိုလည်း မွေးထုတ်နိုင်ခဲ့ပြီဖြစ်ကြောင်း ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ ကျောင်းအုပ်ကြီး ဦးလွင်ဦးက ဆိုသည်။

မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မျက်မမြင်ဦးရေလေးသိန်းဝန်းကျင်အထိရှိနေကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**နွယ်နွယ်**

# ၂၀၀၈ ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသည် နှစ်သိန်းနီးပါးသာလာရောက်

**ရန်ကုန်၊ ဇူလိုင် ၃**

မြန်မာနိုင်ငံသို့ ၂၀၀၈ ခုနှစ်အတွင်း လာရောက်သော ကမ္ဘာလှည့်ခရီးသည်စုစုပေါင်း စစ်မှာ ၁၉၃,၃၁၉ ဦးသာရှိခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ထုတ်ပြန်သော စာရင်းဇယားများအရ သိရသည်။



မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်သော ခရီးသည်များတွင် အများဆုံးဖြစ်သော တရုတ်နိုင်ငံသားခရီးသည် ၃၀,၇၉၂ ဦးရှိပြီး ထိုင်းနိုင်ငံသား ၂၇,၃၁၁ ဦး၊ အမေရိကန်နိုင်ငံသား ၁၃,၁၉၅ ဦး၊ ကိုရီးယားနိုင်ငံသား ၁၂,၃၆၉ ဦးနှင့် တရုတ်(တိုင်ပေ) မှ ၁၁,၄၇၂ ဦးတို့ လာရောက်ခဲ့ကြောင်း အဆိုပါစာရင်းဇယားများအရ သိရသည်။

၎င်းတို့အနက် Package Tour အစီအစဉ်ဖြင့် လာရောက်သူဦးရေ ၁၆ ရာခိုင်နှုန်း၊ Foreign Independent Traveller အစီအစဉ်ဖြင့်လာရောက်သူ ၄၃ ရာခိုင်နှုန်း၊ စီးပွားရေးကိစ္စလာရောက်သူ (Business Traveller) ၂၀ ရာခိုင်နှုန်း၊ အခြား ၂၁ ရာခိုင်နှုန်းပါဝင်ကြောင်း ယင်းစာရင်းဇယားများတွင် ဖော်ပြထားသည်။

၂၀၀၈ ခုနှစ်အတွင်း ခရီးသွားလုပ်ငန်းမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၁၆၅ မီလီ

www.foreverspace.com.mm



ပံ့ရှိခဲ့ပြီး နိုင်ငံခြားသားတစ်ဦးချင်း၏ တစ်ရက်ပျမ်းမျှသုံးစွဲနှုန်းမှာ ၉၅ ဒေါ်လာ ဖြစ်ကြောင်း၊ ပျမ်းမျှနေထိုင်သည့် သက်တမ်းမှာ ၂၀၀၈ ခုနှစ်အတွင်း အများဆုံးဖြစ်ပြီး ပျမ်းမျှ ကိုးရက်နေထိုင်ကြကြောင်း အဆိုပါစာရင်းဇယားများအရ သိရသည်။

ကမ္ဘာ့စီးပွားအကျပ်အတည်း၏ ရိုက်ခတ်မှုအရှိန်နှင့် လူတုပ်ကွေးရောဂါ A/H1N1 တို့၏ ရိုက်ခတ်ခံရမှုကြောင့် ခရီးသည်ဝင်ရောက်မှုနှင့် ခရီးသွားလုပ်ငန်း ကျဆင်းခဲ့ရကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဝင်ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

**ခရီးသွားလုပ်ငန်းမှ ဝင်ငွေအခြေအနေ**

| ခုနှစ် | ၂၀၀၆ | ၂၀၀၇ | ၂၀၀၈ |
|---|---|---|---|
| စုစုပေါင်းဝင်ငွေ (အမေရိကန်ဒေါ်လာ(သန်း)) | ၁၆၄ | ၁၈၂ | ၁၆၅ |
| တစ်ဦးချင်းပျမ်းမျှ သုံးစွဲနှုန်း (အမေရိကန်ဒေါ်လာ) | ၉၄ | ၉၈ | ၉၅ |
| ပျမ်းမျှနေထိုင်သည့်ရက် | ၇.၀ | ၇.၅ | ၉.၀ |

# Green Asia ကုမ္ပဏီ ကန်ထရိုက်လယ်ယာစနစ် မျိုးစပါးစိုက်ရန် ဧက ၁၅၀၀ ရွေးချယ်

**ရန်ကုန်၊ ဇွန် ၂**

ရန်ကုန်တိုင်း၏ ဆန်စပါးထွက်ရှိမှုအများဆုံးမြို့နယ်ဖြစ်သော ကွမ်းခြံကုန်းမြို့နယ်တွင် အေးရှားဝေါလ်ကုမ္ပဏီ၏ကုမ္ပဏီခွဲ Green Asia ကုမ္ပဏီက ကန်ထရိုက်လယ်ယာစနစ်ဖြင့် မျိုးစပါးစိုက်ပျိုးရန် ဧက ၁၅၀၀ ရွေးချယ်ထားကြောင်း ယင်းကုမ္ပဏီ၏ ကွမ်းခြံကုန်းမြို့နယ် စီမံကိန်းတာဝန်ခံ ဦးစိုးပိုင်က ပြောကြားသည်။

အဆိုပါမျိုးစပါးစိုက်ပျိုးရန်အတွက် ပူးပေါင်းဆောင်ရွက်လိုသည့် လယ်သမားများကို လယ်ဧကအရေအတွက်နှင့်အတူ လျှောက်လွှာခေါ်ယူခဲ့ရာ ဧက ၃၆၀၀ ကျော်သည်အထိ လျှောက်ထားကြပြီး ယင်းတို့အနက် ကွမ်းခြံကုန်းမြို့ တောင်ဘက်ပိုင်းရပ်ကွက်နှင့် အင်ဂလုံ၊ ဒေးဒနော၊ ကမာပါ၊ တောကျောင်း၊ ကံကြီးမကျည်း၊ တော်ခရမ်းကြီး (ရှေ့)၊ တော်ခရမ်းကြီး (နောက်)၊ တောင်ကုန်း၊ ခလောက်တစ်ရာကျေးရွာတို့ရှိ လယ်ဧက ၁၅၀၀ ကို စိစစ်ရွေးချယ်လက်ခံခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသို့ရွေးချယ်ရာတွင် ကုမ္ပဏီက စပါးသယ်ယူရန်အတွက် လမ်းပန်းဆက်သွယ်ရေးကောင်းပြီး ကားလမ်းနှင့်နီးသောလယ်မြေများ ပိုင်ဆိုင်သူများနှင့် စိုက်ပျိုးရန် အရင်းအနှီးအမှန်တကယ်လိုအပ်သူများကို အဓိကထားရွေးချယ်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းကန်ထရိုက်လယ်ယာစနစ်တွင် ကုမ္ပဏီက လယ်သမားများကို လယ်တစ်ဧကလျှင် ဒီဇယ်သုံးဂါလန်၊ ယူရီးယားပုလဲဓာတ်မြေဩဇာတစ်အိတ်ခွဲ၊ တီဆူပါ အိတ်ဝက်၊ ပိုတက်တစ်စိတ် (တစ်အိတ်၏ လေးပုံတစ်ပုံ) တို့ကို လက်ရှိပေါက်ဈေးအတိုင်း စာရင်းမှတ်စနစ်ဖြင့် ထုတ်ပေးပြီး စပါးပြန်ပေါ်ချိန်တွင် တောင်သူများက ကြိုတင်ထုတ်ယူထားသည့်စာရင်းရှိ ငွေပမာဏနှင့်အညီ ကာလပေါက်ဈေးသတ်မှတ်၍ စပါးပြန်လည်ပေးသွင်းရမည်ဖြစ်ကြောင်း၊ ကုမ္ပဏီသို့ပေးသွင်းရမည့်စပါးများအပြင် ကျန်ရှိနေသည့်စပါးများကို ရောင်းလိုပါကလည်း ပေါက်ဈေးအတိုင်း ဝယ်ယူသွားမည်ဖြစ်ကြောင်း ဂရင်းအေးရှားကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဂရင်းအေးရှားကုမ္ပဏီသည် ယခုနှစ် နွေစပါးရာသီစိုက်ပျိုးကာလတွင် ကန်ထရိုက်လယ်ယာစနစ်ဖြင့် ကွမ်းခြံကုန်းမြို့ တောင်ဘက်ပိုင်းရပ်ကွက်နှင့် တောကျောင်း၊ အင်ဂလုံ၊ ဒေးဒနော၊ တော်ခရမ်းကြီး (အနောက်) ကျေးရွာတို့တွင် နွေစပါးဧက ၁၀၁၀ ကို တောင်သူ ၁၅၄ ဦးနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း ကွမ်းခြံကုန်းမြို့နယ် စိုက်ပျိုးရေးမန်နေဂျာရုံးမှ စာရင်းများအရ သိရသည်။



www.foreverspace.com.mm



# ၂၀၁၀ နေအပြည့်ကြတ်မှု ပုဂံမှ ကောင်းစွာမြင်တွေ့ရမည်

**ရန်ကုန်၊ ဇွန် ၂၅**

သူရိယနေမင်း၊ ကမ္ဘာ့ဂြိုဟ်ရံလနှင့် မြေကမ္ဘာတို့ တစ်တန်းတည်းကျရောက်မည့် နေအပြည့်ကြတ်မှုကို လာမည့် ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၁၅ ရက်တွင် ကြုံတွေ့ကြရမည်ဖြစ်ရာ ကမ္ဘာတစ်ဝန်းတွင် မြန်မာနိုင်ငံ ပုဂံမြို့ဟောင်းနေရာမှ အထင်ရှားအပြတ်သားဆုံး မြင်တွေ့ကြရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဝေဒသုတေသီအဖွဲ့ အကြံပေးပုဂ္ဂိုလ်နှင့် မြန်မာနိုင်ငံ နက္ခတ်ပညာရှင်အသင်းအမှုဆောင် ဦးသိန်းမြင့်က Living Color သို့ ပြောကြားသည်။

ယင်းကဲ့သို့ ရှားရှားပါးပါးမြင်တွေ့ခဲလှသော နေအပြည့်ကြတ်ခြင်း (ဝါ) ကွင်းကြတ်ခြင်း (Knular) ကို မြန်မာနိုင်ငံအပြင် အနောက်အာဖရိကမှ အိန္ဒိယအလယ်ပိုင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအထိ မြင်တွေ့ကြရမည်ဖြစ်ပြီး မြန်မာနိုင်ငံအလယ်ပိုင်းပုဂံမြို့ဟောင်းနေရာမှ ရာနှုန်းပြည့်တည့်မတ်စွာ မြင်တွေ့နိုင်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

“ဒီတစ်ခေါက်က နေကြတ်တဲ့အချိန် ကြာလိမ့်မယ်။ ခရီးသွားလုပ်ငန်းတွေ ဧည့်သည်တွေဖိတ်ခေါ်ဖို့ ကြိုတင်ပြင်ဆင်ထားသင့်တယ်” ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

မြန်မာနိုင်ငံ၌ ၂၀၀၉ ခုနှစ်အတွင်း နေကြတ်ခြင်း နှစ်ကြိမ်နှင့် လကြတ်ခြင်း လေးကြိမ်မြင်တွေ့ခဲ့ပြီး အဆိုပါ ဇန်နဝါရီလ ၁၅ ရက်နေ့ နေကြတ်ခြင်းကို မြင်တွေ့ရပြီးပါက နောင် ၇၅ နှစ်ကြာသည်အထိ နေကြတ်ခြင်းကို မြင်တွေ့ရတော့မည်မဟုတ်ကြောင်း နက္ခတ္တဗေဒပညာရှင်များက ဆိုသည်။

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး မျိုးဆက်သစ်များ လက်တွဲခေါ်ယူရန်လို

**ရန်ကုန်၊ ဇူလိုင် ၈**

**ပါမောက္ခဒေါက်တာအောင်ထွန်းသက်**

မြန်မာနိုင်ငံ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသူများ၊ အဖွဲ့အစည်းများအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုနည်းပါးစေရန် ထိန်းသိမ်းကာကွယ်နေရုံဖြင့် မလုံလောက်ဘဲ မျိုးဆက်သစ်လူငယ်များကိုပါ သဘာဝပတ်ဝန်းကျင်၏ အရေးပါမှုကို သိရှိပြီး ပူးပေါင်းပါဝင်လာစေရေး စည်းရုံးရန်လိုအပ်ကြောင်း ပါမောက္ခဒေါက်တာအောင်ထွန်းသက်က ပြောကြားသည်။

မင်္ဂလာမြန်မာအဖွဲ့၏ စီစဉ်မှုဖြင့် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးအဆောက်အအုံ၌ ဇွန်လ ၁၂ ရက်နေ့တွင် ကျင်းပသော ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဆွေးနွေးပွဲတွင် ၎င်းက အထက်ပါအတိုင်း တိုက်တွန်းပြောကြားခြင်း ဖြစ်သည်။

“ကျွန်တော်တို့ နေစရာ ဒီကမ္ဘာတစ်ခုပဲရှိတယ်။ ရေရှည်ခံဖို့၊ ထိန်းသိမ်းဖို့ အားလုံးမှာ တာဝန်ကိုယ်စီရှိတယ်။ Reduction ထက် Green Economy လုပ်တယ်လို့ သုံးနှုန်းတာ ပိုသင့်တော်မယ်” ဟု ၎င်းက ဆိုသည်။

ကမ္ဘာပေါ်၌ တစ်နှစ်လျှင် သစ်တောဟက်တာ ၁၃ သန်းခန့် သစ်ထုတ်လုပ်မှုကြောင့် ပျက်စီးဆုံးရှုံးလျက်ရှိပြီး ယင်းတို့အနက် ဟက်တာခြောက်သန်းခန့်မှာ Primary Forest မူရင်းသစ်တောများဖြစ်ကြောင်း၊ သစ်တောမရှိပါက ရာသီဥတုပြောင်းလဲမှုကို ထိန်းချုပ်နိုင်မည်မဟုတ်ကြောင်း၊ လူတစ်ဦးလျှင် တစ်နှစ် သစ်ပင်တစ်ပင်နှုန်းစိုက်ပျိုးပါက နှစ်ကုန်ပါက ကမ္ဘာတစ်ဝန်းလုံးတွင် သစ်ပင်ပေါင်းသန်း ၇၀၀၀ နီးပါး ပေါက်ရောက်လာမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း

www.foreverspace.com.mm

ရေနှင့် ရာသီဥတုပြောင်းလဲမှုကို ကာကွယ်ရန်လူတိုင်းဆောင်ရွက်နိုင်သည့် အကောင်းဆုံးနည်းလမ်းမှာ သစ်ပင်စိုက်ပျိုးခြင်းပင်ဖြစ်ကြောင်း ပါမောက္ခဒေါက်တာဆွေသွင်က ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲ၌ မင်္ဂလာမြန်မာဒါရိုက်တာအဖွဲ့ဝင် ပါမောက္ခဒေါက်တာဆွေသွင်၊ ကုလသမဂ္ဂအကြံပေးပုဂ္ဂိုလ် ပါမောက္ခဒေါက်တာအောင်ထွန်းသက်၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ ဦးထွန်းပေါ်ဦး၊ ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာန အငြိမ်းစားဌာနမှူး ပါမောက္ခဒေါက်တာဒေါ်တင်နွယ်နှင့် ဦးဝင်းနိုင် (ကာတွန်းအောင်ပီကျယ်) တို့က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ အသီးသီးဟောပြောဆွေးနွေးခဲ့ကြသည်။

# ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း မျက်စိခွဲစိတ်ဆောင်သစ် စက်တင်ဘာအပြီးဆောက်လုပ်မည်

**ရန်ကုန်၊ မေ ၂၂**

အထွေထွေရောဂါများကုသပေးခြင်းအပြင် တစ်ပတ်လျှင် မျက်စိဝေဒနာရှင် ၄၀ ဦးကို ကုသိုလ်ဖြစ်ကုသပေးနေသည့် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပြည်သာယာရှိ ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအတွက် မျက်စိခွဲစိတ်ဆောင်သစ်ကို စက်တင်ဘာလတွင် အပြီးဆောက်လုပ်မည်ဖြစ်ကြောင်း ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရက မိန့်ကြားသည်။

အဆိုပါမျက်စိခွဲစိတ်ဆောင်ကို ဇူလိုင်လတွင် စတင်ဆောက်လုပ်မည်ဖြစ်ကြောင်း၊ ယခုမျက်စိခွဲစိတ်ရန်လိုအပ်သောလူနာများကို ကန်တော်ကြီး မျက်စိအထူးကုဆေးရုံနှင့် မြောက်ဥက္ကလာပဆေးရုံသို့ စေလွှတ်ကုသပေးကြောင်း၊ ယင်းခွဲစိတ်ဆောင်ပြီးစီးပါက ရွှေပြည်ဟိန်းကျောင်း၌ပင်ခွဲစိတ်ပေးမည်ဖြစ်ကြောင်း ဆရာတော်က မိန့်ဆိုသည်။

ယင်းဆေးခန်းသည် မျက်မှန်တပ်ဆင်ရန်လိုအပ်သော လူနာများအတွက် မျက်မှန်ပါ လှူဒါန်းပေးကြောင်းနှင့် အဆိုပါမျက်စိခွဲစိတ်ဆောင်သစ်အတွက် လှူဒါန်းလိုပါက ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၅၄၁၄၉၃၊ ၀၉-၅၁၀၂၁၉၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ဆရာတော်က မိန့်ဆိုသည်။

ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းသည် ၂၀၀၄ ခုနှစ်မှစတင်၍ အထွေထွေရောဂါ၊ သွား၊ အကြောအပ်စိုက်၊ ကလေး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အရေပြားတို့ကို ကုသပေးလျက်ရှိပြီး ၂၀၀၈ ခုနှစ်မှစ၍ ကာလသားရောဂါနှင့် အမျိုးသမီးရောဂါများကိုလည်း လက်ခံကုသပေးလျက်ရှိကြောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလအထိ စုစုပေါင်းလူနာတစ်သိန်းခြောက်သောင်းကျော်ကို ကုသပေးပြီးဖြစ်ကြောင်း ယင်းဆေးခန်းမှတ်တမ်းများအရ သိရသည်။

**ဖြိုးဝေစိုး**



**LIVING COLOR MEDIA**

**သမ္မတဟိုတယ် (Business Suite)**

**အမှတ် ( ၅ ) ၊ အလံပြဘုရားလမ်း ၊**

**ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။**

**ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂**



# နိုင်ငံ၊ နိုင်ငံတော်နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု

အောင်ထွန်း

www.foreverspace.com.mm

www.foreverspace.com.mm





နိုင်ငံအသီးသီး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုသည်ကို သက်ဆိုင်ရာနိုင်ငံ၏ 'နိုင်ငံတော်' ဟုခေါ်ဆိုသည့်အပိုင်းက လုပ်ဆောင်ပေးရာတွင် အဓိကလုပ်ငန်းတာဝန်မှာ Property Rights ခေါ် ပိုင်ဆိုင်မှု၊ ပိုင်ဆိုင်ခွင့်၊ လွှဲပြောင်းခွင့်၊ အမြတ်အစွန်းထုတ်ယူခွင့်၊ ကုန်လုပ်စွမ်းအားစုများ ရယူသုံးစွဲခွင့်၊ ဉာဏ်စွမ်းရည်ပိုင်ပစ္စည်းများ အကာအကွယ်ပေးခြင်း၊ ကန်ထရိုက်စာချုပ်များကို လိုက်နာစေခြင်း စသည့် **'ပိုင်ခွင့်'**များကို နည်းအမျိုးမျိုးနှင့်အာမခံ၍ နိုင်ငံအတွင်းရှိ အရင်းအမြစ်အားလုံးကို အမြင့်ဆုံးစွမ်း ဆောင်ရည်သို့ မြှင့်တင်ပေးကာ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများတိုးမြှင့်စေခြင်းဖြစ်သည်။ သို့ရာတွင် အဆိုပါ Property Rights မူဘောင်အတွင်း ခွင့်မပြုသမျှသည် State ခေါ် နိုင်ငံတော်ကို ထိန်းချုပ်ခွင့်ရသည့် လူတန်းစားအလွှာ၏ အကျိုးစီးပွားဖြစ်နေသည်ကို တွေ့ရသည်။

# အပိုင်း(၁)

# STATE AND INSTITUTIONS

## ၁-၁။ နိုင်ငံ (Nation) နှင့် နိုင်ငံတော် (State)

## နိုင်ငံတော် (State) နှင့် အစိုးရ (Government)

နိုင်ငံရေးနှင့်ပတ်သက်၍ ရေးသားဖော်ပြမှုအမျိုးမျိုးတွင် အမြဲလို ရောထွေးဖော်ပြလေ့ရှိသော စကားလုံးသုံးလုံးရှိပါသည်။ ၎င်းတို့မှာ နိုင်ငံနှင့် နိုင်ငံတော်၊ နိုင်ငံတော်နှင့် အစိုးရ စသည်တို့ဖြစ်ပါသည်။

ယေဘုယျအားဖြင့် နိုင်ငံ (Nation) ဆိုသည်မှာ ဖြစ်တည်မှုသဘောဖြစ်ပြီး နိုင်ငံတော် (State)ဟုဆိုလျှင် တာဝန် သို့မဟုတ် Accountability ပါဝင်လာပြီဟု ဆိုနိုင်ပါသည်။ Nation ခေါ် နိုင်ငံသည် Hardware ဖြစ်ခဲ့လျှင် State ဆိုသော နိုင်ငံတော်သည် Software ဖြစ်သည်ဟု ပြောရမည်ထင်ပါသည်။ အချို့သော State များသည် Nations ခေါ် နိုင်ငံများ ပေါင်းစုထားခြင်းဖြစ်ပြီး အချို့သော State များသည် Nation ခေါ် နိုင်ငံနှင့် တစ်ထပ်တည်းကျသည်လည်းရှိပါသည်။

ပို၍ရှင်းလင်းအောင်ပြောရလျှင် Nation ခေါ် နိုင်ငံဆိုသည်မှာ အမျိုးသားရေး၊ မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့အတွက် အရေးကြီးပြီး State ခေါ် နိုင်ငံတော်မှာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ထိုဥပဒေများအရ ဖွဲ့စည်းထူထောင်ထားသော အဖွဲ့အစည်းများ၊ တာဝန်ပေးထားသောလူပုဂ္ဂိုလ်များ၊ နိုင်ငံသားများပါဝင်သည့် နိုင်ငံတည်ဆောက်ရေးအတွက် အရေးကြီးသည်ဟု ဆိုရမည်ဖြစ်ပေသည်။ (Collective Institutions)

အစိုးရဆိုသည်မှာ State ဟုခေါ်သော နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုသာဖြစ်ပြီး State ခေါ် နိုင်ငံတော်များက ထမ်းဆောင်ရမည့်တာဝန်ကို ထမ်းဆောင်ပေးသည့် Functioning Unit တစ်ခုသာဖြစ်ပေသည်။ Nation သည် Hardware၊ State သည် Software

www.foreverspace.com.mm

ဖြစ်ခဲ့လျှင် Government သည် Operator ဖြစ်ပါလိမ့်မည်။

သို့တိုင်အောင် အစိုးရခေါ် Government တိုင်းသည် State ခေါ် နိုင်ငံတော်များက ထမ်းဆောင်မည့်တာဝန်ကို သိရှိထမ်းဆောင်ပေးကြမည်မဟုတ်ပါ။ သို့သော် အဆိုပါတာဝန်များကို ထမ်းဆောင်လျက်ရှိပြီး ပြည်သူလူထုနှင့် တစ်သားတည်းရှိသည်ဟု ဖော်ပြလိုသည့်အခါတွင် အစိုးရများက ၎င်းတို့ကိုယ်၎င်းတို့ နိုင်ငံတော်ဟု ခေါ်ဝေါ်သုံးနှုန်းသည်ကို တွေ့ရသည်။



နိုင်ငံတော်နှင့်အစိုးရဆိုသော အသုံးအနှုန်းများတွင် အဓိကကျသော ကွဲပြားခြားနားမှု ငါးခုရှိသည်ဟုဆိုနိုင်ပါသည်။

(၁) နိုင်ငံတော်ဆိုသည်မှာ အစိုးရသက်သက်သာမက ပြည်သူလူထု သို့မဟုတ် နိုင်ငံသားများပါပါဝင်သောကြောင့် ပို၍ကျယ်ပြန့်သောသဘောကို ဆောင်သည်ဟု ဆိုရမည်ဖြစ်သည်။

(၂) နိုင်ငံတော်သည် နိုင်ငံတည်သရွေ့ တည်ရှိမည်ဖြစ်သောကြောင့် ခိုင်မြဲသောသဘောကိုဆောင်ပြီး အစိုးရဆိုသည်မှာ ယာယီသဘောသာဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။

(၃) အစိုးရဆိုသည်မှာ နိုင်ငံတော်များက ၎င်း၏တာဝန်ကို ထမ်းဆောင်သော Means ခေါ် နည်းလမ်းတစ်ရပ်သာဖြစ်သည်ဟု ဆိုနိုင်သည်။

(၄) နိုင်ငံတော်ဆိုသည်မှာ လူပုဂ္ဂိုလ်သဘောမပါသကဲ့သို့ လူပုဂ္ဂိုလ်များနှင့် မပတ်သက်သော်လည်း အစိုးရဆိုသည်မှာ လူပုဂ္ဂိုလ် အရောင်အသွေးများ ပါရှိတတ်သည်။ တစ်နည်းအားဖြင့် State ခေါ် နိုင်ငံတော်သည် Neutral သဘောကိုဆောင်သော်လည်း Government သည် Neutral မဟုတ်ဟု ဆိုလိုပေသည်။

(၅) နိုင်ငံတော်ဆိုသည်မှာ အနည်းဆုံး သီအိုရီ သဘောအရ လူ့အဖွဲ့အစည်း၏ကောင်းကျိုးကို အမြဲရည်ရွယ်သော သဘောရှိသော်လည်း အစိုးရများသည် ပါတီ၊ အုပ်စုအစွဲများ ပါရှိတတ်သည်ကို တွေ့နိုင်သည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံတွင် ယနေ့ယခုလိုအပ်ချက်မှာ နိုင်ငံတည်ဆောက်ရေးပင်ဖြစ်သည်ဟုဆိုလျှင် အားလုံးလက်ခံကြမည်ဟု ယူဆပါသည်။ အင်္ဂလိပ်ဘာသာတွင် Nation Building နှင့် State Building ဟု နှစ်မျိုးရှိသော်လည်း မြန်မာဘာသာဖြင့် တစ်မျိုးသာရှိသည်ကိုတွေ့ရသည်။ အမျိုးသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စသည်များကို တည်ဆောက်ခြင်းသည် Nation Building ဖြစ်ပြီး ပီပြင်သောနိုင်ငံတော် (Stateness)အဖြစ် တည်ဆောက်ခြင်းသည် State Building ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံတည်ဆောက်ရေးလိုအပ်ချက်သည် Nation Building ရော State Building ပါ နှစ်မျိုးလုံးဖြစ်သည်ဟု ပြောချင်ပါသည်။

## ၁-၂။ နိုင်ငံတည်ဆောက်ရေးနှင့် နိုင်ငံတော်အဖွဲ့အစည်းများ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာအခြေခံအဆောက်အဦများ

Neoclassical စီးပွားရေးသီအိုရီခေါ် အစဉ်အလာအခြေခံ စီးပွားရေးသဘောတရားက နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးကို ထောက်ကန်ပေးထားသော အရင်းအနှီးသုံးမျိုးရှိသည်ဟု ထောက်ပြခဲ့သည်။ ၎င်းအရင်းအနှီးများကို Marxist Theory[1] များက ကုန်ထုတ်စွမ်းအားစု Production Force ဟုခေါ်သည်။ ၎င်းတို့မှာ (၁) Human Capital ခေါ် လူသားစွမ်းအားအရင်းအနှီး၊ (၂)

[1] The economic, social, political, pseudo-scientific philosophy, theory, belief, or system based on the works of Karl Marx of Germany. The theory seeks the elimination of the notion of private property in order to gain control of the economic "means of production" by taking it from the bourgeois (the wealthy or propertied class) for the benefit of the proletariat (working class.) His philosophy of history was called "historical materialism" in which his goal was to bring about the end of history, by means of an eventual perfect, classless, utopian society he called Communism.

www.foreverspace.com.mm



Technological Capital ခေါ် နည်းပညာဆိုင်ရာအရင်းအနှီး၊ (၃) Physical Capital ခေါ် ရုပ်ဝတ္ထုပစ္စည်း အစုအဝေးအရင်းအနှီး စသည်တို့ဖြစ်သည်။ မြန်မာနိုင်ငံတွင် အဆိုပါအရင်းအနှီးသုံးခုအပြင် Natural Resources ခေါ် သဘာဝသယံဇာတဆိုင်ရာအရင်းအနှီး များလည်းတည်ရှိသောကြောင့် ဒေါက်တိုင်ကြီးသုံးခုအစား လေးခုရှိသောနိုင်ငံဟု ခေါ်ဆိုရမည်ဖြစ်ပေသည်။ အထက်ပါကုန်ထုတ်စွမ်းအားစုများအနက်မှ သက်မဲ့ဖြစ်သော Physical Capital နှင့် Natural Resources များကို Means of Producation ဟု Marxist Theory များက ဖွင့်ဆိုသည်။ တစ်စုံတစ်ဦး၊ လူတန်းစားအလွှာတစ်လွှာ၊ အစုတစ်စုက ထိန်းချုပ်နိုင်သောသဘောရှိသည်ဟုဆိုသည်။

Unregulated Market ခေါ် ကြီးကြပ်ကွပ်ကဲမှုမရှိသည့် သူ့သဘောသူဆောင်စေသောဈေးကွက်တွင် အမြတ်မက်လုံးရှိသောလုပ်ငန်းကို လူတိုင်းက ဝိုင်း၍လုပ်ကြရင်း ကုန်ထုတ်လုပ်မှု တဖြည်းဖြည်းတိုးတက်ရာမှ တစ်နေ့တွင် Diminishing Returns ခေါ် အမြတ်အစွန်း Limit ကုန်သွားကာ အမြတ်အစွန်းမရှိနိုင်သောလုပ်ငန်းများပေါ်ထွက်လာစေနိုင်သော သဘောတရားပါရှိနေသောကြောင့် ဈေးကွက်ကို အခြားလုပ်ငန်းနယ်ပယ်များတွင်လည်း မျှတစွာ ရင်းနှီးမြှုပ်နှံရေး နိုင်ငံတကာကုန်သွယ်မှု၊ စုဆောင်းမှု၊ ရင်းနှီးမြှုပ်နှံမှု နည်းပညာ စသည်များဖြင့် ဆက်လက်ရှင်သန်တိုးတက်နိုင်စေရန်အလို့ငှာ နိုင်ငံတော်ဟုခေါ်ကြသည့် အစိုးရ (Ruler) Institutions ခေါ် ကြီးကြပ်သည့်အဖွဲ့အစည်းနှင့် စည်းမျဉ်းစည်းကမ်းဖြင့် ဈေးကွက်ပုံသဏ္ဌာန်ကို စနစ်ကျစေသည့်လုပ်ငန်းစဉ်များ ကမ္ဘာပေါ်တွင် ပေါ်ပေါက်လာရပေသည်။[2] အထူးသဖြင့် တိုးပွားလာသောလူဦးရေနှင့်အညီ ဝင်ငွေလိုက်ပါတိုးတက်စေရေး၊ အောက်ထစ်ဆုံး ဝင်ငွေလျော့ပါးသွားသည့်အဆင့်သို့ ကျဆင်းမသွားရေးနှင့် ပြိုင်ဘက်နိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်ရေးတို့အတွက် ဤလုပ်ငန်းစဉ် အရေးပါလာခြင်းဖြစ်သည်။ ဤနေရာတွင် Institutions[3] ဆိုသည်မှာ ရေးသားပြဋ္ဌာန်းထားသောဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ထိုဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများက လွှဲအပ်သော ကြီးကြပ်ကွပ်ကဲမည့်အဖွဲ့အစည်းများ၊ လုပ်ပိုင်ခွင့်ပေးထားသော လူပုဂ္ဂိုလ်များအစုအဝေးကို ဆိုလိုပေသည်။ လူက စိတ်ကြိုက်ဆုံးဖြတ်ရာမှ ရေးထားသောစည်းမျဉ်းမှုများအတိုင်း ဆုံးဖြတ်ရသည့်အဆင့်ကို ကူးပြောင်းစေခြင်းဖြစ်သည်။


အဆိုပါ Institutions ခေါ် အဖွဲ့အစည်းနှင့် စည်းမျဉ်းစည်းကမ်းဘောင်သွင်းသည့်အလုပ်ကို နိုင်ငံတော်(State) က လုပ်ဆောင်ရလေ့ရှိသောကြောင့် State နှင့် Institution သည် ခွဲခွာ၍မရသော ဒင်္ဂါးပြား၏ မျက်နှာစာနှစ်ဖက်သဖွယ် ယူဆကြရလေ့ရှိပါသည်။

ဗဟိုဦးစီးစနစ်ကိုကျင့်သုံးသည်ဖြစ်စေ၊ ဈေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံးသည်ဖြစ်စေ၊ ဗဟိုဦးစီးဈေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံးသည်ဖြစ်စေ State နှင့် Institution များမှာ တစ်သားတည်းတည်ရှိနေသော အရှိတရားများဖြစ်ပြီး မည်သို့ဖွဲ့စည်းတည်ထောင်သည် (Government)၊ မည်သို့စီမံခန့်ခွဲသည် (Governance) စသည့်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှအစ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းအမျိုးမျိုးအဆုံး Instution များက နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအခြေအနေအရုပ်ရုပ်ကို ပြဋ္ဌာန်းခြင်းဖြစ်ပါသည်။

မည်သို့သော ဖွဲ့စည်းတည်ဆောက်ပုံဖြစ်သည်ဖြစ်စေ (Government)၊ မည်သို့စီမံခန့်ခွဲသည်ဖြစ်စေ (Governance)၊ အဖွဲ့အစည်းနှင့် စည်းမျဉ်းစည်းကမ်းဘောင်သွင်းခြင်းလုပ်ငန်းစဉ် (Institutionalization) သည် အခြေခံအားဖြင့် Property Rights ခေါ် ပိုင်ဆိုင်မှုဆိုင်ရာဆွဲဆောင်မှု၊ အာမခံမှုအမျိုးမျိုးဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းရခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်ပြောရလျှင် နိုင်ငံသားများကို မက်လုံးများဖြင့် တွန်းအားပေးကြိုးစားစေပြီး အဆုံးတွင် ပုဂ္ဂလိကနိုင်ငံသားများရော STATE ခေါ် နိုင်ငံတော်ပါ ပန်းတိုင်ရောက်သွားစေခြင်းကို ဆိုလိုပေသည်။

State ခေါ် နိုင်ငံတော်အပိုင်းမှ အဓိကဝင် ရောက်ထောက်ပံ့ရမည့်ဝန်ဆောင်မှုမှာ 'Underlying Rules of the game' ခေါ် ယှဉ်ပြိုင်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ပေးခြင်းဖြင့် ပုဂ္ဂလိက ပိုင်ဆိုင်ခွင့်ကို အာမခံကြခြင်းဖြစ်သည်။ ဤသည်ကိုပင် Institutionalization ဟု ခေါ်ပေသည်။

နိုင်ငံတစ်ခု၏ စီးပွားရေးဆိုင်ရာအရင်းအနှီးဒေါက်တိုင်ကြီးသုံးခု သို့မဟုတ် လေးခုကို သက်ဝင်လှုပ်ရှားအောင်လုပ်နိုင်စွမ်းရှိသူမှာ Institutions ခေါ် အဖွဲ့အစည်းစည်းမျဉ်းများဖြင့် အလုပ်လုပ်စေခြင်းလုပ်ငန်းစဉ်သာဖြစ်ပြီး ထိုသို့ဆောင်ရွက်မှုတိုင်းလည်း အောင်မြင်မှုရှိခဲ့ကြသည်မဟုတ်ပေ။ မည်သို့ဆောင်ရွက်နိုင်သည်ဆိုသော အမှန်တရားနည်းနာလည်းမရှိပေ။ အထူးသဖြင့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများက လွှဲအပ်ထားသောအဖွဲ့အစည်းများ အရှိအဖြစ်သဘောဖြစ်လာနေပြီး လူပုဂ္ဂိုလ် Micromanagement



[2] North:Structure and Change in **Economic History**

[3] INSTITUTIONAL CHANGE: A FRAMEWORK OF ANALYSIS:Douglass C.North: Institutions consist of formal rules, informal constraints (norms of behavior, conventions, and self imposed codes of conduct) and the enforcement characteristics of both:

www.foreverspace.com.mm



သဘောတရား လွှမ်းမိုးသွားသောအခါများတွင် Rules of the game မှာလည်း ဝေဝါးသွားတတ်ပြီး Neoclassical စီးပွားရေးပုံသဏ္ဍာန်က ဖော်ညွှန်းသည့် Unregulated Market ခေါ် ကြီးကြပ်မှုမပါသော ဈေးကွက်ပုံသဏ္ဍာန်ထက် ပိုမိုဆိုးရွားသော ဈေးကွက်ပုံသဏ္ဍာန်သို့ ရောက်ရှိသွားတတ်သည်ဟုဆိုသည်။

နိုင်ငံတော်ဟု လူအများက ခေါ်ကြလေ့ရှိသည့် State ဟုခေါ်သော အဖွဲ့အစည်းသည် မည်သည့်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေမျိုးနှင့် တည်ဆောက်ဖွဲ့စည်းသည်ဖြစ်စေ နိုင်ငံအတွက် အသက်တမျှအရေးကြီးသော နိုင်ငံစီးပွားရေးဖွံ့ဖြိုးမှုကို ဖော်ဆောင်ရန် အောက်ပါရည်ရွယ်ချက်နှစ်ခု မဖြစ်မနေပါဝင်ရန်နှင့် စစ်မှန်သောအားထုတ်မှုရှိသော ရည်ရွယ်ချက်ဖြစ်ရန်လိုသည်ဟု ကမ္ဘာကျော် နိုင်ငံရေးဘောဂဗေဒပညာရှင် Douglass C North က ရေးသားခဲ့ပါသည်။[4]

အဆိုပါရည်ရွယ်ချက်နှစ်ခုမှာ –

၁။ ပိုင်ဆိုင်မှု၊ အမြတ်အစွန်းရရှိမှုတို့ကို ဖြစ်ပေါ်စေမည့် ယှဉ်ပြိုင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အခြေခံစည်းမျဉ်းစည်းကမ်းများပြဋ္ဌာန်းပေးခြင်း။

၂။ အထက်ပါရည်ရွယ်ချက် အကောင်အထည်ဖော်ဆောင်ရာတွင် မလိုအပ်ဘဲ ကြီးကြပ်ကွပ်ကဲမှုစရိတ်စကများ၊ ကုန်ကျစရိတ်များမမြင့်မားစေရန် စရိတ်စကများ လျှော့ချပေးကာ အမြတ်အစွန်းကိုဖြစ်ပေါ်စေပြီး ထိုက်သင့်သောအခွန်အခ ပြန်လည်ကောက်ခံယူသည့်နည်းလမ်း ကျင့်သုံးပေးခြင်း။

ရည်ရွယ်ချက်အမှတ် (၁)မှာ ယေဘုယျအားဖြင့် ပြည်သူ့ရေးရာမူဝါဒ (Public Policy)များနှင့်ပတ်သက်၍ အခြေခံနှုန်းစံတန်ဖိုးများပင် ဖြစ်ပါသည်။ ယှဉ်ပြိုင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ရရှိစေနိုင်မည့်မှုများကို အခြေခံကာ စည်းမျဉ်းစည်း ကမ်းများသတ်မှတ်ပေးခြင်းမျိုးကို ဆိုလိုပါသည်။

ဒုတိယရည်ရွယ်ချက်မှာ အဆိုပါစည်းမျဉ်းစည်းကမ်းဘောင်အတွင်း သွတ်သွင်းလိုက်နာစေရာတွင် ဖြစ်ပေါ်စေသော ကြီးကြပ်ကွပ်ကဲမှု ကုန်ကျမှုစရိတ်စကများဖြစ်သည် (Transaction Cost)။ စည်းမျဉ်းစည်းကမ်းဘောင်သွင်းရာတွင် ဖြစ်ပေါ်သော ကုန်ကျစရိတ်အရပ်ရပ်သည် အဆုံးတွင် ဝန်ဆောင်မှု၏ တန်ဖိုးတွင် သွားပေါင်းသည်ဖြစ်ရာ ကုန်ကျသည့် စရိတ်စကမြင့်မားသည်နှင့်အဆင့်ဆင့် အမြတ်အစွန်း ဆက်လက်ဖြစ်ပေါ်ရေး၊ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများတိုးတက်ရေးတွင် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်သာဖြစ်ပေသည်။ (Transaction Cost)

အခြေခံကျကျပြောရလျှင် State ဟုခေါ်သော နိုင်ငံတော်ဆိုသည့်အဖွဲ့အစည်း တည်ရှိမှုသည် သက်ဆိုင်ရာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်ချက်ဖြစ်သော်လည်း တစ်ဖက်တွင် State ဆိုသည့်အဖွဲ့အစည်းသည် သက်ဆိုင်ရာလူ့အဖွဲ့အစည်း၏ စီးပွားရေးအရ ကျရှုံးမှုအရပ်ရပ်၏ ဇာစ်မြစ်လည်း ဖြစ်နေတတ်ပေသည်။[5] အဘယ်ကြောင့်ဆိုသော် STATE ဆိုသည်မှာ VIOLANCE ဟုခေါ်သော အာဏာစက်အကြမ်းနည်းကို တရားဝင်ကျင့်သုံးခွင့်ရှိသူ တစ်ခုတည်းသောအဖွဲ့အစည်းဖြစ်နေသောကြောင့်ပင်။ အရိုးစင်းဆုံးပြော

[4] North:Structure and Change in **Economic History**

[5] North:Structure and Change in **Economic History**

www.foreverspace.com.mm

ရပျှင် STATE ဆိုသည်မှာ သက်ဆိုင်ရာနယ်နိမိတ်အတွင်း အာဏာစက်ကိုအသုံးပြု၍ နိုင်လိုမင်းထက်ကိစ္စရပ်များကို အကာအကွယ်ပေးပြီး အရင်းအမြစ်များကိုထိန်းချုပ်ကာ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အခွန်အတုတ်ကောက်ယူသောသဘောတရားသာ ဖြစ်ပေသည်။

Classical စီးပွားရေးသီအိုရီများ၊ အထူးသဖြင့် အဒမ်စမစ်ကဲ့သို့ ပညာရှင်များကမူ ဈေးကွက်အတွင်း၌ မမြင်ရသော ထိန်းချုပ်မှု သဘောတရားတစ်ခု သူ့အလိုလိုပါရှိပြီး ဖြစ်သောကြောင့် STATE နှင့် Institutions ကြီးကြပ် ကွပ်ကဲသည့်အဖွဲ့ အစည်းနှင့် စည်းမျဉ်း စည်းကမ်းများ တည်ရှိလာခြင်းသည် ကုန်ပစ္စည်းများဈေးကြီးသွားရသည်ဟု ထောက်ပြခဲ့ကြသည်။ ထိုစရိတ်စကများက ဈေးကွက်က မျှတကျခံရသောကြောင့် အိမ်တွင်စိုက်၍၊ ထုတ်လုပ်၍ ဈေးတွင် သွားရောက်ရောင်းချသော တိုက်ရိုက် သမားရိုးကျဖလှယ်စနစ် (Exchange) ထက် ဈေးနှုန်းများ မြင့်တက်သွားစေသည်ဟု ထောက်ပြခဲ့သည်။ စီးပွားရေးပညာရပ်နယ်ပယ်တွင် ဤသို့ ပိုမိုကုန်ကျသွားသော စရိတ်စကများကို Transaction Cost ဟု သုံးနှုန်းလေ့ရှိသည်။

နောက်ပိုင်းပေါ်ထွန်းလာခဲ့သော Neoclassical စီးပွားရေးသီအိုရီများက STATE ခေါ် နိုင်ငံတော်များတည်ရှိမှုကို လက်ခံလာခဲသည်ကို တွေ့ရသည်။

STATE ဟုခေါ်သည့် နိုင်ငံတော်နှင့် Institutions များဖြစ်သည့် ကြီးကြပ်ကွပ်ကဲသည့်အဖွဲ့အစည်းများ စည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အကောင်းဆုံးနားလည်နိုင်သော သီအိုရီနှစ်မျိုးရှိသည်။

Contract Theories of The State သည် Neoclassical စီးပွားရေးပညာရှင်များက သုံးသပ်သောနည်းလမ်းဖြစ်ပြီး ၎င်းတို့၏လက်စွဲ Theorem of Exchange ၏ အဆက်အဖြစ် ရှင်းပြကြသည်။

Predatory or Exploitation Theory of the State မှာ Marxist သီအိုရီများရှုထောင့်မှ အရင်းရှင်စီးပွားရေးစနစ်ကျင့်သုံးသည့် STATE များကို ဝေဖန်ရာတွင် သုံးစွဲသောသဘောတရားဖြစ်သည်။

လူ့အဖွဲ့အစည်းတစ်ခု၏ လူမှုစီးပွားရေးဘဝကို သုံးသပ်ရာတွင် Marxist Framework[6] သည် အကောင်းဆုံး သုံးသပ်နိုင်သော ခွဲခြမ်းစိတ်ဖြာမှုဆိုင်ရာ အမြင်သဘော တရားများပါရှိသည်ကို တွေ့ရသည်။ အဓိကအားဖြင့် Marxist Framework တွင် Neoclassical စီးပွားရေးသီအိုရီများအရ ရှုထောင့်တွင်ပါဝင်လေ့မရှိသည့် နိုင်ငံတော်(STATE)၊ ကြီးကြပ်ကွပ်ကဲမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် ဥပဒေစည်းမျဉ်းစည်းကမ်းများ(Institutions)၊ ပုဂ္ဂလိကပိုင်ဆိုင်ခွင့် စသည်များ အပြည့်အစုံစဉ်းစားထားခြင်းကြောင့် ဖြစ်သည်။ Marxist သီအိုရီများသည် လူ့အဖွဲ့အစည်းတစ်ခု၏ နိုင်ငံရေးနှင့် စီးပွားရေးကို အကောင်းဆုံးချိတ်ဆက်နားလည်ပေးနိုင်သော Framework ဖြစ်ပေသည်။ Marxist သီအိုရီများအရ လူ့သမိုင်းတွင်ရှိခဲ့သော နိုင်ငံရေးနှင့် နိုင်ငံရေးစနစ် အားလုံးသည် လူတို့၏ ကုန်လုပ်ဆက်ဆံရေးသမိုင်းသာ ဖြစ်ပေသည်။ လူတို့သည် အသက်ရှင်ရပ်တည်ရေးအတွက် ကုန်ထုတ်လုပ်ငန်း (ဝန်ဆောင်မှုအပါအဝင်)ဟူသော အလုပ်ဖြစ်စဉ်တစ်ခုတွင် ပါဝင်ကြရသည်။ ဤတွင် Means of Producation ခေါ် သက်မဲ့ဖြစ်သည့် ကုန်ထုတ်အရင်းအနှီးများ လိုအပ်လာခဲ့သည်။

Means of Production ဆိုရာတွင် သက်မဲ့ဖြစ်သော ထိန်းချုပ်ရန်လည်းလွယ်ကူသည့် မြေယာ၊ သယံဇာတများ၊ စက်ရုံအလုပ်ရုံများ၊ စီးပွားရေးလုပ်ငန်းများ၊ ကုန်စည်ဖြန့်ဖြူးရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အား၊ ဆက်သွယ်ရေးကိရိယာများ၊ စီးပွားရေးလုပ်ငန်းများ၊ လိုင်စင်များ၊ အစုရှယ်ယာများနှင့် ကုန်ထုတ်ကိရိယာများအားလုံးပါဝင်ပေသည်။ ကမ္ဘာပေါ်ရှိစစ်ပွဲများ၊ အာဏာလုပွဲများ ကိုလိုနီပြုခြင်းများသည် အဆိုပါ Means of Production ကို ထိန်းချုပ်နိုင်ရန် ဆင်နွှဲခဲ့ကြခြင်းဖြစ်ပေသည်။ ယနေ့ကမ္ဘာပေါ်တွင် Super Power ဟု အားလုံးက သိရှိထားကြသည့် အမေရိကန်ပြည်ထောင်စု၏ နိုင်ငံခြားရေးမူဝါဒဆိုသည်မှာ အမှန်အားဖြင့် Means of Production ဟု ခေါ်ဆိုရမည့် ရေနံကို ဗဟိုပြုထားသော အမေရိကန်အမျိုးသား အကျိုးစီးပွားဆိုင်ရာ သံခင်းတမန်ခင်း မဟာဗျူဟာပင်ဖြစ်ပါသည်။

ကုန်ထုတ်စွမ်းအားစုဆိုသည်မှာ လူသား၊ လူသား၏ အသိဉာဏ်၊ နည်းပညာကျွမ်းကျင်လိမ္မာမှုများနှင့် သက်မဲ့ဖြစ်သည့် Means of Production များ ပေါင်းစုခေါ်ဆိုခြင်းကို ဆိုလိုပေသည်။ တစ်နည်းအားဖြင့် Physical Capital, Human Capital, Technological Capital တို့၏ အစုအဝေးလည်းဖြစ်သည်။ Means of Production များသည် သက်မဲ့ဖြစ်၍ အသိဉာဏ်ရှိသူ လူသားနှင့် ပေါင်းဆုံလိုက်သောအခါ ကုန်ထုတ်စွမ်းအားစုများဖြစ်သွားပြီး ကုန်ထုတ်လုပ်မှုဆိုသော လူ့အဖွဲ့အစည်း၏ စီးပွားရေးဘဝ ပေါ်ထွန်းလာခဲ့ခြင်းဖြစ်ပေသည်။

လူ့အဖွဲ့အစည်းတစ်ခုတွင် စီးပွားရေးဘဝဖြစ်ထွန်းလာသောအခါ လူသားအချင်းချင်း နိုင်လိုမင်းထက်ပြုမှုမှ အကာအကွယ်ပေးရန်၊ Means of Production များကို စနစ်တကျရယူသုံးစွဲရန် ထိုလူ့အဖွဲ့အစည်းအတွင်းမှပင် ပြန်လည်စီမံခန့်ခွဲရန် လိုအပ်လာခဲ့ရာ State ခေါ် နိုင်ငံတော်များပေါ်ပေါက်လာပြီး Ruler ခေါ် အုပ်ချုပ်သူလူတန်းစားများ ပေါ်ထွန်းလာခဲ့သည်။ ကျန်လူ့အဖွဲ့အစည်း၏ အဖွဲ့ဝင်များသည် Ruled ခေါ် အုပ်ချုပ်ခံလူတန်းစား ဖြစ်သွားခဲ့ခြင်းဖြစ်သည်။ လူ့အဖွဲ့အစည်း၏ စီးပွားရေးဘဝဖြစ်သည့် ကုန်

[6] http://wordnetweb.princeton.edu/perl/webwn?s=marxism: the economic and political theories of Karl Marx and Friedrich Engels that hold that human actions and institutions are economically determined and that class struggle is needed to create historical change and that capitalism will ultimately be superseded by communism

www.foreverspace.com.mm

ထုတ်လုပ်မှုဖြစ်စဉ်ဘက်မှကြည့်လျှင် အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံများ၏ ဆက်ဆံရေးဆိုသည်မှာ စီးပွားရေးဖြစ်စဉ်အတွင်း လူသားများ၏ 'ကုန်လုပ်ဆက်ဆံရေး' သာဖြစ်သည်။ တစ်နည်းအားဖြင့်ပြောရလျှင် Means of Production ကို ထိန်းချုပ်ထားသူများနှင့် ထိန်းချုပ်ခွင့်မရှိသူများ၏ ဆက်ဆံရေးပင်ဖြစ်ပေသည်။ တစ်နည်းအားဖြင့်ပြောရလျှင် Marxist သီအိုရီများအရ 'ကုန်လုပ်ဆက်ဆံရေး' ဆိုသည်မှာ သက်ဆိုင်ရာနိုင်ငံ၏ စီးပွားရေးစနစ်ကို ဆိုလိုခြင်းဖြစ်ပေသည်။ အဆိုပါ Means of Production များကို ထိန်းချုပ်ထားသူ Ruler များက 'ကုန်လုပ်ဆက်ဆံရေး' အရ အုပ်ချုပ်ခံများကို ရယူခွင့်ပေးသမျှသည် Neoclassical Theory များကရည်ညွှန်းသော Property Rights ပင်ဖြစ်တော့သည်။ Ruler ခေါ် အုပ်ချုပ်သူများက အခွန်ကောက်ယူသည်ဆိုခြင်းကို Marxist သီအိုရီများအရ Surplus Extraction အမြတ်အစွန်းထုတ်ယူခြင်းဖြစ်ပြီး အခွန်ကောက်အပြီး ကျန်ငွေသည် အုပ်ချုပ်သူ Ruler က ခွင့်ပြုသော မြတ်စွန်းခွင့် Property Rights ပင်ဖြစ်ပေသည်။ ဤနေရာတွင် အခွန်ဆိုသည်မှာတိုက်ရိုက်ကောက်ယူသောအခွန်အပြင် သွယ်ဝိုက်ကောက်ယူသော အခွန်အမျိုးမျိုးကိုလည်း ဆိုလိုပါသည်။



အထက်တွင်ဖော်ပြခဲ့သော Marxist Framework သည် အရင်းရှင်စီးပွားရေးစနစ်ကို ဝေဖန်ရာတွင် အသုံးပြုခဲ့ခြင်းဖြစ်သည်။ Marxist သီအိုရီများအရ အရင်းရှင်စီးပွားရေးစနစ်တွင် ကုန်လုပ်စွမ်းအားစုများကို ထိန်းချုပ်ထားသူများမှာ အရင်းရှင် (တစ်နည်း) Ruler များဖြစ်၍ အရင်းမရှိလုပ်အားသက်သက်သာရှိသူ လူသားများသည် မမျှမတ အမြတ်ထုတ်ခြင်းကိုခံရသည်ဟု ထောက်ပြခြင်းဖြစ်သည်။ စစ်အေးကာလအတွင်း တည်ရှိခဲ့သော ဆိုရှယ်လစ်ကွန်မြူနစ်နိုင်ငံများက အရင်းရှင်စနစ်၏ ကုန်လုပ်ဆက်ဆံရေးသည် လုပ်အားသာရှိသည့် လူထုအပေါ်ကို ကုန်လုပ်စွမ်းအားစုများအား ထိန်းချုပ်ထားသူ အရင်းရှင်များ၏ အမြတ်ထုတ်မှုသာဖြစ်သည်ဟုဆိုကာ ကုန်လုပ်စွမ်းအားစုများကို လူ့အဖွဲ့အစည်းက စုပေါင်းပိုင်ဆိုင်သည့် ဆိုရှယ်လစ်စနစ်ကို စိတ်ကူးယဉ်ခဲ့ကြခြင်းဖြစ်သည်။ သို့သော် အဆုံးတွင် စုပေါင်းပိုင်ဆိုင်သည်ဆိုသော ကုန်လုပ်စွမ်းအားစုများကို ထိန်းချုပ်ပိုင်ခွင့်ရှိသည့် လူတစ်စု၊ လူတန်းစားတစ်ရပ်သာ ပန်းတိုင်ရောက်သွားပြီး ကျန်လူ့အဖွဲ့အစည်းတစ်ခုလုံးမှာ ဆိုးရွားသောအခြေအနေတွင် ကျန်ရစ်ခဲ့ကြရသည်ကို တွေ့ရပေသည်။ ဆိုရှယ်လစ်စနစ်က ဆင်နွှဲသောတော်လှန်ရေးဆိုသည်မှာ ကုန်လုပ်စွမ်းအားစုများကို ထိန်းချုပ်ထားသည့် လူတန်းစားအလွှာကို ကုန်လုပ်စွမ်းအားစုများအား ထိန်းချုပ်နိုင်ခွင့်မရှိသည့် လူတန်းစားအလွှာက တိုက်ပွဲဆင်ခြင်းဖြစ်သည်။ Means of Production ခေါ် ကုန်လုပ် စွမ်းအားစုများကို စုပေါင်းပိုင်ဆိုင်သော လူတန်းစားမဲ့ လူ့အဖွဲ့အစည်းကို စိတ်ကူးယဉ်ခဲ့ခြင်းဖြစ်သည်။ လက်တွေ့တွင် အုပ်စိုးသူ လူတန်းစားကသာ ပန်းတိုင်ရောက်သွားပြီး နိုင်ငံစီးပွားရေးချွတ်ခြုံကျသွားခဲ့ရာ ဤ Marxist Framework မှားယွင်းသည်ဟု အားလုံးက အထင်ရောက်သွားခဲ့သည်။

နိုင်ငံတစ်ခု၏ စီးပွားရေး စနစ်ဆိုသည်မှာထိုလူ့အဖွဲ့အစည်း ကုန်လုပ်ဆက်ဆံရေးသာ ဖြစ်သည်ဆိုခြင်းမှာ စီးပွားရေးမူဝါဒများကို အခြေခံကျကျ သဘောပေါက်နိုင်သော အကောင်းဆုံးရှင်းလင်းချက်ဖြစ်ပေသည်။ လူ့အဖွဲ့အစည်းအတွင်း အစိုးရနှင့် ပြည်သူ ဆက်ဆံရေး ဆိုသည်မှာ Ruler နှင့် Ruled တို့၏ ကုန်လုပ်ဆက်ဆံရေးသာဖြစ်သည်ဆိုသော အချက်မှာ နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်များအပါအဝင်ဖြစ်သည့် နိုင်ငံတော် State ဟူသောသဘောတရားကို အကောင်းဆုံး နားလည်နိုင်သော သုံးသပ်ချက်ဖြစ်ပေသည်။ Marxist Framework တွင် ကုန်လုပ်စွမ်းအားစုများကို စုပေါင်းပိုင်ဆိုင်သည့် လူတန်းစားမဲ့ လူ့အဖွဲ့အစည်းဆိုသော ပန်းတိုင်ခေါ်အဆုံးသတ်သုံးသပ်ချက် အပြေက မှားယွင်းနေခြင်းဖြစ်သည်။ Utopian Goals ဟု လူမှုသိပ္ပံပညာရှင်များက ထောက်ပြကြသည်။[7]

သို့သော် အထက်တွင်ဖော်ပြခဲ့သကဲ့သို့ Marxist သီအိုရီများ၏ 'ကုန်လုပ်ဆက်ဆံရေး' Production Relation သည် စီးပွားရေးစနစ်ကြီးတစ်ခုလုံးကို သုံးသပ်ရန်၊ စီးပွားရေးမူဝါဒများ၏ အရင်းခံဖြစ်သည့် Values များကို သုံးသပ်ရန် အကောင်းဆုံး Framework ဖြစ်ပေသည်။ ကုန်လုပ်ဆက်ဆံရေးဟုဆိုရာတွင် Marxist သီအိုရီများက (၁) ကုန်လုပ်စွမ်းအားစု Means of Production ကို မည်သူများက မည်သို့ထိန်းချုပ်သည်၊ (၂) Social Relation ခေါ် Means of Production ကို ထိန်းချုပ်သူများ သို့မဟုတ် အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံလူတန်းစားများ၏ အလွှာဖြစ်တည်ပုံနှင့် ဆက်ဆံရေး၊ (၃) Relations of Distribution and

[7] North:Institutions, Institutional Change and Economic Performance:

www.foreverspace.com.mm

Consumption ခေါ် ဖြန့်ဝေသုံးစွဲပုံများအားလုံးကို ရှင်းပြထားရာ စီးပွားရေးစနစ်ကို တွေ့မြင်နိုင်ခြင်း ဖြစ်ပေသည်။

**Marxist သီအိုရီများကဖော်ညွှန်းသော ကုန်လုပ်ဆက်ဆံရေးဆိုသည်မှာ သက်ဆိုင်ရာလူ့အဖွဲ့အစည်း၏ စီးပွားရေးစနစ်ဖြစ်သည်ဟုဆိုလျှင် Marxist သီအိုရီများက ညွှန်ပြသော Mode of Production မှာ သက်ဆိုင်ရာနိုင်ငံ၏ နိုင်ငံရေးစနစ်ကို ပုံဖော်သောသဘောရှိသည်ဟု ဆိုနိုင်ပါသည်။**


Marxist သီအိုရီများအရ လူ့အဖွဲ့အစည်းတစ်ခု၏ နိုင်ငံရေး၊ စီးပွားရေးအားလုံးပါဝင်သည့် လူမှုဘဝ မည်သို့မည်ပုံတည်ရှိ၍ မည်သို့ပြောင်းလဲနေသည်ဆို သောအချက်မှာ Mode of Production[8] ခေါ် လူ့အဖွဲ့အစည်း၏ ထုတ်လုပ်မှုစနစ်အပေါ် မူတည်နေခြင်း ဖြစ်ပေသည်။

Mode of Production ခေါ် ကုန်ထုတ်လုပ်မှုစနစ်သည် နိုင်ငံရေးစနစ်ကို ပြဋ္ဌာန်းသည်ဆိုသော အယူအဆကို အောက်ဖော်ပြပါ ထင်ရှားသော Mode of Production များကို လေ့လာကြည့်လျှင် သိသာထင်ရှားစွာ နားလည်နိုင်သည်ကို တွေ့နိုင်ပါသည်။ Marxist သီအိုရီများကညွှန်ပြသော ကွန်မြူနစ်လူ့ဘောင်သည် သဘာဝမကျသော်လည်း အဆိုပါသီအိုရီက အခြားစနစ်များကို ခွဲခြမ်းစိတ်ဖြာခဲ့ပုံမှာ သဘာဝကျ၍ ရှင်းလင်းပါသည်။

Capitalist Mode of Production ဟုခေါ်ကြသည့် အရင်းရှင်စီးပွားရေးစနစ်တွင် ကုန်လုပ်စွမ်းအားစုများကို ထိန်းချုပ်ခွင့်ရှိသူ STATE က ကန်ထရိုက်သဘောဖြင့် ပုဂ္ဂလိကကဏ္ဍသို့ ရယူသုံးစွဲခွင့်ပြုထားရာ ကုန်လုပ်စွမ်းအားစုများကို အရင်းအနှီးရှိသူ အရင်းရှင်များက ထိန်းချုပ်ထားသည်ဟု Marxist သီအိုရီများက ဖွင့်ဆိုသည်။ တစ်နည်းအားဖြင့် အရင်းရှင် လူတန်းစားအလွှာက အရင်းမဲ့ Proletariat ခေါ် လုပ်ခစားလုပ်သားများကို သွေးစုပ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ သို့ရာတွင် အမှန်အားဖြင့် ဈေးကွက်စီးပွားဟု ပြောင်းလဲသုံးစွဲနေပြီဖြစ်သည့် ယနေ့ခေတ်တွင် ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာကျင့်သုံးကြသည့်နိုင်ငံများသည် ကုန်လုပ်စွမ်းအားစုများကို မည်သို့မည်ပုံ ရယူသုံးစွဲနိုင်သည်ဆိုသောကိစ္စကို Institutionalize ပြုလုပ်ထားရာ ဥပဒေစည်းမျဉ်းစည်းကမ်းများ ပီပြင်သည်နှင့်အမျှ Check and Balance များပေါ်လာပြီး မည်သည့်လူတန်းစားအလွှာက ထိန်းချုပ်သည်ဆိုသောသဘောကို အကောင်းဆုံးလျှော့ပါးအောင် ပြုလုပ်ထားနိုင်သည်ကို တွေ့ရပေသည်။ (ဥပမာ–OECD နိုင်ငံများ)

State Capitalism ခေါ်သောစနစ်သည် ဆိုရှယ်လစ်စနစ်အပါ ဗဟိုဦးစီးစနစ်ကိုကျင့်သုံးသည့် Mode of Production ကို ဆိုလိုခြင်းဖြစ်ပေသည်။ ကုန်လုပ်စွမ်းအားစုများကို ပြည်သူကစုပေါင်းပိုင်ဆိုင်သည်ဟုဆိုသော်လည်း လက်တွေ့တွင် စုပေါင်းပိုင်ဆိုင်သော ကုန်လုပ်စွမ်းအားစုများကို နိုင်ငံတော်ဟုခေါ်သည့် STATE က ပိုင်ဆိုင်ပြီး STATE ခေါ် နိုင်ငံတော်ကို စီမံခန့်ခွဲသူ လူတန်းစားအလွှာတစ်ခု၊ လူတစ်စုသာ ပန်းတိုင်ရောက်သွားခြင်းဖြစ်၍ ယခုအခါ ဆိုရှယ်လစ်စနစ်၊ ဗဟိုဦးစီးစနစ်များကို နိုင်ငံအများအပြားက စွန့်ခွာသွားကြပြီဖြစ်သည်။

Predatory Theory of State မှာ Marxist သီအိုရီ၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး အဆိုပါသီအိုရီအရ STATE ဆိုသည်မှာ ကုန်လုပ်စွမ်းအားစုများချုပ်ကိုင်ထားသော အဖွဲ့အစည်း သို့မဟုတ် Class အလွှာတစ်ခုဖြစ်ပြီး ထိုအလွှာက ကျန်လူ့အဖွဲ့အစည်းထံမှ အမြတ်အစွန်းကို အဆိုပါအုပ်စု သို့မဟုတ် လူတန်းစားအလွှာ၏ အကျိုးစီးပွားအလို့ငှာ ထုတ်ယူခြင်းဖြစ်သည်။ အဆိုပါ သီအိုရီအရ (၎င်းတို့အဆို အရင်းရှင်လူ့အဖွဲ့အစည်းတွင်) ပေးအပ်လေ့ရှိသော ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ဆိုသည်မှာ နိုင်ငံတော်အာဏာကိုချုပ်ကိုင်ထားသော ထိုအဖွဲ့အစည်း သို့မဟုတ် Class အလွှာ၏ အကျိုးစီးပွားအများဆုံးရရှိရေးကို ဦးတည်ထားပြီး ကျန်လူ့အဖွဲ့အစည်း၏ ချမ်းသာကြွယ်ဝမှုအတွက် ထည့်သွင်းစဉ်းစားထားခြင်းမရှိဟု ဆိုသည်။ Predatory Theory က နိုင်ငံတော်ဆိုသည်မှာ အုပ်ချုပ်ခံ လူတန်းစားများထံမှ အမြတ်အစွန်းအကျိုးအမြတ် ထုတ်ယူသော အဖွဲ့အစည်း



[8] Dr. M.D. Murphy :http://www.as.ua.edu/ant/Faculty/murphy/marxism.htm: the means and relations of production. Marx is inconsistent with his discussions of these modes, often referring to specific technologies (2). One of the primary concerns with modes of production has to do with the classifications of this scheme; scale and homogeneity (especially between the core and the periphery) being a primary question in the determination of classes. Marx does not focus on pre-capitalist modes in general, and his statements about them are often questionable.

www.foreverspace.com.mm

(Agency) သို့မဟုတ် အုပ်စု (Group) သို့မဟုတ် လူတန်းစားအလွှာ (Class) ကိုဆိုလိုပြီး ၎င်းတို့၏ အကျိုးကျေးဇူး အများဆုံးရရှိမှုကို လုပ်ဆောင်သည်ဟုရှင်းပြသည်။ (တတိယကမ္ဘာ့နိုင်ငံအများအပြားသည် ဤသီအိုရီနှင့်ကိုက်ညီသည်ကို တွေ့ရသည်။ ဥပမာ–သက်ဆင်လက်ထက် ထိုင်းနိုင်ငံ)

Neoclassical စီးပွားရေးပညာရှင်များကရှုမြင်သော STATE ဆိုသည်ကို Contract Theory ဖြင့် ရှင်းပြနိုင်ပြီး Contract Theory အရ STATE ဆိုသည်မှာ လူ့အဖွဲ့အစည်း၏ ကြွယ်ဝချမ်းသာမှုနှင့် အကျိုးအမြတ်ရရှိမှုကို အဓိကထိမ်းဆောင်ရန် တာဝန်ရှိသည့်အဖွဲ့အစည်းဖြစ်သည်ဟုဆိုသည်။ Contract ဟုခေါ်သော Institutions များ တစ်နည်းအားဖြင့် စီးပွားရေးကို ကြီးကြပ်ကွပ်ကဲသည့်အဖွဲ့အစည်းနှင့် စည်းမျဉ်းစည်းကမ်းများ (Institutions) က လူတို့၏ စီးပွားရေးလုပ်ဆောင်မှုကို ယှဉ်ပြိုင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စည်းကမ်းများ သတ်မှတ်ပေးခြင်းကြောင့် Property Rights ခေါ် ပုဂ္ဂလိကပိုင်ဆိုင်မှုကို အကာအကွယ်ပေးသည့်သဘောဖြစ်သွားပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းသည်ဟု ရှင်းပြသည်။ တစ်နည်းအားဖြင့်ပြောရလျှင် ကုန်လုပ်စွမ်းအားစုများ ထိန်းချုပ်ခွင့်ကို စည်းမျဉ်းစည်းကမ်းသတ်မှတ်လိုက်သောကြောင့် ရယူသုံးစွဲခွင့်ခေါ် Property Rights ပေါ်ပေါက်လာခြင်းဖြစ်ပေသည်။ (တစ်နည်းအားဖြင့်ပြောရလျှင် မထိန်းချုပ်ထားသော Means of Production သည် Property Rights ခေါ် ရပိုင်ခွင့်ပင်ဖြစ်သည်။

OECD နိုင်ငံများတွင် State ခေါ် နိုင်ငံတော်သည် ဤတာဝန်ကို ထမ်းဆောင်နိုင်သည့်အဆင့်ကိုရောက်ရှိနေသည်ကို တွေ့ရမည်။)

အဓိကဖော်ပြလိုသည်မှာနိုင်ငံရေး ဟုခေါ်ကြသည့် State ၊ မည်သို့ ဖွဲ့စည်းတည်ဆောက်သည်ဆိုသော (Government) နှင့် မည်သို့ စီမံခန့်ခွဲသည်ဆိုသော (Governance) တို့သည် စီးပွားရေး မျက်နှာစာတွင် အရေးကြီးသော Institution ခေါ် အဖွဲ့အစည်း စည်းမျဉ်း စည်းကမ်းကောင်းသွင်းကြီးကြပ်ခြင်း တစ်နည်းအားဖြင့် Regulatory Process နှင့် တစ်သားတည်း ဆက်စပ်နေသည်ဖြစ်ရာ အမြတ်အစွန်း၊ ရှင်သန်မှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကို သက်ရောက်မည့် ကုန်လုပ်ဆက်ဆံရေး ပေါ်ထွန်းရေး၊ Transaction Costs ဟုခေါ်သော နိုင်ငံတော်(STATE) ၏ ကြီးကြပ်မှုဆိုင်ရာ စရိတ်စက၊ ကုန်ထုတ်လုပ်မှုဝန်ဆောင်မှုဆိုင်ရာ စရိတ်စကများ လျှော့ချရေးတွင် နှစ်ခုစလုံးကို တစ်ပြိုင်နက် ပြုပြင်ပေးရန် လိုအပ်သည်ဆိုသောအချက်ဖြစ်ပါသည်။

အထက်တွင်ဖော်ပြခဲ့သော သီအိုရီနှစ်ခုကိုကြည့်လျှင် State ဟုခေါ်သော နိုင်ငံတော်များ၏အခန်းကဏ္ဍကို ရှုမြင်ပုံကွဲလွဲနေသော်လည်း ဥပမာများကိုကြည့်လျှင် နှစ်မျိုးစလုံးမှန်ကန်သည်ဟု ပြောရမည်ဖြစ်သည်။ အဓိကကျသောအချက်မှာ ကုန်လုပ်စွမ်းအားစုများ ထိန်းချုပ်ခွင့်ကို Institutions များ ပေါ်ထွန်းစေ၍ Check and Balance ဖြစ်ပေါ်စေကာ နိုင်ငံတော်ဟုခေါ်သော State က ထမ်းဆောင်ရမည့်တာဝန်ကို ပီပြင်စေခြင်းဖြစ်သည်။ ဥပဒေ စည်းမျဉ်းစည်းကမ်းများဖြင့် ကုန်လုပ်စွမ်းအားစုများအား ထိန်းချုပ်ခွင့်ကို မကန့်သတ်နိုင်သရွေ့ State ဆိုသည်မှာ Predatory Theory က ဖွင့်ဆိုခဲ့သကဲ့သို့ လူတစ်စု၊ လူတန်းစားအလွှာတစ်ခု၏ ထိန်းချုပ်မှုသာဖြစ်နေဦးမည် ဖြစ်ပေသည်။



www.foreverspace.com.mm

## ၁-၃။ From 'STATE' to 'STATENESS'

စင်စစ်အားဖြင့် နိုင်ငံတော်တည်ဆောက်ရေးဆိုသည်မှာ ပုဂ္ဂလိကများတစ်ဦးချင်းကို ၎င်းတို့၏ အတ္တအလို့ငှာ မက်လုံးများ ပေး၍ အလုပ်လုပ်စေပြီး အဆုံးတွင် ၎င်းတို့တစ်ဦးချင်းလည်း ပန်းတိုင်ရောက်၊ ၎င်းတို့၏လူ့အဖွဲ့အစည်းလည်း ပန်းတိုင်ရောက် ဆိုသောသဘောတရားပင် ဖြစ်ပါသည်။

အတ္တအလို့ငှာပေးသော မက်လုံးများဆိုသည်ကို နိုင်ငံရေး ဘောဂဗေဒနယ်ပယ်တွင် (Property Rights) ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်ခွင့်၊ လွှဲပြောင်းခွင့်၊ အမြတ်အစွန်းထုတ်ယူခွင့်များကို ဆိုလိုပါသည်။ တစ်ဖက်တွင်လည်း ပုဂ္ဂလိကတစ်ဦးချင်းက ၎င်းတို့၏ တစ်ဦးချင်း ကိုယ်ကျိုးစီးပွားကို အလွန်အကျွံအကောင်အထည်ဖော်မှုများမပြုလုပ်နိုင်စေရန် 'ကစားပွဲစည်းမျဉ်း'များ (Institutions) ပြဋ္ဌာန်းရန်လိုအပ်သည့်အတွက် 'အစိုးရ' ဆိုသူများ ပေါ်ပေါက်လာခဲ့သည်။ Institutions များ၊ Stakeholders များနှင့် အစိုးရဆိုသူတို့ကိုပေါင်း၍ 'STATE' ခေါ် နိုင်ငံ တော်ဆိုသော အသုံးအနှုန်းကို နိုင်ငံရေးသိပ္ပံတွင် သုံးနှုန်း သော်လည်း များသောအားဖြင့် အစိုးရများက ၎င်းတို့ကိုယ်၎င်းတို့ STATE ဟု ထင်မှတ်သုံးစွဲလာခဲ့သည်ကိုလည်း တွေ့ရသည်။ နောက်ပိုင်းတွင် နာမည်ကျော်ပါမောက္ခ ဖရန့်စစ်ဖူကူယားမား အပါအဝင် နိုင်ငံရေး သိပ္ပံပညာရှင်များက Institutions များ၏အရည်အသွေးကို မြှင့်တင်ပြီး ကစားပွဲစည်းမျဉ်းများနှင့်ကြီးကြပ်နိုင်စွမ်းရှိသော အစိုးရများကိုပေါင်း၍ STATENESS ဟု ပိုမိုထင်ရှားစေရန် သုံးနှုန်းလာခဲ့သည်ကို တွေ့ရသည်။




မည်သို့ပင်ဖြစ်စေ 'နိုင်ငံတော်' ဆိုသူများသည် ပုဂ္ဂလိက ပစ္စည်းပိုင်ဆိုင်မှုကို အကာအကွယ်ပေးရန် (Property Rights) ကစားပွဲစည်းမျဉ်းများ သတ်မှတ်ပြဋ္ဌာန်း ကြီးကြပ်ပေးရန် (Institutionalization)၊ ဝင်ငွေခွဲဝေမှု၊ ဓနဥစ္စာခွဲဝေမှု မျှတစေရန် (Redistribution) (Income Distribution)၊ ပြည်သူ့ရေးရာဝန်ဆောင်မှုများ ထောက်ပံ့ပေးနိုင်ရန် (Public Goods) လိုအပ်ချက်အရ ပေါ်ပေါက်လာရပေသည်။

နိဒါန်းတွင်ဖော်ပြခဲ့သည့် နိုင်ငံတည်ဆောက်ရေးဆိုသော အချက်ကို 'STATE' ဟုခေါ်သည့် နိုင်ငံတော်ကိုပါ ထည့်သွင်းရှင်းလင်းရမည်ဆိုလျှင် နိုင်ငံတော်က လူတစ်ဦးချင်းကို ပိုင်ဆိုင်မှု၊ အကျိုးအမြတ်ဆိုင်ရာမက်လုံးများပေး၍ လူတိုင်းကို အလုပ်လုပ်စေပြီး တစ်ဦးချင်းလည်း ပန်းတိုင်ရောက်၊ နိုင်ငံတော်လည်း ပန်းတိုင်ရောက် ဝိုင်းဝန်းတည်ဆောက်ရေးကို ဆိုလိုပေသည်။ သို့သော်လည်း လက်တွေ့တည်ဆောက်ရေးတွင် လူတိုင်းက အလုပ်ကြိုးစားကြခြင်းမရှိသကဲ့သို့ နိုင်ငံတော်ကလည်း လူတိုင်းကို ပါဝင်အလုပ်လုပ်ခွင့်ပေးကြသည်မဟုတ်ပါ (Economic Rent)။ တစ်ခါတစ်ရံ လူတိုင်းကို အလုပ်လုပ်ခွင့်ပေးချင်သည့်တိုင် ကုန်လုပ်စွမ်းအားစုများ အသင့်မရှိသည့်အခါ အကန့်အသတ်ဖြင့် မည်သူ့ကိုခွင့်ပြုမည်ဆိုသောကိစ္စကို ဆုံးဖြတ်ရန် လိုအပ်လာခဲ့သည် (Rent Seeking)။

နိုင်ငံတည်ဆောက်ရေးသည် အချိန်ကာလတစ်ခု ကြာလာသောအခါ နိုင်ငံတော်၊ အစိုးရ၊ အလုပ်လုပ်သူများ၊ အလုပ်မလုပ်သူများ၊ လုပ်စရာမရှိသူများ၊ လုပ်စရာတစ်ခုခုမကျွမ်းကျင်သူများ အမျိုးမျိုးရှိလာသောကြောင့် အုပ်စိုးသူ လူတန်းစား၊ လူလတ်တန်းစားနှင့် အခြေခံလူတန်းစား ဟူ၍ အပိုင်းသုံးပိုင်းကွဲပြားလာ ခဲ့သည်။ Marxist သီအိုရီများအရ လူတန်းစားများ အပေါ်သို့ဆန်တက်သည့်သဘောရှိရာ နိုင်ငံတည်ဆောက်ရေးတွင် လူလတ်တန်းစားများ အပေါ်တက်ခွင့်အလို့ငှာ ရွေးကောက်ပွဲများ ကျင်းပပေးရသည်။ ပြေလည်သည်များရှိသကဲ့သို့ မပြေလည်မှုများလည်း ရှိခဲ့ပေသည် (Class Struggle)။

မည်သို့ပင်ဖြစ်စေ နယ်နိမိတ်တစ်ခု၊ လူဦးရေတစ်ခု၊ အစိုးရတစ်ခုတို့ရှိလျှင် STATE ခေါ် နိုင်ငံတော်တစ်ခု ဖြစ်နိုင်သော်လည်း ပိုမိုပီပြင်သည့်အဆင့်သို့တက်လှမ်းရေး STATENESS ဆိုသည်မှာ အထက်တွင်ဖော်ပြခဲ့သော အရာအားလုံးကို မည်မျှဖြည့်ဆည်းပေးနိုင်သနည်းဆိုသော အချက်ပေါ်တွင် များစွာ မူတည်ပါသည်။ တစ်ဖက်တွင်လည်း နိုင်ငံတော်များက STATENESS အလို့ငှာ ကုန်ကျသော စရိတ်စကအားလုံးကို စားသုံးသူအားလုံးက မျှမျှတတကျခံကြရသည်ဆိုသော သဘောကိုလည်း မမေ့အပ်ပေ (Transaction Cost)။

www.foreverspace.com.mm



# အပိုင်း(၂)

# POLITICAL ECONOMY OF THE INSTITUTIONS

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ မက်ခရိုစီးပွားရေးညွှန်ကိန်းများဖြစ်သော ဂျီဒီပီ၊ ငွေကြေးဖောင်းပွမှု (CPI)၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုလိုငွေ၊ ဘတ်ဂျက်လိုငွေ၊ လည့်ပတ်နေသောငွေကြေးပမာဏ စသည့် ညွှန်ကိန်းများကို စီးပွားရေးပညာရှင်များက များစွာအလေးထား၍ တွက်ချက်ကြလေ့ရှိပါသည်။

အလားတူပင် နိုင်ငံရေးဘောဂဗေဒပညာရှင်များက ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရေးအတွက် အရေးတကြီးလိုအပ်သော်လည်း ကိန်းဂဏန်းညီမျှခြင်းဆွဲ တွက်ချက်၍မရသော စီးပွားရေးလုပ်ငန်းများ၏ ပုဂ္ဂလိကပိုင်ဆိုင်ခွင့် (Porperty Rights) ဝင်ရောက်လုပ်ကိုင်ခွင့် (Business Entry)၊ စီးပွားရေးအကွက်အကွင်းများ ရယူလုပ်ကိုင်ခွင့်/စီးပွားရေးအကွက်အကွင်းများ နေရာချထားခြင်း (Economic Rent) နှင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မလိုအပ်သည့် ကုန်ကျစရိတ်များ (Transaction Cost) တို့ကို အလေးထား၍ ဖော်ပြကြလေ့ရှိပါသည်။ သက်ဆိုင်ရာ နိုင်ငံတော်အစိုးရများက ဤကိစ္စများနှင့်ပတ်သက်သည့် တန်ဖိုးနှုန်းစံများကို Political Decision မပြုလုပ်နိုင်မချင်း စီးပွားရေးပညာရှင်များ၏ Model များ တည်ဆောက်၍မရနိုင်ပါ။

Institutions များသည် လူ့အဖွဲ့အစည်းအတွင်း လူသားအချင်းချင်းဆက်ဆံရေးတွင် ပဋိညာဉ်များပြဋ္ဌာန်းပေးခြင်းဖြစ်သည်။[9] ပို၍ရှင်းအောင်ပြောရလျှင် အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံများအကြား ကုန်လုပ်ဆက်ဆံရေးဆိုင်ရာ ပဋိညာဉ်များပင် ဖြစ်ပါသည်။ စီးပွားရေးပညာရှင်များက ၎င်းတို့၏ အဓိကကျောရိုးဖြစ်သည့် Theory Of Choice ကို ပြောဆိုကြရာတွင် အဆိုပါရွေးချယ်မှုအမျိုးမျိုးကို ပြောင်းလဲစေသည့် Institutions များကို မေ့နေတတ်သည်ဟု ပညာရှင် Douglass C North ကရေးသားခဲ့သည်။[10] အဆိုပါ Institutions ခေါ် စည်းမျဉ်းစည်းကမ်းများသည် လူသားတို့က ကုန်လုပ်စွမ်းအားစုများအပါအဝင်ဖြစ်သည့် ကုန်ထုတ်စွမ်းအားစုများရယူသုံးစွဲမှုတွင် ကြားခံသဖွယ်ရှိနေရာ Institutions များ ပီပြင်လျှင် Choice ကို ဖြစ်ပေါ်စေသော်လည်း မပီပြင်လျှင် ရွေးချယ်စရာမရှိဖြစ်သွားပြီး စီးပွားရေးသီအိုရီများအရ စီးပွားရေးပညာရှင်များက Model အမျိုးမျိုးဆောက်လုပ်ရန်လည်း ခက်ခဲသွားစေသည်ကို တွေ့ရသည်။

Institutions များတွင် အဓိကဖြစ်သော နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှုအမျိုးမျိုးသည် လူသားတို့၏အတွက်ကို စနစ်တကျစည်းကမ်းသတ်မှတ်၍ မျှတသောယှဉ်ပြိုင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကိုဖြစ်စေကာ ထိုသို့သောဝန်ဆောင်မှုအတွက် State က ဝန်ဆောင်ခအမြတ်အစွန်းထုတ်ယူသည့်စနစ်ကို ပြဋ္ဌာန်းပေးခြင်းဖြစ်သည်။ ထို့ကြောင့် Marxist Theory များက အုပ်ချုပ်ခံနှင့် အုပ်ချုပ်သူများ၏ ကုန်လုပ်ဆက်ဆံရေးအဖြစ် ဖွင့်ဆိုခြင်းဖြစ်ပေသည်။ အခြားသော Neoclassical Institutional Theory များက အဆိုပါပဋိညာဉ်ကို ပြဋ္ဌာန်းသူ (Principal) နှင့် အပြဋ္ဌာန်းခံ (Agent) များ၏ဆက်ဆံရေးကို ပြဋ္ဌာန်းခြင်းဖြစ်သည်ဟု သုံးသပ်သည်။ အဆိုပါအယူအဆနှင့် Marxist Theory တို့အကြားတွင် အဓိကကွဲလွဲချက်တစ်ခုရှိနေသည်ကို တွေ့ရသည်။ Neoclassical သီအိုရီအရ စက်ရုံလုပ်သားတစ်ဦးသည် စက်ရုံတွင် အပြဋ္ဌာန်းခံ (Agent) ဖြစ်သော်လည်း စားသုံးသူတစ်ဦးအဖြစ် ကုန်ထုတ်လုပ်သူများအပေါ်တွင် ပြဋ္ဌာန်းသူ (Principal) ပြန်ဖြစ်သည်ဟု ရှင်းပြသည်။ Marxist သီအိုရီများအရ အုပ်ချုပ်ခံလူတန်းစားသည် အမြဲတစေ အပြဋ္ဌာန်းခံဖြစ်နေသည်ဟု ယူဆခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ Institutions များသည် အခြေအနေတစ်ခုတိုင်း ထုတ်လုပ်မှု၊ လွှဲပြောင်းမှု၊ ရောင်းဝယ်မှုဖြစ်စဉ် အဆင့်တိုင်းတွင် ပြဋ္ဌာန်းသူနှင့် အပြဋ္ဌာန်းခံများအကြား မျှတသောအပေးအယူဖြစ်စေရန် ပဋိညာဉ်များ ပြဋ္ဌာန်းပေးရခြင်းဖြစ်ပေသည်။

အမှန်အားဖြင့် နိုင်ငံတစ်ခု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုရာတွင် စီးပွားရေးပညာရှင်များက ညွှန်ပြသော မက်ခရိုစီးပွားရေးညွှန်ကိန်းများကို အာရုံစိုက်ရန်လိုအပ်သကဲ့သို့ နိုင်ငံရေးဘောဂဗေဒပညာရှင်များက ထောက်ပြနေသော Institutions ဟုခေါ်သော 'ကစားပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်း'များ သတ်မှတ်ခြင်းလုပ်ငန်းစဉ်သည်လည်း များစွာအရေးကြီးပါသည်။ (Rule of the game)

ယခုဆောင်းပါးတွင် Institutions ခေါ် Rule of the game များပြဋ္ဌာန်းသည့် လုပ်ငန်းစဉ်များတွင်အရေးကြီးသည့် အထက်



[9] North:Institutions, Institutional Change and Economic Performance: http://www.megaupload.com/?d=1ZYGV4D2

[10] North: Institutions, Institutional Change and Economic Performance

www.foreverspace.com.mm



တွင်ဖော်ပြခဲ့သော အချက်သုံးချက်ကို ဆွေးနွေးလိုပါသည်။

၁။ ကုန်လုပ်စွမ်းအားစုများ ရယူသုံးစွဲခွင့်နှင့် ပိုင်ဆိုင်ခွင့် (Property Rights) နှင့် ဝင်ရောက်လုပ်ကိုင်ခွင့် (Business Entry)

၂။ စီးပွားရေးအကွက်အကွင်းများ ရယူလုပ်ကိုင်ခွင့်/စီးပွားရေးအကွက်အကွင်းများ နေရာချထားခြင်း (Economic Rent)

၃။ မလိုအပ်သောကုန်ကျစရိတ်များ (ဝါ) ကြိုးနီစနစ်ဖြတ်သန်းခ (Transaction Cost)

## ၂-၁။ ကုန်လုပ်စွမ်းအားစုများရယူသုံးစွဲခွင့်နှင့် ပိုင်ဆိုင်ခွင့် (Property Rights)နှင့် ဝင်ရောက်လုပ်ကိုင်ခွင့် (Business Entry)

နိုင်ငံတစ်ခု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရေရေရာရာဖြစ်ပေါ်စေရေးတွင် အဓိကကျသည့် တစ်ခုတည်းသောလိုအပ်ချက်မှာ Property Rights ပင်ဖြစ်ပါသည်။ Property Rights ဆိုသောစကားလုံးကို ဘာသာပြန်ရာတွင် ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်ခွင့်ဟု ဘာသာပြန်သော်လည်း လက်တွေ့ Property Rights မှာ များစွာကျယ်ပြန့်သည်ဟု ဆိုချင်ပါသည်။

Marxist သီအိုရီများကို ကိုးကား၍ရှင်းပြရလျှင် Means of Production များကို ထိန်းချုပ်ထားခြင်းသည် အုပ်ချုပ်ခံများ၏ Property Rights ကို ထိန်းချုပ်ထားခြင်းဖြစ်ပေသည်။ Means of Production များအား ထိန်းချုပ်ထားခြင်းကို လျှော့ပေါ့ပေးသည် ဆိုခြင်းမှာ Property Rights များများခွင့်ပြုခြင်းဖြစ်ပေသည်။



အမှန်အားဖြင့် Property Rights ဆိုသည်မှာ ကုမ္ပဏီများထူထောင်ခွင့်၊ စီးပွားရေးလုပ်ငန်းများ အလွယ်တကူဝင်ရောက်လုပ်ကိုင်ခွင့်မှသည် ပိုင်ဆိုင်ခွင့်၊ ပိုင်ဆိုင်မှုကို လွှဲပြောင်းခွင့်၊ အမြတ်အစွန်းထုတ်ယူခွင့်အလယ်၊ ဉာဏ်စွမ်းရည် တီထွင်ထားသမျှကို ပိုင်ဆိုင်ခွင့်များအား အကာအကွယ်ပေးခြင်းအဆုံး ပါဝင်သည်ဟု ဆိုနိုင်ပေသည်။

ဆဲလ်လူလာတယ်လီဖုန်းများသည် ကုန်လုပ်စွမ်းအားစုများတွင် ပါဝင်သည်ကို အားလုံးနားလည်နိုင်ပါသည်။ ဆဲလ်လူလာတယ်လီဖုန်းများ ရယူသုံးစွဲခွင့်ကို ခက်ခဲအောင်ပြုလုပ်ထားသည် ဆိုခြင်းမှာ ကုန်လုပ်စွမ်းအားစုများကို ထိန်းချုပ်ထားခြင်းဖြစ်ပါသည်။ တယ်လီဖုန်းများကို ပိုင်ဆိုင်ခွင့်ပြုထားပါလျက် ငှားရမ်းသုံးစွဲခွင့်ပြုသည်ဟု သုံးနှုန်းခြင်းမှာ ပြန်လည်ရောင်းချခွင့်မရှိစေရန် ကန့်သတ်ခြင်းဖြစ်သည်။ ပြန်လည်ရောင်းချခွင့်ကို ကန့်သတ်သည် ဆိုခြင်းမှာ အမြတ်အစွန်းထုတ်ယူခွင့်ကို ကန့်သတ်ခြင်းဖြစ်ပေသည်။ ပိုင်ဆိုင်ခွင့် ပိုင်ဆိုင်မှုကို လွှဲပြောင်းခွင့်၊ အမြတ်အစွန်းထုတ်ယူခွင့်များကို ကန့်သတ်ခြင်းသည် စီးပွားရေးလုပ်ငန်းများ၏ အမြတ်အစွန်းအလို့ငှာ အလုပ်လုပ်လိုစိတ်ကို ကန့်သတ်သည့်သဘောဖြစ်ပါသည်။

State ခေါ် နိုင်ငံတော်သည် ပြည်သူများကို ကံ၊ ဉာဏ်၊ ဝီရိယရှိသလောက် အလုပ်လုပ်၍ ကြီးပွားတိုးတက်စေရန် ပိုင်ဆိုင်ခွင့်ဆိုင်ရာမက်လုံးများဖြင့် တွန်းအားပေးပြီး တစ်ဖက်တွင်လည်း မျှတသောယှဉ်ပြိုင်မှုဖြစ်စေကာ ပုဂ္ဂလိကများလည်း ပန်းတိုင်အရောက်နိုင်ငံတော်လည်း အမြတ်အစွန်းထုတ်ယူ၍ ပန်းတိုင်အရောက် စီမံခြင်းဖြစ်သည်။ ထုတ်ယူရရှိသော အမြတ်အစွန်းကို အမှန်တကယ်မျှတသောဝင်ငွေနှင့် ဓနဥစ္စာခွဲဝေမှုဖြစ်စေမည့် ရသုံးမှန်းခြေငွေစာရင်းမျိုး စီမံခဲ့လျှင် ပီပြင်သော (Stateness) နိုင်ငံတော်အဆင့်ကိုရောက်ရှိခြင်းဖြစ်ပေသည်။

အမှန်အားဖြင့် နိုင်ငံတော်ဟုခေါ်သော State ၊ စည်းမျဉ်းစည်းကမ်းများနှင့် ဖွဲ့စည်းတည်ထောင်ထားသည့် အဖွဲ့အစည်းများ (Institutions)၊ နိုင်ငံတော်အာဏာ၊ လူတန်းစားအလွှာများ၊ လူတန်းစားများ၏ Class Struggle စသည်တို့အားလုံးသည် Property Rights ခေါ် ပုဂ္ဂလိကပိုင်ဆိုင်မှုကို အကြောင်းပြု၍ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ထိုပုဂ္ဂလိကပိုင်ဆိုင်ခွင့်အလို့ငှာ ပဋိပက္ခများ၊ နိုင်ငံရေးစနစ်အမျိုးမျိုး၊ နိုင်ငံရေး ခေတ်ပြောင်းစနစ်ပြောင်း စသည်များပေါ်ပေါက်လာရခြင်းဖြစ်သည်။ Marxist သီအိုရီများအရ လူတန်းစားအလွှာသုံးလွှာ ခွဲခြားပုံမှာ စီးပွားရေးပညာရှင်များက စီးပွားရေးတန်ဖိုးများဖြင့် ခွဲခြားသည့်အလွှာ (၃) နှင့် မတူခြားနားသည်ကို တွေ့ရသည်။ Marxist သီအိုရီများအရ လူ့အဖွဲ့အစည်းအတွင်း အမြင့်ဆုံးအလွှာသည် ကုန်လုပ်စွမ်းအားစုများကို ထိန်းချုပ်ထား

www.foreverspace.com.mm

သူများဖြစ်သည်။ အနိမ့်ဆုံးအလွှာမှာ ကုန်လုပ်စွမ်းအားစုများကို ထိန်းချုပ်နိုင်ရန်အနေအထားမရှိသည့် လုပ်အားသက်သက်သာရှိသူများဖြစ်သည်။ ၎င်းတို့ကို Proletariat ဟု သုံးနှုန်းသည်။ ကုန်လုပ်စွမ်းအားစုများကို ထိန်းချုပ်ခွင့်မရှိသော်လည်း ထိန်းချုပ်နိုင်သောအရည်အချင်းနှင့် အနေအထားရှိနေသူများကို လူလတ်တန်းစားဟု သုံးနှုန်းသည်။ များသောအားဖြင့် ပညာကိုအမှီပြု၍ လုပ်ဆောင်သော Intelligentsia ခေါ် ပညာတတ်အသိုင်းအဝိုင်းနှင့် ပညာ၊ နည်းပညာကိုအမှီပြု၍ ချမ်းသာလာသူများဖြစ်သည်။ နိုင်ငံတစ်ခုတွင် လူလတ်တန်းစားအလွှာကြီးမားလာသောအခါ ၎င်းတို့သည် ကုန်လုပ်စွမ်းအားစုများကို ထိန်းချုပ်ခွင့်၊ Check and Balance ပြုလုပ်ခွင့်တို့အတွက် ကြိုးစားလာကြလေ့ရှိသည်။ ဤကိစ္စကို Class Struggle ဟု သုံးနှုန်းခြင်းဖြစ်သည်။ Marxist သီအိုရီများအရ Class တို့သည် အပေါ်သို့ဆန်တက်ရန် အမြဲကြိုးစားလေ့ရှိသည်ဟု ဆိုသည်။ ရွေးကောက်ပွဲများသည် အဆိုပါ Class Struggle ကို စည်းမျဉ်းစည်းကမ်းဖြင့် ယှဉ်ပြိုင်စေခြင်းဖြစ်သည်။ အဆိုပါအနုနည်းကို မကျင့်သုံးနိုင်သော နိုင်ငံများတွင် လူထုလမ်းပေါ်ကိုရောက်လာ၍ တော်လှန်ရေးပုံသဏ္ဌာန်ဆီကို ဦးတည်သွားတတ်သည်ဟုဆိုသည်။ ထိုသို့သောလူထုလှုပ်ရှားမှုနည်းနာများသည် လူလတ်တန်းစားက ကုန်လုပ်စွမ်းအားစုများကိုထိန်းချုပ်ရန် ကြိုးစားသည့်ဖြစ်စဉ်တွင် အခြေခံလူတန်းစားများကို အသုံးပြုသည့်သဘောဖြစ်ပေသည်။ မည်သို့ပင်ဖြစ်စေ ဤသို့သော Class Struggle များ ရှိနေခြင်းသည် State ဟုခေါ်သော နိုင်ငံတော်များ၏ ကုန်လုပ်စွမ်းအားစုများအပေါ် ချုပ်ကိုင်ခွင့်ကို ရေးသားပြဋ္ဌာန်းထားသော စည်းကမ်းများနှင့်အညီ Institutionalize ပြုလုပ်ရန် သွယ်ဝိုက်၍ဖိအားပေးခြင်းဖြစ်သည်ဟု နားလည်နိုင်ပေသည်။ တစ်နည်းအားဖြင့် လူတန်းစားတိုက်ပွဲများသည် Property Rights အလို့ငှာ တိုက်ပွဲဝင်ကြခြင်းဖြစ်သည်ဟု ဆိုနိုင်ပေသည်။

အထက်တွင်ဖော်ပြခဲ့သကဲ့သို့ Marxist သီအိုရီ၏ ခွဲခြမ်းစိတ်ဖြာမှုဖြစ်သည့် ကုန်လုပ်စွမ်းအားစုများအား ထိန်းချုပ်ခြင်းဆိုသည်မှာ လူလတ်တန်းစားနှင့် အရင်းမဲ့လုပ်သား အုပ်ချုပ်ခံများ၏ Property Rights ကို ကန့်သတ်ခြင်းဖြစ်ပေသည်။

Property Rights ကို အုပ်ချုပ်သူလူတန်းစားက မိမိကို ထောက်ခံသည့် လူတစ်စုကိုသာ ကွက်၍ပေးအပ်သည့်အခါ Cronism ဆိုသော အခွင့်ထူးခံလူတန်းစား ပေါ်ထွက်လာတတ်သည်။

Property Rights ဆိုသည်ကို ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်ခွင့်ဟု မြန်မာဘာသာဖြင့် တိုက်ရိုက်ဘာသာပြန်လိုက်လျှင် များစွာအဓိပ္ပာယ်ကျဉ်းမြောင်းသွားတတ်သည်ကို တွေ့ရသည်။ အမှန်အားဖြင့် Property Rights ဆိုသည်မှာ အထက်တွင်ဖော်ပြခဲ့သကဲ့သို့ သက်မဲ့ဖြစ်သည့် ကုန်လုပ်စွမ်းအားစုများကို ရယူသုံးစွဲခွင့်ဖြစ်ရာ စီးပွားရေးလုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်ခွင့်၊ စီးပွားရေးလုပ်ကိုင်ရန်လိုအပ်သော ကုန်ထုတ်စွမ်းအားစုများ ရေရာစွာရရှိခွင့်၊ လွှဲပြောင်းခွင့်၊ အမြတ်အစွန်းထုတ်ယူခွင့်၊ လိုအပ်သောအကွယ်အကာ၊ ကန်ထရိုက်စာချုပ်



များကိုလိုက်နာစေခြင်းအဆုံးကျယ်ပြန့်စွာပါဝင်ပေသည်။ ဈေးကွက်စီးပွားရေးစနစ်၏ မောင်းနှင်အားဟု ပြောရမည့် Incentive Structure ဖြစ်ပေသည်။

စီးပွားရေးလုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်ခွင့်ဆိုသည်မှာ စီးပွားရေးအခွင့်အလမ်းများကို တိုက်ရိုက်ဆိုလိုခြင်းမရှိဘဲ စီးပွားရေးလုပ်ငန်းတစ်ခုကို ပုံမှန်ကုန်ကျစရိတ်များဖြင့် အလွယ်တကူထူထောင်လုပ်ကိုင်နိုင်သောအခြေအနေရှိ မရှိ ဆိုလိုခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် ကုမ္ပဏီလိုင်စင်၊ လုပ်ငန်းလိုင်စင်များ လွယ်ကူမှုရှိ မရှိ၊ အချိန်မီရနိုင် မရနိုင်၊ လိုင်စင်နှင့်ပတ်သက်သော ကုန်ကျစရိတ်များ၊ ကနဦး လုပ်ငန်းထူထောင်ရာတွင်လိုအပ်သည့် ယာဉ်၊ တယ်လီဖုန်း၊ ရုံးခန်း စသည့် စရိတ်စကများ ယှဉ်ပြိုင်နိုင်စွမ်းရည်ကို အထောက်အကူပြု မပြု စသည်များကို ဆိုလိုခြင်းဖြစ်ရာ တစ်နည်းအားဖြင့် ပုဂ္ဂလိကများ၏ရပိုင်ခွင့် Property Rights ပင်ဖြစ်ပေသည်။ တစ်နည်းအားဖြင့် ကုန်လုပ်စွမ်းအားစုများအား မည်မျှထိန်းချုပ်ထား၍ မည်မျှဈေးကြီးပေးဝယ်ရသနည်းဆိုသော အချက် ဖြစ်သည်။ ထိုသို့ ဈေးကြီးပေးဝယ်ရသည်ဆိုခြင်းမှာ ထုတ်လုပ်မှုကုန်ကျစရိတ်များသွားပြီး အမြတ်အစွန်း နည်းသွားသည်ဟု ဆိုခြင်းဖြစ်သည်။ အမြတ်အစွန်းနည်းအောင် ပြုလုပ်ထားသည်ဆို ခြင်းမှာ Property Rights ကို ကန့်သတ်ထားခြင်းဖြစ် သည်။ ဈေးကြီးပေးဝယ်ရသော ကုန်လုပ်စွမ်းအားစုများအတွက် ပေးဝယ်ခဲ့ရသော ကုန်ကျစရိတ်များသည် ကုန်ထုတ်လုပ် သူဘက်တွင် Transaction Cost ကို ဖြစ်ပေါ်စေခြင်းဖြစ်ပြီး ထို Transaction Cost

www.foreverspace.com.mm



များကို အမြတ်အစွန်းအဖြစ် ထုတ်ယူသွားသူမှာ Ruling Class သို့မဟုတ် STATE ဖြစ်နေပေသည်။

ကုမ္ပဏီလိုင်စင်ရရှိခြင်းသည် စီးပွားရေးအခွင့်အလမ်းတစ်ခုရရှိခြင်းမဟုတ်သေးဘဲ ဝင်ရောက်လုပ်ကိုင်ရန် မှတ်ပုံတင်ခြင်းအဆင့်သာဖြစ်ရာ ဤကဲ့သို့ ကနဦးကိစ္စများ ခက်ခဲခြင်းသည် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု များစွာအခက်အခဲဖြစ်စေသည်ဟု ဆိုကြသည်။



ဤ Property Rights နှင့်ပတ်သက်၍ မည်သည့်အတိုင်းအတာအထိ ခွင့်ပြုမည်ဆိုသောအချက်မှာ သက်ဆိုင်ရာနိုင်ငံတော်များ၏ Political Decision ဖြစ်ပေသည်။ သို့သော် များစွာသေချာသည်မှာ Property Rights Structure မမှန်ခဲ့လျှင် နိုင်ငံတစ်ခု၏ စီးပွားရေး မည်သည့်အခါမျှ မတိုးတက်နိုင် ဆိုသောအချက်ဖြစ်သည်။

## ၂-၂။ စီးပွားရေးအကွက်အကွင်းများရယူလုပ်ကိုင်ခွင့်/ စီးပွားရေးအကွက်အကွင်းများနေရာချထားခြင်း (Economic Rent)

အခြေခံအားဖြင့် စီးပွားရေးအကွက်အကွင်းများ နေရာချထားခြင်းသည် Property Rights သာလျှင်ဖြစ်ပြီး Marxist သီအိုရီအရ ကုန်လုပ်စွမ်းအားစုများ ရယူသုံးစွဲခွင့်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပေသည်။

စီးပွားရေးအကွက်အကွင်းများကို နေရာချထားခြင်းသည် STATE ခေါ် နိုင်ငံတော်အပိုင်းနှင့်သက်ဆိုင်သော လုပ်ငန်းစဉ်ဖြစ်ပါသည်။ စီးပွားရေးအကွက်အကွင်းများကို နိုင်ငံတော် (STATE) က နေရာချထားခွင့်ရှိ မရှိ ယနေ့တိုင် ပညာရှင်များအကြား အငြင်းအခုံများ ဖြစ်ပေါ်နေဆဲ ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းများ ရှင်သန်နိုင်ရန် အကောင်းဆုံးရေခံမြေခံမှာ Rent Free ဟုခေါ်သော လူတိုင်းက စီးပွားရေးအကွက်အကွင်းတိုင်းကို ဝင်ယှဉ်ပြိုင်ခွင့်ရှိသော အခြေအနေဖြစ်သောကြောင့် အစိုးရများ သို့မဟုတ် နိုင်ငံတော်အပိုင်းက ဝင်ရောက်နေရာချထားခွင့်ကို ပညာရှင်အချို့က ငြင်းခုံနေခြင်းဖြစ်ပါသည်။ Economic Rent ခေါ် စီးပွားရေးအကွက်အကွင်းများကို နိုင်ငံတော်ကပိုင်ဆိုင်ရာ လုပ်ပိုင်ခွင့်ကို အစိုးရက သင့်တော်သလိုစီမံခန့်ခွဲ၍ ပိုမို၍ Productive ဖြစ်အောင် စီမံခွင့်ရှိသည်ဟု တောင်ကိုရီးယားနိုင်ငံ၏ ဥပမာကိုပြသ၍ ပညာရှင်အချို့က ငြင်းခုံလျက်ရှိသည်။[11] တောင်ကိုရီးယားနိုင်ငံတွင် နိုင်ငံတော်မှ ဝင်ရောက်၍ စီးပွားရေးအကွက်အကွင်းများ နေရာချထားရာမှ ဟွန်ဒေးကဲ့သို့ ကော်ပိုရေးရှင်းကြီးများ ပေါ်ပေါက်ကာ နိုင်ငံစီးပွားရေးကို မြှင့်တင်နိုင်ခဲ့ခြင်းဖြစ်သည်ဟု ပညာရှင်တစ်စုက ထောက်ပြလျက်ရှိသည်။ (Khan-2006)

မည်သို့ပင်ဖြစ်စေ သိသာထင်ရှားသောအခြေအနေတစ်ရပ်မှာ စီးပွားရေးအကွက်အကွင်းများကို နိုင်ငံတော်က နေရာချထားရာတွင် ထိုအကွက်အကွင်းများ ရယူလုပ်ကိုင်ခွင့် စရိတ်စကကြီးများ ပေါ်ပေါက်လာခြင်းမှာမူ မသင့်တော်ကြောင်း ပညာရှင်အားလုံးက သဘောတူကြသည်ကို တွေ့ရသည်။

Economic Rent ၏ သဘောသဘာဝမှာ ဈေးကြီးသွားသည်နှင့်အမျှ နိုင်ငံသားအများစု လက်လှမ်းမမီတော့ခြင်း၊ ဆင်းရဲချမ်းသာကွာဟမှုများပြားခြင်း၊ Rent Seeking မှတစ်ဆင့် အဂတိလိုက်စားမှုများကိုဖြစ်စေခြင်း၊ Rent ခေါ် လုပ်ကိုင်ခွင့်ကုန်ကျစရိတ်များကြောင့် စားသုံးသူများ ဈေးကြီးပေးရခြင်း စသည်တို့ မလွဲမရှောင်သာ ပေါ်ပေါက်တော့မည်ဟု မြင်သာပေသည်။

စီးပွားရေးအကွက်အကွင်းများ နေရာချထားခွင့်ရှိ မရှိကိစ္စသည် ယနေ့ကမ္ဘာပေါ်ရှိ ပညာရှင်များအကြား ငြင်းခုံနေကြဆဲဖြစ်သည့်အကြောင်းအရာဖြစ်သည်။ အကောင်းဆုံးစံမှာ Rent Free ခေါ် စီးပွားရေးအခွင့်အလမ်းအားလုံး၊ အကွက်အကွင်းအားလုံးကို လူတိုင်းက အလွယ်တကူ ရယူသုံးစွဲနိုင်ခြင်းပင်ဖြစ်ပြီး အဆိုပါ

[11] Mushtaq H. Khan : Department of Economics, SOAS, University of London. :State Failure in Developing Countries and Strategies of Institutional Reform:

www.foreverspace.com.mm



အကောင်းဆုံးစံများကို ပညာရပ်နယ်ပယ်တွင် Washington Consensus အဖြစ် လူသိများသည်။ သို့သော် လက်တွေ့စီးပွားရေး စီမံကိန်းများရေးဆွဲရာတွင် စီးပွားရေးအသွင်ပြောင်းစ နိုင်ငံအတော်များများသည် အဆိုပါအကောင်းဆုံးစံများကို လက်တွေ့ကျကျ လိုက်နာကျင့်သုံးရန် အခက်အခဲရှိသောကြောင့် စီးပွားရေးအခွင့်အလမ်းများကို နေရာချထားခွင့်ရှိသည်ဟူသောအယူအဆ ပေါ်ထွန်းလာခဲ့သည်ကို တွေ့ရသည်။

စီးပွားရေးအခွင့်အလမ်းများကို နေရာချထားခွင့်နှင့်ပတ်သက်၍ အကောင်းဆုံးဥပမာမှာ တောင်ကိုရီးယားနိုင်ငံ ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံ၏ စက်မှုဖွံ့ဖြိုးရေးပေါ်လစီမှာ စီးပွားရေးအခွင့်အလမ်းများကို နေရာချထားခြင်း၌ အခြေခံထားသည်ကို ရှင်းလင်းစွာ တွေ့မြင်နိုင်သည်။ စီးပွားရေးအခွင့်အလမ်းများကို တစ်ပြေးညီသဘောမထားဘဲ နေရာချထားခွင့်ရှိသည်ဟူသော မူဝါဒမှာ အခွင့်အလမ်းများကို အခွင့်ထူး အသွင်ဆောင်သွားစေသည်ဟု ပညာရှင်အချို့က ထောက်ပြကြသည်။

စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်ရဆဲဖြစ်သည့် နိုင်ငံများ၌ ပြည်သူလူထုထံတွင် စီးပွားရေးအခွင့်အလမ်းကြီးများကို ရယူလုပ်ကိုင်နိုင်သောအတွေ့အကြုံ၊ အရင်းအနှီး၊ စွမ်းဆောင်ရည်များ အသင့်မဖြစ်သောကြောင့် အခွင့်အလမ်းများကို ချခင်းပြသည့်တိုင် အမှန်တကယ် ထိရောက်အောင် (Productive) ရယူစီမံခန့်ခွဲနိုင်ခြေမရှိချေ။ ထိုအခါတွင် တောင်ကိုရီးယားနိုင်ငံတွင် ပြုလုပ်ခဲ့သကဲ့သို့ အခွင့်အလမ်းကို စနစ်တကျ နေရာချထား၍ လိုအပ်သောအရင်းအမြစ် သွင်းအားစုအချို့ကိုပါ သက်သာသောနှုန်းထားဖြင့်ထောက်ပံ့ကာ စီးပွားရေးအင်ဂျင်အဖြစ် ဖော်ဆောင်လာကြခြင်းဖြစ်သည်ဟု ဆိုသည်။ အလားတူ မူဝါဒမျိုးကို ပါကစ္စတန်နိုင်ငံတွင် ၁၉၈၀ ပြည့်လွန်နှစ်များက ကျင့်သုံးခဲ့သော်လည်း မအောင်မြင် (Productive မဖြစ်) ခဲ့ဟုဆိုသည်။

တောင်ကိုရီးယားနှင့် ပါကစ္စတန်နိုင်ငံ နှစ်နိုင်ငံဥပမာများကို ထောက်ပြ၍ ပညာရှင်အချို့က စီးပွားရေးအရ မအောင်မြင်ရခြင်းမှာ Washington Consensus နည်းလမ်းများကို အသုံးမပြုသောကြောင့်လည်းမဟုတ်၊ စီးပွားရေးအခွင့်အလမ်းများကို ဝင်ရောက်ပံ့ပိုးနေရာချထားသောကြောင့်လည်းမဟုတ်ဘဲ နေရာချထားသူ၊ နေရာချထားခံရသူများ၏ Commitment ခေါ် စေတနာ၊ Accountability ခေါ် တာဝန်ယူမှု၊ Capacity ခေါ် အရည်အချင်းနှင့် Institutional Infrastructure ခေါ် စည်းမျဉ်းစည်းကမ်း စသည် တို့နှင့်သာ သက်ဆိုင်သည်ဟု ပညာရှင်အချို့က ထောက်ပြသည်။

အဓိကအကြောင်းအရင်းများမှာ အခွင့်အလမ်းများကို နေရာချထားခြင်းသည် အခွင့်ထူးသဘောကိုဆောင်သွားခြင်းကြောင့်မဟုတ်ဘဲ အခွင့်အလမ်းနေရာချထားခံရသူ လူရွေးမှားခြင်းကြောင့် Productive မဖြစ်ခဲ့ခြင်းဖြစ်သည်ဟု ကမ္ဘာကျော်စီးပွားရေးပညာရှင်တစ်ဦးက သုံးသပ်သည်။ တစ်နည်းအားဖြင့်ပြောရလျှင် အခွင့်အလမ်းများကို နေရာချထားခြင်းခံရသူများက အခွင့်အလမ်းများကို အလွဲသုံးစားပြုခြင်းကြောင့်ဖြစ်သည်ဟူ၍ပင်ဖြစ်သည်။ ဆိုဗီယက်ယူနီယံပိုင်ခနဲ့ဥစ္စာအတော်များများကို ပုဂ္ဂလိကပိုင်ပြုလုပ်ရာတွင် အဆိုပါဆိုးကျိုးများရှင်းလင်းစွာ တွေ့မြင်ခဲ့ရကြောင်း ပညာရှင်များက ထောက်ပြကြသည်။

အခွင့်အလမ်းများကို အခွင့်ထူးသဘောမဆောင်စေဘဲ ပိုမို၍ Productive ဖြစ်စေရန်အလို့ငှာ ပုဂ္ဂလိကလုပ်ငန်းများ၏ စည်းလွတ်ဘောင်လွတ်ပြုမူမှုများအား ထိန်းသိမ်းပေးမည့် Regulatory Authority ခေါ် Institution များနှင့် အဆိုပါ Regulatory Authority များကိုလုပ်ပိုင်ခွင့်ပေးခြင်း၊ ထိန်းချုပ်ပေးခြင်းတို့အတွက် ရေးသားပြဋ္ဌာန်းထားသော စည်းမျဉ်းများလည်း လိုအပ်ပေသည်။ ဆိုလိုသည်မှာ ဘောလုံးပွဲသဖွယ် ဒိုင်လူကြီးများကို မြင်သာထင်သာထားရှိခြင်း၊ မည်သည့်အခါတွင် ခရာမှုတ်ရမည်ကို ပြဋ္ဌာန်းပေးခြင်းတို့ဖြင့် ပွဲကြီးပွဲကောင်း တစ်ပွဲဖြစ်အောင် ဖန်တီးပေးခြင်းကို ဆိုလိုသည်။



စီးပွားရေးစနစ်ပြုပြင်ပြောင်းလဲဆဲနိုင်ငံများတွင် ဘောလုံးပွဲဒိုင်လူကြီးများအတွက် မည်သည့်အခါတွင် ခရာမှုတ်ရမည်ဆိုသော စည်းမျဉ်းစည်းကမ်းများ ဝေဝါးနေတတ်ခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးရခြင်း၏ အကြောင်းတရားဖြစ်သည်ဟု ဆိုသည်။

နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ စသည်များသည် ဗဟိုဦးစီးစနစ်မှ ဈေးကွက်စနစ်သို့ ပြောင်းလဲကျင့်သုံးကြသည့်နိုင်ငံများကို အကူ

www.foreverspace.com.mm



အညီပေးရာတွင် Washington Consensus ခေါ် အကောင်းဆုံးစံများအတွင်းသို့ အတင်းအကျပ်သွတ်သွင်းခြင်းကြောင့် ရလဒ်အချို့ ပိုမိုဆိုးရွားသွားခဲ့ရသည်ဟု နာမည်ကျော်စီးပွားရေးပညာရှင် Stiglitz က ၎င်း၏ ကမ္ဘာကျော် Globalization and Its Discontents စာအုပ်တွင် ရေးသားခဲ့သည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အကောင်းဆုံးစံများတွင် အခွင့်အလမ်းများကို တစ်ပြေးညီဖြစ်စေခြင်းဖြင့် အခွင့်ထူးအသွင်မဆောင်စေရေး၊ ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်ခွင့်နှင့် ခြစားမှုကာကွယ်ရေးများ ပါဝင်သော်လည်း သမိုင်းကြောင်းတွင် ဤနည်းလမ်းများကိုဖော်ဆောင်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသောနိုင်ငံ မရှိသလောက်ဖြစ်သည်ကို တွေ့ရသည်။ ပို၍ထူးခြားသည်မှာ ပုဂ္ဂလိကပစ္စည်း ပိုင်ဆိုင်ခွင့် အခွင့်အလမ်းများ နေရာချထားခြင်းတို့ကို အလွန်အမင်း စွက်ဖက်ခဲ့သူများ အောင်မြင်ခဲ့ခြင်းပင်ဖြစ်သည်။ အဓိကအချက်မှာ မည်သို့ စွက်ဖက်သည်ဟူသော နည်းနာနှင့် စွမ်းဆောင်ရည်ပင်ဖြစ်ကြောင်း စီးပွားရေးပညာရှင် Khan က ၎င်း၏ စာတမ်းတစ်စောင်တွင် ထောက်ပြခဲ့သည်။ ဆိုလိုသည်မှာ အကောင်းဆုံးစံများဖြစ်သည့် အခွင့်အလမ်းများကိစ္စ၊ ပုဂ္ဂလိကပစ္စည်း ပိုင်ဆိုင်ခွင့်တို့ကို အရင်တည်ဆောက်မည့်အစား မည်သို့အကောင်းဆုံးစွက်ဖက်မည်ဆိုသော အကောင်းဆုံးနည်းနာနှင့် စွမ်းရည် (Capacities needed to enable the interventions in Rights and Rents) ကို တည်ဆောက်ခြင်းသည်သာ အကောင်းဆုံးနည်းနာဖြစ်သည်ဆိုသော အယူအဆဖြစ်သည်။ ဆိုလိုသည်မှာ အထက်ပါနည်းလမ်းများကို အကောင်းဆုံး အကောင်အထည်ဖော်နိုင်မည့် ရာသီဥတုတစ်ခုဖန်တီးရေးပင် ဖြစ်ပါသည်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ဆဲဖြစ်သည့်နိုင်ငံများအတွက် အကောင်းဆုံး လက်တွေ့အကျဆုံးနည်းနာမှာ စီးပွားရေးအခွင့်အလမ်းများနှင့် ပုဂ္ဂလိက ပိုင်ဆိုင်ခွင့်ကို



စနစ်တကျ ဝင်ရောက်စွက်ဖက်ခြင်းသာဖြစ်ပြီး ဤနည်းလမ်းသည်သာ လက်တွေ့ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်စေနိုင်ကြောင်း နောက်ဆုံးသုတေသနပြုမှုများက ဖော်ထုတ်ထားသည်။

စီးပွားရေးအခွင့်အလမ်းများကို အခွင့်ထူးအသွင်ဆောင်သွားစေမည့် ပဲ့ကိုင်နေရာချထားမှုများကို အတိုင်းအတာတစ်ခုအထိ လိုအပ်သည်ဟု ပြောဆိုရသည်မှာ အန္တရာယ်များသည့်တိုင် လက်တွေ့ကျသည်ကို မငြင်းနိုင်ပါ။ သို့သော် ဈေးကွက်အင်အားစုများကို စနစ်တကျခွဲခြမ်းစိတ်ဖြာနိုင်ရေး၊ အရည်အသွေးမြှင့်တင်ပေးရေး၊ ကိုယ်ကျိုးစီးပွား တစ်ဖက်သတ်အသွင်မဆောင်ရေး၊ နိုင်ငံအနေဖြင့် ရသင့်ရထိုက်သည်များ (အခွန်နှင့်အခြား) စနစ်တကျရရှိရေးအတွက် ဒိုင်လူကြီး စည်းမျဉ်းများပြဋ္ဌာန်းရေး၊ စစ်မှန်သော စိတ်ပိုင်းဆိုင်ရာပြဋ္ဌာန်းမှုတို့နှင့်ပေါင်းစပ်နိုင်မှသာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ လက်ရှိလျှောက်လှမ်းနေသည့်လမ်းကြောင်းမျိုးကို အောင်မြင်စွာ လျှောက်လှမ်းနိုင်မည်ဖြစ်ပါသည်။

## ၂-၃။ အုပ်ချုပ်မှုကုန်ကျစရိတ်များ

## (Transaction Cost)

Transaction Cost မှာ ဝယ်သူရောင်းသူ တိုက်ရိုက်ထိတွေ့ ရောင်းဝယ်လုပ်ကိုင်သော သမားရိုးကျဈေးကွက်အဖြစ်မှ အဆင့်ဆင့် လွှဲပြောင်းမှုများစွာ (Economic Exchange) ရှိလာပြီး သက်ဆိုင်ရာအစိုးရများက အဆင့်ဆင့်ဝင်ရောက် စည်းကမ်းသတ်မှတ် ပုံသွင်းကြရာတွင် အဆင့်သစ်များ ပေါ်ပေါက်လာရာတွင် ပိုမိုကုန်ကျလာသော စရိတ်စကများဖြစ်သည်။ သမိုင်းဦးကာလ သမားရိုးကျ တိုက်ရိုက်တွေ့ဆုံရောင်းဝယ်ရာမှ လွှဲပြောင်းရောင်းဝယ်မှုအဆင့် ဆင့်ဖြစ်ပေါ်လာပြီး ပိုင်ဆိုင်မှုများကို အကာအကွယ်ပေးရေး (Property Rights) အလို့ငှာ စည်းကမ်းနှင့်လုပ်ငန်းစဉ်များ ဖြစ်ပေါ်လာရာတွင် လိုအပ်သည်များလည်းရှိသကဲ့သို့ မလိုအပ်သည်များလည်း ရှိလာခဲ့သည်။ မလိုအပ်သည်များကြောင့် အပိုကုန်ကျစရိတ်များကို Transaction Cost မြင့်မားသည်ဟု ခေါ်ကြသည်။

Economic Rent က ရောက်သင့်သူများထံ မရောက်၍ လွှဲပြောင်းမှုအဆင့်ဆင့် ဖြစ်ပေါ်ရာတွင်လည်း အဆင့်အလိုက်ခွဲဝေပေးခဲ့ရသော အမြတ်အစွန်းများကို Transaction Cost ဟုခေါ်သည်။

နိုင်ငံတကာတွင် Transaction Cost ကို အများဆုံးမြင့်တက်စေသည်မှာ Information ဈေးကြီးသောကြောင့်ဖြစ်သည်ဟု ပြောကြသည်။ ယနေ့ အင်တာနက်ကဲ့သို့ သတင်းအမြန်လမ်းမကြီးပေါ်ပေါက်လာသည့်တိုင် Information များ ဈေးကြီးဆဲဖြစ်သည်ဟု ဆိုကြသည်။ Information ဈေးကြီးသည်ဆိုခြင်းမှာ မည်သူ

www.foreverspace.com.mm




လုပ်ငန်းများ လုပ်ကိုင်ခွင့်ရှိသည်၊ မည်သို့ခွင့်ပြုသည်၊ မည်သည့်မူဖြင့်ခွင့်ပြုသည်၊ မည်သူဆုံးဖြတ်သည် စသည့်အချက်အလက်များ မသိရသောကြောင့် စမ်းတဝါးဝါးအဆင့်ဆင့်သွားရင်း ကုန်ကျစရိတ်များစွာ ဖြစ်ပေါ်ခဲ့ခြင်းမျိုးကို ဆိုလိုပါသည်။ ထိုသို့ Information များ ဈေးကြီးရခြင်းမှာ ကုန်လုပ်စွမ်းအားစုများကို ထိန်းချုပ်ထားသောအလွှာက ၎င်းတို့၏ အကျိုးအမြတ်အလို့ငှာ Information များကို တမင်ထိန်းချုပ်ထားခြင်းဖြစ်သည်။ ကုန်လုပ်စွမ်းအားစုများ မည်သို့ရယူသုံးစွဲခွင့်ရှိသည်ဟု စည်းမျဉ်းစည်းကမ်းပြဋ္ဌာန်းလိုက်ခြင်းသည် အားလုံးကို လူသိထင်ရှားထုတ်ပြန်လိုက်ခြင်းဖြစ်၍ Information ဖြင့် လုပ်စား၍မရနိုင်တော့အောင် စီစဉ်ခြင်းဖြစ်ပေသည်။ Neoclassical စီးပွားရေးသီအိုရီများက ဖော်ပြလေ့ရှိသော ဈေးကွက်တွင် ရှိနေသည့် ရွေးချယ်ခွင့် Choice များမှာ Information များ အလွယ်တကူရရှိနိုင်သောအခါတွင်သာ ဖြစ်နိုင်ပေသည်။ ကုန်လုပ်စွမ်းအားစုများ ရယူသုံးစွဲရန် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်အသိပေးထားခြင်း မရှိလျှင် ပွဲစားများကို အားကိုးရမည်ဖြစ်ပြီး Transaction Cost ဈေးကြီးသွားမည်ဖြစ်သည်။ တက်ကြွမှုမရှိသော ဗျူရိုကရေစီအုပ်ချုပ်ရေးယန္တရားကို စီးပွားရေးလုပ်ငန်းနယ်ပယ်၏ မြန်နှုန်းသို့ ရောက်ရှိစေရန် တွန်းအားပေးရာတွင် ကိစ္စရပ်တစ်ခုချင်းအတွက် တည်ရှိသည့် ကုန်ကျစရိတ်ဖြစ်သည်။

တစ်ခါတစ်ရံ စည်းမျဉ်းစည်းကမ်းများ တင်းကျပ်လွန်း၍ စီးပွားရေးလုပ်ငန်းများက ဥပဒေပလုပ်ဆောင်လာရာတွင် ဥပဒေအရ အရေးယူမခံရစေရန် ကုန်ကျသော အကာအကွယ်စရိတ်စကများကိုလည်း Transaction Cost အဖြစ် ရေတွက်သည်ကို တွေ့ရသည်။

မည်သို့ပင်ဖြစ်စေ Transaction Cost အများစုမှာ မလိုအပ်သော၊ မရှိသင့်သော ကုန်ကျစရိတ်ဖြစ်ပါသည်။ မလိုအပ်သော Transaction Cost များသည် အဆုံးတွင် End Users ခေါ် စားသုံးသူများထံတွင် ဝန်ထုပ် ဝန်ပိုးဖြစ်စေခြင်းသာ ဖြစ်ပေသည်။ တစ်ဖက်တွင်လည်း ထိုသို့မလိုအပ်သော ကုန်ကျစရိတ်များ ရှိနေခြင်းသည် ပြည်ပပို့ကုန်များအတွက် ပြောရလျှင် Competative Advantage ခေါ် နိုင်ငံ၏ ပြိုင်ဆိုင်နိုင်စွမ်းရည် ကျဆင်းသွားခြင်းလည်း ဖြစ်ပေသည်။ Transaction Cost ရှိနေသည်ဆိုခြင်းမှာ တစ်ဖက်တွင်လည်း သန့်ရှင်းသော အုပ်ချုပ်ရေးယန္တရား ဖြစ်ပေါ်စေရေးအတွက် အဟန့်အတားများရှိနေခြင်းလည်းဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးကို မြှင့်တင်ပေးရာတွင် မက်ခရိုစီးပွားရေးညွှန်ကိန်းများကို အာရုံစိုက်ရန်လိုသကဲ့သို့ ထိုညွှန်ကိန်းများကို ပြုပြင်မြှင့်တင်ပေးရာတွင် နိုင်ငံရေးဘောဂဗေဒရှုထောင့်မှ လိုအပ်သည့် အထက်ပါ Institutions ဆိုင်ရာ ကိစ္စကြီးသုံးရပ်ကို မဖြစ်မနေပြုပြင်စီရင်ရန် လိုအပ်ပါသည်။ အဆိုပါကိစ္စသုံးရပ်မှာ Systemic Corruption ဟုခေါ်သော စနစ်တစ်ခုလုံး ခြစားသောဖြစ်စဉ်များကို ဖြစ်ပေါ်စေတတ်သော အကြောင်းရင်း သုံးခုလည်းဖြစ်ရာ သန့်ရှင်းသောအစိုးရယန္တရား ဖြစ်ပေါ်စေရေးတွင်လည်း များစွာအရေးပါသည်ဟု ဆိုချင်ပါသည်။ Systemic Corruption ဆိုသည်မှာ Ruling Class ၏ Surplus Extraction ပင် ဖြစ်ပေသည်။

ခြုံ၍ပြောရလျှင် Transaction Cost များသည် နိုင်ငံတော်များ ပေါ်ပေါက်လာပြီး အစိုးရများ ဖြစ်ပေါ်လာချိန်ကစ၍ တည်ရှိလာခဲ့ခြင်းဖြစ်သည်။ လူ့အဖွဲ့အစည်းအတွင်း ကုန်ဖလှယ်သည့် Exchange မှာလည်း ထုတ်လုပ်သူနှင့် ဝယ်သူကြား အဆင့်များစွာရှိလာရာ အစိုးရများက ဝင်ရောက်ကြီးကြပ်အကာအကွယ်ပေးရန် လိုအပ်ချက်များ ရှိလာခဲ့သည်။ နိုင်ငံတော်ဟုခေါ်သည့် State သည် နိုင်ငံလိုမင်းထက် ကိစ္စရပ်များကို အကာအကွယ်ပေးပြီး မျှတသော ယှဉ်ပြိုင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကိုဖြစ်စေကာ အမြတ်အစွန်းကို




တိုက် ရိုက်အခွန်၊ သွယ်ဝိုက်အခွန်များဖြင့် ထုတ်ယူခြင်းဖြစ်သည်။ Public Choice သီအိုရီအရ အစိုးရနှင့် စည်းမျဉ်းစည်းကမ်း အနည်းဆုံးဖြစ်လေ Transaction Cost ကုန်ကျစရိတ် အနည်းဆုံးဖြစ်လေဟုဆိုသည့်တိုင် ပြည်သူများမှာ State နှင့် မင်းမဲ့စရိုက် (Anarcly) ကိုရွေးချယ်ရာတွင် State ကိုသာ ရွေးချယ်ရစမြဲဖြစ်သည်။ သို့ရာတွင် State ဆိုသော ဖွဲ့စည်းပုံကြီး ကြီးမားလာသည်နှင့်အမျှ ဈေးကွက်တွင်ဖြစ်ပေါ်သော Transaction Cost များ မြင့်တက်တော့သည်သာ ဖြစ်ပေသည်။ များသောအားဖြင့် Transaction Cost ကို အများဆုံးဖြစ်စေသော အဓိကအကြောင်းရင်းနှစ်ခုမှာ State ကပေးသော Property Rights နှင့် Information အကန့်အသတ်တို့သာဖြစ်ပေသည်။ တောင်သူလယ်သမားများက တစ်လလျှင် ၁၀ ကျပ်တိုးဖြင့် ချေးယူရသည်ဆိုသော မြင့်မားသည့်အတိုးနှုန်း

www.foreverspace.com.mm



သည် တောင်သူလယ်သမားကို ငွေချေးသည့် ငွေရှင်တွင် Property Rights မရှိသောကြောင့် (တရားမဝင်လုပ်ရသောကြောင့်) ဖြစ်ပေသည်။ ကုန်လုပ်စွမ်းအားစုများ ရယူသုံးစွဲရန် ပွဲစားရှာရသည်ဆိုခြင်းမှာ Information ကို State က ရှင်းလင်းစွာ မထုတ်ပြန်သောကြောင့် ဖြစ်ပေသည်။ ပွဲစားခသည် Transaction Cost ဖြစ်ပြီး အဆုံးတွင် စားသုံးသူက ကျခံရခြင်းဖြစ်ပေသည်။

အမေရိကန်ပြည်ထောင်စုအစိုးရသည် ခိုင်ခံ့၍ထိရောက်သော Institution များဖြင့် လည်ပတ်နိုင်စွမ်းရှိသော အစိုးရဖြစ်သည်ဟု သုံးသပ်နိုင်သော်လည်း အမေရိကန်ပြည်ထောင်စုရှိ ကုန်စည်များ၏တန်ဖိုး ထက်ဝက်ခန့်မှာ Transaction Cost ဖြစ်နေသည်ကို တွေ့ရသည်။



# အပိုင်း (၃)

# မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံ၏ နိုင်ငံတည်ဆောက်ရေး

## ၃-၁။ ၂၀၁၁၊ နိုင်ငံတော်၊ ဈေးကွက်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်း

နိုင်ငံတစ်ခု၏ ဖွဲ့စည်းတည်ဆောက်မှု၊ အထူးသဖြင့် Good Governance တွင် နိုင်ငံတော် (State)၊ ဈေးကွက် (Market) နှင့် အရပ်ဘက်လူ့အဖွဲ့အစည်း (Civil Society) ဟူ၍ အစိတ်အပိုင်းကြီးသုံးခုပါရှိရစမြဲဖြစ်သော်လည်း ၁၉၆၂ ခုနှစ်တွင် စတင်ကျင့်သုံးခဲ့သော နိုင်ငံရေးစနစ်သည် နိုင်ငံတော်ပဓာနစနစ်ဖြစ်ခဲ့သောကြောင့် ဈေးကွက်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းနှစ်ခုစလုံး ပျောက်ဆုံးသွားခဲ့ရပါသည်။ ၁၉၆၂ ခုနှစ်တွင် ပြိုကွဲသွားခဲ့သောဈေးကွက်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းသည် ၁၉၈၈ ခုနှစ်တွင် စတင်၍ သိသိသာသာပေါ်ထွန်းလာခဲ့ပြီး ယခုအခါ အသစ်ပေါ်ထွန်းမည့် အခြေခံဥပဒေသစ်ဖြင့် နောက်ထပ် အဆင့်သစ်တစ်ခုဆီသို့ ကူးပြောင်းရတော့မည်ဖြစ်ပေသည်။


၁၉၆၂ ခုနှစ်တွင် နိုင်ငံတော်အာဏာကို ရယူထားခဲ့သော တော်လှန်ရေးကောင်စီသည် နိုင်ငံကို ဆိုရှယ်လစ်စနစ်ဖြင့် ပြင်ဆင်တည်ဆောက်မည်ဟု ဆုံးဖြတ်ခဲ့ရာ အဆိုပါစီးပွားရေးစနစ်ကို Marxian သီအိုရီ များအရ Socialist Mode of Production ဟု ခေါ်ပါသည်။ အဆိုပါစနစ်သည် နိုင်ငံတော်ဗဟိုပြုစနစ်ဖြစ်၍ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ တည်ရှိခွင့်မပြုဘဲ State က အစစအရာရာထောက်ပံ့သည့်စနစ်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းအားလုံး နိုင်ငံပိုင်ဖြစ်သည်၊ ကုန်ထုတ်စွမ်းအားစုအားလုံး နိုင်ငံပိုင်ဖြစ်သည်၊ ကုန်လုပ်စွမ်းအားစုများအားလုံးကိုလည်း State က ထိန်းချုပ်သည်ဟူသောစနစ်ဖြစ်သည်။ Mode of Production မှာ State ကသာ အားလုံးပိုင်သည့် Socialist Mode of Production ဖြစ်သောကြောင့် ၎င်းကပြဋ္ဌာန်းသော အပေါ်ထပ်အဆောက်အဦသည်လည်း State က အစစအရာရာ ညွှန်ကြားသည့်ဗဟိုဦးစီးစနစ်ဖြစ်ခဲ့ပါသည်။ ထိုတာဝန်များကို ထမ်းဆောင်ရန် လိုအပ်ချက်အရ နိုင်ငံတော် ဟုခေါ်သည့် State ၏ ဖွဲ့စည်းပုံကြီးကိုလည်း ၂၆နှစ် တာကာလအတွင်း တဖြည်းဖြည်း တိုးချဲ့လာခဲ့ရာ အရေအတွက်အားဖြင့် အသုံးစရိတ်အားဖြင့် အဆပေါင်းများစွာ တိုးတက်လာခဲ့သည်ကို တွေ့ရသည်။ ၁၉၆၂ နှင့် ၁၉၇၅ ကာလအတွင်း ဝန်ထမ်းအရေအတွက် အဆ ၇၀ တိုးပွားလာခဲ့သည်ကို တွေ့ရသည်။

သဘာဝမကျသော စီးပွားရေးစနစ်ကို ကျင့်သုံးမိခဲ့ခြင်း၏ ရလဒ်အဖြစ် ၁၉၈၇ တွင် State က တာဝန်ယူထားသည့် ပြည်သူ့ရေးရာထောက်ပံ့ခြင်းအမျိုးမျိုးကို မထောက်ပံ့နိုင်ရုံမျှမက အစိုးရအဖွဲ့၏ ရပ်တည်ရေးပင် ခက်ခဲလာသောကြောင့် စီးပွားရေးစနစ်ပြုပြင်ရေးလုပ်ငန်းစဉ်များ စတင်ခဲ့ပါသော်လည်း များစွာနောက်ကျသွားခဲ့ရပါသည်။ နှစ်ပေါင်း ၂၆ နှစ်တာကာလအတွင်း နိုင်ငံရေးပြိုင်ဘက်များ မပေါ်ပေါက်စေရန်အလို့ငှာ ထောက်ပံ့ရေးလမ်းကြောင်း ဖြတ်တောက်သည့်အနေဖြင့် မည်သည့်ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းမျှ လုပ်ကိုင်ခွင့်မပြုခဲ့ရာ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းအားလုံး ချွတ်ခြုံကျသွားပြီး အရပ်ဘက်လူ့အဖွဲ့အစည်းရှင်သန်လှုပ်ရှားရန်လိုအပ်သည့်အထောက်အပံ့များလည်း မရရှိနိုင်ဘဲရှိနေခဲ့သည့်တိုင် နှောင့်နှေးစွာပြုလုပ်နေသည့် State ခေါ် နိုင်ငံတော်၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို တစ်နိုင်ငံလုံးက ကန့်ကွက်ခဲ့သောကြောင့် ၁၉၈၈ တွင် အဆိုပါဆိုရှယ်လစ်စီးပွားရေးစနစ် ရပ်ဆိုင်းသွားခဲ့ပါသည်။

သို့သော် ၁၉၈၇ ခုနှစ်တွင်ရှိနေသည့် ငွေဖောင်းပွမှု (CPI) မှာ ၂၃ ရာခိုင် နှုန်းသာရှိပြီး နိုင်ငံ၏ အဓိကသယံဇာတများဖြစ်သည့်

www.foreverspace.com.mm

သစ်တောသယံဇာတများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ကျောက်မျက် ကျောက်စိမ်း စသည်များကို ထိန်းသိမ်းထားနိုင်ခဲ့သည်ကို တွေ့ရပါသည်။ ၁၉၈၈ နောက်ပိုင်းတွင် ပြုလုပ်ခဲ့သော စီးပွားရေးပြုပြင်ပြောင်းလဲမှုအရပ်ရပ်သည် ၁၉၈၈ ပြည်သူ့လွှတ်တော် အရေးပေါ် အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့သော စီးပွားရေး ပြုပြင်ပြောင်းလဲမှုများနှင့် အလားတူဖြစ်သည်ကို တွေ့နိုင်ပါသည်။ အဓိကအချက်မှာ အလွန်အမင်း ကြီးထွားနေသည့် STATE STRUCTURE ကို ပြင်ဆင်ရေးကိစ္စ၊ ဈေးကွက်ကို ဖွင့်ပေးရန် ကိစ္စများကို ထိုခေတ် ထိုကာလကရှိနေသည့် အုပ်ချုပ်သူလူတန်းစားအလွှာက ပြင်ဆင်ရန် အချိန်ဆွဲနေခဲ့ခြင်းတို့ကြောင့် အဆုံးတွင် တပ်မတော်အစိုးရသစ်တစ်ရပ် ဖွဲ့စည်းကာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကြီးတစ်ခုလုံး၊ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်တို့ကို ဖျက်သိမ်းခဲ့ရသည်ကို တွေ့ရသည်။ အဆိုပါဆေးခါးကိုသောက်ရန် ခက်ခဲခဲ့ခြင်းကြောင့် တိုင်းပြည်တွင် ဆုံးရှုံးနစ်နာမှုများစွာရှိခဲ့သည်ကို သင်ခန်းစာယူဖွယ်ဖြစ်ပါသည်။




၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်အာဏာကို ထိန်းချုပ်ထားသည့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ယခင်နိုင်ငံတော် ဗဟိုပြုစနစ်အရ State က အစစအရာရာထောက်ပံ့သည့်စနစ်ကို ဖျက်သိမ်း၍ ပုဂ္ဂလိကကဏ္ဍ၏ တည်ရှိခွင့်ကို ခွင့်ပြုလိုက်ရာ နှစ်ပေါင်း ၂၆ နှစ်ပျောက်ကွယ်ပြီး မှောင်ခိုဖြစ်နေခဲ့သည့် 'ဈေးကွက်' သည် ပြန်လည်မွေးဖွားလာခဲ့သည်ကို တွေ့ရပါသည်။ ဈေးကွက်စီးပွားရေး စနစ်ကို ကျင့်သုံးမည်ဟု ကြေညာခဲ့၍ Socialist Mode of Production မှ Capitalist Mode of Production သို့ ကူးပြောင်းရန် ပြင်ဆင်ခဲ့သည်ဟု ဆိုရမည်ဖြစ်ပေသည်။ ထူးခြားချက်မှာ Mode of Production ပြောင်းလဲရန် ကြိုးစားခဲ့သော်လည်း အပေါ်ထပ်အဆောက်အဦမှာ မပြောင်းမလဲရှိနေခဲ့ရာ ပုဂ္ဂလိကကဏ္ဍ တည်ရှိခွင့် ပြုခဲ့သော်လည်း Means of Production ဟုခေါ်သည့် ကုန်ထုတ်စွမ်းအားစုများကို State က အလုံးစုံ ပိုင်ဆိုင်ချုပ်ကိုင်ထားသည်ကို တွေ့နိုင်ပါသည်။

အပေါ်ထပ်အဆောက်အဦ ဗဟိုဦးစီးစနစ်ဖြစ်သည့် တရုတ်၊ ဗီယက်နမ်နိုင်ငံများတွင် ကုန်ထုတ်စွမ်းအားစုများကို State က ပိုင်ဆိုင်ထားသော်လည်း ဈေးကွက်စီးပွားရေးစနစ်ပီပြင်ရေးအတွက် ပီပီပြင်ပြင်ထောက်ပံ့ခဲ့သည့် ပုံသဏ္ဍာန်ကို မြန်မာနိုင်ငံတွင်လည်း ၁၉၉၀ ပြည့်လွန်နှစ်များတွင် တွေ့နိုင်ပါသည်။ သွင်းကုန်ထုတ်ကုန်လိုင်စင်တစ်ခုအတွက် ကြာမြင့်ချိန်နေ့တစ်ဝက်သာရှိခဲ့ပြီး ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးအဆင့်ကို လွှဲအပ်၍ လက်မှတ်ရေးထိုးစေခဲ့သည်ကို တွေ့နိုင်ပါသည်။ ကုမ္ပဏီတစ်ခုထူထောင်ရန် အချိန်တစ်ပတ်သာကြာမြင့်သည်ကို တွေ့ရပါသည်။

၁၉၉၇ ခုနှစ်တွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးနယ်ပယ်တွင် အမျိုးသားစည်းလုံးညီညွတ်ရေး မရရှိနိုင်ခဲ့ခြင်း၊ အနောက်နိုင်ငံကြီးအချို့ မှ စီးပွားရေးအရ ပိတ်ဆို့မှုများ စတင်ရန်ကြိုးစားလာခဲ့ခြင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကို ဖျက်သိမ်းခဲ့ရခြင်း စသော အခြေအနေများဖြစ်ပေါ်ခဲ့ပြီး State မှ ကုန်ထုတ်စွမ်းအားစုများ ထောက်ပံ့သည့်ပုံသဏ္ဍာန်မှာလည်း လုံးဝပြောင်းလဲသွားခဲ့ပါသည်။ ကုန်ထုတ်စွမ်းအားစုများကို State က ပိုင်ဆိုင်ခွင့်သာမက ချုပ်ကိုင်ခွင့်ကိုပါ ထိထိရောက်ရောက်ကျင့်သုံးခဲ့ရာ ပုဂ္ဂလိကလုပ်ငန်းများ ကုန်ထုတ်စွမ်းအားစုများ ရယူသုံးစွဲရေး တဖြည်းဖြည်း ခက်ခဲလာသည်ကို တွေ့ရပါသည်။

Marxian သီအိုရီများအရ ခေါ်ဝေါ်သုံးစွဲသော ကုန်ထုတ်စွမ်းအားစုများ ဆိုရာတွင် အဓိကျသောအချက်များမှာ Property Rights ခေါ် ပုဂ္ဂလိကကဏ္ဍ၏ ပိုင်ခွင့်အမျိုးမျိုး၊ Economic Rent ခေါ် စီးပွားရေးလုပ်ငန်းများ လုပ်ပိုင်ခွင့် စသည်တို့သည် အရေးကြီးဆုံးဖြစ်ပါသည်။ တယ်လီဖုန်းများ ငှားရမ်းသုံးစွဲခွင့်ကိုသာ ခွင့်ပြုသည်ဆိုခြင်းမှာ ပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းရောင်းချခွင့်၊ အမြတ်အစွန်းထုတ်ယူခွင့် စသည့် 'ပိုင်ခွင့်' များကို ကန့်သတ်ရသည့်သဘောဖြစ်ပေသည်။

www.foreverspace.com.mm



ရန်ကုန်မြို့တော်အတွင်း စားသောက်ဆိုင်လိုင်စင်အသစ်၊ လက်ဖက်ရည်ဆိုင် လိုင်စင်အသစ်များခွင့်မပြုခြင်းသည် Economic Rent ကို ကန့်သတ်ခြင်း ဖြစ်ပါသည်။ Social Transformation State ခေါ် အရင်းရှင်ဈေးကွက်စီးပွားရေးစနစ်သို့ ကူးပြောင်းဆဲနိုင်ငံများတွင် Economic Rent နှင့် Property Rights တို့ကို စွက်ဖက်ရလေ့ရှိသော်လည်း မည်သို့စွက်ဖက်မည်ဆိုသောနည်းနာသည် STATE က အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် ဈေးကွက်တို့အပေါ်ထားသော သဘောထားပင်ဖြစ်သည်။ အထူးသဖြင့် စနစ်ကျနသောစနစ်များတွင် အများပြည်သူလူသားပီသစွာ အသက်ရှင်ရပ်တည်ရေးနှင့်ဆိုင်သော လက်လှမ်းမီသော စီးပွားရေးလုပ်ငန်းများ၏ Rent နှင့် Right များကို လွယ်ကူအောင် စီစဉ်ထားလေ့ရှိကြပါသည်။

မည်သို့ပင်ဖြစ်စေ ၁၉၈၈ တွင် State အရွယ်အစားသေးငယ်သွားပြီး State ၏ ဝန်ထုပ်ဝန်ပိုးအတော်များများကိုလည်း ပုဂ္ဂလိကကဏ္ဍသို့ လွှဲပေးခဲ့ရာ စီးပွားရေးဖွံ့ဖြိုးမှုများ မြင်တွေ့ခဲ့ရပါသည်။ သို့သော်လည်း အပေါ်ထပ်အဆောက်အဦမှာ ဗဟိုဦးစီးဖြစ်နေသေးသည့်အတွက်လည်းကောင်း၊ နိုင်ငံရေးတည်ငြိမ်မှုအလို့ငှာလည်းကောင်း ကုန်လုပ်စွမ်းအားစုများကို State ကသာ ပိုင်ဆိုင်ချုပ်ကိုင်ထားခဲ့ရာ ပုဂ္ဂလိကကဏ္ဍ၏ ကြီးထွားခွင့်အကန့်အသတ်ရှိလာချိန်တွင် ယနေ့စနစ်သစ်တစ်ခုကို ကူးပြောင်းရန် အခြေအနေကောင်းအချို့ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

အပေါ်ထပ်အဆောက်အဦဗဟိုဦးစီးဖြစ်နေခဲ့ခြင်းကြောင့် ကုန်လုပ်စွမ်းအားစုများထိန်းချုပ်ခွင့်အပေါ်တွင် Check and Balance လုံးဝ မရှိရာ ၁၉၉၇ နောက်ပိုင်းတွင် Mode of Production သည် နိုင်ငံတော် ဗဟိုပြုဈေးကွက်စီးပွားရေးစနစ် State Capitalism ဖြစ်သည်ကို တွေ့ရ မည်ဖြစ်သည်။ ယခုအခါ နိုင်ငံတော် ခေါ် State သည် ဈေးကွက်၏ အကြီးဆုံးတစ်ဦးတည်းသော Buyer ဖြစ်နေရာ ယခုအခါ စီးပွားရေးလုပ်ငန်းကြီးအားလုံး ဈေးကွက် (Conventional Market) ကို စိတ်မဝင်စားတော့ဘဲ State ကို တစ်စုံတစ်ခုရောင်းရန် ကြိုးစားနေကြသည်ကို တွေ့နိုင်ပါသည်။

၂၀၁၀ မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ်သစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ Political Process တစ်ခု ပေါ်ပေါက်လာမည်ဖြစ်ရာ ကုန်လုပ်စွမ်းအားစုများ ထိန်းချုပ်ခွင့်သည် ယခင်အလုံးစုံထိန်းချုပ်ခွင့်မှ Check and Balance ရှိသည့် ပုံသဏ္ဌာန်သို့ ကူးပြောင်းမည်ဖြစ်သည်။ အများပြည်သူလက်လှမ်းမီသော စီးပွားရေးလုပ်ငန်းများနှင့်သက်ဆိုင်သော Property Rights နှင့် Economic Rent တို့နှင့်ပတ်သက်၍ အခက်အခဲများ ပြေလည်သွားလိမ့်မည်ဟု မျှော်လင့်ပါသည်။ မြန်မာနိုင်ငံဈေးကွက်တွင် နိုင်ငံတကာဈေးကွက်၏ စံနှုန်းများအပြည့်အဝတည်ရှိရေးနှင့် နိုင်ငံတကာဈေးကွက်နှင့် ချိတ်ဆက်နိုင်ရေးကို ယခုအကြိမ်တွင် ပိုနီးစပ်သွားပြီဟု ထင်ပါသည်။

စီးပွားရေးစနစ်ပြောင်းလဲရေးတွင် အဓိကကျသော စီးပွားရေးမူဝါဒများသည် ပြည်သူ့ရေးရာမူဝါဒဆိုင်ရာ သီအိုရီသဘောတရားများအရလည်း Incremental သာလျှင် ဖြစ်နိုင်ပါသည်။ ဆိုလိုသည်မှာ တစ်ခုပေါ်တစ်ခုဆင့်၍သာလျှင် ပြောင်းလဲနိုင်သည်ဟူသော သဘောဖြစ်ပါသည်။ ယခုရှိရင်းစွဲစီးပွားရေးစနစ်သည် နောက်တစ်ဆင့်တက်လျှင် ကုန်လုပ်စွမ်းအားစုများ အလွယ်တကူရယူသုံးစွဲခွင့်ဆီသို့ ပြောင်းလဲဖို့သာရှိပါသည်။ Check and Balance ရှိနေသောကြောင့် နောက်ပြန်သွားခြင်းမျိုးမဖြစ်နိုင်တော့ဟု ဆိုနိုင်ပါသည်။

ယခုဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အရ အသွင်ကူးပြောင်းခြင်းတွင် State၊ ဈေးကွက်၊ အရပ်ဘက်လူ့အဖွဲ့အစည်းအားလုံး အသွင်ကူးပြောင်းရမည်ဖြစ်၍ ပြောင်းလဲတိုးတက်မှုအတိုင်းအဆသည် ဈေးကွက်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်း၏ အရည်အချင်းပေါ်တွင်လည်း မူတည်မည်ဖြစ်ပါသည်။ နိုင်ငံတော်ဟုခေါ်သည့် State သည် အသွင်ကူးပြောင်းရေးစတင်နေပြီဖြစ်ရာ အားလုံးက ဝိုင်းဝန်းကူညီကြရန် လိုအပ်ပါသည်။ ယခုအခါ State အပိုင်းမှ ဝယ်ယူခြင်းအားလုံးကို ယခုအခါ သတင်းစာများတွင် ထည့်သွင်းကြော်ငြာ၍ ဝယ်ယူခြင်းကို ပြောင်းလဲလာခဲ့ခြင်းမျိုးသည် STATE SECTOR ၏ အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်များဖြစ်ပါသည်။

ပြည်သူ့ရေးရာဝန်ဆောင်မှုများထောက်ပံ့မည့် ဗျူရိုကရေစီအုပ်ချုပ်ရေးယန္တရားတွင်လည်း အသွင်ကူးပြောင်းမှုများပြုလုပ်ရဆဲဖြစ်ရာ လူ့အဖွဲ့အစည်းနှင့် ဈေးကွက်တို့က စိတ်ရှည်စွာ ပူးပေါင်းကူညီကြရန်လည်း လိုအပ်ပါသည်။ ဗျူရိုကရေစီအုပ်ချုပ်ရေးယန္တရားအတွင်းရှိ လူများစုတွင် ယခင်စနစ်ဟောင်း၏ ဗဟိုဦးစီးပုံသဏ္ဌာန်အရ မူဝါဒဆိုင်ရာကိစ္စရပ်များသည် ပြည်သူလူထု၊ အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် မဆိုင်ဟု သတ်မှတ်ထားခဲ့ကြပါသည်။ ပညာရပ်ဆိုင်ရာ ရှုထောင့်မှ ပြောရလျှင် Policy Decision Making နှင့် Policy Implementation တို့သည် STATE နှင့်သက်ဆိုင်ပြီး ကျန်သောမူဝါဒဆိုင်ရာ အကြံပြုချက်အမျိုးမျိုး၊ လုပ်ငန်းစဉ်အဆင့်ဆင့်သည် STATE နည်းတူ ဈေးကွက်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းတို့၏ ရပိုင်ခွင့်လည်းဖြစ်ပေသည်။ ဈေးကွက်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းတို့သည်ပင်လျှင် ဤအယူအဆမှန်ကို အားလုံးသဘောပေါက်ကြသည်မဟုတ်သေးပါ။ Stakeholder အားလုံး၏ စွမ်းဆောင်ရည်မြှင့်တင်ရေးကို အချိန်မီ လုပ်နိုင်ခဲ့လျှင် ၂၀၁၁ တွင် စီးပွားရေးနှင့်ပတ်သက်သည့် ရလဒ်ကောင်းများ မြင်တွေ့ရမည်ဖြစ်ပါသည်။

## ၃-၂။ စနစ်ဟောင်း စနစ်သစ်

နှစ်ပေါင်း ၂၀ ကျော် သောင်မတင်ရေမကျဖြစ်ခဲ့သော မြန်မာနိုင်ငံ၏ရှေ့ခရီးသည် ယခုအခါ ပုံသဏ္ဌာန်အသစ်တစ်ခုဆီသို့ အသွင်ကူးပြောင်းရန် ပြင်ဆင်လျက်ရှိသည်ကို တွေ့မြင်နိုင်ပါသည်။ နိုင်ငံတစ်ခု၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ အခြေခံကျကျ ပြောရလျှင် STATE ဟုခေါ်သော နိုင်ငံတော်က Means of Production ဟုခေါ်သော ကုန်လုပ်စွမ်းအားစုများကို မည်ရွေ့မည်မျှချုပ်ကိုင်ထားပြီး အုပ်ချုပ်ခံပြည်သူလူထုကို မည်သို့မည်ပုံ ရယူသုံးစွဲခွင့်ပြုမည်ဆိုသော စနစ်ကို ရေးသားပြဋ္ဌာန်းခြင်းဖြစ်ပေသည်။ အချုပ်အခြာအာဏာ (၃) ရပ်ကို ပိုင်းခြား၍ Check

www.foreverspace.com.mm

and Balance ပြုလုပ်ခြင်းဆိုသည်မှာလည်း အဆိုပါ Means of Production များကို အချုပ်အခြာအာဏာ (၃) ရပ်ဖြင့် မည်သို့ထိန်းချုပ်၍ မည်ရွေ့မည်မျှ Check and Balance ပြုလုပ်ခွင့်ပြုမည် ဆိုသောအချက်ကို ပြဋ္ဌာန်းခြင်းဖြစ်ပါသည်။

၁၉၇၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော အခြေခံဥပဒေသစ်နှင့် ပေါ်ထွန်းလာသော နိုင်ငံရေးစနစ်သည် အသွင်ကူးပြောင်းရေးအမှန်တကယ်ဖြစ်ပေါ်ခဲ့ခြင်းမဟုတ်သောကြောင့် အဆိုပါဥပမာ




ကို နိုင်ငံသားအချို့က မကြာခဏထောက်ပြကြသည်ကိုတွေ့ရသည်။ ၁၉၇၄ အခြေခံဥပဒေသည် တစ်ပါတီစနစ်ကိုအခြေခံထားသောကြောင့် အထက်တွင်ဖော်ပြခဲ့သော ကုန်လုပ်စွမ်းအားစုများကို ထိန်းချုပ်သည့်စနစ်သည် ယခင်ပါတီအဖွဲ့အစည်း ယခင်လူတန်းစားအလွှာကပင် ဆက်လက်ချုပ်ကိုင်ထားရာ ထူးခြားမှု မမြင်တွေ့ခဲ့ရခြင်းဖြစ်ပေသည်။ တစ်ပါတီစနစ်ဖြစ်သောကြောင့် ကုန်လုပ်စွမ်းအားစုများအား ထိန်းချုပ်ပုံနှင့်ပတ်သက်၍ Check and Balance ပြုလုပ်မည့် အတိုက်အခံမရှိသကဲ့သို့ ပုဂ္ဂလိကကဏ္ဍ၏ ရပ်တည်မှုကို အသိအမှတ်မပြုထားသောကြောင့် ကုန်လုပ်စွမ်းအားစုများကို ရယူသုံးစွဲခွင့်ဆိုသည်မှာ ပြောစရာပင် မလိုဘဲရှိခဲ့ပါသည်။ ထို့ကြောင့် ၁၉၇၄ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် များစွာ ပျင်းစရာကောင်းသော စာရွက်တစ်ထပ်သာ ဖြစ်ခဲ့ရခြင်းဖြစ်ပေသည်။ တစ်ပါတီစနစ်မဟုတ်တော့သော ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြိုင်ဘက်ပါတီများ ပေါ်ပေါက်လာပြီဖြစ်ရာ ကုန်လုပ်စွမ်းအားစုများကို ထိန်းချုပ်ခွင့်အလို့ငှာ ဖြစ်ပေါ်လာဖွယ်ရှိသည့် Check and Balance များကို မည်ရွေ့မည်မျှအထိခွင့်ပြု၍ မည်သို့မည်ပုံ ကန့်သတ်ထားမည်ဆိုသောအချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အဓိကရှာဖွေကြည့်ရသောအချက်များဖြစ်ပေသည်။ မြန်မာနိုင်ငံတွင် အသစ်ပေါ်ထွန်းလာသော အခြေခံဥပဒေသစ်ကို လက်တွေ့ကျင့်သုံးရာတွင် ကုန်လုပ်စွမ်းအားစုများကို STATE ခေါ် နိုင်ငံတော်နှင့် နိုင်ငံတော်ကို ကိုယ်စားပြု၍ချုပ်ကိုင်ခွင့်ရသူ အဖွဲ့အစည်းက မည်ရွေ့မည်မျှ ရယူသုံးစွဲခွင့်ပြု၍ မည်သို့မည်ပုံ Check and Balance ပြုလုပ်ခွင့်ပြုသည် ဆိုသောအချက်များမှာ အခြေခံဥပဒေသက်သက်ကိုလေ့လာရုံမျှဖြင့် အသေအချာမသိရှိနိုင်ဘဲ ရွေးကောက်ပွဲရလဒ်များပေါ်တွင်လည်း များစွာမူတည်မည်ဖြစ်ပေသည်။

သို့သော် များစွာသေချာသည်မှာ ၁၉၆၂ ခုနှစ်မှစ၍ ဖြစ်ပေါ်ခဲ့သောပုံသဏ္ဍာန်ဟောင်းဖြစ်သည့် ကုန်လုပ်စွမ်းအားစုများကို အကန့်အသတ်မရှိ Check and Balance မရှိ ထိန်းချုပ်ခွင့်ရှိခဲ့သော အခြေအနေကိုကျော်လွန်သွားလိမ့်မည် ဆိုသောအချက်မှာ ယခုအသစ်ပေါ်ထွန်းမည့် နိုင်ငံရေးစနစ်နှင့်ပတ်သက်၍ မျှော်လင့်ချက်ဖြစ်ပါသည်။ ၂၀၁၀ ခုနှစ်တွင် မြန်မာနိုင်ငံ၌မည်သို့သောနိုင်ငံရေးပုံသဏ္ဍာန်

www.foreverspace.com.mm



ဖြစ်ပေါ်လာမည်ဆိုသောအချက်သည် တည်ဆဲအစိုးရအပေါ်တွင် မူတည်သည်ဟုပြောဆိုသော မှတ်ချက်များရှိခဲ့ပါသည်။ အသွင်ကူးပြောင်းရေးဆိုရာတွင် STATE ခေါ် နိုင်ငံတော်၊ Market ခေါ် ဈေးကွက်နှင့် Civil Society ခေါ် အရပ်ဘက်လူ့အဖွဲ့အစည်း စသည့် အင်အားစုသုံးရပ် အသွင်ကူးပြောင်းခြင်းဖြစ်ရာ ယနေ့ ယခု Market နှင့် Civil Society တို့က ယနေ့ မည်သို့ရင်းနှီးမြုပ်နှံသည် ဆိုသောအချက်သည်လည်း ၂၀၁၀ ၏ နိုင်ငံရေးရပ်ပုံလွှာကို ထင်ဟပ်လိမ့်မည်ဖြစ်ပါသည်။

## ၃-၃။ မတောင်းမီကပေးနှင့်သူ

အထက်တွင်ပါဝင်သော စာရေးသူ၏ ကုန်လုပ်စွမ်းအားစုများ ထိန်းချုပ်မှု၊ ရယူသုံးစွဲမှုတို့နှင့်ပတ်သက်၍ Check and Balance ပြုလုပ်နိုင်ခြေအလားအလာများ သုံးသပ်ချက်ဆောင်းပါးနှင့်ပတ်သက်၍ မိတ်ဆွေတစ်ဦးက မေးခွန်းထုတ်လာခဲ့သည်။ ၎င်း၏မေးခွန်းမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကုန်လုပ်စွမ်းအားစုများ ထိန်းချုပ်မှုကို မည်သို့သုံးသပ်လိုပါသနည်း ဆိုသောမေးခွန်းဖြစ်သည်။ မိတ်ဆွေဖြစ်သူ၏ မေးခွန်းမှာရှင်းပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် State ဆိုသော နိုင်ငံတော်မှာ ကွန် မြူနစ်ပါတီဖြစ်ပြီး ထိုပါတီကို လူတန်းစားအလွှာကသာ ကုန်လုပ်စွမ်းအားစုများကို ထိန်းချုပ်ခွင့်ရှိလိမ့်မည်။ အတိုက်အခံပါတီဆိုသည်များနှင့် ပါတီစုံစနစ်ကို ခွင့်ပြုနိုင်ခြင်းမရှိ၍ Check and Balance ဆိုသည်မှာ အချုပ်အခြာအာဏာ တစ်ခုနှင့်တစ်ခုအကြား အချင်းချင်း Check and Balance ပြုလုပ်ခြင်းထက်မပိုဟု ယူဆမေးမြန်းခြင်းဖြစ်ပါသည်။ မှန်ပါသည်။ တရုတ်ပြည်သူ့သမ္မတ နိုင်ငံအစိုးရက ကုန်လုပ်စွမ်းအားစုများ ရယူသုံးစွဲခွင့်နှင့်ပတ်သက်၍ (တစ်နည်းအားဖြင့် Property Right) ခင်းကျင်းထားသော အခင်းအကျင်းမှာ အလွန်ပညာသားပါသောကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရသည် ကမ္ဘာပေါ်တွင် အပါးနပ်ဆုံးအစိုးရများတွင် တစ်ခုအပါအဝင်ဖြစ်သည်ဟု ဆိုချင်ပါသည်။ သို့သော် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရသည် ဤနည်းလမ်းမျိုးကို ကမ္ဘာပေါ်တွင် ပထမဆုံးကျင့်သုံးခဲ့သူမဟုတ်ပါ။ စင်ကာပူနိုင်ငံသည် အလားတူစနစ်မျိုးဖြင့် ယနေ့ ၎င်းတို့ရောက်ရှိနေသောအနေအထားကို ဆောင်ကြဉ်းလာခဲ့ခြင်းဖြစ်ပါသည်။ ကုန်လုပ်စွမ်းအားစုများကို လိုအပ်လျှင် အကြမ်းနည်းအာဏာစက်ကို သုံးစွဲ၍ တရားဝင်ထိန်းချုပ်ခွင့်ရရှိထားသူ နိုင်ငံတော် ခေါ် State များနှင့်ပတ်သက်၍ ကွဲပြားသော သီအိုရီ နှစ်ရပ်ရှိပါသည်။ ပထမတစ်ခုမှာ Contract Theory of State ဖြစ်သည်။ Contract သီအိုရီအရ State ခေါ် နိုင်ငံတော်များသည် သက်မဲ့ဖြစ်သော ကုန်လုပ်စွမ်းအား စုများကို ကန်ထရိုက်စနစ်ဖြင့် စည်းမျဉ်းစည်းကမ်း သတ်မှတ်၍ မျှတစွာ ယှဉ်ပြိုင်ရယူ သုံးစွဲခွင့်ပြုထားရာ မျှတ၍ ထိရောက်သောပိုင်ဆိုင်ခွင့် ပိုင်ဆိုင်မှုကို လွှဲပြောင်းခွင့် အမြတ်အစွန်း ထုတ်ယူခွင့်များ ဖော်ဆောင်ပေးရာ ရောက်သွားပြီး နိုင်ငံတော်ခေါ် State သည် လူ့အဖွဲ့အစည်း၏ကြွယ်ဝချမ်းသာမှုကို ဆောင်ကြဉ်းသူဖြစ်သွားခဲ့ခြင်းဖြစ်သည်။ အနောက်ဥရောပစီးပွားရေးအင်အားကြီးနိုင်ငံများ၏ State များသည် အဆိုပါတာဝန်ကို ထမ်းဆောင်ကြပြီး တစ်ဖက်တွင်လည်း နိုင်ငံတော်အနေဖြင့် မြင့်မားသော အခွန်အကောက်များ ကောက်ယူသည်ကို တွေ့ရသည်။ Predatory ခေါ် Exploitation Theory အရ State ဆိုသည်မှာ ကုန်လုပ်စွမ်းအားစုများကို ထိန်းချုပ်သည့်ပါတီတစ်ခု၊ အလွှာတစ်လွှာ၊ လူတစ်စုသာဖြစ်ပြီး ကုန်လုပ်စွမ်းအားစုများကို ထိန်းချုပ်ထား၍ လူ့အဖွဲ့အစည်းထံမှ ၎င်းတို့၏အကျိုးစီးပွားကို လက်တစ်ဆုံး ရယူခြင်းသာဖြစ်သည်ဟု ဆိုသည်။ လူ့အဖွဲ့အစည်း၏ကြွယ်ဝချမ်းသာမှုကို ၎င်းတို့ လူတန်းစား၏အကျိုးစီးပွားထက် ကျော်လွန်စဉ်းစားခြင်းမရှိဟု ဖွင့်ဆိုသည်။ ဤအယူအဆမှာ Marxist သီအိုရီများအရ အရင်းရှင်စနစ်ကိုဝေဖန်သော အယူအဆဖြစ်သည်။ တရုတ်တို့သည် Marxist သီအိုရီများကို ကျွမ်းကျင်နှံ့စပ်သူများဖြစ်သည့်အားလျော်စွာ ကုန်လုပ်စွမ်းအားစုများကို အလွန်အကျွံ ထိန်းချုပ်မိလျှင် လူတန်းစားတိုက်ပွဲ တော်လှန်ရေးများ ဖြစ်တတ်သည်ကို သဘောပေါက်နိုင်သူများဖြစ်ပေသည်။ ထို့အပြင် တရုတ်ခေါင်းဆောင်များနှင့် Ruling Class သည် ပြည်သူလူထုကို ရန်သူအဖြစ်သဘောမထားကြောင်း မကြာခဏ ပြသလေ့ရှိသူများဖြစ်ပေသည်။ တစ်ဖက်တွင်လည်း လူဦးရေများလွန်းသောနိုင်ငံကြီးတွင် ကုန်လုပ်စွမ်းအားစုများထိန်းချုပ်ခွင့်ကို ဈေးဆစ်မည့် Check and Balance ပြုလုပ်ခွင့်ကို ပေးအပ်ရန် အခက်အခဲရှိနိုင်သည်ဟု ယူဆထားကြရာ ပါးနပ်စွာပင် 'မတောင်းမီကပေးနှင့်သည်' ဟု ဆိုရမည်ဖြစ်သည်။ စင်ကာပူနိုင်ငံသည် ဤ'မတောင်းမီကပေးနှင့်သည်' ဆိုသော သဘောတရားကို အစောဆုံးကျင့်သုံးအောင်မြင်ခဲ့သူဖြစ်သည်။ ကုန်လုပ်စွမ်းအားစုများအား စနစ်တကျရယူသုံးစွဲခွင့်ပြုထားသောကြောင့် ကုန်လုပ်စွမ်းအားစုများ ရယူသုံးစွဲခွင့်အလို့ငှာ တိုက်ပွဲဝင်ရမည့် အတိုက်အခံပါတီနိုင်ငံရေး လိုအပ်ချက် မရှိသလောက်ဖြစ်သွားပြီး နိုင်ငံရေးအပေါ် စိတ်ဝင်စားမှုလည်း နည်းသွားသည်ကို တွေ့နိုင်ပါသည်။ တစ်နည်းအားဖြင့်ပြောရလျှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်အတွင်း Exploitation သီအိုရီနှင့် ကိုက်ညီသောနိုင်ငံတစ်ခုအဖြစ်မှ Contract သီအိုရီနှင့်ကိုက်ညီသော State တစ်ခုအဖြစ် စာရေးသူတို့၏မျက်စိရှေ့တွင် တရွေ့ရွေ့ကူးပြောင်းသွားခဲ့ခြင်းဖြစ်ပါသည်။ မည်မျှအောင်မြင်သည်ဆိုစေကာမူ Check and Balance မရှိသည့် နိုင်ငံတော်သက်သက်ဖြစ်နေခြင်းကြောင့် လွန်ခဲ့သောနှစ်က ဖြစ်ပေါ်ခဲ့သော နို့မှုန့်ပြဿနာမျိုးဖြစ်ပေါ်ရန် အလားအလာများလည်း အမြဲတစေရှိနေသည်ကို တွေ့မြင်နေရပေသည်။

**အောင်ထွန်း**



www.foreverspace.com.mm

# မိုးရာသီနှင့် ရန်ကုန်မြို့ပြ

ကျော်ဆန်းမင်း၊ ခင်ငွေးကြွယ်


**မြန်မာနိုင်ငံ၏ တောတောင်ရေမြေသဘာဝအရ မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်း သုံးရာသီဖြစ်ပေါ်နေပြီး နွေရာသီနှင့် ဆောင်းရာသီတွင် မိုးရွာသွန်းလေ့မရှိဘဲ မိုးကာလတွင်သာ မိုးရွာသွန်းသောကြောင့် နှစ်တစ်နှစ်၏ သုံးပုံနှစ်ပုံခန့်မှာ ရေမြောင်းများအတွင်း အမှိုက်များ၊ ဖုန်၊ သဲများနှင့် ပိတ်ဆို့နေသဖြင့် မိုးရွာသွန်းချိန်တွင် ရေကြီး၊ ရေလျှံမှုများ နှစ်စဉ်ဖြစ်ပေါ်နေရာ လူနေထူထပ်ပြီး မြို့နယ်နိမိတ်ကျယ်ဝန်းလာသည့် ရန်ကုန်မြို့တော်၏ မြို့ပြဖွံ့ဖြိုးရေးမှာ လုပ်ဆောင်ရန်ခက်ခဲသည်နှင့်အမျှ မဖြစ်မနေလုပ်ဆောင်ရေးမှာလည်း အရေးပါလာပေသည်။**

## သမိုင်းထဲက ရန်ကုန်

ပင်းယ၊ အင်းဝခေတ်ကပင် ဒဂုံဟူသောအမည်ဖြင့် ထင်ရှားလျက်ရှိနေသော ရန်ကုန်မြို့ကို ကုန်းဘောင်မင်းဆက်တည်ထောင်သူ အလောင်းဘုရားဘုရင်က ရန်အပေါင်းကုန်စင်အောင် အောင်မြင်ခဲ့၍ 'ရန်ကုန်' ဟု ခေါ်တွင်စေရာမှ ယနေ့မြန်မာနိုင်ငံ၏ မြို့တော်တစ်ဖြစ်လဲ စီးပွားရေးမြို့တော်အဖြစ် ရောက်ရှိလာခြင်းဖြစ်သည်။

ရန်ကုန်မြို့ကို အလောင်းဘုရားစတင်တည်ထောင်စဉ်က လူဦးရေတစ်သောင်းကျော်ကျော်မျှသာရှိပြီး ဆိပ်ကမ်းမြို့ဖြစ်သည်နှင့်အညီ နောက်ပိုင်းတွင် လာရောက်အခြေချသူ တဖြည်းဖြည်းတိုးပွားလာခဲ့သည်။

၁၈၅၂ ခုနှစ် အောက်တိုဘာလတွင် ဗြိတိသျှကို စစ်ရှုံး၍ မုတ္တမ၊ ပဲခူး၊ ရန်ကုန်၊ ပြည်နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတို့ ဗြိတိသျှလက်အတွင်းကျရောက်သွားခဲ့သည်။ ဗြိတိသျှလက်အောက်တွင် ၁၈၅၃ ခုနှစ်၌ ရန်ကုန်မြစ်နှင့်ယှဉ်လျက် ပေ ၂၅၀ ကျယ်သော ကမ်းနားလမ်းကို လမ်းမတော်ဆိပ်ကမ်းမှ ဗိုလ်တထောင်သံလျက်စွန်းအထိ ဖောက်လုပ်ပြီး ကမ်းနားလမ်းနှင့် ထောင့်မှန်ပေ ၁၀၀ ကျယ်သောလမ်းတစ်လမ်းကို လမ်းမတော်ဆိပ်ကမ်းမှ မြောက်ဘက်ရွှေတိဂုံ



www.foreverspace.com.mm



ဘုရားခြေရင်းအထိ ထောင့်မှန်ပုံစံမြေကွက်ရိုက်ခဲ့ပြီး ယင်းမြို့ကွက်အသစ်၏ အကျယ်အဝန်းမှာ ဧက ၅၀၀ ခန့်ရှိပြီး လူဦးရေ ၃၆,၀၀၀ ခန့်အတွက် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

သို့သော် မြို့နေလူထုမှာ ၁၈၅၆ ခုနှစ်တွင် ၄၆,၀၀၀၊ ၁၉၆၀ ပြည့်နှစ်တွင် ၆၀,၀၀၀ အထိ တိုးတက်များပြားလာရာ ၁၈၆၁ ခုနှစ်တွင် မူလမြို့ကွက်၏ အနောက်ဘက်ရှိ သိမ်ဖြူလမ်း၏ အရှေ့ဘက်ကို မြို့ဧရိယာထပ်မံတိုးချဲ့ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

"ရန်ကုန်မြို့တည်ထောင်ထားတဲ့ ပုံစံကို လေ့လာကြည့်ရင် ရွှေတိဂုံဘုရားတည်ထားတဲ့ သိင်္ဂုတ္တရကုန်းကို အခြေပြုတွက်ချက်ပြီး ကုန်းမြင့်ပိုင်းမှာ တည်ဆောက်ထားတာဆိုတော့ အမြင့်ပိုင်းကျတဲ့အတွက် ရေစီးရေလာကောင်းတယ်။ နောက် ရန်ကုန်မြို့ မြေအောက်မှာ ရေဆင်းမြောင်းကြီးတွေ ဂျစ်ကားတောင်ဖြတ်မောင်းလို့ရတဲ့အထိ ကျယ်တယ်လို့ ပြောကြတယ်။ နောက် ဒီရေအကျမှာ ရေထုတ်နိုင်ဖို့ ရေထိန်းတံခါးတွေနဲ့ စနစ်တကျတွက်ချက်ပြီး လုပ်ထားတယ်" ဟု ဗိသုကာပညာရှင်

---

# "ဘယ်လိုအချိန်မှာ ဘာတွေဖြစ်တတ်တယ်ဆိုတာသိနေကြတာပဲ"

## တိုင်းကျန်းမာရေးဦးစီးဌာန (ရန်ကုန်တိုင်း) အကြီးတန်းကူးစက်ဆရာဝန်ကြီး (အောက်မြန်မာပြည်)

## ဒေါက်တာမောင်မောင်ဦးနှင့် တွေ့ဆုံခြင်း

**ဇာလီကျော်**

**မြန်မာနိုင်ငံအတွင်း မိုးရာသီတွင် ဖြစ်ပွားလေ့ရှိသည့်ရောဂါများအပါအဝင် မြို့တော်နေလူထု၏ ကျန်းမာရေးအတွက် ဆောင်ရွက်သည့် စီစဉ်မှုပုံစံများနှင့်ပတ်သက်၍ တိုင်းကျန်းမာရေးဦးစီးဌာန (ရန်ကုန်တိုင်း) မှ အကြီးတန်းကူးစက်ဆရာဝန်ကြီး (အောက်မြန်မာပြည်) ဒေါက်တာမောင်မောင်ဦးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်တို့ကို ဖော်ပြထားခြင်းဖြစ်သည်။**

**L.C : အခုလိုမိုးတွင်းရာသီမှာ ဘယ်လိုရောဂါတွေအဖြစ်များတတ်ပါသလဲဆရာ ။**

**Dr.MMO :** ဝမ်းရောဂါတွေ အဖြစ်များတယ်။ မိုးဦးကျဖြစ်လို့ ခြင်ကျားတွေပေါက်ဖွားတာများတော့ သွေးလွန်တုပ်ကွေးဖြစ်တာပေါ့။ နောက် ရာသီတုပ်ကွေးတွေလည်း ဖြစ်တယ်။ ဒီရောဂါတွေကတော့ မိုးတွင်းဆိုရင် ပုံမှန်ဖြစ်နေကျပဲ။

**L.C : မဖြစ်ပွားအောင် ဘယ်လိုကာကွယ်ရမလဲဆိုတာနဲ့ ဘယ်လိုဂရုပြုနေထိုင်ရမလဲဆိုတာ ပြောပြပေးပါဦးဆရာ။**

**Dr.MMO :** အထူးသဖြင့်ကတော့ မိုးဦးကျကနေ မိုးကုန်

www.foreverspace.com.mm

ဦးကျော်ဌေးက ရှင်းပြသည်။

ဗြိတိသျှလက်ထက် မှတ်တမ်းများအရ ၁၉၀၅ ခုနှစ်တွင် ကိုယ်ပိုင်မော်တော်ယာဉ်အချို့ စတင်တွေ့ရှိရပြီး ၁၉၁၃ အောက်တိုဘာလတွင် ဘတ်စ်ကားများ စတင်ပြေးဆွဲ၍ ၁၉၁၅ ခုနှစ်တွင် ဘတ်စ်ကားရှစ်စီး၊ အငှားယာဉ် ၂၈ စီး၊ ကိုယ်ပိုင်နှင့် လော်ရီကား ၄၂၆ စီး၊ မော်တော်ဆိုင်ကယ် ၁၃၉ စီးရှိကြောင်း သောင်းဝေ ရေးသားသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ သမိုင်းစာအုပ်တွင် ဖော်ပြထားချက်အရ သိရသည်။



## ယနေ့ရန်ကုန်

ဗြိတိသျှတို့ ရန်ကုန်မြို့သစ်ကို အကွက်ရိုက်စဉ်က မြို့အကျယ်အဝန်းမှာ ဧက ၅၀၀ သာရှိပြီး လူဦးရေ ၃၆,၀၀၀ ခန့်အတွက် ရည်ရွယ်တည်ဆောက်ခဲ့သော်လည်း ယနေ့ရန်ကုန်မြို့တော်၏ နယ်နိမိတ်မှာ ၂၂၃ ဒသမ ၂၁၇ စတုရန်းမိုင်ရှိပြီး လူဦးရေ ခြောက်သန်းကျော်နေထိုင်သော လူနေထူထပ်သည့်မြို့ကြီးအဖြစ် ရောက်ရှိနေပြီဖြစ်သည်။

မြို့နေလူဦးရေတိုးတက်များပြားလာမှုကြောင့် ၁၉၈၅ ဝန်းကျင်တွင် ဒဂုံမြို့နယ်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပ၊ သဃ်န်းကျွန်း၊ သာကေတ (တိုးချဲ့)၊ အင်းစိန်(တိုးချဲ့–ပေါက်တော) စသဖြင့် မြို့သစ်မြို့နယ်များ တိုးချဲ့ဖောက်ထုတ်ခဲ့ပြီး မြေကွက်ပေါင်း ၁၅၂,၅၀၀ ကို ဖော်ထုတ်ခဲ့သည်။ ယင်းအပြင် ၁၉၉၀ ဝန်းကျင်တွင် ဈေးသစ်အဆောက်အအုံပေါင်း ၂၇ ဈေးကို တည်ဆောက်ခဲ့ခြင်း၊ အထပ်မြင့်အဆောက်အအုံများတိုးချဲ့ တည်ဆောက်လာခြင်း၊ လူနေသိပ်သည်းလာ

တဲ့အထိ အချိန်ဟာ အများဆုံးဖြစ်ပွားတတ်တဲ့အချိန်တွေပါပဲ။ ခါတိုင်းအချိန်တွေမှာ မဖြစ်ဘူးလို့တော့ ပြောလို့မရဘူး။ ဒီလိုအချိန်တွေကတော့ အဖြစ်များတာပေါ့။ ဝမ်းရောဂါက အစားအသောက်နဲ့ ရေကြောင့်ဖြစ်တာ။ ဒီတော့ ရောဂါပိုးမပါတဲ့ ရေနဲ့ သန့်ရှင်းတဲ့အစားအသောက်မျိုးတွေစားရင် ဝမ်းရောဂါကို ကာကွယ်နိုင်ပါတယ်။ သွေးလွန်တုပ်ကွေးဆိုရင် ကလေးတွေအများဆုံးဖြစ်တယ်။ လူကြီးတွေလည်း ဖြစ်တယ်။ ဒါကတော့ နေ့ဘက်ကိုက်တဲ့ခြင်ကျားတွေ အကိုက်မခံရအောင် ဂရုစိုက်ပေးရမယ်။ ရေကြည်ရေသန့်တွေမှာ ဒီရောဂါပိုးသယ်ဆောင်တဲ့ခြင်တွေ ပေါက်ဖွားလေ့ရှိလို့ မပေါက်ဖွားနိုင်အောင် ဖုံး၊ သွန်၊ လဲ၊ စစ်တွေ လုပ်ပေးရမယ်။



ရာသီပေါ်တုပ်ကွေးကတော့ ဘယ်လိုမှတားလို့မရပါဘူး။ ဒီရာသီမှာ ဒီရောဂါက ဖြစ်ကိုဖြစ်မှာပါပဲ။ အဲဒီရောဂါမဖြစ်အောင်ကတော့ လူစုလူဝေးများတဲ့နေရာမသွားနဲ့၊ ကိုယ့်ကိုယ်ကိုယ် ကိုယ်ခံအားကောင်းအောင် ကောင်းကောင်းအိပ်စက်တာ၊ အာဟာရပြည့်ဝတဲ့ အစားအစာတွေ စားသောက်တာ၊ ရေများများသောက်တာ၊ တစ်ကိုယ်ရေကျန်းမာရေးနဲ့ ပတ်ဝန်းကျင်သန့်ရှင်းမှုကိုဂရုစိုက်တာ ဒါတွေလုပ်

www.foreverspace.com.mm



ခြင်းတို့ကြောင့် ယနေ့ ရန်ကုန်မြို့မှာ မော်တော်ယာဉ်များ၊ လူများ၊ ဈေးများဖြင့် ပျားပန်းခပ်မျှစည်ကားလာရာ ယင်း၏ ဘေးထွက်ဆိုးကျိုးအနေဖြင့် အမှိုက်စွန့်ပစ်မှုများလာခြင်း၊ သောက်သုံးရေသုံးစွဲမှုများလာခြင်း၊ ရေဆိုးစွန့်ပစ်မှုများလာခြင်းတို့ကြောင့် ရေမြောင်းပိတ်ဆို့ခြင်း၊ မြို့နေလူထုနှင့် လက်ရှိအခြေခံဆောက်အဦများ လိုက်လျောမှုမရှိခြင်းတို့ ဖြစ်ပေါ်လာသည်။

"မြို့နေလူဦးရေသိပ်သည်းလာတော့ အဆောက်အအုံတွေပိုဆောက်လာတယ်။ အရင်က ကျွန်တော်တို့တွေ့နေရတဲ့ ဗေဒါခင်းတွေဆိုတာက မိုးရေတွေ၊ စွန့်ပစ်ရေတွေကို မြောင်းတွေကနေတစ်ဆင့် စုစည်းပြီး စုရပ်ကန်လေးတွေလုပ်ထားတယ်။ ဒီရေတွေက ကန်ထဲကို စီးဝင်ပြီးတော့ မြေရဲ့ဆွဲအားနဲ့ မြေကြီးထဲစိမ့်ဝင်ပြီး ရေလျော့ကျသွားတယ်။ ဒါမျိုးလုပ်ထားတာ။ ဒါပေမဲ့ ဒီလိုအိုင်တွေကို မြေဖို့ပြီး အဆောက်အအုံဆောက်လာတော့ ဒီကန်ထဲစီးဝင်ဖို့လုပ်ထားတဲ့ ရေမြောင်းတွေပိတ်သွားတယ်။ မြောင်းတွေ ကောသွားတယ်။ ဒါကလည်း မိုးရာသီမှာ ရေကြီး၊ ရေလျှံစေတဲ့အချက်တစ်ချက်ပဲ" ဟု S&A Co., Ltd. မှ ဗိသုကာပညာရှင် ဦးစောထွေးဇော်က ရှင်းပြသည်။

## မိုးရာသီနှင့် ရန်ကုန်

မြန်မာနိုင်ငံမှာ မိုးကာလသတ်သတ်မှတ်မှတ်ရှိနေပြီး မိုးတွင်းလေးလတာပတ်လုံး မိုးရွာသွန်းလေ့ရှိသော်လည်း ယခင်ရန်ကုန်မြို့မှာ မိုးပြေးလေးများသာရွာသွန်း

ဆောင်ပေးရမှာဖြစ်ပါတယ်။

**L.C** : **ဒီနှစ်ကတော့ သွေးလွန်တုပ်ကွေးဖြစ်ပွားမှုကျဆင်းတယ်လို့ ပြောပါတယ်။ သုံးနှစ်တစ်ကြိမ်လည်း ကျဆင်းတတ်တယ်လို့လည်း သိရပါတယ်။**

**Dr.MMO** : သုံးနှစ်တစ်ကြိမ်လည်းကျတယ်။ လေးနှစ်တစ်ခါကို သူက ပြန်ပြန်ထောင်တက်တတ်တယ်။ ဒါပေမဲ့ အဲဒီလေးနှစ် တစ်ကြိမ်မဟုတ်ဘဲလည်း ကိုယ်ကပေါ့သွားရင် ဖြစ်တာပဲ။ အခုနှစ် ကျတယ်ဆိုတာက ဆရာတို့ကျန်းမာရေးဌာနက လုပ်တာတွေကို တိုင်းမှူးနဲ့ မြို့တော်ဝန်ကလည်း ပါဝင်လာတယ်။ မြို့တော်ဝန်ဆိုရင် မြို့တော်စည်ပင်အနေနဲ့ ဆေးလှူတာတွေအများကြီးပဲ။ အခုနှစ် ကျတယ်ဆိုတာက ကိုယ့်လုပ်ဆောင်ချက်ကြောင့် ကျသွားတာ။ သူ့ဟာသူကျသွားတာတော့ မဟုတ်ဘူး။


ဒီလိုလုပ်ဆောင်ချက်တွေများလာတာနဲ့အမျှ ပြည်သူလူထုကလည်း ပိုသတိထားမိလာတယ်။ နောက် Public Awareness လည်းရှိလာပြီးတော့ သူတို့ကိုယ်တိုင် လိုလိုလားလားနဲ့ ပူးပေါင်းပါဝင်လာတယ်။ အရင်တုန်းက Abate ဆေး (ခြင်ကျားပေါက်ဖွားမှုကာကွယ်ဆေး) တွေ အိမ်တွေမှာ ခတ်မယ်ဆိုရင် အခတ်မခံတာတွေရှိတယ်။ အခု သူတို့ကိုယ်တိုင်က ကျွန်မအိမ် မခတ်



www.foreverspace.com.mm

ပေ့ရှိ၍ ထီးဆောင်းသူပင်ခပ်ရှားရှားအနေ အထားမှ ယနေ့ကမ္ဘာကြီး ပူနွေးလာမှု၏ နောက်ဆက်တွဲရာသီဥတုများဖောက်ပြန်လာမှုကြောင့် မိုးသည်းထန်စွာရွာသွန်းလေ့ရှိပြီး မိုးရွာသွန်းချိန်ကြာခြင်း၊ ရေပါခြင်းတို့ကြောင့် ရန်ကုန်မြို့ရှိ လမ်းများပေါ်တွင် ရေကြီး၊ ရေလျှံမှုများပေါ်လာရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ယခုနှစ်မိုးရာသီမှစ၍ ရေနုတ်မြောင်းများတူးခြင်း၊ ရေကြီးရေလျှံသည့်နေရာများတွင် ရေစုပ်စက်ကြီးများ တပ်ဆင်ခြင်းတို့ဖြင့် ရန်ကုန်မြို့ ရေကြီးရေလျှံမှုကို ကုစားရန် ကြိုးစားလာကြသည်။

"အင်္ဂလိပ်လက်ထက်က ရန်ကုန်ဆိုတာ လူဦးရေလည်းနည်းတယ်။ နောက် ဗိုလ်ချုပ်အောင်ဆန်းလမ်းကလွဲပြီး ကျန်လမ်းတွေမှာ အလိုအလျောက်လည်ပတ်နိုင်တဲ့ ၁၂ ပေအကျယ် စတီးပန်ကာကြီးတွေနဲ့ ရေဆိုးစွန့် ပိုက်လုံးကြီးတွေရှိတယ်။ နောက် ဗိုလ်ချုပ်လမ်းက အမြင့်ပိုင်းမှာရှိတော့ အဲဒီကနေ ကမ်းနားဘက်ကို ရေစီး



ရသေးဘူး၊ ကျွန်တော်တို့အိမ် မခတ်ရသေးဘူးဆိုတာမျိုးလေးတွေဖြစ်လာတယ်။ Awareness ပိုကောင်းလာတာပေါ့။ အဓိက,ကတော့ အာဏာပိုင်အဖွဲ့အစည်းတွေကပါလာတာ ဆရာတို့အတွက်ပိုကောင်းတာပေါ့။ လုပ်ရတာ ပိုထိရောက်မြန်ဆန်တာပေါ့။

**L.C : ဆရာတို့အနေနဲ့ ဘယ်မြို့နယ်တွေကတော့ ဘယ်ရောဂါနဲ့ပတ်သက်လို့ စိုးရိမ်ရတဲ့အနေအထားရှိတယ်၊ ဘယ်လောက်စိုးရိမ်ရတယ်၊ အဲဒီအတွက် ဦးစားပေးဘယ်အဆင့်အထိရှိတယ်ဆိုတာမျိုး တွက်ချက်စီစဉ်ထားတာတွေ ရှိပါသလား။**

**Dr.MMO :** ရှိတော့ရှိတယ်။ Compare လုပ်ကြည့်လိုက်ရင် များတဲ့မြို့နယ်နဲ့ နည်းတဲ့မြို့နယ်ဆိုပြီးရှိတာပဲ။ များတဲ့မြို့နယ်ကိုတော့ ပိုဦးစားပေးပြီးတော့ အဓိကလုပ်ပေးတာပေါ့။

**L.C : ရန်ကုန်တိုင်းအတွင်းမှာ အဓိကထားရတဲ့နေရာတွေက ဘယ်နှနေရာလောက်ရှိမလဲဆရာ။**

**Dr.MMO :** မြို့နယ်တွေကို အမည်နဲ့တကွ မှတ်တမ်းတွေရှိပါတယ်။ မြို့လယ်ကောင်ထက်စာရင် ဆင်ခြေဖုံးတွေမှာ ပိုအဖြစ်များတာက သူတို့သုံးစွဲတဲ့ရေ၊ သူတို့သုံးတဲ့အိမ်သာ၊ သူတို့စားသောက်တဲ့အစားအစာ အဲဒါတွေပေါ်မှာလည်း ကွာသွားတယ်လေ။

**L.C : ဒီလိုနှစ်စဉ်ရာသီတွေတိုင်းမှာ ဖြစ်ပွားတတ်တဲ့ရောဂါတွေနဲ့ပတ်သက်ပြီး မြို့နယ်တွေမှာ ကျန်းမာရေးအတွက် လုပ်ဆောင်ရမယ့် Plan တွေ ချထားတာရှိပါသလား။**

**Dr.MMO :** တိုင်းကနေပြီးတော့ မြို့နယ်တွေမှာရှိတဲ့ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးတွေဆီကို ဒီလိုရာသီရောက်တော့မယ်ဆိုရင် Reminder တွေထုတ်တယ်။ ဒီမြို့နယ်ဆရာဝန်တွေအနေနဲ့လည်း ဘယ်လိုအချိန်တွေမှာ ဘာတွေဖြစ်တတ်တယ်ဆိုတာ သိနေကြတာပါပဲ။ ဘယ်ရာသီရောက်တော့မယ်၊ ဘယ်ရောဂါတွေဖြစ်တော့မယ်၊ ကိုယ့်မြို့နယ်အတွင်းမှာ ဘယ်နေရာကနေ ဘာရောဂါဖြစ်နိုင်တယ်၊ ဖြစ်နိုင်ခြေရှိတဲ့အခွင့်အလမ်းတွေ ဘာတွေရှိတယ်။ အဲဒီအကြောင်းအရာတွေကို ပြုပြင်မလား၊ ဘာလုပ်ထားလဲ၊ လုပ်ဆောင်မှုအခြေအနေ၊ ပြီးစီးမှုအခြေအနေ စတာတွေကို ဆရာတို့ဆီကို Feedback Information ပြန်ပေးရတယ်။ မြို့နယ်တိုင်းမှာလည်း သူတို့အတွက် Microplanning လို့ခေါ်တဲ့ အနုစိတ်စီမံချက်တွေ ရေးဆွဲထား

www.foreverspace.com.mm

အောင်စနစ်တကျတွက်ချက်လုပ်ထားတာ တွေ့ရတယ်။ နောက် မိလ္လာတွေကိုလည်း သံလျက်စွန်းဆိပ်ကမ်းကနေ မြစ်ထဲစွန့်ပစ်နိုင်အောင် လုပ်ထားတယ်။ ၂၀၀၄ လောက်ကျတော့မှ ရေထုညစ်ညမ်းမှုမဖြစ်အောင် ရေဆိုးသန့်စင်စက်ရုံဆောက်ခဲ့တာ။ နောက် ဒီရေတက်လာရင် ရေလျှံမှုမဖြစ်ဖို့ ရေထိန်းကန်၊ ရေထိန်းတံခါးတွေ လုပ်ထားတာ တွေ့ရတယ်" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေယာဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။



ရန်ကုန်မြို့မှာ ဗြိတိသျှလက်အောက်ကျရောက်စဉ်က မြို့သစ်အကွက်ရိုက်၍ မြို့သစ်ဖော်ထုတ်ခြင်းဖြစ်ရာ မြို့မှာ စနစ်ကျနမှုရှိသော်လည်း နောက်ပိုင်းတွင် စစ်ကာလတစ်လျှောက် ပျက်စီးမှုများဖြစ်ပေါ်ခြင်း၊ စစ်ပြီးကာလပြည်တွင်းစစ်များတစ်လျှောက်လည်း ပျက်စီးခဲ့ခြင်း၊ ၁၉၈၀ နောက်ပိုင်း မြို့သစ်ချဲ့ထွင်ရာတွင်လည်း မြို့စွန်ရပ်ကွက်များအဖြစ်ဖြင့်သာ ဖော်ထုတ်ခဲ့ခြင်း၊ ယင်းမှ ယခုအထပ်မြင့်အဆောက်အအုံများဖြစ်လာခြင်းဖြစ်ရာ မြို့ပြတည်ဆောက်မှုပုံစံအရကြည့်လျှင် စနစ်ကျနမှုမရှိဘဲ အားနည်းရခြင်းဖြစ်ကြောင်း ဦးကျော်ဌေးက သုံးသပ်ပြသည်။

"အဲဒီလိုစနစ်ကျနမှုမရှိတာ အရင်က မသိသာဘူး။ ဘာလို့လဲဆိုတော့ လူဦးရေသိပ်မများသေးသလို ယာဉ်အစီးရေကလည်းနည်းတော့ အခုလိုယာဉ်ကြောပိတ်ဆို့တာ၊ ယာဉ်ကျပ်တာတွေ သိပ်မတွေ့ရဘူး။ အခုနောက်ပိုင်းက ယာဉ်အစီးရေတိုး

တယ်။

**L.C** : **အဲဒါက နှစ်စဉ်ဆွဲရတာလားဆရာ။**

**Dr.MMO** : နှစ်စဉ်ဆွဲပါတယ်။

**L.C** : **မြို့နယ်တွေအလိုက် Health Plan တွေ ဆွဲရတယ်လို့ သိရပါတယ်ဆရာ။**

**Dr.MMO** : ရှိတယ်။ ဗဟိုကလည်း ရှိတယ်။ တိုင်းကလည်း ရှိတယ်။ မြို့နယ်အလိုက်လည်းရှိတယ်။ အကုန်လုံး ဆွဲထားရတယ်။ ဆွဲလည်းဆွဲတယ်။ လုပ်လည်းလုပ်တယ်။ ဒါပေမဲ့ တစ်ခါတလေကျတော့ ဆရာတို့ ကျန်းမာရေးဌာနအနေနဲ့က အခုလို အာဏာပိုင်အဖွဲ့အစည်းတွေ၊ တိုင်းမှူးတို့၊ မြို့တော်ဝန်တို့တွေပါလာတဲ့အခါမှာ လုပ်ရတာ ပိုလွယ်တာပေါ့။ ဌာနဆိုင်ရာတွေကအစ Commander တစ်ယောက်ပြောတာနဲ့ ဆရာတို့ပြောတာနဲ့ တူတော့ မတူဘူးပေါ့။

**L.C** : **ဆရာ ခုနကပြောသလို သူ့အဆင့်အလိုက် Plan တွေ အမြဲရှိနေတာပေါ့။ အဲဒီမှာ မြို့ကွက်သစ်တွေရှိလာတော့ရော အဲဒီအတွက် ကျန်းမာရေးဌာနက သီးသန့် Plan ချထားတာ ရှိပါသလားဆရာ။**

**Dr.MMO** : ရှိပြီးသားပါ။ ကျန်းမာရေးဌာနအနေနဲ့ ကိုယ့်ဟာကိုယ်ဆွဲထားပါတယ်။ ဒါပေမဲ့ ပေါင်းလုပ်တဲ့အခါ



www.foreverspace.com.mm



လာတာတယ်။ ဒီတော့ ယာဉ်ကြောပိတ်ဆို့လာတယ်။ အဆိုးဆုံးကတော့ ရာသီဥတုပဲ။ အရင်က ရေမပါတဲ့ရန်ကုန်မိုးက အခုသဲသဲမဲမဲကို ရွာချနေတော့ မြို့ပတ်မြို့နယ်တွေမှာ နဂိုက ရေမြောင်းစနစ်ပီပီပြင်ပြင်မရှိတာ၊ မြို့တွင်းမြို့နယ်က ရှိပြီးသား ရေမြောင်းတွေကျတော့လည်း ပိတ်ဆို့ပျက်စီးကုန်တာတွေရှိတော့ သဲသဲမဲမဲရွာတဲ့မိုးနဲ့တွေ့တော့ ရေကြီးရေလျှံတာတွေ ဖြစ်လာတာပဲ။ အရင်က လူဦးရေနည်းတော့ အမြင့်ပိုင်းတွေမှာ မြို့သစ်အကွက်ရိုက်တော့ ရေဆင်းလွယ်တာပေါ့။ အခုကတော့ လူဦးရေသိပ်သည်းလာတော့ မြေလွတ်မှန်သမျှ အထပ်မြင့်တွေဖြစ်နေပြီ။ ဒီတော့ ရေဆင်းစရာနေရာလည်းမရှိတော့ဘူးဖြစ်တာပေါ့"ဟု ၎င်းကရှင်းပြသည်။

ရန်ကုန်မြို့ရှိ ရေကြီးရေလျှံမှုဖြစ်ပွားလေ့ရှိသည့် မြို့နယ်များကို လေ့လာကြည့်လျှင် အများအားဖြင့် မြို့ပတ်မြို့နယ်များနှင့် မြို့သစ်မြို့နယ်များတွင် အဖြစ်များနေသည်ကိုတွေ့ရရာ အကြောင်းရင်းကိုလေ့လာကြည့်ပါက ရေမြောင်းစနစ်ပီပီပြင်ပြင်မရှိခြင်း၊ ရေမြောင်းကြီးများမှာ အဖွင့်ဖြစ်၍ အမှိုက်များပစ်ချခြင်း၊ အမှိုက်များမျောဝင်ခြင်းတို့ကြောင့် ပင်မရေမြောင်းကြီးများပိတ်ဆို့ခြင်း၊ နွေရာသီနှင့် ဆောင်းရာသီတွင် ရေစီးဆင်းမှုနည်း၍ ရေမြောင်းကြီးများတွင် အနည်ကျမှုများပြီး ရေမြောင်းများကောနေခြင်း၊ ကတ္တရာလမ်းမကြီးများရှိ ရေဆင်းမြောင်းများတွင် သဲများ၊ အမှိုက်များဖြင့် ပြည့်နေခြင်း၊ မြစ်ချောင်းများရှိ ရေထိန်းတံခါးများ အပိတ်အဖွင့်မရခြင်းတို့ကြောင့် ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

## မြို့ပြနှင့် ရေလျှံမှု

မိုးဦးကာလကျရောက်ချိန်တွင် ရန်ကုန်မြို့၏ မြို့တွင်းမြို့နယ်များအပါ



ကျတော့ စည်ပင်ပါတာပေါ့။ ဥပမာ–မြောင်းတွေ ရေစီးရေလာကောင်းအောင်ဆိုတာ ဆရာတို့လုပ်လို့မရဘူး။ စည်ပင်က လုပ်မှရတာ။

**L.C : City Health Plan နဲ့ တူမလားဆရာ။**

**Dr.MMO :** ဆရာတို့ကတော့ City အနေနဲ့တော့ မဟုတ်ဘူး၊ တိုင်းတစ်တိုင်းလုံးအနေနဲ့ပဲ ဆွဲထားတာပါ။ ကိုယ့်တိုင်းပြီးတော့ အောက်ကမြို့နယ်တွေအတွက်ပဲ သီးသန့် Plan တွေရှိတယ်။

**L.C : အဲဒီလိုဆွဲဖို့ အချိန်ဘယ်လောက်ယူရပါသလဲဆရာ။**

**Dr.MMO :** ဆွဲတာက သူ့ဟာနဲ့သူ ပုံမှန်ရှိပြီးသား။ နှစ်စဉ်ဆွဲတာမှာ သူ့အချိန်ရောက်ရင် သူ့ဟာသူ Plan ဆွဲရမယ်ဆိုတာ သိပြီးသားပါ။

**L.C : မြို့နယ်တွေအလိုက် ဖြစ်ပွားတဲ့နှုန်းထားတွေရဲ့ Data နဲ့ Record တွေကို ဘယ်လိုစုဆောင်းပါသလဲ။**

**Dr.MMO :** အဲဒါက ပုံမှန်ပို့ရတာရှိပါတယ်။ မြို့နယ်တွေက ဒီကိုပို့တယ်။ ဒီမှာက Compile လုပ်ပြီး ဗဟိုကိုထပ်ပို့တယ်။ ပုံမှန် Daily ဆောင်ရွက်နေတာတွေကို ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့၊ တ.ယ.ကတို့အထိကို အစီရင်ခံရတယ်။ လူကြီးတွေကလည်း နေ့တိုင်း ဒါကိုကြည့်နေတာ။ အမြဲတမ်းအချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ကြတာပါ။

**L.C : ရာသီအလိုက်ဖြစ်တတ်တဲ့ရောဂါတွေအပြင် အခုနေအခါမှာ သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးလာပြီး ရာသီဥတုဖောက်ပြန်တဲ့အတွက် တခြားကြားပေါက်ရောဂါတွေ ရုတ်တရက်ဖြစ်ပွားလာတဲ့အခါမျိုးတွေမှာ ဘယ်လိုဆောင်ရွက်မယ်ဆိုတဲ့ စီစဉ်ထားမှုမျိုးရောရှိပါသလားဆရာ။**

**Dr.MMO :** ရှိပြီးသားပါ။ အဲဒါမျိုးအတွက် Strategic Plan တွေ ဗဟိုက ဆွဲထားပြီးသား၊ အကုန်လုံးရှိတယ်။ နာဂစ်ဝင်သလို ဒီ Disaster တွေ သဘာဝဘေးအန္တရာယ်တွေကြုံလာရင်လည်း ဘယ်လိုလုပ်မလဲဆိုတာတွေလည်း ရှိပြီးသား။ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ Public Health Emergency အဲဒါမျိုးတွေအတွက်လည်း အကုန်ရှိပြီးသားပါ။

**L.C : နာဂစ်အတွေ့အကြုံလည်း ရှိခဲ့ပြီးပြီဆို**

www.foreverspace.com.mm

အခြား မြို့ပတ်မြို့နယ်များနှင့် မြို့သစ်မြို့နယ်များပါမကျန် ရေကြီးရေလျှံပြီး လမ်းများပေါ်တွင် ရေတင်မှုကြောင့် ယာဉ်ကြောပိတ်ဆို့ခြင်း၊ အိမ်တွင်းရေဝင်မှု၊ ရေဝပ်မှုတို့ ဖြစ်ပေါ်လေ့ရှိသည်။ လမ်းမများပေါ်ရှိ ရေများမှာ မိုးရွာသွန်းမှုရပ်သွားပြီး နာရီပိုင်းအကြာတွင် တဖြည်းဖြည်းကျဆင်းသွားသော်လည်း မြို့နယ်ရပ်ကွက်များ၊ မြေလွတ်များ၊ ချိုင့်များရှိရေများမှာ မကျဘဲကျန်ရှိနေရခြင်၊ ယင်ပေါက်ပွားမှုများရှိသည်ကို တွေ့ရသည်။

"မြို့တွင်းက လမ်း ၃၀ တို့၊ ၃၆ လမ်းတို့တစ်ဝိုက်က မိုးရွာရင် ရေကြီးပြီးနောက် ရေတွေက ပုပ်ပြီးနံနေတာ။ မည်းညစ်နေတာပဲ။ အဲဒီနားတစ်ဝိုက်မှာလည်း စားသောက်ဆိုင်တွေချည်းပဲ။ ရေထဲမှာ ဆီတွေဝေ့ပြီး ဟင်းဖတ်တွေနဲ့ ညစ်ပတ်နေတာပဲ။ ဒီစားသောက်ဆိုင်တွေအနေနဲ့က အမှိုက်ကို အလွယ်တကူစွန့်ပစ်တော့ ဒီအမှိုက်တွေ ရေမြောင်းထဲရောက်ပြီး ရေမြောင်းတွေပိတ်၊ ရေတွေလျှံတာ။ ရေတွေက ညစ်ပတ်လွန်းတော့ ကလေးတွေ ဝဲပေါက်တာတွေ မကြာခဏဖြစ်တယ်" ဟု ၃၆ လမ်းအလယ်ဘလောက်တွင်နေထိုင်သူ အမျိုးသားတစ်ဦးက ဆိုသည်။

တောင်ဥက္ကလာပ၊ အင်းစိန်၊ တာမွေစသည့်အနိမ့်ပိုင်းကျသောဆင်ခြေဖုံးမြို့နယ်များနှင့် ဒဂုံမြို့သစ်၊ ရွှေပေါက်ကံ၊ ရွှေပြည်သာကဲ့သို့သော မြို့သစ်မြို့နယ်များတွင် မိုးနည်းနည်းရွာလျှင်ပင် ရေလျှံ၊ ရေကျန်မှုများဖြစ်လေ့ရှိသည်။

"ဒဂုံမှာက ပင်မရေမြောင်းကြီးတွေတော့ရှိတယ်။ ဒါပေမဲ့ လမ်းသွယ်ထဲက ရေမြောင်းလေးတွေမရှိတော့ဘူး။ ဘာလို့လဲဆိုတော့ နဂိုကတည်းက မြောင်းရယ်လို့ ပီပီပြင်ပြင်မရှိသေးတာ။ အိမ်တွေကိုယ်တိုင်လည်း မြောင်းတွေကို ခြံရှေ့တံတားခင်းပြီး ပိတ်လိုက်တော့ မြောင်းပျောက်သွားတာ၊ လူမနေသေးတဲ့မြေကွက်တွေ၊ အိမ်တွေရဲ့ အရှေ့ကမြောင်းတွေကောနေတာ တွေ့ရှိရတော့ မြောင်းသွယ်လေးတွေမရှိတော့ဘဲ ပျောက်သွားတယ်။ ပင်မမြောင်းကြီးတွေကလည်း အနည်ကျပြီး ပိတ်နေတော့ ရေစီးဆင်းမှုနည်းသွားပြီ။ ဒီတော့ မိုးကြီးလာပြီဆိုရင် အိမ်အောက်တွေ၊ ခြံတွေ၊ မြေလွတ်တွေမှာ ရေတွေအိုင်နေပြီး ခြင်တွေ၊ ယင်တွေ ပေါက်တယ်။ နောက် မြောင်းတွေပုပ်တယ်" ဟု ဒဂုံမြို့သစ်မြောက်ပိုင်းတွင် နေထိုင်သူတစ်ဦးက ရှင်းပြသည်။

ယင်းသို့ရေစီးဆင်းမှုမကောင်း၍ ရေတင်ကျန်မှုဖြစ်ချိန်တွင် အမှိုက်စနစ်တကျစွန့်ပစ်မှုမရှိဘဲ ကြုံရာနေရာတွင် အမှိုက်ပစ်လေ့ရှိသောကြောင့် ရေများမှာ အမှိုက်များဖြင့်ရော၍ အပုပ်နံ့များ လှိုင်နေကြောင်း၊ ရေများမှာ အညိုပုပ်ရောင်ပြောင်းနေပြီး ပိုးလောက်လမ်းများပေါက်ပွား၍ ခြင်များပေါများလျက်ရှိကြောင်း ၎င်းကဆိုသည်။


## ဘယ်လိုဖြေရှင်းမလဲ

မြို့ပြစီမံကိန်းတွင် ရေမြောင်းစနစ်မှာ အရေးကြီးဆုံးမဟုတ်သော်လည်း အရေးပါသည့်အခြေအနေတွင် ရှိသည်။ အထူးသဖြင့် မြန်မာနိုင်ငံမှာ မိုးရာသီ သီးသန့်ရှိ

---

**တော့ ဒီလို ပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေတွေနဲ့ပတ်သက်လို့ Plan လည်းချထားတယ်ဆိုတဲ့အခါမှာ တကယ်ဖြစ်လာရင် အချိန်ဘယ်လောက်မြန်မြန်နဲ့ တုံ့ပြန်နိုင်မှာပါလဲဆရာ။**

**Dr.MMO :** အဲဒါက Information ရတဲ့အပေါ်လည်းမူတည်တယ်။ ပြီးတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး WHO တို့ဘာတို့က ကြေညာချက်တွေ၊ အတည်ပြု ပြောကြားချက်တွေပေါ်အခြေပြုပြီး မြန်မြန်ဆန်ဆန် လိုက်ပါဆောင်ရွက်ကြတာပါပဲ။ အခုဆိုရင် ဒီကမ္ဘာ့လူတုပ်ကွေးဖြစ်ပြီဆိုတာနဲ့ ချက်ချင်း ရေကြောင်းလေကြောင်းနဲ့ ပြည်ပကနေဝင်လာတဲ့သူတွေကို ဖြည့်ခိုင်းတဲ့ Influenza Surveillance Form တွေကနေ သတင်းရယူပြီး သူတို့ ဒီနိုင်ငံထဲကိုရောက်ပြီး နောက် ၁၀ ရက်တိုင် Home/ Hotel Survillance စောင့်ကြည့်တာမျိုးတွေ လုပ်နေပါတယ်။ မက္ကဆီကိုတို့ ဘာတို့မှာ စဖြစ်ပြီလို့ကြားကတည်းက ဆရာတို့ စပြင်ဆင်ခဲ့တာ။ ချက်ချင်းကို ပြင်ဆင်ခဲ့တာ။ ဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်အတိုင်း Rapid Respanse တွေ လုပ်ခဲ့ပါတယ်။




**ဇာလီကျော်**

www.foreverspace.com.mm

နေသည့်အတွက် မိုးကာလရေမလျှံရေးအပြင် နွေနှင့် ဆောင်းရာသီများတွင် အမှိုက်ပိတ်ဆို့မှုမဖြစ်ရေးမှာ အရေးကြီးကြောင်း တွေ့ရသည်။

"၁၉၆၀ နောက်ပိုင်း တည်တဲ့မြို့သစ်တွေမှာ ရေစီးရေလာစနစ်၊ မိလ္လာစနစ်မပါသလို လူဦးရေတွက်ချက်တာလည်းမရှိဘူး။ မြို့သစ်တစ်ခုတည်ဆောက်မယ်ဆိုရင် လက်ရှိလူဦးရေ၊ တိုးပွားလာမယ့်လူဦးရေတွေကို ကြိုတွက်ပြီး ရေမြောင်းစနစ်၊ မိလ္လာစနစ်တွေ ရေးဆွဲဖို့လိုတယ်။ လမ်းတွေ၊ မီးတွေလောက်နဲ့တင်မဖြစ်ဘူး။ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းဆောက်တဲ့ အိမ်ရာစီမံကိန်းကွန်ဒို၊ စက်မှုဇုန်တွေမှာတော့ ဒီစနစ်တွေကို ကြိုတင်စီစဉ်ပြီးမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်ခွင့်ပေးတယ်။ အခု ရေလျှံတာကလည်း မြေအောက်ကေဘယ်ကြိုးတွေ၊ တယ်လီဖုန်းကြိုးတွေ တပ်ဆင်တာများလာတော့ မြေအောက်မှာ လျှပ်စစ်ကြိုးတွေ၊ ပိုက်လိုင်းတွေ ရှုပ်ယှက်ခတ်နေတော့ ရေမြောင်းစနစ်



# "ငါးနှစ်တစ်ကြိမ်လောက် ပြန်သုံးသပ်သင့်တယ်"

## ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အငြိမ်းစားညွှန်ကြားရေးမှူး ဒေါက်တာမြင့်ဦးနှင့် တွေ့ဆုံခြင်း"

ဇာလီကျော်

**မြို့ပြ၏ လူနေမှုစနစ်တွင် မြို့နေလူထု၏ သွားလာနေထိုင်မှု စနစ်ကျနစေရန် ဘက်စုံကဏ္ဍစုံတွက်ချက်စဉ်းစား၍ City Plan ရေးဆွဲရပေရာ ကျန်းမာရေးကဏ္ဍနှင့် ဆက်စပ်ပတ်သက်သောကဏ္ဍကို ရေးဆွဲရာတွင်လည်း အလေးထားလုပ်ဆောင်ရန် လိုအပ်ပါသည်။ သို့ဖြစ်၍ ရာသီအလိုက် ဖြစ်ပွားတတ်သောရောဂါများနှင့် မြို့ပြကျန်းမာရေးစနစ်အကြောင်းကို ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အငြိမ်းစားညွှန်ကြားရေးမှူးတစ်ဦးလည်းဖြစ်ပြီး လတ်တလော ပုဂ္ဂလိကအထူးကုဆေးခန်းတစ်ခုတွင် အကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသူ ဒေါက်တာမြင့်ဦးနှင့် တွေ့ဆုံမေးမြန်းထားသည်တို့ကို ကောက်နုတ်ဖော်ပြထားပါသည်။**

**L.C : City Plan မှာ ကျန်းမာရေးနဲ့ပတ်သက်ပြီး အရေးပါတဲ့ အဓိကအစိတ်အပိုင်းကို ပြောပြပေးပါဆရာ။**

**Dr.MO :** အဓိက,ကတော့ Sanitation ပေါ့။ အညစ်အကြေးစွန့်ပစ်မှုနဲ့ပတ်သက်ပြီး ကောင်းမွန်မှု၊ ရေစီးရေလာကောင်းမွန်မှု၊ နောက် လူနေအိမ်တွေမှာ လေဝင်လေထွက်ကောင်းရမယ်။ အလင်းရောင် ပြည့်ပြည့်ဝဝရရှိရမယ်။

မြို့ပြအနေနဲ့ဆိုရင် စိမ်းလန်းစိုပြည်တဲ့သစ်ပင်တွေရှိတာကောင်းပါတယ်။ သစ်ပင်က ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူ

www.foreverspace.com.mm

ကို ပီပီပြင်ပြင်လုပ်လို့မရဘူးဖြစ်နေတယ်။ နောက်ပိုင်း မိုးများလာတော့ ရေမြောင်းစနစ် အားနည်းတာက သိသိသာသာပေါ်လွင်လာတာပါ” ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အကြီးတန်းအရာရှိတစ်ဦးက သုံးသပ်ပြသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် အမှိုက်သိမ်းဆည်းမှုများပြုလုပ်နေသော်လည်း အားနည်းချက်များရှိသေးကြောင်း၊ ယင်းကြောင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်ရေး အရေးကြီးကြောင်း၊ အမှိုက်သိမ်းစနစ်ကို မြို့တော်စည်ပင်မှ ကိုင်ထားခြင်းထက် မြို့နယ်အလိုက် ပုဂ္ဂလိကကို ချထားပေးသင့်သည်ဟု ယူဆကြောင်း၊ ယခုအခါ မြို့တော်စည်ပင်မှ ရေစီးရေလာကောင်းရန် ရေမြောင်းများရှိနုန်းများ၊ အမှိုက်များကို ဆယ်ယူနေပြီး ရေကြီးရေလျှံလေ့ရှိသည့် အနိမ့်ပိုင်းမြို့နယ်များတွင် ရေစုပ်စက်ကြီးများတပ်၍ ရေစုပ်ယူနိုင်ရန်လည်း စီစဉ်နေကြောင်း ၎င်းက ရှင်းပြသည်။

“ရန်ကုန်မြို့တော်သာယာရေးဆိုတဲ့နေရာမှာ ရေတိုစီမံကိန်းနဲ့ပဲ သွားလို့မရဘူးလို့ ကျွန်တော်ထင်တယ်။ ဘာလို့လဲဆိုတော့ နောက်ပိုင်း ရာသီဥတုဖောက်ပြန်လာတော့ မိုးများလာတာတွေရှိတော့ အခုမြို့တော်စည်ပင်လုပ်နေသလို လတ်တလောရေစုပ်စက်တွေနဲ့ ရေစုပ်ထုတ်တာမျိုးတွေနဲ့ ဖြေရှင်းသင့်သလို. . . ဒါကရေတိုပေါ့။ ရေရှည်စီမံချက်တွေချပြီး မြောင်းစနစ်ကို ပြန်ဖော်ထုတ်သင့်တယ်။ အထူးသဖြင့် မြို့ပတ်မြို့နယ်တွေနဲ့ မြို့သစ်မြို့နယ်တွေမှာ မြေပိုမြေလွတ်ရှိသေးတော့ အခုအချိန်ကစပြီး ရေမြောင်းစနစ်ကို ပီပီပြင်ပြင်အကောင်အထည်ဖော်မယ်ဆိုရင် အချိန်မီသေးတယ်။ မြို့ပတ်မြို့နယ်တွေမှာ ရေမြောင်းစနစ်ကောင်းသွားရင် မြို့တွင်းမြို့နယ်တွေရဲ့ ရေပိုရေလျှံတွေကိုပါ မြို့ပတ်မြို့နယ်တွေက ရေမြောင်းစနစ်တွေကနေ စွန့်ထုတ်နိုင်တယ်။ ဒီတော့ မြို့တွင်းမြို့နယ်တွေမှာပါ ရေကြီးရေလျှံတာကျသွားတယ်” ဟု မြို့ပြဆောက်လုပ်ရေးအင်ဂျင်နီယာတစ်ဦးဖြစ်သူ ဦးကျော်ကျော်အောင်က သုံးသပ်ပြသည်။

ရန်ကုန်မြို့တွင် အင်္ဂလိပ်လက်ထက်ကတည်းဆောက်ခဲ့သည့် မြေအောက်ရေမြောင်းကြီးများရှိသော်လည်း ဆောက်လုပ်ရေးလုပ်ငန်းများအနေဖြင့် ရေမြောင်းတည်ရှိပုံအနေအထားကို တိတိကျကျမသိရှိကြကြောင်း၊ ယခုနောက်ပိုင်း မြို့တွင်းရှိ အဆောက်အအုံဟောင်းများနေရာတွင် အဆောက်အအုံသစ်များဖြင့် အစားထိုးတည်ဆောက်လာရာ ယင်းရေမြောင်းတည့်တည့်တွင် ပိုင်ရိုက်မိပါက ရေမြောင်းများ ပျက်စီးနိုင်၍ ယင်းရေမြောင်းကြီးများတည်ရှိပုံ ပုံကြမ်းကို ဆောက်လုပ်ရေးလုပ်ငန်းများသို့ ပေးဝေသင့်ကြောင်း၊ ရေမြောင်းများပေါ်တွင် ဆောက်မိပါက ရေမြောင်းများ ပျက်စီးနိုင်သကဲ့သို့ အဆောက်အအုံ၏ ခံနိုင်ရည်လည်း ကျဆင်းနိုင်ကြောင်း ဗိသုကာပညာရှင် ဦးစောထွေးဇော်က သုံးသပ်ပြသည်။

“ရန်ကုန်မြို့ရဲ့ Drain Network ကို ပြန်လုပ်သင့်ပြီပေါ့။ ရာသီဥတုကလည်း



ပြီး အောက်ဆီဂျင်ကို ထုတ်တာကိုး။ အဲဒီတော့ သစ်ပင်ရှိခြင်းအားဖြင့် လူတွေရဲ့ကျန်းမာရေးလည်း ကောင်းတာပေါ့။ ဒါပေမဲ့ သစ်ပင်ကို စနစ်တကျမစိုက်ရင် ပြုပြင်မှုမရှိရင်တော့ လူတွေကို အန္တရာယ်ရှိစေနိုင်တယ်။ သစ်ပင်တွေကျိုးပြီး ဓာတ်ကြိုးတွေပေါ် လဲကျတာမျိုးပေါ့။ နောက်တစ်ခုက တချို့ဓာတ်တိုင်တွေမှာ ဓာတ်ကြိုးတွေဟာ စနစ်တကျမဟုတ်ဘဲနဲ့ ပင့်ကူမျှင်တွေလိုဖြစ်နေတာ၊ ဒါတွေဟာ တစ်ချိန်ကျရင် ပေါက်ကွဲပြီးတော့ မီးလောင်တာတို့၊ ဝါယာရှော့ဖြစ်တာတို့တွေ ဖြစ်စေနိုင်တယ်။ နောက် သက်တမ်းလွန်ကားတွေရဲ့ မီးခိုးတွေ တစ်အားထွက်တာဟာ လူတွေရှူရှိုက်မိရင် ကင်ဆာရောဂါ ဖြစ်တတ်တယ်။ နောက်တစ်ခုက လမ်းဘေးရောင်းတဲ့ ဈေးဆိုင်တွေကို ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအသောက်တွေ ရောင်း မရောင်းဆိုတာ စနစ်တကျနဲ့ ကြီးကြပ်ဆောင်ရွက်ရမယ်။ အစားအသောက်ဆိုတာ သိပ်အရေးကြီးတဲ့အတွက် FDA တို့ ဘာတို့က တစ်နှစ်ကို သုံးကြိမ်လောက် Market Survey မှန်မှန်လုပ်ပေး

www.foreverspace.com.mm



ဖောက်ပြန်နေတာ၊ ရေမြောင်းတွေကောနေတာ၊ အမှိုက်သိမ်းစနစ်အားနည်းတဲ့အပေါ် လူထုရဲ့ အသိပညာအားနည်းတော့ အမှိုက်ကို ကြုံရာစွန့်ပစ်တာ၊ ပလတ်စတစ်တွေ မြောင်းထဲချတော့ မြောင်းတွေပိတ်ကုန်တာတွေဖြစ်နေတယ်။ လုပ်မယ်ဆိုရင်တော့ ချက်ချင်းကြီးမရဘူး။ ပထမအဆင့် လတ်တလောဖြေရှင်းနည်းဖြစ်တဲ့ ရေစုပ်စက်နဲ့ စုပ်ထုတ်တာ။ လက်ရှိမြောင်းတွေ ပြန်ဖော်တာမျိုးလုပ်ပေါ့။ အခုလည်း လုပ်နေတာပါပဲ။ ဒါပေမဲ့ ဒါနဲ့တင်မပြီးဘူး။ ရေရှည်စီမံကိန်းအတွက် တစ်မြို့လုံးမှာရှိတဲ့ ရေမြောင်းတွေကိုချိတ်ဆက်ပြီး မြို့ပတ်မြို့နယ်တွေ၊ မြို့သစ်မြို့နယ်တွေပါမကျန် Drain Network တွေ ဖောက်ဖို့လိုသလို အမှိုက်တွေမကျဖို့ ကာရန်တာမျိုးတွေ လုပ်သင့်တယ်”ဟု ဗိသုကာပညာရှင် ဦးကျော်ဌေးက ၎င်း၏အမြင်ကို ချပြသည်။



## အနာဂတ်လားရာ

မြို့ပြစီမံကိန်းများ ချမှတ်ဖော်ဆောင်ရာတွင် လမ်းပန်းဆက်သွယ်ရေးစနစ်၊ လျှပ်စစ်မီးရရှိရေးစနစ်၊ မြို့ကွက်များဖော်ဆောင်ရေးစနစ်၊ ရေပေးဝေရေးစနစ်များမှာ ထင်သာမြင်သာရှိသော မပါမဖြစ်စီမံကိန်းများဖြစ်ရာ ယင်းတို့ကို ဇောင်းပေးလုပ်ဆောင်သင့်သော်လည်း နှစ်တစ်နှစ်၏ သုံးပုံတစ်ပုံခန့် မိုးသည်းထန်စွာရွာသွန်းသည့် မိုးရာသီသီးသန့်ရှိနေသော မြန်မာနိုင်ငံအတွက်မူ ရေမြောင်းစနစ် (Drain Network) မှာ အရေးပါလှသည်။ ယင်းကြောင့် မြို့ပြစီမံကိန်းများတွင် ရေမြောင်းစနစ်ကို ပီပီပြင်ပြင်အကောင်အထည်ဖော်သင့်လှသည်။

“ကျွန်တော်တို့နိုင်ငံမှာက မိုးရာသီလေးပဲ မိုးရွာပြီးတော့ ကျန်တဲ့ရှစ်လ

ခြင်းဟာ ထုတ်လုပ်သူတွေဘက်ကလည်း ဆင်ခြင်လာနိုင်တယ်။ ဒီလိုဆင်ခြင်လာရင် စားသုံးတဲ့သူတွေအတွက်လည်း အကျိုးပြုရာရောက်တယ်။

**L.C : လမ်းဘေးအစားအသောက်ရောင်းတဲ့ဆိုင်တွေ ကျန်းမာရေးနဲ့ညီညွတ်အောင်ရောင်းဖို့ ဘယ်လိုလုပ်သင့်ပါသလဲဆရာ။**

**Dr.MO :** မြို့နယ်အလိုက်ရှိတဲ့ လမ်းဘေးဆိုင်တွေကိုခေါ်ပြီးတော့ မြို့နယ်ကျန်းမာရေးမှူး ဆရာဝန်ကြီးတွေက စဉ်ဆက်မပြတ် ပညာပေးမှုတွေလုပ်သင့်တယ်လို့ ထင်ပါတယ်။

**L.C : မြို့နယ်အလိုက် ကျန်းမာရေးနဲ့ပတ်သက်လို့ တခြားဘာများရှိဦးမလဲဆရာ။**

**Dr.MO :** ပတ်ဝန်းကျင်မှာ ရေဝပ်တဲ့နေရာတွေ မရှိသင့်ဘူး။ ရေဝပ်နေရင် ငှက်ဖျားခြင်တွေ ပေါက်နိုင်တယ်၊ ဆင်ခြေထောက်ခြင်တွေ ပေါက်နိုင်တယ်။ ဆင်ခြေထောက်ခြင်က အခုတော့ ပြဿနာမဟုတ်ပေမယ့် ငှက်ဖျားခြင်ကတော့ ပြဿနာရှိတယ်လေ။ တောမှာနေတဲ့ခြင်တွေလည်း မြို့ကိုရောက်လာနိုင်တယ်။ ခြင်တစ်ကောင်ဟာ တစ်နေ့ကို သုံးမိုင်လောက်ပျံနိုင်တယ်။ အခုဆိုရင် မွန်ပြည်နယ် မုဒုံမြို့တွင်းက ရေတွင်းတွေမှာတောင် ငှက်ဖျားပိုးသယ်ဆောင်တဲ့ Anopheles dirus ခြင်တွေ တွေ့လာရတယ်။ နောက် မြို့ကွက်သစ်တွေဖော်တုန်းက မြောက်ဒဂုံတို့၊ တောင်ဒဂုံတို့က လယ်ကွင်းတွေထဲမှာလည်း ဒီခြင်တွေရှိတယ်။ ဒါကြောင့် ရေဝပ်တဲ့နေရာတွေမှာနေတဲ့သူတွေကို ငှက်ဖျားရောဂါနဲ့ပတ်သက်တဲ့ ပညာပေးမှုတွေ လုပ်ပေးသင့်တယ်။ နံပါတ်တစ်အနေနဲ့ကတော့ ရာသီအလိုက်ပေါ့။ အခုလို မိုးရာသီဆိုရင် သွေးလွန်တုပ်ကွေး၊ ငှက်ဖျားဖြစ်မယ်ဆိုပြီး ပြောတယ်။ ဒါတွေကို အစိုးရက သတင်းစာတွေထဲကနေ ကြေညာပေးတာ၊ သတိပေးတာတွေလည်း ကောင်းပါတယ်။ ဒါပေမဲ့ မြို့နယ်အလိုက် ကျန်းမာရေးတာဝန်ခံတွေက မြို့နယ်တွေမှာ ဟောပြောပေးတာက ပိုကောင်းပါတယ်။ မြို့နယ်တိုင်းမှာလုပ်နိုင်ရင် ပိုကောင်းပါတယ်။ ဒီလိုလုပ်ခြင်းအားဖြင့် ခုနကလို ရာသီအလိုက်ဖြစ်တတ်တဲ့ရောဂါတွေ ကျဆုံးသွားနိုင်တယ်။

**L.C : City Plan ကို ဘယ်လောက်ကြာရင် ပြန်ပြုပြင်သင့်သလဲဆရာ။**

**Dr.MO :** အနည်းဆုံး ငါးနှစ်တစ်ကြိမ်လောက် ပြန်သုံးသပ်သင့်တယ်။ ဥပမာပြောရရင် အင်းစိန်မြို့ဟာ အရင်တုန်းက

www.foreverspace.com.mm

လောက်မှာ မိုးရွာလေ့မရှိတော့ ရေမြောင်းစနစ်ဖော်ဆောင်ရုံနဲ့ မပြီးသေးဘူး။ မိုးမရွာတဲ့အချိန်မှာ အမှိုက်တွေ၊ ဖုန်တွေ၊ သဲတွေ၊ နွံတွေ မပိတ်ဖို့ ဘယ်လိုလုပ်မလဲဆိုတာမျိုး၊ မိုးမကျမီ ဘယ်အချိန်လောက်မှာ ရေမြောင်းတွေ သန့်စင်မလဲဆိုတာမျိုးတွေစဉ်းစားသင့်တယ်။ အထူးသဖြင့် ရေမြောင်းတွေထဲ အမှိုက်မကျအောင် အလုံပိတ်ရေမြောင်းတွေသုံးသင့်တယ်လို့ ထင်တယ်။ နောက် မြစ်၊ ချောင်းနဲ့နီးတဲ့ရပ်ကွက်တွေမှာ ရေမလျှံဖို့တော့ ချောင်းရေတွေ မဝင်ဖို့လိုတယ်။ ဒီတော့ ရေအမြင့်ဆုံးတက်တဲ့ ပမာဏကိုလေ့လာပြီး တာရိုးတွေ လုပ်သင့်တယ်" ဟု ဦးစောထွေးဇော်က ဆိုသည်။



လတ်တလောကာလမှာ ရန်ကုန်မြို့တွင် လူနေထူထပ်လာသည့်အပြင် မြေပိုမရှိအောင် အဆောက်အအုံများ၊ လမ်းများဖြင့် ပြည့်နေရာ ယခုအချိန်မှ ရေမြောင်းစနစ်ပြန်လုပ်ရန် ခက်ခဲပြီဟုဆိုသော်လည်း ယခုအတိုင်းထားပါက ကမ္ဘာနှင့်အဝန်းရာသီဥတုဖောက်ပြန်လာမှုနှင့်အတူ အနာဂတ်တွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ အခါမဟုတ် မိုးများရွာခြင်းတို့ဖြစ်လာမည်ဖြစ်ရာ ရေမြောင်းစနစ်မကောင်းမွန်ပါက ရေကြီးရေလျှံမှုများ မကြာခဏဖြစ်ပေါ်နိုင်သည်။ ယင်းသို့ဖြစ်ပါက မြို့၏ သာယာဝပြောမှု၊ လမ်းပန်းသာယာမှုတို့ ပျက်စီးမည်ဖြစ်ပေရာ ယင်းအခြေအနေမှာ မြို့တန်ဖိုးကို ကျဆင်းစေမည် ဖြစ်သည်။

ရန်ကုန်မြို့တော်မှာ မြန်မာနိုင်ငံတွင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအားလုံး အချက်အချာကျပြီး နိုင်ငံတကာနှင့်ကူးသန်းသွားလာမှု၊ ကုန်သွယ်မှု၊ ဆက်သွယ်မှု အဓိကမြို့တော်ဖြစ်သည်နှင့်အညီ နှစ်စဉ် မြို့ပြတွင် အခြေချနေထိုင်သူများလည်း

ရန်ကုန်မြို့ထဲကတောင် လာဖို့မလွယ်ဘူး။ တစ်လတစ်ခါလာဖို့တောင်မလွယ်ဘူး။ အခုတော့ နေ့တိုင်းကို သွားလာနေရတာ။ လမ်းပန်းဆက်သွယ်မှုတွေက အရမ်းကောင်းလာတယ်။ အခုဆိုရင် လူဦးရေက အရမ်းတိုးတက်လာတယ်။ အရင်က လုပ်ထားတုန်းက အင်းစိန်မြို့လယ်ကောင်မဟုတ်ဘူး၊ လူနေအိမ်သိပ်မထူဘူး။ တစ်ထပ်အိမ်လေးတွေ။ အခုတော့ အိမ်ရာအထပ်ကြီးတွေ တက်လာတယ်။ အရင်တုန်းက ခြံလေးဝင်းလေးနဲ့ တစ်ထပ်အိမ်လေးတွေနေရာမှာ ကွန်ဒိုကြီးတွေဖြစ်လာတယ်။ အဲဒီတော့ အရင်က မိသားစုတစ်စုနေရာက အခု ၁၀ စုလောက်ဖြစ်သွားတယ်။ အညစ်အကြေးထိန်းတဲ့စနစ်က လိုလာပြီ။ တကယ်တော့ အိမ်တွေဟာ တချို့တစ်ထပ်ပဲ ဆောက်သင့်တဲ့နေရာမှာ နှစ်ထပ်မဆောက်ရဘူး။ နှစ်ထပ်ဆောက်သင့်တဲ့နေရာမှာ သုံးထပ်မဆောက်ရဘူး။ အနောက် နိုင်ငံတွေမှာတော့ အထပ်အများကြီးတွေဟာ မြို့လယ်ကောင်မှာပဲဆောက်တာ ရှိတာများတယ်။



www.foreverspace.com.mm



ထိုးတက်လျက်ရှိရာ မကြာမီ မြို့ပတ်မြို့နယ်များမှာ မြို့တွင်းမြို့နယ်များနှင့် ဆက်သွားပြီး မြို့သစ်မြို့နယ်များမှာ မြို့ပတ်မြို့နယ်များဖြစ်လာမည်ဖြစ်ရာ ယခုကတည်းက မြို့ပတ်မြို့နယ်များနှင့် မြို့သစ်မြို့နယ်များတွင် မြို့ပြအင်္ဂါရပ်များ ပီပီပြင်ပြင်ဖော်ဆောင်ပါမှ နောင်ကာလတွင် ယခုကဲ့သို့ ရေကြီးရေလျှံမှုများမဖြစ်ပေါ်ရေး ဟန့်တားနိုင်မည်ဖြစ်ကြောင်း ကျွမ်းကျင်ဗိသုကာပညာရှင်များက သုံးသပ်ကြသည်။

## အချိန်မီသေးသည်

မြို့တော်ကြီးများဖြစ်စေ၊ မြို့ငယ်ကလေး၊ ရွာသိမ်ရွာငယ်ကလေးများဖြစ်စေ အားလုံးသည် လူသားများနေထိုင်ရာ အသိုက်အမြုံများဖြစ်ကြသည်။ ဂူအောင်းလူသားဘဝမှသည် အဆင့်မြင့်နေအိမ်တိုက်တာများ၊ မြို့ပြများသို့ တဖြည်းဖြည်းဖွံ့ဖြိုးလာခဲ့သော လူသားဖြစ်ပေါ်တိုးတက်မှုသဘောမှာ ပို၍ယဉ်ကျေး၊ ပို၍စနစ်ကျကာ လူသားတစ်ဦးချင်းစီ၏ တန်ဖိုးကို ပို၍အလေးထားလာကြသည်။ ထို့အတွက် လူသားတို့နေထိုင်ရာ အိမ်ခြေအဆောက်အအုံမြို့ပြများကို ခေတ်စနစ်နှင့်လျော်ညီစွာ တည်ဆောက်ကြရသည်။ ဤနေရာတွင် မြို့ပြစီမံခန့်ခွဲမှုနှင့် မြို့ပြဆိုင်ရာစည်းကမ်းသတ်မှတ်ချက်ဥပဒေများက များစွာအရေးကြီးလာသည်။ ရန်ကုန်မြို့တော်သည် ဗြိတိသျှလက်ထက်မှသည် ၁၉၅၀ ပြည့်လွန်နှစ်များအထိ အရှေ့တောင်အာရှတွင် ခေတ်အမီဆုံး၊ သန့်ရှင်းသပ်ရပ်မှုအရှိဆုံး၊ အလှပဆုံးဉယျာဉ်မြို့တော်တစ်ခုအဖြစ် ဂုဏ်ယူစွာတည်ရှိခဲ့သည်။ သို့သော် မြို့ပြတို့၏ သဘောအရ တိုး၍တိုး၍ လူဦးရေထူထပ်သိပ်သည်းလာသည်။ အဆောက်အအုံ အိမ်ရာများတိုးလာသည်။ ထိုသဘောကို မြို့ပြစီမံခန့်ခွဲသူများက ကြိုတင်သိမြင်ကာ ရေဆိုးထုတ်စနစ်၊ မိလ္လာစနစ်၊ ရေမြောင်းစနစ်၊ လမ်း၊ အိမ်ရာများ၊ ဈေး၊ ကျောင်း၊ အများပြည်သူနှင့်ဆိုင်သောအပန်းဖြေပန်းခြံများ၊ ဖျော်ဖြေရေးစင်တာများ၊ အားကစားကွင်းများ၊ သူ့အချိုးနှင့်သူ ဖော်ဆောင်စီမံထားရသည်။ မြို့သစ်တစ်ခု ဖော်ထုတ်ရာတွင်လည်း အခြေခံအဆောက်အဦများအားလုံးပြင်ဆင်ပြီးမှ အိမ်ရာများ အသင့်နေနိုင်သောအဆင့်ရောက်မှ လူအများကို ပြောင်းရွှေ့ပေးရသည်။ တိုးတက်လာသော နည်းပညာ၊ တိုးပွားလာသောလူဦးရေ အိမ်ခြေတို့နှင့် လိုက်လျောညီထွေရှိစေမည့် အခြေခံအဆောက်အဦများကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် မြှင့်တင်ပြုပြင်ပေးရသည်။ သို့မဟုတ်ပါက နောက်ဆက်တွဲကြုံရမည့် ဘေးထွက်ဆိုးကျိုးများကို မြို့ပြနေ ပြည်သူလူထုခံစားကြရမည့်အပြင် စီမံခန့်ခွဲရသူတို့အတွက်လည်း ကြီးမားသည့် ဝန်ထုပ်ဝန်ပိုးဖြစ်သွားနိုင်သည်။ ဤအတွက် မြို့ပြစီမံခန့်ခွဲမှုဆိုင်ရာ အထူးပြုကျွမ်းကျင်သူများ၏ အကြံဉာဏ်နှင့် ဦးဆောင်စီမံခန့်ခွဲမှုရယူရန်လိုအပ်ပြီး ယနေ့သိပါက မနက်ဖြန်လုပ်လျှင် အချိန်မီသေးသည်ဟုဆိုရမည်ဖြစ်သည်။

**ကျော်ဆန်းမင်း ၊ ခင်ဌေးကြွယ်**

---


**L.C : ကျန်းမာရေးနဲ့ပတ်သက်ပြီး City Plan တွေဆွဲတဲ့နေရာမှာ ဘာတွေကို အဓိကဂရုပြုရပါမလဲဆရာ။**

**Dr.MO :** မြို့တော်စည်ပင်နဲ့ ကျန်းမာရေးဌာနနဲ့ အမြဲလက်တွဲပြီး ဆောင်ရွက်ရမယ်။ နံပါတ်တစ်ကတော့ ကျန်းမာရေးအတွက်က ကူးစက်ရောဂါပေါ့။ အိမ်ဆောက်တယ်ဆိုရင်လည်း အဲဒီနေရာနဲ့ ကိုက်ညီမှုရှိ မရှိ၊ ဒီအိမ် (ကွန်ဒို) ဆောက်ခြင်းကြောင့် တခြားအိမ်တွေ အနှောင့်အယှက်မဖြစ်စေဖို့၊ ကြံ့ခိုင်မှုရှိဖို့၊ လေဝင်လေထွက်ကောင်းဖို့ ဒါတွေဟာလည်း ကျန်းမာရေးထဲမှာ အကျုံးဝင်ပါတယ်။ ဒါတွေကို သေချာစဉ်းစားစစ်ဆေးပြီးမှသာ ခွင့်ပြုပေးဖို့ လိုအပ်ပါတယ်။ ဒါတွေဟာ အရမ်းအရေးကြီးပါတယ်။


**L.C : ကျန်းမာရေးနဲ့ပတ်သက်တဲ့ Plan တွေကို မြို့မှာရှိတဲ့ စည်ပင်ဌာနက အဓိကဆွဲရတာလားဆိုတာနဲ့ ဘယ်သူတွေ ပါဝင်ရသလဲဆိုတာ သိပါရစေ။**

**Dr.MO :** စည်ပင်ကတော့ အဓိကပေါ့။ ကျွမ်းကျင်တဲ့အင်ဂျင်နီယာကြီးတွေနဲ့ ကျန်းမာရေးဌာနက ကျွမ်းကျင်တဲ့ ဆရာဝန်ကြီးတွေ ပါဝင်ရမှာပေါ့။

**ဇာလီကျော်**



www.foreverspace.com.mm



ဤကဏ္ဍတွင်.....
၂၄ လမ်းဘေးဈေးသည်များ၏ မြို့ကြီး
၃၂ ဖြေရှင်းရန်နည်းလမ်းရှာနေဆဲ ကြွပ်ကြွပ်အိတ်ပြဿနာ
၃၈ ဟန်ချက်ညီညီ ကာကွယ်ရမည့် ထိုရောဂါ
၄၆ မြို့ပြ၏သဏ္ဌာန်ကို ရုပ်လုံးဖော်ပေးသော City Bus လိုအပ်ချက်
၅၄ စန်းပွင့်လာသောစီးပွားရေးလုပ်ငန်း သို့မဟုတ် အင်တာနက်ကဖီးများ
၆၂ ရန်ကုန် ကုန်စည်ဈေးကွက်

# လမ်းဘေးဈေးသည်များ၏ မြို့ကြီး

တင်အောင်ကျော်

**ရန်ကုန်မြို့တော်၌ လမ်းဘေးဈေးသည်ဖြစ်ပြီး ၁၀ နှစ်အကြာ အရာရာသည် မွန်ပြည်နယ်တောင်စွန်းဇာတိ (၄၅) နှစ်အရွယ် ဒေါ်စုစုမွန်ကို ပြောင်းလဲစေခဲ့သည်။**

ယမန်နှစ်အတွင်းက ရန်ကုန်မြို့၏ ဈေးအကြီးဆုံးမြို့လယ်နေရာရှိ ရှစ်လွှာတွင် တိုက်ခန်းနှစ်ခန်း ဝယ်ယူနိုင်ခဲ့သည်။ သားသမီးအချို့သည် ကွန်ပျူတာပညာနှင့် ဥပဒေပညာရပ်တို့မှ ဘွဲ့ရများဖြစ်ကာ ပညာတတ်များဖြစ်လာခဲ့ပြီ။ ကုန်သည်လမ်းမကြီးပေါ်တွင် လေးပေပတ်လည် သစ်သားခင်း၊ ဂျာနယ်သုံးစောင်ခန့်တို့ဖြင့် စတင်ခဲ့ရသော သူမ၏ဘဝသည် လမ်းဘေးဈေးသည် ခုနစ်ရက် တစ်ပတ်လျှင် ကျပ် ၂၅ သိန်းခန့် ငွေရှင်းရသော လမ်းဘေးဂျာနယ်အရောင်းဆိုင်ကြီးလည်း ဖြစ်လာခဲ့သည်။

"ဒါတွေအားလုံး လမ်းဘေးဈေးသည်ဘဝက အစပြုခဲ့ရတာပါ" ဟု ဒေါ်စုစုမွန်က ရှင်းပြသည်။

သူမ၏ဘဝကို အရာရာပြောင်းလဲစေခဲ့သည့်နေရာတွင် ယခု ဆင်သုံးကောင် စာပေဟူ၍ ချိတ်ဆွဲထားကာ အပတ်စဉ်ထုတ်ဂျာနယ်၊ မဂ္ဂဇင်းများကို ဆက်လက်ရောင်းချလျက်ရှိသည်။

ဆိုင်ခင်းထားသည့် မညီမညာ ပလက်ဖောင်းဧရိယာ၏တစ်ဖက်တွင် နောက်ဆုံးပေါ်ဗီမ်ခံကားများ၊ ခရီးသည်များပြည့်ကျပ်နေသည့်လိုင်းကားများ၊ စစ်ကျန်ဘတ်စ်ကားအိုများက ဥဒဟို ဖြတ်သွားလျက်ရှိကြသည်။

သူမ၏ဆိုင်အနီး ပန်းဆိုးတန်းကားမှတ်တိုင်တွင် လူအချို့ ကားစောင့်လျက်ရှိနေကြပြီး ယူနီဖောင်းဝတ်ထားသော ရုံးဝန်ထမ်းများ ထိုမှသည်မှ သွားလာနေကြကာ စပယ်ယာ (ယာဉ်နောက်လိုက်) အချို့ကမူ 'သန်လျင်' 'သန်လျင်' ဟု အော်ဟစ်လူခေါ်နေကြသည်။

ထိုနေ့သည် စနေနေ့ဖြစ်သည့်အတွက် အစိုးရရုံးများ အများအပြားတည်ရှိသော ကုန်သည်လမ်းပေါ်ရှိ ဒေါ်စုစုမွန်၏ လမ်းဘေးဂျာနယ်အရောင်းဆိုင်တစ်ဝိုက်



www.foreverspace.com.mm

လူအသွားအလာကမူ ခါတိုင်းထက် နည်းပါးလျက်ရှိသည်။

"တစ်ရက်ကို စနေ၊ တနင်္ဂနွေပါ တွက်ရင် ပျမ်းမျှသုံးလေးသောင်းလောက် ကိုယ့်အတွက်ရတယ်" ဟု ဒေါ်စုစုမွန်က ရှင်းပြသည်။

လူဦးရေခြောက်သန်းခန့်နေထိုင်သော ရန်ကုန်မြို့သည် နိုင်ငံ၏စီးပွားရေးမြို့တော်ကြီးအဖြစ် တည်ရှိဆဲဖြစ်သကဲ့သို့ မြို့တွင်းမြို့လယ်လမ်းမကြီးများ၏ နေရာအနှံ့အပြားတွင် လမ်းဘေးဈေးသည် အပေါများဆုံးမြို့ကြီးလည်းဖြစ်သည်။

ဒေါ်စုစုမွန်ကဲ့သို့ မြို့လယ်တွင် တိုက်ခန်းဝယ်နိုင်သည့်အခြေအနေထိ ရောက်၊ မရောက် မသေချာစေကာမူ လတ်တလောငွေရှာရလွယ်ကူသည့် မြို့တွင်းလမ်းမပေါ်တွင် လမ်းဘေးဈေးရောင်းသူများကမူ တစ်နေ့တခြား များပြားလာလျက်ရှိသည်။

သို့ရာတွင် တစ်နေ့တခြားတိုးပွားလာသောလမ်းဘေးဈေးသည်များကြောင့် ၂၀၀၈ ခုနှစ်နောက်ပိုင်းအခြေအနေတို့မှာ ပြောင်းလဲစ၊ ယုတ်လျော့စပြုလာပြီဟုလည်း ဆိုကြသည်။

နာဂစ်မုန်တိုင်းအပြီး လမ်းဘေးဈေးသည်များ အထူးပင် ကျပ်တည်းလာခဲ့ကြသည်။ အချို့သည် တစ်နေကုန် ဈေးဦးမပေါက်သည်အထိ ဖြစ်လာကြသည်။ မုန်တိုင်းအပြီး လအနည်းငယ်အကြာတွင် ကမ္ဘာလုံးယုက်နွှယ်ဖြစ်ပေါ်သော ကမ္ဘာ့စီးပွားကျကပ်က လမ်းဘေးဈေးသည်တို့ထံ ထပ်မံရောက်ရှိလာခဲ့သည်။

"၂၀၀၇ ခုနှစ် စက်တင်ဘာ၊ ၂၀၀၈ နာဂစ်၊ ၂၀၀၈ အောက်တိုဘာ" ဟု လမ်းဘေးဈေးသည်တို့က မြို့ကြီးက ချိုးကွေ့ပြောင်းလဲလာမှုနှင့် ၎င်းတို့၏ အမှတ်တရ အကျပ်အတည်းကာလများကို ပြန်ပြောင်းပြောပြကြသည်။



သို့နှင့်တိုင် မြို့တွင်းလမ်းမကြီးပေါ် ဈေးရောင်းခွင့် နေရာတစ်နေရာရရန်အတွက် အပြင်းအထန်ကြိုးစားနေသူများက ယနေ့အထိ အများအပြားပင်ဖြစ်သည်ဟုလည်း ဒေါ်စုစုမွန်က ရှင်းပြသည်။

## ခေတ်ရေလှိုင်းနှင့် မြို့ပြ

ပြီးခဲ့သည့် ၂၀၀၇ ခုနှစ် ဒီဇင်ဘာလဝန်းကျင်က ရန်ကုန်မြို့လယ်ရှိ လမ်းဘေးဈေးသည်များကို အထိတ်တလန့်ဖြစ်စေသော သတင်းတစ်ရပ်ရောက်ရှိလာခဲ့သည်။

ထိုသတင်းကား အခြားမဟုတ်။ မြို့တော်အင်္ဂါရပ်နှင့်မညီ၍ လမ်းဘေးဈေးသည်များကို သက်ဆိုင်ရာက ဖယ်ရှားတော့မည်ဆိုသည့်သတင်းဖြစ်သည်။

"အဲဒီတုန်းက အစည်းအဝေးခေါ်လို့သွားတက်လိုက်ရသေးတယ်" ဟု ဒေါ်စုစုမွန်က ရှင်းပြသည်။

တစ်နေ့တခြားများပြားလာနေသော လမ်းဘေးဈေးသည်များ၏ ပြဿနာသည် မြို့ပြ၏ အခြားဆိုးကျိုးပြဿနာများကို ဆင့်ကဲပေါ်ပေါက်လာစေသည်ဟုလည်း သက်ဆိုင်ရာတာဝန်ရှိသူတို့က ယူဆခဲ့ကြသည်။

"ကျွန်မတို့ ၁၈ လမ်းဆိုရင် အိမ်ရှေ့မှာ နေ့တစ်ဝက်လောက်က ဈေးဖြစ်နေတယ်။ သား၊ ငါးရောင်းတဲ့နေရာတွေဆိုရင် အနံ့တွေစွဲနေတယ်။ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ကြတာတွေ အများကြီးပဲ" ဟု လမ်းမတော် ၁၈ လမ်း အလယ်ဘလောက်တွင် နေထိုင်သူတစ်ဦးက ရှင်းပြသည်။

အလားတူ ၁၈ လမ်းသည် ညနေလေးနာရီနောက်ပိုင်းတွင် လမ်းဘေးဈေးရောင်းချသူများကြောင့် ကားရပ်နားရန်အထူးခက်ခဲသည်ဟုလည်း ကုန်တင်ယာဉ်မောင်းအချို့က ဆိုကြသည်။

၁၈ လမ်းကဲ့သို့ လမ်းတိုများတွင် သာမက အနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကုန်

www.foreverspace.com.mm



ဘည့်လမ်းတို့သည် ပလက်ဖောင်းများပေါ်တွင် ပြည့်နှက်နေသော လမ်းဘေးဈေးသည်များကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ၊ ယာဉ်အဝင်အထွက်ခက်ခဲမှုများ တစ်နေ့တခြားပိုမိုများပြားလာလျက်ရှိသည်ဟု မြို့လယ်တွင်နေထိုင်သူများက ဆိုကြသည်။

အထူးသဖြင့် သိမ်ကြီးဈေးမှ ပန်းဆိုးတန်းအထိ အနော်ရထာလမ်းမကြီးသည် ညနေပိုင်းအချိန်များတွင် လူနှစ်ယောက်ပခုံးချင်းယှဉ်၍ မလျှောက်နိုင်အောင်ပင် ဈေးသည်များနှင့် ပြည့်နှက်နေလျက်ရှိသည်။

"မြို့ထဲ ပလက်ဖောင်းပေါ်က လမ်းလျှောက်လို့မှမရတာ။ လူရှောင်နေရတာနဲ့။ အဲဒီတော့ လမ်းမပေါ် တက်လျှောက်ပြန်တော့လည်း ကားတိုက်မှာကြောက်ရပြန်ရော"ဟု ရန်ကုန်မြို့တွင်သို့ နေ့စဉ်သွားလာလျက်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းကဲ့သို့လက်တွေ့မြင်တွေ့ရသော ဆိုးကျိုးများသာမဟုတ်၊ ရန်ကုန်မြို့လယ် လမ်းဘေးဈေးသည်နှင့် လမ်းဘေးစားသောက်ဆိုင်များ၏ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများကြောင့် ၂၄ နာရီအမှိုက်သိမ်းစနစ်နှင့်ပင်မလုံလောက်နိုင်အောင်ဖြစ်နေရသည်။ အမှိုက်ကို စနစ်တကျစွန့်ပစ်သော လမ်းဘေးဈေးဆိုင်များမှာ မရှိသလောက်ပင်နည်းပါးလာသည်ဟုလည်း ရန်ကုန်မြို့ခံတို့က ဆိုကြသည်။

အလားတူ စနစ်တကျရောင်းချခြင်းမရှိသော လမ်းဘေးစားသောက်ဆိုင်များမှအစားအသောက်များကြောင့် ဝမ်းလျှောဝမ်းပျက်ရောဂါ၊ အသည်းရောင်အသားဝါဘီကဲ့သို့ ရောဂါမျိုးများသည် မြို့နေလူထုကြားတွင် ပိုမိုဖြစ်ပွားလာလျက်ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းတစ်ဦးက ပြောကြားသည်။

"ကြောက်စရာအကောင်းဆုံးကတော့ အသည်းရောင်ဘီ။ ရေဇလုံလေးတစ်ခုတည်းမှာပဲ ပန်းကန်နှစ်ဆေးပြီး နောက်လူကို ဆက်ရောင်းတယ်။ အသည်းရောင်ဘီပိုးကူးဖို့ အဓိကနေရာလိုဖြစ်နေတယ်။ မြန်မာနိုင်ငံမှာ အခု လူ ၁၂ ယောက်ရှိရင် တစ်ယောက်က ဘီပိုးရှိတဲ့လူဖြစ်နေပြီ"ဟု အသည်းရောဂါအထူးကုဆရာဝန်ကြီးတစ်ဦးက ပြောကြားသည်။

၂၀၀၉ ခုနှစ် ဇွန်လတွင်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကျန်းမာရေးနှင့်မညီညွတ်ဘဲရောင်းချ သည့် လမ်းဘေးစားသောက်ဆိုင်များကို စစ်ဆေးကြပ်မတ်၍ အရေးယူရန်ပြင်ဆင်နေပြီဟုလည်း သတင်းထုတ်ပြန်ခဲ့သည်။ လမ်းဘေးတွင် ဂျာနယ်များရောင်းချသူ ဒေါ်စုစုမွန်ကမူ မိမိအမြတ်ရရုံကြည့်၍ ဖောက်သည်ကို စေတနာမထားဘဲရောင်းချခြင်းမပြုလုပ်ခဲ့ခြင်းကြောင့် သူမဘဝသည် လမ်းဘေးဈေးဆိုင်မှ တိုက်ခန်းပေါ်ရောက်လာခြင်းဖြစ်ကြောင်း ရှင်းပြသည်။

"ဒွေးအကြောင်း ဂျာနယ်တွေရေးတဲ့အချိန်က ဂျာနယ်တစ်စောင် ၁၀၀၀၊ ၁၅၀၀ ထိဖြစ်သွားတယ်။ ကျွန်မက အဲဒီအချိန် ဖောက်သည်ကို အမြတ်မတင်ဘဲ ပုံမှန်ဈေးနဲ့ရောင်းတယ်" ဟုလည်း သူက ရှင်းပြသည်။

လမ်းဘေးဈေးသည်အများစုသည် အခြေခံလူတန်းစားများဖြစ်ကြခြင်းကြောင့် ၎င်းတို့ ဝင်ငွေနည်းလူတန်းစားများအလုပ်အကိုင်နှင့် စားဝတ်နေရေးအတွက် သက်ဆိုင်ရာက အတိုင်းအတာတစ်ခုထိ လိုက်လျောခွင့်ပြုသင့်သော်လည်း အခြားအိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်၍ ဘေးထွက်ဆိုးကျိုးများကို စနစ်တကျဆောင်ရွက်သင့်သည်ဟု မြို့ပြလေ့လာသုံးသပ်သူတစ်ဦးက ပြောကြားခဲ့သည်။

## မြို့ပြဗေဒ၏ ဂယက်

ကမ္ဘာ့လူဦးရေ ထက်ဝက်ကျော်ခန့်သည် ယခုဆယ်စုနှစ်များအတွင်း Urbranization ဆိုသည့် မြို့ပြသို့ပြောင်းရွှေ့အခြေချနေထိုင်လာကြသည်။

ယခုအခါ မြို့ပြတွင်နေထိုင်သူ လူဦးရေသည် ကမ္ဘာပေါ်တွင် သုံးဘီလီယံခန့်ရှိသည်ဟုလည်း ကျွမ်းကျင်သူတို့က ခန့်မှန်းထားကြသည်။ အစိုးရ တရားဝင်စာရင်းများအရ စီးပွားရေးမြို့တော် ရန်ကုန်တွင် လူဦးရေ ခြောက်သန်းခန့် နေထိုင်လျက်ရှိသည်။

လမ်းဘေးဈေးသည်များသည် မြန်မာနိုင်ငံ ရန်ကုန်မြို့တွင်သာမဟုတ် ဒေသတွင်း အာဆီယံနိုင်ငံများအပါအဝင် ကိုရီးယား၊ ဂျပန် စသည့် အာရှဖွံ့ဖြိုးပြီးနိုင်ငံများနှင့် အနောက်ဥရောပနိုင်ငံများတွင်ပါ တွေ့မြင်နေရလေ့ရှိသည်။

"ဘန်ကောက်မှာလည်း လမ်းဘေးဈေးသည်တွေရှိတာပဲ။ ဒါပေမဲ့ လမ်းလျှောက်လို့မရအောင်ထိတော့မဟုတ်ဘူး" ဟု ထိုင်းနိုင်ငံ ဘန်ကောက်မြို့တော်၏ အခြေအနေနှင့် ရန်ကုန်မြို့အခြေအနေကို ရန်ကုန်မြို့ခံတစ်ဦးက နှိုင်းယှဉ်ပြသည်။

ချင်းမိုင်တက္ကသိုလ်မှ ယခုရက်ပိုင်းအတွင်း ပြန်လည်ရောက်ရှိလာသူ မြန်မာကျောင်းသူတစ်ဦးက "ချင်းမိုင်က လမ်းဘေးဈေးသည်တွေက အစားအသောက်ရောင်းတာ သန့်ရှင်းတယ်။ လက်အိတ်၊ ခေါင်းစည်းတို့နဲ့ဖုံးအုပ်ပြီး သေချာရောင်းတော့ တော်တော်ကိုကောင်းတယ်။ နောက်ထူးခြားတာက ဘာပဲစားစား ဖွန်းကို ရေနွေးပူပူနဲ့ ပြုတ်ထားတဲ့ခွက်နဲ့ အရင်ချထားပေးတယ်" ဟုလည်း ရှင်းပြသည်။

အထူးသဖြင့် ထိုင်းနိုင်ငံ လမ်းဘေးဈေးသည်များ၏ ကျန်းမာရေးနှင့် လူမှုရေးအသိဉာဏ်ရေချိန်သည် ရန်ကုန်မြို့ လမ်းဘေးဈေးသည်အများစုနှင့် နှိုင်းယှဉ်ပါက မြင့်မားနေသည်ဟုဆိုရမည် ဖြစ်သည်။

လမ်းဘေးအစားအသောက်ရောင်းချသည့်ဈေးသည်များအား ကျန်းမာရေးနှင့်ပတ်သက်သည့်အသိပညာသင်တန်းများပေးခြင်း၊ စနစ်တကျရောင်းနိုင်သောအခြေအနေဖန်တီးပေးခြင်း၊ ထိရောက်သောပြစ်ဒဏ်ပေးအရေးယူခြင်းတို့ကြောင့် လမ်းဘေးဈေးသည်များ၏ ဆိုးကျိုးပြဿနာကို ထိုင်းနိုင်ငံတွင် အတိုင်းအတာတစ်ခုထိ ဟန့်တားထားနိုင်သည်ဟုလည်း နိုင်ငံတကာအရေးလေ့လာသူအချို့က သုံးသပ်ကြသည်။

မြန်မာနိုင်ငံ ရန်ကုန်မြို့တွင်သာမက လူဦးရေဒုတိယအများဆုံး မန္တလေးမြို့တွင်

www.foreverspace.com.mm

လည်း လမ်းဘေးဈေးသည်ပြဿနာကို ရင်ဆိုင်ရလျက်ရှိသည်ဟု ဈေးချိုတော် တိုက်တန်းကြီးအနီး ၈၄ လမ်းမပေါ်တွင် နေထိုင်သူ မန္တလေးမြို့ခံတစ်ဦးက ပြောကြားသည်။

ရန်ကုန်မြို့တော်တွင် မှတ်ပုံတင်ထားသော လိုင်စင်ရ လမ်းဘေးဈေးသည် အရေအတွက်အတိအကျမသိရှိရသော်လည်း သောင်းဂဏန်းပမာဏတစ်ခုခန့်ထက် ပိုမိုနိုင်သည်ဟုလည်း ခန့်မှန်းကြသည်။ လမ်းဘေးဈေးသည်အများစုမှာ အစားအသောက်ရောင်းချသူများဖြစ်ပြီး ၎င်းတို့သည် ဈေးနှုန်းသက်သာခြင်းကြောင့် မြို့တွင်းသို့လာရောက်လုပ်ကိုင်သည့် ဝင်ငွေနည်းဝန်ထမ်းများအတွက် မရှိမဖြစ်လိုအပ်သည်ဟုလည်း လပြည့်ဝန်းပလာဇာမှ အရောင်းဝန်ထမ်းတစ်ဦးက ဆိုသည်။

"လမ်းဘေးမှာ စားချင်လို့ စားရတာ မဟုတ်ဘူး။ ဆိုင်ကြီးမှာ မစားနိုင်လို့ စားရတာ။ လမ်းဘေးက ထမင်းတစ်နပ်ကို ၇၀၀၊ ၈၀၀ လောက်နဲ့ရတယ်" ဟုလည်း ၎င်းကရှင်းပြသည်။ ကမ္ဘာနှင့်အဝန်း မြို့ပြဖွံ့ဖြိုးမှုဖြစ်စဉ်များကြောင့် မြို့ကြီးများသို့ ပြောင်းရွှေ့နေထိုင်မှုမှာ များပြားလာလျက်ရှိပြီး မြို့ပြတွင် ပညာအရည်အချင်း၊ လုပ်ငန်းအတွေ့အကြုံမရှိသော နယ်မှလာရောက်သူများအတွက် ငွေရှာရလွယ်ကူသော လမ်းဘေးဈေးသည်ဘဝကို အချိန်တိုတွင်း ရောက်ရှိသွားကြသည်။

သို့ရာတွင် ရန်ကုန်မြို့လယ်လမ်းမကြီး ပလက်ဖောင်းပေါ်တွင် နေရာတစ်နေရာရ၍ ဈေးရောင်းရန်ကား လွယ်ကူသည်မဟုတ်။ မကြာခဏ နေရာလု၍ စကားများရန်ဖြစ်ကြရသည်ဟုလည်း လမ်းဘေးဈေးသည်များက ရှင်းပြသည်။

"ဈေးသည်ချင်းရန်ဖြစ်ရင် နှစ်ယောက်စလုံး နေရာကဖယ်ရမယ်လို့ အမိန့်ထုတ်တဲ့နောက်ပိုင်း နေရာလုတာ၊ ရန်ဖြစ်တာ နည်းသွားတယ်" ဟုလည်း ၃၉ လမ်းထောင့်တွင် သစ်သီးရောင်းချသည့် ဒေါ်အေးအေးသန်းက ပြောဆိုသည်။

၂၀၀၇ ခုနှစ်တွင် မြို့တွင်းယာဉ်ကြောပိတ်ဆို့မှုကြောင့် လမ်းဘေးဈေးသည်များကို နေရာရွှေ့ရမည်ဆိုသည့် သတင်းအပေါ် သစ်သီးဈေးသည် ဒေါ်အေးအေးသန်းက "ဈေးသည်ကြောင့် မဟုတ်ပါဘူး။ လူတွေကြောင့်လည်း ပါပါတယ်။ လူတွေက မှတ်တိုင်မှာမရပ်ဘဲ နေရာအနှံ့ရပ်နေကြလို့ပါ" ဟု သူမအမြင်ကို ပြောပြသည်။

ကွမ်းခြံကုန်းမှ ရန်ကုန်သို့ ဈေးသည်ဘဝဖြင့် ရောက်ရှိလာခဲ့သူ ဒေါ်အေးအေးသန်းကမူ သီရိမင်္ဂလာဈေးမှ ကျပ်ငါးသိန်းဖိုးခန့် ခေါက်ပြန်ကြေးပေးရသော သစ်သီးများကို သက်ဆိုင်ရာက တစ်ရက်လျှင် အနော်ရထာလမ်းမကြီးပေါ်ရှိ သူမဆိုင်နေရာတွင် နှစ်နာရီခန့် ရောင်းချခွင့်ပြုပါက သူမ မိသားစုခုနစ်ယောက် တစ်ရက်တာ စားစရိတ်ကို ကောင်းစွာရှာဖွေနိုင်သည်ဟု ဆိုသည်။


"လမ်းဘေးဈေးသည် မိသားစုကနေရတဲ့ငွေကြောင့် ပညာတတ်ဘဝ ပြောင်းသွားတာတွေ အများကြီးပါ။ ဒီဟာက



www.foreverspace.com.mm



ကောင်းရောင်းကောင်းဝယ်အလုပ်ပေါ့၊ စနစ်တကျ ခွင့်ပြုသင့်ပါတယ်။ သိပ်ပြီးတင်းကျပ်ရင် သူခိုးကြမ်းပိုးတွေ၊ မကောင်းတဲ့ မိန်းမတွေ များလာနိုင်တယ်။ ဈေးရောင်းတာကလွဲလို့ တခြားသူတို့က ဘာမှမလုပ်တတ်ကြဘူး” ဟု ဒေါ်အေးအေးသန်း ၅၁ နှစ်က သူမ၏အမြင်ကို ပြောဆိုသည်။




## မြို့ပြလမ်းများသို့ ပြန်လည်ကြည့်ရှုခြင်း

စနေနေ့ နေ့လယ်ခင်း အချိန် ပန်းဆိုးတန်းနှင့် ကုန်သည်လမ်းတစ်ဝိုက်ရှိ ကိုလှဝင်းရောင်းချသည့် ပါဝါစာကြည့် အလုမျက်မှန် လမ်းဘေးအရောင်းဆိုင်သည် ဈေးဦးပေါက်မျက်မှန်တစ်လက် ရောင်းထွက်သည်။

တရုတ်နိုင်ငံလုပ် စာကြည့်မျက်မှန်ကို အသက် ၆၀ ကျော် အဘိုးတစ်ဦးက ဝယ်သွားခြင်းဖြစ်သည်။

“မျက်မှန်တစ်လက် ၁၂၀၀ ကို ၂၀၀ ပဲ မြတ်တယ်”ဟု ကိုလှဝင်းက ဆိုသည်။

နာဂစ်မုန်တိုင်းအပြီး ယခုနှစ်မိုးရာသီကာလတွင် အရောင်းအဝယ် သိသိသာသာ ကျဆင်းလာသည်ဟုလည်း သူကဆိုသည်။ “အရင်ကဆိုရင် ရစ်ထောင်၊ တစ်သောင်းဖိုးရောင်းရရင် အိမ်စရိတ်ကာမိတယ်။ အခု ငါးထောင်ဖိုးက အိမ်စရိတ်မကာမိဘူး” ဟု သူက ရှင်းပြသည်။

ကမ္ဘာ့စီးပွားရေးကျဆင်းမှုဂယက်နှင့်ဆက်နွယ်၍ ယခုကဲ့သို့ အရောင်းအဝယ်များကျဆင်းခြင်းဖြစ်သည်ဟုလည်း ကိုလှဝင်းက သူ၏အမြင်ကို ရှင်းပြသည်။

ရောင်စုံထီးကြားကြီးအောက်ရှိ သူ၏ လမ်းဘေးဆိုင်ကို ၁၉၉၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သူဖြစ်သည်။

“ကျွန်တော်က မြို့ထဲက ဆိုင်တွေကနေ အခု တရုတ်ကဝင်လာတဲ့ မျက်မှန်တွေယူပြီး ပြန်ရောင်းတာပါ။ စယူတုန်းက တစ်လက်ကို ၁၂၀ ကျပ်လောက်ပဲရှိတာ။ အခု ၄၀၀ ကျပ်လောက်ဖြစ်နေပြီ။ ဒီဆိုင်အရင်းအနှီးက အခုဆိုရင် ငါးသိန်းဖိုးလောက်ရှိပြီ” ဟု ကိုလှဝင်းက ရှင်းပြသည်။

အိမ်စရိတ် တစ်ရက် ၃၀၀၀ ခန့်ကုန်သည်ကို မလောက်သည့်အတွက် တစ်လ ၁၀ ကျပ်တိုးဖြင့် သူ့တွင် ကျပ်ငါးသောင်းခန့် အကြွေးတင်လျက်ရှိသည်။

ဇနီးနှင့် ရှစ်နှစ် ငါးနှစ်နှင့် ရှစ်လခန့် အရွယ် သားသမီးတို့၏စရိတ်အတွက် အရောင်းအဝယ်များ ယခုကဲ့သို့ ထိုင်းမှိုင်းနေပါက အခြားအလုပ်တစ်ခု ပြောင်းလုပ်ရန်ကိုပင် စဉ်းစားလျက်ရှိသည်ဟု သူက ဆိုသည်။

“ပိုက်ဆံအဆင်ပြေရင်တော့ မလေးသွားဖို့ စဉ်းစားနေတယ်။ အခု ဒီမှာက မကိုက်ဘူး။ နေ့တိုင်း အိတ်စိုက်ဖြစ်နေတယ်” ဟု ကိုလှဝင်းက ဆိုသည်။

တစ်ရက် သုံးသောင်းကျပ်ခန့်အမြတ်ရနေသူ ဂျာနယ်ရောင်းသည့် ဒေါ်စုစုမွန်က “ဟုတ်တယ်။ အများစုက အခုမကိုက်ကြတော့ဘူး။ ဘောလ်ပင်ရောင်းတဲ့သူတွေ ဘာတွေဆိုရင် ဈေးဦးတောင်မပေါက်ကြဘူး” ဟုလည်း ဆိုသည်။

ယခုကဲ့သို့ ဈေးသည်များ အဆင်မပြေဖြစ်ရခြင်းကို ချေးငွေအထောက်အပံ့ရလျှင် အဆင်ပြေနိုင်ခြင်းရှိ မရှိ မေးမြန်းရာတွင် ဈေးသည်အများစုက “ရောင်းမှမကောင်းတာ၊ အထောက်အပံ့ချေးငွေပေးလည်း စားတဲ့အထဲပဲ” ဟု သုံးသပ်ပြောဆိုကြသည်။

လမ်းဘေးဈေးသည်များနှင့် ယနေ့ မြို့ပြဆိုင်ရာပြဿနာများသည် ကမ္ဘာနှင့်အဝန်းဖြစ်ပေါ်နေသော စီးပွားကျကပ်အလုပ်လက်မဲ့ပြဿနာများနှင့် ဆက်စပ်ပါက လူ့အဖွဲ့အစည်းအတွင်းရှိ အောက်ဆုံးလွှာ လုတန်းစားတို့၏ စီးပွားရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတို့ထံ စိန်ခေါ်မှုများ ရောက်ရှိနေပြီဟု ဆိုရမည်ဖြစ်သည်။ လမ်းဘေးဈေးသည်များ၏ ပြဿနာကို မြန်မာနိုင်ငံအတွင်း လူ့အရင်းအမြစ်များကို အသိညဏ်စွမ်းဆောင်ရည်မြင့်တင်ပေးနေသော Myanmar Egress သင်တန်းသားတချို့ ၂၀၀၇ ခုနှစ်တွင်းက အုပ်စုဖွဲ့လေ့လာခဲ့ပြီး ယခုကဲ့သို့ တင်ပြထားခဲ့သည်။ (ပုံ)

ဒေါ်စုစုမွန်၏ ပြောပြချက်အရ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းအပြီးတွင် သက်ဆိုင်ရာမှတာဝန်ရှိသူများသည် လမ်းဘေးဈေးသည်များအပေါ် အထူးလိုက်လျော၍ သက်ညှာခဲ့သည်ဟု သိရှိရသည်။ အထူးသဖြင့် အရင်လို စည်းကမ်းတင်းကျပ်တာတွေ သိသိသာသာ လျှော့ပေးလာတယ်။ ဒါကို ဈေးသည်တွေဘက်ကလည်း အလိုက်သိဖို့လိုတာပါ။ လမ်းသွားတဲ့သူတွေ ဝင်နိုင်ထွက်နိုင်အောင် လမ်းချန်ပေးတာတို့၊ လမ်းပေါ်ဈေးမရောင်းတာတို့ လုပ်ဖို့လိုတာပေါ့” ဟုလည်း သူမက ဆိုသည်။

www.foreverspace.com.mm

သို့ရာတွင် ညနေ ၆ နာရီကျော်လျှင် ရန်ကုန်မြို့၏ လူအစည်ကားဆုံးနေရာ အနော်ရထာလမ်းနှင့် ဆူးလေဘုရားလမ်းထောင့်တွင် ဈေးသည်များ ရောက်လာကြပြီး လူကူးမျဉ်းကျားပေါ်အထိ ဆိုင်ခင်းရောင်းချလျက်ရှိသည်ဟု ရန်ကုန်မြို့ခံတို့က ဆိုကြသည်။

"အဲဒီနေရာတင် မဟုတ်ပါဘူး။ သမိုင်းလမ်းဆုံ၊ တာမွေဗလီထိပ်၊ စံပြဈေး၊ တာမွေဈေး၊ မြေနီကုန်း၊ လသာ၊ တရုတ်တန်း စတဲ့နေရာတွေမှာလည်း လမ်းပေါ်တက်ရောင်းတာတွေ ရှိနေတယ်" ဟု ၎င်းတို့က ဆိုကြသည်။ မြန်မာ့စီးပွားရေးတောင့်တင်းခဲ့စဉ် ၁၉၆၅ ခုနှစ်ဝန်းကျင်က ရန်ကုန်မြို့ တရုတ်တန်း၊ ဆူးလေဘုရားနှင့် ရပ်ရှင်ရုံတစ်ဝိုက်တို့တွင်သာ ဈေးသည်များရှိခဲ့ပြီး လမ်းဘေးဈေးသည်အများစုမှာ တရုတ်လူမျိုးများဖြစ်သည်ဟုလည်း ဆိုကြသည်။

ပညာခတ်သို့ လုံးလုံးလျားလျား ရောက်ရှိလာသည်ဆိုသည့်
၂၁ ရာစုခေတ်တွင်
မှ ခေတ်ပညာ



သင်ယူတတ်မြောက်ခဲ့သူတို့ပါ ငွေရှာရလွယ်ကူ၍ လမ်းဘေးတွင် ဈေးရောင်းသည့် အခြေအနေသို့ ပြောင်းလာလာနေပြီ ဖြစ်သည်။

## မြို့ကြီး၏ လမ်းဘေးဈေးသည်များ

မြို့ကြီးသည် သူ၏အချက်အချာမြို့တွင်း ဇရိယာအတော်များများကို ဒေါ်စုစုမွန်ကဲ့သို့ လမ်းဘေးဈေးရောင်းသူများအပြင် မီးစက်များ၊ မှတ်တိုင်များ၊ ကြော်ငြာဆိုင်းဘုတ်များ အော်ဟစ်ဆူညံမှုများဖြင့် နေရာပေးထားရသည်။

ရန်ကုန်မြို့၏ ဗိုလ်ချုပ်လမ်း၊ အနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်း၊ ကုန်သည်လမ်း၊ ကမ်းနားလမ်း စသည့်အချက်အချာ အဓိကလမ်းမကြီးများတွင် အစိမ်း၊ အနီ၊ ပြာ၊ ဝါ ရောင်စုံထီးကြားအောက်က ဈေးသည်များကို လက်ခံထားရှိရသည်။

အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းသည် ညနေ ၃ နာရီနောက်ပိုင်းမှ လမ်းဘေးဈေးထွက်ခွင့်ရှိသည် ဆိုသော်လည်း နံနက် ၁၀ နာရီဆိုလျှင် ဆိုင်အတော်များများ ဗန်းခင်းပြီးကြချိန် ဖြစ်သည်။

အချို့မှာလိုင်စင်ရှိသလို၊ အချို့မှာ လိုင်စင်မဲ့များဖြစ်သည်။ နှစ်ပေခန့် ကွမ်းယာဗန်းတစ်ဗန်းသည် နေ့စဉ် ဝင်ငွေ ၄၀၀၀ ကျပ်ခန့် ရကောင်းရနိုင်သည်။ ကမ္ဘာ့စီးပွားကျကပ်ကြောင့် လမ်းဘေးဈေးသည်အချို့မှာ အဆင်မပြေကြ။ သို့သော် အချို့မှာ ပန်းပန်လျက်ဖြစ်သည်။

"အားကစားလိုင်း နည်းနည်းကျတယ်။ သတင်းဂျာနယ်တွေက ထူးထူးခြားခြားမကျ ဘူး" ဟု ဒေါ်စုစုမွန်က ဆိုသည်။

သူမ၏ လမ်းဘေးအရောင်းဆိုင်ကမူ အချက်အချာကျသော နေရာများနှင့် နီး၍လား၊ နှစ်အတန်ကြာ ရောင်းခဲ့၍ ဖောက်သည် ရနေ၍လားမသိ၊ ထူးထူးခြားခြား အရောင်းအဝယ်ကျဆင်းမှုမရှိဟု ဆိုသည်။

"သူများထက် အတတ်နိုင်ဆုံး ဈေးလျှော့ရောင်းတယ်။ တစ်ခါစားမလုပ်ဘူး။ သစ္စာရှိရှိလုပ်တယ်။ ကျွန်မဆိုင် စီးပွားရေးရဲ့လျှို့ဝှက်ချက်က ဒါပါပဲ" ဟု သူမက ရှင်းပြသည်။

ပန်းနုရောင် ပါတိတ်ဝမ်းဆက်နှင့် အသက် ၄၅ နှစ်ခန့် မျက်မှန်ဝိုင်းတပ်ထားသော သူမသည် စကားပြောဆိုညင်သာပြီး ယဉ်ကျေးသိမ်မွေ့သော ခေတ်ပညာတတ်တစ်ဦးအသွင်အပြင်နှင့်ပင် တူနေသည်။ ရန်ကုန်မြို့၏ လမ်းဘေးနေရာတစ်နေရာသည် သူမ၏ မိသားစုဘဝကို အရာရာပြောင်းလဲစေသကဲ့သို့ အခြားဈေးသည်များလည်း ခံယူချက်နှင့် စိတ်ထားမှန်ကန်ပါက တိုးတက်မည့်အခြေအနေရှိသည်ဟု သူမက ယူဆသည်။

မိုင် ၂၀၀ ကျော်ခန့်ဝေးသော မွန်ပြည်နယ်တောင်စွန်းရှိ သူမ၏ရွာတွင် စိုက်ပျိုးရေးလုပ်ငန်းများကိုပါ တိုးချဲ့လုပ်ကိုင်ရင်း ဘဝအုတ်မြစ်ကို ခိုင်ခိုင်မာမာ တည်ဆောက်လျက်ရှိသည်။

"ဘယ်အခြေအနေပဲရောက်ရောက် ရန်ကုန်မြို့က လမ်းဘေးဈေးသည်ခေတ်က တိမ်ကောဖို့ မရှိပါဘူး" ဟု ဒေါ်စုစုမွန်က ဆိုသည်။

**တင်အောင်ကျော်**

www.foreverspace.com.mm



www.foreverspace.com.mm

# ဖြေရှင်းရန် နည်းလမ်းရှာနေဆဲ ကြွပ်ကြွပ်အိတ်ပြဿနာ

ခင်ဌေးကြွယ်

**မြန်မာနိုင်ငံတွင် ဆယ်စုနှစ်နှစ်စုနီးပါးအချိန်ကစ၍ သုံးစွဲမှုပမာဏမြင့်တက်လာခဲ့သောကြွပ်ကြွပ်အိတ်သည် သုံးစွဲသူများအတွက် တစ်ထောင့်တစ်နေရာမှ အရေးပါအရာရောက်နေသည့်တိုင် အချိန်ကြာလာသည်နှင့်အမျှ ကောင်းကျိုးထက်ဆိုးကျိုးဘက်သို့သာ ဦးတည်လာနေရာ ခဏတာအသုံးဝင်မှုထက် ဖြေရှင်းရန်ခက်ခဲသည့်နောက်ဆက်တွဲပြဿနာပေါင်းများစွာကို လူအများရင်ဆိုင်ကြုံတွေ့နေရပြီဖြစ်သည်။**

ယင်းအခြေအနေကို ဖြေရှင်းနိုင်မည့်နည်းလမ်းကိုသုံးစွဲသူအများစုကရော သက်ဆိုင်ရာအဖွဲ့အစည်းများကပါ စဉ်းစားအဖြေရှာလာချိန်တွင် မန္တလေးမြို့တော်ကို ကြွပ်ကြွပ်အိတ်ကင်းစင်ဇုန်အဖြစ် သတ်မှတ်မည်ဟုကြေညာပြီးနောက်ပိုင်း၌ သုံးစွဲသူအများစုက ကြွပ်ကြွပ်အိတ်ပြဿနာကို ထိရောက်သောနည်းလမ်းဖြင့် မည်ကဲ့သို့ ဖြေရှင်းကြမည်နည်းဟူသောအမေးကို ပို၍ကျယ်ကျယ်လောင်လောင် မေးခွန်းထုတ်လာကြသည်။

## တိုးပွားလာသော ထုတ်လုပ်မှု

ကမ္ဘာ့နိုင်ငံအချို့တွင် လွန်ခဲ့သည့် နှစ်ပေါင်းတစ်ရာနီးပါးက စတင်ထုတ်လုပ်ခဲ့သည့်ကြွပ်ကြွပ်အိတ်ကို အာရှနိုင်ငံအချို့တွင် လွန်ခဲ့သည့် ဆယ်စုနှစ်ငါးစုခန့်က သုံးစွဲတွင်ကျယ်လာခဲ့ပြီး မြန်မာနိုင်ငံတွင်လည်း ၁၉၈၈ မတိုင်မီကပင် အနည်းငယ်ထုတ်လုပ်သုံးစွဲလာခဲ့သည်။ ယင်းမှ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ထုတ်လုပ်သုံးစွဲမှုကျယ်ပြန့်လာရာ ယခင်က ပလတ်စတစ်အသုံးအဆောင်ပစ္စည်းများကိုသာ ထုတ်လုပ်ခဲ့သည့် လုပ်ငန်းရှင်အချို့မှာလည်း နောက်ပိုင်းတွင် ကြွပ်ကြွပ်အိတ်ပါးများကို ပြောင်းလဲထုတ်လုပ်လာခဲ့သည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ယင်းထုတ်လုပ်မှုလုပ်ငန်းများကို ကြွပ်ကြွပ်အိတ်ထုတ်လုပ်ငန်းဟူ၍ ခွင့်ပြုခြင်းမဟုတ်ဘဲ ပလတ်စတစ်လုပ်ငန်းဖြင့် လုပ်ကိုင်ခွင့်ချထားပေးခြင်း ဖြစ်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်ရှိ ၃၃ မြို့နယ်တွင် ယခင်က ပလတ်စတစ်လုပ်ငန်းလုပ်ကိုင်သူအရေအတွက် တစ်ရာကျော်သာရှိခဲ့ရာမှ ယခု ဆယ်စုနှစ်အတွင်း ခြောက်ဆခန့်ထိတိုးပွားလာသည့်အပြင် တစ်နိုင်တစ်ပိုင် ကော်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းငယ် လုပ်ကိုင်သူအရေအတွက်မှာလည်း သောင်းချီရှိလာသည်ဟု တောင်ဥက္ကလာပမြို့နယ်တွင် ပလတ်စတစ်လုပ်ငန်းလုပ်ကိုင်နေသူ လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။ အထက်ပါ ၃၃ မြို့နယ်တည်ရှိရာ ခရိုင်လေးခုတွင် ပလတ်စတစ်လုပ်ငန်းများတွင်ကျယ်လာကြောင်း၊ ခရိုင်အလိုက်ချပေးထားသည့် ပလတ်စတစ်လုပ်ငန်းလုပ်ကိုင်သည့် အရေအတွက် စုစုပေါင်း ၇၃၅ ခုအထိရှိလာကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ကြွပ်ကြွပ်အိတ်ထုတ်လုပ်သည့်လုပ်ငန်းအများစုမှာ စက်မှုဇုန်များတွင်တည်ရှိသည်။ မြို့တော်ရန်ကုန်တွင် ၂၀၁၉ ခုနှစ်မေလတွင် လူဦးရေ ၆ ဒသမ ၂၅ သန်းအထိရှိလာပြီဖြစ်သောကြောင့် လူတစ်ဦးလျှင် ပျမ်းမျှအားဖြင့် တစ်နေ့လျှင် ကြွပ်ကြွပ်အိတ်နှစ်လုံးစီသုံးစွဲမည်ဆိုပါက မြို့တော်၏တစ်နေ့တာကြွပ်ကြွပ်အိတ်သုံးစွဲမှုမှာ ၁၃ သန်းဝန်းကျင်ရှိမည်ဖြစ်ပြီး ထုတ်လုပ်မှုအပိုင်းတွင်လည်း ယင်းထက် ကျော်လွန်မည်ဖြစ်ကြောင်း၊ အလားတူ ရန်ကုန်မြို့တော်သို့ နေ့စဉ်လာရောက်သည့် ပြည်တွင်းခရီးသွားဧည့်သည်အရေအတွက်မှာ ငါးသိန်းနှင့်အထက်ရှိနေခြင်းကြောင့် ၎င်းတို့၏ကြွပ်ကြွပ်အိတ်သုံးစွဲမှုပမာဏမှာလည်း တစ်သန်းနီးပါးရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရန်ကုန်မြို့တော်တစ်ခုလုံး၏ ကြွပ်ကြွပ်အိတ်သုံးစွဲမှုပမာဏမှာ နေ့စဉ် ၁၄ သန်းဝန်းကျင်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်ပုဂ္ဂိုလ်တစ်ဦးက ရှင်းလင်းပြောကြားသည်။

## အသုံးဝင်မှုအကျိုး

ကြွပ်ကြွပ်အိတ်သုံးစွဲမှုသည် ရန်ကုန်မြို့တော်တွင်မက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြင့်တက်လျက်ရှိသည်။ ယင်းသို့ မြို့ရွာကျေးလက်ဒေသများတွင်ပါ အသုံးပြုလာရခြင်းမှာ အလွယ်တကူရရှိနိုင်ခြင်း၊ ပေါ့ပါးခြင်း၊ ဈေးသင့်ခြင်း၊ လူတစ်ဦးချင်းစီ၏လတ်တလောလိုအပ်ချက်ကို ထိရောက်မြန်ဆန်စွာဖြည့်ဆည်းပေးနိုင်ခြင်းစသည်တို့ကြောင့်ဖြစ်ပြီး သုံးစွဲသူများအကြိုက်တွေ့နေဆဲ၊ အသုံးဝင်နေဆဲဖြစ်သည်။

လူနေထူထပ်သည့်မြို့ကြီးများ၌ စတိုးဆိုင်ကြီးများ၊ မီနီမတ်၊ ဆူပါမားကတ်စသည့်အရောင်းစင်တာများတိုးပွားလာခြင်းသည်လည်း ကြွပ်ကြွပ်အိတ်အသုံးပြုမှုကို တစ်ထောင့်တစ်နေရာမှ တွန်းအားပေးလျက်ရှိသည်။ ယင်းဆိုင်များ၌ ဈေးလာဝယ်သူများမှာ ပစ္စည်းထည့်ရန်အိတ်ယူလာလေ့မရှိဘဲ ရောင်းချသူက ကြွပ်ကြွပ်အိတ်

www.foreverspace.com.mm

မျိုးစုံထဲတွင် ပစ္စည်းထည့်၍ပေးလေ့ရှိသည့်အလေ့အထကြောင့်ဖြစ်သည်။

"ကျွန်တော် အိမ်အပြန်မှာ ကြေးအိုးဝယ်သွားချင်တယ်ဆိုရင် ကြွပ်ကြွပ်အိတ်ပဲအားကိုးရမှာပေါ့ဗျာ" ဟု အင်းစိန်မြို့နယ်တွင်နေထိုင်ပြီး ဆူးလေဘုရားလမ်းကုမ္ပဏီတစ်ခုတွင် တာဝန်ထမ်းဆောင်နေသူ ဦးလှရွှေကဆိုသည်။ ခရီးသည်တင်ယာဉ်စီးနင်း၍ ရုံးတက်ရုံးဆင်းနေကြသူများအနေဖြင့်အသုံးအဆောင်ပစ္စည်းဖြစ်စေ၊ စားသောက်ဖွယ်ရာဖြစ်စေ ဝယ်ယူလိုပါက ရန်ကုန်မြို့ရှိဘတ်စ်ကားများအနေအထားအရ အပိုပစ္စည်းများယူဆောင်လာရန် မလွယ်ကူကြောင်း၊ အရည်မပါသောပစ္စည်းများကိုစက္ကူ၊ ဖက်များဖြင့် ထုပ်ပိုးနိုင်သော်လည်းအရည်ကဲ့သို့သော စားသောက်ဖွယ်ရာအတွက် ကြွပ်ကြွပ်အိတ်သုံးခြင်းသည်သာ အဆင်အပြေဆုံးဖြစ်ကြောင်း မန္တလေးမြို့တော်အား ကြွပ်ကြွပ်အိတ်ကင်းစင်ဇုန်အဖြစ်သတ်မှတ်ခြင်းနှင့်ဆက်စပ်၍ ရန်ကုန်မြို့တော်နေ လူမှုဘဝကို ၎င်းက ပြောကြားသည်။

ကြွပ်ကြွပ်အိတ်သည် သုံးစွဲသူများအတွက် လတ်တလောကောင်းကျိုးပေးသကဲ့သို့ထုတ်လုပ်ရောင်းချသူများအတွက်လည်း တွက်ခြေကိုက်သည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်ဟု လှိုင်သာယာစက်မှုဇုန်မှ ပလတ်စတစ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးကဆိုသည်။ ကုန်ကြမ်းပစ္စည်း အလွယ်တကူရရှိခြင်း၊ ဈေးနှုန်းအတန်အသင့်ရှိခြင်းတို့ကြောင့် ထုတ်လုပ်မှုလုပ်ငန်းအဖို့ အဆင်ပြေပြီး ယင်းလုပ်ငန်းများနှင့်ဆက်စပ်၍အလုပ်အကိုင်အခွင့်အလမ်းလည်း ရရှိနိုင်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

## ဆိုးကျိုးအထွေထွေ

"ကြွပ်ကြွပ်အိတ်က လူတွေရဲ့လိုအပ်ချက်ကို လတ်တလော ဖြေရှင်းပေးနိုင်တဲ့အတွက် ခဏတစ်ဖြုတ်တော့ ကောင်းတယ်။ ဒါပေမဲ့ နောက်ဆက်တွဲဆိုးကျိုးတွေကတော့ အံ့မခန်းပါပဲဗျာ" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနတွင် နှစ်ပေါင်းနှစ်ဆယ်နီးပါး တာဝန်ထမ်းဆောင်ခဲ့သည့်ဝန်ထမ်းတစ်ဦးက ပြောကြားသည်။

ကြွပ်ကြွပ်အိတ်သုံးစွဲသူတို့၏စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းခြင်းအပြင် ရေမြောင်းများပိတ်ဆို့ခြင်းကြောင့် ရေကြီးရေလျှံခြင်း၊ ရေမြောင်းပိတ်ဆို့ ရေဝပ်ခြင်းကြောင့် ယင်းမှတစ်ဆင့်ခြင်၊ ယင်ပေါက်ဖွားမှုမှ ရောဂါများဖြစ်ပွား၍ ပြည်သူလူထု၏ကျန်းမာရေးကိုပါသွယ်ဝိုက်သောနည်းဖြင့် ထိခိုက်စေနိုင်ကြောင်း မြို့တော်စည်ပင်ကျန်းမာရေးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အလားတူပလတ်စတစ်စွန့်ပစ်ပစ္စည်းများတွင်ပါဝင်သော အဆိပ်သင့်အားဖြည့်ပစ္စည်းများကြောင့်လည်း ဘေးထွက်ဆိုးကျိုးများဖြစ်နိုင်ကြောင်း၊ ယင်းမှတစ်ဆင့်ကင်ဆာရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ အသက်ရှူလမ်းကြောင်းပိတ်ဆို့မှုရောဂါ၊ မျိုးဆက်ပြန့်ပွားမှုထိခိုက်ခြင်း၊



www.foreverspace.com.mm



ကလေးများ၏ဉာဏ်ရည်ဖွံ့ဖြိုးမှုထိခိုက်ခြင်း စသည်တို့ကိုလည်း ဖြစ်ပွားစေနိုင်ကြောင်း အထက်ပါကျန်းမာရေးအရာရှိက ထပ်လောင်းရှင်းပြသည်။ "ကြွပ်ကြွပ်အိတ်ပြဿနာက ရေရှည်ဖြေရှင်းရမယ့်အခြေအနေရှိတယ်" ဟု ၎င်းက သုံးသပ်သည်။

လူသားများ၏ကျန်းမာရေးဆိုင်ရာ ထိခိုက်စေနိုင်မှုအပြင် သစ်ပင်များ၏ ရှင်သန်ကြီးထွားမှုကိုလည်း များစွာအဟန့်အတားဖြစ်စေကြောင်း၊ ကြွပ်ကြွပ်အိတ်သည် အရည်ပျော်ခြင်း၊ ဆွေးမြည့်ခြင်းမရှိ၍ ကမ္ဘာ့မြေဆီလွှာပျက်စီးဆုံးရှုံးမှုကိုလည်း အချိန်ကြာမြင့်စွာဖြစ်စေနိုင်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်နေသူတစ်ဦးက ပြောကြားသည်။

## ကမ္ဘာမြေကြီး၏ ဒုက္ခ

ရန်ကုန်မြို့တော်၏နေ့စဉ်အမှိုက်ထွက်ရှိမှုမှာ တစ်နေ့လျှင် တန်ချိန် ၁,၅၀၀ ရှိကြောင်း၊ ယင်းအနက် တန်ချိန် ၁,၃၀၀ ကိုသာ မြို့တော်စည်ပင်အနေနှင့် သိမ်းဆည်းရမိပြီး ကျန်ရှိသည့် တန် ၂၀၀ ခန့်မှာ ပြင်ပနေရာများသို့ရောက်ရှိသွားကာ ယင်းတန် ၂၀၀ သည် ပြန်လည်ဖျက်ဆီး ထုတ်လုပ်နိုင်သည့်ပစ္စည်းများဖြစ်ကြောင်း၊ တန် ၁၀၀ လျှင် ၁၃ ရာခိုင်နှုန်းသည် ပလတ်စတစ်ပစ္စည်းများဖြစ်ပြီး ယင်းရာခိုင်နှုန်းသည် လုံးဝပြန်သုံးမရသည့် ကြွပ်ကြွပ်အိတ်ပါးများဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဒုတိယဌာနမှူး ဦးသန်းလွင်ဦးက ပြောကြားသည်။

နေ့စဉ်စွန့်ပစ်ထားသည့်အမှိုက်များကို အမှိုက်ပစ်ရန် တရားဝင်သတ်မှတ်ထားသည့် လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံနှင့် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ ထားဝယ်ချောင်အမှိုက်ပုံတို့တွင် စွန့်ပစ်နေရကြောင်း၊ ယခင်က သတ်မှတ်ခဲ့သည့် မင်္ဂလာတောင်ညွန့်အမှိုက်ပုံနှင့် အလုံအမှိုက်ပုံမြေနေရာများမှာ အမှိုက်မပစ်တော့သော်လည်း ယင်းမြေများတွင်ကျန်ရှိနစ်မြုပ်နေသည့် ကြွပ်ကြွပ်အိတ်ပြဿနာကြောင့် လူနေအိမ်ဆောက်လုပ်ခြင်း၊ သစ်ပင်ပန်းမံစိုက်ပျိုးခြင်း စသည်တို့ကို ဆောင်ရွက်နိုင်မှု လုံးဝမရှိသေးကြောင်း ၎င်းက ရှင်းပြသည်။

ကြွပ်ကြွပ်အိတ်သည် ကမ္ဘာမြေကြီးပေါ်ရောက်ရှိပါက နှစ်ပေါင်း လေးဆယ်၊ ငါးဆယ်မှသည် ရာချီ၊ ထောင်ချီထိ ဆွေးမြည့်နိုင်မှုနည်းပါးကြောင်း၊ ကြွပ်ကြွပ်အိတ်ရှိနေသည့်မြေပေါ်တွင်လည်း မည်သည့်အရာမျှဆောင်ရွက်မရသည့်အပြင် ကမ္ဘာမြေထုကိုလည်း နှစ်အတန်ကြာသည်ထိဒုက္ခပေးလေ့ရှိကြောင်း ၎င်းက ဆက်လက် ရှင်းပြသည်။ ထို့ကြောင့် သုံးစွဲသူများအနေဖြင့် ကြွပ်ကြွပ်အိတ်၏ ပြဿနာအတိမ်အနက်ကို ကောင်းစွာနားလည်သဘောပေါက်ထားသင့်ပြီး သုံးစွဲပြီးက စနစ်တကျ စွန့်ပစ်ခြင်း၊ တတ်နိုင်သမျှ လျှော့ချသုံးစွဲခြင်းတို့ကို တစ်ဦးချင်းစီ၏အသိစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့ဖြင့် ဝိုင်းဝန်းဖြေရှင်းသင့်ကြောင်းလည်း ၎င်းက အကြံပြုတိုက်တွန်းသည်။

## ကွဲပြားနေသော အမြင်များ

မန္တလေးမြို့တော်အား ၂၀၀၉ ခုနှစ် ဇွန်လ ၂၃ ရက်နေ့မှစ၍ ကြွပ်ကြွပ်အိတ်ကင်းစင်ရေးနယ်မြေအဖြစ် သတ်မှတ်မည်ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ထုတ်ပြန်ကြေညာပြီးနောက်ပိုင်းတွင် ကြွပ်ကြွပ်အိတ်သုံးစွဲမှုနှင့် ပတ်သက်၍ သုံးစွဲသူများထံမှ အမြင်အမျိုးမျိုးကို ကြားသိနေရသည်။

"ကြွပ်ကြွပ်အိတ်တွေ လုံးဝမသုံးရတော့ဘူးဆိုရင် ကျောက်ခေတ်ပြန်ရောက်သွားမှာပေါ့" ဟု ကျောက်တံတားမြို့နယ်အတွင်း၌ လက်ဖက်ရည်ဆိုင်ဖွင့်လှစ်ထားသူတစ်ဦးကဆိုပြီး မုန့်ဟင်းခါးရည်၊ လက်ဖက်ရည်တို့ကို ချိုင့်ဆွဲလာဝယ်ရန် ရန်ကုန်မြို့အနေဖြင့်မလွယ်ကူကြောင်းလည်း ၎င်းကရှင်းပြသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့်အနေဖြင့် ကြွပ်ကြွပ်အိတ်သုံးစွဲမှုတားဆီးခြင်းကိုကြိုဆိုသော်လည်း အစားထိုးနိုင်မည့် ပစ္စည်းကိုပါ တစ်ပြိုင်တည်းဆောင်ရွက်ပေးသင့်ကြောင်းလည်း သူ၏အမြင်ကို ပြောဆိုသည်။

"ကျွန်တော်ကတော့ မန္တလေးမြို့တော်ဝန်လုပ်တာ လုံးဝထောက်ခံတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက ဘယ်မှာကြွပ်ကြွပ်အိတ်သုံးခဲ့ရလို့လဲ" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနမှ အသက် ၄၀ အရွယ် ဝန်ထမ်းတစ်ဦးက ကြွပ်ကြွပ်အိတ်မရှိသေးသော ကာလကို ပြန်ပြောင်းပြောဆိုသည်။ "မုန့်ဟင်းခါးတို့၊ လက်ဖက်ရည်တို့ဆိုတာ နီးနီးနားနားဝယ်တာပဲ၊ ချိုင့်နဲ့သွားဝယ်ပေါ့" ဟုလည်း ၎င်းကဆိုသည်။ လူတိုင်းသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အားပေးသင့်ပြီး သုံးစွဲမှုလျှော့ချခြင်းထက် ထုတ်လုပ်မှု





www.foreverspace.com.mm

ပိတ်ပင်ခြင်းက ပိုမိုထိရောက်မည်ဟုလည်း ၎င်းက ထပ်လောင်းပြောဆိုသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်ထိန်းသိမ်းရေးဌာနမှ အရာရှိတစ်ဦးကလည်း "သုံးစွဲသူမရှိရင် ထုတ်လုပ်သူလည်းရှိမှာမဟုတ်ဘူး" ဟု ပြောကြားသည်။ ထုတ်လုပ်သည့်စက်ရုံများ လုံးဝပိတ်ပစ်ရန်မှာမလွယ်ကူကြောင်း၊ ၎င်းတို့အတွက် အချိန်ကာလတစ်ခုသတ်မှတ်ပေးပြီးမှသာ တဖြည်းဖြည်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်သူများကို အခြားသောလုပ်ငန်းတစ်ခုသို့ ကူးပြောင်းနိုင်ရေးအတွက် အချိန်ပေးရမည်ဖြစ်ကြောင်း၊ မန္တလေးမြို့တော်စည်ပင်ကလည်း ရန်ကုန်မြို့တော်စည်ပင်၏အကြံဉာဏ်ကိုတောင်းပြီးမှသာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်ကိုလည်း ၂၀၀၅ ခုနှစ်က ကြွပ်ကြွပ်အိတ်ကင်းစင်နယ်မြေအဖြစ် သတ်မှတ်ခဲ့ပြီးဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အကောင်အထည်ပေါ်အောင် မဆောင်ရွက်နိုင်ကြောင်းနှင့် လတ်တလောတွင် ကြွပ်ကြွပ်အိတ်သုံးစွဲမှု လုံးဝပိတ်ပင်ခြင်းကို ရန်ကုန်မြို့တော်အနေဖြင့် ဆောင်ရွက်မည်၊ မဆောင်ရွက်မည်ကို အတိအကျမပြောနိုင်သေးကြောင်း အဆိုပါတာဝန်ရှိပုဂ္ဂိုလ်က ရှင်းပြသည်။

ရန်ကုန်မြို့တော်စည်ပင်အနေဖြင့် ကြွပ်ကြွပ်အိတ်စွန့်ပစ်မှုကို တတ်နိုင်သမျှရှင်းလင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အမှိုက်ပစ်သူများကိုလည်း သတ်မှတ်နေရာ၌သာ စနစ်တကျစွန့်ပစ်စေလိုကြောင်း၊ ကြွပ်ကြွပ်အိတ်မသုံးရေး၊ လျှော့ချရေးတို့ကို ပညာပေးခြင်းများပြုလုပ်ခဲ့သော်လည်း ထိရောက်မှုမရှိ၍ ဒဏ်ရိုက်ခြင်း၊ ဖမ်းဆီးခြင်းတို့ကို ၂၀၀၅ ခုနှစ်တွင်ဆောင်ရွက်ခဲ့ရာ အတိုင်းအတာတစ်ခုထိ အောင်မြင်မှုရရှိခဲ့ကြောင်း အထက်ပါပုဂ္ဂိုလ်က ထပ်လောင်းပြောဆိုသည်။ "ဒီထက်တော့ မဆိုးတော့ဘူး။ ဒါကြောင့် ပေးတိုင်းမယူနဲ့။ လွယ်လွယ်ကူကူမသုံးကြပါနဲ့လို့ပဲ မှာချင်တယ်" ဟု ၎င်းကဆိုသည်။ ရန်ကုန်မြို့တွင်း ရေမြောင်းများထဲမှ တစ်နေ့လျှင် ကြွပ်ကြွပ်အိတ်တန်ချိန် ၂၄ တန် နေ့စဉ်ရရှိသည်ဟု ရေမြောင်းရှင်းလင်းရေးအဖွဲ့ထံမှ သိရသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်မှုအဖြစ် လူငယ်အချို့သည် အဖွဲ့အစုဖွဲ့စည်း၍ လူနေရပ်ကွက်များအတွင်းလိုက်လံ၍ တစ်အိမ်တက်တစ်အိမ်ဆင်း ကြွပ်ကြွပ်အိတ်များကို သီးသန့်ထည့်ရန် အမှိုက်ပုံးများပေးထားရာ အများစုက ပူးပေါင်းပါဝင်မှုရှိကြောင်း၊ အဆိုပါအမှိုက်များထဲမှ Recycle လုပ်နိုင်သည့်ပစ္စည်းများကို ပြန်လည်ရောင်းချပြီး ယင်းငွေဖြင့် လူမှုရေးလုပ်ငန်းများဆောင်ရွက်ကြောင်း၊ ယင်းသို့လူအများစုက ဆောင်ရွက်မည်ဆိုပါက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာရောက်သည့်အပြင် ချို့တဲ့သူများအတွက်လည်း အထောက်အပံ့တစ်စုံတစ်ရာ ရရှိစေမည်ဖြစ်ကြောင်း ယင်းအဖွဲ့မှ လူငယ်အဖွဲ့ဝင်တစ်ဦးက ပြောဆိုသည်။

ရန်ကုန်မြို့တော်နေပြည်သူလူထု တစ်ရပ်လုံး ကြွပ်ကြွပ်အိတ် လုံးဝမသုံးစေ



www.foreverspace.com.mm



ရေးကို လတ်တလောဆောင်ရွက်ရန် ခက်ခဲနေသေးသော်လည်း အိမ်တိုင်းအိမ်တိုင်းတွင် အမှိုက်ပုံးထားပေးခြင်း၊ ရပ်ကွက်တိုင်းတွင် နေရာသီးသန့်သတ်မှတ်၍ အမှိုက်ပစ်ရန် စည်းကမ်းထုတ်ခြင်းတို့ကို ဆောင်ရွက်သင့်ပြီး တစ်အိမ်တက်တစ်အိမ်ဆင်းစနစ်ဖြင့် အမှိုက်များကို နေ့စဉ်ပုံမှန်သို့မဟုတ် နှစ်ရက်တစ်ကြိမ်မှန်မှန်သာ ဆောင်ရွက်မည်ဆိုပါက ထိရောက်မြန်ဆန်မှုရှိမည် ဖြစ်ပါသည်။ အိမ်တိုင်ရာရောက်ဆောင်ရွက်မှုစနစ်ကြောင့် အခွန်အခတစ်စုံတစ်ရာကျသင့်ပါကလည်း ပြည်သူများဘက်မှ ပူးပေါင်းဆောင်ရွက်သင့်ပြီး အမှိုက်သိမ်းခြင်းကို ပုဂ္ဂလိကထံ လေလံစနစ်ဖြင့် လုပ်ကိုင်ခွင့်ပေးသည့်စနစ်မျိုးရှိပါက တစ်စုံတစ်ရာပြောင်းလဲမှုရှိမည်ဟုယူဆရသည်။

## Recycle ပြန်လည်အစားထိုးအသုံးပြုမှု

ရန်ကုန်မြို့တော်တစ်ခုလုံးမှထွက်ရှိသော အမှိုက်တန်ချိန် ၁၅၀၀ တွင် Recycle ပြုလုပ်နိုင်သည့်ပစ္စည်းများမှာ တန် ၂၀၀ ဝန်းကျင်အထိရှိကြောင်း သိရသည်။ ယင်းတို့အထဲမှ ရာခိုင်နှုန်းအများစုမှာ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်များဖြစ်ကြပြီး ယင်းတို့ကို မြို့တော်စည်ပင်အနေဖြင့် စုဆောင်းလျက်ရှိကာ Recycle ပြန်လည်ထုတ်လုပ်လျက်ရှိကြောင်း၊ ပြန်လည်ထုတ်လုပ်သည့်ပစ္စည်းများမှာ အမှိုက်ပုံးအမျိုးမျိုး၊ ပိုက်လုံးအချို့နှင့် လူ့အသုံးအဆောင်ပစ္စည်းအချို့တို့ဖြစ်ပြီး ယင်းတို့ကို ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း မြို့တော်စည်ပင်ကော်မတီဝင် အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်များကို Recycle ပြန်လည်ပြုလုပ်၍ ထုတ်လုပ်ရရှိသောပစ္စည်းများမှာ အရည်အသွေးအားဖြင့် ကောင်းမွန်မှုမရှိကြောင်း၊ သို့ဖြစ်၍ ဈေးကွက်တွင် အတိုင်းအတာတစ်ခုအထိ ထုတ်လုပ်ရောင်းချနိုင်မှုမရှိသေးကြောင်း၊ သို့သော် သုံးစွဲသူများအနေဖြင့် စည်းကမ်းရှိစွာ သုံးစွဲမည်ဆိုပါက အခြားသောပစ္စည်းများနီးပါး အသုံးပြု၍ရကြောင်း၊ ဈေးနှုန်းအားဖြင့်လည်း အလွန်ချိုသာပါကြောင်း၊ ယင်းပစ္စည်းများ သုံးစွဲမှုများလာခြင်းသည်လည်း ကြွပ်ကြွပ်အိတ်ပြဿနာဖြေရှင်းနည်းတစ်ခုဖြစ်ပါကြောင်း ၎င်းက သုံးသပ်ပြောကြားသည်။

ဘတ်စ်ကားမှတ်တိုင်တိုင်းတွင် Recycle ဖြင့် ပြုလုပ်ထားသည့် အမှိုက်ပုံးများထားပေးသော်လည်း ရိုက်ချိုးဖျက်ဆီးခြင်း၊ စည်းကမ်းမဲ့လုပ်ဆောင်ခြင်းတို့ရှိ၍ နောက်ပိုင်းတွင် မှတ်တိုင်တိုင်း၌ အမှိုက်ပုံးထားရှိမှု လျော့ကျသွားသည်ဟု ဆူးလေမှတ်တိုင်တွင် သန့်ရှင်းရေးလုပ်ဆောင်နေသည့် စည်ပင်ဝန်ထမ်းအမျိုးသမီးတစ်ဦးက ပြောကြားသည်။ "လူတိုင်းက တစ်ကိုယ်ရေစိတ်ဓာတ်မြင့်ဖို့ လိုသေးတယ်" ဟု ၎င်းက မှတ်ချက်ပြုသည်။

## အစားထိုးဖြေရှင်းရေး

ကြွပ်ကြွပ်အိတ်သုံးစွဲမှုပိတ်ပင်တားဆီးရေး၊ သုံးစွဲမှုလျှော့ချရေး စသည့်အရေးတို့ကို သုံးစွဲသူအများစုက လက်ခံသော်လည်း ကြွပ်ကြွပ်အိတ်မသုံးရပါက ယင်းနေရာတွင် မည်သည့်အရာအား အစားထိုးဖြေရှင်းပေးမည်နည်းဟူသောမေးခွန်းကို အဖြေပေးနိုင်ရန် အရေးကြီးလှပါသည်။

ကြွပ်ကြွပ်အိတ်အစား စက္ကူ၊ ဖက်မျိုးစုံကို အစားထိုးအသုံးပြုရန် မန္တလေးတွင် ဆောင်ရွက်နေပြီဖြစ်သော်လည်း အရည်ကဲ့သို့သောစားသောက်စရာများထည့်မည့်ပစ္စည်းများအတွက်မူ လတ်တလောအခက်အခဲဖြစ်နေသေးသည်။ လက်ဖက်ရည်ဆိုင်အချို့က ချိုင့်များကို ခေတ္တငှားရမ်းပေးနေသော်လည်း ရေရှည်တွင် အခက်အခဲရှိနိုင်သည်ဟု မန္တလေးမြို့ခံတစ်ဦးက ဆိုသည်။ သို့ဖြစ်၍ အပူဒဏ်ခံနိုင်ပြီး အရည်မျိုးစုံထည့်နိုင်သောပစ္စည်းမျိုး သက်ဆိုင်ရာက စီမံပေးသင့်သည်ဟု ၎င်းက သုံးသပ်ပြသည်။ ကြွပ်ကြွပ်အိတ်သုံးစွဲမှု လျှော့ချသည့်နိုင်ငံအချို့တွင် ကြွပ်ကြွပ်အိတ်အစား ပျော့လွယ်၊ ဆွေးမြည့်လွယ်သည့် ဘိုင်အိုပလတ်စတစ်မျိုးကို အစားထိုးနိုင်သော်လည်း ဈေးနှုန်းမြင့်မား၍ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံအနေဖြင့် သုံးစွဲနိုင်ရန် မလွယ်ကူကြောင်း၊ အင်ဖက်၊ ငှက်ပျောရွက်၊ ဗာဒံရွက် စသည့်အရွက်များကို အစားထိုးမည်ဆိုပါကလည်း ရေရှည်တွင် သစ်တောပြုန်းတီးမှုမျိုးဖြစ်လာနိုင်၍ ခုတ်လှဲပြီးအပင်များအတွက် အစားထိုးရေးမှာလည်း အလွန်တရာမှအရေးပါသည်ဟု သဘာဝပတ်ဝန်းကျင်ဆိုင်ရာများကို လေ့လာဆောင်ရွက်နေသူတစ်ဦးက ပြောကြားသည်။

ရန်ကုန်မြို့တော်သည် မြန်မာနိုင်ငံတွင် လူဦးရေအများဆုံးနှင့် ကြွပ်ကြွပ်အိတ်အသုံးပြုမှုအများဆုံးဖြစ်၍ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကိုလည်း အများဆုံးခံရခြင်းကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့်လည်း ကြွပ်ကြွပ်အိတ်အသုံးမပြုရေးကို ဦးစားပေးဆောင်ရွက်စေလိုကြောင်း ၎င်းက တိုက်တွန်းပြောကြားသည်။ မန္တလေးမြို့တွင် ကြွပ်ကြွပ်အိတ်အစား အင်ဖက်၊ ငှက်ပျောရွက်၊ ဗာဒံရွက်တို့ဖြင့် အစားထိုးဖြေရှင်းနိုင်သော်လည်း ရန်ကုန်မြို့တော်တွင်မူ ယင်းသို့ဖြေရှင်းရန် မလွယ်ကူသောကြောင့် မန္တလေးမြို့တော်တွင် အကောင်အထည်ဖော်သည့်နည်းလမ်းမျိုး ရန်ကုန်မြို့တော်တွင်ကျင့်သုံးမည်ဆိုပါက သဘာဝပတ်ဝန်းကျင်မထိခိုက်စေသည့် မည်သည့်ပစ္စည်းမျိုးကို အစားထိုးသုံးစွဲမည်နည်းဆိုသည်မှာ အရေးတကြီးစဉ်းစားရမည့်အချက်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ကြွပ်ကြွပ်အိတ်သုံးစွဲမှုပပျောက်ရေးနှင့်ပတ်သက်၍ ကွဲပြားနေသောအမြင်များမှာ သုံးစွဲသူများ အဆင်ပြေလွယ်ကူစွာသုံးစွဲနိုင်သည့်ပစ္စည်း အစားထိုးနိုင်ရေး၊ သဘာဝပတ်ဝန်းကျင် မထိခိုက်အောင်စီမံနိုင်ရေး၊ စနစ်တကျသုံးစွဲစွန့်ပစ်ရေး စသည်တို့ဆောင်ရွက်နိုင်ရေးပေါ်တွင်သာ မူတည်နေရာ သင့်လျော်သောနည်းလမ်းများကို စဉ်းစား၍ ဖြစ်နိုင်သောနည်းလမ်းဖြင့် ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်သည်။

**ခင်ဌေးကြွယ်**

www.foreverspace.com.mm



# ဟန်ချက်ညီညီကာကွယ်ရမည့် ထိုရောဂါ

နွေးအိငြိမ့်

ကလေးငယ်များ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိသော၊ မိဘများ အချိန်နှင့်အမျှစိုးရိမ်ပူပန်ကြရသော၊ ဖြစ်ပွားမှုနှုန်းထားများလျော့ကျသွားသည်ဟု ဆိုကြသည့်တိုင် ယခုအချိန်ထိ ဖြစ်ပွားနေဆဲဖြစ်သော သွေးလွန်တုပ်ကွေးရောဂါရာသီသို့ရောက်ရှိလာပြီဖြစ်သည်။ ရောဂါဖြစ်ပွားချိန်တွင်မှ ကုသခြင်းထက် ရောဂါ ဖြစ်ပေါ်နိုင်မည့်နည်းလမ်းများကို ကြိုတင်ရှောင်ရှားသည့် ကာကွယ်နည်းကသာ ထိရောက်မှုအရှိဆုံးနည်းလမ်းဖြစ်သည်ဟု ကျန်းမာရေးနယ်ပယ်မှ ပညာရှင်များက တညီတညွတ်တည်း အကြံပြုပြောဆိုကြသည်။



ဆရာဝန်များခွဲစိတ်ခန်းဝင်ချိန်တွင် ဝတ်ဆင်လေ့ရှိကြသည့် အစိမ်းရောင်အပေါ်ဝတ်အင်္ကျီများနှင့် ပုံစံတူ အရောင်တူ အစိမ်းရောင်အင်္ကျီ (နောက်ကျောတွင် ကြိုးနှင့်ချည်ရသော) လေးများ ဝတ်ဆင်ထားကြသည့် ကလေးငယ်များမှာ တချို့ကို မိဘများက ရင်ခွင်ထဲတွင်ပွေ့ပိုက်လျက်၊ တချို့ကို မိဘများကချီပိုးလျက်၊ တချို့ ငိုယိုလျက်နှင့် ဆေးကုသရန်စောင့်ဆိုင်းနေကြသည့်မြင်ကွင်းတစ်ခုကို ကလေးဆေးရုံကြီး၏ ဆေးကုသဆောင် ပထမထပ်တွင် တွေ့မြင်ရသည်။ အပူရိပ်လွှမ်းသော မိဘများ၏မျက်နှာများ ဝေဒနာခံစားနေရသော ကလေးငယ်များ၏ပုံရိပ်များ စသည်တို့မှာ ကလေးဆေးရုံကြီးတွင် နှစ်စဉ်နှစ်တိုင်း ယခုရာသီကို ရောက်လာပြီဆိုပါက မြင်တွေ့နေကျမြင်ကွင်းများ ဖြစ်သည်။

ခန္ဓာကိုယ်တွင် အစင်းကျားများရှိပြီး ရေကြည်ရေသန့်တွင် ပေါက်ပွားလေ့ရှိသော အေးဒီးစ် (Aedes) ခြင်ကျားအကိုက်ခံရမှုမှဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါသည် မိုးရာသီဖြစ်သော ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများတွင် ဖြစ်ပွားမှုအများဆုံးဖြစ်သည်။

www.foreverspace.com.mm



## သွေးလွန်တုပ်ကွေး သမိုင်းကြောင်းအစ

သွေးလွန်တုပ်ကွေးရောဂါသည် ကမ္ဘာပေါ်ရှိ အပူပိုင်းဒေသများတွင် ဖြစ်ပွားလေ့ရှိပြီး မြန်မာနိုင်ငံတွင် ယင်းရောဂါဖြစ်ပွားသည့် လူနာတစ်ဦးကို ၁၉၆၉ ခုနှစ်က ရန်ကုန်မြို့၌ စတင်တွေ့ရှိခဲ့ကြောင်း၊ ယင်းရောဂါသည် ၁၉၇၀ ပြည့်နှစ်တွင် ရန်ကုန်မြို့၌ပင် ပထမဦးဆုံးကပ်ရောဂါအသွင်ဖြစ်ပွားခဲ့ပြီး ၁၉၇၅ ခုနှစ်တွင် ရန်ကုန်မြို့၌ ဒုတိယအကြိမ် ကပ်ရောဂါအသွင် ဖြစ်ပွားခဲ့ကြောင်း၊ ယင်းနှစ်တွင်ပင် မန္တလေးမြို့၌လည်း ကပ်ရောဂါအသွင် ဖြစ်ပွားခဲ့ကြောင်း၊ ယခုအခါတွင် ကယားပြည်နယ်တစ်ခုသာ ယင်းရောဂါဖြစ်ပွားမှုမရှိသည့်ဒေသအဖြစ်ကျန်ရှိတော့ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနတွင် ဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသော ဒေါက်တာအောင်သန်းရေးသားသည့် 'သွေးလွန်တုပ်ကွေး' စာအုပ်တွင် ဖော်ပြထားသည်ကို တွေ့ရသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ၁၉၇၀ ပြည့်နှစ်တွင် ကပ်ရောဂါအသွင်ဖြစ်ပွားခဲ့သော်လည်း အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက ဖြစ်ပွားမှုနည်းပါးကြောင်း ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က ၂၀၀၇ ခုနှစ် ဇူလိုင်လအတွင်းက ရန်ကုန်မြို့တွင်ကျင်းပပြုလုပ်သော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ကုသရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

မြို့ကြီးများတွင် လူဦးရေတိုးတက်များပြားလာခြင်း၊ လူနေထူထပ်ခြင်း၊ ရာသီဥတုပြောင်းလဲလာခြင်း၊ မိုးရွာသွန်းမှုများလာခြင်း၊ ကမ္ဘာကြီးပိုမိုပူနွေးလာခြင်း၊ တစ်နေရာမှတစ်နေရာသို့ ခရီးသွားလာမှုများလာခြင်း၊ ထိရောက်သောခြင်နှိမ်နင်းရေးလုပ်ငန်းများမရှိခြင်းနှင့် ခြင်ပေါက်ပွားနှုန်းမြင့်မားခြင်းတို့သည် သွေးလွန်တုပ်ကွေးဖြစ်ပွားမှုများပြားခြင်း၏ အကြောင်းရင်းများဖြစ်ကြောင်း ကျန်းမာရေးပညာပေးစာစောင်တစ်ခုတွင် ဖော်ပြထားသည်။

**မြန်မာနိုင်ငံတွင် နှစ်အလိုက်သွေးလွန်တုပ်ကွေးဖြစ်ပွားမှု**

| စဉ် | ခုနှစ် | ဖြစ်ပွားသည့်ဦးရေ | သေဆုံးသည့်ဦးရေ |
|---|---|---|---|
| ၁ | ၂၀၀၀ | ၁၈၈၄ | ၁၅ |
| ၂ | ၂၀၀၁ | ၁၅၆၉၅ | ၂၀၄ |
| ၃ | ၂၀၀၂ | ၁၆၀၄၇ | ၁၇၀ |
| ၄ | ၂၀၀၃ | ၇၉၀၇ | ၇၈ |
| ၅ | ၂၀၀၄ | ၇၂၃၄ | ၇၂ |
| ၆ | ၂၀၀၅ | ၁၇၂၀၂ | ၁၆၃ |
| ၇ | ၂၀၀၆ | ၁၁၀၄၉ | ၁၃၀ |

**ရန်ကုန်တိုင်းတွင် နှစ်အလိုက်သွေးလွန်တုပ်ကွေးဖြစ်ပွားမှု**

| စဉ် | ခုနှစ် | ဖြစ်ပွားသည့်ဦးရေ | သေဆုံးသည့်ဦးရေ |
|---|---|---|---|
| ၂ | ၂၀၀၁ | ၇၃၉၅ | ၃၅ |
| ၃ | ၂၀၀၂ | ၅၁၈၅ | ၁၉ |
| ၄ | ၂၀၀၃ | ၂၄၂၁ | ၂၃ |
| ၅ | ၂၀၀၄ | ၂၈၆၅ | ၈ |
| ၆ | ၂၀၀၅ | ၅၆၂၁ | ၄၀ |
| ၇ | ၂၀၀၆ | ၁၅၃၀ | ၁၈ |
| ၈ | ၂၀၀၇(ဒီဇင်ဘာ ၁၆ ရက်အထိ) | ၄၆၈၂ | ၅၅ |
| ၉ | ၂၀၀၈(ဇန်နဝါရီမှမေလအထိ) | ၄၂၀ | – |
| ၁၀ | ၂၀၀၉(ဇန်နဝါရီမှမေလအထိ) | ၄၆၄ | – |

Source : **သွေးလွန်တုပ်ကွေး(ဒေါက်တာအောင်သန်း)၊ အပတ်စဉ်ထုတ်ဂျာနယ်များ**

နှစ်အလိုက် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူဦးရေနှင့် သေဆုံးမှုအရေအတွက်ကို အောက်တွင် ဇယားဖြင့်ဖော်ပြထားသည်။

## နိုင်ငံတကာတွင် ဖြစ်ပွားမှုအခြေအနေများ

၁၉၉၈ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ သတင်းပေးပို့မှုအရ ကမ္ဘာတစ်ဝန်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၁ ဒသမ ၂ သန်းရှိပြီး ၃၄၄၂ ဦးသေဆုံးခဲ့ကြောင်း ဒေါက်တာအောင်သန်း ရေးသားသည့် အထက်ပါစာအုပ်တွင် ဖော်ပြထားချက်များအရ သိရသည်။

၂၀၀၇ ခုနှစ်သည် ကမ္ဘာပေါ်တွင် သွေးလွန်တုပ်ကွေး ခေါင်းထောင်လာသည့်နှစ်ဖြစ်ပြီး အထူးသဖြင့် အရှေ့တောင်အာရှနိုင်ငံများတွင် ဖြစ်ပွားမှုနှုန်းများပြားခဲ့ကာ သေဆုံးမှုနှုန်းလည်း မြင့်တက်ခဲ့သည်ဟု တရားဝင်ထုတ်ပြန်ချက်များကို ကိုးကား၍ ယင်းစာအုပ်တွင် ရေးသားထားသည်။

## ရောဂါစတင်ဖြစ်ပေါ်ပြီလို့သံသယရှိရင်

ဒီရာသီ၊ ဒီအချိန်ကိုရောက်လာပြီဆိုလျှင် မိဘများအနေနှင့် မိမိ၏ကလေးငယ်များဖျားပြီဆိုပါက ဖျားတိုင်း သွေးလွန်တုပ်ကွေးမဟုတ်သော်လည်း သွေးလွန်တုပ်ကွေးဖြစ်ပေါ်နိုင်သည်ဆိုသည့်အသိရှိရန် လိုကြောင်း ကလေးအထူးကုဆရာဝန်ကြီးတစ်ဦးက ဆိုသည်။


ရောဂါလက္ခဏာများမှာ ရုတ်တရက်

www.foreverspace.com.mm

ဖျားလာမည်၊ အပူချိန် ၃၀၀ ဒီဂရီဖာရင်ဟိုက်အထိ တက်နိုင်သည်၊ ဖျားသည့်အချိန်တွင် ခေါင်းကိုက်ခြင်း၊ လည်ချောင်းနာခြင်း၊ ပျို့အန်ခြင်း၊ ဝမ်းချုပ်ခြင်း၊ အစာစားချင်စိတ်မရှိခြင်း စသည်တို့ဖြစ်ပေါ်တတ်ကြောင်း၊ ဖျားပြီး လေးရက်နှင့် ခြောက်ရက်အကြာတွင် သွေးလန့်သည့်လက္ခဏာများဖြစ်ပေါ်နိုင်ကြောင်း ၎င်းက ရှင်းပြသည်။ အချို့ကလေးငယ်များမှာ ရောဂါပိုး စတင်ဝင်ရောက်ချိန်တွင် လက္ခဏာပြတတ်သလို လက္ခဏာမပြသည့်ကလေးများလည်းရှိနိုင်ကြောင်း၊ သွေးလွန်တုပ်ကွေး၏လက္ခဏာများမှာ အခြားသောတုပ်ကွေးများနှင့်လည်း ဆင်တူပင်ဖြစ်ခြင်းကြောင့် မည်သည့်အချိန်တွင် အခြေအနေပိုဆိုးမည်ကို ခန့်မှန်းရန်ခက်ခဲကြောင်း အသက် ၂၅ နှစ်ဝန်းကျင်ရှိပြီး လက်ရှိအစိုးရဆေးရုံတစ်ခုတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အထွေထွေရောဂါကုဆရာဝန်တစ်ဦးက ဆိုသည်။

အဖျားကျသွားချိန်တွင် လန်းလန်းဆန်းဆန်းမရှိဘဲ မှိန်းနေခြင်း၊ တံတောင်ဆစ်၊ ဒူးဆစ်များနှင့် ခြေဖျားလက်ဖျားများအေးစက်နေခြင်း၊ အစာစားရန် ပို၍ငြင်းဆန်လာခြင်း၊ ဗိုက်အောင့်ပြီး အော့အန်မှုများဖြစ်ပွားခြင်း၊ ချိုင်းမှာပူနွေးနေခြင်း၊ အသည်းကြီးနေခြင်း စသည့် လက္ခဏာများမှာ စိုးရိမ်ရသော သွေးလန့်သည့်လက္ခဏာများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် ပညာပေးစာစောင်များတွင် ဖော်ပြထားသည်ကို တွေ့ရသည်။

"ကျွန်တော့်သမီးလေးဖျားပြီးတော့ အဖျားပြန်ကျသွားချိန်မှာ ကျွန်တော်က အပြင်ကိုခဏသွားတယ်။ ကျွန်တော်သွားတုန်းက ကလေးက လန်းလန်းဆန်းဆန်းပဲ။ ကျွန်တော်လည်း ပြန်လာရော ကလေးက ခွေခေါက်ပြီးမှိန်းနေတယ်။ သူ့အမေကလည်း ဒါကို သတိမထားမိဘူး။ ကျွန်တော်လည်း ချက်ချင်းကလေးဆေးရုံကို ခေါ်သွားလိုက်တယ်။ ဆေးရုံရောက်တော့ သွေးလွန်တုပ်ကွေးတဲ့။ ဆေးရုံကို အရောက်မြန်လို့ပေါ့ဗျာ" ဟုသည်မှာ ကလေးနှစ်ဦးရှိပြီး ပြီးခဲ့သည့်နှစ်က သမီးအကြီးဖြစ်သူ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားခြင်းနှင့် ကြုံတွေ့ခဲ့ရသူ၊ ရန်ကင်းမြို့နယ်တွင်နေထိုင်သူတစ်ဦး၏ပြောကြားချက်ဖြစ်သည်။ သွေးလန့်သည့်လက္ခဏာများ ဖြစ်ပေါ်ပါက ဆေးရုံသို့ ချက်ချင်းသွားရောက်ပြသရန်လိုအပ်ကြောင်း၊ သွေးလန့်ချိန် ၂၄ နာရီကျော်သွားပါက အသက်အန္တရာယ်ကို စိုးရိမ်ရကြောင်း ကလေးအထူးကုဆရာဝန်ကြီးက ဆိုသည်။ ယင်းသို့ဖြစ်ပွားချိန်တွင် နှာခေါင်းသွေးလျှံခြင်း၊ သွားဖုံးမှသွေးထွက်ခြင်း စသည့် သွေးယိုထွက်သည့်လက္ခဏာများကိုလည်းတွေ့ရကြောင်း၊ နီညိုရောင်သို့မဟုတ် ကော်ဖီရောင်များအန်တတ်ပြီး ဝမ်းသွားလျှင်လည်း ကတ္တရာစေးကဲ့သို့ အမည်းရောင်များသွားတတ်ကြောင်း၊ အရေပြားတွင် အနီစက်များထွက်ပေါ်တတ်သည်။ သွေးလွန်တုပ်ကွေး၏ နောက်ဆက်တွဲရောဂါများအဖြစ် အဆုတ်ရောင်ခြင်း၊ တက်ခြင်း၊ ဦးနှောက်ရောင်ခြင်း၊ ကျောက်ကပ်ထိခိုက်ခြင်း စသည်တို့ဖြစ်ပေါ်နိုင်ကြောင်း ဒေါက်တာအောင်သန်း၏စာအုပ်တွင်ရေးသားထားချက်များအရ သိရသည်။




## လွဲမှားသော ကာကွယ်ကုသမှုများ

ကလေးငယ်များဖျားနေသည်ဆိုသည်နှင့် ခြေမကိုင်မိလက်မကိုင်မိ ပူပန်လေ့ရှိကြသည့် မိဘများအနေနှင့် စိုးရိမ်စိတ်လွန်

www.foreverspace.com.mm

ကဲပြီး လွဲမှားသောကုသမှုများမပြုလုပ်ကြရန် လိုပါသည်။ စိတ်ပူပြီး အဖျားကို မကျကျအောင် ဆေးမြီးတိုများနှင့် ကုသသူများ ရှိသလို မက်ကလောင်ဖောက်သည်ဟုဆိုကာ သွေးပုပ်များကိုဖောက်ထုတ်သည့် နည်းလမ်းဖြင့် ကုသနေကြသည့်မိဘများ ယနေ့အထိပင်ရှိနေသေးကြောင်း ကျန်းမာရေးပညာရှင်များထံမှ သိရသည်။ အဖျားကျအောင်လုပ်သည့်နည်းများအနက် မက်ကလောင်ဖောက်သည့်နည်းမှာ အန္တရာယ်အကြီးဆုံးဖြစ်ကြောင်း Public Health in Myanmar Website တွင် ရေးသားထားသည်။

အရှေ့တိုင်းဆေးကျမ်းငယ်တစ်ခုတွင် ဖော်ပြထားသော သွေးပုပ်များကို ဖောက်ထုတ်ရသည့် မက်ကလောင်ဖောက်သည့် နည်းလမ်းဖြင့် ခြေထိပ်၊ လက်ထိပ်များနှင့် အဆိုးဆုံးမှာ စအိုဝအနီးတွင် ချွန်ထက်သော အရာ (ဥပမာ–အပ်၊ ရောက်ပင်၏ဆူး) နှင့် အပေါက်ငယ်များဖောက်ပြီး ကုသခြင်းခံထားရသောကလေးငယ်များ ဆေးရုံသို့ ရောက်ရှိလာတတ်ကြောင်း ရန်ကုန်ကလေးဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်မှ ဆရာဝန်ကြီး ဒေါက်တာကျော်ဇင်ဝေက ပြောကြားသည်။ အဆိုပါပုဂ္ဂိုလ်ကပင် ဆက်လက်၍ "မက်ကလောင်ဖောက်ပြီး ပိုးဝင်လို့ သွေးဆိပ်တက်တဲ့သူက သွေးလွန်တုပ်ကွေးတစ်ခုတည်းကြောင့်ထက် ပိုသေနိုင်တဲ့အန္တရာယ်များတယ်" ဟု ဆိုသည်။ မက်ကလောင်ဖောက်ပြီး ဆေးရုံရောက်ချိန်တွင် အခြေအနေကို အမှန်အတိုင်းမပြောဘဲ လိမ်ညာပြောဆိုမှုများလည်းရှိသည့်အတွက် ပဋိဇီဝဆေးများ (Antibiotics) များ စောစောရသင့်ပါလျက် နောက်မကျသင့်ဘဲ နောက်ကျနေရကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါသက်သက်အတွက် ပဋိဇီဝဆေး မလိုကြောင်း ဒေါက်တာကျော်ဇင်ဝေက ရှင်းပြသည်။

နောက်ထပ် လွဲမှားသောနည်းလမ်းတစ်ခုမှာ ဓာတ်ဆားရည်ကို လိုအပ်သည့် ပမာဏထက် အလွန်အကျွံတိုက်ကျွေးခြင်း ဖြစ်သည်။ လူတစ်ယောက် (သို့) ကလေးတစ်ဦး အနည်းဆုံးရသင့်သော အရည်ပမာဏကို ဆရာဝန်က တွက်ချက်ပေးသင့်ကြောင်း၊ သွေးလွန်တုပ်ကွေးဟု သံသယရှိစေကာမူ ပထမ တစ်ရက် နှစ်ရက်တွင် သွေးကြောအတွင်းမှ သွေးရည်ကြည်များ စိမ့်ထွက်ဆုံးရှုံးမှု မရှိနိုင်သေး၍ ဖျားပြီး သုံးရက်မြောက်နေ့မှစ၍ ဓာတ်ဆားရည် စသောက်သင့်ကြောင်း၊ တစ်နေ့ လိုအပ်သည့် အနည်းဆုံးအရည်ပမာဏကို ဆရာဝန်တွက်ချက်ပေးသည့်အတိုင်း အရည်ပါသော အစာများကိုကျွေးပြီး ထိုပမာဏ၏ သုံးပုံတစ်ပုံမှ ထက်ဝက်ခန့်ကိုသာ ဓာတ်ဆားရည်အဖြစ် အပိုဆောင်းတိုက်သင့်ကြောင်း၊ လိုအပ်သည့်အရည်ပမာဏမဝင်လျှင် နောက်ပိုင်းရက်များတွင် သွေးလန့်လာနိုင်ကြောင်း၊ သုံးရက်နောက်ပိုင်း အရည်မဝင်လျှင် သွေးလန့်လက္ခဏာမရှိသေးစေကာမူ ဆေးရုံတင်သင့်၊ မတင်သင့် ဆရာဝန်က ရှင်းပြရမည်ဖြစ်ကြောင်း၊ စဖျားကတည်းက ဆေးရုံတင်စရာမလိုကြောင်း၊ ဓာတ်ဆားရည်ဟာ ဣစ္ဆာသယဆေးမဟုတ်ကြောင်း ဒေါက်တာကျော်ဇင်ဝေက ရှင်းပြသည်။

ကလေးကို ခြင်မကိုက်စေရန်ကာ ကွယ်သည့်နေရာတွင် ခြင်ဆေးခွေများ အလွန်အကျွံအသုံးမပြုမိစေရေးမှာလည်း အရေးကြီးသည့်အချက်တစ်ခု ဖြစ်သည်။ ယင်းအချက်နှင့်ပတ်သက်၍ ခြင်ဆေးခွေ



www.foreverspace.com.mm


တစ်ခုတည်းကိုသာ အားမကိုးရန်နှင့် ခြင်ဆေးခွေမှထွက်သည့်မီးခိုးများက ကလေးများ၏အဆုတ် ထိခိုက်စေနိုင်သည်ကို သတိပြုမိကြရန်လိုကြောင်း ဒေါက်တာကျော်ဇင်ဝေက သတိပေးပြောကြားသည်။

## မဖြစ်ခင် ကြိုတင်ကာကွယ်ခြင်းသည်သာ အထိရောက်ဆုံး

သွေးလွန်တုပ်ကွေးရောဂါကို နှိမ်နင်းကြရာတွင် ဖြစ်ပြီးမှ ရောဂါကို ကုသခြင်းထက် မဖြစ်ခင်က ကြိုတင်ကာကွယ်ခြင်းသည်သာအထိရောက်ဆုံးနည်းလမ်းဖြစ်ကြောင်း ရန်ကုန်တိုင်းကျောင်းကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာခင်စောရီက ဆိုသည်။ အကောင်ပေါက်ပြီးမှ နေရာတိုင်းတွင်ခိုအောင်းနေနိုင်သောခြင်များကို နှိမ်နင်းခြင်းထက် အကောင်မပေါက်ခင် ပိုးလောက်လမ်းဘဝတွင်သာရှိနေသေးသောလောက်လမ်းကောင်များကို နှိမ်နင်းခြင်းက ထိရောက်သောနည်းလမ်းဖြစ်ကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားစေသည့်ခြင်များမှာ ရေကြည်ရေသန့်တွင်သာ ပေါက်ပွားလေ့ရှိသည်ဆိုသည့်အချက်ကို မမေ့လျော့ကြရန်လိုကြောင်း ကျောင်းကျန်းမာရေးဆရာဝန်ကြီးက ဖြည့်စွက်ပြောကြားသည်။

ပိုးလောက်လမ်းဘဝတွင် နှိမ်နင်းနိုင်သောနည်းလမ်းများမှာ ဖုံး၊ သွန်၊ လဲ၊ စစ် ဟူသည့် အခြေခံဆောင်ရွက်ချက်များ ဆောင်ရွက်ခြင်း၊ သုံးရေသိုလှောင်ထားသည့် ရေစည်၊ ရေအိုးနှင့် အုတ်ရေကန်များတွင် အဘိတ် (Abate) ခေါ် ပိုးသတ်ဆေးခတ်ခြင်း၊ အပူဖြင့် ပိုးသတ်ဆေးကို လေထဲသို့ထုတ်လွှင့်သည့်နည်းကိုအသုံးပြုသည့် ဆေးမှုတ်ခြင်း၊ သောက်ရေသုံးရေများတွင် ပိုးလောက်လမ်းစားငါးမျိုးများဖြစ်သည့် ဒေါင်းငါး၊ တီလားပီးယားငါး၊ ပုလဲငါး စသည်တို့ ထည့်သွင်းမွေးမြူခြင်း၊ ပိုးလောက်လမ်းကို ရေထဲမှ ရေစစ်ဖြင့်ခပ်၍ စစ်ထုတ်ခြင်း စသည့်နည်းလမ်းများ ဖြစ်သည်။

သွေးလွန်တုပ်ကွေးစတင်ဖြစ်ပွားချိန်မှာ ကျောင်းများစတင်ဖွင့်လှစ်သည့်အချိန်လည်း ဖြစ်သောကြောင့် အေးဒီး(စ်) ခြင်ကျားဖြစ်စေသော ပိုးလောက်လမ်းပေါက်ပွားမှုသုတ်သင်နှိမ်နင်းရေးလုပ်ငန်းကို ကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးစီမံချက်အဖြစ် နှစ်စဉ် ၂၀၀၃–၀၄ ပညာသင်နှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ကျန်းမာရေးဦးစီးဌာနမှထုတ်ဝေသည့် အေးဒီး(စ်) ခြင်ကျားကင်းစင်ရေးကျောင်းများထူထောင်ရေးစီမံချက်ပညာပေးစာအုပ်တွင် ဖော်ပြထားသည်ကို တွေ့ရသည်။ ယင်းသို့ ခြင်ကျားနှိမ်နင်းမှုလုပ်ငန်းများကို ဖုံး၊ သွန်၊ ခပ်၊ စစ်၊ လောင်း၊ ထောင်၊ လဲ၊ ဖွင့်၊ မြှုပ်၊ ရှင်း၊ မှုတ် (ပုံနှင့်တကွ ဖော်ပြထားသည်) ဟူသည့်နည်းလမ်း ၁၁ မျိုးဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ဒေါက်တာခင်စောရီက ရှင်းပြသည်။ သွေးလွန်တုပ်ကွေးရာသီတွင် ကျောင်းများ၌ ဆောင်ရွက်ရမည့်လုပ်ငန်းများမှာ ရောဂါအကြောင်းဟောပြောပို့ချခြင်း၊ ကျောင်းသား/ သူများ ဖုံးသွန်လဲစစ် ဆောင်ရွက်တတ်စေရန် လေ့ကျင့်သင်ကြားပေးခြင်း၊ ရေသွန်ရေလှယ် မလုပ်နိုင်သည့် အုတ်ကန်များတွင် လောက်လမ်းစားငါးများထည့်သွင်းမွေးမြူခြင်း၊ ခန်းဆီးလိုက်ကာများကို ပိုးသတ်ဆေးစိမ်ခြင်း၊ မိုးရာသီတွင် ကျောင်းသား/ သူများ ဖျားနာပါက ကျန်းမာရေးဌာနသို့ ပြသစေခြင်း စသည်တို့ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေ



www.foreverspace.com.mm



အဖွဲ့ (UNICEF) တို့ပူးပေါင်းထုတ်ဝေသည့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး လက်ကမ်းစာစောင်တွင် နှိုးဆော်ထားသည်။

ကျောင်းတက်ချိန်များမှာ နံနက်နှင့် နေ့လယ်ခင်းအချိန်များဖြစ်သောကြောင့် ခြင်ကျားကိုက်လေ့ရှိသည့်အချိန်များဖြစ်ရာ ကျောင်းခန်းအတွင်း စာသင်နေရင်းပင် ခြင်ကိုက်ခံရနိုင်သည့်အတွက် သွေးလွန်တုပ်ကွေးနှိမ်နင်းရေးလုပ်ငန်းများကို စီမံချက်များ ချမှတ်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း ကျောင်းကျန်းမာရေးစီမံချက်စာအုပ်တွင် ဖော်ပြထားသည်။ ကျောင်းဟုဆိုရာတွင် မူလတန်းကြိုကျောင်း၊ နေ့ကလေးထိန်းကျောင်း၊ ဘုန်းတော်ကြီးပညာသင်ကျောင်းများလည်း ပါဝင်သည်။ ကျောင်းသူကျောင်းသားများစုဝေးရာနေရာဖြစ်သဖြင့် ခြင်အရေအတွက်များသည်နှင့်အညီ ခြင်ကိုက်မှုလည်း များပြားနိုင်သည့်အပြင် တစ်ဦးမှတစ်ဦးသို့ကူးစက်ခြင်းလည်း များပြားနိုင်ကြောင်း ဒေါက်တာအောင်သန်းရေးသားသည့် ပညာပေးစာအုပ်တွင် ဖော်ပြထားသည်။

ကျောင်းများတွင် ဆေးမှုတ်ခြင်းလုပ်ငန်းကို သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသည့်ရာသီမတိုင်မီနှင့် ကျောင်းမဖွင့်မီ မေလနောက်ဆုံးပတ်တို့တွင် စတင်ဆောင်ရွက်ကြောင်း၊ အဖြစ်များသော ဇွန်လမှ ဩဂုတ်လအတွင်း ဆေးမှုတ်ခြင်းလုပ်ငန်းများကို ကျောင်းပိတ်ရက်များဖြစ်သော စနေ၊ တနင်္ဂနွေနေ့များတွင် ဆောင်ရွက်ကြောင်း ရန်ကုန်တိုင်း ကျောင်းကျန်းမာရေးဆရာဝန်ကြီးက ပြောကြားသည်။ ကျန်းမာရေးဌာနအနေဖြင့် ဆေးမှုတ်ခြင်းကို သွေးလွန်တုပ်ကွေးဖြစ်ပွားသည့် လူနာအိမ်နှင့်ကိုက် ၁၀၀ ဝန်းကျင်တွင် ဆောင်ရွက်ပေးကြောင်း၊ မိမိကလေး သွေးလွန်တုပ်ကွေးဖြစ်ပါက အိမ်တွင်ဆေးမှုတ်ရန်အတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာန သို့မဟုတ် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်ပြောကြားနိုင်ကြောင်း သွေးလွန်တုပ်ကွေးစာစောင်တွင် ဖော်ပြထားချက်များအရ သိရသည်။ မိမိအစီအစဉ်ဖြင့် နေအိမ်ဝန်းကျင်နှင့် ကလေးငယ်များ၏ ကျောင်းပတ်ဝန်းကျင်တွင် ခြင်နှိမ်နင်းရန်အတွက် ဆေးမှုတ်ခြင်းဆောင်ရွက်လိုပါက ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ လိုက်လံဆောင်ရွက်ပေးနေသော ဝန်ဆောင်မှုလုပ်ငန်းများသို့ ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ကာကွယ်ဆေးမှုတ်မည်ဆိုပါက အဆိုပါလုပ်ငန်းများသို့ တစ်ရက်ကြိုတင် အကြောင်းကြားရမည်ဖြစ်ပြီး တိုက်ခန်းများနှင့် အိမ်များအတွက် ၂၀,၀၀၀ ကျပ်ဝန်းကျင်နှင့် ခြံဝင်းများအတွက်ဆိုလျှင် ၃၅,၀၀၀ ကျပ်ဝန်းကျင်ကျသင့်မည်ဖြစ်ကြောင်း၊ နေရာအကျယ်အဝန်းကိုလိုက်၍ ဈေးနှုန်းသတ်မှတ်ခြင်းဖြစ်ကြောင်း ဟက်ပီးပိုးမွှားနှိမ်နင်းရေးလုပ်ငန်းထံသို့ စုံစမ်းမေးမြန်းမှုမှ သိရသည်။

ပိုးလောက်လမ်းနှိမ်နင်းသည့် နောက်ထပ်နည်းလမ်းတစ်ခုမှာ ခြင်ကျားကို ပိုးလောက်လမ်းအဆင့်တွင် ရေထဲမှဆယ်ယူ၍ ပိုးလောက်လမ်းဖမ်းပိုက်ကွန်ဖြင့် ခပ်ထုတ်ပစ်သည့်နည်းလမ်းဖြစ်သည်။ အဆိုပါ ပိုးလောက်လမ်းဖမ်းပိုက်ကွန်ကို ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်တွင် တစ်ခုလျှင် ၁၀၀၀ ကျပ်ဖြင့် ဝယ်ယူနိုင်ကြောင်း ဒေါက်တာအောင်သန်းရေးသားသော သွေးလွန်တုပ်ကွေးစာအုပ်တွင် လမ်းညွှန်ထားသည်ကို တွေ့ရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေး



www.foreverspace.com.mm

ကော်မတီအနေဖြင့် သွေးလွန်တုပ်ကွေး ကာကွယ်ရေးစီမံချက်အတွက် ၂၀၀၉–၂၀၁၀ ဘဏ္ဍာနှစ်တွင် ကျပ်သိန်းပေါင်း ၁၄၀၀ ကျော် အကုန်အကျခံဆောင်ရွက်မည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ထားသောအချက်အလက်များ အရသိရသည်။ ရန်ကုန်တိုင်းအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုအများဆုံး မြို့နယ်များမှာ တာမွေ၊ သဃ်န်းကျွန်း၊ ဒေါပုံ၊ သာကေတ၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ လှိုင်၊ မရမ်းကုန်း၊ ရွှေပြည်သာမြို့နယ်များဖြစ်ကြောင်း၊ အဆိုပါမြို့နယ်များအတွက် အဘိတ်ဆေးရည်ပေါင်း ကီလို ၁၇၀၀၀ ကျော်ကို စင်ကာပူနိုင်ငံမှ ဝယ်ယူထားပြီးဖြစ်ကြောင်း ကျန်းမာရေးဌာနမှ ဌာနမှူး ဒေါက်တာအောင်သန်း၏ ပြောကြားချက်များကို အပတ်စဉ်ထုတ်ဂျာနယ်များတွင် ဖော်ပြထားသည်။

ရေရှည်ခံ၍ ထိရောက်သော ကာကွယ်နည်းဖြစ်သည့် ခြင်ကျား (ပိုးလောက်လမ်း) နှိမ်နင်းခြင်းကို ဆောင်ရွက်ရာတွင် ဇီဝနှိမ်နင်းနည်းတစ်မျိုးဖြစ်သော ပုစဉ်းသားလောင်းများထည့်၍ ခြင်သားလောင်းများနှိမ်နင်းနည်းကို စမ်းသပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပုစဉ်းသားလောင်းများသည် ရေတင်ကျန်ပစ္စည်းများ၊ သိုလှောင်ပစ္စည်းများတွင် ပေါက်ပွားလေ့ရှိသည့် ခြင်ကျားသားလောင်းများကို စားပစ်လေ့ရှိကြောင်း၊ နေအိမ်တိုင်း မိသားစုတိုင်း ပူးပေါင်းပါဝင်နိုင်မည့်နည်းလမ်းများကို သုတေသနပြုလျက်ရှိကြောင်း ဆေးသုတေသနဌာန (အောက်မြန်မာပြည်) ဆေးဘက်ဆိုင်ရာ ပိုးမွှားလေ့လာသော ကိမိလဗေဒ သုတေသနဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဖေသန်းထွန်း၏ပြောကြားချက်ကို ဇွန်လ ၁၁ ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြပါရှိသည်။

"ကျွန်မသမီးလေးက ဒုတိယတန်းတက်နေပါတယ်။ မနှစ်က သွေးလွန်တုပ်ကွေးဖြစ်လို့ ကလေးဆေးရုံတက်ရပါတယ်။ ဒီနှစ်တော့ ဒီရာသီကိုရောက်လာပြီဆိုတာနဲ့ ကျွန်မအိမ်ထဲမှာရော ပတ်ဝန်းကျင်မှာပါ ခြင်တွေမခိုအောင်းနိုင်အောင် အတတ်နိုင်ဆုံးလုပ်ထားပါတယ်။ ကလေးကိုလည်း ကျောင်းသွားရင် ခြင်မကိုက်တဲ့ဆေးတွေ လိမ်းပေးလိုက်တယ်"။ ပြီးခဲ့သည့်နှစ်က သွေးလွန်တုပ်ကွေးရောဂါဖြင့် ဆေးရုံတက်ခဲ့ရသော ကလေးတစ်ဦး၏ မိခင်ဖြစ်သူ စီးပွားရေးတက္ကသိုလ်ဘွဲ့ရတစ်ဦးဖြစ်သော အသက် ၃၀ ဝန်းကျင် မိခင်တစ်ဦးက ဆိုသည်။ ကလေးများ ခြင်ကိုက်မခံရစေရန်အတွက် လိမ်းသည့်ဆေးများကို City Mart ကဲ့သို့ ဈေးဝယ်စင်တာကြီးများနှင့် ဆေးဆိုင်ကြီးများတွင် အလွယ်တကူဝယ်ယူနိုင်ကြောင်းလည်း ၄င်းက ထပ်လောင်းပြောကြားသည်။

ပိုးသတ်ဆေးဖြင့်စိမ်ထားသော ခြင်ထောင်တွင် ခြင်များလာနားပါက သေဆုံးနိုင်သည့်အတွက် ကလေးများ ခြင်ကိုက်မခံရစေရန် ခြင်ထောင်စိမ်ဆေးရည်များကိုလည်း အသုံးပြုသင့်သည်။ ခြင်ထောင်ကိုဆေးစိမ်ပြီးပါက ခြောက်လအထိ အသုံးပြုနိုင်သည့် အာနိသင်ရှိကြောင်း နှင့် ယင်း ၆ လအတွင်း နှစ်ကြိမ်လျှော်ဖွပ်နိုင်ကြောင်း ခြင်ထောင်စိမ်ဆေးပြားများ အသုံးပြုပုံအညွှန်းတွင် ရေးသားထားသည်။ အဆိုပါ ခြင်ထောင်စိမ်ဆေးပြားများကို PSI (Population Services International) က ဖြန့်ဖြူးရောင်းချခြင်းဖြစ်ပြီး ဆေးဆိုင်များနှင့် စတိုးဆိုင်များတွင် တစ်ပြားလျှင် ကျပ် ၇၀၀ ဝန်းကျင်ဖြင့် ဝယ်ယူနိုင်သည်။

## ဟန်ချက်ညီညီ ကာကွယ်ရမည်

ကလေးများ၏ အသက်အန္တရာယ်ကို စိုးရိမ်ရသည်အထိ အန္တရာယ်ပေးနိုင်သော သွေးလွန်တုပ်ကွေးကာကွယ်တားဆီးရေးလုပ်ငန်းများကို ကဏ္ဍစုံ၊ ရှုထောင့်စုံမှ ဟန်ချက်ညီညီဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးနယ်ပယ်အတွင်းမှ ပညာရှင်များက တညီတညွတ်တည်းမှတ်ချက်ပြုကြသည်။

အထိရောက်ဆုံးကာကွယ်နည်းတစ်မျိုးဖြစ်သည့် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများကို ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ဆောင်ရွက်ရန်လိုကြောင်း၊ အချိန်နှင့်တစ်ပြေးညီ တစ်ပြိုင်တည်းဆောင်ရွက်မှသာ ကာကွယ်ရာရောက်မည်ဖြစ်ကြောင်း ကျောင်းမာရေးဆရာဝန်ကြီး ဒေါက်တာခင်စောရီက ဆိုသည်။ ကလေးဆေးရုံကြီး၏ အထူးကြပ်မတ်ကုသဆောင်မှ ဒေါက်တာကျော်ဇင်ဝေကလည်း "ကြောက်နေတာနဲ့စာရင် ဝိုင်းဝန်းကာကွယ်တာက ပိုထိရောက်တယ်" ဟု အကြံပြုပြောကြားသည်။ မိမိနေအိမ်တွင် သွေးလွန်တုပ်ကွေးကာကွယ်ရန်အတွက် ခြင်နှင့် ပိုးလောက်လမ်းနှိမ်နင်းရေးကို မည်မျှပင်လုပ်ဆောင်နေစေကာမူ ဘေးအိမ်က ဆောင်ရွက်ခြင်းမရှိလျှင်၊ ရပ်ကွက်အတွင်း ဆောင်ရွက်ခြင်းမရှိလျှင်လည်း မိမိ၏ဆောင်ရွက်ချက်များမှာ ထိရောက်မှုမရှိနိုင်ကြောင်း ကလေးဆေးရုံမှ ဆရာဝန်ကြီးက ထပ်လောင်းပြောကြားသည်။ ပိုးလောက်လမ်းဘဝတွင် သုတ်သင်ရှင်းလင်းနိုင်မှ သွေးလွန်တုပ်ကွေးရောဂါကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ အိမ်တိုင်း/ ရွာတိုင်း/ ရပ်ကွက်တိုင်း/ မြို့တိုင်းတွင် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများကို ပြည်သူများအားလုံး တစ်ပြိုင်နက်ဆောင်ရွက်ရမည် ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနကထုတ်ဝေသည့် လက်ကမ်းပညာပေးစာစောင်များတွင် ဖော်ပြထားသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၀၀ ကျော်မှ လူသန်းပေါင်း ၂၀၀၀ ကျော် ရင်ဆိုင်လျက်ရှိကြသော သွေးလွန်တုပ်ကွေးအန္တရာယ်မှကာကွယ်ရန် လူတိုင်းလူတိုင်းက အမျိုးသားရေးအသိအမြင်ဖြင့် ကာကွယ်ရန် တားဆီးရေးလုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်မှသာ အောင်မြင်နိုင်သည့်လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် ပြည်သူတစ်ရပ်လုံး ဟန်ချက်ညီညီ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်သာဖြစ်သည်။


**နှင်းအိငြိမ့်**

■

www.foreverspace.com.mm

# မြို့ပြဇာတ်သဏ္ဍာန်ကို ရုပ်လုံးဖော်ပေးသော CityBus လိုအပ်ချက်

ခင်ဌေးကြွယ်



www.foreverspace.com.mm



**မြန်မာနိုင်ငံ၏ ပညာရေး၊ စီးပွားရေး၊ ဘာသာရေး၊ လူမှုရေး စသောအရေးပါသည့်ကဏ္ဍအများစုအခြေတည်ရာ ရန်ကုန်မြို့တော်၌ ယင်းကဏ္ဍများ တိုးတက်မြင့်မားရန် ပံ့ပိုးပေးသောအရာများအနက် သယ်ယူပို့ဆောင်ရေးသည် အရေးပါသောကဏ္ဍတစ်ခုဖြစ်နေပါသည်။ နိုင်ငံတစ်နိုင်ငံ၏လူနေမှုအဆင့်အတန်း ခေတ်မီတိုးတက်လာသည်နှင့်အမျှ သယ်ယူပို့ဆောင်ရေးအခန်းကဏ္ဍသည်လည်း လိုက်ပါတိုးတက်ရမည်ဖြစ်ရာ သယ်ယူပို့ဆောင်ရေးစနစ်၊ ဆက်သွယ်ရေးစနစ်များ ခေတ်မီတိုးတက်မှသာ နိုင်ငံ၏လူနေမှုအဆင့်မြင့်မားမှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။**

မြို့တော်ရန်ကုန်သည် လွန်ခဲ့သည့် ဆယ်စုနှစ်ဝန်းကျင်က အရှေ့တောင်အာရှတွင် အကောင်းဆုံးမြို့တော်နှင့် သာယာလှပမှု၊ သန့်ရှင်းမှုအရှိဆုံးမြို့တော်တစ်ခုဖြစ်ခဲ့သည်။ လက်ရှိအနေအထားတွင် အရှေ့တောင်အာရှ၏အကောင်းဆုံးမြို့တော်တစ်ခု မဟုတ်တော့သော်လည်း ကောင်းသောအရာ အတော်များများကျန်ရှိနေသော အဆိုးဆုံးမြို့တော်တစ်ခုမဖြစ်ရန်မှု ကဏ္ဍစုံ ဖြည့်ဆည်းပေးသွားရန်လိုအပ်မည်ဟု ထင်ပါသည်။

ဖြည့်ဆည်းရန်လိုအပ်သည့်ကဏ္ဍများအနက် မြို့တော်နေပြည်သူများ နေ့စဉ်လုပ်ရှားသွားလာရန်အတွက် မဖြစ်မနေအဆင်ပြေချောမွေ့စေရန်လိုသော သယ်ယူပို့ဆောင်ရေးစနစ်သည် အထူးကောင်းမွန်ရန်လိုအပ်မည်ဖြစ်သည်။ ရန်ကုန်မြို့တော်၏လက်ရှိလူဦးရေ ၆ ဒသမ ၆ သန်းကျော်ရှိပြီး နေ့စဉ်သွားလာနေသည့်ခရီးသွားပြည်သူပေါင်း ပျမ်းမျှ သုံးသန်းကျော် (၃,၁၃၈,၂၀၆ ဦး) သွားလာလျက်ရှိသည်ဟု တရားဝင်စာရင်းဇယားများအရ သိရသည်။

မြို့တော်အတွင်း နေ့စဉ်သွားလာနေကြသောခရီးသွားများကို မြို့တွင်း၊ မြို့ပြင်ခရီးစဉ်အလိုက် ယာဉ်လိုင်းပေါင်း ၃၁၀ နှင့် ယာဉ်စီးရေ ၆၃၃၀ စီးက နေ့စဉ်ပုံမှန်ပြေးဆွဲလျက်ရှိသည်ကို ရန်ကုန်တိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (မထသ) ၏ စာရင်းဇယားများအရ သိရသည်။

အဆိုပါမော်တော်ယာဉ်လိုင်းများအနက် အချို့သော မော်တော်ယာဉ်လိုင်းများကို မြို့ပြ၏သဏ္ဌာန်နှင့် ကိုက်ညီလိုက်ဖက်သော နိုင်ငံတကာအဆင့်မီ City Bus ခေါ် အထူးယာဉ်လိုင်းများဖြင့်ပြေးဆွဲနေသည်ကို တွေ့မြင်နေရသည်။ City Bus များကို လွန်ခဲ့သည့် ၁၀ နှစ်ဝန်းကျင်ကပင် ပြေးဆွဲခဲ့ပြီး ၂၀၀၆ ခုနှစ်နောက်ပိုင်းတွင် တိုးချဲ့ပြေးဆွဲလာပါသည်။ ထိုသို့ အထူးယာဉ်လိုင်းများ



www.foreverspace.com.mm

တိုးချဲ့ပြေးဆွဲလာခြင်းကြောင့် စီးရသူပြည်သူများအဖို့ သက်သောင့်သက်သာရှိသည့်အပြင် လုံခြုံစိတ်ချမှုအပြည့်ရှိသည်ဟုလည်း City Bus စီးသူအများစုက ဆိုပါသည်။

## City Bus စီးသူတို့၏အသံ



"ကားပေါ်တက်လိုက်တာနဲ့ ကိုယ့်အိမ်ပေါ်ရောက်သွားသလိုပဲ"ဟုဆိုလိုက်သူသည် ကျောက်တံတားမြို့နယ်အတွင်းရှိ ပုဂ္ဂလိကကုမ္ပဏီတစ်ခုတွင် တာဝန်ထမ်းဆောင်နေသော အသက် ၂၁ နှစ်အရွယ်ရှိ အင်းစိန်မြို့နယ်အတွင်းနေသူ အမျိုးသမီးငယ်တစ်ဦးဖြစ်သည်။ ၎င်းအနေဖြင့် ၂၀၀၈ ခုနှစ် တစ်နှစ်လုံးတွင် City Bus ကိုသာ အသွားအပြန်စောင့်စီးခဲ့ကြောင်း၊ City Bus စီးရခြင်းသည် မိန်းကလေးများအတွက် အထူးစိတ်ချရကြောင်း၊ အထူးသဘောကျနှစ်သက်မိသည်မှာ နေရာထိုင်ခုံရရှိခြင်း၊ မှတ်တိုင်တွင် အချိန်ကြာကြာမနေ၍ ရုံးချိန်မီခြင်း၊ ပြင်ဆင်ခြယ်သလာသည့် ဝတ်စားဆင်ယင်မှုများ ပုံမှန်ရှိနေခြင်း၊ အမျိုးသားအချို့၏အန္တရာယ်မှ လွတ်မြောက်ခြင်း စသည်တို့သည် အမျိုးသမီးများအတွက် လွန်စွာအထောက်အကူဖြစ်စေသည်ဟုဆိုသည်။ မြို့နယ်တိုင်း၊ နေရာတိုင်းတွင် City Bus များကိုသာ ပြေးဆွဲပေးစေလိုသည်ဟုလည်း ၎င်းက အကြံပြုသည်။

သို့သော် City Bus အချို့သည် ယခုနောက်ပိုင်း ထိုင်ခုံရှိုးရှိုးရေအပြင် မတ်တတ်ခရီးသည်များကိုပါ သတ်မှတ်ချက်ထက်ပိုတင်ဆောင်လာခြင်း၊ လေအေးစက်မဖွင့်ဘဲထားခြင်း၊ ဆက်ဆံရေးအားနည်းလာခြင်းများရှိလာကြောင်း အဆိုပါ Bus များကို ပုံမှန်စီးနင်းလေ့ရှိသူအများစုက ပြောကြားသည်။ အခြားတစ်ဖက်တွင်လည်း မြန်မာနိုင်ငံသို့ နောက်အကျဆုံးတင်သွင်းလာသော တစ်ပတ်ရစ်ဘတ်စ်ကားများဖြစ်နေ၍ ယာဉ်ကြံ့ခိုင်မှုနှင့် အင်ဂျင်ပိုင်းမှာ မူလရှိနေပြီးသားယာဉ်များထက် သာလွန်နေသေးသဖြင့် အရှိန်လွန်မောင်းနှင်ခြင်း၊ မှတ်တိုင်အဝင်အထွက်များ အရှိန်ပြင်းခြင်း၊ အရှိန်များနေစဉ်ဘရိတ်အသုံးပြုမှုများပြားခြင်းတို့လည်းရှိနေသဖြင့် အန္တရာယ်မကင်းကြောင်း ၎င်းတို့ကသုံးသပ်သည်။

City Bus စီးရခြင်းကြောင့် မိမိ၏အသက်အန္တရာယ်ကို ၉၀ ရာခိုင်နှုန်း စိတ်ချရကြောင်း၊ ယင်းမော်တော်ယာဉ်များ၏ ယဉ်ကျေးပျူငှာသော ဆက်ဆံရေးကြောင့် ခရီးသွားပြည်သူအများစုမှာ စိတ်ချမ်းသာမှုရရှိကြောင်း၊ မိမိ၏နေအိမ် သို့မဟုတ် လုပ်ငန်းခွင်၌ အဆင်မပြေမှုများရှိခဲ့သော်လည်း City Bus ပေါ်တက်လိုက်သည်နှင့် အေးချမ်းသောအငွေ့အသက်နှင့် ဆက်ဆံရေးကောင်းမွန်သော ယာဉ်နောက်လိုက်တို့၏အသံကြောင့် အရာရာပျက်ပြယ်သွားကြောင်း၊ သို့ရာတွင် စိတ်အနှောင့်အယှက်ဖြစ်ဖွယ်ရာတစ်ခုမှာ ရုံးတက်၊ ရုံးဆင်းချိန်တွင် နေရာရရှိရေးအတွက် ပြေးလွှားစီးရသောအခြေအနေဖြစ်ပြီး စီးမည့်လူဦးရေနှင့် ယာဉ်အရေအတွက်မှာ လုံလောက်မှုမရှိ၍ဖြစ်ကြောင်း၊ ထို့ကြောင့် စီးရေအလုံအလောက်ပြေးဆွဲရန်လိုအပ်ကြောင်း ၄၃ အထူးယာဉ်စီးသည့် မြောက်ဥက္ကလာပမြို့နယ်မှ ဦးလှစိုးက ပြောကြားသည်။

ရန်ကုန်မြို့တော်ကို နိုင်ငံတကာအဆင့်မီမြို့ကြီးတစ်ခုအဖြစ် တည်ဆောက်ရာတွင် City Bus ယဉ်ကျေးမှုသည် မရှိမဖြစ်လိုအပ်သည့်အပြင် ယင်းတို့ကို ပြေးဆွဲရမည့်လမ်းအနေအထား၊ ယာဉ်ရပ်နားရာနေရာနှင့် ဆက်သွယ်ရေးကိရိယာများကိုလည်း ပြည့်စုံအောင် စီမံပေးသင့်သည်ဟု ဦးလှစိုးကဆိုသည်။ City Bus များကို ရန်ကုန်မြို့တွင်းအပြင် မြို့စွန်မြို့ဖျားမြို့နယ်များသို့ ယာဉ်စီးရေများများ ပြေးဆွဲပေးသင့်ကြောင်း၊ ထိုယာဉ်လိုင်းများအရေအတွက်များများပေါ်ပေါက်လာမှသာ ပြည်သူတစ်ရပ်လုံး စည်းကမ်းလိုက်နာလာကြပြီး မြို့ပြအင်္ဂါရပ်နှင့်ညီညွတ်မည်ဖြစ်ကြောင်းလည်း ၎င်းကဆိုသည်။ ယာဉ်လိုင်းများတွင် ယာဉ်အလုံအလောက်ထားရှိပေးရန်လိုအပ်ခြင်းနှင့်အတူ သတ်မှတ်ထားသည့်မှတ်တိုင်တွင်သာရပ်ပြီး အချိန်တိကျစွာ မောင်းနှင်ရန်လည်းအရေးကြီးပါသည်။ ယင်းသို့ဖြစ်ရန်အတွက် အချိန်မှတ်စနစ်၊ အချိန်မှတ်ဂိတ်များနှင့် ရေဒီယိုတယ်လီဖုန်းများ တပ်ဆင်ကွပ်ကဲသည့်စနစ်များလည်း လုံလုံလောက်လောက်ထားရှိရန် လိုအပ်ပါသည်။ ယခုအခါ မြို့တွင်းမြို့နယ်အချို့တွင် တင်မောင်းစနစ်ဆောင်ရွက်နေသည်မှာ အဆင်ပြေမှုရှိသည်ကို တွေ့ရသည်။

အသက်ခုနစ်နှစ်ဝန်းကျင်သာရှိသေးသည့်သမီးငယ်အား တောင်ဥက္ကလာပမြို့နယ်မှ မြို့တွင်းတစ်နေရာသို့ ကျောင်းကြိုကျောင်းပို့ပြုလုပ်ပေးနေသော ဖခင်တစ်ဦးလည်းဖြစ်၊ မြန်မာ့မီးရထားတွင် တာဝန်ထမ်းဆောင်နေသူတစ်ဦးလည်းဖြစ်သော

www.foreverspace.com.mm



တောင်ဥက္ကလာပမြို့နယ်မှ ဦးကျော်လှက ၎င်း၏သမီးငယ် အရာရာအဆင်ပြေစေရေးအတွက် အဓိပတိအထူးကားကိုသာစောင့်စီးကြောင်း၊ ယင်းအဓိပတိအားစောင့်ရန် အချိန်မမီပါက တက္ကစီငှား၍သွားလာရကြောင်း၊ တက္ကစီငှားသည့်စရိတ်သည် ၎င်းကဲ့သို့ သာမန်မီးရထားဝန်ထမ်းတစ်ဦးအတွက် အခက်အခဲရှိကြောင်း၊ သို့သော် သမီး၏ ဘေးကင်းလုံခြုံရေးကို အဓိကထား၍ မိမိ၏အသုံးစရိတ်ကို ချန်လှပ်အသုံးပြုရကြောင်း၊ မြို့တွင်းရောက်မော်တော်ယာဉ်အများစုမှာ ဒိုင်နာများ၊ ဘီအမ်များဖြစ်နေ၍ အန္တရာယ်များကြောင်း၊ ၎င်းတို့၏ယာဉ်ပြိုင်မောင်းနှင်သူ၊ ခရီးသည်မတန်တဆတင်ဆောင်မှုတို့ကြောင့် ယင်းတို့ကိုစီးရသည်မှာ ကလေးငယ်များအတွက်သာမက ခရီးသွားပြည်သူအားလုံး၏ အသက်အန္တရာယ်ကို ထိခိုက်နိုင်ကြောင်းပြောကြားသည်။

ခေတ်မီတိုးတက်သောမြို့ပြစနစ်ကို ပီပြင်စွာ အကောင်အထည်ဖော်မည်ဆိုပါက အထူးမော်တော်ယာဉ်များ ပြေးဆွဲခြင်းအပြင် မြန်ဆန်သည့်မြို့ပတ်ရထားများ၊ လျှပ်စစ်ရထားစနစ်များဖော်ဆောင်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ မြို့ပတ်ရထားများကိုတွဲပို၍တိုးချဲ့ခြင်း၊ ခေါက်ရေ၊ အစီးရေ တိုးခြင်းတို့ ဦးစားပေးဆောင်ရွက်ပေးသင့်ကြောင်း၊ မြို့ပတ်ရထား၊ မိုးပျံရထား၊ မြေအောက်ရထားတို့ကို လက်ရှိ ရန်ကုန်မြို့လူဦးရေအနေအထားနှင့်ပြေးဆွဲသင့်ကြောင်း မြန်မာ့မီးရထားဝန်ထမ်းတစ်ဦးဖြစ်သူ ဦးကျော်လှက သုံးသပ်ပြောကြားသည်။ ပြေးဆွဲနေသော City Bus များကိုလည်း အချိန်ထိန်းစနစ် တိကျစွာသုံး၍ ၁၀ မိနစ် သို့မဟုတ် ၁၅ မိနစ်လျှင် တစ်စီးကျ သတ်မှတ်ပေးပါက ခရီးသည်များအတွက် အချိန်ဆုံးရှုံးမှုနည်းပါးသည့်အပြင် စိတ်ပိုင်းဆိုင်ရာမြင့်တက်မှုကိုလည်း ခံစားရမည်ဟု ၎င်းက ထပ်မံပြောကြားသည်။

## တာဝန်ရှိသူများ၏ အမြင်

ရန်ကုန်မြို့တော်ကို နိုင်ငံတကာအဆင့်မီတည်ဆောက်ရာတွင် သယ်ယူပို့ဆောင်ရေးသည် အဓိကကျရာ သယ်ယူပို့ဆောင်ရေးကို အကောင်းဆုံးစနစ်ဖြင့်ဝန်ဆောင်မှုပေးနိုင်ရန် City Bus များကို စီစဉ်ပြေးဆွဲပေးလျက်ရှိကြောင်း၊ ပြေးဆွဲနေမှုတွင်လည်း လိုအပ်ချက်အချို့ရှိမည်ဖြစ်ကြောင်း၊ ယင်းလိုအပ်ချက်များတတ်နိုင်သမျှ ပြည့်ဝစေရန် တာဝန်ရှိပုဂ္ဂိုလ်များက အမြဲတမ်းစဉ်းစားစီစဉ်လျက်ရှိကြောင်း၊ ရန်ကုန်မြို့တော်၏လူဦးရေသည် နှစ်စဉ်တိုးတက်နေ၍ လက်ရှိ City Bus အရေအတွက်နှင့် ကိုက်ညီမှုမရှိသေးကြောင်း၊ ကိုက်ညီမှုရှိရန် ရုတ်တရက် ချက်ချင်းဆောင်ရွက်၍လည်း မဖြစ်နိုင်ကြောင်း၊ အခြေအနေအရပ်ရပ်အပေါ် လေ့လာသုံးသပ်တွက်ချက်ပြီးမှသာ ဖြည်းဖြည်းချင်း ဖြည့်ဆည်းသွားမည်ဖြစ်ကြောင်း City Bus အများဆုံးပြေးဆွဲပေးနေသည့် ဗန္ဓုလသယ်ယူပို့ဆောင်ရေး၏ အုပ်ချုပ်မှုဒါရိုက်တာ ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)က ရှင်းပြသည်။

မြို့တော်ရန်ကုန်၏ မြို့တွင်းဒေသများတွင် City Bus များကိုသာ ခရုပတ်စနစ်ဖြင့် မောင်းနှင်ရမည်ဟု စီစဉ်ခဲ့ကြသော်လည်း ယင်းစနစ်သည် လက်ရှိအနေအထားအရ မဖြစ်နိုင်သေးကြောင်း၊ City Bus သီးသန့်မောင်းမည်ဆိုပါက ယာဉ်ရပ်နားမည့်နေရာ၊ လမ်းရှင်းစနစ်၊ လမ်းကောင်းမွန်မှုအနေအထား၊ အချက်ပြမီးပွိုင့်စနစ်၊ ယာဉ်ကြောစနစ် စသည်တို့သည် အရေးပါကြောင်း၊ အထူးသဖြင့် မြို့တွင်းမှ မြို့ပြင်သွားလိုသူနှင့် မြို့ပြင်မှ မြို့တွင်းဝင်လိုသူ ခရီးသွားများအနေဖြင့် ယာဉ်နှစ်ဆင့်စီးရခြင်းကြောင့် အချိန်ပိုကုန်သည့်အပြင် ယာဉ်စီးခလည်းပိုမိုကုန်ကျကြောင်း ဦးမျိုးမြင့်က ပြောကြားသည်။ ထို့ကြောင့် လက်ရှိစနစ်ဖြင့်သာ City Bus စီးရေများများပြေးဆွဲမှုကို ကနဦးဆောင်ရွက်သင့်သည်ဟုဆိုသည်။

ခရုပတ်စနစ်ကို လတ်တလော အကောင်အထည်မဖော်နိုင်သေးသော်လည်း လာမည့်နှစ်အနည်းငယ်တွင်မူ ဖြစ်မြောက်



www.foreverspace.com.mm



အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းစနစ်ပီပြင်လာမှသာ မြို့ပြဒေသ၏ အနှစ်သာရကို အပြည့်အဝရရှိမည်ဖြစ်ပြီး ပတ်ဝန်းကျင်သန့်ရှင်းမှု၊ ယာဉ်အန္တရာယ်ကင်းရှင်းမှု၊ ပြည်သူအများစု၏စည်းကမ်းလိုက်နာမှုများမြင့်တက်လာမည်ဖြစ်ကြောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကိုလည်း အခြားသောလိုအပ်သည့်နေရာများတွင် အင်အားပြည့်တာဝန်ပေးသွားနိုင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းယာဉ်ထိန်းရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသည့်ပုဂ္ဂိုလ်တစ်ဦးကပြောကြားသည်။

City Bus များတိုးချဲ့ပြေးဆွဲရာတွင် မထသအထူးယာဉ်လိုင်းများ၊ ဗန္ဓုလသယ်ယူပို့ဆောင်ရေးလုပ်ငန်းတို့အပြင် ရွှေညော့်သည်ကဲ့သို့သော ပုဂ္ဂလိကအထူးယာဉ်လိုင်းအများအပြားမပေါ်ပေါက်ခင်ကာလကတည်းက ယာဉ်ကြောရှင်းလင်းမှုစနစ်များကိုလည်း ကြိုတင်စီစဉ်ထားပြီးမှသာ ပြေးဆွဲသင့်သည်ဟု အဆိုပါပုဂ္ဂိုလ်ကဆိုသည်။ အထူးယာဉ်လိုင်းများတိုးချဲ့ပြေးဆွဲလာခြင်းကြောင့် ယာဉ်မတော်တဆဖြစ်ပွားမှုကျဆင်းလာသော်လည်း စည်းကမ်းမဲ့လမ်းဖြတ်ကူးမှုများလာခြင်းကြောင့် သေဆုံးသူဦးရေလျော့ကျမသွားဘဲ တိုးပွားလာသည်ဟု ၎င်းကဆိုသည်။ လူသေဆုံးမှုလျော့ချရေးအတွက် ပြည်သူတစ်ရပ်လုံး သတ်မှတ်စည်းကမ်းလိုက်နာသင့်ကြောင်း၊ ယာဉ်တိုက်မှုလျော့ကျရေးဆောင်ရွက်ရာတွင်လည်း City Bus များ အစားထိုးပြေးဆွဲမှုသည် မရှိမဖြစ်လိုအပ်လာပြီဖြစ်ကြောင်း ၎င်းကဖြည့်စွက်ပြောကြားသည်။ လာမည့် ၂၀၁၅ ခုနှစ်မတိုင်မီ ရန်ကုန်မြို့တော်နေရာအားလုံးတွင် City Bus များကိုသာ သီးသန့်ပြေးဆွဲနိုင်ရန် စီမံကိန်းများရေးဆွဲ ဆောင်ရွက်သွားရန်ရှိသည်ဟုလည်း ၎င်းကဆိုသည်။

မြို့တော်တစ်ခုရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ကြည့်မယ်ဆိုရင် အဲဒီမြို့ထဲမှာ ပြေးဆွဲနေတဲ့ဘတ်စ်ကားနဲ့ ရထားလိုင်းရဲ့အခြေအနေတွေကိုပါ ကြည့်ရမှာပါ။ ခေတ်မီမှု၊ စနစ်ကျနမှုတွေသာမကဘဲ လုံလောက်မှုရှိဖို့ပါလိုပါတယ်။ ရန်ကုန်ကတော့ အဲဒီအဆင့်ရောက်ဖို့ အများကြီးလိုနေပါသေးတယ်" ဟု စီးပွားရေးပညာရှင်တစ်ဦးက သုံးသပ်သည်။

## မထသနှင့်အထူးလိုင်းများ

ရန်ကုန်မြို့တော်နှင့် မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပြေးဆွဲနေသောလိုင်းပေါင်း ၃၁၀ အနက် အထူးယာဉ်လိုင်းမှာ ၁၀ လိုင်းကျော်သာရှိသည်။ ယာဉ်လိုင်းပေါင်း ၃၁၀ တွင် ယာဉ်စီးရေစုစုပေါင်း ၆,၃၃၀ ရှိပြီး အထူးယာဉ်စီးရေမှာ ၁,၀၀၀ ဝန်းကျင်သာရှိသည်။ ရန်ကုန်မြို့တော်အား City Bus ထွန်းကားသည့်မြို့တော်အဖြစ် ပြောင်းလဲမည်ဆိုပါက City Bus စီးရေပေါင်း ၅,၀၀၀ ဝန်းကျင် လိုအပ်မည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်ရှိ လက်ရှိလူဦးရေ ၆ ဒသမ ၆ သန်းကျော်နှင့် ၂၀၁၅ ခုနှစ်ထိ တိုးပွားလာမည့်လူဦးရေအတွက် City Bus လိုအပ်ချက်မှာ ၇၀ ရာခိုင်နှုန်းအထိရှိနေသေးကြောင်း မထသအရာရှိတစ်ဦးက ဆိုသည်။

ရန်ကုန်မြို့တော်အတွင်း အဓိကပြေးဆွဲနေသော City Bus ယာဉ်လိုင်းများမှာ မထသ (မြို့တွင်း) ၁၂၈ လိုင်း၊ ပါရမီ ၂၁ လိုင်း၊ သန်မြန်သူ ၁၆ လိုင်း၊ မြောက်ပိုင်းခရိုင် ၂၂ လိုင်း၊ တောင်ပိုင်းခရိုင် ၅၃ လိုင်း၊ အနောက်ပိုင်းခရိုင် ၂၃ လိုင်း၊ အရှေ့ပိုင်းခရိုင်ခြောက်လိုင်း၊ ပြည်နိုင်ဖြိုး ၂၇ လိုင်း၊ ရွှေအင်းဝ သုံးလိုင်း၊ ရွှေညော့်သည် နှစ်လိုင်းနှင့် မြို့တော်စည်ပင်၊ ကန္တာရဝတီ၊ ဂျီအီးစီ (၁၄၇)၊ ရွှေမြင်းပျံ (၁၂၉)၊ မြန်မာ့သားကောင်း စသည့်ယာဉ်လိုင်းများကိုလည်း ပြေးဆွဲလျက်ရှိသည်ဟု ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ထုတ်ပြန်ချက်အရသိရသည်။ မထသယာဉ်



www.foreverspace.com.mm



လိုင်းများနှင့် အထူးယာဉ်လိုင်း၊ ယာဉ်စီးရေကို ယှဉ်ပြိုင်ကြည့်ပါက City Bus လိုအပ်ချက်ကို သိသာစွာမြင်တွေ့ရမည်ဖြစ်သည်။

## အပေးအယူမျှတသည့်ဝန်ဆောင်မှုရရှိရန်လို

လိုအပ်ချက်နှင့်ညီမျှမှုမရှိသေးဘဲ အရေအတွက်နည်းပါးသေးသည့် အထူးယာဉ်လိုင်းများတွင်ပင် စားသုံးသူကပေးရသည့် ဝန်ဆောင်စရိတ်နှင့် မထိုက်တန်သော ဝန်ဆောင်မှုအချို့ကို မြင်တွေ့နေရသည်။ သို့ဖြစ်ရာ နာမည်နှင့်လိုက်ဖက်ညီသော အထူးဝန်ဆောင်မှုကိုပေးနိုင်ရန် သက်ဆိုင်ရာယာဉ်လိုင်းအသီးသီး၏ စည်းကမ်း၊ နည်းလမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် များစွာသက်ဆိုင်ပေသည်။

ယာဉ်လိုင်းအချို့ အကြောင်းအမျိုးမျိုးပြ၍ ပေးရသည့်တန်ဖိုးနှင့်မလျော်ညီသောဝန်ဆောင်မှုကို ပေးခြင်းက အထူးယာဉ်လိုင်းဟု သတ်မှတ်စီးနင်းနေသော၊ သက်သောင့်သက်သာရှိခြင်း၊ အဆင်ပြေခြင်း စသည့်လိုအပ်ချက်အပေါင်းများစွာကြောင့် စီးနင်းနေသော စားသုံးသူများကို တစ်နည်းတစ်ဖုံ မထေမဲ့မြင်ပြုရာလည်း ရောက်ပေသည်။

လတ်တလောတွင်ပင် တိုးပွားလာသည့် မြို့ပြနေလူဦးရေနှင့်အညီ မြို့တွင်းဘတ်စ်ကားများလိုအပ်ချက် (Demand) တက်လာမှုကို မျက်မြင်တွေ့နေရရာ အနာဂတ်တွင် ပိုမိုတွင်ကျယ်လာမည့်အထူးယာဉ်လိုင်းများအနေဖြင့် 'အစကောင်းမှအနှောင်းသေချာ' ဆိုသလို ပြည့်စုံသောဝန်ဆောင်မှု တစ်သမတ်တည်းပေးနိုင်ရေးမှာ အရေးကြီးလှပေသည်။

## ပြုပြင်ရေးနည်းလမ်းများ

စင်စစ်အားဖြင့် မြို့ပြသယ်ယူပို့ဆောင်ရေးလုပ်ငန်းဖွံ့ဖြိုးခေတ်မီတိုးတက်ရေးမှာ ယနေ့အုပ်ချုပ်ရေးတာဝန်ယူထားသူများ၊ လောလောဆယ်စီမံခန့်ခွဲမှုတာဝန်ယူထားသူများသာမက စီးနင်းကြသည့် ပြည်သူလူထု၏အသိပညာနှင့် စည်းကမ်း



လိုက်နာမှုဖြင့် ပူးပေါင်းပါဝင်မှုအပေါ်တွင်လည်း တစ်စိတ်တစ်ပိုင်း မူတည်နေပေသည်။ မှတ်တိုင်သတ်မှတ်ထားပေးသောနေရာ ပလက်ဖောင်းပေါ်မှ ကားစောင့်ခြင်း၊ မီးပွိုင့်အပါအဝင် မှတ်တိုင်မဟုတ်သည့်နေရာများအတက်အဆင်းမလုပ်ခြင်း၊ ယာဉ်များပေါ်တွင်သန့်ရှင်းရန်အလို့ငှာ အမှိုက်နှင့် ကွမ်းတံတွေးများစနစ်တကျစွန့်ပစ်ခြင်း၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ သတ်မှတ်စည်းကမ်းမလိုက်နာပါက (ဥပမာ–အန္တရာယ်ဖြစ်စေသော အရှိန်မြင့်မောင်းခြင်း၊ ယာဉ်ပေါ်တွင်ဆေးလိပ်သောက်



ခြင်း) သက်ဆိုင်ရာသို့ အသိပေးတိုင်ကြားခြင်းတို့ဖြင့် ပူးပေါင်းကူညီနိုင်ပေသည်။

ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များကိုလည်း ယခုထက်ပို၍ စည်းကမ်းလိုက်နာကြစေရန် ဆုပေး/ဒဏ်ပေးစနစ်ဖြင့် ထိန်းကျောင်းရန်လိုသည်ဟု မြို့ပြစီမံခန့်ခွဲမှုဆိုင်ရာကျွမ်းကျင်သူတို့ကဆိုသည်။ စည်းကမ်းချိုးဖောက်လျှင် အပြစ်ဒဏ်ပေးခြင်းအပြင် စည်းကမ်းလိုက်နာသူ၊ ဆက်ဆံရေးကောင်းသူ၊ ရိုးသားဖြောင့်မတ်သူများကိုလည်း ပုံမှန်ဂုဏ်ပြုဆုချီးမြှင့်ပေးခြင်းဖြင့် မျှတမှုရှိကာ စည်းကမ်းလိုက်နာ၍ ဆက်ဆံရေးကောင်းသော ယာဉ်ဝန်ထမ်းများဖြစ်လာနိုင်ပေသည်။ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ ရန်ကုန်မြို့တော်နှင့် မြို့ကြီးအချို့တွင်ရှိသော မြို့တွင်းပြေးခရီးသည်တင်ဘတ်စ်ကားမောင်းနှင်သူတို့၊ ယာဉ်နောက်လိုက်တို့ စည်းကမ်းချိုးဖောက်ခြင်းနှင့် ဆက်ဆံရေးမပြေပြစ်ခြင်း၏ အဓိကအကြောင်းတစ်ရပ်မှာ တစ်နေကုန်လူစားမရှိဘဲ ထိုအလုပ်များဆက်တိုက်လုပ်နေရခြင်းကြောင့်လည်းဖြစ်သည်။ တစ်နေကုန်အနားမရဘဲ လွန်းပျံပြေးဆွဲနေရသည့်အတွက် စိတ်ဖိစီးမှု၊ အလုပ်ဖိစီးမှုရှိကြသည်။ ယာဉ်မောင်းဖြစ်သူမှာ မိမိအပါအဝင် ယာဉ်ပေါ်တွင်ပါသော ခရီးသည်များ အသက်အန္တရာယ်ကင်းရေး၊ လိုရာခရီးရောက်ရှိရေးအတွက် မျက်စိ၊ ခြေ၊ လက်၊

www.foreverspace.com.mm

ခေါင်း၊ နားအားလုံးသုံး၍ တစ်နေကုန် အလုပ်လုပ်နေရသည်ဖြစ်ရာ ထိုက်သင့်သည့်အနားယူမှုမရှိပါက သဘာဝတရားအရပင် ဖောက်ပြန်လာနိုင်ပေသည်။ ထို့အတူ ယာဉ်နောက်လိုက်မှာလည်း လူအမျိုးမျိုး၊ စိတ်အထွေထွေရှိသည့်ခရီးသည် ထောင်နှင့်ချီ၊ သောင်းနှင့်ချီ၍ နေ့စဉ်ဆက်ဆံနေရခြင်း၊ တစ်နေကုန်အသံပြာအောင်အော်၍ မတ်တတ်ရပ်လှုပ်ရှားနေရခြင်းတို့ကြောင့် စိတ်ဖိစီး၊ ကိုယ်ပင်ပန်းမှုရှိလာကာ အနားမရလျှင် သဘာဝအရ ဖောက်ပြန်မှုရှိနိုင်သည်။ ဖောက်ပြန်မှုဆိုသည်မှာ စိတ်တို စိတ်ဆတ်လာခြင်းပင်ဖြစ်သည်။ စိတ်တိုလာခြင်းကြောင့် ဘရိတ်ဆောင့်နင်းခြင်း၊ လီဗာဆောင့်နင်းခြင်း၊ စတီယာရင်အလျင်စလိုချိုးကွေ့ခြင်း၊ အခြားယာဉ်များနှင့်အပြိုင်မောင်းနှင်ခြင်း၊ ခရီးသည်များအပေါ် မချေမငံဆက်ဆံခြင်းတို့ ဖြစ်ပေါ်လာတတ်သည်။

ဤသဘောသဘာဝများကို ၎င်းတို့အား စီမံအုပ်ချုပ်နေရသူများက ကောင်းစွာနားလည်သဘောပေါက်ပါက နေ့စဉ် ၎င်းတို့အနားရ၊ စိတ်ဖြေလျော့နိုင်မည့် အခြေအနေများ ဖန်တီးပေးခြင်းဖြင့် မြို့ပြသယ်ယူပို့ဆောင်ရေးနယ်ပယ်ဖွံ့ဖြိုးရေးကို အထောက်အကူပြုရာရောက်ပေသည်။

အခြားဖွံ့ဖြိုးပြီးနိုင်ငံများတွင် မြို့တွင်းခရီးသည်တင်ဘတ်စ်များသည် တစ်ဦးတစ်ယောက်ပိုင်သည့်ယာဉ်ကို အသင်းတွင်လာရောက်ထည့်သွင်းခြင်းမဟုတ်ဘဲ အဖွဲ့တစ်ခု၊ ကုမ္ပဏီအသင်းတစ်ခုက အားလုံးပိုင်ဆိုင်ပြီး ရှယ်ယာသဘောမျိုးသာလက်ခံသည့်အတွက် ယာဉ်တစ်စီးတည်းက ဝင်ငွေပိုရခြင်းမျိုးမရှိတော့ပေ။ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်အားလုံး၏ လစာနှင့်အကျိုးခံစားခွင့်မှာလည်း ဆုပေး၊ ဒဏ်ပေး၊ ဘောနပ်စ်ငွေကြေးများဖြင့်သာ ထိန်းထားသဖြင့် သူ့ထက်ငါ ခရီးသည်ရရန်အပြိုင်လုမောင်းခြင်းမရှိတော့ဘဲ သတ်မှတ်ချိန်အတိုင်း ဂိတ်အဝင်အထွက်ရှိနေစေရန်သာ ပုံမှန်မောင်းကြသည်။ မော်တော်ယာဉ်စည်းကမ်းထိန်းသိမ်းသူများကလည်း ဂိတ်ထွက်ချိန်၊ ဝင်ချိန်ကို စနစ်တကျ ထိန်းကျောင်းပေးခြင်းဖြင့် နောက်ကျခြင်း၊ စောခြင်း၊ နောက်ကားကျော်တက်ခြင်းမရှိတော့ပေ။ အကျိုးရလဒ်မှာ ခရီးသည်ပြည်သူများနေဖြင့် ဘယ်အချိန် ဘယ်ဘတ်စ်ကိုစီးစီး သတ်မှတ်ချိန်တွင် လိုရာခရီးကို ဘေးမသီရန်မခဲရောက်ရှိသွားခြင်းဖြစ်သည်။ ဤအတွက် လမ်းမကြီးများပေါ်တွင် ယာဉ်လိုင်းအချင်းချင်း အပြိုင်လုမောင်းခြင်း၊ ခရီးသည်လုခေါ်ခြင်း၊ ယာဉ်အမှုထမ်းများ တစ်စီးနှင့်တစ်စီး ခိုက်ရန်ဖြစ်ခြင်းတို့ မရှိတော့ပေ။

အချုပ်အားဖြင့်ဆိုရလျှင် မြို့ပြသယ်ယူပို့ဆောင်ရေးလုပ်ငန်းတစ်ရပ် ဖွံ့ဖြိုးလာစေရန်မှာ ထိုနယ်ပယ်အတွင်း ပါဝင်ပတ်သက်နေသူအားလုံးက အသိစိတ်ရှိရှိ စေတနာထား၍ ပူးပေါင်းဆောင်ရွက်ရန် အထူးအရေးကြီးလှကြောင်းပင်ဖြစ်သည်။ ထိုအခြေအနေကို City Bus များသာမက အခြားယာဉ်များလည်း တတ်နိုင်သရွေ့ဝိုင်းဝန်းအကောင်အထည်ဖော်နိုင်ပေသည်။ မြို့ပြသယ်ယူပို့ဆောင်ရေးဟုဆိုသည်နှင့် ကုန်တင်ယာဉ်နှင့် ခရီးသည်တင်ယာဉ်ကွဲပြားရေးမှသည် မည်သည့်အဖွဲ့အစည်းကိုမဆို အခွင့်အရေးတူ၊ စည်းကမ်းတူ ယှဉ်ပြိုင်ခွင့်ပေးရေးအထိ အရေးကြီးလှကြောင်းပင်ဖြစ်သည်။

**ခင်ဌေးကြွယ်**



www.foreverspace.com.mm

# စန်းပွင့်လာသော စီးပွားရေးလုပ်ငန်း သို့မဟုတ် အင်တာနက်ကဖေးများ


ကျော်ကျော်မင်း

**ကမ္ဘာ မှုပြုခြင်းဖြစ်စဉ်ဟုခေါ်သော Globalization ဖြစ်စဉ်များ မြန်မာနိုင်ငံတွင် ပီပြင်သည်ထက် ပီပြင်လာချိန်တွင် စန်းပွင့် (ခေတ်စား) လာသော စီးပွားရေးလုပ်ငန်းတစ်ခုမှာ အင်တာနက်ကဖေးများဖြစ်သည်။ Globalization ကို ပညာရှင်တစ်ဦးက 'Web' ဟူသော စကားလုံးတစ်လုံးတည်းဖြင့် ရှင်းလင်းဖော်ပြခဲ့ရာ Web ဆိုသည်မှာ အင်တာနက်ဖြင့် တစ်သားတည်းချိတ်ဆက်ထားသောကမ္ဘာကြီးကို ဆိုလိုပေသည်။**

နိုင်ငံတစ်ခုတွင် Globalization ဖြစ်စဉ် အခြေတည်မိရန်မှာ မိုက်ကရိုချစ်ပ် ခေါ် တစ်ပိုင်းလျှပ်ကူးပစ္စည်းများရှိခြင်း၊ ကြိုးဟ် တုဆက်သွယ်ရေးစနစ်ရှိခြင်းနှင့် အင်တာနက်ရှိခြင်း အင်္ဂါသုံးပါးလိုအပ်ရာ အင်္ဂါသုံးပါးဆုံပြီဖြစ်သော မြန်မာနိုင်ငံတွင် Globalization ဖြစ်စဉ်၏ Digital Wave များ ရိုက်ခတ်ခံရမှုမှာ အဆန်းတကြယ်မဟုတ်ချေ။

## အင်တာနက်ကဖေးများ၏အခန်းကဏ္ဍ

မြန်မာနိုင်ငံတွင် အင်တာနက် အီးမေးလ်စနစ်ကို ၂၀၀၀ ပြည့်နှစ်မှစ၍ နိုင်ငံတကာနှင့်ယှဉ်လျှင် မများလှသော နှုန်း



www.foreverspace.com.mm

ထားဖြင့် အသုံးပြုခွင့်ရရှိခဲ့သည်။

အင်တာနက်ကို ကုမ္ပဏီနှင့် လူပုဂ္ဂိုလ် ၁၇၀၀ သို့ အသုံးပြုခွင့်ပေးခဲ့သည်မှာ ၂၀၀၀ ပြည့်နှစ် အောက်တိုဘာ Bagan Cybertech ကုမ္ပဏီ ထူထောင်ချိန်မှပင် စတင်သော်လည်း ယင်းအချိန်တွင် အင်တာနက်ကဖေးများ မပေါ်ပေါက်သေးပေ။ အင်တာနက်ကဖေးလုပ်ငန်း ထူထောင်လုပ်ကိုင်ခွင့်ကို ကုမ္ပဏီလုပ်ငန်း ၁၆ ခုသို့ ၂၀၀၃ ခုနှစ် ဧပြီ ၂၄ ရက်နေ့က စတင်ခွင့်ပြုချထားခဲ့သည်။

အများပြည်သူများ အင်တာနက်ကို အလွယ်တကူ အသုံးပြုနိုင်ရန် ရည်ရွယ်၍ ယင်း PAC ၁၆ ကို Pilot Project အနေဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး PAC များ တရားဝင်ဖွင့်လှစ်ခွင့်ကိုမူ ၂၀၀၆ ခုနှစ် ဧပြီလမှစတင်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း Myanmar Info-Tech Cooperation Ltd. မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ရှင်းပြသည်။

ADSL, Broadband, iPSTAR, MPT Satellite, WiMax စသည့် အင်တာနက်ကွန်ရက်အမျိုးမျိုးကို အသုံးပြုနိုင်ပြီဖြစ်သော်လည်း ယင်းအင်တာနက်စနစ်အမျိုးမျိုးကို Home User အဖြစ် သုံးစွဲနိုင်သူမှာမူ မများလှချေ။

နိုင်ငံတကာနှင့်ယှဉ်လျှင် မြင့်မားလှသော နှုန်းထားမဟုတ်သော်လည်း ကနဦးတပ်ဆင်ကြေးမှာ လူအများစု လက်လှမ်းမမီနိုင်သေးသော နှုန်းထားတစ်ရပ်ဖြစ်ရာ Globalization ဖြစ်စဉ်မှ ဒစ်ဂျစ်တယ်လှိုင်းများကိုသိရှိခံစားမိသူများအတွက် အားထားရာမှာ PAC များဖြစ်လာကြောင်း အိုင်တီသင်တန်းကျောင်းတစ်ခုမှ သင်တန်းတာဝန်ခံတစ်ဦးက ဆိုသည်။

"ကမ္ဘာကို ပတ်ကြည့်ဖို့က အင်တာနက်ရှိမှလေ။ ကိုယ့်အိမ်မှာမတတ်နိုင်တော့လည်း PAC ပြေးရတာက အဆန်းမဟုတ်ပါဘူး" ဟု ၎င်းက ဆိုသည်။

အင်တာနက်ပေါ်တွင် လိုအပ်သော သတင်းအချက်အလက်မှန်သမျှ တည်ရှိနေရုံမက ထိုသတင်းအချက်အလက်များ အလွယ်တကူရှာဖွေပေးနိုင်သော Search Engine များလည်းရှိသည်။ ယခုဆိုလျှင် အချို့အကြောင်းအရာများကို မြန်မာစာလုံးဖြင့်ပင် ရိုက်နှိပ်ရှာဖွေနိုင်သည့် အခြေအနေရှိနေပြီဖြစ်သည်။

အင်တာနက် Cyber Space သည် သက်ဆိုင်ရာ နိုင်ငံအသီးသီး၏ အုပ်ချုပ်မှုနှင့် ကင်းလွတ်နေသော သီးခြားကမ္ဘာတစ်ခုဖြစ်သည်။ ထို Cyber Space သည် လူသားအားလုံးကိုကိုယ်စားပြုပြီး လူသားအားလုံးကလည်း ကိုယ်စားပြုခွင့်ရှိသည်။ Cyber Space ပေါ်တွင် VIP မရှိ၊ လူသားအားလုံး အတူတူပင်ဖြစ်သည်။ အင်တာနက်ပေါ်တွင် သတင်းအချက်အလက်အမှန်များလွှင့်တင်နိုင်သကဲ့သို့ သတင်းအချက်အလက်အမှားများလည်း လွှင့်တင်နိုင်သည်။ ယင်းကို မြန်မာနိုင်ငံသားများအနေနှင့် ယခင်နှစ်များအတွင်း လက်တွေ့သိရှိပြီးဖြစ်သည်။

အင်တာနက်ပေါ်တွင် အကန့်အသတ်များရှိနေသည်ဟုဆိုခြင်းမှာ သတင်းအချက်အလက်နှင့် နည်းပညာနယ်နိမိတ်များအား ဖြတ်ကျော်နိုင်ခြင်းကို မရိပ်စားမိသူ၊ နည်းပညာ မကျွမ်းကျင်သူများ၏ ယူဆချက်ဖြစ်သည်၊ နည်းပညာကျွမ်းကျင်သူများအတွက် အင်တာနက်စပေ့သည် အကန့်အသတ်မဲ့ဇုန်ဖြစ်ရာ ကျင့်ဝတ်ဖြင့်သာထိန်းကွပ်နိုင်ပေသည်။

ယင်းသို့သော သီးခြားကမ္ဘာကို Home User အဖြစ် ဈေးကြီးကြီးပေးမသွားနိုင်သူများအတွက် အင်တာနက်ကဖေးဆိုင်များရှိ ကွန်ပျူတာတစ်လုံးချင်းစီသည် ၎င်းတို့အတွက် သီးခြားကမ္ဘာတစ်ခုစီကို



www.foreverspace.com.mm

ကိုယ်စားပြုနေသည်။

## တိုးတက်လာသောအင်တာနက်ကဖေးများ

မြန်မာတစ်နိုင်ငံလုံးတွင် ၂၀၀၈ ခုနှစ် နှစ်ကုန်ပိုင်း၌ အရေအတွက်အားဖြင့် နှစ်ရာကျော်မျှသာရှိသော အင်တာနက်ကဖေး PAC များမှာ ၂၀၀၉ ခုနှစ် ဇွန်လ တတိယပတ် (နှစ်ဝက်တာကာလအတွင်း) တွင် ဆိုင်ပေါင်း ၅၆၁ ဆိုင်အထိ တိုးတက်လာခဲ့ကြောင်း၊ ရန်ကုန်မြို့တွင်းဖွင့်လှစ်သည့် ဆိုင်အရေအတွက်သာမက နယ်မြို့များတွင်ဖွင့်လှစ်သည့်ဆိုင်အရေအတွက်ပါ တိုးတက်လာကြောင်း၊ ရန်ကုန်စည်ပင်သာယာ နယ်နိမိတ်ပြင်ပဖြစ်သော ဒဂုံဆိပ်ကမ်းနှင့် သန်လျင်အပါအဝင် မြန်မာတစ်နိုင်ငံလုံးရှိ မြို့များတွင် PAC ၁၁၈ ခုထိ ဖွင့်လှစ်ပြီးဖြစ်ကြောင်း Myanmar Info-Tech Corporation Ltd. မှ အထွေထွေမန်နေဂျာ ဦးစိန်ဝင်းက ပြောကြားသည်။

အင်တာနက်သုံးစွဲသူများပြားလာသည်ကို သတိထားမိသော လုပ်ငန်းရှင်အများစု PAC များကို ဖွင့်လှစ်ရန် စိတ်ဝင်စားလာခြင်း၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းဈေးနှုန်းများကျဆင်းလာခြင်းတို့ကြောင့် ယခုနှစ်အတွင်း PAC အရေအတွက် အလျင်အမြန်တိုးတက်လာခြင်းဖြစ်ကြောင်း အင်တာနက်ကဖေးဖွင့်လှစ်ထားသူ လုပ်ငန်းရှင်အများစုက ဆိုသည်။

နယ်မြို့များတွင် အင်တာနက်ကဖေး ဖွင့်လှစ်ရန် စိတ်ဝင်စားလာကြသူများမှာ ယခင်က ကွန်ပျူတာနှင့်ဆက်စပ်ပတ်သက်ခြင်းမရှိသော ရေလုပ်ငန်း၊ ဆန်စက်ပစ္စည်းလုပ်ငန်း နယ်ပယ်များမှ လုပ်ငန်းရှင်များပင် ပါဝင်လာကြောင်း၊ ထို့ပြင် ကွန်ပျူတာနက်ဝပ်ဂိမ်းဆိုင်များမှာလည်း PAC များအဖြစ်သို့ ပြောင်းလဲလုပ်ကိုင်လာကြကြောင်း ပုသိမ်မြို့အခြေစိုက် ဇရာဝတီတိုင်း ကွန်ပျူတာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဦးက ပြောကြားသည်။

"ADSL မရှိတဲ့ မြောင်းမြ၊ ဟင်္သာတ၊ ဖျာပုံဘက်တွေကပါ ဖွင့်ဖို့လုပ်နေကြတယ်လို့ ကြားတယ်" ဟု ၎င်းက ဆိုသည်။

အင်တာနက်ကဖေးများအရေအတွက် အံ့မခန်းတိုးတက်လာမှုနှင့်အတူ အင်တာနက်အသုံးပြုသူနှုန်းမှာလည်း ယခင်နှစ်က သိသိသာသာတိုးတက်မှုနည်းပါးသည်ကို အင်တာနက် Website များပေါ်မှ ခန့်မှန်းစာရင်းဇယားများအရ သိရသည်။


သို့သော် မြန်မာနိုင်ငံ၏ လူဦးရေနှင့် နှိုင်းယှဉ်လျှင် အင်တာနက်သုံးစွဲနှုန်းများမှာ များစွာလျော့နည်းနေသည်ဟု ဆိုနိုင်ပြီး အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင်ပင် အနိမ့်ဆုံးအနေအထားသို့ရောက်ရှိနေရခြင်းမှာ ထိုနိုင်ငံများတွင်အင်တာနက်သုံးစွဲမှုနှုန်း နေ့စဉ်နှင့်အမျှ ပြောင်းလဲနေခြင်းကြောင့် ဖြစ်သည်။

## PAC မဟုတ်သော PAC များ

အင်တာနက်သုံးစွဲနိုင်ရန် ဝန်ဆောင်မှုကို လုပ်ထုံးလုပ်နည်းနှင့်အညီ အခကြေးငွေရယူလုပ်ကိုင်နေသော PAC လုပ်ငန်းများသာမက မိမိလုပ်ငန်းအပေါ် စိတ်ဝင်စားမှုပိုမိုရရှိရေးအတွက် စားသုံးသူ ဝန်ဆောင်မှုတစ်ရပ်အဖြစ် အခမဲ့ အသုံးပြုခွင့်ပေးထားသော၊ PAC မဟုတ်သော်လည်း PAC သဘောဆောင်သောလုပ်ငန်းများကိုလည်း တွေ့ရှိလာရသည်။

မိုဘိုင်းလ်ဖုန်းပေါ်မှ နံပါတ်များကို ဆက်တိုက်နှိပ်နေသော သူမ၏ပုံစံမှာ သူမအလုပ်အပေါ် စိတ်ဝင်စားမှု အပြည့်ရှိနေသည့် ပုံစံပင်။ ခက်ခက်ခဲခဲမဟုတ်သော်လည်း ကြိုးစားပမ်းစားနှိပ်နေသည့်ပုံစံမှာ ဖုန်းဆက်ရုံလောက်သာ ဖုန်းကို အသုံးပြုနေခြင်းမဟုတ်မှန်း သိသာနေသည်။

"ကျွန်မ Gtalk နဲ့ Chat ကြည့်နေတာပါ" ဟု အသက် ၂၅ နှစ်ဝန်းကျင်ရှိ မမေသဇင်ဝင်းက ဆိုသည်။ Capital Hyper Market တွင် အင်တာနက်ကို WiFi စနစ်



www.foreverspace.com.mm



ဖြင့် အသုံးပြု၍ရကြောင်း ကြားသိရသဖြင့် လာရောက်စမ်းသပ် အသုံးပြုကြည့်ခြင်း လည်းဖြစ်သည်ဟု ၎င်းက ဆိုသည်။

Capital Hyper Market ၌ WiFi စနစ်ဖြင့် အင်တာနက် အခမဲ့အသုံးပြုနိုင်ကြောင်း အောက်တိုဘာလ ၃ ရက်နေ့မှ ၅ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် အိုင်တီနည်းပညာပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် မိတ်ဆက်ပြသခဲ့ပြီးနောက် နေ့စဉ်ဆိုသလို လာရောက်စမ်းသပ်သုံးစွဲသူများရှိကြောင်း၊ တစ်နေ့လျှင် ငါးဦး ခြောက်ဦးဝန်းကျင်ခန့် လာရောက်၍ Gtalk အသုံးပြုရန် Skype အသုံးပြုနိုင်ရန်တို့အတွက် ဖုန်းအတွင်း Setting ထည့်ကြကြောင်း Capital Hyper Market မှ ပြန်ကြားရေးတာဝန်ခံ ဦးကျော်ဇင်လတ်က ပြောကြားသည်။

Capital Hyper Market ကဲ့သို့ပင် ကြီးမဲ့ကွန်ရက်ဖြင့် အင်တာနက်အသုံးပြုနိုင်သည့် WiFi Hotspot နေရာအတော်များများရှိနေပြီဖြစ်ကြောင်း Link Master Co., Ltd. မှ Deputy CEO ဦးညွန့်ဝင်းက ပြောကြားသည်။

"ရန်ကုန်မြို့တစ်လျှောက်မှာ Wi Fi ပါတဲ့ ဖုန်းလေးဖွင့်ပြီး သွားကြည့်ပါ။ Wi-Fi Hotspot ရှိတဲ့နေရာတွေ တစ်နေရာနဲ့ တစ်နေရာ မကွာဘူး၊ ဆက်နေပြီ" ဟု WiFi City 2009 Yangon စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ၎င်းက ဆိုသည်။

Capital Hyper Market သာမက Tokyo ကြက်ကြော်၊ 365 Cafe ၊ Cafe Aroma တို့အပါအဝင် ဟိုတယ်ကြီးအချို့၊ ကော်ဖီဆိုင်အချို့တွင် အင်တာနက်ကို အခမဲ့အသုံးပြုခွင့်ပေးထားခြင်းဖြင့် စားသုံးသူများကို ဆွဲဆောင်လာကြရာ PAC မဟုတ်သော PAC များလည်း အနာဂတ်တွင် စန်းပွင့်လာဦးမည့်အခြေအနေ ရှိနေသည်။

## အင်တာနက်ကဖေးများ၏ စီးပွားရေး အခြေအနေ

အင်တာနက်ကဖေးများသည် သုံးစွဲသူတိုးတက်လာသည်နှင့် စီးပွားရေးအခြေအနေ ကောင်းသည်ထက်ကောင်းလာမည့် အခြေအနေများရှိသော်လည်း စိန်ခေါ်မှုများ ကြုံတွေ့နေရသည်။

မြန်မာဘာသာဖြင့် ဖတ်နိုင်သော Website များ၊ Blog များတိုးပွားလာခြင်း၊ အင်တာနက်ကောင်းကျိုး၊ အင်တာနက်၏ အသုံးဝင်တန်ဖိုးတို့ကို ပိုမိုသိရှိလာခြင်း၊ ကမ္ဘာ့ရိုးရာသတင်းများကို အချိန်မဆိုင်း သိရှိလာနိုင်ခြင်း စသည်တို့ကြောင့် အင်တာနက်သုံးစွဲသူ တိုးတက်လာသည်ဟု ယူဆရကြောင်း မြန်မာ Bloger တစ်ဦးက သုံးသပ်သည်။

သို့သော် အင်တာနက်ကဖေး PAC များ အလျင်အမြန်တိုးပွားလာခြင်းက အင်တာနက်ကဖေးများ၏စီးပွားရေးကိုကျဆင်းစေကြောင်း၊ အပြိုင်အဆိုင်များ၍ ဈေးနှုန်းလျှော့ချရခြင်း ထပ်ဆောင်းဝန်ဆောင်မှုများ ထည့်သွင်းရခြင်းတို့ကလည်း အမြတ်ကို လျော့နည်းစေကြောင်း အင်တာနက်ကဖေး လုပ်ငန်းအချို့ထံမှ စုံစမ်းသိရှိရသည်။

အင်တာနက်ဆိုင်များ တိုးတက်များပြားလာမှုကြောင့် အပြင်အဆင်မှအစ ဝန်ဆောင်မှုများအဆုံး ပြိုင်ဆိုင်မှုများ ပြင်းထန်လာကြကြောင်း၊ အင်တာနက်ဖုန်းခေါ်ဆိုခနှုန်းထားများ အပြိုင်အဆိုင်လျှော့ချခြင်းများ၊ Member Card စနစ်ဖြင့် သုံးစွဲခအပြိုင်အဆိုင်လျှော့ချခြင်းများကို ပြုလုပ်နေကြရကြောင်း ဗိုလ်အောင်ကျော်လမ်းတွင် အင်တာနက်ကဖေးလုပ်ငန်းဖွင့်လှစ်လုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

သို့ရာတွင် ဆင်ခြေဖုံးမြို့နယ်များတွင်ဖွင့်လှစ်ထားသည့် အင်တာနက်ကဖေးများမှာမူ စီးပွားရေးအခြေအနေ အထူးကောင်းမွန်နေကြောင်း ဒေါပုံမြို့နယ်တွင် တစ်ခုတည်းသာရှိသော Excellent အင်တာနက်ကဖေးနှင့် သာကေတမြို့နယ်တွင် ဖွင့်လှစ်ထားသော အင်တာနက်ကဖေး တစ်ခုတို့ထံမှ စုံစမ်းသိရှိရသည်။

## အင်တာနက်ကဖေးဖွင့်မယ်ဆိုရင်

PAC များဖွင့်လှစ်ရာတွင် ယခင်နှစ်များထက်စာလျှင် ယခုနှစ်သည် ရင်းနှီးမြှုပ်နှံမှုစရိတ်အနည်းငယ် သက်သာသည့် အနေအထားရှိကြောင်း၊ ကွန်ပျူတာတစ်စုံလျှင် ကျပ်လေးသိန်းခွဲဝန်းကျင်ဖြင့် တပ်ဆင်နိုင်သည့် အခြေအနေဖြစ်ရာ ကွန်ပျူတာ ၁၀ လုံးခန့် ပါဝင်မည့် အင်တာနက်ကဖေးတစ်ခု၏ ရင်းနှီးမြှုပ်နှံမှု၏ကုန်ကျစရိတ်မှာ ကျပ် ၁၀ သိန်းဝန်းကျင်ခန့် သက်သာနိုင်ကြောင်း ရန်ကုန်မြို့ ဆိပ်ကမ်းသာလမ်းရှိ အင်တာနက်ကဖေးလုပ်ငန်းရှင် တစ်ဦးက ဆိုသည်။

"Laptop တွေနဲ့ ဆိုင်ဖွင့်လာတာကို ကြည့်ပါလား။ အရင်က Laptop တစ်လုံးဆိုတာ ကျပ် ၁၀ ဂဏန်းအထက်မရှိရင် မစဉ်းစားနိုင်ဘူး" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

Myanmar Info-Tech သို့ Acess Centre ဖွင့်လှစ်မည့် လိပ်စာဖော်ပြ၍ လျှောက်ထားရမည်ဖြစ်ပြီး ကုမ္ပဏီအကြီးအကဲ ဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ဖွင့်လှစ်မည့်မြို့၏မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကန့်ကွက်မှုမရှိကြောင်း စာတို့ကို ပူးတွဲတင်ပြရမည်ဖြစ်ကြောင်း Myanmar Info-Tech မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

PAC များတွင်သုံးစွဲမည့် အင်တာနက်စနစ်၏ သက်ဆိုင်ရာအထောက်အထား (လစဉ်ကြေးလက်ခံ၊ MPT/ADSL စာချုပ်မိတ္တူ) စသည်များ ပြသရမည်ဖြစ်ကြောင်း၊ ရန်ကုန်၊ မန္တလေးစည်ပင်သာယာနယ်နိမိတ်အတွင်းဖြစ်ပေါ်ပါက လိုင်စင်ကြေး ကျပ်ငါးသောင်းနှင့်အတူ လစဉ်ကြေးခြောက်လစာ သုံးသိန်းကျပ်ကို တစ်ပါတည်းပေးသွင်းရမည်ဖြစ်ကြောင်း၊ ရန်ကုန်၊ မန္တလေး စည်ပင်သာယာနယ်နိမိတ်ပြင်ပဖြစ်ပါက လိုင်စင်ကြေး ကျပ်နှစ်သောင်းနှင့် လစဉ်ကြေး ခြောက်လစာ တစ်သိန်းရှစ်သောင်းကျပ်တို့ ပေးသွင်းရမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

PAC ကို Myanmar Info-Tech ထံ တရားဝင်လိုင်စင်ယူ၍ ဖွင့်လှစ်သူသည် Myanmar Info-Tech ၏ ကြိုတင်ခွင့်ပြု

www.foreverspace.com.mm

ချက်မရှိဘဲ အခြားတစ်ဦးဦးသို့ ထပ်ဆင့်ငှားရမ်းလွှဲပြောင်းခွင့်မရှိကြောင်း၊ PAC များ အမည်ပြောင်းလဲလိုလျှင် လိုင်စင်အမည် ပြောင်းလဲလျှောက်ထားခြင်းအတွက် ကျပ်ငါးသောင်း ထပ်မံပေးဆောင်ရမည်ဖြစ်ပြီး နေရာပြောင်းလဲလိုလျှင် နေရာပြောင်းလျှောက်ထားခြင်းအတွက် တစ်သိန်းကျပ် ထပ်မံပေးဆောင်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

## တားမြစ်ချက်များ

PAC များလည်း အကျုံးဝင်သည့် Wide Area Network အသုံးပြုကွန်ပျူတာကွန်ရက်ထူထောင်ခြင်း၊ ယင်းကွန်ရက်ထူထောင်၍ ဝန်ဆောင်မှုပေးခြင်းနှင့် သတင်းဆိုင်ရာ နည်းပညာအသုံးပြုခြင်းတို့နှင့် စပ်လျဉ်း၍ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၀၂) ဖြင့် ၂၀၀၂ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

PAC များနှင့် သုံးစွဲသူများ သိရှိလေ့လာနိုင်ရန်အလို့ငှာ အဆိုပါအမိန့်ကြော်ငြာစာပါ အခန်း (၃) တားမြစ်ချက်များနှင့် အခန်း (၄) အရေးယူမှုတို့ကို ဖော်ပြလိုက်ရပါသည်။

*၁၆။ မည်သူမျှ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ Wide Area Network အသုံးပြုကွန်ပျူတာကွန်ရက်ထူထောင်ခြင်း သို့မဟုတ် ယင်းကွန်ရက်ထူထောင်၍ ဝန်ဆောင်မှုပေးခြင်း၊ လုပ်ငန်းလုပ်ကိုင်ခြင်း မပြုရ။*

*၁၇။ မည်သူမျှ Wide Area Network အသုံးပြု ကွန်ပျူတာကွန်ရက်ကို အသုံးပြု၍ဖြစ်စေ၊ သတင်းဆိုင်ရာ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကိုမပြုရ-*

*(က) နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်စီးပွားရေး (သို့မဟုတ်) အမျိုးသားယဉ်ကျေးမှုကို ထိခိုက်စေသည့် ပြုလုပ်မှုတစ်ရပ်ရပ်ကိုပြုလုပ်ခြင်း။*

*(ခ) နိုင်ငံတော်၏ လုံခြုံရေး၊ ဥပဒေစိုးမိုးရေးနှင့်နယ်မြေအေးချမ်းသာယာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊*

*(ဂ) နိုင်ငံတော်၏ လျှို့ဝှက်ချက်နှင့် သက်ဆိုင်သော သတင်းအချက်အလက် တစ်ရပ်ရပ်ကိုရယူခြင်း (သို့) ပေးပို့ဖြန့်ချိခြင်း။*

*၁၈။ Wide Area Network အသုံးပြုကွန်ပျူတာကွန်ရက်ထူထောင်ခြင်း၊ သို့ ယင်းကွန်ရက်ထူထောင်၍ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ရရှိသူ မည်သူမျှ လုပ်ငန်းလိုင်စင်ရရှိရန် လျှောက်ထားစဉ်က တင်ပြလျှောက်ထားခဲ့သည့် ကွန်ပျူတာကွန်ရက် အသုံးပြုသည့် တည်နေရာနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ပြင်ဆင်ပြောင်းလဲသုံးစွဲခြင်းမပြုရ။*

*၁၉။ မည်သူမျှ သတင်းဆိုင်ရာနည်းပညာတစ်ရပ်ရပ်ကိုအသုံးပြု၍ Wide Area Network အသုံးပြု ကွန်ပျူတာတစ်ခုခုအတွင်း ဝင်ရောက်နှောင့်ယှက်ခြင်း သို့မဟုတ် ကွန်ပျူတာဗိုင်းရပ်စ် ဝင်ရောက်စေခြင်းမပြုရ။*

*၂၀။ မည်သူမျှ သတင်းဆိုင်ရာနည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ ငွေကြေး (သို့မဟုတ်) ပစ္စည်းခိုးယူခြင်း၊ အလွဲသုံးစားပြုလုပ်ခြင်း သို့မဟုတ် အကျိုးပျက်စီးစေခြင်းမပြုရ။*

*၂၁။ မည်သူမျှ သတင်းဆိုင်ရာနည်းပညာတစ်ရပ်ရပ်ကို အသုံးပြုပြီး အီလက်ထရောနစ်သတင်းအချက်အလက်၊ ပရိုဂရမ် သို့မဟုတ် အထောက်အထားများကို မရိုးဖြောင့်သောသဘောဖြင့် ပေးပို့ခြင်း၊ နှောင့်ယှက်ခြင်း၊ ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ထိခိုက်ဆုံးရှုံးစေခြင်း မပြုရ။*

*၂၂။ မည်သူမျှ သတင်းဆိုင်ရာနည်းပညာတစ်ရပ်ရပ်ကိုအသုံးပြု၍ အခြားသူတစ်ဦးတစ်ယောက်ကို နှောင့်ယှက်ရန်၊ မလျော်ဩဇာသုံးရန် သို့မဟုတ် ခြိမ်းခြောက်ရန်ရည်ရွယ်၍ ပြုလုပ်မှုတစ်ခုခုကို မပြုရ။*

*၂၃။ မည်သူမျှ သတင်းဆိုင်ရာနည်းပညာတစ်ရပ်ရပ်ကိုအသုံးပြု၍ ညစ်ညမ်းသော သို့မဟုတ် မနှစ်မြို့ဖွယ်ရာဖြစ်သော ပြုလုပ်မှုတစ်ခုခုကို မပြုလုပ်ရ။*

*၂၄။ မည်သူမျှ သတင်းအချက်အလက်ပေးပို့သူနှင့် လက်ခံသူတို့၏ ခွင့်ပြုချက်မရှိဘဲ Wide Area Net-*



www.foreverspace.com.mm

**PAC စာရင်း (၂၀၀၉ ခုနှစ် မေလကုန်အထိ)**

**ရန်ကုန်မြို့ စည်ပင်သာယာနယ်နိမိတ်အတွင်း**

| | |
|---|---|
| အလုံ | ၂၂ |
| ရန်ကင်း | ၁၁ |
| ဗဟန်း | ၁၃ |
| ဗိုလ်တထောင် | ၁၈ |
| ဒဂုံ | ၇ |
| ဒေါပုံ | ၁ |
| လှိုင် | ၂၅ |
| လှိုင်သာယာ | ၂ |
| အင်းစိန် | ၁၅ |
| သဃ်ာန်းကျွန်း | ၉ |
| ကမာရွတ် | ၃၂ |
| ကျောက်တံတား | ၄၀ |
| ကြည့်မြင်တိုင် | ၃ |
| လမ်းမတော် | ၂၃ |
| လသာ | ၁၃ |
| မရမ်းကုန်း | ၁၉ |
| မင်္ဂလာဒုံ | ၅ |
| မြောက်ဒဂုံ | ၁၀ |
| မင်္ဂလာတောင်ညွှန့် | ၁၅ |
| မြောက်ဥက္ကလာပ | ၈ |
| ပန်းပဲတန်း | ၁၃ |
| ပုဇွန်တောင် | ၁၉ |
| စမ်းချောင်း | ၃၈ |
| ရွှေပြည်သာ | ၃ |
| တောင်ဥက္ကလာပ | ၁၄ |
| တာမွေ | ၄၅ |
| သာကေတ | ၁ |
| **စုစုပေါင်း** | ၄၂၄ |

**ရန်ကုန်ဧရိယာပြင်ပနှင့် နယ်မြို့များ**

| | |
|---|---|
| ဒဂုံဆိပ်ကမ်း | ၄ |
| သန်လျင် | ၄ |
| မန္တလေး | ၂၀ |
| အောင်လံ | ၁ |
| ကော့သောင်း | ၁ |
| လားရှိုး | ၂ |
| မကွေး | ၁၄ |
| မော်လမြိုင် | ၉ |
| မှော်ဘီ | ၂ |
| မိုးကုတ် | ၄ |
| မုံရွာ | ၃ |
| မုဒုံ | ၁ |
| မြိတ် | ၄ |
| မြင်းခြံ | ၁ |
| မြစ်ကြီးနား | ၃ |
| ညောင်ဦး | ၁ |
| ညောင်ရွှေ | ၃ |
| ပုသိမ် | ၈ |
| ပြည် | ၁၁ |
| ပျဉ်းမနား | ၁ |
| ပြင်ဦးလွင် | ၂ |
| တောင်ကြီး | ၃၁ |
| တောင်ငူ | ၇ |
| သံဖြူဇရပ် | ၁ |
| **စုစုပေါင်း** | ၁၃၈ |

*work အသုံးပြုကွန်ပျူတာကွန်ရက်အတွင်း အောက်ပါပြုလုပ်မှုတစ်ခုခုကို မပြုရ။*

*(က) ဆက်သွယ်မှုတစ်ခုခုကို ကြားဖြတ်ခြင်း*

*(ခ) ဆက်သွယ်မှုတစ်ခုခုတွင်ပါဝင်သည့် အချက်အလက်တစ်ရပ်ရပ်ကို အသုံးပြုခြင်း သို့မဟုတ် အခြားသူတစ်ဦးဦးသို့ ထုတ်ဖော်ခြင်း*

*၂၅။ မည်သူမျှ သတင်းဆိုင်ရာနည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ အသိဉာဏ်ပညာဆိုင်ရာ မူပိုင်ခွင့်တစ်ရပ်ရပ်ကို ခွင့်ပြုချက်မရှိဘဲ ကူးယူခြင်း၊ ကျယ်ပြန့်စွာ သတင်းထုတ်လုပ်ခြင်း၊ ဖြန့်ဝေခြင်း၊ ရောင်းချခြင်း၊ အသုံးပြုခြင်း၊ ဖယ်ရှားခြင်း၊ ပြုပြင်ရောင်းချခြင်း သို့မဟုတ် အစားထိုးခြင်း မပြုရ။*

*၂၆။ မည်သူမျှ သတင်းဆိုင်ရာနည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ အခြားသူတစ်ဦးဦး၏ လျှို့ဝှက်ချက်နှင့် သက်ဆိုင်သော သတင်းအချက်အလက်များကိုရယူခြင်း သို့မဟုတ် ပေးပို့ဖြန့်ချိခြင်းမပြုရ။*

**အခန်း (၄)**

**အရေးယူခြင်း**

*၂၇။ မည်သူမဆို အပိုဒ် ၁၆ ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်လျှင် ကွန်ပျူတာ ဖွံ့ဖြိုးရေးဥပဒေပုဒ်မ ၃၂ အရ အရေးယူခြင်းခံရမည်။*

*၂၈။ မည်သူမဆိုအပိုဒ် ၁၇ ပါ တား*

www.foreverspace.com.mm



**အင်တာနက်သုံးစွဲသူစာရင်း**

| အဆင့် | နိုင်ငံ | သုံးစွဲသူဦးရေ (သိန်း) | နိုင်ငံလူဦးရေ၏ ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၂၉၈၀.၀၀ | ၂၂.၄ |
| ၃ | ဂျပန် | ၉၄၀.၀၀ | ၇၃.၈ |
| ၄ | အိန္ဒိယ | ၈၁၀.၀၀ | ၇.၁ |
| ၁၀ | တောင်ကိုရီးယား | ၃၆၇.၉၅ | ၇၆.၁ |
| ၁၈ | ဗီယက်နမ် | ၂၀၉.၉၃ | ၂၄.၄ |
| ၁၉ | ဖိလစ်ပိုင် | ၂၀၆.၅၀ | ၂၁.၅ |
| ၂၆ | မလေးရှား | ၁၅၈.၆၈ | ၆၂.၈ |
| ၂၇ | တရုတ်(တိုင်ပေ) | ၁၅၁.၄၀ | ၆၆.၁ |
| ၂၉ | ထိုင်း | ၁၃၄.၁၆ | ၂၀.၅ |
| ၄၆ | ဟောင်ကောင် | ၄၈.၇၈ | ၆၉.၅ |
| ၅၆ | စင်ကာပူ | ၃၁.၀၄ | ၆၇.၄ |
| ၈၈ | သီရိလင်္ကာ | ၇.၇၁ | ၃.၇ |
| ၉၈ | ဘင်္ဂလားဒေ့ရှ် | ၅.၀၀ | ၀.၃ |
| ၁၀၃ | နီပေါ | ၃.၉၇ | ၁.၄ |
| ၁၃၆ | လာအို | ၁.၀၀ | ၁.၅ |
| ၁၄၆ | ကမ္ဘောဒီးယား | ၀.၇၀ | ၀.၅ |
| ၁၄၇ | ဘူတန်နိုင်း | ၀.၆၀ | ၀.၇ |
| ၁၅၄ | မြန်မာ | ၀.၄၀ | ၀.၁ |

Source: www.internetworldstast.com

*မြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်လျှင် ကွန်ပျူတာ ဖွံ့ဖြိုးမှုဥပဒေပုဒ်မ ၃၄ အရ အရေးယူခြင်းခံရမည်။*


*၂၉။ မည်သူမဆို အပိုဒ် ၁၈ မှ ၂၆ အထိပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်လျှင် ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေပုဒ်မ ၃၈ အရအရေးယူခြင်းခံရမည်။*

*၃၀။ မည်သူမဆို အပိုဒ် ၁၆ မှ ၂၆ အထိ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေပုဒ်မ ၃၈ အရ အရေးယူခြင်းခံရမည်။*

## တံခါးပေါက်များမှတစ်ဆင့်

ပုံနှိပ်စက်များပေါ်လာစဉ်က လူတိုင်းကို စာဖတ်သူများ ဖြစ်စေခဲ့ပြီး မိတ္တူကူးစက်များပေါ်လာချိန်တွင် လူတိုင်း ထုတ်ဝေသူ အလွယ်တကူဖြစ်သွားနိုင်လေသည်။ ရုပ်သံစက်များပေါ်လာချိန်တွင် လူတိုင်းကို ရုပ်သံကြည့်ပရိသတ်ဖြစ်စေခဲ့သည်။ ယခု ဒစ်ဂျစ်တယ်နည်းပညာ၊ ဆက်သွယ်ရေးစနစ်၊ အင်တာနက်ကွန်ရက်တို့က လူတိုင်းကို ထုတ်လွှင့်သူဖြစ်စေနိုင်ပြီဖြစ်သည်။

အင်တာနက်သည် သိလိုသမျှသော အရာတို့ကို ကြည့်ရှုနိုင်သည့်အပြင် အသုံးချလိုသမျှသော နည်းပညာတို့ကို ရှာဖွေနိုင်သည်။ အဆိပ်ဖော်စပ်နည်းတစ်ခု အကြောင်း သို့မဟုတ် ဆေးဝါးတစ်ခု အကြောင်းကိုလည်း ဂဃနဏ သိရှိနိုင်ပေသည်။



ယင်းသို့သော သီးခြားကမ္ဘာကို ဝင်ရောက်ရန် တံခါးပေါက် သို့မဟုတ် အင်တာနက်ကဖေးများကို အပြိုင်အဆိုင် တိုးတက်ဖွင့်လှစ်လာခြင်းကို ကြိုဆိုရမည် ဖြစ်သည်။ အင်တာနက်ကဖေး၏ တံခါးပေါက်များမှတစ်ဆင့် သီးခြားကမ္ဘာတွင် လိုက်နာအပ်သော ကျင့်ဝတ်များကို လိုက်နာပြီး နိုင်ငံနှင့်ပြည်သူများကို အကျိုးပြုနိုင်ရန်မှာ တာဝန်မပေးလင့်ကစား ထမ်းရမည့်တာဝန်တစ်ရပ် ဖြစ်သည်။

**ကျော်ကျော်မင်း**

www.foreverspace.com.mm





# ရန်ကုန် ကုန်စည်ဈေးကွက်

နိုင်မင်းဝေ ၊ ဇာလီကျော်

## ဘုရင့်နောင်ကုန်စည်ဈေးကွက်

မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန် သီးနှံမျိုးစုံ အဓိကရောင်းဝယ်ရာ ဘုရင့်နောင် အဝေးပြေးကုန်တင်ယာဉ်ရပ်နား စခန်းနှင့် ဈေးပွဲရုံတွင် လယ်ယာလုပ်ငန်း စတင်ချိန်၌ နှစ်စဉ်အရောင်းအဝယ်အေး လေ့ရှိသော်လည်း ယခုနှစ်တွင်မူ ယခင်နှစ် များနှင့်မတူအောင် အရောင်းအဝယ်ထူး ထူးခြားခြားအေးနေသဖြင့် ဝယ်သူကို လည် ပင်းရှည်အောင် မျှော်နေရသည်ဟု စားဖို ဆောင်သီးနှံရောင်းဝယ်ရေးလုပ်ငန်းရှင် တစ်ဦးက ပြောကြားသည်။

ဆန်မျိုးစုံအရောင်းအဝယ်အေးပြီး ဈေးနှုန်းများမှာမူ တစ်အိတ်လျှင် ကျပ် ၂၀၀၀ ကျော်ခန့် အမြင့်သို့ ပြောင်းလဲခဲ့ ကြောင်း၊ ပြည်ပပို့ကုန်ပဲမျိုးစုံဈေးကောင်းရ ပြီး ပဲစင်းငုံမှာမူ ဈေးနှုန်းစံချိန်တင်ခဲ့ ကြောင်း၊ ကြက်သွန်နီနယ်ဈေးမြင့်၍ အာ လူးဈေးကျနေကြောင်း၊ ကုန်ကားများမှာမူ ကုန်ရှားသဖြင့် အလှည့်ကျကုန်စောင့်တင်ရ ပြီး ကုန်မပါဘဲပြန်ကြသည့်ကားများလည်း ရှိကြောင်း သက်ဆိုင်ရာလုပ်ငန်းရှင်များက ပြောကြားသည်။

## တစ်သန်းကျော်တဲ့ ပဲစင်းငုံ

ပြည်ပပို့ကုန်ပဲမျိုးစုံဈေးကွက်တွင် ပဲစင်းငုံနီသည် ပြည်ပတင်ပို့သူများနှင့် ကုန် သည်ကြီးများ၏ ဝယ်လိုအားရှိသော်လည်း လက်ကျန်သိသိသာသာနည်းသဖြင့် ဝယ် သူဘက်မှပေးသော တစ်တန်လျှင် ဆယ် သိန်းခြောက်သောင်းကျော်ဖြင့် စံချိန်တင် ဈေးမြင့်ခဲ့ကြောင်း၊ ထို့အတူ လျှောင်လက် အချို့နှင့် ဝယ်ရောင်းကုန်သည်များ မတ်ပဲ အဝယ်ထွက်သဖြင့် မတ်ပဲဈေးလည်း မြင့် တက်လာပြီး ယေဘုယျအားဖြင့် ပဲမျိုးစုံ ဈေးမြင့်လာသည်ဟုဆိုရမည်ဖြစ်ကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်အခြေစိုက် ပဲရောင်း ဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြား သည်။

ပြီးခဲ့သည့်မေလက ပိဿာ ၆၀ ဝင် မတ်ပဲတစ်အိတ်လျှင် ၆၀,၀၀၀၊ ၆၀,၂၀၀ ကျပ်မှ ဇွန်လအတွင်း ၇၀,၀၀၀၊ ၇၀,၅၀၀ ကျပ်အထိ မြင့်တက်လာပြီး ဇူလိုင်လ ၁ ရက်နေ့တွင် ၇၁,၆၀၀ ကျပ်နှင့် တန် ၂၀၀၊

www.foreverspace.com.mm



၇၉,၅၀၀ ကျပ်နှင့် တန် ၁၀၀ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ပြီးခဲ့သည့်မေလ ၂၉ ရက်နေ့က မတ်ပဲ RC တစ်တန်လျှင် ၅၉၇,၀၀၀ ကျပ်နှင့် ကွန်တိန်နာငါးလုံး၊ ၅၉၈,၀၀၀ ကျပ်နှင့် ကွန်တိန်နာငါးလုံး၊ ၅၉၉,၀၀၀ ကျပ်နှင့် ကွန်တိန်နာငါးလုံး အရောင်းအဝယ်ဖြစ်ခဲ့ပြီးနောက် ဇွန်လ ၃၀ ရက်နေ့တွင် ၇၁၁,၀၀၀ ကျပ်နှင့် ကွန်တိန်နာငါးလုံး၊ ၇၁၂,၀၀၀ ကျပ်နှင့် ကွန်တိန်နာငါးလုံး၊ ၇၁၅,၀၀၀ ကျပ်နှင့် ကွန်တိန်နာငါးလုံး အရောင်းအဝယ်ဖြစ်ခဲ့ကာ ဇူလိုင်လ ၁ ရက်နေ့တွင် ၇၁၀,၀၀၀ ကျပ်နှင့် ကွန်တိန်နာ ငါးလုံး၊ ၇၁၃,၀၀၀ ကျပ်နှင့် ကွန်တိန်နာငါးလုံး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ မတ်ပဲ SQRC တစ်တန်မှာ မေလကုန်က ၇၁၁,၀၀၀ ကျပ်ရှိရာမှ ဇွန်လ ၃၀ ရက်နေ့တွင် ၈၂၅,၀၀၀ ကျပ်ဖြင့် ကွန်တိန်နာငါးလုံး၊ ၈၃၀,၀၀၀ ကျပ်နှင့် ကွန်တိန်နာငါးလုံး၊ ၈၃၃,၀၀၀ ကျပ်နှင့် ၁၅ လုံး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ မေလကုန်က ပဲစင်းငုံနီ တစ်တန်လျှင် ကျပ် ၈ သိန်းနှင့် ကွန်တိန်နာငါးလုံးအရောင်းအဝယ်ဖြစ်ခဲ့ပြီးနောက် ဇွန်လတစ်လလုံး အရောင်းအဝယ်မဖြစ်ဘဲ ခေါ်ဈေးများမြင့်လာပြီး တစ်တန်လျှင် ခေါ်ဈေး ၉၇၀,၀၀၀ ကျပ်အထိ ဖြစ်ခဲ့ပြီးနောက် ဇွန်လ ၃၀ ရက်နေ့တွင် ၁,၀၃၀,၀၀၀ ကျပ်နှင့် စံချိန်တင်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ကုန်စည်ဒိုင်သို့ နေ့စဉ်လာရောက်လေ့ရှိသူတစ်ဦးက ပြောကြားသည်။

## ကြက်သွန်နီ နယ်ဈေးမြင့်

စားဖိုဆောင်သီးနှံမျိုးစုံဈေးကွက်အတွင်း ကြက်သွန်နီသည် ဇွန်လနောက်ဆုံးပတ်များ၌ ထွက်ရှိရာ ဒေသများတွင် အရွယ်စုံ သောင်းပြောင်း တစ်ပိဿာ ကျပ် ၇၀၀ အထိ ဖြစ်လာသဖြင့် ရန်ကုန်ဈေးနှုန်းလည်း ဆက်လက်မြင့်တက်နိုင်ဖွယ်ရှိကြောင်း၊ ဇွန်လအတွင်း တစ်ပိဿာလျှင် ကျပ် ၂၀၀ ခန့် မြင့်တက်ခဲ့ခြင်းကြောင့် ရန်ကုန်သို့ ကြက်သွန်နီအဝင်နည်းလာပြီး တစ်နေ့လျှင် ကားဆယ်စီးခန့်သာဝင်တော့ကြောင်း၊ ပုံမှန်ကုန်သွယ်ရေးမှ ပြည်ပသို့ တင်ပို့မှုမရှိသကဲ့သို့ နယ်စပ်ကုန်သွယ်ရေးတွင်လည်း အဝယ်နည်းကြောင်း၊ ဇူလိုင်လဆန်းတွင် ကြက်သွန်နီစိုက်ပျိုးရာဒေသမှ နယ်ကုန်သည်များက သောင်းပြောင်းတစ်ပိဿာကို ကျပ် ၇၀၀ နှင့် မရောင်းတော့ဘဲ ကြက်သွန်နီအနိမ့်စတစ်ပိဿာ ၅၅၀ ကျပ်၊ အလတ်စ ၇၅၀ ကျပ်၊ ထိပ်စ ၈၅၀ ကျပ်ခန့်ရှိကြောင်းနှင့် နယ်စပ်မှ ထူးထူးခြားခြား အဝယ်မရှိလျှင် လွန်ခဲ့သည့် ၂ နှစ်ခန့်က ဖြစ်ခဲ့သည့် တစ်ပိဿာ ကျပ် ၂၀၀၀ အထိ ဈေးနှုန်းမြင့်တက်မှုမျိုးမဖြစ်နိုင်ကြောင်း စားဖိုဆောင်သီးနှံရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

## တာစူနေတဲ့ကြက်သွန်ဖြူ

ရှမ်းကြက်သွန်ဖြူတစ်ပိဿာလျှင် ၁၂၀၀ ကျပ်မှ ၁၇၀၀၊ ၂၀၀၀၊ ၂၃၀၀ ကျပ်အထိ၊ ကြူကုတ်တစ်ပိဿာ ၁၈၀၀၊ ၁၈၅၀ ကျပ်အထိ ဈေးမြင့်ခဲ့သော ကြက်သွန်ဖြူဈေးနှုန်းသည် ဇွန်လကုန်ခါနီးရက်များတွင် ဈေးငြိမ်နေပြီး ယင်းမှာ တက်ရန်အရှိန်ယူနေခြင်းပင်ဖြစ်ကြောင်း၊ အရောင်းအဝယ်ထင်သလောက်မကောင်းဘဲ သင်္ကြန်အပြီး ရှမ်းကြက်သွန်ဖြူစပေါ်ချိန်နှင့် ယှဉ်ထိုးကြည့်လျှင် ကြက်သွန်ဖြူသိသိသာသာဈေးမြင့်လာပြီး တစ်လအတွင်း တစ်ပိဿာလျှင် ကျပ် ၁၀၀၀ ခန့် ဈေးမြင့်လာသည်ကိုတွေ့ရကြောင်းနှင့် ကြက်သွန်ဖြူအသစ်မပေါ်ခင်ချိန်အထိ လှောင်လက်များ ဈေးစိတ်ကြိုက်ဆွဲတင်နိုင်မည့်အနေအထားဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

## ဈေးပိုဖွင့်တဲ့ငရုတ်

ပြီးခဲ့သည့်မေလက ငရုတ်အဓိကထွက်ရှိရာ ဒေသတစ်ခုဖြစ်သည့် ကျောက်ဆည်တွင် ရေကြီးသည့်သတင်းကို အကြောင်းပြု၍ တစ်ကြိမ်၊ ဝယ်လိုအားမရှိချိန် ရန်ကုန်ဈေးကွက်တွင် ပွဲခမယူဘဲ ပေါက်ဈေးထက် ကျပ် ၁၀၀ ခန့် ပိုဖွင့်၍ နယ်မှ ငရုတ်ပိုမိုတင်ပို့ရန် စည်းရုံးခဲ့စဉ်က တစ်ကြိမ် ဈေးနှုန်းမြင့်တက်ခဲ့သော်လည်း အမှန်တကယ်ဝယ်လိုအားမရှိသဖြင့် တစ်ပိဿာဈေးနှုန်း တစ်ရက်လျှင် ကျပ် ၁၀၀ နှုန်းဖြင့် ပြန်ဆင်းသွားခဲ့ကြောင်း၊ အကယ်၍ ပြည်တွင်းငရုတ်ဈေးပြန်မြင့်လာပါက ပြည်ပမှ ဗီယက်နမ်ငရုတ်ကဲ့သို့ ငရုတ်များဝင်လာရန်ရှိ၍ ငရုတ်သီးဈေးတက်ရန်မရှိကြောင်း၊ ငရုတ်သီးအဝင်မှာ တစ်ရက်လျှင် အိတ် ၃၀၀ ခန့်ရှိပြီး တစ်ပိဿာဈေးနှုန်း ငရုတ်သီးမိုးထောင် ၂၆၀၀၊ ၂၇၀၀ ကျပ်၊ အရှည် ၂၈၀၀ ကျပ်၊ စိမ်းစားပု ၄၆၀၀ ကျပ်ခန့်နှင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း စားဖိုဆောင်သီးနှံရောင်းဝယ်ရေး လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။



www.foreverspace.com.mm

## အောင်ပန်းအာလူး ဝင်ရောက်

ဇွန်လနောက်ဆုံးပတ်၌ ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်းဒေသမှ အာလူးအသစ်များ ဝင်လာကြောင်း၊ သို့ရာတွင် အရောင်နီပြီး အစိုဓာတ်များသဖြင့် ဝယ်လက်များက ဟဲဟိုးအာလူးအဟောင်း အမည်းနှင့် အဖြူသီးများကိုသာ ပိုဝယ်ကြကြောင်း၊ တစ်ရက်လျှင် အာလူးကား ပုံမှန် ငါးစီးခန့် ဝင်ရောက်ပြီး အာလူးအဝင်နည်းသည်ဟုပြောနိုင်ကြောင်း၊ အာလူးအဝင်နည်းသော်လည်း မိုးဦးကာလ သား ငါး ပေါသည့်ရာသီဖြစ်၍ ဈေးနှုန်းသိသိသာသာမမြင့်ဘဲ အာလူးတစ်ပိဿာ ၄၀၀ ကျပ်မှ ၅၉၀ ကျပ်ခန့်နှင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း စားဖိုဆောင်သီးနှံမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

## မာပြီးအေးတဲ့ ဆန်


ဘုရင့်နောင်ဆန်ဈေးကွက်တွင် ဆန်ချောနှင့်ဆန်ကြမ်း နှစ်မျိုးစလုံးဈေးမာနေရုံသာမက အရောင်းအဝယ်လည်း သိသိသာသာအေးနေပြီး နယ်မှလည်း အမှာနည်းကြောင်း၊ အထူးသဖြင့် ရန်ကုန်အိမ်ရှင်မများအကြိုက် ပေါ်ဆန်းမွှေးမှာ သိသိသာသာဈေးမာနေပြီး ၁၀၈ ပေါင်တစ်အိတ်လျှင် ကျပ် ၂၀၀၀ မှ ၃၀၀၀ ကြား မြင့်တက်လာကြောင်း၊ ဆန်ကွဲမှာလည်း တစ်အိတ်လျှင် ကျပ် ၃၀၀၀ ခန့် မြင့်တက်လာကြောင်း၊ ဆန်ကြမ်းမှာမူ အရောင်းအဝယ်မသွက်သည့်အပြင် နယ်ဆန်စက်သမားကလည်း ရန်ကုန်သို့ များစွာမတင်ပို့သည်မှာ နယ်စပါးဈေးနှင့် ရန်ကုန်ဆန်ပေါက်ဈေး မကိုက်၍ဖြစ်ကြောင်း ပိတောက်လမ်းမှ ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ဆန်ကွဲအကြီး တစ်အိတ် ၁၁,၀၀၀ ကျပ်မှ ၁၁,၅၀၀ ကျပ်၊ တူးသရီးဖိုးတစ်အိတ် ၁၀,၂၀၀ ကျပ်၊ ဝမ်းတူး ၁၀,၁၀၀ ကျပ်၊ ပေါ်ဆန်းထိပ်စတစ်အိတ် ၂၈,၀၀၀ ကျပ်၊ အနိမ့်စ ၂၄,၀၀၀ ကျပ်၊ ဆန်ကြမ်း (မိုး) ၁၀၈ ပေါင်တစ်အိတ် ၁၆,၅၀၀၊ ၁၇,၀၀၀ ကျပ်၊ ဆန်ကြမ်းနွေ ၁၀၈ ပေါင်တစ်အိတ် ၁၆,၀၀၀ ၊ ၁၆,၃၀၀ ကျပ်ခန့်ရှိကြောင်း ဆန်ဈေးကွက်အတွင်း စုံစမ်းသိရှိရသည်။

## ခွဲတမ်းလျှော့တဲ့ စားအုန်းဆီ

စားအုန်းဆီကိုယ်စားလှယ်များ၏ ကိုတာ (ခွဲတမ်း) ကို သုံးပီပါမှ နှစ်ပီပါသို့ လျှော့ချပေးခဲ့သော်လည်း စားအုန်းဆီဈေးနှုန်းများပြန်အေးလာကြောင်း ဆီရောင်းဝယ်ရေးလုပ်ငန်းရှင်များက ပြောကြားသည်။

တစ်လလျှင် ၁၂ ပီပါ (တစ်ပတ် သုံးပီပါ) ထုတ်ပေးနေသော စားအုန်းဆီခွဲတမ်းသည် ဘဏ်တွင် ငွေ ငါးကြိမ်သွင်းရသော ဇွန်လ၌ ၁၅ ရက်၊ ၂၂ ရက်၊ ၂၉ ရက်နေ့များတွင် သုံးပီပါမှ နှစ်ပီပါသို့ လျှော့ချပေးခဲ့ကြောင်း၊ ခွဲတမ်းဆီပီပါ အလုံးအရေအတွက်လျှော့သွားသော်လည်း ပြင်ပလက်ကားဈေးတက်လာခြင်းမရှိကြောင်း၊ ဇွန်လ ၁၅ ရက်နေ့က အပြင်လက်လီဈေး တစ်ပိဿာ ၁,၈၀၀ ကျပ်အထိရောက်ခဲ့သော စားအုန်းဆီသည် ယခု ဇူလိုင်လ ၂ ရက်နေ့တွင် တစ်ပိဿာ ၁,၅၉၀ ကျပ်သို့ ပြန်ဆင်းလာခဲ့ကြောင်း၊ ပြီးခဲ့သည့် မေလ ၂၀ ရက်နေ့က အမြင့်ဆုံးတစ်ပိဿာ ၁,၈၆၀ ကျပ်နှင့်နှိုင်းယှဉ်လျှင် ခွဲတမ်းလျှော့သော်လည်း အပြင်ဈေးမတက်ကြောင်း၊ ပြီးခဲ့သည့်နှစ်က ယခုလိုအချိန်တွင် စားအုန်းဆီ တစ်ပိဿာ ၃,၁၀၀ ကျပ်အထိရောက်ခဲ့ကြောင်း၊ ဇွန်လ ၁ ရက်နေ့က ဘဏ်သွင်းဈေးနှုန်းမှာ တစ်ပိဿာ ၁,၆၅၁ ကျပ်သွင်းရပြီး ဇွန်လ ၂၂ ရက်နေ့တွင် တစ်ပိဿာ ၁,၆၈၁ ကျပ်သို့ပြောင်းလဲခဲ့သော်လည်း စားအုန်းဆီဈေးမှာ အေးနေကြောင်း၊ မိုးရာသီဖြစ်ခြင်း၊ မိုးဆက်တိုက်ရွာသွန်းနေခြင်းတို့ကြောင့် နယ်စပ်မှ ပုံးဆီများအဝင်များပြီး စားအုန်းဆီဈေးအေးနေရခြင်းဖြစ်ကြောင်း ဘုရင့်နောင်ပွဲရုံ ၄ဝါလမ်းမှ ဆီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။



## ဒါလီပြန်တဲ့ ကုန်ကား

၁၁၃ မိုင်ခန့်ကွာဝေးသော ရန်ကုန်–ပုသိမ် ကုန်စည်တင်ပို့မှုတွင် မေလ ၂၂ ရက်နေ့က ပုသိမ်မှ ရန်ကုန်သို့ ဆန်တစ်အိတ်တန်ဆာခ ၃၅၀ ကျပ်ခန့်ပေးရသော်လည်း ကုန်ကားဂိတ်များညှိ၍ ၄၅၀ ကျပ်ထက်လျှော့မယူရန် သဘောတူသတ်မှတ်ခဲ့ကြောင်း၊ ဇွန်လလယ်တွင် ဆန်တစ်အိတ်သယ်ပို့ခ ၅၅၀၊ ၅၀၀ ကျပ်ခန့် ဖြစ်လာပြီး ဇွန်လကုန်တွင် ဆန်တစ်အိတ် ၆၀၀၊ ၆၅၀ ကျပ်အထိဖြစ်လာကြောင်း၊ ပုသိမ်နှင့်မနီးမဝေးတွင်ရှိသည့် ကန်ကြီးဒေါင့်၊ ဒါးက (မိုင် ၉၀)၊ ဟင်္သာတသို့တင်ပို့ရာတွင် တစ်

www.foreverspace.com.mm

အိတ်လျှင် ကျပ် ၄၀၀ ခန့်သာ တန်ဆာခယူကြောင်း၊ အကျိုးဆက်အနေဖြင့် ပုသိမ်ကားများ အဝင်များပြီး ရန်ကုန်တွင် ကုန်ပစ္စည်းပုံမှန်သာရှိ၍ ကုန်ကားများ ကုန်ရရန် နှစ်ညအိပ် အလှည့်ကျ စောင့်တင်ရကြောင်း၊ တချို့ကုန်ကားများ ပုသိမ်သို့ ခါလီပြန်ကြကြောင်းနှင့် ကုန်ရှားပြီး ကားပေါနေကြောင်း ရန်ကုန်–ပုသိမ် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

မေလကုန်တွင် ပုသိမ်–ရန်ကုန်ဆန်တစ်အိတ်တန်ဆာခ ၃၅၀ ကျပ်သာရှိသော်လည်း ဆန်မတင်ဘဲ အထပ်သားနှင့် မှန်တင်လျှင် ဈေးကောင်းရကြောင်း၊ သို့ရာတွင် ယင်းပစ္စည်းများမှာ ပုံမှန်တင်နေကျကုန်ကားများသာ တင်ခွင့်ရကြောင်း၊ အထပ်သားတင်လျှင် ၁၀ ဘီးကားတစ်စီး လေးသိန်းကျော်၊ မှန်တင်လျှင် ခြောက်ဘီးကားတစ်စီး နှစ်သိန်းခန့်ရကြောင်း၊ အထပ်သားတင်သည့်ကားများ ပိုတွက်ခြေကိုက်သဖြင့် ရန်ကုန်တွင် ကုန်မရလျှင် အလွတ်ပြန်ကြောင်း ကုန်တင်ယာဉ်မောင်းတစ်ဦးက ပြောကြားသည်။

အဝေးပြေးကုန်စည်ပို့ဆောင်ရေးစခန်းတစ်ခုလုံးအနေဖြင့် ကုန်ရှား၍ အများစုမှာ ဂိတ်တွင် အလှည့်စောင့်ရကြောင်း၊ နွေရာသီတွင် ကုန်ကားဂိတ်များ ကားလိုက်ရှာနေရပြီး၊ ယခုအခါ ဂိတ်အလှည့်ရရန် တန်းစီနေရကြောင်း၊ မြန်မာနိုင်ငံအထက်ပိုင်း မန္တလေး–တောင်ကြီး ၁၀ ဘီး၊ ၁၂ ဘီးကားများသည် မိုင်လေးရာကျော်အကွာအဝေးခရီးအတွက် အသွားအပြန် တာယာခ နှစ်သိန်းအပါအဝင် ၁၂ သိန်းခန့်ကုန်ကျကြောင်း၊ ယခုမိုးရာသီတွင် အသွားအပြန် ၁၅ သိန်းဝန်းကျင်သာရနေသဖြင့် တာယာဖိုးထည့်မတွက်ဘဲ ပြေးဆွဲနေရသည့်သဘောဖြစ်ကြောင်း ကုန်ကားလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ယခင်နွေရာသီလုပ်ငန်းကောင်းချိန် ၁၂ ဘီးကားတစ်စီး မန္တလေးမှ ရန်ကုန်အဆင်း ကုန်ချိန် ၂၄၀၀၀ (ပိဿာ) တင်ဆောင်၍ အဆင်းတစ်ကြောင်းတည်း



အတွက် ၁၈ သိန်းခန့်ရသော်လည်း ယခုအခါ အဆင်း ခုနစ်သိန်း၊ အတက် ခုနစ်သိန်းဝန်းကျင်သာရကြောင်း စရိတ်နှင့်တွက်လျှင် ကိုက်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

ဒီဇယ်ဈေးမှာ တစ်ပီပါလျှင် ၁၃၁,၀၀၀ မှ ၁၃၄,၀၀၀ ကြားရှိကြောင်း ဘုရင့်နောင် ဒီဇယ်ဈေးကွက်မှ စုံစမ်းသိရှိရသည်။

## သကြား၊ ထန်းလျက်ဈေးမြင့်

ဇွန်လဆန်းက ညောင်ဦး ဆေးခပ်ထန်းလျက် တစ်ပိဿာလျှင် ၄၅၀၊ ၄၈၀ ကျပ်ဖြင့် ဈေးငြိမ်ခဲ့ပြီး ဇွန်လကုန်တွင် တစ်ပိဿာလျှင် ကျပ် ၅၉၀၊ ၆၀၀ အထိ ဈေးတက်လာကြောင်း၊ လယ်ယာလုပ်ငန်းဝင်နေကြချိန်ဖြစ်၍ အသုံးပြုမှုနည်းသော်လည်း ဝါဆိုလပြည့်နေ့ နီးကပ်လာချိန်တွင် အလှူအတန်းအတွက် အသုံးများ၍ဖြစ်နိုင်ကြောင်း၊ ထို့အတူ လှိုင်ထန်းလျက် တစ်ပိဿာလျှင် ၃၈၀ ကျပ်ဖြင့် ဈေးငြိမ်ခဲ့သော်လည်း ယခုရက်ပိုင်းတွင် ၄၆၀ ကျပ်အထိ ဈေးမြင့်လာကြောင်း၊ သကြားဈေးမှာလည်း တစ်ပိဿာလျှင် ၆၉၀၊ ၇၂၀ ကျပ်ဈေးနှုန်းတွင် ရက်အတန်ကြာဈေးငြိမ်ခဲ့ပြီး ယခုရက်ပိုင်းတွင် တစ်ပိဿာ ၇၁၀၊ ၇၅၀ ကျပ်သို့ ဈေးပြန်မြင့်လာကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

## ညောင်ပင်လေးပလာဇာဈေးကွက်

မိုးဖြိုင်ဖြိုင်ရွာသွန်းနေသော ကျောင်းဖွင့်ရာသီဖြစ်သည့် ဇွန်လဆန်းမှစ၍ လအနည်းငယ်ကြာအထိ အချိန်များသည် ညောင်ပင်လေးပလာဇာဈေးကွက်အတွင်း ပုံမှန်အရောင်းအဝယ်ပါးလေ့ရှိသည့် အချိန်ဖြစ်သည်။ ယခုလအတွင်း ငွေမာဈေးများ အပြောင်းအလဲရှိနေခြင်းကြောင့် ပြည်ပမှတင်သွင်းသည့်စားသောက်ကုန်အပါအဝင် ပစ္စည်းအချို့ ဈေးအနည်းငယ်မြင့်မားနေကြောင်း၊ လတ်တလောတွင် နယ်စပ်အဝင်အထွက်ဆိုင်ရာ လမ်းကြောင်းအခြေအနေနှင့် ငွေဈေးတို့ကြောင့် ပြည်ပမှဝင်သည့် ပစ္စည်းတို့၏နှုန်းထား အဆနှုန်းများစွာတက်နိုင်သော်လည်း ယခုဈေးကွက်အနေအထားမှာ အေးနေပြီး ပုံမှန်ထက် အနည်းငယ်သာ ဈေးမြင့်တက်မှုရှိကြောင်း အဆိုပါဈေးအတွင်း ပစ္စည်းဝယ်ယူရောင်းချသူတို့ထံမှ သိရသည်။

ထို့ကြောင့် ဈေးကွက်သို့တင်သွင်းသူတို့မှာ တွက်ခြေမကိုက်ကြောင်းနှင့် ပြည်တွင်း၌ တစ်ဆင့်ခံပြန်လည်ရောင်းချသူများမှာလည်း ဈေးကွက်အေး၍ ငွေပေါ်နေး

www.foreverspace.com.mm

ခြင်းကြောင့် ငွေချေသည့်အပိုင်းတွင် ကြန့်ကြာမှုများရှိလာသည့်အတွက် ဈေးကွက်အတွင်း ကျပ်တည်းမှုများရှိလာကြောင်း ၎င်းတို့ထံမှ သိရသည်။

လာမည့်ရက်သတ္တတစ်ပတ်အတွင်း ဝါဆိုလသို့ ဝင်ရောက်မည်ဖြစ်ပြီး ဝါဆိုပွဲတော်နှင့် နီးကပ်နေသော်လည်း အဆိုပါ ဝါဆိုပွဲတော်နှင့် အလှူအတန်းတို့မှာ စားသောက်ကုန်ဈေးကွက်ကို သိသာစွာ အကျိုးသက်ရောက်မှုမရှိကြောင်း အဆိုပါ ဈေးကြီးအတွင်းမှ စားသောက်ကုန်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ညောင်ပင်လေးပလာဇာဈေးကွက်သည် မြန်မာနိုင်ငံအတွင်းရှိ ဒေသစုံ ဝယ်လိုအားပေါ်တွင် မှီတည်ပြီး အဓိကအားဖြင့် နယ်ဝယ်လက်များကို အားထားမှုရှိသည့် ဈေးကြီးတစ်ဈေးဖြစ်ရာ မိုးရာသီသို့ရောက်ရှိလာပြီး တောင်သူများ လယ်ယာလုပ်ငန်းခွင်ဝင်ချိန်ဖြစ်သည့်အပြင် ကျောင်းဖွင့်ရာသီလည်းဖြစ်သော ယခုအချိန်အခါမျိုး၌ လအနည်းငယ်ခန့်အထိ နှစ်စဉ်ပုံမှန်ရောင်းအားကျဆင်းလေ့ရှိကြောင်း၊ လတ်တလောတွင်မူ ညောင်ပင်လေးပလာဇာဈေးကွက်ကို မည်သည့်အခြေအနေအရပ်ရပ်၏ အကျိုးသက်ရောက်မှုမျှမရှိကြောင်း အဆိုပါဈေးကြီးတွင် စားသောက်ကုန်ရောင်းချနေသည့် ဝါရင့်လုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

## ပြည်ပအချိုရည်ဈေး အနည်းငယ်တက်

ရာသီချိန်ကုန်သွားသည့်အတွက် ငြိမ်နေသည့်အချိုရည်ဈေးကွက်တွင် ဇွန်လအတွင်း ပြည်တွင်းအချိုရည်ဈေးနှုန်းတို့ အပြောင်းအလဲမရှိ ငြိမ်သက်နေသော်လည်း ပြည်ပမှတင်သွင်းသည့် အချိုရည်တို့ ဈေးအနည်းငယ် မြင့်တက်လျက်ရှိသည်။ ယခုလအတွင်း ငွေဈေးနှုန်းအနည်းငယ်မြင့်သွားမှုရှိ၍ ယင်းကဲ့သို့ ဈေးပြန်လှုပ်ခြင်းဖြစ်သည်။ စင်ကာပူနိုင်ငံမှ ဝင်ရောက်သည့် အချိုရည်ဈေးနှုန်းများမှာ အနည်းငယ်သာ မြင့်တက်မှုရှိပြီး ဈေးကွက်အတွင်း အဓိကတင်သွင်းသည့် Coke (သံ) ဘူးများမှာ တစ်ကတ်လျှင် ကျပ် ၂၀၀ မှ ၃၀၀ ခန့်သာ မြင့်သွားခဲ့ပြီး ထိုင်းနိုင်ငံမှ ဝင်ရောက်သည့် (သံ) ဘူးများမှာမူ တစ်ကတ်လျှင် ကျပ် ၄၀၀ မှ ၈၀၀ ခန့်အထိ မြင့်တက်လျက်ရှိကြောင်း ညောင်ပင်လေးပလာဇာ ပထမထပ်ရှိ အချိုရည်လက်လီလက်ကားရောင်းချသူတို့ထံမှ သိရသည်။

ဇွန်လနောက်ဆုံးပတ်အတွင်း ပြည်ပမှ ဝင်ရောက်သည့် အချိုရည်ဈေးကွက်အတွင်း သံကတ်ခေါ် သံဘူးများမှာ တစ်ကတ်လျှင် Coke ၁၀,၀၀၀ ကျပ်၊ Sprite ၁၀,၀၀၀ ကျပ်၊ ဆန်းကစ် ၁၀,၀၀၀ ကျပ်၊ 100Plus ၉,၉၀၀ ကျပ်၊ ကိုလာ (လိမ္မော်) ၁၄,၉၀၀ ကျပ်၊ ကိုလာ (လိုင်ချီး) ၁၅,၂၀၀ ကျပ်စသည်ဖြင့် ပေါက်ဈေးအသီးသီးရှိနေသည်။

## နို့ဆီအဝယ်ပါး၊ ဈေးအေး

ပုံမှန်အားဖြင့်မူ နို့ဆီသည် ရာသီအလိုက် စားကုန်မဟုတ်ဘဲ ရာသီစုံသုံးစွဲလေ့ရှိသော စားကုန်တစ်မျိုးဖြစ်ရာ ပုံမှန်ရှိနေသည့်ဈေးကွက်တစ်ခုဖြစ်သည်။ သို့ရာတွင် ယခုနှစ်အတွင်း နို့ဆီဈေးကွက်မှာ အရောင်းအဝယ်အေးနေ၍ ဈေးနှုန်းများမှာလည်း အကျဘက်တွင်သာ တောက်လျှောက်ရှိနေခဲ့သည်။ ယခုဇွန်လအတွင်း ငွေဈေးများတက်နေခြင်းကြောင့် ပြည်ပသွင်းကုန်အချို့ ဈေးမြင့်မားမှုရှိနေသော်လည်း ပြည်ပမှဝယ်ယူတင်သွင်းသည့် နို့ဆီဈေးကွက်မှာ ဈေးမြင့်မားမှုမရှိဘဲ ငြိမ်သက်လျက်သာရှိနေသည်ကို တွေ့ရသည်။

နို့ဆီလက်လီလက်ကားဈေးကွက်အတွင်း လက်ရှိပေါက်ဈေးများအရ ဇွန်လနောက်ဆုံးပတ်အတွင်း Dawn ၆၆၅ ကျပ်၊ Falcon ၅၈၀ ကျပ်၊ One Tea ၅၇၅ ကျပ်၊ ဘိုမခြင်းဆွဲ ၅၃၀ ကျပ်နှင့် ပြည်တွင်းရှိ နာမည်ကျော်စားသောက်ကုန်များ ထုတ်လုပ်ဖြန့်ချိလျက်ရှိသည့်ကုမ္ပဏီမှ ထုတ်လုပ်သော UK အမှတ်တံဆိပ် နို့ဆီမှာ ၄၇၀ ကျပ် စသည်ဖြင့်ရှိနေကြောင်း အဆိုပါဈေးကွက်အတွင်းမှ သိရသည်။

## ပုံမှန်နှုန်းနဲ့ ငါးသေတ္တာ၊ အသားဘူး

ပြည်ပမှတင်သွင်းသည့် စားသောက်ကုန်အချို့ ယခုဇွန်လအတွင်း ငွေဈေးတက်လာမှုကြောင့် ဈေးနှုန်းမြင့်သွားမှုရှိနေသော်လည်း အရောင်းအဝယ်ဈေးကွက် ပုံမှန်ဖြစ်သည့် ငါးသေတ္တာ၊ အသားဘူးတို့၏ ဈေးနှုန်းများမှာ သိသာစွာမြင့်တက်သွားခြင်းမရှိဘဲ ပုံမှန်နီးပါးသာရှိနေသည်ကို အဆိုပါဈေးကြီး၏ ဈေးကွက်အတွင်း ပေါက်ဈေးများအရ သိရသည်။



www.foreverspace.com.mm



ပြည်ပမှဝင်ရောက်သည့် ငါးသေတ္တာဘူးများတွင် တြိဂံအမှတ်တံဆိပ်ဘူးကြီး ၁,၂၂၅ ကျပ်နှင့် ဘူးသေး ၆၃၀ ကျပ်၊ မျှော်စင် (CC) ၇၀၀ ကျပ်၊ Family ၆၀၀ ကျပ်၊ Hi-Q ၆၃၅ ကျပ်တို့ဖြစ်ပြီး ပြည်တွင်းထုတ် Ready အမှတ်တံဆိပ်များတွင်မူ ဆာဒင်း ၄၄၀ ကျပ်၊ ငါးသလောက် ၈၁၀ ကျပ်၊ ဆိတ်သား ၇၆၀ ကျပ်၊ အမဲသား ၆၇၅ ကျပ်၊ ကြက်သား ၈၆၀ ကျပ် စသည်ဖြင့် ပေါက်ဈေးများရှိနေကြောင်း အဆိုပါဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

## အရောင်းအေး ဆပ်ပြာ

ဆပ်ပြာတောင့်ဈေးကွက်တွင် ထုတ်လုပ်မှုအမြင့်ဆုံးနှင့် ရောင်းအားအတွင်ကျယ်ဆုံးဖြစ်သော ရွှေဝါဆပ်ပြာမှာ ညောင်ပင်လေးပလာဇာရှိ ပုဂ္ဂလိကဈေးကွက်၌ ပြီးခဲ့သည့်လကထက် ကျပ် ၂၀၀ ပြန်ပြုတ်ကျခဲ့ပြီး ၁၆,၈၀၀ ကျပ်တွင်သာရှိနေကြောင်း ယင်းဈေးကွက်အတွင်းမှ ဇွန်လနောက်ဆုံးပတ်အတွင်း သိရသည်။

ရာသီချိန်ကာလကုန်လွန်သွားသော်လည်း ပြီးခဲ့သည့်မေလအတွင်းထိ ရောင်းအားကောင်းမွန်မှုရှိနေခဲ့သည့် အဆိုပါဆပ်ပြာတောင့်ဈေးကွက်မှာ ဇွန်လအတွင်းသို့ရောက်ချိန်တွင်မူ နယ်ဝယ်အား ပြန်ပါးသွားခဲ့ကြောင်း၊ အဆိုပါဆပ်ပြာတောင့်ဈေးကွက်၏ အဓိကဝယ်လက်မှာ နယ်ဝယ်လက်များဖြစ်သည့်အတွက် ယင်းတို့အဝယ်ကျဆင်းသည့်အခါ ဈေးကွက်တွင် အရောင်းအေးသွားကြောင်း ညောင်ပင်လေးပလာဇာ၌ ဆပ်ပြာလက်ကားရောင်းချသည့်လုပ်ငန်းရှင်အချို့က ဆိုသည်။

ယခုကဲ့သို့ ဆပ်ပြာတောင့် ဈေးကွက်အတွင်း အရောင်းပါးနေသော်လည်း ယင်းမှာ ယခင်နှစ်အရောင်းစံချိန်အတိုင်းသာရှိနေခြင်းဖြစ်ကြောင်းနှင့် အဆိုပါရောင်းအားကို ကျော်လွန်ကျဆင်းသွားခြင်းမရှိကြောင်း လက်ကားရောင်းချသည့်လုပ်ငန်းရှင်တစ်ဦးက လက်ရှိအနေအထားကိုပြောပြသည်။

ယခုနှစ်ဆပ်ပြာဈေးကွက်အတွင်း ဝင်ရောက်လာသည့် ပြည်တွင်းနာမည်ကျော်စားသောက်ကုန်လုပ်ငန်းတစ်ခုမှ ထုတ်လုပ်သော ဂေါ်ဇီလာဆပ်ပြာတောင့်မှာ ဈေးကွက်ဝယ်လိုအားရှိသော်လည်း ယင်းဝယ်လိုအားပမာဏကို ပြည့်မီစွာ ဖြည့်တင်းမပေးနိုင်သောကြောင့် ဈေးကွက်အတွင်း ပစ္စည်းရှားနေကြောင်း ညောင်ပင်လေးပလာဇာရှိ ဆပ်ပြာလက်ကားဖြန့်ဖြူးသည့် လုပ်ငန်းရှင်များထံမှ သိရသည်။ ယင်းဆပ်ပြာ၏ လက်လီဈေးကွက်အတွင်း ပေါက်ဈေးမှာ တစ်ဖာလျှင် ကျပ် ၂၂,၀၀၀ ကျော်ခန့်ရှိနေသည်ဟု ဈေးကွက်အတွင်းမှ သိရသည်။

ပုဂ္ဂလိကပိုင်လုပ်ငန်းမှ ထုတ်လုပ်ပြီး အရည်အသွေးကောင်းမွန်မှုကြောင့် ဆပ်ပြာဈေးကွက်အတွင်း ကာလတစ်ခုကြာသည့်တိုင် သုံးစွဲသူတို့၏ အသိအမှတ်ပြုခြင်းရရှိထားသော ရွှေမင်းသားဆပ်ပြာတောင့်မှာလည်း ဈေးကွက်အတွင်းပစ္စည်းအဝင်နည်းနေကြောင်းနှင့် ကျပ် ၂၂,၀၀၀ ခန့် ပေါက်ဈေးရှိနေကြောင်း ဆပ်ပြာဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ဆပ်ပြာမှုန့်ဈေးကွက်မှာမူ အပြောင်းအလဲမရှိ ပုံမှန်သာရှိကြောင်း စုံစမ်းသိရှိရသည်။

## ရိုးဖြောင့်မှုမှသည် ဈေးကွက်ယုံကြည်မှုသို့

ဘောဂဗေဒပညာရှင်များ၊ စီးပွားရေးပညာရှင်များ ဖော်ထုတ်သုတေသနပြုချက်များအရ ဈေးကွက်တစ်ခု ပုံမှန်လည်ပတ်မှုရှိဖို့ဆိုလျှင် ဈေးကွက်ဆိုင်ရာ အခြေခံအဆောက်အအုံ များဖြစ်သည့် ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်း၊ စွမ်းအင်ကဏ္ဍများခိုင်မာအားကောင်းရန် လိုအပ်သကဲ့သို့ စီးပွားရေး ကုန်သွယ်ရေးဆိုင်ရာမူဝါဒများ၊ သတင်းအချက်အလက် မြန်ဆန် ပွင့်လင်းမြင်သာမှု၊ တစ်ပြေးညီ စည်းကမ်းဥပဒေသက်ရောက်မှု၊ သက်ဆိုင်ရာအဖွဲ့အစည်းများက နယ်ပယ်တစ်ခုလုံး အကျိုးစီးပွားဖော်ဆောင်နိုင်မှု၊ လက်ဝါးကြီးအုပ် သတင်းအချက်အလက်ထိမ်ချန်မှုနှင့် ဈေးကွက်အပိုင်စီးကင်းစင်မှု၊ ပတ်ဝန်းကျင်နိုင်ငံများနှင့် ကမ္ဘာလုံးဆိုင်ရာအပြောင်းအလဲများ၊ ချမှတ်ပြဋ္ဌာန်းထားသောမူဝါဒများ ပြည့်စုံတောင့်တင်းမှု၊ နိုင်ငံရေးတည်ငြိမ်မှုတို့အပေါ်တွင်လည်း မူတည်နေသည်ဟု ဆိုသည်။ ထိုအချက်များနှင့်ညီညွတ်စေရန်မှာ ဈေးကွက်ဖော်ဆောင်မောင်းနှင်သူများနှင့် ရိုးဖြောင့်မှုက အဓိကကျသည်။ ရိုးဖြောင့်သူများက ဖော်ဆောင်မှသာ ထိုနယ်ပယ်အတွင်းရှိသူများ၏ ယုံကြည်ကိုးစားမှုရရှိနိုင်သည်။ နယ်ပယ်အတွင်းရှိသူအချင်းချင်း အပြန်ပြန်အလှန်လှန်ယုံကြည်မှုရှိမှသာ ဈေးကွက်တည်ငြိမ်မှုရနိုင်သည်။ ဤအချက်များသည် မည်သည့်ဈေးကွက်မဆို အခြေခံရှိနေရမည့် သဘောသဘာဝများလည်းဖြစ်သည်။ ဈေးကွက်တစ်ခုသည် ကျန်နယ်ပယ်အားလုံးနှင့် မဖြစ်မနေဆက်စပ်နေသည့်အလျောက် တစ်နေရာရာတွင် ယုံကြည်မှုပျက်ယွင်းစေသောအကြောင်းကိစ္စတစ်ခုပေါ်ပေါက်လာလျှင် ဈေးကွက်တည်ငြိမ်မှုကို အားလျော့စေသည်။ အထူးသဖြင့် အတ္တအကျိုးသက်သက်ဖော်ဆောင်မိလျှင် အများ 'ပရ' ၏ယုံကြည်မှုပျက်ယွင်းစေသည်။ ထိုအခါဈေးကွက်တို့ ကသောင်းကနင်းဖြစ်တတ်သည်။ ဤသို့မဖြစ်စေရန်မှာ ဈေးကွက်အတွင်းရှိနေသူအားလုံးတွင်တာဝန်ရှိသည်ဟု ပုံမှန်ဈေးကွက်လေ့လာစောင့်ကြည့်သူတစ်ဦးက သုံးသပ်အကြံပြုသည်။

**နိုင်မင်းဝေ၊ ဇာလီကျော်**



www.foreverspace.com.mm



# ရက်စွဲမှတ်တမ်း

**၂-၆-၂၀၀၉**✻ ရက်ပေါင်း ၆၀ အသုံးပြုနိုင်သည့် FEC ၅၀ တန် CDMA 450 MHz တစ်ခါသုံးဖုန်းကတ်များကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်သော စင်ထရယ်မားကတ်တင်းကုမ္ပဏီက စတင်ရောင်းချ။

✻ စစ်တပ်အတွင်းသို့အမှုထမ်းရန် မိမိသဘောဆန္ဒအလျောက်ဝင်ရောက်လာသည်ဟုဆိုသည့် အရွယ်မရောက်သေးသူလူငယ်ရှစ်ဦးကို မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်အပ်နှံမှုတစ်ရပ် ရန်ကုန်မြို့ မင်္ဂလာဒုံတပ်နယ်ရှိ အစည်းအဝေးခန်းမတွင်ပြုလုပ်။

✻ တက္ကသိုလ်ထင်ကြီး ဒစ်ဂျစ်တယ်ရည်ညွှန်းစာကြည့်တိုက်ကို တည်ထောင်ခဲ့သူ စာပေဆုများရှင် စာရေးဆရာမောင်ဆုရှင် (ခ) ဦးမျိုးသန့် အသက် ၇၈ နှစ် ကွယ်လွန်။

**၃-၆-၂၀၀၉**✻ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရာထူးကိုထမ်းဆောင်ခဲ့သော ပထမဆုံးအာရှသားဖြစ်သည့် မြန်မာနိုင်ငံသား ဦးသန့်၏ အသက် ၁၀၀ ပြည့်အထိမ်းအမှတ်အခမ်းအနားကို ဇွန်လ ၃ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုနယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ကျင်းပ။

✻ မန္တလေးမြို့တော်ကို သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေသည့် ပလတ်စတစ်အိတ်ပါး (ကြွပ်ကြွပ်အိတ်) ကင်းစင်သော မြို့တော်ဖြစ်စေရန်အတွက် မြို့တော်အတွင်းရှိ ပလတ်စတစ်အိတ်ပါး (ကြွပ်ကြွပ်အိတ်) ရောင်းဝယ်ဖောက်ကားကြသူများ၊ နည်းလမ်းအမျိုးမျိုးဖြင့်အသုံးပြုသူများ၊ ထုတ်လုပ်သူများအနေဖြင့် လက်ဝယ်ရှိသော အဆိုပါအိတ်များကို ဇွန်လ ၂၁ ရက်မတိုင်မီအထိသာ အသုံးပြုကြရန် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (MCDC) က ထုတ်ပြန်ကြေညာ။

**၄-၆-၂၀၀၉**✻ မုံရွာမြို့ ခတက္ကန်ကျေးရွာ၊ ဗောဓိတစ်ထောင်သာသနာ့နယ်မြေတွင် တည်ထားသည့် လေးကျွန်းစကြာရပ်တော်မူရုပ်ပွားတော်မြတ်ကြီးပေါ်သို့ ရွှေပါရမီတောရဆရာတော်အရှင်ဆန္ဒာဓိက၊ ဆရာတော် ရဝေနွယ် (အင်းမ) နှင့်အဖွဲ့သည်ရုပ်ပွားတော်၏ အမြင့်ဆုံးအပိုင်းတွင်ပါဝင်သော အထပ် ၂၇ ထပ်သို့တက်ရောက်ဖူးမြော်အပြီး ၂၇ ထပ်မှ ၁၈ ထပ်အထိရှိသော ဝန်ချီစက်ဆုံးရာသို့ ပြန်ဆင်းလာစဉ် ၁၈ ထပ်ရောက်ရန် ၃ ထပ်ခန့်အလိုတွင် စက်ချို့ယွင်း၍ ပြုတ်ကျသွားသည့်ဖြစ်ရပ်တစ်ခု ဖြစ်ပွား။

✻ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ရုပ်ရှင်ပိုင်းဆိုင်ရာကိစ္စရပ်များပူးပေါင်းဆောင်ရွက်ရန်အတွက် ပထမဆုံးအကြိမ်ပြုလုပ်သောဆွေးနွေးပွဲတစ်ရပ်ကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ကျင်းပ။

**၅-၆-၂၀၀၉**✻ လုံခြုံရေးချထားသော နေအိမ်ခြံဝင်းအတွင်းသို့ နိုင်ငံခြားသားဝင်ရောက်မှုကြောင့် တရားစွဲဆိုခြင်းခံနေရသူ ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေများမှတင်သွင်းသော ဦးတင်ဦး၊ ဦးဝင်းတင်၊ ဦးကြည်ဝင်းနှင့် ဒေါ်ခင်မိုးမိုး စသည့် သက်သေ ၄ ဦးတွင် ဦးကြည်ဝင်း တစ်ဦးတည်းကိုသာစစ်ဆေးခဲ့ပြီး ကျန် ၃ ဦးအားငြင်းပယ်ခဲ့ခြင်းကြောင့် ဒေါ်အောင်ဆန်းစုကြည်၏ရှေ့နေများက လျှောက်ထားခဲ့သည့် ပြင်ဆင်မှု၏ အမိန့်အယူခံကို ရန်ကုန်တိုင်းတရားရုံးတွင် ကြားနာ။

✻ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်လုပ်ငန်းများဖော်ဆောင်ရေးအဖွဲ့၏ ၂–၆–၀၉ ရက်စွဲဖြင့်ထုတ်ပြန်ခဲ့သော ကြေညာချက်အမှတ် ၀၁/၀၆/၀၉ နှင့်ပတ်သက်၍ သက်ဆိုင်ရာက NLD လူငယ်တာဝန်ခံများနှင့် NLD CEC များကို ခေါ်ယူသတိပေးခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၆-၆-၂၀၀၉**✻ ရန်ကုန်မြို့မှ စစ်တွေမြို့သို့ နံနက် ၇ နာရီ ၁၀ မိနစ်ခန့်တွင်ထွက်ခွာလာသော မြန်မာ့လေကြောင်းမှ ခရီးသည်တင်လေယာဉ်အမှတ် XY-ADW F-28 ဂျက်လေယာဉ်သည် နံနက် ၈ နာရီ မိနစ် ၂၀ ခန့်တွင် စစ်တွေလေဆိပ်သို့ဆင်းသက်စဉ် လေယာဉ်ပြေးလမ်းချော်ပြီး ပြေးလမ်း၏ညာဘက်သို့ ထိုးကျသွားကာ လေယာဉ်ပြေးလမ်း ပေ ၂၀၀၀ ခန့် အရောက်တွင် လေယာဉ်သည် ညာဘက်သို့ကွေ့သွားပြီး လေယာဉ်ကွင်းခြံစည်းရိုးနှင့်တိုက်ကာ ရပ်တန့်သွားသောဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့ကြောင်း ယနေ့ထုတ်နိုင်ငံပိုင်မီဒီယာများတွင်ဖော်ပြပါရှိ။ အဆိုပါလေယာဉ်ပေါ်တွင် လေယာဉ်အမှုထမ်းခြောက်ဦး၊ ခရီးသည် ၆၂ ဦး စုစုပေါင်း ၆၈ ဦးလိုက်ပါလာပြီး တွဲဖက်လေယာဉ်မှူး ဦးစိုးရီတစ်ဦးသာ နဖူးတွင် ထိခိုက်ဒဏ်ရာအနည်းငယ်ရရှိခဲ့ကြောင်း ယင်းသတင်းတွင် ဖော်ပြထား။

**၇-၆-၂၀၀၉**✻ ၂၀၀၉ ခုနှစ် မတ်လအတွင်းကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်စာရင်းများကို ထုတ်ပြန်

www.foreverspace.com.mm



ကြေညာ။

**၈-၆-၂၀၀၉**✳ ချစ်ကြည်ရေးခရီး လည်ပတ်ရန်အတွက် စင်ကာပူသမ္မတနိုင်ငံ ဝါရင့်ဝန်ကြီး H.E. Mr. Goh Chok Tong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိ။ ခရီးစဉ်အတွင်း စင်ကာပူအစိုးရက ကန်ဒေါ်လာ ငါးသိန်းကျော်မတည်ခဲ့သည့် တွံတေးမြို့နယ် ကရင်ချောင်းကျေးရွာရှိ ၁၆ ခုတင်ဆံ့ဆေးရုံသစ် ဖွင့်လှစ်ပွဲသို့တက်ရောက်ခဲ့ပြီး နာဂစ်မုန်တိုင်းဒဏ်ခံဒေသများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည့်အကူအညီများကို ဆက်လက်ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ဝါရင့်ဝန်ကြီးပြောကြား။

**၁၀-၆-၂၀၀၉**✳ ထပ်မံတင်သွင်းထားသော သက်သေ ၃ ဦးအနက် ဦးတင်ဦးနှင့် ဦးကြည်ဝင်းတို့ကို ငြင်းပယ်ခဲ့ပြီး ဒေါ်ခင်မိုးမိုးကို သာသက်သေအဖြစ်ထွက်ဆိုခွင့်ပြုခဲ့ကြောင်း ယနေ့ထုတ်နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

**၁၄-၆-၂၀၀၉**✳ ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာမဟင်ဒါ ရာဂျာပက်ခ်စာနှင့်ဇနီး မဒမ် ရှီရန်သီ ရာဂျာ ပက်ခ်စာတို့ မြန်မာနိုင်ငံသို့ရောက်ရှိ။ ခရီးစဉ်အတွင်း မြန်မာ–သီရိလင်္ကာ နှစ်နိုင်ငံစီးပွားရေးဆိုင်ရာဆွေးနွေးပွဲကို ဇွန်လ ၁၅ရက်နေ့က ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ်တွင်ကျင်းပ။ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုး။

✳ မြန်မာနိုင်ငံတွင် ပထမဆုံး နိုင်ငံတကာအဆင့်မီ မော်တော်ယာဉ်ရောင်းဝယ်ရေးစင်တာတစ်ခုကို Sakura Technical Service Co., Ltd. က တောင်ဥက္ကလာပမြို့နယ်၊ ချယ်ရီဥယျာဉ်မြို့တော်အိမ်ရာတွင် ဇွန်လ ၁၄ ရက်နေ့က တရားဝင်ဖွင့်လှစ်။

✳ မြန်မာနိုင်ငံအရှေ့ပိုင်း နယ်စပ်ဒေသများတွင်ဖြစ်ပွားနေသော တိုက်ပွဲများမှာ ဒီကေဘီအေအဖွဲ့ဝင်များနှင့် ကေအင်န်ယူတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုသာဖြစ်ပြီး မြန်မာတပ်မတော်အနေဖြင့် မည်သို့သောအခန်းကဏ္ဍကမျှ ပါဝင်ခြင်းမရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာ။

**၁၅-၆-၂၀၀၉**✳ ချစ်ကြည်ရေးခရီးလည်ပတ်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီးခေါင်းဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြောင်း ဇွန်လ ၂၁ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြထားသည်။ ဒုတိယဗိုလ်ချုပ်မှူးကြီးသည် ဇွန်လ ၂၀ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

**၁၇-၆-၂၀၀၉**✳ စင်ကာပူသမ္မတနိုင်ငံ၌ ဇွန်လ ၁၇ ရက်နှင့် ၁၆ ရက်နေ့များတွင် ကျင်းပခဲ့သည့် ၅ ကြိမ်မြောက် သတင်းအချက်အလက်ဆိုင်ရာဝန်ကြီးအဆင့်ဆွေးနွေးပွဲနှင့် Communic Asia 2009 ပြပွဲသို့ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်။

**၁၈-၆-၂၀၀၉**✳ ထိုင်းနိုင်ငံအခြေစိုက် အမေရိကန်သံတမန်များ ပါဝင်သော အဖွဲ့သည် ဇွန်လ ၁၅ ရက်နေ့ နံနက်ပိုင်းတွင် ထိုင်း–မြန်မာ နယ်စပ်ရှိ တာ့ခ်ခရိုင် သာဆောင်ယမ်းမြို့နယ် မဲလဒုက္ခသည်စခန်းသို့သွားရောက်၍ ဒုက္ခသည်ဟုဆိုသော အရပ်သားဆိုသူများနှင့် တွေ့ဆုံခဲ့ကြောင်း ဇွန်လ ၁၆ ရက်နေ့ထုတ် ထိုင်းနိုင်ငံ မလိချွန်သတင်းစာ၌ ဖော်ပြထားကြောင်းနှင့် အဆိုပါဒုက္ခသည်ဟုဆိုသူများမှာ ကရင်ပြည်နယ်အတွင်းရှိ ကျေးရွာများမှ ထွက်ပြေးလာသည်မှာ မှန်ကန်သော်လည်း အမှန်တကယ်အရပ်သားများမဟုတ်ကြောင်း ကေအင်န်ယူ တပ်မဟာ (၇) ရင်း ၂၁၊ ရင်း ၂၂၊ ရင်း ၁၀၁ နှင့် ရင်း ၂၀၂ တို့မှ သောင်းကျန်းသူများနှင့် မိသားစုဝင်များသာဖြစ်ကြောင်း ယနေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင်ဖော်ပြပါရှိ။

**၁၉-၆-၂၀၀၉**✳ ကာတွန်းဆရာကြီး ဦးဖေသိန်း၊ အသက် ၈၆ နှစ် ကွယ်လွန်။

✳ အာဆီယံလူမှုရေး–ယဉ်ကျေးမှုအသိုက်အဝန်းအခြေပြမြေပုံလုပ်ငန်းများအကောင်အထည်ဖော်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုနေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာနအစည်းအဝေးခန်းမတွင် ကျင်းပ။

**၂၀-၆-၂၀၀၉**✳ ပဲခူးတိုင်း ဝေါမြို့နယ်တွင်တည်ဆောက်ထားသော ဝေါမြို့နယ်အတွင်းရှိ ရေကြီးကွင်းများ မိုးရာသီရေမြုပ်မှုမှကာကွယ်ပြီး ဧက ၁၅၀၀၀ ခန့်ကို ရေဘေးမှကာကွယ်ပေးနိုင်မည်ဟုဆိုသည့် နဂါးပေါက်ရေထိန်းတံခါးဖွင့်လှစ်။

**၂၁-၆-၂၀၀၉**✳ စပိန်နိုင်ငံ မက်ဒရစ်မြို့၌ကျင်းပသည့် အာရှ–ဥရောပဘဏ္ဍာရေးဒုတိယအကြီးအကဲများ၏ အစည်းအဝေးသို့တက်ရောက်ခဲ့သော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသိန်းဆွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းတို့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ။

✳ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ဇွန်လ ၃ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့သည့် ၉၈ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာညီလာခံသို့ တက်ရောက်ခဲ့သော အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည်ခေါင်းဆောင်သည့်

မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။

**၂၂-၆-၂၀၀၉**✳ ၁၂ကြိမ်မြောက် အာဆီယံသစ်တောကဏ္ဍဆိုင်ရာ အစည်းအဝေးများမှ ၁၂ ကြိမ်မြောက် အာဆီယံပရဆေးပင်များဆိုင်ရာကျွမ်းကျင်သူများအစည်းအဝေးကို နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ်တွင် ကျင်းပ။

**၂၅-၆-၂၀၀၉**✳ အမေရိကန်နိုင်ငံသား Mr. John William Yattaw ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်အတွင်းသို့ဝင်ရောက်ခဲ့ခြင်းနှင့်စပ်လျဉ်းသည့်သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့်ဟံသာဝတီလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်အစည်းအဝေးခန်းမ၌ ကျင်းပ။

✳ ဒေါ်အောင်ဆန်းစုကြည်၊ အမေရိကန်နိုင်ငံသား Mr. John William Yattaw ၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အပေါ်စွဲဆိုထားသည့်အမှုတွင် တရားခံပြသက်သေနှစ်ဦးတို့အား ငြင်းပယ်ခဲ့သည့်အမိန့်နှင့်စပ်လျဉ်းသောပြင်ဆင်မှုကို တရားရုံးချုပ် (ရန်ကုန်) ၌ နှစ်ဖက်အပြီးသတ်လျှောက်လဲချက်ကြားနာခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြထား။

✳ ပြည်ပဆက်ဆံရေးဆိုင်ရာ အီးယူကော်မရှင်နာ မစ္စဘန်နီတာဖာရီရိုဝယ်လ်ဒနာနှင့် စွမ်းအင်ဆိုင်ရာ အီးယူကော်မရှင်နာ မစ္စတာ အန်ဒရစ်စ်ပိုင်ဘယ်ဂ်စ်တို့၏ ဖိတ်ကြားချက်အရ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ရှိ ဥရောပကော်မရှင်ရုံးချုပ်တွင် ဇွန်လ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင်ကျင်းပခဲ့သည့် အာရှ–ဥရောပ (အေဆမ်) ၏ စွမ်းအင်လုံခြုံရေးဆိုင်ရာဝန်ကြီးအဆင့်ကွန်ဖရင့်သို့တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ။

✳ ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံ (မြောက်ကိုရီးယား) ပိုင် MV Dumangang ကုန်တင်သင်္ဘောသည် မြန်မာနိုင်ငံတွင် ဆန်တန်ချိန် ၈၀၀၀ ခန့်တင်ဆောင်ရန်အတွက် အိန္ဒိယသမ္မတနိုင်ငံကိုလ်ကတ္တားမြို့မှ မြန်မာနိုင်ငံသို့ ဇွန်လ ၂၇ ရက်ဝန်းကျင်တွင် ရောက်ရှိမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ။

**၂၇-၆-၂၀၀၉**✳ ဒေါ်အောင်ဆန်းစုကြည်၊ အမေရိကန်နိုင်ငံသား Mr. John William Yattaw ၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အပေါ်စွဲဆိုထားသည့် ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၇/၂၀၀၉၊ ၄၈/ ၂၀၀၉ နှင့် ၄၉/ ၂၀၀၉ တို့နှင့်စပ်လျဉ်း၍ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၇/၂၀၀၉ မှ တရားခံပြသက်သေ ဒေါ်မိုးမိုးကို ဆင့်ခေါ်စစ်ဆေးရန်အတွက် ဇူလိုင်လ ၃ ရက်နေ့သို့ ချိန်းဆိုလိုက်ကြောင်း ယနေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင်ထုတ်ပြန်ကြေညာ။

✳ လက်ရှိပျဉ်းမနားဘူတာယာဒ်ဝင်းအတွင်းသို့ ပုံမှန်ပြေးဆွဲလျက်ရှိသော ရန်ကုန်–မန္တလေး အစုန် အဆန်ရထားရှစ်စင်း၊ စာပို့ရထား အဆန်/ အစုန် နှစ်စင်း၊ ပျဉ်းမနားဘူတာမှထွက်သော လော်ကယ်ရထားအစုန်နှစ်စင်းတို့ရှိနေရာ နေရာကျဉ်းမြောင်းကျပ်တည်းပြီး ကန့်သတ်ချက်များစွာပေါ်ပေါက်လျက်ရှိသည့်အတွက် စာပို့နှင့် လော်ကယ်ရထားအချို့မှအပ ကျန်ရထားအားလုံးကို ဇူလိုင်လ ၅ ရက် (တနင်္ဂနွေနေ့) မှစ၍ ပျဉ်းမနားဘူတာတွင်ရပ်တန့်စေခြင်းမပြုတော့ဘဲ နေပြည်တော်ဘူတာသစ်ကြီးတွင်သာ ရပ်တန့်ခြင်း၊ ထွက်ခွာခြင်းများ ပြုလုပ်တော့မည်ဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**LIVING COLOR MEDIA**

သမ္မတဟိုတယ် (Business Suite)

အမှတ် ( ၅ ) ၊ အလံပြဘုရားလမ်း ၊

ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။

ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂

www.foreverspace.com.mm

# ဈေးဝယ်လမ်းညွှန်



## All in one Installer Disc လုပ်လို့ရမယ့် Website

မိမိရဲ့ PC ဒါမှမဟုတ် Leptop တစ်လုံးကို Format ချပြီး Windows အသစ်ပြန်တင်တဲ့အခါတိုင်း Setting တွေ ပြန်ချိန်၊ Drive တွေပြန်တင်၊ Software တွေ Install ပြန်လုပ်နဲ့ စိတ်ညစ် အလုပ်ရှုပ်ရပါတယ်။ ဒီကြားထဲမှာ Driver Installer တွေမရှိတော့လို့ စိတ်ညစ်ရတာ၊ လိုချင်တဲ့ Application Software မရှိလို့ စိတ်ညစ်ရတာတွေအတွက် All in one Installer Disc ကလေးသာ လုပ်ထားမယ်ဆိုရင် အဆင်ပြေစေမှာ ဖြစ်ပါတယ်။

ဒီ Installer လေးလုပ်ဖို့ Software တစ်ခုလိုပါတယ်။ ဒီ Software ကို **www.nliteos.com** မှာ ရယူနိုင်ပါတယ်။ အဲဒီ Website ကနေ nlite Software ကို download ရယူပြီးတော့ ကိုယ့်စက်မှာ Install လုပ်လိုက်ပါ။ ပြီးရင် ပေါ်လာတဲ့ Instruction တွေနောက် လိုက်လုပ်သွားရုံပါပဲ။

ဒီလိုလုပ်တဲ့နေရာမှာ ကိုယ်လိုချင်တဲ့ Windows အမျိုးအစားကို ကိုယ်လိုချင်တဲ့ Service Park နဲ့ ဖန်တီးလို့ရပါတယ်။ nlite Software ရဲ့ Windows လေးမှာ Service Park Botton တွေ၊ Driver Botton တွေ၊ Components Bottom တွေ စသဖြင့် ပါပါတယ်။ ဒီ Botton လေးတွေနှိပ်ပြီး ကိုယ်ထည့်ချင်တဲ့ OS တွေ Application တွေရဲ့ Setup တည်နေရာလေးကို ရွေးပေးရုံနဲ့ တစ်ခါတည်း ကိုယ့်ရဲ့ All in one Installer Disc လေးမှာ ကိုယ့်ရဲ့စက်မှာ အသုံးပြုလိုတဲ့ Software တွေ Driver တွေ တစ်ပေါင်းတည်း ဖြစ်သွားမှာပါ။

ဒီတော့ ဒီ All in one Installer Disc ကလေးတစ်ခု ဖန်တီးထားရုံနဲ့ ကိုယ့်ရဲ့စက်ကို Format ချပြီး ပြန်တင်တဲ့အခါမှာ အလုပ်မရှုပ်တော့ဘဲ ကိုယ်သုံးချင်တဲ့ Software တွေ Driver တွေအားလုံးကို ဒီ Disc ကလေး Install လုပ်တာနဲ့ တစ်ခါတည်းလုပ်ပြီးသားဖြစ်သွားရုံမက Setting ပါ တစ်ခါတည်းချိန်ညှိပြီးသားဖြစ်သွားမှာပါ။ ဒီတော့ ဒီလိုအသုံးဝင်တဲ့ All in one Installer Disc ကလေးရ ဖို့ **www.nliteos.com** ကနေ Download ရယူပြီး စမ်းကြည့်ပါလို့ လမ်းညွှန်လိုက်ရပါတယ်။

## နေပြည်တော်မှာပါဖွင့်လှစ်လိုက်တဲ့ Shine Laundry Services

ရှော့ပင်းမောကြီးတွေ၊ ဈေးကြီးတွေ၊ အပန်းဖြေစခန်းကြီးနဲ့ တဖြည်းဖြည်းစည်ကားလာတဲ့ နေပြည်တော်မှာ ဆိုင်ခွဲပေါင်း ၁၀ ဆိုင်ကျော်ရှိတဲ့ Shine Laundry ရဲ့ ဆိုင်ခွဲအဖြစ် မေလ ၅ ရက်နေ့ကမှ စတင်ဖွင့်လှစ်လိုက်တာပါ။ နေပြည်တော်မှာ အသစ်ဖွင့်လှစ်လိုက်တဲ့ဆိုင်မှာလည်း Shine ရဲ့ ဝန်ဆောင်မှုပေးတဲ့လုပ်ငန်းတွေဖြစ်တဲ့ Hotel, Motel, Restaurant သုံး အဝတ်အထည်များ၊ ရုံးခန်းသုံး ဆိုဖာထိုင်ခုံ၊ ခန်းဆီးလိုက်ကာများနဲ့ ကော်ဇောများ လျှော်ဖွပ်ပေးခြင်းအပြင် လိုက်လံသိမ်းဆည်းပေးခြင်းနှင့် ပြန်ပို့ပေးခြင်း၊ အထည်ချုပ်စက်ရုံများမှ ပိတ်သားများအား ပေါင်းပေးခြင်း၊ လိုအပ်သောအရောင်ရအောင် ဆေးဆိုးပေးခြင်း၊ ပိုးထည်၊ ချည်ထည်လုပ်ငန်းများမှ ပိုးထည်၊ ချည်ထည်နှင့် ချိတ်လုံချည်များကို ပျော့အောင်ပေါင်းပေးခြင်း၊ နေ့စဉ်အိမ်သုံးအဝတ်အထည်များကို လျှော်ဖွပ်၊ မီးပူတိုက်၊ လှပသေသပ်စွာထုပ်ပိုးပေးခြင်း၊ အနောက်တိုင်းဝတ်စုံများနှင့် ပိုးသားများကို အခြောက်လျှော်ပေးခြင်းစတာတွေအပြင် ဆေးဆိုးပေးခြင်း၊ အပေါက်ဖာပေးခြင်း၊ အစွန်းအမျိုးမျိုးချွတ်ပေးခြင်းနှင့် အရုပ်မျိုးစုံလျှော်ဖွပ်ပေးခြင်းစတဲ့ဝန်ဆောင်မှုတွေ ဆောင်ရွက်ပေးတယ်လို့ ဆိုထားပါတယ်။


လိပ်စာ–

**Shine Professional Dry Clean & Laundry Services**

အမှတ် (၃/၄၄)၊ ၆ လမ်း၊ မင်္ဂလာရပ်၊ နေပြည်တော် ပျဉ်းမနားမြို့။ (နေဇော်ထက်–ဇယန်းလက်ဖက်ညွှန့်နှင့် အကြော်စုံဆိုင်အနီး) ဖုန်း–၀၆၇–၂၃၂၂၉ ■

www.foreverspace.com.mm

# တစ်နေ့တစ်မျိုး မရိုးတဲ့ Microsoft ရဲ့ ရှာဖွေရေးအင်ဂျင်သစ် Bing ကို စမ်းသုံးကြည့်မယ်




အင်တာနက်ရှာဖွေရေးစက် (Search Engine) တွေတစ်ခုပြီး တစ်ခုပေါ်လာတတ်ပေမယ့် နည်းပညာရှေ့ဆောင် ကုမ္ပဏီကြီးတွေရဲ့ Search Engine အသစ်တစ်ခု ပေါ်လာပြီဆိုရင်တော့ လူတွေပို စိတ်ဝင်စားတတ်ကြပါတယ်။ Search Engine တွေ ပေါ်သာပေါ်နေပြီး လူတွေအသုံးတည့်တာနဲ့ မကိုက်ညီဘူးဆိုရင်တော့ ဘယ်လောက်ပဲနာမည်ကျော်ကျော် သူ့ထက်ပိုကောင်းတဲ့ Search Engine တွေကသာ နာမည်ရနေမှာပါ။ ဒါပေမဲ့ ကိုယ်သုံးချင်တဲ့ပုံစံကို ဘယ်လောက်အထိဖြည့်ဆည်းပေးနိုင်မလဲဆိုတာကတော့ တစ်ခေါက်လောက်စမ်းသုံးကြည့်မှသိမှာပါ။ ဒါကြောင့် ဒီတစ်လတော့ Living Color စာဖတ်သူတွေအတွက် နာမည်ကျော် Microsoft ကုမ္ပဏီက အသစ်ထုတ်လိုက်တဲ့ Bing ဆိုတဲ့ Search Engine ကို စမ်းသပ်သုံးကြည့်ဖို့ လမ်းညွှန်လိုက်ပါတယ်။

Bing ရဲ့ အထူးခြားဆုံးအချက်ကတော့ Home Page မှာ နေ့တိုင်းနောက်ခံရုပ်ပုံအသစ်တစ်မျိုးတင်ပေးထားမှာဖြစ်ပြီး အဲဒီရုပ်ပုံရဲ့ရှုခင်းနဲ့ပတ်သက်တဲ့ အချက်အလက်ဗဟုသုတကိုပါ တစ်ပါတည်းလေ့လာနိုင်အောင် Link ချိတ်ပေးထားတာဖြစ်ပါတယ်။ ဥပမာ–ဩစတြေးလျနိုင်ငံက ဆစ်ဒနီမြို့မှာရှိတဲ့ ကမ္ဘာကျော်အဆောက်အအုံပုံကို ဖော်ပြပေးထားတာမျိုးပါ။ ပုံပေါ်မှာ မြားကိုလျှောက်ရွှေ့ကြည့်ရင်တော့ အဲဒီအဆောက်အအုံနဲ့ မြို့နဲ့ဆိုင်တဲ့ ဗဟုသုတတွေကို အတိုဆုံးချုံ့ဖော်ပြပေးထားမှာ ဖြစ်ပါတယ်။ ကိုယ်စိတ်ဝင်စားတဲ့နေရာရောက်လို့ ဒီထက်ပိုသိချင်ရင်တော့ ကလစ်နှိပ် ဆက်လေ့လာနိုင်ပါတယ်။ ဒီထူးခြားချက်က ဗဟုသုတရှာမှီးလိုတဲ့လူငယ်တွေအတွက် စိတ်ဝင်စားဖွယ်ရာဖြစ်ပါတယ်။ တခြားသတင်းတွေရှာရင်းဖွေရင်းနဲ့ ဗဟုသုတတိုးစေတာမျိုးပါ။

ပြီးရင် Instant Answer အနေနဲ့သုံးနိုင်တာတွေထဲက နောက်ထပ်ထူးခြားတာတစ်ခုက Sports ပါ။ ဒီကဏ္ဍမှာဆိုရင်တော့ အားကစားတစ်မျိုးချင်းစီရဲ့ နောက်ဆုံးရလဒ်တွေကို နေ့အလိုက်ဖော်ပြပေးထားဦးမှာဖြစ်လို့ နောက်ထပ်တစ်နေရာကိုရှာပြီး သွားဖတ်ရတာမျိုး မလိုအပ်တော့ပါဘူး။ ဒါ့အပြင် စွယ်စုံကျမ်းလိုမျိုးလည်း သုံးနိုင်သေးပါတယ်။ မေးခွန်းမေးပြီးရှာနိုင်တဲ့ ပုံစံပါ ရနိုင်တာပါ။ ဥပမာ–ဂျာမနီနိုင်ငံရဲ့မြို့တော်ဟာ ဘာလဲဆိုတာမျိုး ရှာနိုင်တာပါ။

တခြားရနိုင်တဲ့ ဝန်ဆောင်မှုတွေကတော့ Images, Map, News, Shopping, Travel နဲ့ Videos စတာတွေပါ။

Videos ကိုရှာကြည့်မယ်ဆိုရင်တော့ ကိုယ်ကြည့်ချင်တာကို သီးသန့်လိုက်ရှာနေစရာမလိုဘဲ Online ကနေ လူကြည့်အများဆုံးသတင်းတွေ၊ သီချင်းတွေ၊ ရုပ်သံအစီအစဉ်တွေနဲ့ အားကစားအစီအစဉ်တွေဆိုပြီး ကဏ္ဍခွဲပြီးဖော်ပြပေးထားမှာပါ။

အဲဒီမှာ ဗီဒီယိုတွေကို တစ်ဖိုင်ချင်းပြထားပေးတာဖြစ်ပြီး အဲဒီဗီဒီယိုဖိုင်တစ်ခုပေါ်ကို မြားတင်လိုက်တာနဲ့ Video File က အလိုအလျောက် Play သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်ကြည့်ချင်တာကို မြန်မြန်ရှာ မြန်မြန်ကြည့်နိုင်ကြမှာဖြစ်ပါတယ်။ အဲဒီ Video ဖိုင်တွေမှာ နာမည်ကြီးသတင်းရုပ်သံဌာနတွေရဲ့ Video ဖိုင်တွေပါ စုစည်းဖော်ပြပေးထားတာဖြစ်လို့ သတင်းကြည့်ဖို့အတွက်နဲ့ တီဗီရှေ့ထသွားဖို့မလိုတော့ဘူးပေါ့။ အခုဖော်ပြပေးထားတာတွေက Bing ရဲ့ Function နဲ့ Service တချို့ကိုသာ ကောက်နုတ်ဖော်ပြပေးထားတာဖြစ်လို့ တကယ်ဝင်သုံးကြည့်ရင် ကိုယ်စိတ်ဝင်စားရာအလိုက် အသုံးတည့် မတည့် ပိုပြီးသိရှိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် အသုံးတည့်ပြီး ကိုယ်ကြိုက်နိုင်တဲ့ Search Engine တစ်မျိုးဖြစ်ခဲ့ရင် လွတ်မသွားရအောင် ဖော်ပြပေးလိုက်တာပါ။ **www.bing.com** ဖြစ်ပါတယ်။

www.foreverspace.com.mm



## ဖိတ်စာကို ယွန်းထည်နဲ့လုပ်ပြီး အမှတ်တရဖြစ်ချင်ရင်

အခုနောက်ပိုင်း မင်္ဂလာဆည်ခံပွဲဖိတ်စာတွေကို ယွန်းထည်နဲ့ ပြုလုပ်တာမျိုးတွေ့လာရပါတယ်။ ယွန်းထည်အချပ်ပေါ်မှာ လက်ရေး ရွှေစာလုံး၊ ငွေစာလုံးတွေနဲ့ ရေးထားတဲ့ဖိတ်စာတို့၊ ထည့်လိုတဲ့ ဖိတ်စာကို ကတ္တီပါစလို ပိတ်စနဲ့လုပ်ပြီး စာချွန်လွှာထည့်သွင်းတဲ့ ပုံစံဘူးကို ယွန်းထည်နဲ့လုပ်တာတို့၊ ကမ်းတဲ့သော့ချိတ်တို့ကို ကိုယ့်စိတ်ကူးကွန့်မြူးရင်ကွန့်မြူးသလို၊ အကုန်အကျခံနိုင်ရင် ခံနိုင်သလို ကိုယ့်ဖိတ်စာအမှတ်တရဖြစ်ဖို့ လုပ်လာကြပါတယ်။ အကုန်အကျများပြီး ဘယ်လောက်လှတဲ့စက္ကူဒီဇိုင်းပဲဖြစ်ဖြစ်၊ စက္ကူထက်စာရင်တော့ ယွန်းထည်နဲ့လုပ်တဲ့ဖိတ်စာက ပိုမိုခိုင်ခံ့ အမှတ်တရဖြစ်ပြီး သိမ်းထားချင်စရာလည်း ကောင်းပါတယ်။ ဒါ့အပြင် မင်းသုံးစိုးသုံးလို့မှတ်ယူထားတဲ့ မြန်မာ့ရိုးရာလက်မှုပစ္စည်းဖြစ်တာမို့ ဒီလိုအသုံးပြုခြင်းအားဖြင့် ပိုမိုခံ့ညားပြီး ဆန်းသစ်မှုလည်း ရစေပါတယ်။ မိမိတို့ရဲ့ အစဉ်အဆက်က ရိုးရာပစ္စည်းကိုလည်း တွင်ကျယ်စေတာပေါ့။ ဒီလိုဖိတ်စာတွေအပ်ချင်ရင် သီးသန့်လက်ခံပြုလုပ်ပေးနေတဲ့လုပ်ငန်းရယ်လို့ မရှိသေးဘဲ ကိုယ်နဲ့အဆင်ပြေ ညှိနှိုင်းလို့ရတဲ့ ယွန်းထည်လုပ်ငန်းမှာ အပ်နှံနိုင်ပါတယ်။ လောလောဆယ်တော့ စိတ်တိုင်းမကျမချင်း စိတ်ရှည်လက်ရှည်ပြုလုပ်ရေးထိုးပေးတာ တွေ့ရတဲ့ နေရာတစ်ခုကို လမ်းညွှန်ပေးလိုပါတယ်။

**ဦးမောင်မြင့်–ဒေါ်ဝေဝေ**

ယွန်းထည်လုပ်ငန်း၊ မြင်းကပါစိန်ကုန်းရပ်၊ ညောင်ဦး။

## လှေ့လာရင်း ဝယ်ယူနိုင်မယ့် ယွန်းထည်ဆိုင်

မြန်မာ့ရိုးရာ လက်မှုယွန်းထည်ပစ္စည်းတွေကို အေးအေးဆေးဆေးကြည့်ရှုဝယ်ယူနိုင်တဲ့အပြင် ပြုလုပ်ပုံအဆင့်ဆင့်ကိုပါ လေ့လာနိုင်တဲ့ ဆိုင်နေရာတစ်ခုကို လမ်းညွှန်လိုက်ပါတယ်။ ဆိုင်အဝင်ဝမှာ ယွန်းထည်ပစ္စည်းတစ်ခု အချောသတ်အဆင့်ကို ရောက်ရှိလာဖို့ ဘယ်လိုအဆင့်ဆင့်ပြောင်းလဲထုတ်လုပ်ရတယ်ဆိုတာ သိအောင် ပစ္စည်းတစ်ခုရဲ့ တစ်ဆင့်ချင်းအနေအထားတွေ ခင်းကျင်းပြသထားပြီး ယွန်းအရည်ကျိုတာကိုပါ လက်တွေ့ပြသထားတဲ့အတွက် မြန်မာ့လက်မှုပစ္စည်းတစ်ခုကို ဘယ်လိုစနစ်ကျနစွာနဲ့ ဘယ်လောက်အသေးစိတ်ပြုလုပ်ရတယ်ဆိုတာ သိသွားမှာပါ။ ဒါ့အပြင် အလုပ်ရုံနဲ့ပါ တွဲဖက်နေတဲ့အတွက် လက်တွေ့လုပ်ကိုင်နေတာတွေကိုပါ တစေ့တစောင်းလေ့လာနိုင်ပါသေးတယ်။ ဒီဆိုင်မှာ ပန်းကန်ခွက်ယောက်၊ လင်ပန်းစတဲ့ ဆိုင်အများစုမှာ တွေ့နိုင်တဲ့ ယွန်းထည်ပစ္စည်းတွေအပြင် ဗီရို၊ စားပွဲ၊ တုတ်ကောက်၊ သေတ္တာ၊ ပန်းချီကားစတဲ့ ပစ္စည်းမျိုးတွေလည်း တွေ့ရပါတယ်။ ဒါ့အပြင် ယွန်းထည်နဲ့ပြုလုပ်ထားတဲ့ ဖိနပ်တွေလည်းရနိုင်ပါတယ်။

လိပ်စာ –

**ဦးဘငြိမ်းမိသားစု ယွန်းထည်ဆိုင်**

လမ်းမတော်၊ ပုဂံမြို့သစ်၊ ညောင်ဦးမြို့နယ်။

ဖုန်း–၀၆၁–၆၅၀၅၆၊ ၀၉–၂၀၀၅၈၇၉



www.foreverspace.com.mm



## သွေးလွန်တုပ်ကွေးကာကွယ်ဖို့ ပတ်ဝန်းကျင်မှာ ဆေးဖျန်းမယ်

မိုးရာသီကိုရောက်လာပြီဖြစ်လို့ ကလေးငယ်တွေရှိတဲ့ မိဘတိုင်း သွေးလွန်တုပ်ကွေးရောဂါကို စိုးရိမ်ပူပန်လာကြတဲ့အပြင် ကာကွယ်မှုတွေကိုလည်း တတ်နိုင်သလောက် ဆောင်ရွက်နေကြပါတယ်။ ဒီရောဂါပိုးတွေကို သယ်လာတာက ရေကြည်ရေသန့်တွေမှာ ပေါက်ပွားတတ်တဲ့ခြင်ကျားတွေဖြစ်လို့ ဒီခြင်တွေမခိုအောင်းနိုင်အောင်၊ မပေါက်ပွားနိုင်အောင် ကာကွယ်တာက ထိရောက်မှုအရှိဆုံးနည်းလမ်းဖြစ်တယ်လို့ ဆရာဝန်အများစုက ဆိုကြပါတယ်။ ပိုးလောက်လမ်းတွေ နှိမ်နင်းတဲ့နည်းလမ်းတွေထဲမှာ ဆေးမှုတ်ခြင်းကလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ မြို့တော်စည်ပင်ရဲ့ ဆောင်ရွက်ချက်နဲ့ ဆေးဖျန်းပေးတဲ့နေရာတွေရှိတာကိုလည်း တွေ့ရပါတယ်။ ကိုယ့်ပတ်ဝန်းကျင်မှာ ဆေးဖျန်းချင်ပေမယ့် ဘယ်နေရာကိုဆက်သွယ်ရမယ်ဆိုတာ စဉ်းစားရခက်နေသူတွေအတွက် ဝန်ဆောင်မှုလုပ်ငန်းတချို့ကို ဖော်ပြပေးလိုက်ပါတယ်။ ဒီဖော်ပြပေးထားတဲ့ဖုန်းနံပါတ်တွေကို တစ်ရက်ပဲကြိုပြီးဆက်ရမယ်လို့ ဆိုပါတယ်။ ဈေးနှုန်းတွေကတော့ လုံးချင်းအိမ်၊ တိုက်ခန်းစတာတွေအတွက် အကြမ်းဖျင်း ၂၀,၀၀၀ ကျပ်ဝန်းကျင်သတ်မှတ်ထားပြီး ခြံအကျယ်မှာ ဖျန်းမယ်ဆိုရင်တော့ ၃၅,၀၀၀ ကျပ်ဝန်းကျင် ကျသင့်မယ်လို့ စုံစမ်းသိရှိရပါတယ်။

– ဟက်ပီးပိုးမွှားနှိမ်နင်းရေး

ဖုန်း–၅၅၄၈၂၈၊ ၀၉–၅၁၀၆၃၉၅၊ ၀၉–၈၀၃၄၂၈၅၊ ၀၉–၅၁၅၂၆၁၁

– အဲရိုးပိုးမွှားနှိမ်နင်းရေး

ဖုန်း–၅၈၄၅၀၅၊ ၀၉–၅၀၁၆၉၀၂

## ညောင်ဦးက မိသားစုစတိုင်လ်ဟိုတယ်

ရှေးဟောင်းနယ်မြေပုဂံ၊ ညောင်ဦးဒေသကိုသွားရောက်ဘုရားဖူး၊ လည်ပတ်တဲ့အခါ တည်းခိုလို့အဆင်ပြေတဲ့နေရာတစ်ခုကိုပြောပြချင်ပါတယ်။ Family စတိုင်လ်ဝန်ဆောင်မှုမျိုးရနိုင်တဲ့ဟိုတယ်လို့ အတိအလင်းဆိုထားပြီး ကြိုက်တတ်သူများအတွက်တော့ မိသားစုစတိုင်လ်ဝန်ဆောင်မှုက အဆင်ပြေစေမှာပါ။ ရိုးသားတဲ့ဝန်ထမ်းတွေရဲ့ နွေးနွေးထွေးထွေးဆက်ဆံတဲ့ဝန်ဆောင်မှုကိုရပါလိမ့်မယ်။ ပုဂံမြို့ဟောင်းနဲ့ ညောင်ဦးမြို့ကြားမှာ ပုဂံဂေါက်ကွင်းနဲ့နီးနီးကပ်ကပ်တည်ရှိပြီး ရွှေစည်းခုံစေတီ၊ ညောင်ဦးလေဆိပ်တို့နဲ့လည်းနီးတာမို့ ဘုရားဖူးသွားလာဖို့ နီးစပ်လွယ်ကူတဲ့နေရာမှာရှိပါတယ်။ စားသောက်ဆိုင်၊ အင်တာနက်ဆိုင်တွေနဲ့လည်း နီးပါတယ်။

လိပ်စာ – **ယာခင်းသာဟိုတယ်**

အနော်ရထာလမ်း၊ ညောင်ဦးမြို့။

ဖုန်း–၀၆၁–၆၀၀၅၁၊ ၀၆၁–၆၀၄၅၁

(ရန်ကုန်ရုံး) – အမှတ်–၁၄ (B)၊ ခတ္တာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၀၁၂၅၊ ၅၃၉၃၁၀၊ ၀၉–၂၀၄၂၄၀၅

E-mail: info@yarkinntha.com

http://www.yarkinntha.com



www.foreverspace.com.mm



# လုပ်ငန်းသစ်၊ဆိုင်သစ်

- **Rain Photo Studio Gallery**
  ၃၅ လမ်း၊ ၆၉ × ၆၈ လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး။
- **Smart Girl (လှည်းတန်းဆိုင်ခွဲ)**
  အမှတ်–၆၆/၆၈၊ စံရိပ်ငြိမ် (၆) လမ်းထိပ်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
- **ECOZY Body Shop & Skin Care**
  အမှတ်–၂၀၊ ပါရမီလမ်း၊ ချော်တွင်းကုန်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
- **ဒေစီကျော်လင်း၊ Wedding Special Show Room**
  အမှတ်–၂၇၄၊ ဗညားဒလလမ်း၊ ယုဇနပလာဇာအနီး၊ ဘုရင့်နောင်ရုပ်ရှင်ရုံရှေ့၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၂၀၄၇၊ ၂၀၁၉၅၃၊ ၇၂၁၅၆၄
- **K မီကို Dancing Club**
  အမှတ်–၈၃၊ အုန်းပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။
- **နယူးမန္တလာထွန်း (အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး) ပင်ရင်းဂိတ်ခွဲ–၂**
  ဗဟိုအမျိုးသမီးဆေးရုံကြီးအနီး၊ ဗဟိုလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
- **Statement Architecture**
  အမှတ်–၆၉၊ ခွန်နီ(၁) လမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၆၃၆၃၁
  E-mail: kalyare@gmail.com
- **Coreana Skin Care အရောင်းကောင်တာသစ်**
  Best Store၊ ဗိုလ်ချုပ်ဈေးအနောက်ဘက်တန်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
- **Sakura အရောင်းကောင်တာသစ် (Kaneb)**
  စိန်ဂေဟာဆူပါစင်တာ၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
- **Great Shopping Centre ကလေးကစားကွင်းသစ်**
  ၅ လွှာ၊ Great Shopping Centre၊ မန္တလေး။
- **ရုပ်ရှင်သရုပ်ဆောင်အခြေခံသင်တန်း**
  အမှတ်–၂၊ မိုးကောင်းလမ်း၊ စကားဝါအိမ်ရာ၊ စကားဝါခန်းမ၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၄၁၀၀၂၊ ၄၀၀၅၅၈၊ ၄၀၀၅၅၉၊ ၄၀၀၅၆၀၊ လိုင်းခွဲ–၂၀၂
- **Bio-Essence Face Lift Series အရောင်းကောင်တာသစ်**
  စိန်ဂေဟာ (လှည်းတန်း)၊ လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
- **Jasmine Beauty Saloon & Nail Art**
  အမှတ်–၆၆/၆၈၊ အခန်း(စီ)၊ မြေညီထပ်၊ စံရိပ်ငြိမ် (၆) လမ်းထိပ်၊ အင်းစိန်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
- **GENGY ဂျပန်အကြောပြင်ဆေးခန်း**
  အမှတ်–၀၅၀၁၊ ၅ လွှာ၊ ဆာကူရာတာဝါ၊ အမှတ်–၃၃၉ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၈၆၁၅၀၃၆



www.foreverspace.com.mm

- **Eyeryone အခမဲ့ကွန်ပျူတာသင်တန်း**
  သာသနာ့ဝေပုလကျောင်းတိုက်၊ လပြည့်ဝန်လမ်း၊
  စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့။ ဖုန်း–၀၂–၆၂၄၄၈
- **Shine Professional Dry Clean & Laundry Services**
  အမှတ် (၃/၄၄)၊ ၆ လမ်း၊ မင်္ဂလာရပ်၊ နေပြည်တော်
  ပျဉ်းမနားမြို့။ (နေဇော်ထက်–ဇယန်းလက်ဖက်ညွှန့်နှင့်
  အကြော်စုံဆိုင်အနီး) ဖုန်း–၀၆၇–၂၃၂၂၉

## နေရာပြောင်း၊ လိပ်စာသစ်

- **Special Manufacturing Co., Ltd. (SMC)**
  အမှတ်–၃၉၉၊ မြတောင်ဝန်ကြီးဦးမှိုလမ်းနှင့်
  ကနောင်မင်းသားကြီးလမ်းထောင့်၊ ရွှေလင်ပန်းစက်မှုဇုန်၊
  လှိုင်သာယာမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၆၁၃၇၉၂၊ ၇၀၁၅၀၂၊ ၇၀၁၆၂၂၊ ၆၁၃၆၆၄၊ ၂၄၇၃၇၅
  Fax–၆၁၃၉၇၂ (လိုင်းခွဲ–၁၁၆)
- **Population Services International (PSI)**
  အမှတ်–၁၆၊ အနောက်ရွှေဂုံတိုင် (၄) လမ်း၊
  (အောင်သုခ ထမင်းဆိုင်အနီး)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၃၇၅၈၅၅~ ၅၈
- **World Food Programme (WFP) (မြန်မာနိုင်ငံရုံးခွဲ)**
  ဒူးဆစ်အင်းလျားလိတ်ဟိုတယ်၊ ဒုတိယထပ်၊ မရမ်းကုန်း
  မြို့နယ်၊ ရန်ကုန်။

## အမြင်အာရုံချို့တဲ့သူတွေဦးစီးတဲ့ ဂျပန်အကြောပြင်သင်တန်း

အလေးအပင်တစ်ခုခုကို မလိုက်လို့ ရုတ်တရက်အခန့်မသင့်ဘဲ ခါးနာသွားတာမျိုး၊ ကွန်ပျူတာရှေ့မှာ တစ်နေကုန်ထိုင်ပြီး အလုပ်လုပ်ရလို့ ဇက်ကြောတွေတက်နေတာမျိုးတွေအပြင် ချော်လဲလို့ စတဲ့အကြောနဲ့ပတ်သက်တဲ့ဝေဒနာတွေအတွက် အကြောပြင်ဆေးခန်းတစ်ခုကို လမ်းညွှန်လိုပါတယ်။ ဆူးလေဘုရားလမ်းက ဆာကူရာတာဝါမှာရှိပါတယ်။ အမြင်အာရုံချို့တဲ့သူတွေဦးစီးပြီး မြန်မာနိုင်ငံမှာ ပထမဆုံးအနေနဲ့ဖွင့်လှစ်လိုက်တဲ့ ဂျပန်ရိုးရာအကြောပြင်ဆေးခန်း ဖြစ်ပါတယ်။ နံနက် ၉ နာရီကနေ ည ၈း၃၀ နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်ထားပြီး အောက်မှာဖော်ပြပေးထားတဲ့ဖုန်းနံပါတ်တွေမှာ ကြိုတင်စာရင်းပေးသွင်းနိုင်ပါတယ်။ ဆာကူရာတာဝါမှာ ဇွန်လဆန်းကမှစတင်ဖွင့်လှစ်လိုက်တာဖြစ်လို့ ဈေးနှုန်းတွေကိုတော့ Special Monsoon Promotion အနေနဲ့ သတ်မှတ်ပေးထားတာကိုလည်း တွေ့ရပါတယ်။ ၄၅ မိနစ်ဆိုရင် ၄၀၀၀ ကျပ်၊ တစ်နာရီဆိုရင် ၅၀၀၀ ကျပ်နဲ့ ၁ နာရီ ၃၀ မိနစ် (၉၀ မိနစ်) ဆိုရင် ၈၀၀၀ ကျပ် လောလောဆယ်သတ်မှတ်ထားပါတယ်။

**လိပ်စာ–** GENKY (၁)– အမှတ် ၇၁၊ လှည်းတန်းလမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၈၆၄၁၂၁၉
GENKY (၂) – အခန်း–၀၅၀၁၊ ၅ လွှာ၊ ဆာကူရာတာဝါ၊
အမှတ်–၃၃၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတား
မြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၈၆၁၅၀၃၆



www.foreverspace.com.mm

# တံဆိပ်ရိုက်ပြီး လူသိအောင်လုပ်မယ်

စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ မိမိတို့ထုတ်ကုန်ပစ္စည်းတွေကို သုံးစွဲသူတွေနဲ့ ရောင်းချသူတွေသိအောင် နည်းလမ်းအမျိုးမျိုးနဲ့ကြော်ငြာကြပါတယ်။ အခုလိုမိုးရာသီကိုရောက်လာပြီဆိုရင်တော့ မဖြစ်မနေလည်းအသုံးပြုကြတဲ့ ရေစိုလည်းခံတဲ့ထီးတွေမှာ ကုန်ပစ္စည်းတံဆိပ်တွေရိုက်ပြီး ကြော်ငြာလေ့ရှိကြပါတယ်။ ဒီနေရာမှာ လုပ်ငန်းရှင်တွေအနေနဲ့ ထီးတွေကို ဘယ်မှာတံဆိပ်ရိုက်ပေးနေတယ်ဆိုတာ အလွယ်တကူနဲ့သိနိုင်အောင် Living Color က ဝန်ဆောင်မှုပေးလိုပါတယ်။ ထီးတံဆိပ်ရိုက်ပေးတဲ့နေရာတချို့မှာ T Shirt တွေအပေါ် တံဆိပ်ရိုက်ပေးတဲ့ဝန်ဆောင်မှုကိုလည်း ဆောင်ရွက်ပေးနေတာတွေ့ရပါတယ်။ အင်္ကျီတွေမှာလုပ်ငန်းတံဆိပ်ရိုက်နှိပ်ပြီး ကြော်ငြာလိုသူတွေ၊ ကုန်ပစ္စည်းအရောင်းမြှင့်တင်ပွဲတွေမှာ မိမိရဲ့ဝန်ထမ်းတွေကို တူညီဝတ်စုံတွေစီစဉ်ပေးလိုသူတွေအတွက် ဒီလိုဆိုင်တွေက အဆင်ပြေစေနိုင်မှာပါ။ တစ်ဆက်တည်းပြောပြပေးလိုတာကတော့ ကွန်ပျူတာပန်းထိုးပေးတဲ့လုပ်ငန်းအကြောင်းပါ။ ဒီလိုနေရာတွေကလည်း များများစားစားမရှိတဲ့အတွက် လုပ်ငန်းအပ်နှံမယ်ဆိုရင် အလွယ်တကူဆက်သွယ်နိုင်အောင် လိပ်စာတွေကို လက်လှမ်းမီသလောက် စုစည်းပေးထားပါတယ်။ ပြီးတော့ ကော်ဖီသောက်တဲ့ကြွေခွက်လေးတွေပေါ်မှာ တံဆိပ်တွေရိုက်ပေးတာ၊ နာမည်လေးတွေထိုးပေးတာ စတဲ့ဝန်ဆောင်မှုလေးတွေကို ဆောင်ရွက်ပေးနေတဲ့လုပ်ငန်းလေးတွေကိုလည်း အလျဉ်းသင့်သလို ဖော်ပြပေးထားပါတယ်။

### ထီး၊ တီရှပ် စတာတွေမှာ တံဆိပ်ရိုက်မယ်

- **Hein Myanmar Co., Ltd.**
  အခန်း–၁၀၀၆၊ ၁၀ ထပ်၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်လမ်းဆုံ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၂၇၃၃၊ ၇၀၇၉၃၇၊ ၀၉–၅၁၀၁၁၆၇၊ ၀၉–၅၁၀၁၁၆၈၊ ၀၉–၅၁၀၁၁၆၉၊
  Fax–၅၅၂၇၃၃
- **ပန်းအိဖြူ**
  SC-၁၊ SC–၃၊ ဝင်ပေါက် (၄)၊ ယုဇနပလာဇာ မျက်နှာစာတန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၀၀၇၄၇ (လိုင်းခွဲ–၁၁၇၀၊ ၁၀၅၈) ၀၉–၅၀၀၂၈၁၆
- **Minn Tun Trading Co., Ltd.**
  အမှတ်–၂၇၀၊ ၄ ထပ်၊ အခန်း–A၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၂၄၅၈၃၊ ၅၀၀၄၂၆၊ ၅၀၂၅၉၃
- **ကိုမိုးသူ**
  ဆိုင်အမှတ်–၃၆၄/၃၆၅၊ တတိယထပ်၊ အဆင့်မြင့်မင်္ဂလာဈေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၀၃၀၆၆၊ ၂၉၅၇၇၄ (လိုင်းခွဲ–၃၈၆၂)
  ၀၉–၅၀၁၂၁၃၄၊ ၀၉–၅၁၁၆၀၀၉
- **ထိပ်တန်း**
  – ဆိုင် (၁)၊ အမှတ်–၃၂၄၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၂၅၂၁၉၇
  – ဆိုင်–၂၊ အမှတ်–၆၊ အထက်ပုဇွန်တောင်လမ်း၊ စာတိုက်မှတ်တိုင်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၀၉–၅၀၄၂၃၀၂၊ ၅၇၁၁၂၂၊ ၀၉–၅၀၆၆၉၄၆
- **ဝင်းမင်း**
  အမှတ်–၄၊ သံသုမာလမ်း၊ (၁၄/၂) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၀၃၂၅၈၄၊ ၅၇၀၄၉၆
- **Shun Lei**
  အမှတ်–၇၄၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၄၈၂၈၁၊ ၀၉–၅၁၇၆၃၀၂
- **ကျူးလီ (တံဆိပ်ရိုက်စက်ရုံ)**
  အမှတ်–၁၆၈၊ ကျန်စစ်သားလမ်း၊ စက်မှုဇုန်–၄၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၇၇၀၇၊ ၇၂၃၁၆၈၊
  ၀၉–၉၉၂၂၈၉၈
- **အနန္တမေတ္တာ**
  အမှတ်–၅၇၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၃၁၈၃၊ ၀၉–၈၀၃၃၁၇၇၊ ၀၉–၅၀၁၇၁၃၇
- **Top Star**
  အမှတ်–၇၀၊ D-1၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၅၈၄၂၆၊ ၅၄၆၁၇၀၊ ၆၃၅၁၁၈၊ ၀၉–၅၀၁၉၇၆၁
  Fax–၅၄၆၁၇၀
- **ဟောဇင်**
  တိုက်–A၊ အခန်းအမှတ်–၀၀၁ (မြေညီထပ်)၊ ရွှေဂုံပလာဇာ၊ ရွှေဂုံတိုင်မီးပွိုင့်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၅၉၅၄၈၊ ၀၉–၅၀၅၁၀၁၅

### ကွန်ပျူတာပန်းထိုးလုပ်ငန်း

- **ကမ္ဘာ့သစ်**
  အမှတ်–၉၊ ၁၃၄ လမ်း၊ မြေညီထပ်၊ မင်္ဂလာဈေးအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၁၂၃၆၃၀၊
  ၀၉–၉၀၄၂၂၉၆
- **Golden Tex Trading Co., Ltd.**
  အမှတ်–၁၉(A/B)(မြေညီထပ်)၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၀၂၉၈၆၊ ၅၁၆၆၄၅၊ ၀၉–၈၀၃၀၉၈၁၊
  Fax–၅၁၆၆၄၅
- **Bright Star**
  အမှတ်(၁)၊ DSGH Compound၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၇၂၁၁၅၂၊ ဖက်စ်–၂၂၇၇၅၁

www.foreverspace.com.mm



❑ **Myint Than Co,. Ltd.**
အမှတ်-၈၂၁၊ အကွက်-၂၉၊ စောရန်ပိုင်လမ်းနှင့် မြမဥ္ဇူလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၄၂၂၄၅၊ ၀၉-၅၀၁၇၄၀၇

❑ **အောင်ပါရမီ**
အမှတ်-W-၅/၆၊ အောင်ဆန်းကစားပြိုင်ဝင်း (အထူးတန်း) မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၇၀၁၉၅၅၊ ၀၉-၅၀၁၄၄၀၆

❑ **Best Maker Co., Ltd.**
- တိုက်-၁၄၊ အခန်း L.၆၊ စံပယ်လမ်း၊ ယုဇနပလာဇာအိမ်ရာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၀၀၇၄၇ (လိုင်းခွဲ-၇၁၄၆)
- အမှတ်-၂၈၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း(မြောက်)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

❑ **MTC Co., Ltd.**
အမှတ်-၇၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၃၇၂၉၈၊ ၄၄၁၂၂၁၀၊ ၀၉-၅၀၆၅၉၉၀

❑ **ဂိုးလ်ဒင်းဂိတ်**
အမှတ်-၁၀ (မြေညီထပ်)၊ ၁၃၂ လမ်း၊ မအူကုန်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း-၇၀၀၃၀၉

**ကြွေခွက်တွေပေါ်မှာ ဓာတ်ပုံရိုက်နိုင်မယ့်နေရာ**

❑ **Eversmile Photo Studio Lab**
အမှတ်-၃၆၄၊ မဟာဗန္ဓုလလမ်း၊ ၃၈ လမ်းနှင့် ဆိပ်ကမ်းသာလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၇၄၆၀၃၊ ၀၉-၉၉၂၈၀၂၇

❑ **စံပြ**
အမှတ်-၃၇၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ EPC ရုံးရှေ့၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၂၄၁၆၅၊ ၅၀၅၈၁၅၊ ၀၉-၅၁၀၃၄၆၅

# ကျောက်မျက်သင်တန်း

ကျောက်မျက်ရတနာနဲ့ပတ်သက်လို့ လုပ်ငန်းလုပ်ကိုင်ဖို့အတွက်ပဲဖြစ်ဖြစ်၊ ကိုယ်ဝတ်ဆင်တဲ့ ကျောက်မျက်ရတနာတွေအကြောင်း သိထားချင်လို့ပဲဖြစ်ဖြစ် တက်ရောက်သင်ယူလေ့လာနိုင်မယ့် ကျောက်မျက်ရတနာသင်တန်းကျောင်းတစ်ခုကို လမ်းညွှန်ပေးလိုက်ပါတယ်။ E-mail လိပ်စာကိုပါဖော်ပြပေးမှာမို့ ကိုယ်သိလိုတဲ့အသေးစိတ်အချက်အလက်တွေကိုလည်း ကြိုတင်မေးမြန်းဖို့ အဆင်ပြေမှာပါ။ လစဉ်တစ်လသင်တန်းကို အမြဲတမ်း လတစ်လရဲ့ ပထမရက်မှာ ဖွင့်လှစ်ပါတယ်။ တနင်္လာနေ့ သောကြာနေ့အထိ ငါးရက်တက်ရမှာဖြစ်ပြီး အချိန်ကိုတော့ ညှိယူနိုင်ပါတယ်။ စနေ၊ တနင်္ဂနွေနှစ်ရက်ပဲ အချိန်အားသူတွေအတွက်လည်း အချိန်ကာလညှိနှိုင်းတက်ရောက်နိုင်မှာပါ။ အသေးစိတ်စုံစမ်းတက်ရောက်လိုသူတွေအတွက်

**လိပ်စာ** – ဦးကျော်မြင့်၊
ယူကျော်ကျောက်မျက်ရတနာသင်တန်းကျောင်း၊
အမှတ်- ၆၃၆(မြေညီထပ်)၊ ကုန်သည်လမ်း၊ ၂၉ လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၉-၉၈၇၁၉၅၀
E-mail: ukfgamogok@gmail.com

# စိန်တစ်လုံးသရက်စစ်စစ်

ရာသီပေါ်သီးနှံတစ်မျိုးဖြစ်တဲ့ သရက်သီးတွေထဲမှာ အမျိုးကောင်းသရက်သီးတစ်မျိုးဖြစ်ပြီး အရသာကောင်းမွန်လှတဲ့ စိန်တစ်လုံးသရက်သီးကြိုက်သူတွေကို သတင်းကောင်းလေးတစ်ခု ပေးပါရစေ။ စိန်တစ်လုံးသရက်သီးစစ်စစ်တွေကိုသာ သီးသန့်ရောင်းချနေတဲ့နေရာတွေဖြစ်ပြီး ဈေးနှုန်းကလည်း သင့်တင့်တာကို တွေ့ရပါတယ်။ ရပ်စောက်မြို့မှာစိုက်ပျိုးတဲ့ သရက်မျိုးတွေဖြစ်တယ်လို့လည်း သိရပါတယ်။ ရွှေပုစွန်နာမည်နဲ့ ရောင်းချနေတာဖြစ်ပြီး နာမည်ကျော်ရွှေပုစွန်အအေးဆိုင်ရဲ့လုပ်ငန်းခွဲတစ်ခုလည်း ဖြစ်ပါတယ်။ သရက်သီး ၁၀ လုံးနဲ့အထက်ဝယ်မယ်ဆိုရင် ကတ်ထူစက္ကူပုံးနဲ့ထည့်ပေးတဲ့အတွက် သယ်ရတာတွေလည်း လွယ်ကူတယ်လို့ ကိုယ်တိုင်သွားဝယ်ခဲ့တဲ့သူတစ်ဦးက ဆိုပါသည်။

**ဝယ်ယူနိုင်မယ့်လိပ်စာ–**

ဆရာစံလမ်း၊ YKKO
ကြေးအိုးဆိုင်ဘေး၊
ဗဟန်းမြို့နယ်၊
ရန်ကုန်။

# မန္တလေးက Myanmar Book Centre

မေလ ၂၁ ရက်နေ့ကမှ မန္တလေးမြို့မှာဖွင့်လှစ်လိုက်တဲ့ Myanmar Book Centre ဆိုင်ခွဲပါ။ ဒီစင်တာမှာ နိုင်ငံတကာစာပေထုတ်ဝေသူ ၅၀ ကျော်က ထုတ်တဲ့စာအုပ်တွေကို တစ်ဦးတည်းကိုယ်စားလှယ်အနေနဲ့ယူထားပြီး ပြည်ပကနေတင်သွင်းလာတဲ့ ဘာသာရပ်ဆိုင်ရာစာအုပ်များ၊ IELTS, TOEFL, GCE စာအုပ်များ၊ Computer Science နဲ့ Economic စာအုပ်များ၊ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ စင်ကာပူသင်ရိုးညွှန်းတမ်းစာအုပ်များအပြင် ဆရာ၊ ဆရာမများအတွက် သင်ထောက်ကူပစ္စည်းများကိုပါ ရောင်းချပေးတယ်လို့ ဆိုပါတယ်။

လိပ်စာ–

**Myanmar Book Centre**
အခန်းအမှတ်-၄၂၉၊ စတုတ္ထထပ်
78th Shopping Centre
မန္တလေးမြို့။

www.foreverspace.com.mm



## သားသားမီးမီးတို့ မူကြိုအပ်မယ်ဆိုရင်

မိမိတို့ရဲ့ သားငယ်သမီးငယ်တွေ သူငယ်တန်းမတက်ရသေးခင်မှာ မူကြိုအပ်နံဖို့ နေရာရွေးချယ်နေကြတဲ့မိဘတွေအတွက် စမ်းချောင်းမြို့နယ်ထဲက ပုဂ္ဂလိကမူကြိုကျောင်းတစ်ခုကို လမ်းညွှန်လိုပါတယ်။ အသက်သုံးနှစ်မှငါးနှစ်အရွယ်အတွင်းကလေးငယ်တွေကို သူငယ်တန်းဖတ်စာအပြင် အခြေခံအင်္ဂလိပ်စာ၊ တရုတ်စာနဲ့ စကားပြော၊ လေ့လာရေးခရီးတိုအစီအစဉ်၊ အထွေထွေဗဟုသုတပန်းချီအခြေခံတို့အပြင် ကျောင်းသားတစ်ဦးချင်းစီရဲ့ လစဉ်ပညာရည်နှင့်ကျန်းမာရေးစစ်တမ်းတွေကိုပါ မိဘတွေဆီပေးပို့ပါတယ်။ ပညာရေးသုတေသနဦးစီးဌာနကဖွင့်လှစ်တဲ့ မူကြိုဆရာဖြစ်သင်တန်းဆင်းဆရာမကိုယ်တိုင်ဦးစီးဖွင့်လှစ်ထားတာဖြစ်ပြီး ရပ်ဝေးမှကလေးငယ်တွေအတွက် ကျောင်းကား အကြို/ အပို့ကိုပါ စီစဉ်ထားတယ်လို့ ဆိုပါတယ်။

လိပ်စာ **– အလင်းသစ် ရင်သွေးရိပ်မြုံ**

အမှတ်–၂၈၊ သံတံတားလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း–၅၂၄၇၁၃

## စဥ့်ထည်အမျိုးမျိုးလက်ကားဝယ်ယူနိုင်တဲ့နေရာ

ဟိုတယ်၊ မိတယ်ရေ့တွေမှာ ခံ့ခံ့ထည်ထည်နဲ့ လှပအောင်စဥ့်ပန်းအိုးကြီးတွေနဲ့ အလှဆင်လိုရင်ပဲဖြစ်ဖြစ်၊ မိမိအိမ်မှာထားဖို့ ဒါမှမဟုတ် အစားအစာတစ်ခုခုထည့်သွင်းလိုရင်ပဲဖြစ်ဖြစ် အရေအတွက်များများလက်ကားဝယ်ယူနိုင်တဲ့နေရာတစ်ခုကို လမ်းညွှန်လိုက်ပါတယ်။ ဒီဆိုင်မှာ ရာဝင်အိုးကြီး၊ နံပြားအိုးနဲ့ စဥ့်ပန်းအိုးအမျိုးမျိုးဝယ်ယူနိုင်မှာပါ။

လိပ်စာ–

**အောင်ဝင်းစိုး–စဥ့်ထည်ရောင်းဝယ်ရေး (ပင်ရင်း)**

– အမှတ်–၁၅၂၊ ဓမ္မာရုံလမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။

(ပုဇွန်တောင်–ဒေါပုံတံတားအဆင်း) ဖုန်း–၇၀၀၇၈၃

E-mail: aungbo@myanmar.com.mm

– တလုပ်လပ်ကျေးရွာ(အရှေ့)၊ မအူပင်မြို့နယ်။

ဖုန်း–၀၉–၈၅၃၄၆၀၈

## မိုးအေးအေးမှာနွေးဖို့ ကော်ဖီဆိုင်ထိုင်မယ်

အခုလို မိုးရာသီကာလမှာ ရက်ဆက်မိုးရွာသွန်းတဲ့အခါ အေးစိမ့်စိမ့်ဖြစ်လာတဲ့ ရာသီဥတုနဲ့အတူ ကော်ဖီဆိုင်ကောင်းကောင်းထဲ ကော်ဖီနွေးနွေးသောက်ရတာဟာ အရသာတစ်မျိုးပါ။ အိမ်မှာဖျော်သောက်တာမဟုတ်ဘဲ ဒီလိုဆိုင်တွေမှာ သောက်ခြင်းအားဖြင့် ကော်ဖီရဲ့နွေးထွေးမှုအပြင် သူငယ်ချင်းမိတ်ဆွေတွေ၊ ချစ်ခင်သူတွေနဲ့ တွေ့ဆုံရတဲ့ရင်းနှီးနွေးထွေးမှုပါ ရနိုင်တာမို့ သွားလာရင်း မိုးခိုလိုလို့သောက်တာပဲဖြစ်ဖြစ်၊ တခြားသူတွေနဲ့ ချိန်းဆိုသောက်သုံးဖို့ပဲဖြစ်ဖြစ်၊ အေးအေးဆေးဆေး တစ်ယောက်တည်းထိုင်သောက်ဖို့ပဲဖြစ်ဖြစ် ဆိုင်မှာ ကော်ဖီသောက်ဖို့စဉ်းစားတဲ့အခါ အဆင်ပြေအောင်ထိုင်လို့ကောင်းမယ့် အဆင့်မြင့်ကော်ဖီဆိုင်တချို့ကို စုစည်းဖော်ပြပေးလိုက်ပါတယ်။

- **Black Canyon Coffee & International Thai Cuisine**
  အမှတ်–၃၃၀၊ အလုံလမ်း၊ (ရန်ကုန် အင်တာနေရှင်နယ်ဟိုတယ်ရှေ့) ဒဂုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၃၉၅၀၅၂၊ ၀၉–၈၀၂၁၆၉၁
  E-mail: blackcanyon@yangon.net.mm
- **365 Cafe'**
  အမှတ်–၅၊ အလံပြဘုရားလမ်း၊ သမ္မတဟိုတယ်၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၄၃၀၄၇၊ ၂၄၃၆၃၉–၄၃ (လိုင်းခွဲ–၃၂)
- **Jump**
  City Mart (မြေနီကုန်း)၊ ဗားကရာလမ်း(ပြည်လမ်းထောင့်)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၃၀၆၅ (လိုင်းခွဲ–၁၀၆)
- **ရွှေပုဇွန်**
  – အမှတ် ၂၄၆၊ ၂၄၈၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၂၂၃၀၅၊ ၂၁၁၇၀၉၊ ၂၂၇၁၇၁၊ Fax–၂၂၇၇၇၁
  – အမှတ်– ၁၄-A၊ မင်းနန္ဒာလမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၅၃၀၆၂၊ ၅၅၃၀၆၃၊ ၅၅၃၀၆၄
  E-mail: tslspz@myanmar.com.mm
- **မဟာဌာနီ**
  အမှတ်–၈၊ ပန်းခြံတာဝါ၊ ဓမ္မစေတီလမ်းနှင့် ဗားကရာလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၀၂၇၁၀၊ ၅၀၁၁၀၈
  E-mail: INFO@CAFEMAHARHTANJ.COM
- **SANTINO**
  – အမှတ်–၁၈၊ A-1၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၇၈၈၀
  – အမှတ်–၄၂–B၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
- **Cafe Aroma**
  – အမှတ်–၃၇၊ လပြည့်ဝန်းပလာဇာ (မြေညီထပ်)၊

www.foreverspace.com.mm

အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
– အမှတ်–၂၄၆/၂၄၈၊ နေပြည်တော်ရုပ်ရှင်ရုံ (မြေညီထပ်)၊ ဆူးလေဘုရားလမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၁၉၄၃

- **Parisian** (ပင်ရင်း)
အမှတ်–၄၄၆/၄၆၆၊ အောက်ကြည့်မြင်တိုင်လမ်း၊ ရန်ကုန်အနောက်ပိုင်းဆေးရုံရှေ့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၁၄၅၆၈၊ ၂၂၃၆၁

- **Parisian** (ဆူးလေဆိုင်ခွဲ)
အမှတ်–၁၃၂၊ ဆူးလေဘုရားလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၇၂၉၈

- **Parisian** (တရုတ်တန်းဆိုင်ခွဲ)
အမှတ်–၇၇၈၊ မဟာဗန္ဓုလလမ်းနှင့် ၁၄ လမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၆၆၂၅၊ ၂၁၅၈၆၆

- **Cafe' 3D**
အမှတ် ၂၅/၂၊ သုမင်္ဂလာအိမ်ရာ၊ လေးထောင့်ကန်လမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၇၃၇၀၁

- **Cafe' Blues**
အမှတ်–၃၅၂၊ မဟာဗန္ဓုလပန်းခြံလမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၅၁၂၈

- **Dante's Cafe**
တိုက်–B၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၇၄၇၅ (လိုင်းခွဲ–၈၀၄)

- **Cafe' Season**
အမှတ်–၂၈၇၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၄၉၅၇ (လိုင်းခွဲ–၂၉)

- **Cozy**
အမှတ်–၆၄၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၆၇၂၇၇

- **Fuji**
အမှတ်–၁၁၆၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၁၂၈၉၃

- **Royal Lake**
ပြည်ကြီးမွန်ဖောင်တော်အနီး၊ ကန်တော်ကြီးအနောက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေး။ ဖုန်း–၀၂–၇၀၄၉၈

- **Ginzapan**
–အမှတ်–၃၆၁၊ မဟာဗန္ဓုလလမ်း (ဆိပ်ကမ်းသာလမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
– အမှတ်–၄၅၆၊ ကုန်သည်လမ်း (ဘိုကလေးဈေးလမ်းထိပ်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၆၀၇၁

- **Ice Berry**
– အမှတ်–၂၃၀၊ ဗားကရာလမ်း၊ ဒဂုံစင်တာရှေ့၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၁၆၅၀၆
– အမှတ်–၂၉၊ ရန်ကုန်–အင်းစိန်လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၂၆၅၁၅

- **La Terraza Cafe**
အမှတ်–၃၅၀(မြေညီထပ်)၊ အလုံလမ်း၊ Summit Parkview Hotel၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၁၁၈၈၈ (လိုင်းခွဲ–၁၅၆)

- **Simpatico**
အမှတ်–၁၁၄(A)၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၂၆၇၁၂

- **Strand Cafe'**
အမှတ်–၉၂၊ ကမ်းနားလမ်း၊ Strand Hotel၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၃၃၇၇

- **The Serenity**
အမှတ်–၁၄၄၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၂၄၈၉၀

- **The Thiripyitsaya Sky Bistro**
အမှတ်–၃၃၉၊ Sakura Tower (20th Floor)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၅၂၅၅

- **Zephyr**
အမှတ်–၂၈၊ အင်းလျားလမ်း၊ စိမ်းလန်းစိုပြည်ပန်းခြံ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၂၇၂၀

- **Mr.Guitar**
အမှတ်–၂၂၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၀၄၄၆

- **J' Donuts (4)**
Junction-8 Shopping Centre (မြေညီထပ်)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၅၀၇၇၁~၃ (လိုင်းခွဲ–၁၂၅)

- **J' Donuts (6)**
ရန်ကင်းစင်တာမြေညီထပ်၊ ဆရာစံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၄၀၀၂၃၇ (လိုင်းခွဲ–၂၁၁၃)

- **Cafe' JJ**
– ၃၈ လမ်းနှင့် ၇၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး။ ဖုန်း–၀၂–၆၆၅၂၁
– ၇၃ လမ်း (၃၂× ၃၃ လမ်းထောင့်)၊ မန္တလေး။ ဖုန်း–၀၂–၆၈၇၅၆

www.foreverspace.com.mm

# တကယ့်လက်တွေ့ဘဝမှာ ကိုယ်နဲ့ဆက်ဆံလို့ အဆင်မပြေတဲ့သူတွေ ကိုယ်စီ အလုံအလောက်ရှိထားကြပြီးဖြစ်ပါလိမ့်မယ်၊ ဒါဆိုရင် Net ပေါ်မှာ ဘာလို့ ဒါမျိုးထပ်လုပ်ဖို့ လိုတော့မလဲ

သင်ဟာ အင်တာနက်နေ့တိုင်းပုံမှန်သုံးတဲ့သူဆိုရင် အင်တာနက်ပေါ်က လူမှုရေးကွန်ရက်တစ်ခုခုကို ရှောင်လွှဲမရနိုင်ဘူးဆိုတာ သေချာပါတယ်။ ဥပမာ–MySpace တို့ Facebook တို့ဆိုတာမျိုးတွေပါ။ ဒီလူမှုရေးကွန်ရက်တွေသုံးတဲ့အခါ အဲဒီကွန်ရက်ထဲက မိတ်ဆွေအပေါင်းအသင်းတွေနဲ့ လူချင်းအပြင်မှာ တွေ့ဖူးသည်ဖြစ်စေ မတွေ့ဖူးသည်ဖြစ်စေ Netizine ပီပီသသ အချင်းချင်းယဉ်ယဉ်ကျေးကျေးဆက်ဆံနိုင်ပြီး အင်တာနက်ကွန်ရက်အဖွဲ့အစည်းမှာ အကျိုးပြုသူတစ်ဦးအဖြစ် ပါဝင်နိုင်စေမယ့် နည်းလမ်းတချို့ Wiki ကနေ ဖော်ပြပေးတာကို ပြန်ပြီးဝေမျှပေးလိုက်ပါတယ်။

**၁။ လေးစားမှုအပြန်အလှန်ရယူပါ။** ။ ကိုယ်ကစပြီး အရင်ဆုံးသူများကို လေးလေးစားစားဆက်ဆံရင် သူတို့တွေက ကိုယ့်လိုပဲပြန်ပြီး ဆက်ဆံကြမှာပါ။

**၂။ တည်တည်တံ့တံ့အင်္ဂလိပ်စကားသုံးပါ။** ။ တချို့နေရာတွေမှာ အတိုကောက်တွေ သုံးတာကောင်းပေမယ့် တချို့လူတွေအတွက်တော့ တည်တည်တံ့တံ့ရေးပြတဲ့ အင်္ဂလိပ်စကားကသာ သင့်ကို ပညာတတ်လူကြီးလူကောင်းအဖြစ် ယူဆနိုင်အောင် တိတိကျကျကူညီနိုင်မှာပါ။

**၃။ အွန်လိုင်းကနေ သူတစ်ပါးကို မတိုက်ခိုက်ရပါ။** လူအများမြင်သာအောင် သတင်းစကားဖော်ပြပြီး ရန်စစကားနဲ့ တိုက်ခိုက်တာမျိုးဖြစ်ဖြစ် သီးသန့်စာပို့ပြီး ရန်လိုစကားပြောတာမျိုးဖြစ်ဖြစ် မလုပ်ရပါ။

**၄။ တတ်နိုင်သမျှ Forum စည်းကမ်းလိုက်နာပါ။** ကိုယ်သုံးနေတဲ့ Forum က ဝင်မေးပါဆိုတဲ့နေရာမှာပဲမေးပါ။ မလိုအပ်ရင် အဖြေရှိပြီးသားဆိုရင် ထပ်မမေးပါနဲ့။ ကိုယ့်ကြောင့် Forum ထဲက တခြားသူတွေ စိတ်မရှုပ်ပါစေနဲ့။

**၅။ စည်းမကျော်ရပါ။** အင်တာနက် Forum တွေဟာ သင့်ရဲ့စိတ်ခံစားမှုတွေ ဖောက်ခွဲဖွင့်ထုတ်ပစ်ဖို့ချည်းပဲ မဟုတ်ပါဘူး။ ထိန်းထိန်းသိမ်းသိမ်းလုပ်ပါ။

**၆။ ယဉ်ကျေးပါ။** တချို့တွေ စာလုံးပေါင်းမှားတာတို့၊ သဒ္ဒါမှားတာတို့ လုပ်ကောင်းလုပ်မိကြပါလိမ့်မယ်။ သူတို့ကို လူမြင်သူမြင်သွားမဆုံးမရပါ။ တိတ်တိတ်သီးသန့်သတင်းပို့ပြီး သတိပေးတာမျိုးလုပ်ပါ။

**၇။ လူဝင်ဆံ့ပြီးဖော်ရွေတဲ့ပုံစံမျိုးနေထိုင်ပါ။** လက်တွေ့ဘဝမှာ စကားပြောမကောင်းတဲ့သူ၊ လူတိုင်းနဲ့ လိုက်လျောညီထွေဖြစ်အောင်နေလို့မရတဲ့သူမျိုး ရှိတတ်ကြပါတယ်။ Online မှာတော့ ဒါမျိုးမဖြစ်ဖို့က လွယ်ပါတယ်။ သင်ပိုပြီး ပျော်ရွှင်လာမှာပါ။

**၈။ သဘောမတူကြတဲ့အခါ သဘောတူရမှာက။** Forum ကြီးတစ်ခုလုံးက လူတွေနဲ့ သင်နဲ့ အမြဲတမ်းစိတ်ချင်းတိုက်ဆိုင်နေမှာမဟုတ်ပါဘူး။ အဲဒီလိုသဘောမတူကြတဲ့အခါ အားလုံးလိုက်နာသင့်တာကတော့ သဘောမတူတိုင်း ဝင်မရှုပ်သင့်တာနဲ့ စကားလုံးတွေနဲ့ ဝင်တိုက်ခိုက်တာမျိုး မလုပ်သင့်တာပါ။ ရှောင်နေလိုက်ရုံပါ။ ဒါက အားလုံး သဘောတူထားရမှာပါ။

**၉။ ခေါင်းငုံ့နေဖို့လည်း မလိုပါ။** အပေါ်က နည်းတွေအားလုံးကောင်းပါတယ်။ ဒါပေမဲ့ ကိုယ်မကြိုက်တာတစ်ခုခုကို သဘောတူလိုက်ဖို့ လုပ်ပေးဖို့ကို တောင်းဆိုလာရင်တော့ ပြတ်သားရမှာပါ။ No လို့လည်း ပြောတတ်ရမှာ ဖြစ်ပါတယ်။

ဒါဆိုရင် ပျော်ရွှင်တဲ့နေသာထိုင်သာရှိတဲ့ အင်တာနက်လူမှုရေးအဖွဲ့အစည်းမှာ နေထိုင်သူတစ်ဦးဖြစ်လာမှာပါ။

LIVING COLOR MEDIA

သမ္မတဟိုတယ် (Business Suite)
အမှတ် ( ၅ ) ၊ အလံပြဘုရားလမ်း ၊
ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။
ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂

www.foreverspace.com.mm



## ၂၀၀၉ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ထွက်ရှိသောစာအုပ်များ

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ် အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | အောင်မြင်သောစီးပွားရေး ခေါင်းဆောင်မှု၏ လျှို့ဝှက်ချက်များ<br>စာမူခွင့်ပြုချက်အမှတ် – ၄၀၀၃၃၃၀၄၀၉ | ဝင်းသိန်းဦး | ၅၀၀ | ၁၈၀၀ | Future Publishing House | ၂၀၀၉၊ ဩဂုတ် (ပ–ကြိမ်) | စီးပွားရေးကဏ္ဍ နည်းဗျူဟာများ |
| ၂။ | အလောင်းဘုရားနှင့်တတိယ မြန်မာနိုင်ငံတော်<br>စာမူခွင့်ပြုချက်အမှတ် – ၃၁၀၀၃၆၀၄၀၉ | ထွဋ်ခေါင်မင်း | ၅၀၀ | ၂၁၀၀ | စိုးစာပေ | ၂၀၀၉၊ ဇူလိုင် (ပ–ကြိမ်) | သမိုင်း |
| ၃။ | သမိုင်း၏သင်ခန်းစာများ<br>စာမူခွင့်ပြုချက်အမှတ် – ၃၁၀၀၇၁၁၀၀၇ | သန်းစိုးနိုင် | ၁၀၀၀ | ၂၀၀၀ | သုံးပွင့်ညီညာ | ၂၀၀၉၊ ဇူလိုင် (ပ–ကြိမ်) | သမိုင်းဆိုင်ရာ ဒဿနပညာ |
| ၄။ | ဟင်နရီဖို့ဒ်<br>စာမူခွင့်ပြုချက်အမှတ် – ၄၀၀၄၀၀၀၄၀၉ | ထက်မြက် | ၅၀၀ | ၁၀၀၀ | စိတ်ကူးချိုချို | ၂၀၀၉၊ ဇူလိုင် (ပ–ကြိမ်) | အတ္ထုပ္ပတ္တိ |
| ၅။ | မုဆိုးမပုံပြင်<br>စာမူခွင့်ပြုချက်အမှတ် – ၅၀၀၄၈၅၀၄၀၉ | ခင်နှင်းယု | ၁၀၀၀ | ၈၀၀ | မွှေး (ဒု–ကြိမ်) | ၂၀၀၉၊ ဇူလိုင် | လုံးချင်းဝတ္ထု |
| ၆။ | အကယ်၍သာ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၁၈၆၁၀၀၈ | မင်းခိုက်စိုးစန် | ၁၀၀၀ | ၁၈၀၀ | ကြောင်နှစ်ကောင် | ၂၀၀၉၊ ဇူလိုင် (ပ–ကြိမ်) | လုံးချင်းဝတ္ထု |
| ၇။ | ဋီကာကျော်(တတိယဆင့်) (သမုစ္စည်း–ပစ္စည်း–ကမ္မဋ္ဌာန်းပိုင်း) ပို့ချချက်များ<br>စာမူခွင့်ပြုချက်အမှတ် – ၃၂၀၅၄၁၁၀၁၈ | တက္ကသိုလ် သျှင်သီရိ(ဓမ္မ စရိယ/ဘီ–အေ) | ၅၀၀ | ၁၈၀၀ | စန်းလ သော်တာ | ၂၀၀၉၊ ဇူလိုင် (ပ–ကြိမ်) | ဘာသာရေး |
| ၈။ | လွမ်းလို့သာကျန်ရစ်ခဲ့ပါလေ<br>စာမူခွင့်ပြုချက်အမှတ်–၁၁၉/၀၁/(ပုံနှိပ်) သသန–၀၉ | အရှင်သံဝရာ လင်္ကာရဓမ္မပိယ ဆရာတော် | ၁၀၀၀ | ၁၂၀၀ | ဓမ္မပိယ | ၂၀၀၉၊ ဇူလိုင် (ပ–ကြိမ်) | ဘာသာရေး |
| ၉။ | ပထမဆုမလိုချင်သူနှင့် အခြားဝတ္ထုတိုများ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၁၁၃၀၀၉၀၇ | မေသက်စု | ၅၀၀ | ၁၀၀၀ | စာပေလောက | ၂၀၀၉ ၊ ဇူလိုင် (ပ–ကြိမ်) | ဝတ္ထုတိုများ |
| ၁၀။ | မီရှယ်လ်အိုဘားမား<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၆၅၅၀၆၀၉ | ဟိန်းလတ် | ၁၀၀၀ | ၂၅၀၀ | ဩကာသ | ၂၀၀၉၊ ဇွန် (ပ–ကြိမ်) | ဘဝမှတ်တမ်း ဘာသာပြန် |
| ၁၁။ | လွန်ဆန်မရ မသဘာဝ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၀၇၉၀၁၀၉ | မြလေးညို (ဆေး–မန်း) | ၅၀၀ | ၂၀၀၀ | ချိုတေးသံ | ၂၀၀၉၊ ဇွန် (ပ–ကြိမ်) | ဆေးပညာ ဗဟုသုတ |
| ၁၂။ | ထိပ်ဆုံးက ၁၀<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၂၃၀၃၀၉ | ဆရာဦးသိန်းလွင် | ၅၀၀ | ၁၈၀၀ | ရွှေဟသာ | ၂၀၀၉၊ ဇွန် (ပ–ကြိမ်) | သုတ |
| ၁၃။ | ကေရဂျေဟာသများ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၈၂၅၀၈၀၈ | ဖိုးလိမ္မော် | ၅၀၀ | ၂၀၀၀ | စာအုပ်ဈေး | ၂၀၀၉၊ ဇွန် (ပ–ကြိမ်) | ဟာသ |

www.foreverspace.com.mm


| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၄။ | ဟင်းလင်းကိုဂီတဖွဲ့ဆိုသူ<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၂၇၅၀၃၀၉ | ညွန့်ဝင်းလေး | ၅၀၀ | ၂၅၀၀ | ရူဝံ | - | ဗိသုကာရသ ဆောင်းပါးများ |
| ၁၅။ | ပန်းစည်းကြိုး<br>စာမူခွင့်ပြုချက်အမှတ်-၅၀၀၆၃၈၀၅၀၉ | ခင်ခင်ထူး | ၁၀၀၀ | ၁၅၀၀ | ပုဂံ | ၂၀၀၉၊ ဇွန်<br>(ပ-ကြိမ်) | မဂ္ဂဇင်းဝတ္ထုရှည်များ |
| ၁၆။ | စိတ်ကူးထဲက စာမျက်နှာ<br>စာမူခွင့်ပြုချက်အမှတ်-၅၀၀၄၉၁၀၄၀၉ | စုပေါင်း | ၄၀၀ | ၁၀၀၀ | ရဲအောင် | ၂၀၀၉၊ ဇွန်<br>(ပ-ကြိမ်) | ဝတ္ထုတိုများ |
| ၁၇။ | သန္ဓေသားနှင့် ကလေးငယ်ပြဿနာ<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၁၃၆၀၂၀၉ | ပါမောက္ခ မင်းခေတု | ၁၀၀၀ | ၁၀၀၀ | သော်တာမင်း | ၂၀၀၉၊ ဇွန်<br>(ပ-ကြိမ်) | ဆေးပညာ ဗဟုသုတ |
| ၁၈။ | ကမ္ဘာ့နိုင်ငံအချို့၏ စီးပွားရေး သမိုင်းကြောင်းနှင့်စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၆၀၈၀၅၀၉ | ဒေါက်တာ အောင်ကိုကို (စီးပွားရေးပညာ၊ စီးပွားရေးပေါ်လစီ) | ၁၈၀၀ | ၁၀၀၀ | ထက်ဝေယံ | ၂၀၀၉၊ ဇူလိုင်<br>(ပ-ကြိမ်) | စီးပွားရေး |
| ၁၉။ | မန္တလေးအနှစ် ၁၅၀ ပြည့် မဂ္ဂဇင်း | စာရေးဆရာများ | ၇၀၀၀ | ၂၀၀၀ | မန္တလေးအသင်း | ၂၀၀၉၊ မေ<br>(ပ-ကြိမ်) | မဂ္ဂဇင်း |
| ၂၀။ | စီးပွားရေးကပ်အန္တရာယ်စီမံခန့်ခွဲ ကာကွယ်ခြင်း<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၃၉၉၀၄၀၉ | ဦးဝင့်ကျော် | ၂၀၀ | ၂၃၀၀ | ချိုတေးသံ | ၂၀၀၉၊ မေ<br>(ပ-ကြိမ်) | စီးပွားရေး |
| ၂၁။ | နိုင်ငံတကာအကြမ်းဖက်ဝါဒ<br>စာမူခွင့်ပြုချက်အမှတ်-၃၁၀၀၂၉၀၃၁၉ | ဇင်သန့် | ၅၀၀ | ၁၅၀၀ | သင်း | ၂၀၀၉၊ ဇွန်<br>(ပ-ကြိမ်) | ဘာသာပြန် |

# စာအုပ်လမ်းညွှန်
## Editor's Choice

### မြန်မာ့ယဉ်ကျေးမှု မြန်မာ့ရှေးဟောင်း ဘုန်းတော်ကြီးကျောင်းများ

**နတ်မောက်ထွန်းရှိန်**

မန္တလေးရတနာပုံနေပြည်တော် မြို့သစ်တည်မင်းတုန်းမင်းလက်ထက် မန္တလေးတစ်ဝိုက်ရှိ ထိုခေတ်မြန်မာမှု မြန်မာ့လက်ရာ ဘုန်းတော်ကြီးကျောင်းတွေကို လက်လှမ်းမီသလောက် လေ့လာပြုစုထားတဲ့ ကျမ်းငယ်တစ်စောင်ဖြစ်ပါတယ်။ သာမန်ဆောင်းပါးတွေကို စုစည်းထုတ်ဝေတာမျိုးမဟုတ်ဘဲ သေသေချာချာကွင်းဆင်းလေ့လာ မေးမြန်းပြီး လိုအပ်တဲ့အချက်အလက်အထောက်အထားတွေကို ရှာဖွေထုတ်နုတ်ကိုးကားထားတာမို့ ကျမ်းငယ်တစ်စောင်လို့ ဆိုရတာပါ။ မင်းတုန်းမင်း နန်းစံချိန်ဆိုပေမယ့် မန္တလေးခေတ်လက်ရာ ဗိသုကာကျောင်းတော်တွေချည်းတော့မဟုတ်ပါဘူး၊ အမရပူရခေတ်ဘိုးတော်ဘုရားလက်ထက်က တည်ဆောက်လှူဒါန်းခဲ့ကြတဲ့ ကျောင်းတော်တချို့ကိုလည်း ထည့်သွင်းပြုစုထားတာ တွေ့ရပါတယ်။ စာအုပ်




ခေါင်းစဉ်မှာ ယဉ်ကျေးမှုနဲ့ ဘုန်းတော်ကြီးကျောင်းအမည်ပေးထားပေမယ့် အဲဒီကျောင်းတိုက်ကြီးတွေမှာ သီတင်းသုံးခဲ့ကြ

www.foreverspace.com.mm

တဲ့ နာမည်ကျော်ဆရာတော်ကြီးတွေအကြောင်းကိုလည်း ဖြည့်စွက်မှတ်တမ်းပြုပေးထားပါတယ်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာ၊ မြန်မာ့ဗိသုကာအကျော်အမော်၊ မြန်မာ့ပန်းပုပညာရှင်တွေရဲ့ အနုအရှုပညာအဆင့်အတန်းနဲ့ ဘာသာတရားအပေါ် အထွတ်အမြတ်အရိုအသေထားပြီး အလှူအတန်းရက်ရောခဲ့ကြတဲ့ ရှေးမြန်မာတွေအကြောင်းကိုလည်း တစ်လက်စတည်း သိမှတ်ရနိုင်ပါတယ်။

အထူးသဖြင့် အမရပူရ၊ အင်းဝမှာ မူလက တည်ဆောက်ထားတဲ့ ကျောင်းတိုက်ကြီးတွေကို ရတနာပုံမန္တလေးမြို့တော်အထိ လက်ရာမပျက်၊ ပုံမပျက်ရွှေ့ပြောင်းတဲ့ မြန်မာဗိသုကာပညာရှင်တွေရဲ့ အတတ်ပညာက အံ့ဘနန်း ထူးခြားလှပါတယ်။ နောက်တစ်ခုက အင်မတန် အသက်ဝင်ပြီး လက်ရာမြောက်လှတဲ့ ရင်သပ်ရှုမောသစ်သားပန်းပု၊ ခြူးပန်း၊ ခြူးနွယ်၊ ကနုတ်၊ အပြောက်၊ အမွှန်းတွေကို စိတ်ရှည်လက်ရှည်အသေးစိတ်ထုလုပ်ခဲ့ကြတဲ့ ပန်းပုပညာရှင်တွေကိုလည်း လေးစားဦးညွှတ်မိစေပါတယ်။ ဒီလောက်ကြီးကျယ်ခမ်းနားလှတဲ့ ကျောင်းတော်ကြီးတွေကို သဒ္ဒါတရားထက်သန်စွာ တည်ဆောက်လှူဒါန်းခဲ့ကြတဲ့ ကျောင်းဒကာ၊ ဒကာမများရဲ့ ဒါနပါရမီထက်သန်မှုကလည်း ပီတိအဟုန်ပြင်းပြင်းနဲ့ မုဒိတာပွားစရာကောင်းလှပါတယ်။

စုစုပေါင်းကျောင်းတိုက်ကြီး ၁၀၀ ကျော်ကို တစ်နေရာချင်းစီကိုယ်တိုင်ကိုယ်ကျ အပင်ပန်းခံသွားပြီး တခုတ်တရရေးသားမှတ်တမ်းတင်ထားတဲ့ ဆရာနတ်မောက်ထွန်းရှိန်ရဲ့ သဒ္ဒါတရားနဲ့ စေတနာလုံ့လကတော့ ချီးကျူးသာခု အကြိမ်ကြိမ်ခေါ်မိစရာပါ။

မြန်မာပြည်မှာ မန္တလေးပတ်ဝန်းကျင်တင်မက အနယ်နယ်အရပ်ရပ်မှာလည်း ရှေးခေတ်ဘုန်းတော်ကြီးကျောင်းတွေ တော်တော်များများရှိနေပါသေးတယ်။ အဲဒီကျောင်းတိုက်တွေကိုလည်း တတ်နိုင်သလောက် မှတ်တမ်းပြုထိန်းသိမ်းပေးနိုင်ရင် နောင်မှာ ကမ္ဘာလှည့်ခရီးသည်တွေကို မြန်မာမှုလက်ရာ၊ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတွေကို တဂုဏ်တယူပြသနိုင်မှာ သေချာပါတယ်။

အချုပ်ဆိုရရင် အားနည်းချက်တွေရှိပါတယ်လို့ စာအုပ်စီစဉ်ထုတ်ဝေသူ ကြည်မင်းထွန်းရဲ့ စကားပြေရော စကားပြောဟန်တစ်ဝက် ကျေးဇူးတင်စကားထဲက အားနည်းချက်တွေရှိပါတယ်လို့ ဆိုသလိုပဲ ဆောင်းပါးတွေကို ကြုံသလို စီစဉ်ထားသလိုဖြစ်နေတာကြောင့် မင်းထင်သစ်သားကျောင်းကြီးနဲ့ပတ်သက်တဲ့ဆောင်းပါးနှစ်ပုဒ်မှာ အရင်ရေးတဲ့တစ်ပုဒ်က နောက်နားတော်တော်ရောက်နေပြီး နောက်မှရေးတဲ့ဆောင်းပါးက ရှေ့ရောက်နေတာမျိုး၊ ဓာတ်ပုံတချို့ (အခြေအနေအရ) ဝါးနေတာမျိုးစတဲ့ အားနည်းချက် မဖြစ်စလောက်ကလေးတွေကလွဲရင် အင်မတန် တန်ဖိုးရှိတဲ့ ကျမ်းငယ်တစ်အုပ်လို့ ဆိုချင်ပါတယ်။ ဒီလိုစာအုပ်မျိုးနဲ့ လိုက်ဖက်အပ်စပ်တဲ့ ကတ်ထူအခန့်ချုပ်နဲ့ မြန်မာ့ရိုးရာမျက်နှာဖုံးဒီဇိုင်းက စာအုပ်တန်ဖိုး ၆၅၀၀ ကျပ်ဆိုတာကို မေ့လျော့သွားစေပါတယ်။

| | |
|---|---|
| ထုတ်ဝေတိုက် | – မြန်မာသစ် |
| မျက်နှာဖုံးပန်းချီ/ ဒီဇိုင်း | – ဦးအေးမြင့် (မြန်မာမှုဒီဇိုင်းသုတေသီ) |
| ထုတ်ဝေသည့်နှစ် | – ၂၀၀၉ ခုနှစ်၊ မေလ |
| ထုတ်ဝေသည့်အကြိမ် | – ပထမအကြိမ် |
| အုပ်ရေ | – ၅၀၀ |
| တန်ဖိုး | – ၆၅၀၀ ကျပ် |
| စာမူခွင့်ပြုချက်အမှတ် | – ၃၁၀၀၀၂၀၁၀၉ |

## မန္တလေးအနှစ် ၁၅၀ ပြည့်မဂ္ဂဇင်း

မင်းတုန်းမင်း တည်ထောင်ခဲ့သည့် ရတနာပုံနေပြည်တော်မန္တလေးသည် ယခုအခါ အနှစ် ၁၅၀ ပြည့်ပေပြီ။ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ဓလေ့၊ မြန်မာ့စရိုက်၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့သတ္တိနှင့် မြန်မာမှုရေးရာများနှင့်ပတ်သက်လျှင် တခုတ်တရစံထားပြောဆိုနေရဆဲ မန္တလေးမြို့တော်၏ အနှစ် ၁၅၀ ပြည့် အထိမ်းအမှတ်အလို့ငှာ မန္တလေးသူမန္တလေးသားများက စီစဉ်ထုတ်ဝေသော မဂ္ဂဇင်းကြီးလည်း ဖြစ်သည်။

အခန်း ၁၅ ခု၊ ကဗျာဆရာ ၂၄ ဦးနှင့် သမိုင်းဆရာ၊ စာရေးဆရာ ၁၂၄ ဦးအရေ အတွက်နှင့်ညီသော၊ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုများပေါင်းစုထားသည့်အတွက် စုစုပေါင်းစာမျက်နှာ ၅၈၂ မျက်နှာရှိပြီး ရှေ့မျက်နှာစာ ကြွေစက္ကူရောင်စုံကြော်ငြာ စာမျက်နှာ ၆၀ နှင့် အတွင်းရှိသမိုင်းဝင် ဓာတ်ပုံပန်းချီလက်ရာများဖော်ပြထားသည့် ကြွေစက္ကူစာမျက်နှာ ၃၀ နှင့် နောက်ကျောဘက်စက္ကူဖြူချောကြော်ငြာ ၄၈ မျက်နှာပါထည့်ပေါင်းလျှင် စုစုပေါင်း စာမျက်နှာ ၇၂၀ ခန့်ရှိ ဧရာမမဂ္ဂဇင်းကြီးတစ်စောင်လည်းဖြစ်သည်။ ကလောင်အင်အားတောင့်တင်းလှသည့်အပြင် ညွှန်းဆိုရေးဖွဲ့၍ မကုန်နိုင်လောက်သည့် မန္တလေးမြို့အကြောင်းရေးဖွဲ့ထားသမျှ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုများအားလုံးမှာလည်း မလွတ်တမ်းဖတ်ရှုလေ့လာသင့်သည်များချည်းဖြစ်သည်။


အထူးသဖြင့် ယနေ့ခေတ်ပေါ် ကဗျာဆရာများစပ်ဆိုရန် မလွယ်ကူသည့် မန္တလေး နှစ်တစ်ရာ့ငါးဆယ်ဆုတောင်းမေတ္တာကဗျာလေးချိုးကြီးနှင့် အဖွင့်ကဗျာကဏ္ဍကို စတင်ထားခြင်းမှာ များစွာမင်္ဂလာကျက်သရေရှိလှ၏။ စာရေးသူ၊ ကဗျာရေးသူတို့၏ အတ္တပုံရိပ်များမပါသော မန္တလေးအကြောင်း အဓိကဂုဏ်တင်ရေးသားထားသည့် ကဗျာ၊ ဆောင်းပါးများက အထူးတလည်အသိအမှတ်ပြုစရာကောင်း၏။ နှစ် ၁၅၀ ပြည့် မန္တလေးမဂ္ဂဇင်းကြီးနှင့်လည်း ပို၍လိုက်ဖက်၏။

စကားလုံးတိုင်း၊ ဝေါဟာရတိုင်း အဓိပ္ပာယ်ပြည့်ဝပျော်ဝင်နေသည့် မန္တလေးဖွဲ့ကဗျာများကိုဖတ်ရသည်မှာ အားပါးတရရှိလှသည်။ ကြည်ကြည်နူးနူးအေးအေးချမ်းချမ်းရှိလှသည်။ ခေတ်အဆက်ဆက်ပြောင်းလဲလာသောမန္တလေး၏ ပုံရိပ်ကိုပြတ်ပြတ်ထင်ထင်သရုပ်ဖော်ထားနိုင်သည်။

www.foreverspace.com.mm

ကဗျာဆရာအများစု၏ ရင်တွင်းရှိ ခံစားချက်တို့သည်ကား ငယ်မူငယ်သွေး မန္တလေးကို တမ်းတမ်းတတရှိနေကြပုံရသည်။ အချို့ကဗျာကလေးများက တိုသော်လည်း အဓိပ္ပာယ်ပြည့်ဝသည်။ ကဗျာဆရာပြောချင် ဆိုချင်သည့် ရည်ရွယ်ကို ကဗျာချစ်သူတို့ ဖမ်းဆုပ်နိုင်သော အရေးအဖွဲ့များဖြစ်၏။ ဝေးကွာလွန်းသော ဘိုဆန်လွန်းသော အလွန်အကျူး အတိသယဝုတ္တိမြောက်သော နားလည်ရန်ခက်ခဲသည့် ဝေါဟာရများမပါ။ ကဗျာဆရာတို့၏ စာဆိုဂုဏ်ရည်ကို ဦးညွှတ်မိသည်။

'မန္တလေးသမိုင်း' ကဏ္ဍသည် ခေါင်းစဉ်နှင့်လိုက်အောင် မန္တလေးနှင့်ပတ်သက်သမျှ သမိုင်းအထောက်အထားအချက်အလက်များသာမက နောက်ဆုံးမင်းဆက်အုပ်ချုပ်ရေးစနစ်၊ ပြည်သူလူထု၏အခြေအနေ၊ အင်္ဂလိပ်အပါအဝင် နိုင်ငံရပ်ခြားတိုင်းပြည်အချို့နှင့် ဆက်ဆံရေး၊ မြန်မာ့တပ်မတော်ဖွဲ့စည်းမှု၊ မင်းတုန်းမင်းလက်ထက် ရတနာပုံမန္တလေးနေပြည်တော်တည်ဆောက်မှုနှင့် ဖွဲ့စည်းမှု၊ တည်ဆောက်ရခြင်းအကြောင်းနှင့် ဗိသုကာပုံကြမ်းများ၊ ဗြိတိသျှအုပ်စိုးစဉ်ကာလ အခြေအနေအချို့နှင့် မဟာမိတ်–ဂျပန်စစ်ပွဲများနှင့် ပြည်တွင်းစစ်ကာလအခြေအနေများပါမကျန် စေ့စေ့ငုငုဖော်ထုတ်ရေးသားထားသော ဆောင်းပါး ၂၅ ပုဒ် ပါဝင်သည်။




ထိုဆောင်းပါးများအနက်မှ ညီစေမင်း၏ 'ဦးကောင်းလိမ်ထုတ် ဟုတ်မဟုတ်' ခေါင်းစဉ်ဖြင့်ရေးသားထားသော ဆောင်းပါးမှာ ဦးကောင်းလိမ်ထုတ်သည်မှာ ဟုတ်လောက်ဖွယ်ရှိသည်ဟု စွပ်စွဲသံပါနေသည်။ သတင်းစာ သို့မဟုတ် သမိုင်းမှတ်တမ်းဆိုပါက မြင်တွေ့ရသမျှကို မည်သည့်ဘက်ကိုမျှမယိမ်းဘဲ တွေ့သည့်အတိုင်း ရေးရမည်ဖြစ်သည်။ စင်စစ်အားဖြင့် မြန်မာဘုရင်စနစ်ချုပ်ငြိမ်းကာနီးကာလတွင် ကင်းဝန်မင်းကြီးပါဝင်ခဲ့သော အခန်းကဏ္ဍ ယနေ့အထိ အငြင်းပွားဖွယ်ရာများရှိနေသေးသည်။ ဆောင်းပါးပါရေးသား ယူဆချက်များကိုကြည့်လျှင် 'ဦးကောင်းလိမ်ထုတ်' ဟုတ်မဟုတ်ဟူသော ခေါင်းစဉ်ထက် 'ဦးကောင်းလိမ်ထုတ်ခဲ့ခြင်းပေလော' ဟု တပ်လျှင် ဤဆောင်းပါးနှင့် ပိုသင့်တော်ဖွယ်ရှိသည်။

သည်မောင်၏ 'စကြဝဠာ၏ဗဟို' နှင့် အောင်သန်းချစ်၏ 'မင်းတုန်းမင်းတရားကြီးနန်းတော်မှာ အခစားဝင်ခဲ့တဲ့ အမေရိကန်တစ်ဦးရဲ့မှတ်တမ်း' ဆောင်းပါးနှစ်ပုဒ်သည်လည်း စိတ်ဝင်စားဖွယ်ကောင်း၏။ အထူးသဖြင့် နိုင်ငံခြားသားနှစ်ဦး၏ ပညာရပ်ဆိုင်ရာအမြင်နှင့် လူစွန့်စားခရီးသွားတစ်ဦး၏ အမြင်နှစ်မျိုးက ကောင်းကွက်ကိုချည်း ချီးပညွှန်းဆိုသောသဘောနှင့် အတန်ငယ် လွတ်ကင်းသည်။

သမိုင်းတွင် မော်ကွန်းထိုးခဲ့သော ရဟန်းအာဇာနည် ၁၇ ဦး၏ အကြောင်းကိုလည်း ဤမဂ္ဂဇင်း၏ တစ်ဦးတည်းသော ရဟန်းစာဆို ရွှေတိုင်းသားက လိုက်ဖက်အပ်စပ်စွာ မှတ်တမ်းပြုပေးသည်။

ဒဂုန်တာရာရေးသော 'မန္တလေး၏ လွမ်းမောတသ အမှတ်တရ' မှတ်တမ်းတွင် ထူးထူးခြားခြား မည်သူရေးထားသည့် ဆောင်းပါးမှတ်တမ်းတွင်မှ မဖတ်ရဖူးသေးသည့် ဗိုလ်ချုပ်အောင်ဆန်း၏ မန္တလေး အဖြစ်အပျက်တစ်ခုကို သတိပြုမိသည်။ ထိုအဖြစ်အပျက်ကို ဒဂုန်တာရာက ယခုကဲ့သို့ရေးထားသည်။

"မြန်မာပြည်သို့ ဂျာဟာဝါလာနေရူး

www.foreverspace.com.mm

ဟာလည်းစဉ် ကိုအောင်ဆန်းက မန္တလေးတွင် ဧည့်ခံသည်။ သူ၏စင်မြင့်ဧည့်ခံပွဲတွင် ကိုအောင်ဆန်း ပုဆိုးကျွတ်ကျသည့် မန္တလေး" (စာ–၁၇၅)

ဒေါက်တာခင်မောင်ဝင်းကမူ မန္တလေးသည် ရန်ကုန်သို့ရောက်နေပြီဟုဆိုကာ သူငယ်စဉ်က ကြီးပြင်းခဲ့သော မန္တလေးနှင့် ယနေ့မန္တလေး မတူတော့သည့်အခြေအနေ မြင်ကွင်းများကို နှိုင်းယှဉ်ပြသည်။ အတိတ်ကို လွမ်းမောတသဟန်ရှိပြီး ယနေ့မန္တလေး၏ ဟန်ပန်ကို မသိမသာ ဘဝင်မကျဟန် တွေ့ရသည်။ ဤအချက်ကို အောက်ပါအရေးအသားက ထင်ရှားစေသည်။

"ယခုအခါ မန္တလေးမြို့သည် ကမ္ဘာ့မြို့ကြီးတစ်မြို့လိုဖြစ်သွားလေပြီ။ ထို့ကြောင့် တစ်ချိန်က မန္တလေးမြို့သူမြို့သားများအကြားရှိခဲ့သော နွေးထွေးမှု၊ သိုက်သိုက်ဝန်းဝန်းရှိမှုများသည် တောင်စွယ်၌ ကွယ်တော့မည့်ဟန်ရှိနေသည်" (စာ–၁၈၀)

'မန္တလေးစာပေ' ကဏ္ဍတွင် ရတနာပုံခေတ်စာဆိုများ၏ မော်ကွန်း၊ ဗုံကြီးသံ၊ ဗုံသီချင်း၊ ဒိုးသီချင်း၊ တေးထပ်၊ ကဗျာ၊ ပြဇာတ်များအကြောင်း ဆောင်းပါးငါးပုဒ်ကို သာတွေ့ရသည်။ ထိုငါးပုဒ်အနက်မှ မောင်လှိုင်မွှေးရေးသော 'မင်းတုန်းမင်းလက်ထက်က ပေါင်တိုများ' ဆောင်းပါးတွင် နန်းတွင်းသူနန်းတွင်းသား၊ ဘုရင့်သားတော် သမီးတော်၊ ဆွေတော်မျိုးတော်များ၏ အမည်နာမအခေါ်အဝေါ်များအကြောင်း ရှင်းပြထားပြီး စလေဦးပုည၏ စာဆိုစွမ်းရည်နှင့် နန်းတွင်းသုံးအခေါ်အဝေါ်များနှင့် နန်းတွင်းအပျိုတော်များ၏ လော်လီဖောက်ပြားမှုတို့ကို သရော်လှောင်ပြောင်ထားသည့် မဟာပဒုမဇာတ်ကို သတိပြုမိသည်။ သို့သော် ဦးပုညသည် ဆောင်းပါးရှင် မောင်လှိုင်မွှေးယူဆသကဲ့သို့ ဘုရင့်မြေးတော်၊ မြစ်တော်၊ တူတော်နှင့် မှူးမတ်များကို 'ဆဲ' ခြင်းထက် 'သရော်လှောင်ပြောင်' ခြင်းသာ ဖြစ်ဖွယ်ရှိပေမည်။

'မန္တလေးစာနယ်ဇင်း' ကဏ္ဍတွင် မြန်မာ့စာနယ်ဇင်းသမိုင်း တစ်နည်းအားဖြင့် ဆိုရသော် မြန်မာ့သတင်းစာသမိုင်းတွင် မင်းတုန်းမင်းကြီး၏ "ငါမကောင်းလျှင်ငါ့ကိုရေး၊ ငါ့မိဖုရားတွေမကောင်းလျှင် မိဖုရားတွေကိုရေး၊ ငါ့သားတော်သမီးတော်တွေမကောင်းလျှင် သားတော်သမီးတော်တွေကိုရေး၊ လွှတ်တရားသူကြီးမကောင်းလျှင် တရားသူကြီးတွေကိုရေး၊ မြို့ဝန်တွေမကောင်းလျှင် မြို့ဝန်များကိုရေး၊ မင်းတို့သတင်းစာ၌ အပြစ်မရှိစေ၊ နန်းတော်အတွင်းသို့ သတင်းစာတိုက်က မည်သူမဆို အဆီးအတားမရှိဝင်စေ ထွက်စေ" ဟူသော ဂန္ထဝင်အမိန့်တော်မျိုး မြန်မာ့သမိုင်းတွင် မရှိခဲ့။ နောင်တွင်လည်း ကြားရန်မလွယ်ကူလှပေ။ သက်ဦးဆံပိုင်ဘုရင်တစ်ပါးဖြစ်သော မင်းတုန်းမင်း၏ သတင်းစာအခွင့်အရေးပေးပုံမှာ စံတင်လောက်သည်။ လူထုဦးလှ၏ မင်းတုန်းမင်းနှင့် သတင်းစာဆောင်းပါးပါ အောက်ပါအယူအဆမှာ ယနေ့သတင်းစာလောက (ဝါ) ပုံနှိပ်မီဒီယာလောကသားများ ယင်းလောကနှင့် ဆက်စပ်နေသူများသာမက အုပ်ချုပ်သူတို့ပါ အလေးထားဖတ်ရှုသင့်လှသည်။ လူထုဦးလှသည် ထိုအကြောင်းကိုရေးသားရင်း မီဒီယာလွတ်လပ်ခွင့်နှင့်ပတ်သက်၍ ဤသို့မျှော်လင့်ခဲ့သည်။

"ပဒေသရာဇ် မင်းဧကရာဇ်ပင်ဖြစ်သော်လည်း သတင်းစာအခွင့်အရေးပေးရာ၌ကား အဆင့်အတန်းအလွန်မြင့်ပေသည်။ ထို့ကြောင့် မြန်မာသတင်းစာဆရာများ လွတ်လပ်စွာ ရေးသားနိုင်ခွင့်ရရှိခဲ့သည်မှာ နှစ်ပေါင်း ၉၀ ရှိပြီဟု ဆိုရပေမည်။ မင်းတုန်းမင်းတရားကြီးပေးခဲ့သော ထိုအခွင့်အရေးများထက် မြင့်မားကျယ်ပြန့်သော လက်တွေ့ဖြစ်သော အခွင့်အရေးများကို နှစ်ပေါင်း ၉၀ ဤဘက်၊ ယနေ့ကျွန်တော်တို့ သတင်းစာလောကတွင် ပို၍ရသင့်ကြပေသည်။ ပြည်သူလူထုအကျိုးအတွက် ပြည်သူများဘက်က တစ်သမတ်တည်းရေးသားကြလျှင် ကျွန်တော်တို့က ပြည်သူလူထုထံမှ ပညာယူ၍ ကျွန်တော်တို့ကလည်း စေတနာထားကာ ပြန်လည်ပညာပေးကြလျှင် ပြည်သူအများ၏ ဒီမိုကရေစီအရေးနှင့်အတူ ကျွန်တော်တို့၏ လွတ်လပ်စွာရေးသားနိုင်ခွင့်စည်းဝိုင်းမှာလည်း ကျယ်၍ကျယ်၍ လာမည်ဟု ယုံကြည်ရပါသည်" (စာ–၂၇၈)

သိုက်ထွန်းသက်၏ ၁၅၀ ထဲက ၁၃၅၊ ၁၃၅ ထဲက ၆ ခေါင်းစဉ်နှင့် ရေးသားသော မန္တလေးစာနယ်ဇင်းသက်တမ်း၊ မန္တလေးကသတင်းစာဆရာများ၊ မန္တလေးဂျာနယ်များအကြောင်း ဆောင်းပါးတွင် တစ်စုံတစ်ရာအပေါ် မကျေမနပ်စိတ်ဖြင့် မိန့်ခွန်းခြွေ ရှင်းတမ်းထုတ် တုံ့ပြန်ချေပထားသည့်အသွင်ရှိသည်။ သိုက်ထွန်းသက်သုံးနှုန်းသွားသော ဝေါဟာရများ၊ ဝါကျများက ဤအချက်ကိုဖော်ညွှန်းနေသည်။

"နေပြည်တော်က ခပ်တင်းတင်းထွက်လာတာဟာ အလကားမာနကြီးနေကြတာမဟုတ်ပါဘူး။ သကြ်န်အမြောက်ဖောက်ပြခဲ့ကြတာမဟုတ်ပါဘူး။ ဂျာနယ်ရောင်းကောင်းအောင် ကြီးကြီးကျယ်ကျယ်တွေရေးပြနေကြတာမဟုတ်ပါဘူး . . ."

". . . ကျွန်တော်တို့ဟာ ကျွန်တော်တို့နားလည်ထားတဲ့ မန္တလေးအပေါ် တန်ဖိုးထားပါတယ်။ အဲဒီတန်ဖိုးထားတာကိုပဲ ဒေသစွဲ ကြီးတယ်လို့ ယိုးစွပ်ကြပါတယ် . . ." (စာ–၂၉၅)

". . . အဲဒီသြရသတွေထဲမှာ မန္တလေးသားတွေ ထင်ထင်ရှားရှားပါဝင်ခဲ့တယ်လို့ပြောမယ်ဆိုရင် ငြင်းချက်ထုတ်နိုင်ကြပါ့မလား . . ." (စာ–၂၉၆)

". . . မန္တလေးမြို့က ထုတ်ဝေတဲ့ သတင်းစာဂျာနယ်တွေရဲ့ လုပ်ရည်ကိုင်ရည်ဟာ ထိပ်တန်းမှာရှိခဲ့ပါတယ်။ ရန်ကုန်မှာ လုပ်နိုင်တာ မန္တလေးမှာ တန်းတူရည်တူ လုပ်နိုင်ခဲ့တာ သေချာပါတယ် . . ." (စာ–၂၉၇)

". . . ပုဂ္ဂလိကဂျာနယ်ထုတ်ဝေသူဘက်ကရော အဖွဲ့အစည်းဘက်ကပါ ဂျာနယ်ထုတ်ပြီး စီးပွားရှာမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့လုပ်ဆောင်နေကြတာမဟုတ်ပါဘူး။ တကယ်ပါ။ ကျွန်တော်ပြောရဲပါတယ်..။"

". . . အဲဒီသတင်းစာတွေ အဲဒီကဂျာနယ်တွေကို New York Times လောက်မကောင်းဘူး။ Washington Post လောက်မကောင်းဘူးလို့ ဘယ်သူကမှ မ

www.foreverspace.com.mm

ပြောကြပါဘူး။ ဘယ်သူကမှလည်း မနိုင်းကြပါဘူး . . .

. . . ဒီတော့ မန္တလေးမြို့ကနေ သီးခြားအဓိပ္ပာယ်ဆောင်တဲ့ ဒေသဆိုင်ရာဂျာနယ်များထုတ်ဝေနေကြတာဟာ အထူးအဆန်းကိစ္စမဟုတ်ပါဘူး။ မျက်နှာငယ်စရာအလုပ်လည်းမဟုတ်ပါဘူး . . ."

. . . အဲလိုမှမဟုတ်ရင်တော့ အုန်းသီးစိတ်လေး ပါးစောင်မှာ မြို့လာသူတွေတိုင်း အုန်းတစ်ပင်လုံးအသုံးချတတ်သူပဲရယ်လို့ ဖွတ်အထင်ကြီးမိကြပါလိမ့်မယ်။ ဂျာနယ်လုပ်ခွင့်ရတာ မျောက်အုန်းသီးရသလိုဖြစ်နေကြရင် ဆိုပါတော့"(စာ-၂၉၈)

စင်စစ်အားဖြင့် မန္တလေးအနှစ် ၁၅၀ ပြည့်မဂ္ဂဇင်းသည် မန္တလေး၏ ဂုဏ်ယူဖွယ်ရာအကြောင်းအရာများ၊ သမိုင်းမှတ်တမ်းများကို နှောင်းလူတို့ မှတ်သားသိရှိနားလည်ကြစေရန် ရည်ရွယ်၍ ထုတ်ဝေခြင်းဖြစ်ပေသည်။ အဓိကအကြောင်းအရာကလည်း ဤသို့ဖြစ်ပေမည်။ သို့သော် ရေးကြီးခွင်ကျယ်မဟုတ်သော အဖြူအမည်းကိစ္စ၊ Us Them ကိစ္စ သာမညအရေးများကြောင့် မဂ္ဂဇင်းကြီး၏ အဓိကရည်ရွယ်ချက် ပျောက်မသွားနိုင်ပေ။ အတ္တအရင်းတည်သောလူများနှင့် ဖွဲ့တည်ထားသောလူ့အဖွဲ့အစည်းဖြစ်သဖြင့် မပြေလည်မှုအခက်အခဲပြဿနာစိန်ခေါ်မှုများက ဘယ်သူ့အဖွဲ့အစည်းတွင်မဆို ကြုံရစမြဲပင်။ အချို့ပြဿနာတို့သည် နေရာဌာန၊ အချိန်ကာလအပေါ်မူတည်ကာ သူ့နေရာနှင့်သူ၊ အဆင့်အတန်းနှင့် သူ့ဂုဏ်ရည်နှင့်သူ ပြောသင့်ပြောထိုက်၊ ရေးသင့်ရေးထိုက်သော နေရာတွင် ပြောဆိုရေးသားရသည်။ မင်္ဂလာကျက်သရေအတိပြီးသော မန္တလေး အနှစ် ၁၅၀ ပြည့်မြောက်အခါသမယတွင် ထုတ်ဝေသော ဤမဂ္ဂဇင်းကြီးမျိုးတွင် မည်သို့သောစိတ်အခံဖြင့် ရေးသားဖော်ပြသောမည်သည့်အကြောင်းအရာများကို ပြည်သူလူထုအား ဖော်ပြအသိပေးသင့်သည်ဆိုခြင်းကို ပညာရှိအကျော်အမော်များစွာ ပေါ်ထွန်းခဲ့သော မန္တလေး၏ မျိုးဆက်သစ် မန္တလေးသူမန္တလေးသားများလည်း ကောင်းစွာ သိရှိနားလည်ကြလိမ့်မည်ဟု ယုံကြည်ရသည်။

ယနေ့အချိန်အထိ တသသဂုဏ်ယူစွာ တလေးတစား ချီးမွမ်းထောပနာပြုနေရသေးသည့် ရတနာပုံခေတ်အနုပညာများအကြောင်း သီးသန့်ဖော်ပြပေးသည့် 'မန္တလေးအနုပညာ' ကဏ္ဍတွင် ဆောင်းပါးခြောက်ပုဒ်သာပါဝင်သော်လည်း ဆောင်းပါးအားလုံးက တန်ဖိုးရှိလှသည်။ သို့သော် ခင်မောင်ကြည် (မန္တလေး) ၏ 'အလင်္ကာကျော်စွာပန်းချီဆရာကြီးဦးစောမောင်' ဆောင်းပါးက ငါးကြိမ်ထပ်၍ ဖော်ပြထားသဖြင့် အစစအရာရာဈေးမြင့်မားနေသောယနေ့ကာလတွင် ထုတ်လုပ်ရေးကုန်ကျစရိတ် အလဟဿဖြစ်သွားဖို့ သေချာသည်။

'မန္တလေးဂီတ' ကဏ္ဍတွင် မန္တလေးဇာတိဖွားနိုင်ငံကျော် ဂီတစာဆိုများ၊ တေးရေးအကျော်အမော်များအကြောင်း၊ နာမည်ကျော်မန်းပန်တျာကျောင်းနှင့် ရွှာစားစိန်ဗေဒါတို့အကြောင်း ဗဟုသုတဖြစ်ဖွယ်၊ လေးစားဂုဏ်ယူဖွယ် ဖတ်ရှုရသည်။

မြန်မာတို့၏ တစ်ဦးအပေါ်တစ်ဦး ကူညီရိုင်းပင်းစိတ်၊ လေးစားရိုသေစိတ်၊ သာရေးနာရေးဝိုင်းဝန်းကူညီပေးသည့်စိတ်တို့ အပါအဝင် လူမှုရေးစိတ်ပြည့်ဝမှုတို့မှာ မန္တလေးဟုဆိုလိုက်သည်နှင့် အလိုလိုပြည့်စုံပြီးသားဖြစ်သွားသည်ဟု ထင်ရလောက်အောင် မန္တလေးသူ၊ မန္တလေးသားတို့၏ လူမှုရေးမှတ်တိုင်များက အားကျအတုယူဖွယ်ကောင်းသည်။ ဤအချက်ကို 'မန္တလေးလူမှုရေး' ကဏ္ဍက တစ်စိတ်တစ်ပိုင်းဖော်ညွှန်းသည်။

ပြောရလျှင် ဤမဂ္ဂဇင်းတွင် ဖော်ပြထားသော လက်မှုပညာများထက် အဆများစွာပိုမိုသော အခြားအခြားသော မြန်မာ့ရိုးရာလက်မှုပညာရပ်များ မန္တလေးတွင်ရှိနေပါသော်လည်း 'မန္တလေးလက်မှုပညာ' ကဏ္ဍတွင် ပိုးထည်၊ ရွှေဆိုင်း၊ ကျောက်ဆစ်နှင့် ကမ္မဝါလေးမျိုးသာတွေ့ရခြင်းကို အားမလိုအားမရ ဖြစ်မိစေသည်။

ပြည်ထောင်စုဒိုင်းကြီးအရယူပေးခဲ့သော မန္တလေးတိုင်းဘောလုံးအသင်းနှင့် မန္တလေးတိုင်းလက်ရွေးစဉ်အဆင့်မှ မြန်မာ့လက်ရွေးစင်အဆင့်အထိ ပါဝင်ခဲ့ဖူးသောအားကစားသမားများနှင့် အခြားအားကစားများ စုဆောင်းဖော်ပြပေးရန်လိုအပ်နေသော်လည်း လက်ရှိဖော်ပြထားသလောက်နှင့်ပင် 'မန္တလေးအားကစား' ကဏ္ဍက ဆွဲဆောင်မှုရှိနေပါသေးသည်။

'မန္တလေးဒေသန္တရ' ကဏ္ဍက စင်စစ်အားဖြင့် ဤစာအုပ်တွင် အထူးခြားဆုံးနှင့် လက်ရှိမန္တလေးသူ၊ မန္တလေးသားတို့ အထူးသတိထားရမည့်အကြောင်းများဖြစ်နေသည်။ ဆိုလိုသည်က စာအုပ်၏ ရာခိုင်နှုန်းပြည့်နီးပါးမှာ အတိတ်က မန္တလေးရွှေမြို့တော်ကြီးသာယာလှပကြောင်းနှင့် ရွှေထီးရိပ်အောက်က မန္တလေး၏ ပုံရိပ်များသာဖြစ်သည်။ ဤကဏ္ဍတွင်မူ မောင်စိုးအောင် (မန်း) နှင့် ဒေါက်တာဇော်မြင့်နီတို့နှစ်ဦး၏ ဆောင်းပါးက အနာဂတ်ကိုမြော်ရည်၍ သတိပေးထားခြင်းမှာ အသိအမှတ်ပြုစရာအချက်ဖြစ်သည်။ နောင်တွင် မန္တလေးမြို့ကြီးဖွံ့ဖြိုးသာယာလှပစွာ အစဉ်တည်တံ့ခိုင်မြဲရေး၊ သဘာဝပတ်ဝန်းကျင်မယွင်းမဖောက်စေရေးသည်သာ မြို့သူမြို့သားတို့အတွက် ပိုအရေးကြီးသည်။ ဤအတွက် မန္တလေးသူ မန္တလေးသားတို့ မိမိတို့၏ မြို့ကို အမှန်တကယ်ချစ်မြတ်နိုးကြလျှင် မိမိတို့တစ်ဦးချင်းစီ၏ စည်းကမ်းမဲ့မှုကြောင့် မြို့တော် အရုပ်ဆိုးညစ်နွမ်းသွားစေခြင်းငှာ မဖြစ်စကောင်း။ ဤအတွက် အထက်ပါဆောင်းပါးနှစ်ခုကို အထူးတလည်အသိအမှတ်ပြုမိစေသည်။

ပညာရေးသည် မန္တလေးမြို့သူမြို့သားများအတွက်သာမက မြန်မာတစ်နိုင်ငံလုံးအတွက်၊ လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက် အရေးကြီးလှသည်။ အသိဉာဏ်ပညာပြည့်စုံသူများသာလျှင် မိမိဒေသ၊ မိမိနိုင်ငံနှင့် မိမိလူ့အဖွဲ့အစည်းတစ်ရပ်လုံးဖွံ့ဖြိုးရေးအတွက် မည်သူ့ကိုမျှ မထိခိုက်စေသောနည်းလမ်းဖြင့် အကောင်အထည်ဖော်နိုင်သည်။ 'မန္တလေးပညာရေး' ကဏ္ဍသည်လည်း သမားရိုးကျပညာရေးနယ်ပယ်မှသည် ယနေ့ ICT ခေတ်ပညာရေး၊

တစ်နည်းအားဖြင့် ကမ္ဘာလုံးဆိုင်ရာပညာရေးနှင့် သည့်ထက်မက ပိုထိတွေ့ရန် လိုအပ်နေဦးမည်ဖြစ်သည်။ ကမ္ဘာကြီး၏ နယ်နိမိတ်များ တဖြည်းဖြည်းကျဉ်းလာခြင်းမှာ ကမ္ဘာလုံးဆိုင်ရာပညာရေးကြောင့် မဟုတ်ပါလော။

'မန္တလေးဖြတ်သန်းမှုနှင့် မန္တလေးဝတ္ထုတို' ကဏ္ဍနှစ်ခုတွင် ယနေ့သက်ဆိုင်ရာ နယ်ပယ်အသီးသီးတွင် 'နေရာ' တစ်ခုကိုယ်စီရရှိနေကြသူ မန္တလေးသားများ၏ မန္တလေးဖြတ်သန်းမှုဘဝပုံရိပ်များနှင့် မန္တလေးဖွဲ့ဝတ္ထုတိုများဖြစ်သည်။ ဝတ္ထုတိုရေးဖွဲ့မှုတွင် လေးစားချီးကျူးလောက်သော မန္တလေးသားစာရေးဆရာများ၏ လက်ရာတို့က ထိထိရှရှ စူးစူးနင့်နင့်နှင့် နှလုံးသားအထိရိုက်ခတ်သည်။ မန္တလေးရနံ့သင်းလှ၏။ လွမ်းမောဆွတ်ပျံ့ဖွယ်အတိပြီး၏။ ရသစုံပေး၏။ အညာစရိုက်ပေါ်လွင်၏။ အချို့မဟာဆန်၏။ ဂုဏ်မြောက်အောင်ရေးဖွဲ့တတ်ကြသူများပင်တည်း။

အချုပ်အားဖြင့်ဆိုရလျှင် ရာဇဝင်ထွန်းပြောင်ခဲ့သည့် သမိုင်းတွင်ခဲ့သည့် ဂုဏ်ယူစရာ၊ သင်ခန်းစာယူစရာများ အတိပြီးခဲ့သည့် မန္တလေးမြို့တော်ကြီး၏အကြောင်းကို ဤစာအုပ်က သရုပ်ဖော်ပေးထားသဖြင့် သမိုင်းလေ့လာသူ စာသင်သားများ၊ သမိုင်းကို သုံးသပ်ဝေဖန်ဆန်းစစ်လိုသူ သုတေသနစာဆရာများ၊ မြို့ကိုချစ်သူ မြို့သူမြို့သားများအတွက် တန်ဖိုးရှိလှသည်။ မြို့ကို နှစ် ၁၅၀ မှသည် နောင်နှစ်ပေါင်းမြောက်မြားစွာတိုင် တည်တံ့ခိုင်မြဲရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ အနုပညာရေးနှင့် ကဏ္ဍစုံ ပို၍ပို၍ ဖွံ့ဖြိုးရေး၊ ယခင်ဖွံ့ဖြိုးတည်ရှိခဲ့သည်များ မပျောက်မပျက်ရေးတို့မှာ မန္တလေးသူ မန္တလေးသားများသာမက မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးတွင်တာဝန်ရှိသည်။ အရာအားလုံးက ဆက်စပ်နေသည်မဟုတ်ပါလော။

ထုတ်ဝေတိုက် – မန္တလေးအသင်း (ရန်ကုန်)
မျက်နှာဖုံးပန်းချီ– ဦးအေးမြင့် (မြန်မာမှုဒီဇိုင်းသုတေသီ)
ထုတ်ဝေသည့်ကာလ– ၂၀၀၉ ခုနှစ်၊ မေလ
အုပ်ရေ – ၂၀၀၀
တန်ဖိုး – ၇၀၀၀ (ပြင်ကပ်ထားသည်)
စာမူခွင့်ပြုချက်အမှတ်–၅၃၀၀၃၅၀၄၀၉

---

## စိန်ပွင့် မြပွင့် ပတ္တမြားပွင့်ကဗျာများ

**(အင်္ဂလိပ်မြန်မာနှစ်ဘာသာ)**

**အံ့မောင် (အသက် ၇၅ နှစ်ပြည့်အထိမ်းအမှတ်)**




မြန်မာစာပေလောကတွင် ကိုယ်တိုင်ရေးကဗျာများကို တစ်ချိန်တည်းမှာပင် အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုရေးသားနိုင်သူ၊ ယင်းကဗျာတို့ကိုစုစည်း၍ စာအုပ်အဖြစ်ထုတ်ဝေနိုင်သူမှာ သိမှတ်ရသလောက်ပြောရလျှင် အံ့မောင်တစ်ဦးသာ ရှိသေးသည်။ မြန်မာကဗျာဆရာများ၏ ကဗျာတို့ကို ဘာသာပြန်သူတစ်ဦးက သီးခြားပြန်ဆိုပေးခြင်းသာရှိခဲ့သည်။ ဥပမာအားဖြင့် မောင်သာနိုးနှင့် ချို့ထွန်းတို့မှာ ကဗျာကို အင်္ဂလိပ်ဘာသာပြန်ပေးကြသူအနည်းငယ်အနက် ထင်ရှားသည်။ ယခုမူ ကိုယ်တိုင်ရေးကိုယ်တိုင်အင်္ဂလိပ်ဘာသာပြန်ထားသော အံ့မောင်၏ကဗျာများမှာ များစွာထူးခြားလှသည်။

အံ့မောင်သည် ယခင်က ရေသူမလေးအန်းဒါးဆင်းပုံပြင်များကို ဘာသာပြန်သူ၊ တရုတ်သံရုံးတရုတ်အစိုးရပိုင် ဆင်ဟွာသတင်းဌာနဘာသာပြန်သူ၊ အမျိုးသားစာပေ၊ ဘာသာပြန်ဆုရှင်၊ ဒဂုန်တာရာမွေးနေ့ပွဲကို နှစ်စဉ် တကူးတကနှင့်သွားရောက်ဂါရဝပြုသူ၊ ထိုအကြောင်း ပုံမှန်ဆောင်းပါးရေးလေ့ရှိသူအဖြစ် လူသိများလှသော်လည်း ကဗျာဆရာအနေနှင့်မူ သိသူနည်းလှ၏။ သို့သော် ၁၉၈၀ ပြည့်နှစ်လွန်ကာလများနောက်ပိုင်း သူရေးသည့်ကဗျာများကို မဂ္ဂဇင်းများတွင် တွေ့လာရသည့်နောက်ပိုင်း ကဗျာဆရာအဖြစ်ပါ တလေးတစား အသိအမှတ်ပြုလာရသည်။ ကဗျာရေးသူ အံ့မောင်၏အမှာစာတွင်လည်း ၁၉၄၉ ခုနှစ်မှစ၍ စု–တုနည်းဖြင့်ကဗျာရေးခဲ့ပြီး ၁၉၈၀ ပြည့်နှစ်ခန့်တွင် ကိုယ်တိုင်ဖန်တီးရေးဖွဲ့ရန် သိသာစွာ အားထုတ်လာခဲ့သည်ဟု ဆိုထားသည်။ ထို့နောက် ၆၀ ကဗျာ၊ ၆၃ ကဗျာစာအုပ်နှစ်အုပ်ကိုလည်း



www.foreverspace.com.mm

www.foreverspace.com.mm

ထုတ်ဝေခဲ့ပြီးဖြစ်သည်။

ကဗျာသက်တမ်း စိန်ရတုရောက်ရန် တစ်နှစ်အလိုသာရှိတော့သူ ငြိမ်းချမ်းရေး ကဗျာဆရာကြီး ဒဂုန်တာရာ၏ အမှာကို စာအုပ်အဖွင့်တွင် တွေ့ရသည်။ မြန်မာစာပေနယ်တွင် ဒဂုန်တာရာကဲ့သို့ ခေတ်သုံးခေတ်ဖြတ်သန်းလာခဲ့သူ၊ ထိုခေတ်များအတွင်း ကိုယ်တိုင်ကျကျနန ပါဝင်ခဲ့သူ ယနေ့မရှိကြတော့။ ငြိမ်းချမ်းရေးဝါဒကို အမြဲလက်ကိုင်ထားသူ၊ 'မုန်းသူမရှိ ချစ်သူသာရှိ'၊ 'ရန်သူမရှိ မိတ်ဆွေသာရှိ'၊ 'နိုင်ငံရေးဆိုတာ ရန်သူကို မိတ်ဆွေဖြစ်အောင်လုပ်တာ' ဟူသော ဆောင်ပုဒ်များကို လက်ကိုင်ထား၍ ပြောဆိုလေ့ရှိသူ၊ မည်သူက ဝေဖန်ပုတ်ခတ်စေကာမူ မည်သို့မျှ တုံ့ပြန်လေ့မရှိသူ၊ 'တာရာ' ခေတ်ကို စတင်ဖန်တီးထုဆစ်ခဲ့သူ သက်တော်ရှည်ကဗျာဆရာကြီး ဒဂုန်တာရာ၏ အမှာစာက တိုတိုတုတ်တုတ်ရှိသော်လည်း ရှင်းလင်းပြတ်သားသည်။ အံ့မောင်၏ကဗျာဟန်ကို သူမြင်သလိုပြောထားပြီး ခေတ်ပေါ်ကဗျာများ၏ပုံသဏ္ဌာန်ကိုလည်း ပရိသတ်၏ ဟဒယနှင့် ချိတ်ပြသွားသည်။

"ယနေ့ခေတ်ပေါ်ကဗျာလောကတွင် 'လှုပ်' နေသည်။ အငြင်းပွားစပြုနေသည်။ သည်လိုအချိန်တွင် သူဘယ်လမ်းကိုရွေးမည်လဲ။ စစ်နှင့် ငြိမ်းချမ်းရေးကိုမည်သို့ ဖြေရှင်းမည်လဲ။ မည်သည့်ကဗျာသဏ္ဌာန်ကို ရွေးချယ်မည်လဲ။ ဤကိစ္စကား သူ၏ကိစ္စ၊ သူ၏ကဗျာဆရာဘဝကို ဖန်တီးပေးလိမ့်မည်။

. . . ယနေ့အချိန်တွင် စကားပြေဖွဲ့နွဲ့မှုတွင် ပြောစကား၊ ကဗျာဖွဲ့နွဲ့မှုတွင် ကာရန်။

ယင်းသို့သောအခြေအနေတွင် ခေတ်ပေါ်စာပေ၏ တိုးတက်ရေးကို ကျွန်တော်ခံစားရသကဲ့သို့ ဖော်ပြပါအံ့။ ပြောစကားဖြင့်ရေးဖွဲ့မည်လော။ ရိုးရာဖွဲ့ပြီးမှုအတိုင်း ရေးစကားဖြင့် ရေးဖွဲ့မည်လော။

ကဗျာကိုကာရန်ပါသည့်အခါပါ၊ မပါသည့်အခါမပါဖြင့် ရောထွေးရေးဖွဲ့မည်လော၊ ကဗျာကို စကားပြောဟန် ကာရန်မဲ့ဖြင့်ရေးဖွဲ့မည်လော၊ ကာရန်ဖြင့်အသစ်ဖန်တီးကာရေးဖွဲ့မည်လော၊ နောက်သို့ဆုတ်မည်လော၊ ရှေ့သို့တိုးမည်လော။

ဤသည်တို့ကား ခေတ်ပေါ်စာပေပရိသတ်၏ ရွေးချယ်မှုဖြစ်ပေလိမ့်မည်"

အံ့မောင်၏ကိုယ်ရေးအကျဉ်းတွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် အချိန်ပိုင်းနည်းပြဆရာ၊ အင်္ဂလိပ်စာဌာန နည်းပြဆရာ၊ ဆင်ဟွာသတင်းဌာနဘာသာပြန်၊ မော်ကွန်းမဂ္ဂဇင်းအယ်ဒီတာဆိုသော သက္ကရာဇ်များကြောင့် မြန်မာဘာသာစကားတွင်ရော အင်္ဂလိပ်ဘာသာစကားတွင်ပါ ကောင်းစွာနိုင်နင်းသူဖြစ်ကြောင်းပေါ်လွင်နေသည်။ ထို့ကြောင့်ပင် သူ၏ ကဗျာများတွင် သုံးနှုန်းရေးဖွဲ့ထားသော မြန်မာဝေါဟာရများက လှလှပပ၊ ခန့်ခန့်ညားညား၊ သိမ်သိမ်မွေ့မွေ့ရှိလှသည်။ အညာဒေသ မုံရွာဇာတိဖြစ်သည့်အတွက် ထုံးစံအတိုင်း ဒေသစွဲစိတ်အခံဖြင့် ရေးဖွဲ့ထားသော ဒေသရနံ့ ထုံမွှမ်းနေသည့် ကဗျာများကိုလည်း တွေ့ ရသည်။

ကဗျာဆရာတို့မည်သည် မြင်မြင်ကရာ ကြုံကြုံသမျှ ကဗျာကြည့်ဖြင့်ကြည့်ကာ ကာရန်ညှိ ရေးဖွဲ့ကြည့် မိတတ်ကြသည်။ အံ့မောင်၏ ကဗျာများသည် သူ့ပတ်ဝန်းကျင်၊ သူနေထိုင်ရာ လူ့အဖွဲ့အစည်းတွင် နိစ္စဓူဝ ကြုံသမျှကို သူခံစားတွေ့သည့်အတိုင်း ကဗျာတေးသီဖွဲ့အံ့ ရေးစီထားသည့် သက်ရှိသက်မဲ့ အဖြစ်အပျက် ရုပ်ပုံလွှာတစ်ပိုင်းတစ်စများဖြစ်သည်။

အံ့မောင်၏ မြန်မာစာကြွယ်ဝမှုနှင့် အင်္ဂလိပ်စာကျွမ်းကျင်မှုတို့က အင်မတန်ခက်ခဲလှသော ကဗျာအဖွဲ့များ၊ ဝေါဟာရ ထပ်တူပြုအရေးများဖြင့် ခံစားမှုစကားလုံးများကို ဘာသာဖလှယ်ရာတွင် အံ့ဘနန်းတွေ့မြင်ရသည်။

'အုံ့အုံ့မိုး'၊ 'အိုက်အိုက်လေ' နှင့် 'အိအိကောင်းကင်' ဟူသော မိုးလေနှင့်ကောင်းကင်ကို အခြေခံကာ ရာသီဥတုနှင့် ပန်းသဘာဝကို ဖွဲ့ထားသော 'အုံ့အိုက်ဥတု' ကဗျာတိုလေးမှာ ဝေါဟာရ စကားလုံး ၂၀ ကျော်သာရှိသော်လည်း အဓိပ္ပာယ်ကား ကျယ်ဝန်းလေးနက်လှ၏။ ချဲ့ထွင်တွေးတောပုံဖော်ကြည့်လျှင် စကားလုံးများစွာ ထပ်မံသီးပွင့်လာစရာရှိ၏။

ထို့အတူ 'ပိတ်ခြင်းနှင့်ဖွင့်ခြင်း'၊ 'ကလူမြူလှည့်'၊ 'မိသားစု'၊ 'နိယာမဘာသာစကား'၊ 'ကြိုးတစ်ရာ ရုပ်သေးရုပ်'၊ 'မနက်ဖြန်ပန်း'၊ 'ဇာတ်'၊ 'သစ္စာထား'၊ 'အပေါင်းအသင်း'၊ 'လွင့်သီးများ'၊ 'စားစကြာ'၊ 'ည'၊ 'အမွေ'၊ 'နွေနှင့်စာဆို'၊ 'တံဆိပ်'၊ 'ရေဝေးလမ်းကအတွေး'၊ 'မန္တလေးည'၊ 'ရှာဖွေသူ'၊ 'ကြာကန်'၊ 'ရဟန်း'၊ 'မပေါက်ခရီး'၊ 'တယ်လီဖုန်း'၊ 'မြွေနဲ့လူ'၊ 'လှသောဒေါသ'၊ 'ငရဲသေသောအခါ'၊ 'လမ်း'၊ 'လေးဆင့်မင်္ဂလာ'၊ 'ဘယ်အတွက်ခက်'၊ 'အိပ်မက်'၊ 'ငရဲအိုးမှ ပန်းအိုးသို့'၊ 'ညီညွတ်ဆန္ဒ'၊ 'ဝေ့လည်ဝေ့လည်'၊ 'အယူ မသည်းနဲ့'၊ 'သူယုတ်မာမျိုး'၊ 'ရန်ကုန်'၊ 'မြေးသို့'၊ 'လည်သည်းရှည်'၊ 'ကျောက်နဲ့ရေ'၊ 'ကြောင်စုန်း'၊ 'ကြယ်သစ်တွေ'၊ 'မေတ္တာနဲ့စ'၊ 'စက်တင်ဘာမိုး'၊ 'ကဗျာတွေ ဘာလို့ရေး'၊ 'ဆန္ဒနှင့်ဘဝ'၊ 'ဆွေတော်မျိုးတော်'၊ 'ယုန်နဲ့ခွေး'၊ 'တောင်ပေါ်လမ်း'၊ 'အလောဘ'၊ 'သော့'၊ 'ကျောက်ဆောင်နဲ့နှင်းဆီ'၊ 'နှင်းဆီထက်လှ'၊ 'နောက်တစ်ခေါက်'၊ 'ကြက်သားအုပ်'၊ 'ဒွန်ကွီဇုတ်'၊ 'စွန်နီ'၊ 'ရေသူမလေး'၊ 'အိမ်' စသဖြင့် အမည်ပေးထားရေးဖွဲ့သော ကဗျာတိုကလေးများ၏ အနက်အဓိပ္ပာယ်ကား ကျယ်ပြောလှသော မဟာသမုဒ္ဒရာများကဲ့သို့ပင်။ ကဗျာရေးသူ ရှင်သန်ရပ်တည်နေသော မြေကမ္ဘာကြီးနှင့် မျက်မှောက်ကြုံတွေ့နေရသော ခေတ်ကာလအခြေအနေနှင့် ချိန်ထိုးကြည့်ပါက ကဗျာချစ်သူ စာဖတ်သူများ၏ နှလုံးဟဒယနှင့်လည်း တည့်တည့်တိုးမည့် ခံစားမှုအမြင်များ ဖြစ်ပေမည်။

'ည' ကဗျာသည်ကား အခြားဘာသာများနှင့် မတူခြားနားကာ အက္ခရာတစ်လုံးတည်းစီတွင် အဓိပ္ပာယ်တစ်ခုစီရှိနေသော မြန်မာဘာသာစကား၏ အလှကိုဖမ်းဆုပ်ရေးဖွဲ့ထားသော ကဗျာလေးဖြစ်သည်။

www.foreverspace.com.mm



ကဗျာရှင်၏ ကဗျာအတွေး၊ ကဗျာအမြင်နှင့် ကဗျာ၏အလှကို ထင်းလင်းစွာခံစားတွေ့ထိရသည်။

'ရဟန်း' ကဗျာတိုကလေးဆိုလျှင် ကဗျာရှင်ရေးသီဖွဲ့ထားသော အချိန်ကာလကို ကြည့်ပါက မြတ်စွာဘုရား၏ တရားတော်များကို လူသားတို့အား ပြန်လည်ဟောကြားပေးသူ၊ မြတ်စွာဘုရားချမှတ်ထားခဲ့သော သိက္ခာပုဒ်နှင့် သီလတရားများစောင့်ထိန်းလိုက်နာသူ၊ မြတ်စွာဘုရားလမ်းပြခဲ့သော ဘာဝနာတရားကို ပွားများကျင့်ကြံသူ ရတနာသုံးပါးဝင် သံဃာတော်အရှင်သူမြတ်များကို ရှစ်ခိုးပူဇော်ထားသော ကဗျာဖြစ်သည်။ ကဗျာကလေးကို ဖတ်ရသူအဖို့ အချိန်ကာလကိုကြည့်ကာ မျက်ရည်ကျရသည်အထိ ခံစားရသည်။ ထိုကဗျာကလေးကိုဖတ်ရင်း စလေဦးပုည၏ သိကြားမင်းကို ခနဲ့ထားသည့် ကဗျာတစ်ပုဒ်ကို မဆီမဆိုင် သွားသတိရမိစေသည်။

'တယ်လီဖုန်း' ကဗျာသည် ကဗျာရှင်၏ ဟာသဓာတ်ခံကိုတွေ့ရသည့်အပြင် မြန်မာလူမှုဘဝတွင် မြန်မာတို့နေ့စဉ် ကြုံတွေ့နေရသည့် အခြေအနေကိုလည်း ဒုတ်ဒုတ်ထိ သရုပ်ဖော်နိုင်သည်။

'အယူမသည်းနဲ့'၊ 'သူယုတ်မာမျိုး'၊ 'ကြောင်စုန်း' ကဗျာသုံးပုဒ်ကမူ ကဗျာရှင်သည်လည်း လူသားထဲက လောကီလူသားတစ်ဦးဖြစ်သည့်အလျောက် ရံဖန်ရံခါ အလိုမကျစိတ်၊ တစ်စုံတစ်ရာအပေါ် ခွန်းတုံ့ပြန်ချင်စိတ်၊ တတ်နိုင်လျှင် မာန်မဲငေါက်ငမ်းလိုစိတ်ကြောင့် ဖွင့်အံကျလာသော ခံစားချက်အချို့ဖြစ်ပုံရသည်။ ကဗျာတို့မည်သည်ကား မိမိတို့နားလည်သလို ခံစားတွေးတောကောက်ယူ၍ရသော ရသပစ္စည်းတစ်ခုပါပေ။

ကဗျာရှင်သည်ကား ပြည်သူလူထုထံကပေါက်ဖွားလာသော ပြည်သူ့ကဗျာဆရာဖြစ်သည့်အားလျော်စွာ ဘယ်အရာကိုကြည့်ကြည့် ပြည်သူအများစု၏ ပကတိအခြေအနေများကို ပြေးမြင်ပုံရသည်။ အထူးသဖြင့် ဆင်းရဲကျပ်တည်းကြကုန်သော ပြည်သူများ၏ဘဝကို ကိုယ်ချင်းစာနားလည်ပေးသည်။ သူ့နှလုံးသားတွင် အကြင်နာတရားတို့ဖြင့် လိမ်းခြယ်ထားပုံရသည်။ ဤအချက်ကို 'ဆွေတော်မျိုးတော်' ကဗျာတွင်တွေ့ရ၏။

'ယုန်နဲ့ခွေး' ကဗျာကလေးသည် သာမန်အားဖြင့် ဖတ်ကြည့်ပါက လူ့သဘာဝ၊ လူ့လောကထုံးစံကဲ့သို့ဖြစ်နေသည့် အကြွေးမကင်းသူလူသားတိုင်း အကြွေးကနောက်မှ ယုန်ကိုခွေးလိုက်သကဲ့သို့ လိုက်နေခြင်းအား ရေးဖွဲ့ထားသည်ဟုဆိုရပေမည်။ သို့သော် စေ့စေ့တွေးကြည့်လျှင် အကြွေးဟူသည် မျက်မှောက်ဘဝချေးငှားထားသော ပစ္စည်းကြွေး၊ ငွေကြွေးသာမက ပြီးခဲ့သည့် အတိတ်ကာလက အကုသိုလ်ကြွေးများကလည်း ထပ်ချပ်မကွာလိုက်နေသည်သာ။ အကြွေးတို့မည်သည် မိမိကယူထားသလောက် ဆပ်ကြရမည့်သဘောရှိသည်။ ယခုဘဝတွင် 'ခံ' ရသည်များသည် ယခင်ဘဝက ယူခဲ့သောအကြွေးများ ဆပ်ရခြင်းပင်။ ဤမျှ ကြောက်စရာကောင်းသည့် အကြွေးသဘောကို အတ္တ၊ လောဘအမိုက်မှောင်ဖုံးနေသူများက လက်ရှိဘဝတွင်ပင် အကြွေးသစ်ယူနေတတ်ကြသည်။ ပြုသူအသစ် ဖြစ်သူအဟောင်းဆိုသည်မှာ ဤသဘောပင်။ ယနေ့ တစ်ပါးသူအပေါ် ပြုမူမှောက်မှားမိသမျှသည် သံသရာအတွက် အကြွေးယူနေကြခြင်းသာ။ သံသရာတွင် ကျင်လည်ကြရဦးမည့် ပုထုဇဉ်လူသားများအဖို့ မိမိ အကြွေးယူထားသမျှ မကျေမချင်း သံသရာတစ်လျှောက်လုံး ဆပ်ကြပေဦးမည်။ ဤသဘောကို 'ယုန်နဲ့ခွေး' ကဗျာတိုလေးက ပေး၏။

အသက် ၇၅ နှစ်အရွယ်ရောက်လာသူ အံ့မောင်သည် ကဗျာဆရာ၏ နှလုံးသားဖြင့် တွေ့သမျှ၊ ကြုံသမျှ မြင်သမျှ၊ တွေးမိသမျှကို ကဗျာအဖြစ်ရေးဖွဲ့လာသကဲ့သို့ အရွယ်အရ၊ အတွေ့အကြုံအရ၊ လက်တွေ့အသိအရ ဗုဒ္ဓ၏တရားတော်နှင့် ဗုဒ္ဓ၏အဆုံးအမကိုလည်း လေးနက်စွာ သဘောပေါက်နားလည်လာပုံရ၏။ ဤသဘောကို သိဒ္ဓတ္ထကဗျာများက သက်သေပြနေသည်။ ဘုရားအဖြစ်သို့ မရောက်ရှိမီ နောက်ဆုံးဘဝ တောထွက်ခါနီး သိဒ္ဓတ္ထမင်းသား၏ ဂုဏ်ရည်များကို ရေးဖွဲ့ကာ သဗ္ဗညုတဉာဏ်တော်ရ ဗုဒ္ဓမြတ်စွာကို ပူဇော်ဦးခိုက်ထား၏။

'အိမ်' အမည်ရကဗျာသည် လူသားတိုင်းခင်တွယ်မြတ်နိုးချစ်ခင်ရသည့်အိမ်၏ သဘောသရုပ်ကို ထင်ရှားစေပြီး ထိုအိမ်အတွင်း ရန်သူများဝင်နေသည်ဆိုသော အဆုံးသပ်စာကြောင်းက ကဗျာဖတ်သူများကို မဆုံးနိုင်သော အတွေးစပေးထားသကဲ့သို့ရှိ၏။

အချုပ်ဆိုရလျှင် အံ့မောင်၏ ကဗျာများသည်ကား လှပခြင်း၊ ရဲရင့်ခြင်း၊ မေတ္တာရနံ့သင်းပျံ့ခြင်း၊ ငြိမ်းချမ်းခြင်း၊ ကြည်နူးခြင်း၊ တက်ကြွခြင်း၊ ကြင်နာခြင်း၊ ချစ်ခင်ခြင်း၊ ရင့်ကျက်ခြင်း၊ ဂုဏ်ပြုခြင်း၊ လေးစားခြင်း၊ ချီးမြှောက်ခြင်း၊ ပူဇော်ခြင်း၊ အလေးအမြတ်ပြုခြင်း၊ မော်ကွန်းတင်ခြင်း၊ ကိုယ်ချင်းစာခြင်း စသည်စသည်ဖြင့် စိတ်ခံစားမှု ရသစုံကို ပေးစွမ်းနိုင်သော ကဗျာ၏အနက်အဓိပ္ပာယ်ကို တိတိပပဖော်ညွှန်းသော တကယ့်ကဗျာများဟုဆိုရလျှင် လွန်အံ့မထင်။ ကဗျာများတွင် ကဗျာဆရာ၏ စေတနာထုထည် ပမာဏကြီးမားစွာတွေ့ရ၏။ ထုတ်ဝေသူ စိမ်းရောင်စိုစာပေ၏ စေတနာကိုလည်း အသိအမှတ်ပြုပါ၏။

ထုတ်ဝေတိုက် – စိမ်းရောင်စိုစာပေ
မျက်နှာဖုံးပန်းချီ/ ဒီဇိုင်း–အံ့ဘွယ်ဇင်
ထုတ်ဝေသည့်ကာလ– ၂၀၀၉ ခုနှစ်၊ မတ်လ
ထုတ်ဝေသည့်အကြိမ်–ပထမအကြိမ်
အုပ်ရေ – ၅၀၀
တန်ဖိုး – ၃၀၀၀ ကျပ်
စာမူခွင့်ပြုချက်အမှတ်–၄၂၀၀၇၆၁၂၀၈

LIVING COLOR
ဖုန်း –၂၄၂၄၄ ၊ ၃၉၃၁၃၂

www.foreverspace.com.mm



# WAX KING Car Shampoo

**မြန်မာနိုင်ငံ မော်တော်ယာဉ်ဆက်စပ်ပစ္စည်းဈေးကွက်အတွင်း အဆင့်မီထုတ်လုပ်ထားသော မော်တော်ယာဉ်သန့်စင်ရေးသုံးပစ္စည်းတစ်မျိုး ဖြစ်သည်။**

☆ Wax King Manufacturing Co., Ltd. က ၂၀၀၈ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် စတင်ထုတ်လုပ်ဖြန့်ချိ။

☆ ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာမှာ ဦးစိုင်းရဲန်လာဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင်သုံးဦး ဝန်ထမ်းအင်အား ၄၀ ဦးခန့်ရှိ။

☆ ကိုယ်တိုင်တီထွင်ထားသော စက်ပစ္စည်း၊ ကိုယ်ပိုင်နည်းပညာတို့ကို အသုံးပြုထုတ်လုပ်။

☆ ကုန်ပစ္စည်းထုတ်လုပ်ရာတွင် အသုံးပြုသော ကုန်ကြမ်းပစ္စည်းများကို စင်ကာပူ၊ ထိုင်း၊ အိန္ဒိယနိုင်ငံအသီးသီးတို့မှ မှာယူတင်သွင်း။




☆ ဖော့တွင် ဆပ်ပြာဆီ တစ်စက်နှစ်စက်ခန့်ထည့်ပြီး ကားဘော်ဒီပေါ်တွင် လိုက်လံပွတ်တိုက်သန့်စင်၍ ရေဆေးချလိုက်ပါက ဖယောင်းကိုပါ ထည့်သွင်းထုတ်လုပ်ထားသောကြောင့် ပြောင်လက်သန့်စင်သွားမည်ဖြစ်ကြောင်းသိရ။

☆ လောလောဆယ် ၃၀၀ ဂရမ်ပါတစ်ဘူးကို ကျပ် ၁၀၀၀ ဝန်းကျင်နှုန်းဖြင့် ကုမ္ပဏီမှ တိုက်ရိုက်ဖြန့်ချိလျက်ရှိကြောင်းသိရ။

☆ ပစ္စည်းအာမခံသက်တမ်း သုံးနှစ်အထိပေးထား။

☆ WAX KING အမှတ်တံဆိပ် ကားရှန်ပူအပြင် မော်တော်ဆိုင်ကယ်ရှန်ပူ၊ သားရေအရောင်တင်ဆီ၊ ကားတာယာဆီလီကွန်နှင့် Renew အမှတ်တံဆိပ်ကားမှန်ကြည်ဆေးတို့ပါ ထုတ်လုပ်လျက်ရှိဟုဆို။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် လိပ်စာ**

ဒေါ်လင်းပပသန်း (Supervisor)
– အမှတ်-D –၅၅၊ ကန်သာယာလမ်း၊
FMI City ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။
ဖုန်း–၆၈၁၃၀၀၊ ၀၉–၈၆၄၀၉၂၅၊
၀၉–၅၁၅၁၈၄၇၊ ၀၉–၅၁၁၃၈၁၉
– အမှတ်– ၅၂၈၊ ၈၃ လမ်း၊
၃၇ × ၃၈ လမ်းကြား၊
မဟာအောင်မြေမြို့နယ်၊
မန္တလေး။
ဖုန်း–၀၉–၈၀၂၁၃၅၂

www.foreverspace.com.mm



# PURE DETERGENT Laundry powder

**မြန်မာနိုင်ငံတွင် အမှတ်တံဆိပ်မျိုးစုံဖြင့် အင်တိုက်အားတိုက်ထုတ်လုပ်ရောင်းချနေသော ဆပ်ပြာမှုန့် ဈေးကွက်အတွင်း အသစ်ထပ်မံဝင်ရောက်လာသော လူသုံးကုန်ပစ္စည်းတစ်မျိုး ဖြစ်သည်။**

☆ Marlar Trading Co., Ltd. က ၂၀၀၉ ခုနှစ် မတ်လအတွင်း စတင်ထုတ်လုပ်ဖြန့်ချိ။

☆ အုပ်ချုပ်မှုဒါရိုက်တာမှာ ဒေါ်စုလတ်ခိုင်ဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင်သုံးဦး၊ ဝန်ထမ်းအင်အား ၁၅ ဦးခန့်ရှိ။

☆ ကုန်ပစ္စည်းထုတ်လုပ်ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကုန်ကြမ်းနှင့်နည်းပညာကို အဓိကရယူထုတ်လုပ်ဟုဆို။

☆ လောလောဆယ် ဈေးကွက်ပေါက်ဈေး ကျပ် ၂၆၀ ဝန်းကျင်ရှိ ပန်းပေါင်းစုံရနံ့ ၂၀၀ ဂရမ် အရွယ်အစား ပန်းရောင်တစ်မျိုးတည်းကို သာ ထုတ်လုပ်နေပြီး ဆက်လက်၍ ၁၀၀၀ ဂရမ်နှင့် ၃၅ ဂရမ်အထုပ်တို့ကိုပါ ထုတ်လုပ်သွားမည်ဖြစ်ကြောင်းသိရ။

☆ အပြာရောင်လောင်ဒရီစေ့နှင့် ပျော့ဆေးတို့ကိုပါ ထည့်သွင်းထုတ်လုပ်ထား၍ အဖြူရောင်အဝတ်အထည်များအတွက် မဲနယ်အသုံးပြုရန်မလိုအပ်ဘဲ ပျော့ပျောင်းသောအဝတ်အထည်အဖြစ် ရရှိနိုင်ဟုဆို။

☆ ကုမ္ပဏီအနေဖြင့် အခြားအမှတ်တံဆိပ်ဆပ်ပြာမှုန့်များကို အနံ့အမျိုးမျိုး၊ အာနိသင်အမျိုးမျိုးဖြင့် တိုးချဲ့ထုတ်လုပ်သွားရန် အစီအစဉ်ရှိကြောင်းသိရ။

☆ ကုမ္ပဏီမှ တိုက်ရိုက်ဖြန့်ချိလျက်ရှိပြီး နယ်ကိုယ်စားလှယ်အသီးသီးလည်း ပေးထားကြောင်းသိရ။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့်လိပ်စာ**

ဒေါ်စုလတ်ခိုင်
(အုပ်ချုပ်မှုဒါရိုက်တာ)
အမှတ်-၇၊ နာနတ်တောလမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၃၅၃၄၄၊
၀၉-၅၅၀၁၉၁၁

**အရောင်းပြခန်း**

အမှတ်-၄၉၀၊
ရွှေတောင်တန်းလမ်းနှင့်
ကမ်းနားလမ်းထောင့်၊
လမ်းမတော်မြို့နယ်၊
ရန်ကုန်။
ဖုန်း-၂၂၇၈၅၈



www.foreverspace.com.mm

# "လူသားချင်းစာနာထောက်ထားမှုအလုပ်က နှလုံးသားနဲ့လုပ်မှရတာပါ"

## WFP မှ Programme Officer ဦးကျော်ဦးမောင်နှင့် တွေ့ဆုံခြင်း

ကျော်နိုင်

**နိုင်ငံ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းကျော် စားနပ်ရိက္ခာအခက်အခဲကို ရင်ဆိုင်နေရသော ဖွံ့ဖြိုးဆဲမြန်မာနိုင်ငံရှိ နယ်စပ်ဒေသများနှင့် အလယ်ပိုင်းမိုးနည်းရေရှားဒေသတို့တွင် စားနပ်ရိက္ခာဖူလုံရေးကို အဓိကပံ့ပိုးဆောင်ရွက်လျက်ရှိသည့် ကုလသမဂ္ဂအေဂျင်စီတစ်ခု၏ မြန်မာလူမျိုး အကြီးတန်းအရာထမ်းတစ်ဦးဖြစ်ပြီး မကြာမီ လာအိုနိုင်ငံသို့ ရာထူးပြောင်းရွှေ့တာဝန်ထမ်းဆောင်ရတော့မည့် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မြန်မာနိုင်ငံရုံးမှ Programme Officer နှင့် PRO Coordinator ဦးကျော်ဦးမောင်နှင့် တွေ့ဆုံ၍ WFP ကဆောင်ရွက်ပေးလျက်ရှိသော စားနပ်ရိက္ခာပံ့ပိုးမှုလုပ်ငန်းများနှင့်စပ်လျဉ်းပြီး မေးမြန်းဆွေးနွေးခဲ့သည်များကို ကောက်နုတ်ဖော်ပြထားပါသည်။**

**L.C : WFP မြန်မာနိုင်ငံ စတင်ဝင်ရောက်ခဲ့ပုံ အကျဉ်းကို အရင်ဆုံး ရှင်းပြပေးပါလား။**

**UKOM :** ၂၀၀၇ ခုနှစ် UNDP ရဲ့ Survey အရ မြန်မာနိုင်ငံရဲ့ လူဦးရေ ၁၀ ရာခိုင်နှုန်းက Food Poverty Line အောက်မှာရှိတာ တွေ့ရတယ်။ ၃၂ ရာခိုင်နှုန်းဟာ Poverty Line အောက်မှာ ရှိတယ်။ အကြမ်းဖျင်းအားဖြင့် လူဦးရေသန်း ၅၀ ယူဆမယ်ဆိုရင် ၁၀ ရာခိုင်နှုန်းဖြစ်တဲ့ ငါးသန်းသည် စားနပ်ရိက္ခာမဖူလုံကြဘူး။ ကျွန်တော်တို့အနေနဲ့ အဲဒီငါးသန်းစလုံးကို ကူညီနိုင်တဲ့အင်အား မရှိပါဘူး။ ကျွန်တော်တို့ WFP အနေနဲ့ ၁၉၉၄ လောက်ကနေစပြီး မောင်တောမြို့နယ်ကနေ စဝင်လာခဲ့တယ်။ ၂၀၀၄ ခုနှစ်လောက်မှာ ရှမ်းပြည်နယ်ကိုဝင်ခဲ့တယ်။ တဖြည်းဖြည်းကျယ်ပြန့်လာပြီးတော့ ပြီးခဲ့တဲ့ ၂ နှစ်သုံးနှစ်လောက်မှာတော့ လူဦးရေငါးသိန်းလောက်ကို ထောက်ပံ့နိုင်ခဲ့တယ်။ ခုနက စားနပ်ရိက္ခာမဖူလုံတဲ့ လူငါးသန်းရဲ့ ၁၀ ရာခိုင်နှုန်းလောက်ကိုပဲ စားနပ်ရိက္ခာထောက်ပံ့နိုင်ခဲ့တယ်။ ကျွန်တော်တို့ အဓိကထောက်ပံ့နေတဲ့နေရာတွေက နယ်စွန်နယ်ဖျားမှာရှိတဲ့ ကိုးကန့်အထူးဒေသ (၁)၊ ဝ အထူးဒေသ (၁) တို့လို အထူးဒေသ (Special Region) တွေ ပါပါတယ်။



ဦးကျော်ဦးမောင်

**L.C : WFP က အဓိက ထောက်ပံ့ပေးနေတဲ့ဒေသတွေနဲ့ ထောက်ပံ့ပေးတဲ့ ရိက္ခာပစ္စည်းအမျိုးအစားတွေကို ပြောပြလို့ရမလား။**

**UKOM :** ကျွန်တော်တို့ ရုံးခွဲခုနစ်ခု ရှိပါတယ်။ ပထမဦးဆုံးက မောင်တောမှာပါ။ အဲဒီမောင်တောရုံးခွဲက ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်သုံးမြို့နယ်ကို Cover ဖြစ်ပါတယ်။ နောက်တစ်ရုံးက မကွေးမှာပါ။ ၂၀၀၄ ခုနှစ်တုန်းလောက်မှာ စဖွင့်တာပါ။ မကွေးတိုင်းက ပခုက္ကူ၊ ရေနံချောင်း၊ ချောက်၊ နတ်မောက်၊ ရေစကြိုနဲ့ ပေါက်မြို့တွေအတွက်ပေါ့။ နောက်ရုံးခွဲတစ်ခုက ကိုးကန့်အထူးဒေသ (၁) မှာပေါ့။ အဲဒီရုံးက လောက်ကိုင်မှာပါ။ နောက် ရုံးခွဲတစ်ခုက ပန်ဆန်းမှာ၊ ဝ အထူးဒေသမှာပေါ့နော်။ အဲဒီမှာ ဝဒေသတစ်ခုလုံးကို Cover ဖြစ်ပါတယ်။ နောက်ရုံးခွဲတစ်ခုက လားရှိုးပေါ့နော်။ လားရှိုးနဲ့ အနီးအနား

www.foreverspace.com.mm



အနားမှာရှိတဲ့ လားရှိုး၊ နန့်ခမ်း၊ မုံးခိုး၊ မန်တုံ၊ မန်ပန်၊ ကွတ်ခိုင်စတဲ့မြို့နယ်တွေကို Cover ဖြစ်ပါတယ်။ နောက်တစ်ခု တောင်ကြီးရုံးက သုံးမြို့နယ်ပါ။ ပင်လောင်း၊ ဆီဆိုင်နဲ့ ဖယ်ခုံကိုပေါ့နော်။ နောက်တစ်ခါ နောက်ဆုံးဖွင့်ထားတာက မြစ်ကြီးနားရုံးခွဲပါ။ မြစ်ကြီးနားရုံးခွဲက ကန်ပိုက်တီး ကချင်အထူးဒေသ (၁) နဲ့ လိုင်ဇာ ကချင်အထူးဒေသ (၂) တို့ကို Cover ဖြစ်ပါတယ်။ ချင်းပြည်နယ်မှာက ကြွက်နိမ်နင်းရေးပြဿနာမပေါ်ခင်ကတည်းက တခြား NGO တွေနဲ့အတူ ကျွန်တော်တို့ ဝင်ထားတာရှိပါတယ်။ အဲဒီမှာတော့ ရုံးခွဲမဖွင့်ထားဘဲ ရုံးအသေးလေးပဲဖွင့်ပြီးတော့ မကွေးရုံးခွဲက ကြီးကြပ်ပေးပါတယ်။

ကျွန်တော်တို့ရဲ့ Activity တွေက သိပ်တော့များများမရှိပါဘူး။ နားလည်အောင်ပြောပြရရင် စားနပ်ရိက္ခာမဖူလုံတဲ့သူတွေကို ထောက်ပံ့ပေးတာပေါ့နော်။ Food Basket အပြည့် ဆန်ရယ်၊ ဆီရယ်၊ ဆားရယ်၊ ပဲရယ်ပေါ့နော်။ ပံ့ပိုးပေးတယ်။ နောက်တော့ Food for Education လို့ခေါ်တဲ့ ကျောင်းနေအရွယ်ကလေးတွေကို ကျောင်းနေလာအောင် ဆန်ထောက်ပံ့တယ်။ နောက်တစ်ခါ Food for Work လို့ခေါ်တဲ့အလုပ်နဲ့ ရိက္ခာလဲလှယ်တာ၊ Food for Training လို့ခေါ်တဲ့သင်တန်းနဲ့ ရိက္ခာလဲလှယ်တဲ့အစီအစဉ်တွေမှာလည်း ဆန်ကိုထောက်ပံ့ပေးပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံအောက်ပိုင်းဒေသတွေမှာလည်း IOM တို့၊ MSF (ဆွစ်ဇာလန်) တို့နဲ့ ပူးပေါင်းပြီး လုပ်နေတာတွေရှိပါတယ်။ အဲဒီမှာ HIV/AIDS၊ တီဘီရောဂါတို့နဲ့ပတ်သက်တဲ့ စီမံချက်ဒေသတွေမှာ အဲဒီ INGO တွေနဲ့ပေါင်းပြီး ခုနက Food Basket တစ်ခုလုံးကို ထောက်ပံ့တယ်။ ဒါ့အပြင် Mother and Child Nutrition ပေါ့နော်။ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေ၊ နို့တိုက်မိခင်တွေနဲ့ ခြောက်လကနေ သုံးနှစ်အထိကလေးတွေကို ဆီရယ်၊ ဆားရယ်၊ Blanded Food လို့ခေါ်တဲ့ အာဟာရမှုန့်တွေကို ထောက်ပံ့ပါတယ်။

**L.C : ဒီ WFP မြန်မာနိုင်ငံရုံးက မြန်မာအရာထမ်းတွေထဲမှာ အကြီးဆုံးတာဝန်ယူထားရတဲ့သူတစ်ဦးလို့ သိထားပါတယ်။ ဘယ်လိုတာဝန်မျိုး ရယူဆောင်ရွက်နေရပါသလဲ။**

**UKOM** : နာဂစ်မတိုင်မီတုန်းက Assistant Programme Officer ရာထူးပါ။ နာဂစ်တိုက်တော့ Programme Officer တာဝန်

**ချင်းပြည်နယ်၌ Cash for Work အစီအစဉ်ဖြင့် ဒေသခံပြည်သူတို့၏ လမ်းဖောက်လုပ်မှုမြင်ကွင်း**



www.foreverspace.com.mm

ကိုယူလိုက်ရပါတယ်။ အစီအစဉ်အကြီးအကဲပေါ့။ အခု ကျွန်တော်တို့က Operation နှစ်ခုခွဲလိုက်တယ်။ မူလ PRO (Protracted Relief and Recovery) Operation နဲ့ Delta က Emergency Operation ပါ။ ကျွန်တော်က PRO Coordinator တာဝန်ကို ယူလိုက်ရပါတယ်။ နောက်တစ်ယောက်ကတော့ Emergency Coodinator ပါ။ ဒေါ်ဆွေဆွေဝင်းပါ။

**L.C : မြန်မာနိုင်ငံမှာ စားနပ်ရိက္ခာအထောက်အပံ့နဲ့ပတ်သက်လို့ WFP (ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်) နဲ့ FAO (ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့) ကို တော်တော်များများ ရောထွေးမှတ်သားနေကြတယ်။ လုပ်ငန်းသဘာဝမတူပုံကို ကွဲပြားအောင် ရှင်းပြပေးပါလား။**

**UKOM :** ဟုတ်ပါတယ်။ လူတွေတော်တော်များများ အဲဒါကို ရောထွေးနေကြတယ်။ မြန်မာလိုအခေါ်အဝေါ်ကလည်း တော်တော်လေး ဆင်နေတာကိုး။ FAO က Food Security တိုးတက်အောင် လုပ်တယ်။ ကျွန်တော်တို့ WFP က Food Security ပမာဏကို လျော့နည်းအောင်လုပ်တယ်။ ကျွန်တော်တို့ ဒီ Food Security နဲ့ပတ်သက်လို့ Component သုံးခုရှိတယ်။ Availability ရယ်၊ Access ရယ်၊ Utilization ရယ်ပါ။ FAO သည် များသောအားဖြင့် Availability Production နဲ့ဆိုင်တယ်။ Production ကို မြှင့်တင်တဲ့ အဖွဲ့အစည်းပေါ့။ ကျွန်တော်တို့ကတော့ Access ပေါ့။ ဘာဖြစ်လို့လဲဆို မြန်မာနိုင်ငံလိုနေရာမျိုးမှာ ရိက္ခာဖူလုံတဲ့နေရာတွေရှိတယ်။ ဒါပေမဲ့ မိသားစုတွေက ရိက္ခာဝယ်နိုင်တဲ့ အင်အားမရှိကြဘူး။ အဲဒီ မိသားစုအိမ်ခြေတွေကို ထောက်ပံ့ရတာပေါ့နော်။ Household Access to Food ပေါ့နော်။ ကျွန်တော်တို့က အဲဒီအပိုင်းမှာ တာဝန်ယူရတာပေါ့နော်။ Availability အပိုင်းမှာ FAO က တာဝန်ယူတယ်။ Access အပိုင်းကို ကျွန်တော်တို့ WFP က တာဝန်ယူပါတယ်။ Utilization ကိုတော့ တခြားအဖွဲ့အစည်းတွေကပေါင်းပြီး တာဝန်ယူကြတာပေါ့နော်။ Sanitation လည်းပါတယ်။ Nutrition လည်းပါတယ် စသည်ဖြင့်ပေါ့နော်။ အဓိက,ကတော့ FAO သည် Production အတွက်ကို စံတွေသတ်မှတ်ဆောင်ရွက်တယ်။ WFP သည် စားနပ်ရိက္ခာမဖူလုံတဲ့စက်ဝိုင်းကို လျော့ပါးပပျောက်အောင်လုပ်တယ်။

**L.C : လက်ရှိဆောင်ရွက်နေတဲ့ Project တွေအပြင် မြန်မာနိုင်ငံမှာ ထပ်ပြီးတိုးချဲ့မယ့် Project တွေရော ရှိပါသေးသလား။**

**UKOM :** ရှိပါတယ်။ ခုနက PRO က ၂၀၀၉ ဒီဇင်ဘာလမှာ ကုန်မှာကိုး။ အဲဒါကို စီမံကိန်း ထပ်ရေးဆွဲနေတယ်။ နောက်ထပ်သုံးနှစ်စီမံကိန်းပေါ့။ ၂၀၁၀–၂၀၁၂ ပေါ့နော်။ နာဂစ်ဒေသ Emergency Operation တွေက ၂၀၀၉ ဒီဇင်ဘာအထိ ဆောင်ရွက်သွားမှာပါ။ ကရင်ပြည်နယ်နဲ့ ကယားပြည်နယ်တွေမှာ တိုးချဲ့ဆောင်ရွက်ဖို့ လျာထားပါတယ်။

**L.C : WFP က စားနပ်ရိက္ခာထောက်ပံ့ရေးကို အဓိက ဆောင်ရွက်နေတယ်ဆိုပေမယ့် အခု နာဂစ်ဒေသမှာ ထူးခြားတာတစ်ခုက စားနပ်ရိက္ခာကိုသာမကဘဲ ရဟတ်ယာဉ်လိုသယ်ယူပို့ဆောင်ရေးကဏ္ဍကိုပါ ပံ့ပိုးဆောင်ရွက်နေတာ တွေ့ရပါတယ်။ တခြား UN အဖွဲ့အစည်းတွေက မလုပ်ကြလို့လား။**

**UKOM :** ကျွန်တော်တို့ UN အဖွဲ့အစည်းတွေက Emergency တွေမှာ Cluster Approach နဲ့ သွားပါတယ်။ Cluster တွေ ရှစ်ခုကိုးခုလောက်ရှိတာပေါ့နော်။ အဲဒီမှာ WFP က Food Cluster မှာ Leading Agency အနေနဲ့ တာဝန်ယူရတယ်။ နောက်ပြီးတော့ ကုလသမဂ္ဂအဖွဲ့အစည်းတွေထဲမှာ WFP ရဲ့ Logistics က အကြီးဆုံးပဲ။ Logistics Cluster ကိုလည်း WFP ကပဲ Lead လုပ်ပါတယ်။ Logistics အောက်မှာ ဘာတွေပါသလဲဆို နာဂစ်စဖြစ်တုန်းက မြင်ရတဲ့ Wearhouse ကြီးတွေပါတယ်။ Helicopter Service တွေပါတယ်။ နောက်တစ်ခုက Emergency Telecommunication ပေါ့နော်။ နာဂစ်ဖြစ်တဲ့အချိန်မှာ အင်တာနက်၊ E-mail သုံးလို့ရအောင် Communication အတွက်ကို Lead လုပ်တာလည်း WFP ပါပဲ။ ဒီ နာဂစ်ဒေသမှာ UN အဖွဲ့အစည်းတွေက တာဝန်ယူနေကြရတဲ့ Cluster ကြီး ရှစ်ခုကိုးခုလောက်မှာ WFP က သုံးခုကို Lead လုပ်နေရပါတယ်။

**L.C : အခု လက်ရှိဝန်ထမ်း အင်အား ဘယ်လောက်နဲ့ ဆောင်ရွက်နေပါသလဲ။**

**UKOM :** နာဂစ်မဖြစ်ခင်က ၂၃၅ ယောက်လောက်ရှိပါတယ်။ နာဂစ်ဖြစ်ပြီး နောက်မှာ ဝန်ထမ်းဦးရေ ၅၀၀ နီးပါး တိုး

**ကြွက်များ ဖျက်ဆီးထားသော ပြောင်းစိုက်ခင်း**



www.foreverspace.com.mm

လာတယ်။ အခုကတော့ ၃၅၀ လောက်ရှိတယ်။

**L.C : နာဂစ်ဒေသမှာရော ရုံးခွဲဘယ်နှခု ဖွင့်ထားပါသလဲ။**

**UKOM :** ဘိုကလေး၊ လပွတ္တာ၊ ဖျာပုံနဲ့ မော်လမြိုင်ကျွန်းမြို့တွေမှာ ရုံးခွဲတွေဖွင့်တယ်။ အခု မေလကုန်ကစပြီး ဖျာပုံနဲ့ မော်လမြိုင်ကျွန်းရုံးခွဲကို ပိတ်လိုက်ပြီ။ ဘိုကလေးနဲ့ လပွတ္တာကတော့ ကျန်ပါသေးတယ်။

**L.C : မနှစ်က ချင်းပြည်နယ်မှာ ကြွက်တွေဒုက္ခပေးလို့ WFP က ဒေသခံချင်းတိုင်းရင်းသားတွေကို သွားရောက်ထောက်ပံ့ပေးတယ်လို့ သိရပါတယ်။ ဘယ်လောက်အတိုင်းအတာအထိ ထောက်ပံ့ပေးခဲ့ရပါသလဲခင်ဗျ။**

**UKOM :** ဟိုးအရင်ကတည်းက ချင်းပြည်နယ်ကို ဝင်ခဲ့ဖူးပါတယ်။ GRAT နဲ့ပေါင်းပြီး Agriculture နဲ့ပတ်သက်လို့ လုပ်ငန်းတွေ လုပ်ခဲ့ဖူးတယ်။ အဲဒါကတော့ တကယ့် Small Scale ပေါ့လေ။ စုစုပေါင်းတန်ချိန် ၅၀ လောက်ပဲရှိမယ်။ ရုံးလည်းမဖွင့်ခဲ့ဘူး။ ၂၀၀၇ ခုနှစ်ကျမှ တချို့ရွာတွေမှာ ကြွက်ကြောင့် စားဝတ်နေရေးအခက်အခဲပေါ်ပေါက်ခဲ့တယ်။ ကျွန်တော်တို့က ကြွက်ကျတဲ့ရွာတွေရယ်လို့ သီးသန့်ရွေးပြီးတော့ မပံ့ပိုးပေးဘဲ စားနပ်ရိက္ခာအခက်အခဲရှိလို့ လာထောက်ပံ့ပေးတဲ့ပုံစံမျိုးနဲ့ Food for Work အလုပ်အတွက် စားနပ်ရိက္ခာအစီအစဉ်ကို လုပ်ခဲ့တယ်။ အဲဒီ Food for Work ရဲ့ အဓိကရည်ရွယ်ချက်က စားနပ်ရိက္ခာခက်ခဲတဲ့သူတွေ စားနပ်ရိက္ခာရရှိသွားမယ်။ တစ်ချိန်ထဲမှာပဲ ကျေးရွာဖွံ့ဖြိုးမှုအတွက် တစ်ခုခုအဖတ်တင်ပြီး ကျန်ခဲ့မယ်။ ကျွန်တော်တို့ လမ်းဖောက်မယ်၊ တံတားဆောက်မယ်၊ မြောင်းဖောက်မယ်။ ဒီလုပ်ငန်းတွေပါလုပ်ရင်းနဲ့ လာလုပ်အားပေးတဲ့သူတွေလည်း စားနပ်ရိက္ခာရသွားမယ်။ ပြီးတော့ ကျေးရွာအတွက်လည်း တစ်ခုခုကျန်ခဲ့မယ်။ အဲဒီတော့ ခုနက ပြောသလိုပဲ ကြွက်ထိတဲ့လူတွေပဲ လာလုပ်ရမယ်လို့ မသတ်မှတ်ထားဘူး။ Open to all ပဲ။ စားနပ်ရိက္ခာလိုအပ်တဲ့သူ ဘယ်သူမဆို လာလုပ်ကိုင်ခွင့်ရှိတယ်။ လာလုပ်တဲ့အတွက် စားနပ်ရိက္ခာရမယ်။ ကျွန်တော်တို့များသောအားဖြင့် ဒီ Activities တွေကို ကြွက်ဒဏ်ခံရတဲ့နေရာတွေမှာ အများဆုံးရွေးပြီး လုပ်တယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ ဆန်ရတဲ့သူတွေအားလုံးသည် ကြွက်ဒဏ်ခံရတဲ့သူတွေရယ်လို့ သတ်မှတ်လို့မရဘူး။

ကျွန်တော်တို့လုပ်ပေးခဲ့ရတာက တီးတိန်၊ တွန်းဇံ၊ ဖလမ်း၊ ဟားခါး၊ ထန်တလန်။ တောင်ပိုင်းက မင်းတပ်၊ မတူပီနဲ့ ကန်ပက်လက်ကို UNDP က ဝေပေးတယ်။ သူကတော့ ကျွန်တော်တို့လို အလုပ်အတွက် စားနပ်ရိက္ခာအစီအစဉ်အနေနဲ့မဟုတ်ဘူး။ အရေးပေါ်ထောက်ပံ့တဲ့အနေနဲ့ လုပ်ပေးတယ်။ ကြွက်ထိတဲ့မိသားစုတွေကို သူတို့က တိုက်ရိုက်ဝေပေးတယ်။ ကျွန်တော်တို့က ဝေးလံခေါင်ဖျားကျတဲ့နေရာတွေ၊ စားနပ်ရိက္ခာအခက်အခဲရှိတဲ့နေရာတွေမှာ ဦးစားပေးလုပ်တယ်။ GRAT နဲ့လည်းပေါင်းပြီး စားနပ်ရိက္ခာအခက်အခဲရှိတဲ့နေရာတွေမှာ စားနပ်ရိက္ခာဖူလုံမှုကို အထောက်အကူဖြစ်စေမယ့်မြေယာတွေ၊ လှေကားထစ်စိုက်ခင်းတွေဖော်ထုတ်ပြီးတော့ Food for Work လည်းလုပ်တယ်။ စားနပ်ရိက္ခာဖူလုံဖို့အတွက်လည်း ထောက်ပံ့ပေးသလို စားနပ်ရိက္ခာဖူလုံဖို့ လိုအပ်တဲ့လုပ်ငန်းတွေကိုလည်း လုပ်ပေးတယ်။ နှစ်ဖက်ပေါ့။ တစ်ခုတော့ရှိတယ်။ ၁၈ နှစ်အောက်ကလေးတွေကိုတော့ အလုပ်ပေးမလုပ်ဘူး။

တီးတိန်နဲ့ တွန်းဇံမှာ တစ်ရက်တစ်ရက်ကို လူဦးရေ ၁၀၀ ဝန်းကျင်စီလောက်ရှိပါတယ်။ အားလုံး စုစုပေါင်းလူဦးရေ ၄၇၀,၀၀၀ ကျော်ကို ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ မိသားစုတစ်စုမှာ တစ်ယောက်လုပ်အားပေးလာရင် တစ်အိမ်ထောင်မှာ မိသားစုဝင်ငါးယောက်ရှိတယ်လို့ ပျမ်းမျှသတ်မှတ်ပြီး ငါးယောက်စာအကျိုးခံစားခွင့်ပေးပါတယ်။ ကျွန်တော်တို့နဲ့တွဲလုပ်ခဲ့တာ KMSS၊ GRAT နဲ့ CAD (Country Agency for Development) ဆိုတဲ့ Local NGO အဖွဲ့တွေနဲ့ပါ။ နောက်တော့ World Vision နဲ့လည်း တွဲလုပ်ဖို့ရှိတယ်။ တီးတိန်မှာပါ။ ဒီဟာရဲ့ Affect က ၂၀၁၀ ခုနှစ်လောက်အထိရှိဦးမယ်လို့ ကျွန်တော်ယူဆထားတယ်။ ကြွက်က ဒီနှစ်ကြီး နောက်နှစ်သေသွားတာမျိုးမှာ မဟုတ်တာ။ သူ့ဟာနဲ့သူတဖြည်းဖြည်း မျိုးတုံးသွားမှာလေ။ ဒေသခံတွေရဲ့အဆိုအရ ကြွက်တစ်ခါကျလို့ရှိရင် အနည်းဆုံး သုံးနှစ်လောက် ဒီဒဏ်ကိုခံရတယ်လို့ သိရတယ်။ နှစ် ၅၀ လောက်မှာ တစ်ခါကြုံရတယ်လို့ဆိုတယ်။ လောလောဆယ်အထိ ချင်းပြည်နယ်ကြွက်ပြဿနာအတွက် ကျွန်တော်တို့ အမေရိကန်ဒေါ်လာ ၃၄၀,၀၀၀ ဖိုး ပံ့ပိုးပေးခဲ့ပြီးပါပြီ။

**L.C : အခုလို နာဂစ်မုန်တိုင်းအပြီးမှာ UNDP အပါအ**



www.foreverspace.com.mm

**ဝင် UN အဖွဲ့အစည်းတွေနဲ့ INGO တွေမှာ တာဝန်ထမ်းဆောင်နေကြတဲ့မြန်မာဝန်ထမ်း၊ အရာထမ်းတချို့ဟာ ရတဲ့လစာနဲ့ အခွင့်အရေးကိုသာယာပြီး လူအများအပေါ် ဆက်ဆံပြုမူတဲ့ပုံစံပြောင်းသွားတာတွေ ကြားနေရတယ်။ WFP လို UN အဖွဲ့အစည်းတစ်ခုမှာ တာဝန်ကြီးကြီးယူထားရတဲ့ ဦးကျော်ဦးမောင်အနေနဲ့ အဲဒါကို ဘယ်လိုမြင်ပါသလဲ။ အဲဒီလို မြန်မာဝန်ထမ်းအရာထမ်းတွေအနေနဲ့ ဘယ်လိုခံယူချက်နဲ့ လူထုအပေါ်ဆက်ဆံသင့်တယ်လို့ ထင်ပါသလဲ။**

**UKOM :** တခြားအဖွဲ့အစည်းတွေကိုတော့ ကျွန်တော် မသုံးသပ်လိုပါဘူး။ ကျွန်တော်တို့အဖွဲ့အစည်းကိုပဲ ဥပမာပေးပါရစေ။ မေလ ၃ ရက် နာဂစ်တိုက်ပြီး မေလ ၅ ရက်မှာ ကျွန်တော်ဦးဆောင်ပြီး လပွတ္တာကို သွားခဲ့တယ်။ မေလ ၈ ရက်နေ့မှာ နယ်ရုံးခွဲတွေက လူအင်အားထပ်ဖြည့်ခဲ့တယ်။ အပျက်အစီးကိုကြည့်ပြီး ကျွန်တော်တို့ဝန်ထမ်းအင်အားနဲ့မမျှလို့ ဝန်ထမ်းထပ်ခေါ်တဲ့အခါ မေလ ၁၅ ရက်မှာ ၃၀ လောက်ရှိလာတယ်။ အဲဒီအယောက် ၃၀ ထဲမှာ အသစ်တစ်ယောက်မှမပါဘူးခင်ဗျ။ ရုံးခွဲခုနစ်ခုနဲ့ ရန်ကုန်ရုံးကလူတွေပဲစုပြီးလာကြတာ။ အများစုက လူငယ်ဝန်ထမ်းတွေပါ။ အတွေ့အကြုံရှိပြီးသားတွေ။ တိုင်းရင်းသားတွေလည်း ပါတယ်ခင်ဗျ။ နောက်တစ်ခုက ကျွန်တော်တို့အဖွဲ့က ကုလသမဂ္ဂရဲ့ Humanitarian Emergency အဖွဲ့မှာ အကြီးဆုံးပေါ့နော်။ ဥပမာ–ပါကစ္စတန်မှာ ငလျင်လှုပ်တုန်းကလည်း ကျွန်တော်တို့ WFP ပဲ Lead Agency အနေနဲ့ ပါဝင်ခဲ့တယ်။ ဘန်ဒါအာချေးက ဆူနာမီမှာတုန်းကလည်း ကျွန်တော်တို့ အဦးဆုံးပဲ။ အခုနာဂစ်မှာလည်း ကျွန်တော်တို့ အဦးဆုံးပါပဲ။ ဝန်ထမ်းအယောက် ၃၀ က ရုံးတစ်ခုဖွဲ့လို့ရတယ်။ ဖွဲ့လိုက်တယ်။ စီမံကိန်းအရာရှိက ဘာလုပ်ရမယ်၊ စီမံကိန်းလက်ထောက်က ဘာလုပ်ရမယ်၊ ငွေစာရင်းအရာရှိက ဘာလုပ်ရမယ်၊ ဘယ်သူက ဘာလုပ်ရမယ်ဆိုတဲ့ ကိုယ့်အလုပ်ကို ကိုယ်သိပြီးသားဖြစ်တယ်။ ကျွန်တော်တို့လုပ်ရတဲ့အလုပ်က လူသားချင်းစာနာထောက်ထားမှုအလုပ်ပါ။ ပါးစပ်နဲ့လုပ်လို့မရပါဘူး။ နှလုံးသားနဲ့ လုပ်မှရတာပါ။ နောက်တစ်ခုက အတွေ့အကြုံလည်း အရေးကြီးတယ်။ တကယ်ဖြစ်နေတဲ့အချိန်မှာ စဉ်းစားနေဖို့ သိပ်အချိန်မရပါဘူး။ အတွေ့အကြုံက စကားပြောတာပေါ့နော်။ အတွေ့အကြုံကို အခြေခံပြီး အခြေအနေတွေကို လိုက်လျောညီထွေလုပ်သွားရတာပါ။ အဓိက,ကတော့ နှလုံးသားကိုအခြေခံပြီး လိုအပ်တာတွေကို လုပ်ပေးသွားတာပါ။

တချို့ဝန်ထမ်းတွေမှာတော့ ရှိမှာပေါ့နော်။ အသက်ငယ်တာတွေရှိမယ်။ အတွေ့အကြုံမရင့်ကျက်သေးတာတွေလည်း ရှိမယ်။ အတွေ့အကြုံသိပ်မရှိဘဲ ဒီလိုအဖွဲ့အစည်းထဲကို တန်းပြီးရောက်လာတာတွေလည်းရှိတယ်။ မရင့်ကျက်သေးတာပေါ့နော်။ ကျွန်တော့်အနေနနဲ့ ကြီးကြီးမားမား မဝေဖန်လိုပါဘူး။ အလုပ်

**နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ဒေးဒရဲမြို့နယ် လေးအိမ်ကုန်းကျေးရွာသို့ ဖြန့်ဝေမည့်ဆန်အိတ်များ**



www.foreverspace.com.mm

တွေက အများကြီးပေါ်လာတဲ့အတွက် ရာထူးတက်တာတွေကလည်း မြန်ကြတယ်။ ကျွန်တော်တို့ဆို တဖြည်းဖြည်း ချင်းတက်ခဲ့ရတာ။ မြို့နယ်လက်ထောက်ကနေ မြို့နယ်၊ မြို့နယ်အဆင့်ကနေ ပြည်နယ်/တိုင်း၊ ပြည်နယ်/တိုင်းအဆင့်ကနေ ရန်ကုန်ရုံးချုပ်၊ ရန်ကုန်ရုံးချုပ်ကမှ ဒီ Head of Programme ဖြစ်လာတာပါ။ တောထဲတောင်ထဲမှာ နေ့ရှိသရွေ့၊ ညရှိသရွေ့နေခဲ့ရပြီးမှ ဒီလိုမြို့ထဲရုံးကို ရောက်လာရတာပါ။ မနေ့တစ်နေ့ကမှ ရောက်လာတာမျိုးမဟုတ်ပါဘူး။ အခုဆို တော်တော်များများက ကံကောင်းကြတာပေါ့နော်။ ချက်ချင်း ရာထူးကြီးကြီးကို မြန်မြန်ရလိုက်ကြတယ်။ ထိန်းသိမ်းရမယ့်အပိုင်းတွေ ရှိကောင်းရှိနိုင်ပါတယ်။

**L.C : အခုနာဂစ်မုန်တိုင်းအပြီးမှာ ပိုသိသာလာတာပေါ့နော်။ UN လို အဖွဲ့အစည်းတွေမပြောနဲ့၊ INGO အဖွဲ့အစည်းတွေမှာတောင် ဦးကျော်ဦးမောင်တို့လို ရာထူးကြီးကြီး၊ တာဝန်ကြီးကြီးယူထားရတဲ့ မြန်မာလူမျိုးအရာထမ်းက မရှိသလောက်နည်းနေပါသေးတယ်။ အများစုက မြန်မာနိုင်ငံအကြောင်း ဂဃနဏမသိကြသေးတဲ့နိုင်ငံခြားသားတွေက များနေတယ်။ အဲဒါဘာကြောင့်လို့ ဦးကျော်ဦးမောင် ထင်ပါသလဲ။ မြန်မာလူမျိုးတွေကပဲ သူတို့လောက်အရည်အချင်း မမီလို့လား။ ဒါမှမဟုတ် အဲဒီလိုရာထူးမျိုးကို နိုင်ငံခြားသားအရာထမ်းကိုပဲ ခန့်လေ့ရှိတာမို့လို့လား။**

**UKOM :** အဖွဲ့အစည်းတွေရဲ့ Policy အပိုင်းလည်းပါပါတယ်။ Post ကိုယ်၌ကလည်း International Post ဖြစ်နေတာကိုး။ အတွေ့အကြုံလည်း အရေးကြီးပါတယ်။ မြန်မာတွေမို့ နေရာမပေးတာမျိုးလည်း မဟုတ်ပါဘူး။ Country Director တို့၊ Deputy Country Director တို့က International Staff ဖြစ်ရမယ်ဆိုတဲ့ ကန့်သတ်ချက်ရှိပြီးသားပါ။ တကယ်ဝင်လုပ်နေတဲ့ မြန်မာအရာထမ်းတွေရှိပါတယ်။ ကျွန်တော်တို့ WFP ဆိုရင် ၂၀၀၈ မေလနောက်ပိုင်း နာဂစ်ဒေသမှာ နိုင်ငံခြားသားဝန်ထမ်းတစ်ယောက်မှ ဝင်လို့မရခဲ့ဘူးပေါ့နော်။ လပွတ္တာမှာ ဒီလုပ်ငန်းကြီးကို ကျွန်တော်ကပဲ စခဲ့ရတာ။ လပွတ္တာ၊ ငပုတော၊ မြောင်းမြ၊ ဘိုကလေးမြို့နယ်တွေမှာ စစချင်း ရုံးခွဲနှစ်ခုသွားဖွင့်တယ်။ ပထမတစ်ရုံးက လပွတ္တာ၊ နောက်တစ်ရုံးက ဘိုကလေးပေါ့နော်။ ဘိုကလေးမှာလည်း ဦးဆောင်မှုအပိုင်းကို မြန်မာတွေကပဲ ဆောင်ရွက်ခဲ့ရတာ။ လုပ်ငန်းစဆောင်ရွက်ခဲ့ကြတာလည်း မြန်မာတိုင်းရင်းသားတွေချည်းပါပဲ။ ကျွန်တော်တို့ဆီမှာ အရည်အချင်းရှိတဲ့သူတွေအများကြီးပါ။ ဒီလိုကြီးမားတဲ့ နာဂစ်မုန်တိုင်းလိုဟာမျိုး ရုတ်တရက်ဖြစ်လိုက်တော့လည်း Capacity လိုအပ်တဲ့နေရာတွေကို ဖြည့်လိုက်နိုင်တာပါပဲ။

**L.C : အခုနောက်ပိုင်းမှာ ကုလသမဂ္ဂလို့ပြောရင် ပြည်သူလူထုတွေက သိပ်မျှော်လင့်ချက်ကြီးကြီးမားမားမထားကြသလို သိပ်လည်းအားကိုးချင်စိတ်မရှိကြသလို ဖြစ်နေကြပါတယ်။ နိုင်ငံတကာမှာလည်း ကုလသမဂ္ဂရဲ့အခန်းကဏ္ဍက အရင်ကနဲ့စာရင် နည်းနည်းမှေးမှိန်လာသလားလို့။ INGO တွေလည်း တိုးပွားလာပြီး အထူးသဖြင့် နာဂစ်လို ဘေးအန္တရာယ်ကြီးတွေ ကြုံတွေ့ရတဲ့ဒေသတွေမှာ INGO တွေကလည်း တက်တက်ကြွကြွ ပံ့ပိုးပါဝင်ဆောင်ရွက်နေကြတာကိုး။ အဲဒါကို ဦးကျော်ဦးမောင် ဘယ်လိုထင်ပါသလဲ။**

**UKOM :** အဲဒီလိုမမြင်မိပါဘူး။ ကျွန်တော်တို့ UN ရော INGO တွေရောက IASC မှာတွဲပြီးလုပ်ကြရတာပေါ့နော်။ Inter-Agency Standing Committee ပေါ့နော်။ UN Country Team နဲ့ အတူတူပေါ့နော်။ ဥပမာ–ကျွန်တော်တို့ WFP ဆိုရင် နာဂစ်ဒေသတွေမှာပဲဖြစ်ဖြစ်၊ PRO စီမံကိန်းမှာပဲဖြစ်ဖြစ် ဘယ်တော့မှ ကိုယ်ကိုယ်တိုင် တိုက်ရိုက်ဖြန့်ဝေဆောင်ရွက်တာမျိုးကို မလုပ်ပါဘူး။ အတတ်နိုင်ဆုံး ကိုယ်တိုင်တိုက်ရိုက်ဖြန့်ဝေတာကို ရှောင်ရှားပါတယ်။ ဘာဖြစ်လို့ ရှောင်ရှားရသလဲဆို ကျွန်တော်တို့နဲ့ NGO တွေ ပူးတွဲပြီးလုပ်ကြတဲ့အခါမှာ (၁) ဧရိယာပိုပြီး ကျယ်ကျယ်ပြန့်ပြန့် သွားလို့ရတယ်။ ကျွန်တော်တို့ချည်းပဲဆိုရင် သွားနိုင်တဲ့အင်အား မရှိဘူး။ (၂) စရိတ်စကအားဖြင့်လည်း ပိုသက်သာတယ်ပေါ့နော်။ နံပါတ်(၃) က ကျွန်တော်တို့ ရိက္ခာကိုဖြန့်တဲ့ NGO/INGO တွေကလည်း လက်ချည်းပဲလာတာမဟုတ်ဘူး။ သူတို့ရဲ့နည်းပညာ၊ ငွေနဲ့အလုပ်တွေလည်း ပါလာတယ်။ အဲဒီဒေသအတွက် အကျိုးပြုလုပ်ငန်းတစ်ခုခုလုပ်ပေးတယ်။ အဲဒီတော့ ဒေသခံတွေက ရိက္ခာလည်းရတယ်၊ အဲဒီ NGO ဆီက နည်းပညာ၊ ပညာ၊ ပံ့ပိုးမှုတစ်ခုခုလည်းရသွားတယ်။ အဲဒါမျိုး အကျိုးရှိတယ်ပေါ့နော်။ နံပါတ် (၄) အချက်က ကျွန်တော်တို့ဝင်နေတဲ့ဒေသကို တခြားအဖွဲ့အစည်းတစ်ခုခုက ဝင်ပြီးဆောင်ရွက်ချင်ရင် ကျွန်တော်တို့ WFP နဲ့ ပူးတွဲလုပ်နေတဲ့ ဘယ် NGO/INGO ကတော့ ဘာတွေလုပ်ပေးနေပါတယ်၊ သူတို့က ဒါတွေလုပ်နေရင် ခင်ဗျားတို့က မထပ်အောင် ဘာတွေ လုပ်သင့်ပါတယ် စသဖြင့် Facilitate လုပ်ပေးလို့ရတာပေါ့နော်။ ငါတို့ကတော့ UN ၊ သူတို့ကတော့ ဘယ်လို NGO ရယ်လို့မဟုတ်ဘဲ တကယ်ဒုက္ခရောက်နေတဲ့ ပြည်သူတွေကို Humanitarian (လူသားချင်းစာနာထောက်ထားမှု) လုပ်ငန်းတွေ ဆောင်ရွက်နေကြတာပါ။

**ကျော်နိုင်**

■

ဤကဏ္ဍတွင် . . . . .
၁၀၀ စီးပွားရေးပိုင်ဆိုင်မှုနှင့် စီးပွားရေးထိန်းချုပ်မှုကို ခွဲခြားခြင်း
၁၀၄ စီးပွားရေးလုပ်ငန်းတစ်ခု စတင်တည်ထောင်လုပ်ကိုင်ခြင်း (၈)

www.foreverspace.com.mm



# စီးပွားရေးပိုင်ဆိုင်မှုနှင့် စီးပွားရေးထိန်းချုပ်မှုကို ခွဲခြားခြင်း

ရဲမင်းဦး

**စီးပွားရေးပိုင်ဆိုင်မှု (Ownership) နှင့် စီးပွားရေးထိန်းချုပ်မှု (Control) ကို ခွဲခြားဆောင်ရွက်နိုင်စွမ်းရှိခြင်းသည် စီးပွားရေးလုပ်ငန်းရှင်များအတွက်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများအတွက်လည်းကောင်း ရေရှည်ကောင်းကျိုးဖြစ်ထွန်းစေသည်။ အာရှအရှေ့ပိုင်းရှိနိုင်ငံနှင့်ဒေသများ တိတိကျကျဆိုရလျှင် အင်ဒိုနီးရှား၊ ဂျပန်၊ တောင်ကိုရီးယား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ တရုတ်တိုင်ပေ၊ ဟောင်ကောင် စသည့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးသည့် နိုင်ငံ၊ ဒေသတို့၌ Ownership နှင့် Control ကို မည်သို့ခွဲခြားကျင့်သုံးနေသနည်းဆိုသည်မှာ စိတ်ဝင်စားစရာကောင်းသည်။**

မိမိ၏လုပ်ငန်းအပေါ် မူတည်၍ လိုအပ်သလို စီမံဆောင်ရွက်ခြင်းပြုရာ၌ ခေတ်မီသော စီးပွားရေးအကောက်အယူများကို သွတ်သွင်းကျင့်သုံးနိုင်ရေးကိစ္စမှာ လုပ်ငန်းဖွဲ့တည်ပုံအမျိုးအစားနှင့် လုပ်ငန်း၏အရွယ်အစားတို့အပေါ်တွင် အဓိကမူတည်နေခြင်းမရှိပါဟု ပညာရှင်များက ဆိုသည်။ ကျွန်ုပ်တို့နိုင်ငံတွင် ယနေ့တိုင် စတော့အိတ်ချိန်းမပေါ်ပေါက်သေးပေ။

ယင်းဒေသများတွင် စတော့အိတ်ချိန်းများ ရှိသည်။ 'အစုရှယ်ယာ' စနစ်ဖြင့် ဖွဲ့စည်းထူထောင်ရပ်တည်နေသည့် စီးပွားရေးလုပ်ငန်းများရှိသော်ငြား ရှယ်ယာရှင်တစ်ဦးတည်း (မိသားစုတစ်စုတည်း) က ပိုင်ဆိုင် ထိန်းချုပ်ထားသောကုမ္ပဏီအရေအတွက်မှာ ဒုနှင့်ဒေး။ Single Shareholder Firm (SSF) များ၌ ရှိနေသည့် မန်နေဂျာဆိုသူများမှာလည်း ပိုင်ရှင်နှင့် နီးကပ်စွာဆက်စပ်ပတ်သက်နေသူများသာ ဖြစ်သည်။ ထို့ကြောင့် SSF များ၏ ဖွဲ့စည်းလုပ်ဆောင်ပုံ တစ်နည်းအားဖြင့် ထိန်းချုပ်မှုကိုကြည့်လျှင် ပိရမစ်ပုံစံဖြစ်နေသည်ကို တွေ့ရသည်။ အရှေ့အာရှနှင့် အရှေ့တောင်အာရှဒေသတွင်းမှ နိုင်ငံများ၊ အရှေ့အလယ်ပိုင်းနိုင်ငံများ၌ရှိနေသည့် စီးပွားရေးလုပ်ငန်းများ၏ သုံးပုံနှစ်ပုံကျော်မှာ Ownership ရယူထားသူများက Family Con-

www.foreverspace.com.mm

trol လုပ်ထားသည့် လုပ်ငန်းများဖြစ်နေသည်ကို တွေ့ရသည်။ ကျွန်ုပ်တို့ နိုင်ငံရှိ စီးပွားရေးလုပ်ငန်း (ကြီး၊ လတ်၊ သေး) အစုစုတို့ကို ခြုံကြည့်လိုက်လျှင် Ownership နှင့် Control ယှက်ဖောက်ဖွဲ့တည်မှုပြုထားသည်ကို တွေ့ရပေမည်။ ဤဆောင်းပါးတွင် အကျဉ်းချုံး ဆွေးနွေးတင်ပြလိုသည်မှာ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်စီးပွားရေးလုပ်ငန်းများ၌ Ownership နှင့် Control လုပ်ပုံ ကွဲပြားနေသည့် ပုံသဏ္ဍာန်ကို မိန်ဖျောက်၍ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများတွင် Ownership နှင့် Control ကို စည်းခြားပြဋ္ဌာန်းဆောင်ရွက်မှု ဖြစ်ထွန်းလာရေးဖြစ်သည်။

ကျွန်ုပ်တို့နိုင်ငံ၏ စီးပွားရေးအင်အားပိုမိုကြီးထွားခိုင်မာအားကောင်းလာရေးတွင် လိုအပ်ချက်ရင်းမြစ်မျိုးစုံရှိသည့်အနက် Ownership နှင့် Control ကို ပိုင်းခြားကျင့်သုံးနိုင်သည့် စီးပွားရေးလုပ်ငန်းများ ရှိလာရေးမှာ အလွန်အရေးကြီးသောကိစ္စတစ်ရပ်ပင်ဖြစ်၏။ စံမီစီးပွားရေးကော်ပိုရေးရှင်းကြီးများ ဖွဲ့စည်းရပ်တည်နိုင်စွမ်းရှိလာရေးမှာ မျက်မှောက်ကာလတွင် နိုင်ငံ၏ အထူးလိုအပ်ချက်တစ်ရပ် ဖြစ်နေသည်။

အာရှထိပ်တန်းတက္ကသိုလ်ကြီးများမှ စီးပွားရေးသုတေသီများက မိသားစုပိုင်လုပ်ငန်း (SSF) များ၊ အစိုးရကျောထောက်နောက်ခံပြုစီးပွားရေးလုပ်ငန်းများ၊ ရှယ်ယာအများစုကို မိသားစုများက ပါဝင်ပိုင်ဆိုင်မှုပြုထားသည့် စီးပွားရေးကော်ပိုရေးရှင်းကြီးများအနေနှင့် ၎င်းတို့၏ လက်ရှိရပ်တည်မှုများကို ပြင်ဆင်ဖျက်သိမ်းမှုမပြုရခြင်း၏ အဓိကအကြောင်းတရားများမှာ သက်ဆိုင်ရာအစိုးရများထံမှ ပို့ကုန် သွင်းကုန်ဆိုင်ရာ လုပ်ပိုင်ခွင့်များ ချောမွေ့စွာရရှိရန်လွယ်ကူခြင်း၊ နိုင်ငံခြားကုမ္ပဏီများနှင့် ကာလရှည်ယှဉ်ပြိုင်နိုင်မှု ရေခံမြေခံအားကောင်းခြင်း၊ ပြည်တွင်းဈေးကွက်အတွင်း မောင်ပိုင်စီးမှု (Monopoly) လုပ်ထားလိုခြင်း၊ အစိုးရကန်ထရိုက်လုပ်ငန်းများရယူလုပ်ဆောင်ခွင့်ရနိုင်ခြေပိုများခြင်း စသည်တို့ကြောင့်ဖြစ်သည်ဟုဆို၏။ စီးပွားရေးလုပ်ငန်းရှင်များမှာ ဆိုင်ရာလုပ်ငန်းခွင်၌ မဟာဗျူဟာမြောက် အဆုံးအဖြတ်များ၊ နည်းဗျူဟာ မြောက်အဆုံးအဖြတ်များလုပ်ရန် အားသန်နေဆဲဖြစ်သကဲ့သို့ သူတို့၏ ထိန်းချုပ်မှုအခန်းကဏ္ဍကိုလည်း ချဲ့ထွင်မြဲချဲ့ထွင်နေသည်ကို တွေ့ရကြောင်း ပညာရှင်များက ဆိုသည်။ ယင်းသို့လုပ်ခြင်းကြောင့် အာရှစီးပွားရေးလုပ်ငန်းအများစုမှာ Ownership နှင့် Control အရောရော အထွေးထွေးဖြစ်နေသည်ကို တွေ့ရခြင်းဖြစ်သည်။

Ownership ရယူထားသူက Controlling Owner အဖြစ် Control လုပ်နေရခြင်း၏ အဓိကအကြောင်းရင်းခံတစ်ခုမှာ လုပ်ငန်းနှင့်ဆိုင်သည့် ငွေစီးဆင်းမှုကို တွေ့မြင်ထိန်းချုပ်ထားလိုခြင်းကြောင့်ဖြစ်သည်။ Cash-Flow Right ရယူမထားနိုင်လျှင် Ownership ရယူထားခြင်းနှင့် Control လုပ်ထားနိုင်စွမ်း ထိခိုက်သွားမည်ဟုထင်နေကြခြင်းကြောင့်ဖြစ်သည်။ အများပိုင်ကုမ္ပဏီတစ်ခုအဖြစ် ရပ်တည်ပြီဆိုလျှင် Ownership သည်လည်းကောင်း၊ Control သည်လည်းကောင်း၊ Cash-Flow Right နှင့် Voting Right တို့သည်လည်းကောင်း၊ အကန့်ခွဲထွက်သွားမည်ဖြစ်သော်လည်း ယင်းကိစ္စများမှာ Chain တစ်ခုအဖြစ် ရှိနေနိုင်သည်ကို သိထားမည်ဆိုပါက အပြန်အလှန်ပိုင်ဆိုင်မှုပြုထားခြင်းကဏ္ဍ (Role of Cross-Holdings) ကို အကောင်အထည်ဖော်လာနိုင်ကြမည်မှာ သေချာသည်။

ကျွန်ုပ်တို့နိုင်ငံအပါအဝင် အာရှလူ့အဖွဲ့အစည်းအသီးသီးရှိ စီးပွားရေးကဏ္ဍများတွင် မိသားစုပိုင်၊ နိုင်ငံပိုင်၊ အများပိုင်၊ ဘဏ္ဍာရေးအဖွဲ့အစည်းပိုင်ဟူသည့် Ownership လေးမျိုးရှိနေရာ၌ မည်သည့်ပိုင်ဆိုင်မှုပုံစံမျိုး၌မဆို အသွင်ကူးပြောင်းရေးနှင့် စပ်လျဉ်း၍ အခက်အခဲအမျိုးမျိုးရှိနေကြဆဲဖြစ်သည်။ သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များရှိနေသည့်တိုင် ယင်းဥပဒေများကို အသေးစား၊ အလတ်စား၊ အကြီးစား စီးပွားရေးလုပ်ငန်းများ၏ ထူထောင်မှုသက်တမ်းနှင့် အရွယ်အစားတို့အပေါ် စဉ်ဆက်မပြတ်လေ့လာသုံးသပ်၍ လိုအပ်သလိုပြင်ဆင်ပေးနိုင်သည့် Legal Framework တစ်ခုရှိရန် လိုအပ်မည်ဖြစ်သည်။ အများပိုင်ဟုအမည်ခံထားသော်လည်း မိသားစုတစ်စုတည်းက ရှယ်ယာအများစုကို လက်ဝါးကြီးအုပ်ရယူထားသော ကုမ္ပဏီများစွာ အာရှတစ်ခွင်၌ ရှိနေဆဲ။

Ownership Control နှင့် Management ကို စနစ်တကျ ခွဲခြားထားနိုင်သည့် လုပ်ငန်းရှင်မျိုးသာလျှင် လုပ်ငန်းတွင် ကျယ်အောင်မြင်ရေးကိုသာမက မတူညီသောနယ်ပယ်များအထိ အောင်မြင်စွာ ခရီးဆန့်နေနိုင်မည်ဖြစ်သည်။ အနောက်နိုင်ငံများနှင့် ဂျပန်၊ ဟောင်ကောင်တို့တွင်ရှိသည့် 'စံမီ' စီးပွားရေးလုပ်ငန်းကြီးများကို လေ့လာကြည့်လျှင် ပိုင်ရှင်တိုင်း သို့မဟုတ် ပိုင်ရှင်မိသားစုဝင်များက အမှုဆောင်အရာရှိချုပ်ရာထူးရယူထားခြင်းမရှိသည်ကို တွေ့ရပေမည်။ Ownership နေရာကို ရယူထားသူများမှာ Controlling Group များကို ထူထောင်ထားရန်ကြိုးပမ်းကြသည်။ လုပ်ငန်းရပ်တည်ပုံပေါ်တွင် Controlling Group ကို ဖွဲ့စည်းသည်။ ထို့နောက် Management Board ကို ဖွဲ့စည်းသည်။

မိမိ၏လုပ်ငန်းအပေါ် မူတည်၍ လိုအပ်သလို စီမံဆောင်ရွက်ခြင်းပြုရာ၌ ခေတ်မီသော စီးပွားရေးအကောက်အယူများကို သွတ်သွင်းကျင့်သုံးနိုင်ရေးကိစ္စမှာ လုပ်ငန်းဖွဲ့တည်ပုံအမျိုးအစားနှင့် လုပ်ငန်း၏ အရွယ်အစားတို့အပေါ်တွင် အဓိကမူတည်နေခြင်းမရှိပါဟု ပညာရှင်များကဆိုသည်။ ကျွန်ုပ်တို့နိုင်ငံတွင် ယနေ့တိုင် စတော့အိတ်ချိန်းမပေါ်ပေါက်သေးပေ။ အာရှနိုင်ငံအများစုတွင် စတော့အိတ်ချိန်းများရှိထားပြီဖြစ်သည်။ စတော့အိတ်ချိန်းပေါ်ပေါက်လာချိန်တွင် ကျွန်ုပ်တို့၏ စီးပွားရေးနယ်ပယ်၌ Ownership Rights, Control Rights, Voting Rights, Cash-Flow Rights, Role of Cross-Holdings စသည်

www.foreverspace.com.mm

တို့ကို မလွှဲမသွေကြုံတွေ့ကျင့်သုံးရတော့မည်ဖြစ်သည်။ စတော့အိတ်ချိန်းပေါ်ပေါက်လာရေးဆိုသည်မှာလည်း လက်ရှိစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများ၌ ဆိုခဲ့ပါ 'ပိုင်ခွင့်' များ ကျင့်သုံးမှုအလေ့အထရှိခြင်းအပေါ်၌ များစွာမူတည်နေသည်။ အာရှဒေသတွင်းရှိ မိသားစုပိုင်၊ အများပိုင်၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းအဖုံဖုံ မည်သို့သောစနစ်များဖြင့်



ဖွဲ့တည်စခန်းသွားနေသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှသော ဘာသာရပ်တစ်ခုဖြစ်နေပြီး ကျွန်ုပ်တို့၏စီးပွားရေးပညာရှင်များက မီးမောင်းထိုး နမူနာပြ ဆွေးနွေးပေးသင့်သည့်အချိန် ကျရောက်နေပြီဖြစ်ပါသည်။ ကျယ်ပြန့်သောဘာသာရပ်ကြီးဖြစ်ပြီး ကျွန်ုပ်တို့လူ့အဖွဲ့အစည်းအတွက် ကောင်းကျိုးသက်ရောက်နိုင်မှုများမည့် အလုပ်ဟု ဆိုချင်သည်။

Ownership နှင့် Control ကို စနစ်တကျမခွဲခြားမှုကြောင့် နိဂုံးချုပ်သွားသည့် မိသားစုပိုင် စီးပွားရေးလုပ်ငန်းကြီးတစ်ခုကို နမူနာပြရမည်ဆိုလျှင် ကွယ်လွန်သွားပြီဖြစ်သည့် အင်ဒိုနီးရှား သမ္မတဟောင်း ဆူဟာတိုမိသားစုပိုင် ဆူဟာတိုအင်ပါယာ စီးပွားရေးလုပ်ငန်းကြီးက ထင်ရှားသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ဆူဟာတိုမိသားစုဝင်များ ပိုင်ဆိုင်သည့် စီးပွားရေးလုပ်ငန်းအရေအတွက်မှာ ၄၁၇ ခုရှိ၏။ ယင်းကုမ္ပဏီအားလုံးကို ဆူဟာတိုမိသားစုဝင်များ၊ ၎င်းတို့၏ စီးပွားရေးလုပ်ဖော်ကိုင်ဖက်ဆိုသည့် အစိုးရဌာနဆိုင်ရာပုဂ္ဂိုလ်ကြီးများက ထိန်းချုပ်သည်။ လုပ်ငန်းစုံလုပ်သော အဆိုပါစီးပွားရေးလုပ်ငန်းကြီးမှာ Ownership နှင့် Control ကို ခွဲခြားလုပ်ကိုင်နိုင်စွမ်းမရှိ၍ နိဂုံးမလှဖြစ်သွားသည်မှာ အားလုံးအသိပင်။ ဖိလစ်ပိုင်ရှိ မားကို့စ်မိသားစုပိုင် စီးပွားရေးလုပ်ငန်းမျိုးစုံမှာလည်း ရေရှည်တွင်နိဂုံးမလှခဲ့ပေ။ သက်ဦးဆံပိုင်အရင်းရှင်ဝါဒနှင့် မျက်မှောက်စီးပွားရေးအခင်းအကျင်းများ၊ အယူအဆများ၊ လက်တွေ့လုပ်ဆောင်ပုံများမှာ သဟဇာတမဖြစ်တော့ပါ။ အဆိုးကျော့သံသရာလည်နေမှုများကို ထိုင်း၊ မလေးရှား၊ တရုတ်၊ အင်ဒိုနီးရှား၊ တောင်ကိုရီးယား စသည့်နိုင်ငံများရှိ သေး၊ လတ်၊ ကြီး စီးပွားရေးလုပ်ငန်းအချို့အား ကြည့်လိုက်လျှင် ထင်သာမြင်သာရှိလာမည်ဟု ပညာရှင်များက ထောက်ပြသည်။

၂၀၁၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ နိုင်ငံရေးစနစ်သစ်တစ်ရပ်ရှိလာတော့မည်ဖြစ်ရာ ယင်းစနစ်ပါ ဥပဒေမူဘောင်များနှင့်အညီ စီးပွားရေးအခင်းအကျင်းသစ်များ ပေါ်ထွက်လာဦးမည်မှာ သေချာပါသည်။ ယှဉ်ပြိုင်နိုင်စွမ်းအပြည့်ရှိသည့် စီးပွားရေးလုပ်ငန်းများဖြစ်တည်လာရေးတွင် Ownership နှင့် Control ကိုလည်းကောင်း၊ Control နှင့် Management ကိုလည်းကောင်း အကန့်ခွဲဆောင်ရွက်နိုင်သည့် စီးပွားရေးအင်အားစုများရှိထားမှသာ မှန်းချက်ကိုက်မည်ဟု ယူဆပါသည်။ ပိရမစ်သဏ္ဍာန်ဖွဲ့တည်လုပ်ဆောင်နေမှုများကို လိုအပ်သလိုမွမ်းမံပြင်ဆင်နိုင်မှသာ ပြည်တွင်း၌ Wealth Concentration ရှိမှု အသွင်ပြောင်းဖြစ်တည်လာမည်။ ထိရောက်မှုရှိသော စီးပွားရေးဖိုရမ်များ စဉ်ဆက်မပြတ်ရှိနေရန်နှင့် ပညာနှင့်ယှဉ်သော စီးပွားရေးလုပ်ငန်းရှင်များဖြစ်ရေး ဆန္ဒပြင်းပြမှုရှိရန် အချိန်ကျရောက်နေပြီဖြစ်ပါကြောင်း။

**ရဲမင်းဦး**

**ဖိလစ်ပိုင်ရှိ မားကို့စ်မိသားစုပိုင် စီးပွားရေးလုပ်ငန်းမျိုးစုံမှာလည်း ရေရှည်တွင်နိဂုံးမလှခဲ့ပေ။ သက်ဦးဆံပိုင် အရင်းရှင်ဝါဒနှင့် မျက်မှောက်စီးပွားရေး အခင်းအကျင်းများ၊ အယူအဆများ၊ လက်တွေ့လုပ်ဆောင်ပုံများမှာ သဟဇာတမဖြစ်တော့ပါ။**

www.foreverspace.com.mm

(ယခင်လမှအဆက်)

# စီးပွားရေးလုပ်ငန်းတစ်ခု စတင်တည်ထောင်လုပ်ကိုင်ခြင်း (ဂ)

မျိုးခန့်စံ



**ရည်မှန်းချက်ပန်းတိုင်ကို သတ်မှတ်ထားခြင်းမရှိပါက ပန်းတိုင်သို့ ရောက်ရှိသည်၊ အောင်မြင်မှုရသည် မရသည်ကို တိုင်းတာရန် ခက်ခဲပါလိမ့်မည်။**

## စွန့်ဦးတီထွင်မဟာဗျူဟာနှင့် အားသာချက် (ဖောက်သည်တွေ ဘာလိုသလဲ)

စီးပွားရေးလုပ်ငန်းတည်ထောင်သူတစ်ဦး သို့မဟုတ် သက်ဆိုင်ရာမန်နေဂျာသည် မဟာဗျူဟာတစ်ရပ်ချမှတ်၍ ဈေးကွက်ဖော်ဆောင်ရန်လိုအပ်သည်မှာ အထူးပြောဖွယ်ရာမလိုပါချေ။ သို့ရာတွင် 'ပညာရှိသတိဖြစ်ခဲ' ဆိုသကဲ့သို့ ဖြစ်တတ်ပါ၍ မဟာဗျူဟာတစ်ရပ်ချမှတ်ရာတွင် Customer Point of View မှ ကြည့်၍ 'ဖောက်သည်တို့ ဘာလိုသလဲ' ဆိုသည်ကို အလေးထား၍ စဉ်းစားအကောင်အထည်ဖော်ရန် အကြံပြုလိုပါသည်။ ဖောက်သည်တို့ အဓိကလိုလားသည်မှာ Value ခေါ် တန်ဖိုးနှင့် Convenience ခေါ် အဆင်ပြေချောမွေ့မှု၊ သက်သောင့်သက်သာရှိမှုတို့ဖြစ်ရာ မဟာဗျူဟာချမှတ်ရာတွင် ကုမ္ပဏီသည် 'မည်သို့သောတန်ဖိုးရလဒ်ကို မည်သို့သောပုံစံဖြင့် သက်သောင့်သက်သာအဆင်ပြေချောမွေ့စေရန် ပေးအပ်မည်' ဆိုသည်ကို အလေးအနက်ထား၍ ဆောင်ရွက်ရပါမည်။

MC Donald's ၏ အောင်မြင်မှုတစ်စိတ်တစ်ပိုင်းသည် Fast Food ခေါ် အမြန်ရရှိစားသုံးနိုင်ခြင်းဟူသော ဂုဏ်ရည်သက်သက်မဟုတ်ဘဲ ဖောက်သည်များ၏ အတွေ့အကြုံနှင့် စိတ်ကျေနပ်မှုကြောင့်ဖြစ်ပါသည်။ MC Donald's ရှင်းပြချက်မှာ ဆိုင်သို့တစ်ကြိမ်တစ်ခါမျှ လာရောက်ရုံမျှဖြင့် အဆင်ပြေသော၊ သက်သောင့်သက်သာရှိသော ဝန်ဆောင်မှုများကို ရရှိ၍ ဖောက်သည်တို့ စိတ်ကျေနပ်မှုရရှိကာ အကြိမ်ကြိမ်အခါခါ လာရောက်အားပေးသောကြောင့် အောင်မြင်မှုရရှိသည်ဟူ၍ ဖြစ်သည်။ ပေးလိုက်ရသော ကုန်ကျငွေထက် ရရှိသောအကျိုးရလဒ်က သာလွန်လျှင် ထိုက်တန်သည်ဟု သတ်မှတ်ကြသည်။ ကုန်ကျမှုစရိတ်တွင် ငွေကြေး အချိန်နှင့် စိတ်ပင်ပန်းမှု စသောအချက်များပါဝင်သည်။ ထို့အတူ အကျိုးရလဒ်တွင်လည်း ကုန်စည်၏အရည်အသွေး၊ အသုံးဝင်မှု၊ ဝန်ဆောင်မှု၊ စိတ်ချမ်းသာမှု စသောအချက်များ ပါဝင်သည်။ ဖောက်သည်တို့ ခံယူသော ထိုက်တန်မှု (တန်ဖိုး) ဟူသည် အရည်အသွေး၊ ဝန်ဆောင်မှုနှင့် ဈေးနှုန်းတို့ ဟန်ချက်ညီညီပေါင်းစပ်ပါဝင်နေခြင်း ဖြစ်သည်။

အောင်မြင်သောအမှတ်တံဆိပ်ရှိ အဝတ်အထည်ထုတ်လုပ်ရေးကုမ္ပဏီအချို့၏ ပြောကြားချက်မှာလည်း မှတ်သားဖွယ်ဖြစ်သည်။ ၎င်းတို့ထုတ်လုပ်သော ကုန်ပစ္စည်းများ (အဝတ်အထည်များ) သည် အမှတ်တံဆိပ်အားဖြင့် ထိပ်တန်းနာမည်ကြီးသည့် တံဆိပ်များမဟုတ်ဘဲ အလယ်အလတ်တန်းစားအမှတ်တံဆိပ်များဖြစ်ကာ ဝတ်ဆင်ရာတွင် အဆင်ပြေကောင်းမွန်ခြင်း၊ ရာသီဥတုနှင့်ကိုက်ညီခြင်း၊ အသွင်အပြင်လှပခြင်း၊ အရည်အသွေးကောင်းခြင်း၊ ဒီဇိုင်းဆန်းသစ်ခြင်း၊ အမြင်တင့်တယ်ခြင်းတို့ကြောင့် အောင်မြင်မှုရရှိသည်

www.foreverspace.com.mm



ဟု ဆိုပါသည်။

ဈေးကွက်ဝေစုရရှိအောင် ကြိုးစားခြင်းသည် ဖောက်သည်တို့၏ စိတ်ဝေစု (Share of Customer's mind) ရရှိအောင် ဆောင်ရွက်ခြင်းဖြစ်သည်။ ဖောက်သည်များ၊ စားသုံးသူများ ဝယ်ယူအားပေးမှု၊ စိတ်ကျေနပ်မှုရရှိမှသာလျှင် ဈေးကွက်ဝေစုများများရရှိမည်။ ဈေးကွက်ဝေစု များများရရှိမှသာလျှင် ကုမ္ပဏီအကျိုးအမြတ် ပိုမိုရရှိပေမည်။ ထို့ကြောင့် မဟာဗျူဟာချမှတ်ရာတွင် 'ဖောက်သည်များဘက်မှ မြင်သောအမြင်' ကို အလေးအနက်ထား ထည့်သွင်းစဉ်းစားအကောင်အထည်ဖော်သင့်ပေသည်။ မှတ်သားသင့်သောအချက်တစ်ခုမှာ ဈေးနှုန်းသည် ကုမ္ပဏီအောင်မြင်မှု၏ တစ်ခုတည်းသောမဟာဗျူဟာမဟုတ်ဟူသောအချက် ဖြစ်ပါသည်။ အကယ်၍ မိမိကုမ္ပဏီ၏အားသာချက်သည် စက်ကိရိယာပစ္စည်းများပေါ်မူတည်သည်ဆိုပါလျှင် မိမိပြိုင်ဘက်များသည် မကြာမီအတွင်း မိမိကဲ့သို့ လိုက်လံရင်းနှီးမြှုပ်နှံပေလိမ့်မည်။

## အကြံအစည်သစ်၊ အပြောင်းအလဲ

စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ မဟာဗျူဟာချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်းကောင်း သမားရိုးကျနည်းလမ်းများမှဖောက်ထွက်၍ တီထွင်ဆန်းသစ်ရန်၊ အပြောင်းအလဲပြုလုပ်ရန် လိုအပ်သည်။ ဖောက်သည်တို့သည် တီထွင်မှု၊ ဆန်းသစ်မှုကို တောင့်တသည်။ မြတ်နိုးခုံမင်သည်။ ကွဲပြားမှု၊ ထူးခြားမှု စိတ်ဝင်စားသည်။ ထူးခြားအောင်၊ ဆန်းသစ်အောင် သမားရိုးကျမှ ပြောင်းလဲခွဲထွက်ရသည်။ 'စိတ်ကူးတစ်ခုသည် အမှန်တကယ်ဆန်းသစ်နေလျှင် ဆန့်ကျင်မှုများကို သေချာပေါက်ရင်ဆိုင်ရပေမည်။ အကယ်၍ ဆန့်ကျင်မှုများ မကြုံရလျှင် ၎င်းသည် အမှန်တကယ်ဆန်းသစ်သောစိတ်ကူးမဟုတ်ပေ။ အကယ်၍ အချို့သောပုဂ္ဂိုလ်များ၏ အနှောင့်အယှက်များ ကြုံလာရလျှင် ၎င်းသည် ကောင်းသောလက္ခဏာတစ်ခု ဖြစ်သည်။ သင်သည် ထူးခြားမှုတစ်ခုကို ဆောင်ရွက်နေပြီဖြစ်သည်။ တိုးတက်မှုသည် မင်္ဂလာရှိသောစကားလုံးဖြစ်သည်။ ပြောင်းလဲမှုသည် တိုးတက်ခြင်း၏ စေ့ဆော်မှုတစ်ရပ်ဖြစ်သည်။ သို့သော် အပြောင်းအလဲတိုင်းတွင် ဆန့်ကျင်ဘက်ရန်သူများရှိကြသည်' ဟူ၍ Robert Kennedy က မိန့်ဆိုခဲ့ဖူးပါသည်။

## စွန့်ဦးတီထွင်စီမံချက်တွင် ပါဝင်သင့်သည်များ

စွန့်ဦးတီထွင်လုပ်ငန်းရှင်သည် မိမိတို့၏ လုပ်ငန်းရည်ရွယ်ချက်၊ ရည်မှန်းချက်များ သတ်မှတ်ပြဋ္ဌာန်းပြီး ထိုရည်ရွယ်ချက်များအောင်မြင်ရန် မည်သို့လုပ်ဆောင်မည်ဟူသော အသေးစိတ်စီမံချက်များပါရှိသည့် စီးပွားရေးစီမံချက်တစ်ခု ရေးဆွဲထားရန် လိုအပ်သည်။ ထိုစီမံချက်တွင်ပါဝင်သင့်သည်များကို အကြံပြုတင်ပြလိုပါသည်။ စီးပွားရေးစီမံချက်တစ်ခုတွင် နှစ်အလိုက် အထူးသီးသန့်ရည်ရွယ်ချက်များ ရေးဆွဲပါဝင်သင့်သည်။ ထိုရည်မှန်းချက်များကို ရေးဆွဲပြီး သက်ဆိုင်ရာအဖွဲ့ဝင်များကို ဖြန့်ဝေပေးထားရမည်။ ရည်မှန်းချက်များ ရောက်ရှိအောင်မြင်ရေးအတွက် 'အထူးစီမံချက်' ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရမည်။ စီမံခန့်ခွဲသူများအနေဖြင့် ပန်းတိုင်ရောက်ရှိရေးနည်းလမ်းများကို ရှင်းလင်းစွာဖော်ပြထားရန် လိုသည်။ ယခုလက်ရှိရောက်နေသော အခြေအနေ၊ ရည်မှန်းထားသောနေရာ၊ သွားရမည့် (လုပ်ဆောင်ရမည့်) နည်းလမ်း၊ လိုက်နာရမည့်အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များ စသည်တို့ကို စနစ်တကျသတ်မှတ်ဖော်ပြထားရန် လိုအပ်ပါသည်။


စီးပွားရေးစီမံချက်တွင် လမ်းညွှန်ချက်များ ထည့်သွင်းပါရှိရန် လိုအပ်သည်။ အပြောင်းအလဲအတွက် ဖြစ်ပေါ်လာသောထိခိုက်မှုများ၊ အရှိန်များကို လျှော့ချနိုင်ရမည်။ မသေချာ၊ မရေရာမှုများကို လျှော့ချနိုင်ရမည်။ လုပ်ဆောင်ချက်များအတွက် နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည်များကို ကြိုတင်စဉ်းစားပြင်ဆင်ထားရမည်ဖြစ်သည်။

စွန့်ဦးတီထွင်လုပ်ငန်းရှင်သည် မိမိတို့၏ လုပ်ငန်းရည်ရွယ်ချက်၊ ရည်မှန်းချက်များ သတ်မှတ်ပြဋ္ဌာန်းပြီး ထိုရည်ရွယ်ချက်များအောင်မြင်ရန် မည်သို့လုပ်ဆောင်မည်ဟူသော အသေးစိတ်စီမံချက်များပါရှိသည့် စီးပွားရေးစီမံချက် တစ်ခုရေးဆွဲထားရန် လိုအပ်သည်။

အလဟဿဖြစ်မှု၊ လေလွင့်မှုများနည်းပါးအောင်၊ မရှိအောင် စီမံထားရမည်။ ထိန်းသိမ်းကွပ်ကဲမှုအတွက် စံချိန်စံညွှန်းများ သတ်မှတ်ထားရှိရမည်။ ဌာနအလိုက်၊ တစ်ဦးချင်းစီအလိုက် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရမည်။ မန်နေဂျာများ၊ အခြားအဆင့်ဝန်ထမ်းများအတွက် လမ်းညွှန်မှုများ အသီးသီးချမှတ်ထားရှိရပေမည်။ ပြောင်းလဲမှုအတွက် ဖြစ်ပေါ်လာနိုင်သောဆန့်ကျင်မှုများကို ကြိုတင်စဉ်းစား၍ အကာအကွယ်များ၊ အစီအမံများဆောင်ရွက်ထားသင့်သည်။ အပြောင်းအလဲကို ဘာကြောင့်ပြုလုပ်ရသည်၊ ဘယ်လိုအကျိုးကျေးဇူးများရလာနိုင်သည် စသည်ဖြင့် ကြိုတင်ရှင်းပြ၍ အသိပညာများ ဖြန့်ဝေပေးသင့်သည်။ သင့်လျော်သော တုံ့ပြန်မှုများဖြင့် ပြောင်းလဲမှုကို အဆင်ပြေအောင်၊ တိုးတက်အောင် ဆောင်ရွက်သင့်သည်။ မလိုအပ်သော၊ ထပ်ခါတလဲလဲ ဆောင်ရွက်နေသောကိစ္စရပ်များကို လျှော့ချရမည်။ ထို့ပြင် ရည်မှန်းချက်ပန်းတိုင်နှင့် ပန်းတိုင်ရောက်ရှိအောင် လုပ်ဆောင်ရမည့်နည်းလမ်းများကို ရှင်းလင်းစွာသိရှိပြီးလျှင် ထိရောက်မှုမရှိသော၊ တွင်ကျယ်မှုမရှိသောကိစ္စရပ်များ

www.foreverspace.com.mm

ကို ရောင်ရှားနိုင်မည်ဖြစ်သည်။ စီမံချက်ဟူသည် ရည်မှန်းချက်ပန်းတိုင် သတ်မှတ်ခြင်း၊ စံချိန်စံညွှန်းများပြဋ္ဌာန်းခြင်းနှင့် ထိန်းချုပ်ကွပ်ကဲမှုများ ပြုလုပ်ခြင်းပင်ဖြစ်သည်။ အကယ်၍ ရည်မှန်းချက်ပန်းတိုင်ကို သတ်မှတ်ထားခြင်းမရှိပါက ပန်းတိုင်သို့ ရောက်ရှိသည်၊ အောင်မြင်မှုရသည် မရသည်ကို တိုင်းတာရန် ခက်ခဲပါလိမ့်မည်။ လုပ်ငန်းစီမံချက်ပုံစံနှင့် ဈေးကွက်စီမံချက်မူကြမ်းပုံစံကို ဖော်ပြအပ်ပါသည်။




## စီးပွားရေးလုပ်ငန်းစီမံချက်ပုံစံ

## (Sydney Business Centre)

### စီမံချက်ရည်ရွယ်ချက်
### (The Purpose of this plan)

– သင်သည် ဘာကြောင့် ဤစီမံချက်ကို ရေးသားရကြောင်း စီမံချက်ဖတ်ရှုနေသူကို ရှင်းပြရန်ဖြစ်သည်။ ဥပမာအားဖြင့် ဤစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် 'ဘဏ္ဍာငွေရရှိရန်'၊ 'လုပ်ငန်းချဲ့ထွင်ရန်'၊ 'လုပ်ငန်းတိုးတက်ရန်'၊ 'ဈေးကွက်ဝေစုရရှိရန်' စသည်ဖြင့် ရည်ရွယ်ဆောင်ရွက်ကြောင်း ဖော်ပြရန်ဖြစ်သည်။ စီမံချက်၏ရည်ရွယ်ချက်သည် မည်သို့ရှိကြောင်း အလားအလာရှိသော ရှယ်ယာရှင်များ၊ သက်ဆိုင်သူများကို မိတ်ဆက်ဖော်ပြခြင်းဖြစ်သည်။

### စီမံချက်အနှစ်ချုပ်
### (Executive Summary)

– စီမံချက်တစ်ခုလုံး၏ အနှစ်ချုပ်ကို ရေးသားဖော်ပြရန် ဖြစ်သည်။

– ဤအနှစ်ချုပ်သည် လုပ်ငန်းတစ်ရပ်လုံးကို အနှစ်ချုပ်ဖော်ပြခြင်းဖြစ်ပြီး စာမျက်နှာတစ်မျက်နှာ သို့မဟုတ် နှစ်မျက်နှာခန့် ဖြစ်သင့်သည်။

### လုပ်ငန်းအကဲဖြတ်ချက်
### (Business Evaluation)

– တည်ဆောက်ပုံ (Structure)

– ဖြစ်စဉ်အကျဉ်း (Profile)

– ရည်ရွယ်ချက်၊ ရည်မှန်းချက် (Aims and Objectives)

– ဘဏ္ဍာရေးအခြေအနေ (Financial Status)

– ဝန်ဆောင်မှုအကူအပံ့ (Service Providers)

– အားနည်းချက်၊ အားသာချက် ဆန်းစစ်မှု (SWOT Analysis)

### ကုန်စည်အကဲဖြတ်ချက်
### (Product Evaluation)

– ဈေးကွက်ကဏ္ဍများ (Market Sectors)

– ဈေးနှုန်းသတ်မှတ်မှု (Pricing Structure)

– ထုပ်ပိုးမှု (Packaging)

### ဈေးကွက် (The Market)

– ဈေးကွက်အနေအထား (Market Profile)

– ပြိုင်ဘက်များကို ဆန်းစစ်လေ့လာချက် (Competitor Analysis)

– ဖောက်သည်တို့ရာဇဝင် (Customer Profile)

– ထုတ်ကုန်/ဈေးကွက်အံဝင်မှု (Product/ Market Fit)

– ရောင်းချခြင်း၊ ဖြန့်ချိခြင်း (Selling Function/Distribution)

– ဈေးနှုန်း (Pricing)

– ကြော်ငြာနှင့် အရောင်းမြှင့်တင်ရေး (Advertising & Promotion)

– မဟာဗျူဟာများ (Expansion Strategies)

### ထုတ်လုပ်ရေးစီမံချက်
### (Operation Plan)

– လက်ရှိကုန်ထုတ်နိုင်စွမ်းနှင့် တည်ဆောက်ပုံ (Current Production Capability and Structure)

– ဝယ်ယူရေးဆိုင်ရာအသုံးအနှုန်း၊

www.foreverspace.com.mm



သတ်မှတ်ချက်များ (Terms on purchasing)

– ထောက်ပံ့ရေးအကဲဖြတ်ချက်များ (Suppliers Evaluation)

– ထုတ်လုပ်ရေးလုပ်ငန်းစဉ် (Production Process)

– ချဲ့ထွင်ရေးအစီအမံများ (Expansion plan)

**ဥပဒေရေးရာ (Legal)**

– မူပိုင်ခွင့်တင်ခြင်း (Registration of intellectual property)

– အနာဂတ်ကုမ္ပဏီဖွဲ့စည်းမှုပုံစံ (Corporate Structure - Future)

– ဘဏ္ဍာရေးဆိုင်ရာ (ကြွေးမြီများစသည်) (Financial Liabilities,etc)

**ဝန်ထမ်းရေးရာ/ စီမံခန့်ခွဲမှု (Personnel/ Management)**

– အမည်၊ တာဝန်ဝတ္တရားများ၊ ရာထူး (Names, Responsibilities, Position)

– ဖွဲ့စည်းပုံကားချပ် (Provide an Organizational Chart)

– နိဂုံး/ ယူဆချက်များ (Conclusions)

**ဘဏ္ဍာရေးအစီအမံ (Financial Planning)**

– အရောင်းခန့်မှန်းချက် (Sales Forecast)

– ဘဏ္ဍာရေးအသုံးစရိတ်ခန့်မှန်းချက် (Budget)

– ပရောဂျက်အတွက် ဘဏ္ဍာရေးလိုအပ်ချက် (Projected Financial requirements)

– အရင်းအနှီးလိုအပ်ချက် (Capital Requirements)

– အနှစ်ချုပ် (Summary)

**ဆောင်ရွက်မှုအစီအမံ (Action Plan)**

– စီမံချက်ကို ဖတ်ရှုနေသည့်ပုဂ္ဂိုလ်အား ရှင်းလင်းပြောကြားရန်၊ ရှေ့လမ်းစဉ်ဆန်းစစ်သုံးသပ်ချက် (Critical path Analysis) ကို ကြိုတင်ရေးဆွဲထားရန် လိုအပ်သည်။

– ဘာတွေဖြစ်လာမလဲ?

– ဘယ်လိုဖြစ်လာမလဲ?

– ဘယ်နေရာမှာ ဖြစ်မှာလဲ?

– ဘယ်အချိန်မှာဖြစ်မှာလဲ?

– ဘယ်သူတွေက ဖြစ်စေမှာလဲ?

**အဓိကအညွှန်းကိန်းရိယာများ (Key indicators)**

– လုပ်ငန်းဆောင်ရွက်မှုများကို တိုင်းတာသည့်စံချိန်စံညွှန်းများကို ဆိုလိုပါသည်။

**နောက်ဆက်တွဲ (Appendices)**

– သတင်းအချက်အလက်များ၊ အထောက်အကူအကိုးအကားများ အစရှိသည့် နောက်ဆက်တွဲဖော်ပြသင့်သည်များဖြစ်ပါသည်။

**ဈေးကွက်ရေးရာစီမံချက်မူကြမ်း (Marketing Plan Outline)**

(၁) နောက်ခံအကြောင်းအရာ (Background)

(၂) ဦးတည်ချက် (Direction)

(၃) ဈေးကွက်စီမံချက် အနှစ်ချုပ် (Marketing Plan Summary)

(က) စီးပွားရေးဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက် (Business Defination)

(ခ) စီးပွားရေးဦးတည်ချက် (Business Direction)

(၄) အဓိကစီးပွားရေးမဟာဗျူဟာများ (Major Business Strategies)

(၅) ဘဏ္ဍာရေးရည်မှန်းချက် (Financial Objectives)

(၆) ယူဆချက်များနှင့် စွန့်စားမှုများ (Assumption and Risks)

(၇) အောင်မြင်ရန် အဓိကသော့ချက်များ (key Success Factors)

(၈) အားနည်းချက်၊ အားသာချက် ဆန်းစစ်မှု (SWOT Analysis)

(၉) ယှဉ်ပြိုင်မှုကုန်စည် (Product by Competition)

(၁၀) ပြိုင်ဘက်များ၏ အားသာချက်၊ အားနည်းချက်များ (Competitors Strenghtens and Weakness)

(၁၁) အထွေထွေမဟာဗျူဟာများ (Strategies)

(၁၂) ဆောင်ရွက်မှုပြက္ခဒိန်နှင့် ပြန်လည်သုံးသပ်ချက် (Action Calendar and Review)

(၁၃) အားဖြည့် နောက်ဆက်တွဲ (Supporting Appendices)

(က) မိတ်ဆက်နိဒါန်း (Introduction)

– စီးပွားရေးအခြေအနေ၊ အကြောင်းအချက်များ (Economic Factors)

– လူမှုရေး/ ယဉ်ကျေးမှုပြဿနာများ (Social/ Cultural Issues)

– လူဦးရေးဆိုင်ရာပြဿနာများ (Demographic Issues)

– ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ (Ecological Issues)

– နည်းပညာဆိုင်ရာပြဿနာများ (Technological Issues)

(ခ) လုပ်ငန်းဆိုင်ရာသုံးသပ်ချက် (Industry Analysis)

(ဂ) ဖောက်သည်ဆန်းစစ်ချက် (Customer Analysis)

(ဃ) ပြိုင်ဘက်များကို ဆန်းစစ်သုံးသပ်ချက် (Competitor Analysis)

**အကယ်၍ ရည်မှန်းချက်ပန်းတိုင်ကို သတ်မှတ်ထားခြင်းမရှိပါက ပန်းတိုင်သို့ ရောက်ရှိသည် အောင်မြင်မှုရသည် မရသည်ကို တိုင်းတာရန် ခက်ခဲပါလိမ့်မည်။**

**မှူးခန့်စံ**

www.foreverspace.com.mm


# Center For Vocational Training (CVT)

**မြန်မာနိုင်ငံတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဘာသာရပ်များကို မြန်မာလူငယ်များ အလွယ်တကူတတ်မြောက်သင်ယူနိုင်စေရန် ရည်ရွယ်၍ ငွေကြေးမယူဘဲ အခမဲ့သင်ကြားပေးနေသော သင်တန်းကျောင်းဖြစ်သည်။**

CVT Center for Vocational Training

- ၂၀၀၁ ခုနှစ် ဒီဇင်ဘာလတွင် ဆွစ်ဇာလန်နိုင်ငံသား Mr.Max က ဦးစီးတည်ထောင်ဖွင့်လှစ်ခဲ့။
- သင်တန်းကျောင်း ကျောင်းအုပ် Mr.Max နှင့် သင်တန်းတာဝန်ခံမှာ ဒေါ်ယဉ်ယဉ်အေးဖြစ်ပြီး ဆရာ၊ ဆရာမ ၃၀ ဦးကျော်နှင့် ဝန်ထမ်း ငါးဦးရှိ။
- သင်တန်းကျောင်းတွင် Furniture Makes ဘာသာရပ်ကို စတင်သင်ကြားခဲ့ပြီး ၂၀၀၃ ခုနှစ် ဇန်နဝါရီလတွင် Commercial Assistant နှင့် Metalworker၊ ၂၀၀၅ ခုနှစ် မေလတွင် Electrical ဘာသာရပ်၊ ၂၀၀၇ ခုနှစ်တွင် Hotel and Gastranomy Assistant ဘာသာရပ်တို့ကို တိုးချဲ့ဖွင့်လှစ်သင်ကြားခဲ့။
- သက်ဆိုင်ရာ အသက်မွေးဝမ်းကျောင်းဘာသာရပ်များအပြင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ ကွန်ပျူတာနှင့် အထွေထွေဗဟုသုတဘာသာရပ်များပါ ထည့်သွင်းသင်ကြားပေးလျက်ရှိဟုဆို။
- ဘာသာရပ်တိုင်းကို တစ်ပတ်လျှင် တစ်ရက်တက်ရောက်သင်ကြားရမည်ဖြစ်ပြီး သင်တန်းကာလသုံးနှစ်သတ်မှတ်ထား။ သင်တန်းပြီးဆုံးပါက CVT မှပေးအပ်သော Centrificate ရရှိမည်ဟုဆို။
- သင်တန်းကို သက်ဆိုင်ရာဘာသာရပ်အလိုက် အလုပ်လုပ်ကိုင်နေသူများသာတက်ရောက်နိုင်ပြီး လုပ်ငန်းအကြီးအကဲ၏ထောက်ခံချက်ဖြင့်တက်ရောက်နိုင်ဟုဆို။
- ဘာသာရပ်များသင်ကြားရာတွင် Dual System Education စနစ်ဖြင့် သီအိုရီနှင့်လက်တွေ့ ပေါင်းစပ်သင်ကြားပေးဟုဆို။
- လက်တွေ့သင်ခန်းစာများကို ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် CVT Work Shop တွင် လေ့ကျင့်သင်ကြားပေးပြီး ဟိုတယ်ဘာသာရပ် လက်တွေ့သင်ခန်းစာများအတွက် ဟိုတယ်ကြီးများတွင် လေ့ကျင့်သင်ကြားပေးဟုဆို။
- ၂၀၀၈ ခုနှစ်မှစတင်၍ Education For Youth (E4Y) အစီအစဉ်ဖြင့် လူမှုဝန်ထမ်းဦးစီးဌာနနှင့်ပူးပေါင်း၍ မရမ်းကုန်းမြို့နယ်ရှိ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းတွင် အသက် ၁၂ နှစ်မှ ၁၆ နှစ်အတွင်းရှိ ငွေကြေးချို့တဲ့၍ ပညာမသင်ကြားနိုင်သော ကလေးငယ်များကို တာဝန်ယူပညာသင်ကြားပေးလျက်ရှိ။
- သင်တန်းများကို နှစ်စဉ် မေလတွင် စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး သင်တန်းဆင်းပြီးသူ ၃၀၀ ဦးကျော်ရှိဟုဆို။
- ယခုဖွင့်လှစ်နေသောသင်တန်းများအပြင် Advance Course ကိုပါ ဖွင့်လှစ်သင်ကြားရန်စီစဉ်လျက်ရှိ။
- သင်တန်းလှုပ်ရှားဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ News Letter ထုတ်ဝေဖြန့်ချိ။





- **ဆက်သွယ်ရန်လိပ်စာ**

ဦးညီညီ (Public Relation Officer)
Center For Vocational Training
မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအဆောက်အအုံ
အမှတ် (၄၂)၊ ကမ်းနားလမ်း၊ တတိယထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၃၈၃၆၇၆၊ E-mail:cvtygn@yangon.net.mm


www.foreverspace.com.mm



# မြန်မာနိုင်ငံဆရာဝန်အသင်း

**မြန်မာနိုင်ငံ၌ တာဝန်ထမ်းဆောင်ဆဲနှင့် အငြိမ်းစားဆရာဝန်များဖြင့် ဖွဲ့စည်းထားပြီး ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးပညာပြန့်ပွားရေးတို့ကို စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိသော အစိုးရမဟုတ်သည့် လူမှုရေးအဖွဲ့အစည်းဖြစ်သည်။**





- ၁၉၄၉ ခုနှစ်တွင် ဒေါက်တာရွှေသွင်ဦးဆောင်သော ဆရာဝန် ၃၇ ဦးက တည်ထောင်ဖွဲ့စည်းခဲ့။
- လက်ရှိအသင်းဥက္ကဋ္ဌမှာ ပါမောက္ခဒေါက်တာကျော်မြင့်နိုင်၊ ဒုတိယဥက္ကဋ္ဌများမှာ ပါမောက္ခ ဒေါက်တာဆင်မြူရယ်ကျော်လှ၊ ပါမောက္ခ ဒေါက်တာ ခင်မောင်အေးနှင့် ပါမောက္ခ ဒေါက်တာစိုးထွန်း၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာမြင့်သောင်းတို့ဖြစ်ကြပြီး အလုပ်အမှုဆောင်အဖွဲ့ဝင် ၂၉ ဦးနှင့် အသင်းဝင်ဆရာဝန် ၈၀၀၀ ဦးကျော်ရှိကြ။
- အသင်းအဆောက်အအုံသစ်ကို အသင်းနှစ် (၅၀) ပြည့်သည့် ၁၉၉၉ ခုနှစ်တွင်တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး ဝန်ထမ်း ၂၈ ဦးရှိ။
- အထူးကုဘာသာရပ်ဆိုင်ရာအဖွဲ့ ၂၇ ဖွဲ့နှင့် ပြည်နယ်၊ တိုင်းနှင့် မြို့နယ်အလိုက် အသင်းခွဲ ၇၄ ခုဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိ။
- နှစ်စဉ် မြန်မာနိုင်ငံဆရာဝန်ညီလာခံကျင်းပခြင်း၊ အထူးကုဘာသာရပ်အလိုက်ညီလာခံများကျင်းပခြင်း၊ ဆေးကုမ္ပဏီများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆေးပညာရပ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲနှင့် ဟောပြောဆွေးနွေးပွဲ (Seminar) များကျင်းပခြင်း၊ ဆရာဝန်များအား မွမ်းမံသင်တန်းများဖွင့်လှစ်ပို့ချခြင်း၊ ပြည်ပပညာရှင်ဆရာဝန်များကို ဖိတ်ခေါ်၍ ဟောပြောဆွေးနွေးခြင်းနှင့် သင်တန်းများပို့ချခြင်း၊ ကျေးလက်ဒေသများသို့ကွင်းဆင်း၍ ဆေးဝါးကုသပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်း၊ သုတေသနစာတမ်းများကို ဒေါက်တာစံဘော်ဆုရွေးချယ်ချီးမြှင့်ခြင်း၊ ဆေးပညာရပ်ဆိုင်ရာစာအုပ်နှင့်ဂျာနယ်များ၊ MMA News Letter နှင့် စရဏမဂ္ဂဇင်းတို့ကို လစဉ်ထုတ်ဝေဖြန့်ချီခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိ။
- နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ခဲ့သော ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းဒေသများသို့ ၂၀၀၉ ခုနှစ် မေလ ၇ ရက်အထိ တစ်နှစ်အတွင်း ကွင်းဆင်းဆေးကုသမှုခရီးစဉ်ပေါင်း ၆၀ ခန့် သွားရောက်ခဲ့ပြီး အသင်းဝင်ဆရာဝန် ၁၀၄၇ ဦးက ဒေသခံပြည်သူ ၂၁၅,၃၁၂ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့။
- လပွတ္တာမြို့တွင် ဆေးခန်းဖွင့်လှစ်ထားပြီး ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိ။
- UNFPA နှင့်ပူးပေါင်း၍ လပွတ္တာ၊ ပုတော၊ ဘိုကလေးနှင့် ဒေးဒရဲမြို့တို့တွင် မျိုးဆက်ပွားကျန်းမာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုစီမံချက်များကို ဆောင်ရွက်လျက်ရှိပြီး WHO နှင့်ပူးပေါင်း၍ ဒေးဒရဲ၊ ကွမ်းခြံကုန်း၊ မော်လမြိုင်ကျွန်း၊ ဘိုကလေးနှင့် လပွတ္တာမြို့နယ်တို့တွင်လည်းကောင်း၊ ဂျပန်နိုင်ငံ NICCO ၊ UMFCCI တို့နှင့်ပူးပေါင်း၍ လပွတ္တာ၊ ဖျာပုံ၊ ဘိုကလေးနှင့် ဒေးဒရဲမြို့နယ်တို့တွင်လည်းကောင်း၊ အသင်းအနေဖြင့် မော်လမြိုင်ကျွန်းနှင့် လှိုင်းဘွန်းမြို့နယ်ခွဲတို့တွင်လည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှု စီမံချက်များဆောင်ရွက်ခဲ့။
- UNICEF နှင့်ပူးပေါင်း၍ ကရင်ပြည်နယ်လှိုင်းဘွဲ့မြို့နယ်နှင့် မွန်ပြည်နယ် ဘီးလင်းမြို့နယ်တို့မှ ကျေးရွာအချို့တွင် အခြေခံကျန်းမာရေးစောင့်ရှောက်မှုစီမံချက်ချမှတ်ဆောင်ရွက်သွားမည်ဟုဆို။
- အာဆီယံဆရာဝန်အသင်း (Medical Association of ASEAN- MASEAN) အဖွဲ့ဝင်အသင်းဖြစ်ပြီး ၂၀၁၀ ပြည့်နှစ် MASEAN ဥက္ကဋ္ဌတာဝန်နှင့် နှစ်ပတ်လည်ညီလာခံကို မြန်မာနိုင်ငံက တာဝန်ယူဆောင်ရွက်မည်ဟုသိရ။
- ကုလသမဂ္ဂအဖွဲ့အစည်းများ၊ INGO များနှင့်ပူးပေါင်း၍ HIV/AIDS ကာကွယ်တားဆီးရေးနှင့် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ။
- **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့်လိပ်စာ**

  ဒေါက်တာမြင့်သောင်း (အထွေထွေအတွင်းရေးမှူး)

  မြန်မာနိုင်ငံဆရာဝန်အသင်း (MMA)၊ ၂၄၉၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၇၈၈၆၃၊ ၃၈၀၈၉၉၊ ၃၈၀၈၉၇၊ ၃၉၄၁၄၁၊ ဖက်စ်-၃၇၈၈၆၃၊ E-mail:mma.org@mptmail.net.mm ၊ Website:www.mmacentral.org

www.foreverspace.com.mm

# မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်အသင်း

**မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးစသည်တို့ကို ဆောင်ရွက်လျက်ရှိသော အစိုးရမဟုတ်သည့် လူမှုရေးအဖွဲ့အစည်းဖြစ်သည်။**

- ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလတွင် တည်ထောင်ဖွဲ့စည်းခဲ့။
- တည်ထောင်သူနှင့် အကြံပေးပုဂ္ဂိုလ်မှာ အငြိမ်းစားပါမောက္ခ ဒေါ်ရီရီမြင့်ဖြစ်ပြီး လက်ရှိဥက္ကဋ္ဌမှာ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်မြင့်မြင့် (လူမှုထူးချွန်ပထမအဆင့်)၊ ဒုတိယဥက္ကဋ္ဌများမှာ ဒေါ်သက်ရီနှင့် ဒေါ်နုနုရီ၊ အတွင်းရေးမှူး ဒေါ်လှဝတီတို့ဖြစ်ကြကာ အမှုဆောင်ကော်မတီအဖွဲ့ဝင် ၄၈ ဦးနှင့် အသင်းဝင်စုစုပေါင်း ၁၃၉၇ ဦးရှိ။





- မြန်မာအမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်များဖြင့် ဖွဲ့စည်းထားပြီး အမျိုးသမီးထုတစ်ရပ်လုံး၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည်တို့ကို ဆက်သွယ်ဆောင်ရွက်ပေးဟုဆို။
- စည်းရုံးရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ၊ လူမှုရေးကော်မတီ၊ ပညာရေးကော်မတီ၊ ပြည်တွင်းပြည်ပဆက်ဆံရေးကော်မတီ၊ စီးပွားရေးကော်မတီနှင့် Youth Platform ဟူ၍ ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိ။
- ၂၀၀၄ ခုနှစ်တွင် ဘရူနိုင်းနိုင်ငံ ဒါရူဆလင်မြို့၌ကျင်းပသော 11th ASEAN Youth Day Meeting ၌ အာဆီယံလူငယ်စွမ်းဆောင်ဆုကို ဒေါ်သီဂီဝင်းကလည်းကောင်း၊ ၂၀၀၇ ခုနှစ်တွင် လာအိုနိုင်ငံ ဗီယင်ကျင်းမြို့၌ကျင်းပသော 14th ASEAN Youth Day Meeting ၌ အာဆီယံလူငယ်စွမ်းဆောင်ဆုကို ဒေါ်ချိုသီရိမောင်ကလည်းကောင်း တက်ရောက်ရယူခဲ့။
- ပြည်ပလေ့လာရေးခရီးများ၊ ဆွေးနွေးပွဲများနှင့် ပညာသင်ဆုများကို အခါအားလျော်စွာ အလုပ်အမှုဆောင်များ သွားရောက်တက်ရောက်ခဲ့ကြပြီး ပြည်ပမှပညာရှင်များကိုလည်း ဖိတ်ခေါ်ဆွေးနွေး။
- (၁၁) ကြိမ်မြောက် ASEAN Women Global Conference ကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ပထမဦးဆုံးလက်ခံကျင်းပခဲ့။
- Micro-Credit (အသေးစားချေးငွေလုပ်ငန်း) အဖြစ် ရန်ကုန်မြို့ရှိဈေးများတွင် အတိုးနှုန်းသက်သာစွာဖြင့် ငွေချေးပေးလျက်ရှိပြီး အထူးချေးငွေအဖြစ် စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူအမျိုးသမီးများအား ငွေကျပ်တစ်သိန်းစီကိုလည်းကောင်း၊ သန်လျင်မြို့နယ် ကရင်ဆိပ်စံပြကျေးရွာမှ ပဲစိုက်တောင်သူများအား မိုးစပါးနှင့် ပဲတီစိမ်းစိုက်ပျိုးရန် ၂၀၀၉ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင် ကျပ်သိန်း ၁၀၀ ကိုလည်းကောင်း ထုတ်ချေးပေးလျက်ရှိ။
- စာမတတ်သူ အမျိုးသမီးငယ်များပပျောက်ရေးအတွက် ပညာမိခင်အစီအစဉ်အဖြစ် ရန်ကုန်တိုင်း သန်လျင်မြို့နယ်၊ လှိုင်သာယာမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း ကျောက်တစ်လုံးကျေးရွာနှင့် ပေါက်ပါးကျေးရွာတို့မှ မူလတန်းပညာမသင်ယူနိုင်သူ အမျိုးသမီးငယ် စုစုပေါင်း ၁၆၀ ဦးအား တစ်ဦးလျှင် တစ်နှစ် ၁၅,၀၀၀ ကျပ်နှုန်းစီဖြင့် မူလတန်းပညာရေးပြီးဆုံးသည်အထိ ပညာသင်စရိတ်ထောက်ပံ့ပေးလျက်ရှိ။
- ၂၀၀၇ ခုနှစ် ဇွန်လ ၂၉ ရက်နေ့တွင် အင်းလေးဒေသရှိ မျက်စိဝေဒနာရှင်များ ခွဲစိတ်ကုသရန် ငွေကျပ်သိန်း ၅၀ နှင့် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ခနေဖြူမြို့နယ်ရှိ မျက်စိဝေဒနာရှင်များအားခွဲစိတ်ကုသရန် ကျပ်သိန်း ၅၀ စီလှူဒါန်းခဲ့။
- အထပ် ၁၁ ထပ်ပါရှိသည့် အသင်းပိုင်အဆောက်အအုံ MWEA Tower ကို ၂၀၀၆ ခုနှစ်တွင် ဖွင့်လှစ်ခဲ့။
- **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့်လိပ်စာ**

ဒေါ်အာကာချော (အသင်းရုံးတာဝန်ခံ)
မြန်မာနိုင်ငံအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း (MWEA)၊ အမှတ်-၂၈၈/၂၉၀၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၅၄၄၀၀၊ ဖက်စ်-၂၅၄၅၆၆၊ E-mail:mwea@myanmar.com.mm

www.foreverspace.com.mm

# Which & Why
# ဘယ်ပစ္စည်းဘာကြောင့်

## ခြေဖဝါးအကြောဖြေကိရိယာ

HX 8801-A မော်ဒယ်လ်အမျိုးအစား ခြေဖဝါးအကြောဖြေကိရိယာဖြစ်၊ Function ငါးမျိုးပါရှိ။ Electrode ပြားများပါရှိသောကြောင့် ခန္ဓာကိုယ်နေရာအနှံ့ကို အကြောဖြေပေးနိုင်။ အနှေးအမြန်အဆင့် ၁၀ ဆင့် ပါရှိ။ တရုတ် (တိုင်ဝမ်) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၅,၀၀၀ ကျပ်ဖြစ်။






## Pangao ဒစ်ဂျစ်တယ် အဆီချခါးပတ်

Pangao အမှတ်တံဆိပ် PG 2001 မော်ဒယ်အမျိုးအစားဒီဂျစ်တယ် အဆီချခါးပတ်ဖြစ်။ အပူပေးခြင်းစနစ်ဖြင့် အဆီချခြင်းဖြစ်။ Timer ပါရှိ။ မိနစ် ၅၀ ခန့် အဆီချပြီးပါက နှစ်စင်တီမီတာခန့်အဆီကျဟုဆို။ A/C ဖြင့် တိုက်ရိုက်အသုံးပြုရခြင်းဖြစ်။ တရုတ် (တိုင်ဝမ်) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၅,၀၀၀ ကျပ်ဖြစ်။




## Portable DVD Player

KSD-1288 မော်ဒယ်အမျိုးအစား Portable DVD Player ဖြစ်။ MP3, MP4, USB, SD, Game စသည်တို့ဖြင့် အသုံးပြုနိုင်။ AC/ DC အသုံးပြုနိုင်။ LCD Screen ၁၂.၅ လက်မရှိ။ Remote Control ပါရှိ။ Wireless Headphone ဖြင့် အသုံးပြုနိုင်။ LED Screen မှာ ဆုံလည်ဖြစ်၍ လိုရာသို့လှည့်၍ အသုံးပြုနိုင်။ တရုတ် (တိုင်ဝမ်) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၄၀,၀၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm



## Black & Decker ဖျော်ရည်စက်

Black & Decker အမှတ်တံဆိပ် M220 မော်ဒယ်လ်အမျိုးအစား ဖျော်ရည်စက်ဖြစ်။ ဂျုံ၊ ကြက်ဥနှင့် အခြားသောသစ်သီးများကို ဖျော်စပ်နိုင်။ မည်သည့်ခွက်ဖြင့်မဆို အလွယ်တကူအသုံးပြု၍ရ။ အနေး အမြန် အဆင့်ငါးဆင့် ပါရှိ။ 250 Watt ဖြစ်။ အာမခံ ၂ နှစ် ဖြစ်။ စင်ကာပူနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၄၀,၉၀၀ ကျပ်ဖြစ်။



## TRI လက်တွန်းခရီးဆောင်အိတ်

TRI အမှတ်တံဆိပ် BG-8535 မော်ဒယ်လ်အမျိုးအစားလက်တွန်းခရီးဆောင်အိတ်ဖြစ်။ သေတ္တာအဖြစ်လည်း အသုံးပြုနိုင်။ မိုးရေစိမ့်ဝင်ခြင်းမရှိ။ အိတ်ငါးအိတ်ပါရှိပြီး လိုအပ်ပါက အပြင်ကိုနှစ်လက်မခန့်ထပ်ချဲ့နိုင်ရန် Extra ပါရှိ။ လက်ဖြင့်ဆွဲသွားနိုင်ရန်အတွက် အောက်ခြေ၌ ဆုံလည်ဘီးများ ပါရှိ။ ရောင်းဈေး ၄၆,၂၀၀ ကျပ်ဖြစ်။



## Multi-Function Mobile Speaker

MK-3 မော်ဒယ်လ်အမျိုးအစား Multi-Function Mobile Speaker ဖြစ်။ MP3, MP4, iPod, FM, PC, Mobile Phone စသည်တို့ဖြင့် အသုံးပြုနိုင်။ လျှပ်စစ်အားသွင်း၍အသုံးပြုရခြင်းဖြစ်။ တရုတ် (တိုင်ဝမ်) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၇,၀၀၀ ကျပ်ဖြစ်။

## SMART Dictionary

SMART အမှတ်တံဆိပ် V3 မော်ဒယ်လ်အမျိုးအစား အိတ်ဆောင်အဘိဓာန်ဖြစ်။ အင်္ဂလိပ်-မြန်မာ၊ မြန်မာ-အင်္ဂလိပ်နှစ်မျိုးကို ဘာသာပြန်ပေး။ အသံထွက်စနစ်ပါရှိ။ MP3, MP4 နားထောင်၍လည်းရ။ Recording အဖြစ်လည်းအသုံးပြုနိုင်။ Memory 2G ဖြစ်။ Memory ထပ်တိုး၍လည်းရ။ AAA ဓာတ်ခဲနှစ်လုံးအသုံးပြုရ။ တစ်နှစ်အာမခံဖြစ်။ တရုတ် (တိုင်ဝမ်) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး၈၀,၀၀၀ ကျပ်ဖြစ်။



www.foreverspace.com.mm





## SUNNY အဝတ်အခြောက်ခံကိရိယာ

SUNNY အမှတ်တံဆိပ် WP-101 မော်ဒယ်လ်အမျိုးအစား အဝတ်အခြောက်ခံကိရိယာဖြစ်။ 900 Watt ဖြစ်ပြီး AC ဖြင့် တိုက်ရိုက်အသုံးပြုရ၊ အပူထုတ်လွှတ်ခြင်းဖြင့် အကျီအခြောက်ခံပေးခြင်းဖြစ်။ အတွင်း၌ ချိတ်တန်းများပါရှိပြီး အကျီ ၁၀ ထည် အခြောက်ခံနိုင်၊ တစ်နာရီမှ နှစ်နာရီကြာချိန်၌ Auto စက်ပိတ်သည့်စနစ်ဖြစ်။ တရုတ် (တိုင်ဝမ်) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၆၅,၀၀၀ ကျပ်ဖြစ်။

## Pensonic Coffee Maker

Pensonic အမှတ်တံဆိပ် PCL 1955 မော်ဒယ်လ်အမျိုးအစား Coffee Maker ဖြစ်။ ကော်ဖီတစ်လီတာဆံ့ပြီး ဓာတ်သားပါရှိခြင်းကြောင့် အပူချိန်ကိုထိန်းပေးထားနိုင်။ ၉၅၀ Watt ဖြစ်၊ တစ်နှစ်အာမခံဖြစ်။ မလေးရှားနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၇၅,၀၀၀ ကျပ်ဖြစ်။





## SMART SENSOR ပိုးဟပ်ပြေးကိရိယာ

SMART SENSOR အမှတ်တံဆိပ် AR 123B မော်ဒယ်လ်အမျိုးအစား ပိုးဟပ်ပြေးကိရိယာဖြစ်။ အသံကိုထုတ်လွှတ်ခြင်းဖြင့် ပိုးဟပ်ကိုပြေးစေခြင်းဖြစ်။ Flash Light ပါရှိ၊ AC ဖြင့် တိုက်ရိုက်အသုံးပြုရခြင်းဖြစ်။ တရုတ် (တိုင်ဝမ်) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၅,၀၀၀ ကျပ်ဖြစ်။

## NIBBAN Speaker

NIBBAN အမှတ်တံဆိပ် SM 315 မော်ဒယ်လ်အမျိုးအစား 2 in 1 Speaker ဖြစ်၊ အသံများကို မိမိလိုသလိုချိန်ညှိ၍ရ၊ USB ပါရှိသဖြင့် MP3 ဖြင့်လည်း တွဲဖက်အသုံးပြုနိုင်၊ AC ဖြင့် တိုက်ရိုက်အသုံးပြုရခြင်းဖြစ်။ Speaker အသေးနှစ်လုံးပါရှိ၊ အာမခံတစ်နှစ်ဖြစ်။ ရောင်းဈေး ၄၄,၀၀၀ ကျပ် ဖြစ်။



www.foreverspace.com.mm

## TECSUN ရေဒီယို




TECSUN အမှတ်တံဆိပ် R-808 မော်ဒယ်လ်အမျိုးအစား ရေဒီယိုဖြစ်။ MW, FM, SW 1 to 6 (World Brand) ဖြစ်။ AA ဓာတ်ခဲနှစ်လုံးဖြင့် အသုံးပြုရ။ တရုတ် (တိုင်ဝမ်) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၈,၈၀၀ ကျပ်ဖြစ်။



## Max ခန္ဓာကိုယ်လေ့ကျင့်ခန်းကိရိယာ

Max အမှတ်တံဆိပ် ခန္ဓာကိုယ်အလေးချိန်ချ လေ့ကျင့်ခန်းကိရိယာဖြစ်။ ခြေထောက်နင်းသည့် အကြိမ်နှုန်းကို ဖော်ပြသည့် Digital စနစ်ပါရှိ။ ပေါင်သားအလှအတွက် လေ့ကျင့်ခန်းလုပ်ရန် အထူးသင့်လျော်။ လက်လေ့ကျင့်ခန်းလုပ်ရန်အတွက်လည်း ကြိုးကွင်းများပါရှိ။ AA ဓာတ်ခဲတစ်လုံးထည့်၍ အသုံးပြုရန်လိုအပ်၊ တရုတ် (တိုင်ဝမ်) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၆၃,၀၀၀ ကျပ်ဖြစ်။

## CEST BON နှစ်ထပ်အင်္ကျီ



CEST BON နှစ်ထပ်အင်္ကျီလက်တိုဖြစ်။ နှစ်ထပ်အင်္ကျီ ပုံသဏ္ဌာန်ဖြင့် အပေါ်အင်္ကျီအတွက်စစ်ပါပြီး အောက်ခံအင်္ကျီအတွက် ကြယ်သီးများဖြစ်။ ခေါင်းစွပ်လည်း ပါရှိ။ အနွေးထည်အဖြစ်လည်း အသုံးပြုနိုင်။ ထိုင်းနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၀,၀၀၀ ကျပ်ဖြစ်။



## Panasonic Digital ထမင်းပေါင်းအိုး

Panasonic အမှတ်တံဆိပ် SR-JHF 18 မော်ဒယ်လ်အမျိုးအစား Digital ထမင်းပေါင်းအိုးဖြစ်။ Non-Stick ပါရှိ၊ ဆန်ပြုတ်၊ ကိတ်မုန့်များလည်းပြုလုပ်နိုင်။ ၁ပေါက်ထမင်း ချက်၍လည်းရ။ Timer ပါရှိ။ ၁၂ နာရီအထိ အပူထိန်းပေးသည့်စနစ်ပါရှိ။ ဂျပန်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃၀၅,၅၀၀ ကျပ်ဖြစ်။

ယခုလ Which & Why ကဏ္ဍတွင်ပါဝင်သော ပစ္စည်းများနှင့်ပတ်သက်သည့်အချက်အလက်များကို ရန်ကုန်မြို့ ဗညားဒလလမ်း ဒေါ်အေး အဆင့်မြင့်လျှပ်စစ်ပစ္စည်း၊ ဦးဘစိန် အဆင့်မြင့်လျှပ်စစ်ပစ္စည်းစတိုး၊ ပြည်လမ်း စိန်ဂေဟာ Super Centre တို့မှ ရယူထားပါသည်။

အယ်ဒီတာ

www.foreverspace.com.mm



# တွေ့ဆုံဆွေးနွေးမှုများ

## ၂၅-၅-၂၀၀၉

* မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Chu Cong Phung ဦးဆောင်သော Vietnam's General Corporation of Coal and Mine မှ ကိုယ်စားလှယ်အဖွဲ့သည် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၂၈-၅-၂၀၀၉

* ဂျပန်နိုင်ငံ JFE Engineering Corporation မှ အထွေထွေမန်နေဂျာ Mr.Masyuki SEIKE နှင့်အဖွဲ့သည် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၁-၆-၂၀၀၉

* Sinotech Co., Ltd. မှ Chairman, Ms. Li Pi Hui ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အမှတ် (၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် တွေ့ဆုံဆွေးနွေး။
* ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနေကိုယ်စားလှယ် Dr.Shin Imai နှင့်အဖွဲ့သည် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် တွေ့ဆုံဆွေးနွေး။
* ကိုရီးယားသမ္မတနိုင်ငံ ဂျေဂျူးကျွန်း၌ ကျင်းပသည့် အာဆီယံ–ကိုရီးယားဆွေးနွေးဖက်ဆက်ဆံရေး နှစ် ၂၀ ပြည့် အထိမ်းအမှတ်ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတက်ရောက်ရန် ထွက်ခွာသွားသည့် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့်လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ သမ္မတလီမြောင်ဘတ်နှင့်လည်းကောင်း ဂျေဂျူးမြို့တွင် တွေ့ဆုံဆွေးနွေး။
* ကိုရီးယားသမ္မတနိုင်ငံခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာသည် IK SAN International Co., Ltd. ဥက္ကဋ္ဌ Mr.IK San-Kimဦးဆောင်သည့်အဖွဲ့နှင့်လည်းကောင်း၊ Teach Data Co., Ltd. ဥက္ကဋ္ဌနှင့်အမှုဆောင်အရာရှိချုပ် Mr.Hong Tae Kim ဦးဆောင်သောအဖွဲ့နှင့်လည်းကောင်း၊ H.C Industrial Development Co., Ltd. အမှုဆောင်အရာရှိချုပ် Mr.Jae Hyun Lee ဦးဆောင်သောအဖွဲ့နှင့်လည်းကောင်း ကိုရီးယားသမ္မတနိုင်ငံ ဂျေဂျူးမြို့တွင် အသီးသီးတွေ့ဆုံဆွေးနွေး။

## ၂-၆-၂၀၀၉

* နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂျေဂျူးကျွန်းအထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအုပ်ချုပ်ရေးမှူး Mr.Kim-Tae Hwan နှင့်လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ ဒေဝူးအပြည်ပြည်ဆိုင်ရာ ကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr.Jae-Young Kim နှင့်လည်းကောင်း ကိုရီးယားသမ္မတနိုင်ငံ ဂျေဂျူးမြို့တွင် အသီးသီးတွေ့ဆုံဆွေးနွေး။
* နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတလီမြောင်ဘတ်ဦးဆောင်သော ကိုရီးယားကိုယ်စားလှယ်အဖွဲ့ဝင်များသည် နှစ်နိုင်ငံဆွေးနွေးပွဲအဖြစ် ကိုရီးယားသမ္မတနိုင်ငံ ဂျေဂျူးမြို့တွင် တွေ့ဆုံဆွေးနွေး။

## ၄-၆-၂၀၀၉

* ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr.Kenichiro Sasae နှင့်အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr.Yasuaki Nogawa နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ထွေးဦးနှင့် တွေ့ဆုံဆွေးနွေး။

## ၅-၆-၂၀၀၉

* ဂျပန်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr.Kenichiro Sasae နှင့် ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) နှင့်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်းနှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။

www.foreverspace.com.mm



## ၈-၆-၂၀၀၉

* မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် စင်ကာပူသမ္မတနိုင်ငံ ဝါရင့်ဝန်ကြီး H.E. Mr. Goh Chok Tong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တွေ့ဆုံဆွေးနွေး။

## ၉-၆-၂၀၀၉

* စင်ကာပူသမ္မတနိုင်ငံ ဝါရင့်ဝန်ကြီး H.E.Mr. Goh Chok Tong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။

## ၁၁-၆-၂၀၀၉

* Mr.Ahmad Shah Mohamad ဦးဆောင်သောအဖွဲ့ဝင် ၁၁ ဦးပါဝင်သည့် မလေးရှားနိုင်ငံ Malaysian Timber Council စီးပွားရေးမစ်ရှင်အဖွဲ့သည်လည်းကောင်း၊ မလေးရှားနိုင်ငံမှ Holmawood Sdn Bhd. Shinagawa Sdn Bhd. Kompleks Perkayuan Kelantan Sdn Bhd နှင့် How Mah Pacific (M) sdn Bhd တို့မှ လုပ်ငန်းရှင်များသည် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများအပါအဝင် အသင်းဝင်ကုမ္ပဏီများနှင့် အသီးသီးတွေ့ဆုံဆွေးနွေး။

## ၁၄-၆-၂၀၀၉

* ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မဟင်ဒါရာဂျာပက်ခ်စာ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သောအဖွဲ့နှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။

## ၁၅-၆-၂၀၀၉

* ချစ်ကြည်ရေးခရီးရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖုကျန့်ပြည်နယ်ရှာမင်းမြူနီစီပယ်အစိုးရဒုတိယအတွင်းရေးမှူးချုပ် Mr.Lu Canjun ဦးဆောင်သည့်အဖွဲ့ဝင် ၁၂ ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တွေ့ဆုံဆွေးနွေး။

## ၁၆-၆-၂၀၀၉

* တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင်းဖျင်နှင့်လည်းကောင်း၊ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကျားပေါင်နှင့်လည်းကောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် အသီးသီးတွေ့ဆုံဆွေးနွေး။

## ၁၇-၆-၂၀၀၉

* မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E..Mr.Chu Chong Phung နှင့်အဖွဲ့သည် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် တွေ့ဆုံဆွေးနွေး။

* နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ရှီးပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာယွန်ချွမ်ချင်း (Mr.Yuan Chunqing) နှင့် ရှီအန်းမြို့တွင် တွေ့ဆုံဆွေးနွေး။

## ၁၈-၆-၂၀၀၉

* နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌသည် ကွမ်ကျန့်ပြည်နယ် ကွန်မြူနစ်ပါတီအတွင်းရေးမှူး ပြည်နယ်ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာကျောက်ဟုန်ကျူး (H.E.Mr. Zhao Hongzhu) နှင့် ဟန်ကျိုးမြို့တွင် တွေ့ဆုံဆွေးနွေး။

## ၁၉-၆-၂၀၀၉

* အိန္ဒိယသမ္မတနိုင်ငံ အစိုးရအထောက်အပံ့ဖြင့် စက်မှုသင်တန်းကျောင်း (ပခုက္ကူ) Industrial Training Centre တည်ဆောက်ရေးအတွက် Hindustan Machine Tools (HMT) International Ltd. မှ Mr.P. Prakash နှင့် Mr.I.G Kandaraji တို့သည် အမှတ် (၂) စက်မှုဝန်ကြီး ဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် တွေ့ဆုံဆွေးနွေး။

www.foreverspace.com.mm



## ၂၀-၆-၂၀၀၉

* နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌသည် ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသအုပ်ချုပ်ရေးမှူး Mr.Ma Biqo နှင့်လည်းကောင်း၊ ကွမ်ရှီးကျွမ်းပြည်နယ်ပါတီအတွင်းရေးမှူး မစ္စတာကော်ကျင့်စွမ်းနှင့်လည်းကောင်း နန်နင်းမြို့တွင် အသီးသီးတွေ့ဆုံဆွေးနွေး။

## ၂၄-၆-၂၀၀၉

* မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ် H.E.Mr. Newton Gunaratna၊ သီရိလင်္ကာကျောက်မျက်ရတနာအသင်းမှ ဒုတိယဥက္ကဋ္ဌ Mr.Ju Zar Adamly နှင့် စည်းရုံးရေးကော်မတီမှ Mr. Akram Mansoor တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး။

## ၂၆-၆-၂၀၀၉

* ကုလသမဂ္ဂအတွင်းရေးမှူး မစ္စတာဘန်ကီမွန်း မြန်မာနိုင်ငံသို့လာရောက်မည့်ခရီးစဉ်နှင့်စပ်လျဉ်း၍ ဆွေးနွေးရန် မြန်မာနိုင်ငံသို့ရောက်ရှိလာသည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်မစ္စတာအီဘရာဟင်ဂမ်ဘာရီက နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်းနှင့် တွေ့ဆုံဆွေးနွေး။

## ၃၀-၆-၂၀၀၉

* မြန်မာနိုင်ငံဆိုင်ရာ ကျူးဘားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လာဇရို ဟောရဲရာမာတိနက်ဇ်သည်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မာဂျစ်ဘိစ်မာ့စ်သည်လည်းကောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အသီးသီးတွေ့ဆုံဆွေးနွေး။

* SUZUKI Motor Corporation မှ CEO, Mr.Shinzo Nakanishi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာမာဂျစ်ဘိစ်မာစ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည်လည်းကောင်း အမှတ် (၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းနှင့် အသီးသီးတွေ့ဆုံဆွေးနွေး။

## ၁-၇-၂၀၀၉

* နဝမအကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတက်ရောက်ရန် နေပြည်တော်သို့ရောက်ရှိနေကြသည့် အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များသည် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးနှင့် တွေ့ဆုံဆွေးနွေး။

**LIVING COLOR MEDIA**

**သမ္မတဟိုတယ် (Business Suite)**

**အမှတ် ( ၅ ) ၊ အလံပြဘုရားလမ်း ၊**

**ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။**

**ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂**

www.foreverspace.com.mm

# ကုန်ဈေးနှုန်း

၂၀၀၉ ခုနှစ်၊ ဇူလိုင်လနောက်ဆုံးပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ကုန်ဈေးနှုန်းများ

## ကားဈေးနှုန်း (၂၃-၇-၂၀၀၉)

| ကားအမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း (သိန်း) |
|---|---|---|---|
| Shan Star | | (၈၇) | ၆၅ |
| Toyota Publica | 84 | (လ/သ/အ) | ၁၂၀ |
| Toyota Publica | 86 | (၁က) | ၁၅၀ |
| Nissan Sunny Supersaloon | 86 | (၂က) | ၂၃၀ |
| Toyota Corolla 1.5 Limited | | (လ/သ/အ) | ၃၀၀ |
| Toyota Corolla 1.5 Limited | | (၄ခ) | ၄၀၀ |
| Suzuki Wagon R+ | | (၂၇) | ၃၆၀ |
| Suzuki Wagon R- | | (၉ခ) | ၁၄၀ |
| Tow Ace Pickup(ပုစဉ်းခေါင်း) | 2000 | (၈င) | ၁၆၀ |
| Toyota Corolla | CE 96 | (၆ခ) | ၇၃၀ |
| Corolla 1.8 Van | 92 | (၂ခ) | ၄၈၀ |
| Corolla 1.8 Van (လေလံ) | 92 | (၇ခ) | ၆၅၀ |
| Toyota Corolla MarkII | 90 | (၂ခ) | ၆၀၀ |
| Toyota Corolla MarkII | 94 | (၇ခ) | ၇၅၀ |
| Mitsubishi Padjero V46 | 96 | (၇ခ) | ၁၃၀၀ |
| Toyota Hilux Surf S/W | 97 | (၄ခ) | ၁၃၅၀ |

* အထက်ပါကားများသည် အက္ခရာပေါ်မူတည်၍ ဈေးအတက်အကျရှိသည်။
* ကားဟောင်းများဖြစ်သည့်အတွက် ကားအခြေအနေပေါ်မူတည်၍ ဈေးကွာခြားသည်။
* အဝယ်နည်းပါးသည့်အတွက် ခေါ်ဈေးများသာဖြစ်သည်။



www.foreverspace.com.mm



## တီဗီရောင်စုံ

(၁၇-၇-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | အရွယ် | နှုန်း(ကျပ်) |
|---|---|---|---|
| Panasonic | 32 LE8M | 32" | ၆၇၀,၀၀၀ |
| SAMSUNG | LA-32A330(LCD) | 32" | ၆၃၅,၄၀၀ |
| SAMSUNG | CS-21A530 | 21" | ၁၅၅,၀၀၀ |
| SAMSUNG | CS-21A760 | 21" | ၁၉၁,၆၀၀ |
| STAR | T-29068 | 29" | ၂၅၄,၇၀၀ |
| STAR | 21-T50 | 21" | ၁၂၁,၈၀၀ |
| STAR | 21-T21A | 21" | ၁၁၆,၈၀၀ |
| STAR | N 14 A | 14" | ၈၀,၆၀၀ |
| LG | 21FU6RL | 21" | ၁၉၀,၀၀၀ |
| T-HOME | SA2127 | 21" | ၁၄၀,၀၀၀ |
| T-HOME | SA2900 | 21" | ၂၁၅,၀၀၀ |
| FUJI | T2125 | | ၁၁၄,၉၀၀ |
| FUJI | T2107AIE | | ၁၁၂,၆၀၀ |
| FUJI | N1407AIE | | ၈၀,၆၀၀ |
| LG(LCD) | 32LH20R | 32" | ၄၉၉,၀၀၀ |

## ရေခဲသေတ္တာ

(၁၇-၇-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| STAR | RL-60 | ၁၂၅,၆၀၀ |
| STAR | RL-100 | ၁၄၇,၂၀၀ |
| STAR | RL-135 | ၁၆၁,၈၀၀ |
| LG | GC-151SNS | ၁၆၉,၀၀၀ |
| LG | GC-191SN | ၁၉၉,၀၀၀ |
| SAMSUNG (Two door) | RT-25SCPP/BP | ၃၆၁,၀၀၀ |
| SAMSUNG (Two door) | RT-22SCPP/BP | ၃၄၉,၀၀၀ |
| SAMSUNG (One door) | RA-19FASS | ၂၃၄,၇၀၀ |
| SAMSUNG (One door) | RA-19FABP | ၂၃၈,၀၀၀ |
| SAMSUNG (One door) | RA-21FAPP | ၂၆၉,၉၀၀ |
| DAEWOO (One door) | 064 | ၁၂၅,၀၀၀ |
| DAEWOO (Two door) | 291 | ၂၉၅,၀၀၀ |

## DVD ပြစက်

(၁၇-၇-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| LG | 3413 | ၅၉,၀၀၀ |
| LG | 381 | ၆၅,၀၀၀ |
| STAR | B-3317 | ၄၉,၅၀၀ |
| STAR | B-096(MP4+DC) | ၄၀,၇၀၀ |
| STAR | B036 | ၃၁,၆၀၀ |
| FUJI (EVD) | F510 | ၃၂,၈၀၀ |
| FUJI (EVD) | EVD 3399 | ၄၆,၅၀၀ |
| Pansonic | DVD LS80 | ၃၅,၀၀၀ |
| DAEWOO | DV1400S | ၄၉,၀၀၀ |
| DAEWOO | B129 | ၃၅,၃၀၀ |

## လေအေးစက်

(၁၇-၇-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG | AS-09 FLN | ၃၁၂,၀၀၀ |
| SAMSUNG | AS-12 FLN | ၃၉၁,၄၀၀ |
| STAR | T-09G | ၂၇၁,၅၀၀ |
| STAR | T-12G | ၃၁၅,၀၀၀ |
| LG | O962TA3 | ၂၈၀,၀၀၀ |
| LG | 12645A4 | ၃၈၆,၀၀၀ |

## အဝတ်လျှော်စက်

(၁၇-၇-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG | WA-85U3 | ၂၅၃,၀၀၀ |
| SAMSUNG | WA-95U3 | ၂၅၅,၀၀၀ |
| STAR | WA-95U7 | ၂၈၆,၇၀၀ |
| STAR | WT-75H2 | ၁၂၇,၉၀၀ |
| STAR | WT-105H2 | ၃၅၁,၉၀၀ |

## ဟောလစ်၊ မာတိုဘာ၊ မိုင်လို၊ အိုဗာတင်း၊ ကော်ဖီမစ်(လက်လီ)

(၁၈-၇-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Horlick (900g) | ၆,၅၈၀ |
| Horlick (200g) (အိန္ဒိယ) | ၁,၉၀၀ |
| Junior Horlick (400g) | ၃,၄၆၀ |
| Milo (400g) ခဲထုပ် | ၃,၀၀၀ |
| Milo (400g) (ပုလင်း) | ၃,၈၂၀ |
| Maltova (450g) (နီ) | ၃,၂၀၀ |
| Ovaltine (400g) နီ | ၃,၆၀၀ |
| Ovaltine (200g) နီ | ၁,၉၅၀ |
| Ovaltine 400g (ဖြူ) | ၃,၆၅၀ |
| Ovaltine 200g (ဖြူ) | ၂,၂၀၀ |
| Ovaltine 400g (စက္ကူဘူးဖြူ) | ၃,၃၀၀ |

## နိုင်ငံခြားအရက်

(၁၈-၇-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| J&BJet(75Cl) (12YearsOld) | ၁၁,၅၀၀ |
| VAT 69 (75Cl) | ၁၀,၈၀၀ |
| Jonnie Walker (Red)(75Cl) | ၁၁,၇၀၀ |
| Jonnie Walker (Red)(37.5Cl) | ၈,၀၀၀ |
| Jonnie Walker (Red)(1Liter) | ၁၆,၀၀၀ |
| Jonnie Walker (Black)(37.5Cl) | ၁၃,၂၀၀ |
| Jonnie Walker (Black)(75Cl) | ၂၃,၇၀၀ |
| Jonnie Walker(Black)(1Liter) | ၃၁,၄၀၀ |

www.foreverspace.com.mm

| | |
|---|---|
| Black & White (1Liter) | ၁၄,၀၀၀ |
| Black & White (75Cl) | ၁၁,၀၀၀ |
| Grand Royal (အပြား)ရွှေပတ်ကြီး/သေး | ၂,၈၀၀/၁,၅၀၀ |
| SPY(CLASSIC)(Red) (Wine) | ၅,၈၀၀ |
| Mekhong (75CL) | ၂,၃၀၀ |
| Mekhong (37.5CL) | ၇,၂၀၀ |

## မုန့်ပုံးသံဘူး

(၁၈-၇-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| မိသားစု | ၆,၈၅၀ |
| Cream Crackers(Hup Seng) | ၇,၀၀၀ |
| (KHIAN GUAN) Top Choice | ၇,၆၀၀ |
| (HWA TA) Choice | ၇,၂၀၀ |
| (Munchys) Funmix | ၅,၅၀၀ |
| Hwa Tai Wonderful | ၈,၈၀၀ |
| Lee Daily Delight | ၅,၄၀၀ |
| Every Time | ၅,၅၀၀ |
| (Julie's) Biscuit Assorties | ၄,၉၀၀ |
| (Julie's) Love letters | ၄,၉၅၀ |

## ခေါက်ဆွဲခြောက်

(၁၈-၇-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Yum Yum (ကြက်ပေါင်) | ၁၅၀ |
| Yum Yum ချဥ်စပ်(ပုစွန်) | ၁၆၀ |
| Yum Yum (ဘဲသားဆီချက်) | ၁၅၀ |
| Yum Yum (သီးစုံခေါက်ဆွဲ) | ၁၈၀ |
| MAMEE ကြာဆံ | ၁၅၀ |
| MAMEE (ရိုးရိုး)(ဆီချက်) | ၁၅၀ |
| MAMEE (ကြက်သားချဥ်စပ်) | ၁၅၀ |
| MAMEE (ကြက်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MAMEE (ကြက်သားဆီချက်ခေါက်ဆွဲ) | ၁၅၀ |
| MAMEE (သက်သတ်လွတ်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MA MA (ချဥ်စပ်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| Wai Wai (ကြာဆံ) (ပြာ) | ၂၅၀ |
| Shin Shin (ကြာဆံ) | ၂၀၀ |
| Yum Yum ပုစွန်မလိုင်ချဥ်စပ် | ၂၀၀ |
| Yum Yum ကြက်သားချဥ်စပ် | ၂၀၀ |
| MA MA ညှပ်ခေါက်ဆွဲ(စိမ်း) | ၂၀၀ |
| MA MA ညှပ်ခေါက်ဆွဲ(နီ) | ၂၅၀ |

## သွားတိုက်ဆေး

(၁၈-၇-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Fresh Up ဘူးကြီး ရိုးရိုး/ Gel | ၇၀၀/၈၅၀ |
| Best-T (125g) White | ၆၅၀ |
| Colgate (40g) Double Cool Stripe | ၄၅၀ |
| Colgate (160g) Double Cool Stripe | ၁,၆၀၀ |
| Close-Up (New)(18 g) | ၃၅၀ |
| Close-Up (160g) ပြာ | ၁,၈၀၀ |
| Colgate Fresh Cool Mint 200g | ၁,၅၀၀ |
| Colgate Great Regular 200 g | ၁,၇၀၀ |
| Colgate Whitening 160g | ၂,၆၅၀ |
| Colgate gel (စိမ်း) 160g | ၁,၉၀၀ |

## ကိုယ်တိုက်ဆပ်ပြာ

(၁၈-၇-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Imperial Leather (65g) | ၂၈၀ |
| Imperial Leather (125g) | ၄၅၀ |
| Fashion | ၃၀၀ |
| Miss | ၃၀၀ |
| DOVE | ၉၀၀ |
| Kanebo | ၁,၆၅၀ |
| Family Care 125g | ၄၅၀ |
| ASEPSO | ၆၀၀ |
| CAMAY | ၅၀၀ |
| Spa | ၃၅၀ |
| E-Lan | ၄၀၀ |
| LUX 100g | ၄၀၀ |
| KAO | ၅၀၀ |
| Parrot | ၄၀၀ |
| Paris 135g | ၄၀၀ |
| A21 (နက်)70g | ၃၀၀ |
| A21 (နက်)125g | ၄၀၀ |
| DG Soap 100g | ၃၀၀ |

## ခေါင်းလျှော်ရည်

(၁၈-၇-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Head and Shoulder 400g | ၄,၆၀၀ |
| Head and Shoulder 200g | ၂,၄၀၀ |
| Head and Shoulder 100g | ၇၅၀ |
| Pantene 400g | ၄,၃၀၀ |
| Pantene 200g | ၂,၂၅၀ |
| Pantene 100g | ၇၅၀ |
| Clinic Clear 350g | ၃,၈၀၀ |
| Clinic Clear 90g | ၁,၃၀၀ |
| Palmolive 100 g | ၁,၂၀၀ |
| Palmolive 200 g | ၂,၇၀၀ |
| Rejoice 100 g | ၅၀၀ |
| Rejoice 200 g | ၁,၆၅၀ |

## ခြင်ဆေးခွေ

(၁၈-၇-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Jumbo (12)coils | ၃၅၀ |

www.foreverspace.com.mm

| | | | |
|---|---|---|---|
| Fumakilla (10) coils | ၂၅၀ | ပါရမီ | ၃၀၀ |
| MARS | ၃၀၀ | MOSFLY | ၂၅၀ |
| Fuji | ၃၀၀ | ဂေါ်ဇီလာ | ၃၅၀ |
| ATAK | ၄၀၀ | Spider | ၂၅၀ |
| FIGHTER | ၃၈၀ | Golden Lion | ၂၅၀ |
| GO! | ၂၅၀ | Special | ၃၀၀ |

# ကွန်ပျူတာ ဈေးနှုန်းများ



(၂၄-၇-၂၀၀၉)

### ❑ Lucky Bird P4 Budget PC 775

- Intel Pentium 4-775 Dual Celeron 1.6 GHz
- Memory 1 GB DDR2 667
- MSI MB
- 160 GB HDD SATA
- 16" Fujitsu LCD Monitor
- AOPEN PS2 Keyboard & Opital Mouse & PAD
- P4 ATX Tower Casing
- Free 1GB Pendrive

Price 299 US$

### ❑ TOSHIBA Satellite M300 Notebook (PSMDN-00G001)

- Intel Core 2 Duo T4200 2.0 GHz
- 1 GB DDR 667
- 14.1" WXGA 200 NIT CSV (Latest Clear Super View) Dispaly
- Intel 4500 M Graphic Media Accelerator
- 250 GB HDD SATA
- W Lan
- 56K Fax & Data Modem
- DVD RW Super, Card Reader, Web Camera Smart Face, USB Sleep and Charge, Card Reader
- 1 Year International Warranty

Price 640 US$

### ❑ KMD Basic Model

- Intel Celeron 1.8 GHz (430)(512 KB L2 Cache, 800 MHz)
- Intel G 31 Express Chipset Pentium 4 Motherboard (775/ DDR2/ 1066) with PCIE + Sound + LAN
- 160 GB HDD (Seagate, 7200 RPM) SATA
- 1GB DDR2 RAM (PC 800 MHz, Kingston)
- 15" LCD Color Digital Monitor (NEC)
- Aopen Keyboard and Mouse
- P4 Casing (Normal Light)

Price 334,000 Ks

### ❑ TOSHIBA Satellite L310 (PSME6L-010001) Notebook

- Intel Dual Core 2.0 GHz Processor T6400
- 14.1" WXGA Super Shine View screen
- 2GB DDR2 RAM
- 320GB HDD [SATA]
- DVD Writer SuperMulti DL
- Wireless LAN 802.11 b/g,
- 56 k Fax Modem & Intergrated Bluetooth 2.1
- International Warranty
- Intel Graphic Media Accelerator 4500M
- Web Cam, Card Reader,

Price 779 US$

### ❑ Lucky Bird P4 Accelerator PC 775

- Intel Pentium 4-775 Core 2 Dual 2.8 GHz (775 CPU)
- ASUS P5KPLAM
- 1GB DDR 2 RAM
- 250 GB HDD SATA
- 16" Fujitsu LCD Monitor
- Aopen PS2 Keyboard
- Optical Mouse & Mouse Pad
- P4 ATX Tower Casing

Price 399 US$

www.foreverspace.com.mm

## ❑ KMD CLASSIC MODEL

- Intel Pentium Dual Core 2.2 GHz E5200(2MB, L2 Cache, 800 MHz)
- Intel G 31 Express Chipset Motherboard (775/DDR2/1333) (With PCIE+Sound+LAN)
- 1 GB DDR2 RAM (PC 800 MHz) Kingston
- 250 GB HDD (Seagate, 7200 RPM) SATA with HDD Fan
- 16" LCD Color Monitor (Prolink)
- Aopen Keyboard & Mouse
- Optical Mouse Pad
- P4 Casing (Medium Light)

Price 373,000 Ks

## ❑ KMD Innovator Model

- Intel Pentium Core2 Duo 3.0 GHz (6 MB)
- Intel P43 Express Chipset Motherboard (775/ DDR2/ 1333) (with 8 Channel Sound + LAN)
- 1GB DDR2 RAM (PC 800 MHz) Kingston
- PCIE 512 MB (AH 3450) ASUS
- 250 GB HDD (Seagate 7200 RPM) SATA with HDD Fan
- 18.5" LCD Color Monitor (Acer)
- Aopen Keyboard & Mouse
- Optical Mouse Pad
- P4 Casing (Light High)

Price 596,000 Ks

(အထက်ပါဈေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သေးသော ကွန်ပျူတာတစ်လုံး၏ ၂၀၀၉ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့ ဈေးနှုန်းဖြစ်သည်။ ပစ္စည်းတစ်မျိုးချင်းစီ ထပ်ဖြည့်လဲလှယ်လိုပါက ဈေးနှုန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။ အချိန်ကာလအလိုက် အပြောင်းအလဲရှိနိုင်ပါသည်။)

## ❑ Multimedia

| | |
|---|---|
| 24 x DVD Writer (ASUS) SATA | 39,500 KS |
| 24 x DVD Writer (Sony) SATA | 36,000 Ks |
| 20 x DVD Writer (Pioneer)IDE | 36,500 Ks |
| 24 x DVD Writer (Samsung) SATA External | 83,000 Ks |
| Microlab M 119 Speakers with sub woofer | 25,000 Ks |
| Microlab B 56 Speakers with sub woofer | 10,000 Ks |
| Microlab M900 Speakers with sub woofer | 42,000 Ks |
| Microlab FC 361 Speakers with sub woofer | 68,000 Ks |

## ❑ Memory

| | |
|---|---|
| 1GB (DDR 2 RAM) 800 MHz (Kingston) | 18,000 Ks |
| 2 GB (DDR 2 RAM) 800 MHz (Kingston) | 30,000 Ks |
| 1GB (DDR 2 RAM) 667 MHz (Kingston) Notebook RAM | 17,500 Ks |
| 2GB (DDR 2 RAM) 800 MHz (Kingston) Notebook RAM | 31,000Ks |

## ❑ Storage Device

| | |
|---|---|
| 160 GB (Seagate) IDE | 50,000 Ks |
| 250 GB (Seagate) SATA | 54,000 Ks |
| 320 GB (Seagate) SATA | 59,000 Ks |
| 500 GB (Seagate) SATA | 68,000 Ks |
| 160 GB (Hitachi/Seagate) Notebook SATA | 52,000 Ks |
| 250 GB (Hitachi/Seagate) Notebook SATA | 61,000 Ks |
| 320 GB (Hitachi/Seagate) Notebook SATA | 68,000 Ks |

## ❑ Monitor

| | |
|---|---|
| 17" SVGA Color Monitor (Philips) | 75,000 Ks |
| 17" SVGA Color Monitor (Dyna) | 60,000 Ks |
| 17" SVGA Color Monitor (NEC) | 90,000 Ks |
| 19" SVGA Color Monitor (Philips) | 90,000 Ks |
| 17" LCD Color Monitor (Prolink)(Wide view) | 118,000 Ks |
| 19" LCD Color Monitor (View Sonic) Wide View 1916 wm | 146,000 Ks |
| 19" LCD Touch Screen Monitor (Prolink) | 460,000 Ks |
| 19" LCD Color Monitor (Prolink)Wide View | 137,000 Ks |
| 19" LCD Color Monitor (Philips) Wide View | 147,000 Ks |
| 20" LCD Color Monitor (Acer) Wide View | 146,000 Ks |

## ❑ Printer

| | |
|---|---|
| Canon BJC- iP 1980 Printer (USB) | 47,000 Ks |
| Canon MP 145 Printer (USB) | 70,000 Ks |
| Canon Laserjet 3050 Printer (USB) | 105,000 Ks |
| HP Laserjet P 2055 Printer (USB) | 381,000 Ks |
| HP Laserjet 1005 Printer (USB) | 110,000 Ks |
| HP Laserjet 1522 N A10 Printer (USB) | 420,000 Ks |
| HP Laserjet 3100 Printer | 119,000 Ks |
| HP Deskjet 2235 Printer (USB) | 72,000 Ks |
| EPSON Dot Matrix Printer-LQ 300+ | 231,000 Ks |
| EPSON T11 Inkjet Printer | 47,000 Ks |
| EPSON TX 200 SPC Printer | 139US$ |
| EPSON R 230 Photo Printer | 139US$ |
| Fuji Xerox Color Laser DPC 1110 Network Ready | 605US$ |
| Fuji Xerox Colour Laser DPC 1110B | 480US$ |
| Fuji Xerox Colour Laser Multifunction 2090Fs | 1350US$ |
| Fuji Xerox Multifunction WC PE 220 | 500US$ |

## ❑ Toner

| | |
|---|---|
| HP 1100/ 1200/ 5L / 6L Toner | 64,000 Ks |
| HP 1010/ 1320/ 1300 Toner | 75,500 Ks |
| HP 2015/ 1522 Toner | 82,000 Ks |
| Canon 2900 Toner/Canon 3050 Toner | 61,000 Ks |
| Canon 1120 Toner | 61,000 Ks |

## ❑ Scanner

| | |
|---|---|
| EPSON Perfection V30 Scanner | 103US$ |
| HP Flatbed Scanner 2410 (USB) | 94,000 Ks |
| Canon Scanner Lide 100 | 58,500 Ks |

## ❑ UPS

| | |
|---|---|
| 650 VA (Power Tree) Basic | 42,000 Ks |
| 1250 VA (Power Tree) | 79,000 Ks |
| IPS 1000 Long Time Inverter UPS (Prolink) | 103,000 Ks |

**မှတ်ချက်။ ။ ဖော်ပြပါဈေးနှုန်းများကို Lucky Bird Co., Ltd.၊ Concordia International Ltd. နှင့် KMD Computer Centre တို့မှ ရယူထားပါသည်။**

**(အယ်ဒီတာ)**

www.foreverspace.com.mm



# တစ်ဦးတည်းကိုယ်စားလှယ်

| စဉ် | ပစ္စည်းအမည်နှင့် ထုတ်လုပ်သည့် နိုင်ငံ | ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးသည့် မြန်မာကုမ္ပဏီနှင့် လိပ်စာ | ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | အထက်မြန်မာပြည် ကိုယ်စားလှယ် |
|---|---|---|---|---|
| ၁။ | Agip<br>အင်ဂျင်ဝိုင်<br>(စင်ကာပူ) | ETERNAL CO., LTD.<br>အမှတ်–၆၄၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၅၅၆၄၂၂၊ ၀၉–၈၆၁၃၀၈၉<br>ဖက်စ်–၅၄၂၅၄၄<br>E-mail: info-eternal@myanmar.com. mm | ဒေါ်အိအိခိုင်<br>(Marketing Manager) | ETERNAL CO., LTD.<br>အမှတ်–၂၆၇၊ ၂၈ လမ်းနှင့် ၈၂ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။<br>ဖုန်း–၃၆၈၅၀ |
| ၂။ | KOHLER<br>Diesel Generators<br>(10 KW to 2800 KW)<br>(ပြင်သစ်) | I.E.M CO., LTD.<br>အမှတ်–၁၅၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၅၄၆၀၆၄၊ ၅၄၀၆၇၃၊ ၀၉–၈၀၂၀၆၆၃<br>ဖက်စ်–၅၄၀၆၇၃<br>E-mail: iem sales@baganmail.net.mm | ဦးသက်လွင်<br>(Marketing Manager) | I.E.M CO., LTD.<br>အခန်းအမှတ်–C1/C2၊ ဆောက်လုပ်ရေးတိုက်တန်း၊ ချမ်းမြသာစည်လေဆိပ်အနီး၊ မန္တလေး။<br>ဖုန်း–၀၂–၇၁၃၉၅၊ ၀၉–၅၀၁၀၉၇၉၊ ၀၉–၅၀၃၆၀၉၅ |
| ၃။ | White Horse<br>ကြွမ်းခင်းများ<br>(မလေးရှား) | CHAMPION CONSTRUCTION MATERIAL CO., LTD.<br>အမှတ်–၂၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၄၀၀၅၆၁၊ ၄၀၀၅၆၂၊ ၄၀၀၅၆၃<br>ဖက်စ်–၄၀၀၅၆၁<br>E-mail:konaing@myanmar.com.mm | ဒေါ်သူဇာမိုး<br>(Brand Manager) | CHAMPION CONSTRUCTION MATERIAL CO., LTD.<br>အမှတ် (၃၃) ၇၈ လမ်း၊ ၃၄× ၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။<br>ဖုန်း–၀၂–၃၃၄၈၈ |
| ၄။ | Prickly Heat<br>ပေါင်ဒါ<br>(ထိုင်း) | GREENLINE MYANMAR GROUP CO., LTD. (GMG)<br>အမှတ်–၂၂၀၊ ဦးဝိစာရလမ်း၊ တော်လှန်ရေးပန်းခြံရှေ့၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၅၃၇၇၈၃၊ ၅၃၇၇၈၄၊ ၅၄၄၇၅၄၊ ၅၄၄၇၅၃ | ဒေါ်စောကလျာထွေး<br>(Sales & Marketing Manager) | GREENLINE MYANMAR GROUP CO., LTD. (GMG)<br>အမှတ်–၃၁၀၊ လမ်း ၂၀၊ ၂၀× ၂၁ လမ်းကြား၊ အောင်မြေသာစံမြို့နယ်။<br>ဖုန်း–၀၂–၆၄၈၅၈ |
| ၅။ | Statum Cream<br>အရေပြားလိမ်းဆေး<br>(အိန္ဒိယ) | KHETAN CO., LTD. (KCL)<br>အမှတ်–၆၉၄ ~ ၇၀၀၊ ပထမထပ်၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၂၄၆၈၃၂၊ ၃၈၃၄၇၅ | ဒေါ်စုစန္ဒာလှိုင်<br>(Sales Manager) | KHETAN CO., LTD. (KCL)<br>၇၅ လမ်း၊ အောင်ချမ်းသာလမ်းသွယ်ထောင့်၊ ၃၃× ၃၄ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။<br>ဖုန်း–၀၂–၆၈၀၅၃ |

ဤတစ်ဦးတည်းကိုယ်စားလှယ်ကဏ္ဍကို ဈေးကွက်အတွင်းရှိ စားသုံးသူများနှင့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအကြား အခမဲ့ (အခမဲ့) ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်ရရှိထားသူများအနေနှင့် သတင်းအချက်အလက်များ ပေးပို့ပါက အခမဲ့ထည့်သွင်းဖော်ပြပေးမည် ဖြစ်ပါသည်။

www.foreverspace.com.mm

ဤကဏ္ဍတွင် . . . . .

၁၂၄ ကျွန်တော့်အတွေး၊ ကျွန်တော့်စကားနှင့် ကျွန်တော့်လုပ်ဆောင်ချက်များ
၁၃၀ သတင်းသမားများ၏ ရုပ်ပုံလွှာ
၁၃၄ စွန့်လွှတ်ဖို့သင့်နေပြီ
၁၃၈ ချစ်သူများနှင့် ခရီးသွားခြင်း
၁၄၆ ပုံပြင်ကျေးဇူး
၁၅၂ သူတို့ဆီက သန့်ရှင်းရေးနှင့် အမှိုက်သိမ်းစနစ်
၁၅၆ ဆရာဇော်ဂျီရာပြည့်ပွဲ (၃)
၁၆၂ သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၂၃)

# ကျွန်တော့်အတွေး၊ ကျွန်တော့်စကားနှင့် ကျွန်တော့်လုပ်ဆောင်ချက်များ

## (ဆူဟာတိုပြောသည့် သူ့သမိုင်း)

**အခန်း (၁)**

## ဂုဏ်ပြုထိုက်သည့် အင်ဒိုနီးရှားလယ်သမားများ

တင်ညွန့်

**ကျွန်တော်တို့အား နှစ်ပေါင်းများစွာဖိစီးထားသည့် ဒုက္ခဆိုးကြီးကို ၁၉၈၄ ခုနှစ်တွင် လွတ်မြောက်နိုင်ခဲ့သည်မှာ အရှင်မြတ်၏ဂုဏ်ကျေးဇူးတော်ကြောင့်ဖြစ်သည်။ ကျွန်တော်တို့ ကမ္ဘာ့ဆန်တင်ပို့သူစာရင်းတွင် ထိပ်တန်းစာရင်းဝင်ခဲ့သည်။ ထိုအဆင့်ရောက်ရန် အပတ်တကုတ်ကြိုးစားအားထုတ်ခဲ့ကြရသည်။ နောက်ဆုံးတော့ အင်ဒိုနီးရှားသည် ဆန်ဖူလုံသည့်နိုင်ငံအဆင့်သို့ရောက်ခဲ့ရသည်။ ထိုအချက်သည် ကျွန်တော်တို့နိုင်ငံအတွက် ဝမ်းမြောက်စရာကိစ္စသက်သက်သာမဟုတ်၊ ကမ္ဘာ့အာရုံစိုက်ခြင်းကိုခံလိုက်ရသည့်အကြောင်းရင်းလည်း ဖြစ်သွားသည်။ ထိုအနေအထားကို မည်သို့ရောက်ခဲ့ရပါသနည်း။**

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) မှ အနှစ်လေးဆယ်မြောက်အခမ်းအနားတွင် ကျွန်တော့်ကို မိန့်ခွန်းတက်ရောက်ပြောကြားပေးရန် ဖိတ်ခေါ်ခဲ့သည်။ ကမ္ဘာ့ခေါင်းဆောင်များနှင့် ကျွမ်းကျင်ပညာရှင်များ တွေ့ဆုံဆွေးနွေးပွဲတွင် ကျွန်တော်စကားပြောရမည်ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံသည် နိုင်ငံ၏အသက်သွေးကြောဖြစ်သည့် ဆန်စပါးကို မည်သို့ဖူလုံအောင်စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ကြောင်း ကျွန်တော်ပြောရမည်ဖြစ်သည်။ ဖွံ့ဖြိုးဆဲစာရင်းဝင်နိုင်ငံများအတွင်းမှာမှ အင်ဒိုနီးရှားနိုင်ငံကို ဤသို့ပြောဆိုရန် ဖိတ်ကြားခံရခြင်းဖြစ်သည်။ ကျွန်တော့်ကို အင်ဒိုနီးရှားနိုင်ငံသမ္မတတစ်ဦးအနေဖြင့် FAO အဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ် မစ္စတာအီဒိုရပ်ဆိုမားက ဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံမှ ပြင်သစ်သမ္မတ ဖရန်ဆွာမီးထရောင်းလည်း ထိုပွဲသို့တက်ရောက်မည်ဖြစ်သည်။

ကမ္ဘာ့မြောက်ပိုင်းနှင့်တောင်ပိုင်းတွေ့ဆုံဆွေးနွေးပွဲတွင် ကျွန်တော်သည် တောင်ပိုင်းနိုင်ငံများကိုယ်စား နာရီဝက်ခန့်စကားပြောခွင့်ရခဲ့သည်။ ၁၉၈၅ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ရောမမြို့ရှိ တွေ့ဆုံဆွေးနွေးပွဲသို့ ကျွန်တော်ရောက်ခဲ့ချိန်တွင် ကမ္ဘာ့စားနပ်ရိက္ခာပြဿနာကိုရင်ဆိုင်ကြုံတွေ့နေရချိန်လည်းဖြစ်သည်။ ကမ္ဘာ့စားနပ်ရိက္ခာထွက်ရှိမှု ထက်ဝက်ခန့်ကို ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံကြီးများမှ ထုတ်

www.foreverspace.com.mm

လုပ်ခြင်းဖြစ်ပြီး ကမ္ဘာ့လူဦးရေ သုံးပုံတစ်ပုံခန့်ရှိသည့်နိုင်ငံများပါဝင်သည်။ စက်မှုနိုင်ငံများ၏ တစ်ဟက်တာထွက်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ထွက်နှုန်းထက် နှစ်ဆခွဲခန့်သာသည်။ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများ၏ လယ်ယာစိုက်ပျိုးထုတ်လုပ်မှုထက်ဝက်ခန့်သည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ သုံးပုံတစ်ပုံခန့်သာရှိသည်ဟု ဆိုနိုင်သည်။

ဤနေရာတွင် စဉ်းစားစရာတစ်ခုဖြစ်လာသည်။ ထိုစဉ်က စက်မှုလက်မှုနိုင်ငံကြီးများသည် ဈေးနှုန်းတည်ငြိမ်ရန်အတွက် စားနပ်ရိက္ခာထုတ်လုပ်မှုကို လျှော့ချနေကြသည်။ အချို့ဆိုလျှင် စားနပ်ရိက္ခာများကို ဖျက်ဆီးပစ်သည့်အဆင့်ကိုပင်ပြုလုပ်ခဲ့ကြသည်။ ကမ္ဘာ့တစ်နေရာတွင် အာဟာရချို့တဲ့ခြင်းနှင့် ငတ်မွတ်ခေါင်းပါးခြင်းကြောင့် လူတွေသေလုမြောပါး ခံစားနေရကြောင်း ကျွန်တော်တို့ သက်သေပြနိုင်ပါသည်။

ကမ္ဘာတွင် စားနပ်ရိက္ခာထုတ်လုပ်မှု တန်းတူညီမျှဖြစ်ရေးသည် အလေးထားရန်သာမက ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း စိန်ခေါ်ချက်တစ်ရပ်ဖြစ်လာသည်။ ကမ္ဘာကြီးကို ယခုထက် ပိုမိုဖူလုံကြွယ်ဝစေရန် ကျွန်တော်တို့ ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရမည်။ ငတ်မွတ်ခေါင်းပါးမှုကင်း

**ကမ္ဘာတွင် စားနပ်ရိက္ခာထုတ်လုပ်မှု တန်းတူညီမျှဖြစ်ရေးသည် အလေးထားရန်သာမက ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း စိန်ခေါ်ချက်တစ်ရပ် ဖြစ်လာသည်။ ကမ္ဘာကြီးကို ယခုထက်ပိုမို ဖူလုံကြွယ်ဝစေရန် ကျွန်တော်တို့ ဝိုင်းဝန်းကြိုးပမ်း အားထုတ်ကြရမည်။ ငတ်မွတ်ခေါင်းပါးမှုကင်းသည့်ကမ္ဘာကြီး ဖြစ်ရမည်။**





www.foreverspace.com.mm

သည့်ကမ္ဘာကြီး ဖြစ်ရမည်။

ဆွေးနွေးပွဲတွင် ကျွန်တော်က ထုတ်လုပ်မှုဆိုင်ရာ နည်းပညာရပ်များနှင့်ပတ်သက်ပြီး အသေးစိတ်ဆွေးနွေးခဲ့ရာ၊ တက်ရောက်သူများကလည်း ထိုအချက်ကို စိတ်ဝင်စား သိလိုခဲ့ကြသည်။ ကျွန်တော်တို့၏ လယ်ယာစိုက်ပျိုးရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး အတွေ့အကြုံဗဟုသုတများကို နိုင်ငံအတော်များများက လေ့လာစူးစမ်းခဲ့ကြသည်။ တွေ့ဆုံဆွေးနွေးပွဲသည် တကယ့်အတွေ့အကြုံနှင့်အမြင်များကိုဖလှယ်သည့် ပွဲကြီးတစ်ပွဲဖြစ်သွားခဲ့သည်။

ကျွန်တော်က စားနပ်ရိက္ခာထုတ်လုပ်မှုတွင် အထူးသဖြင့် ဆန်စပါးထုတ်လုပ်မှုကို ပြည်တွင်းဖူလုံရေးသာမက ပြည်ပထုတ်ကုန်အနေဖြင့်ပြုလုပ်ရန် ရည်ရွယ်ထားကြောင်း ဆွေးနွေးခဲ့သည်။ ကျွန်တော်တို့ပန်းတိုင်ကလည်း စားနပ်ရိက္ခာထုတ်လုပ်မှုကို ပြည်တွင်းဖူလုံရေး ဦးစားပေးရန်ဖြစ်သည်။ ပြည်တွင်းဖူလုံပြီး ဝင်ငွေတိုးမှသာလျှင် လယ်သမားများ၏လူနေမှုဘဝမြင့်မားကာ စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်နိုင်မည် ဖြစ်သည်။

လယ်ယာလုပ်ငန်း တိုးချဲ့လုပ်ကိုင်ရန်အတွက် တောင့်တင်းခိုင်မာသည့်ရင်းနှီးမြှုပ်နှံမှုများ ရှိရမည်ဖြစ်သည်။ ပြည်တွင်းလယ်မြေတိုးချဲ့စိုက်ပျိုးရေး၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးတို့ကို အလေးထားပြီး လုပ်ဆောင်ခဲ့ရသည်။ ကျွန်တော်က ပြည်တွင်းထုတ်လုပ်မှုစနစ်တစ်ခုဖြစ်သည့် "ပန်ချာ ဥသဟ" နည်းပညာကို သူတို့အားရှင်းပြရသည်။ ကျွန်တော်တို့ ကျေးလက်ဒေသများတွင် ငါးချက်ညီစနစ်ဟု လူသိများသည်။

လွန်ခဲ့သည့် ၁၅ နှစ်ခန့်က ကျွန်တော်တို့ လယ်ယာမြေဖွံ့ဖြိုးတိုးတက်ရေးအတွက် စတင်ကြိုးပမ်းဆောင်ရွက်ချိန်တွင် ကျွန်တော်တို့လယ်သမားများသည် အလွန်ဆင်းရဲခဲ့ကြသည်။ စိုက်ပျိုးရေးနှင့်ပတ်သက်သည့်ဗဟုသုတကလည်းနည်း၊ စိုက်ပျိုးပမာဏကလည်း နည်းနည်းလေးသာဖြစ်သည်။ စံချိန်မီမျိုးများကို ဝယ်မစိုက်နိုင်ခဲ့သလို၊ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများကိုလည်း ဝယ်မသုံးနိုင်ခဲ့ကြပေ။ ဆင်းရဲကြသည့်အတွက် မိရိုးဖလာစိုက်ပျိုးရေးကိုသာ အလေးထားခဲ့ကြသဖြင့် လယ်ယာစိုက်ပျိုးရေးနှင့်ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်စရာအကြောင်းလည်းမရှိပေ။ နောက်ပိုင်းတွင် အမျိုးသားရေးမူဝါဒတစ်ရပ်အနေဖြင့်ချမှတ်ကာ လယ်သမားများကို သူတို့ကိုယ်ပိုင်အရည်အသွေးများဖော်ထုတ်ခြင်း၊ မိမိတို့တာဝန်တစ်ရပ်အနေဖြင့် လက်ခံစေရန်လုပ်ဆောင်ခဲ့ရသည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံရေးအရ ဆုံးဖြတ်ချက်ချရခြင်းသည် အစိုးရ၏ စိုက်ပျိုးရေးနှင့် ရေရရှိရေးအတွက် ဘတ်ဂျက်ငွေသုံးစွဲမှုနှင့်လည်း များစွာဆက်စပ်နေသည်။ နှစ်ပေါင်းများစွာ ကျွန်တော်တို့ လယ်ယာကဏ္ဍဘတ်ဂျက်အသုံးကို လက်တွန့်ခဲ့ကြသည်မဟုတ်ပါလား။



www.foreverspace.com.mm



FAO ဆွေးနွေးပွဲတွင် လယ်သမားများပြောလိုသည့်အချက်များကို ကျွန်တော်ကပြန်လည်တင်ပြခြင်းသာဖြစ်သည်။ သူတို့သည် ကျွန်တော်ပြောသည့်အချက်များနှင့် ကျွန်တော်ပေးသည့်အကြံများကို နားထောင်ချင်ကြသည်မဟုတ်။ သူတို့က လက်တွေ့မြင်မှ ယုံကြည်ကြသည့်သူများဖြစ်သည်။ သို့ဖြစ်ရာ ကျွန်တော်တို့က ရှင်းပြခဲ့သည့်အတိုင်း တကယ့်လက်တွေ့ စိုက်ပျိုးပြကြရသည်။

ကျွန်တော်တို့ လက်တွေ့လုပ်ဆောင်ရာတွင် ရင်ဆိုင်ကြရသည့်အခက်အခဲများကို ဖုံးကွယ်ထားရန်ဆန္ဒမရှိ။ သူတို့လက်ခံနိုင်သည့်အနေအထားသို့ရောက်ရန် ကိုယ့်ပြဿနာကိုယ်ရင်ဆိုင်ဖြေရှင်းကြရင်း လယ်ယာစိုက်ပျိုးရေးတွင် ယခုလိုအခြေကျအနေကျဘဝသို့ရောက်ခဲ့ကြရခြင်း ဖြစ်သည်။

FAO နှင့် သူတို့ကျွမ်းကျင်ပညာရှင်များကို ကျွန်တော်တို့ ကျေးဇူးတင်ကြရပေမည်။ ပြည်တွင်းလယ်ယာဖွံ့ဖြိုးရေးကိုလုပ်ဆောင်ကြရာတွင် သူတို့က နှစ်ပေါင်းများစွာ ကျွန်တော်တို့နှင့်လက်တွဲပြီး တန်ဖိုးမဖြတ်နိုင်သည့်အတွေ့အကြုံများ၊ အကြံဉာဏ်များ ပေးခဲ့ကြသည်။

ရလဒ်အနေဖြင့် ၁၉၆၉ ခုနှစ်တွင် ဆန်စပါးထုတ်လုပ်မှုသည် တန်ချိန် ၁၂ ဒသမ ၂ သန်းမှ ၁၉၈၄ ခုနှစ်တွင် သိသိသာသာ တန်ချိန် ၂၅ ဒသမ ၈ သန်းသို့ တိုးမြင့်သွားခဲ့သည်။

အခွင့်အလမ်းနည်းလှသည့် လယ်သမားများကို ဉာဏတာထောက်ထားခြင်း၊ သူတို့ဘဝမြေတောင်မြှောက်ပေးခြင်းဖြင့် အပြန်အလှန် အကျိုးများပုံကို ကျွန်တော်လက်တွေ့ပြနိုင်ခဲ့သည်။ သူတို့သဘောဆန္ဒဖြင့် မကြိတ်ခွဲရသေးသည့် စပါးတန်ချိန်တစ်သိန်းကို စုဆောင်းပေးနိုင်ခဲ့သည်မှာ ချီးကျူးဖွယ်ရာဖြစ်သည်။ ကျွန်တော်က အင်ဒိုနီးရှားနိုင်ငံလယ်သမားများကို ထိုစပါးများအား ငတ်မွတ်ခေါင်းပါးမှုဘေးဒဏ်ခံစားနေရသည့်နိုင်ငံများရှိ လယ်သမားများအတွက် FAO သို့ပေးလှူရန် မေတ္တာရပ်ခံတောင်းပန်ခဲ့သည်။ အထူးသဖြင့် အာဖရိကတိုက်ရှိ ပြည်သူများသို့လှူဒါန်းရန်ဖြစ်သည်။ တစ်နိုင်ငံရှိလယ်သမားများက အခြားတစ်နိုင်ငံရှိလယ်သမားများသို့ ကူညီထောက်ပံ့မှုမှာ ကမ္ဘာတွင်ပထမဦးဆုံး ဖြစ်သည်။ ကျွန်တော်တို့တိုင်းပြည်ရှိ လယ်သမားထုကလည်း ဤကိစ္စအတွက် အတော်လေးအားပေးကြသည်။ သူတို့လှူဒါန်းလိုက်သည့် အစားအစာများကို လိုအပ်သည့်နိုင်ငံများက လက်ခံလိုက်ကြသည့်အတွက် သူတို့မည်မျှပျော်ရွှင်ကြမည်ကို ကျွန်တော်စိတ်ကူးကြည့်မိသည်။

ကျွန်တော်တို့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည် အတော်လေးအောင်မြင်သည်ဟုဆိုရမည်။ ပြည်သူတစ်ရပ်လုံးက တာဝန်တစ်ရပ်အနေဖြင့် ကျယ်ပြန့်စွာ လက်ခံဆောင်ရွက်လာကြသည့်ရလဒ်ကို ကျွန်တော်တို့ ရရှိခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ကျွန်တော်က ကျွန်တော်တို့နိုင်ငံ၏ခံယူချက်သဘောထား ပန်ချာဆီးလား (Pancasila) ကို ကမ္ဘာသို့ ချပြရသည်။ ကျွန်တော်က စက်မှုဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံကြီးများအနေဖြင့် နိုင်ငံတကာကုန်သွယ်ရေးမူဝါဒအရ ဖွံ့ဖြိုးဆဲနိုင်ငံများကို ကူညီထောက်ပံ့ကြရန်လိုကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများမှ လယ်ယာထွက်ကုန်ပစ္စည်းများကို အတားအဆီး အကန့်အသတ်မရှိ စက်မှုဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံကြီးများသို့ တင်ပို့ရန်ခွင့်ပြုသင့်ကြောင်းတို့ကို တင်ပြဆွေးနွေးခဲ့သည်။

စက်မှုဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအား အခြေခိုင်စေရန် ထောက်ပံ့ကူညီခြင်းဖြင့် ကမ္ဘာ့စီးပွားရေး တန်းတူညီမျှဖြစ်မှုကို ဆောင်ရွက်ရာရောက်ကြောင်းလည်း ကျွန်တော်ပြောကြားခဲ့သည်။ နိုင်ငံကြီးများအနေဖြင့် လက်နက်အင်အားပြိုင်ဆိုင်နေကြကာ အကျိုးမဲ့ ဆင်းရဲဒုက္ခဝေဒနာတို့ကို ခံစားစေမည့်အစား အ



www.foreverspace.com.mm



တိုင်းအတာတစ်ခုအထိ ကမ္ဘာကြီးကို အကျိုးပြုရန်တာဝန်ရှိကြောင်းတို့ကို အလေးအနက်ထားပြောခဲ့ပါသည်။ နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတိုးတက်မြင့်မားလာသည်နှင့်အမျှ ကမ္ဘာ့လူမှုရေးဆိုင်ရာမျှတမှုများကို ထူထောင်နိုင်ကြမည်ဖြစ်ပါသည်။ ယင်းသည် ကျွန်ုပ်တို့အားလုံးဆန္ဒ၊ လူသားအားလုံး၏ မျှော်လင့်ချက်အိပ်မက်လည်း ဖြစ်သည်။

နှစ်ပေါင်းများစွာ အင်ဒိုနီးရှားနိုင်ငံသည် အရည်အသွေးအထူးကောင်းမွန်သည့်ဆန်များကို တစ်နှစ် တန်ချိန်နှစ်သန်းခန့် ပြည်တွင်းစားသုံးရန် ပြန်လည်တင်သွင်းခဲ့ရပါသည်။ ယနေ့ နိုင်ငံအတွင်း ဖူလုံမှုရရှိခြင်းသည် အံ့သြစရာတော့မဟုတ်။ ကျွန်တော်တို့ အလုပ်တွေအများကြီး ကြိုးစားလုပ်ခဲ့ကြရသည်။ မနေမနား၊ မမောမပန်းအားထုတ်ကာ အနာဂတ်ပန်းတိုင်သို့ စီမံကိန်းချပြီး လျှောက်လှမ်းခဲ့ကြခြင်းဖြစ်သည်။

FAO ဆွေးနွေးပွဲတွင် ကျွန်တော်က အင်ဒိုနီးရှားပြည်သူတို့၏ ပြီးပြည့်စုံသည့်ဘဝမျှော်မှန်းချက်များကို ဖော်ထုတ်ပြသနိုင်ခဲ့သည်။ လူသားဆိုသည်မှာ ဘက်စုံဖွံ့ဖြိုးတိုးတက်လိုသည့်ဆန္ဒရှိကြသည်။ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုတစ်ခုတည်းဖြင့် မလုံလောက်ပေ။ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရန်လည်း လိုအပ်သည်။ အင်ဒိုနီးရှားနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစီမံချက်သည် ပြည်သူတို့၏ရုပ်ပိုင်းသာမက စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကိုလည်း အလေးအနက်ထားခဲ့သည်။ ကျွန်တော်တို့နိုင်ငံယဉ်ကျေးမှုအမွေအနှစ်များကလည်း ကျွန်တော်တို့ကို ထိုသို့ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်ကြားပေးခဲ့ပြီးဖြစ်သည်။ ယင်းသည် ကျွန်တော်တို့ဘဝ၏ခံယူချက်လည်း ဖြစ်သည်။

FAO ၏ ညွှန်ကြားရေးမှူးချုပ် အီဒိုရပ်ဆိုမားသည် ၁၉၈၆ ခုနှစ် ဇူလိုင်လတွင် ဂျာကာတာသို့အလည်အပတ်ခရီးရောက်လာခဲ့သည်။ သူက ကျွန်တော့်ကို နိုင်ငံတကာလယ်ယာစိုက်ပျိုးရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး၏ သင်္ကေတအဖြစ် ရည်ညွှန်းပြောဆိုခဲ့သည်။ FAO မှ ကျွန်တော့်ကို ရွှေတံဆိပ်နှစ်ခု ချီးမြှင့်ခဲ့သည်။ တံဆိပ်တစ်ခုတွင် ကျွန်တော့်ပုံကိုဖောင်းကြွလုပ်ထားပြီး တစ်ဖက်တွင် ကျွန်တော့်အမည်ကို "သမ္မတဆူဟာတို၊ အင်ဒိုနီးရှား" ရေးထိုးပေးထားသည်။ အခြားတံဆိပ်တစ်ခုမှာ တစ်ဖက်တွင် လယ်သမားတစ်ဦးစိုက်ပျိုးနေပုံနှင့် နိုင်ငံခြားဆန်တင်သွင်းနေရသည့်ဘဝမှ ပြည်တွင်းဖူလုံအောင်ဆောင်ရွက်နိုင်မှုဆုဟူ၍ ရေးထိုးထားသည်။ ထိုဆုတံဆိပ်များသည် FAO မှ အင်ဒိုနီးရှား နိုင်ငံ၏လယ်ယာစိုက်ပျိုးရေးအောင်မြင်မှုကို ချီးကျူးဂုဏ်ပြုသည့် အနေဖြင့်ပေးအပ်ခြင်း ဖြစ်သည်။ အတိအကျဆိုရလျှင် ပြည်တွင်းစားသုံးမှုဖူလုံစေရန် ဆောင်ရွက်နိုင်မှုအတွက် ရရှိသည့်ဆုဟူ၍လည်း ဆိုနိုင်သည်။

ပုံစံတူဆုတံဆိပ်နှစ်ခုစလုံးသည် ရွှေ၊ ငွေ၊ ကြေးတို့ဖြင့် ပေါင်းစပ်သွန်းလုပ်ထားခြင်းဖြစ်သည်။ အောင်မြင်မှုကတော့ ငတ်မွတ်ခေါင်းပါးသည့်နိုင်ငံများသို့ FAO ၏ အထောက်အပံ့ဖြင့် ဆန်စပါးများရောင်းချခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

အသက် ၆၀ ကျော်လူတစ်ယောက်၏ ဟိုးတစ်ချိန် ကလေးဘဝကို ပြန်တွေးကြည့်စေချင်ပါသည်။ ကီမူဆုရွာကလေး၏ လယ်သမားများနှင့် လယ်ကွင်းများကြားတွင် ပြေးလွှားဆော့ကစားနေခဲ့သည့် ထိုလူငယ်လေးသည် ယခုခန်းလုံးပြည့် ကမ္ဘာ့ကျွမ်းကျင်သူပညာရှင်များ၊ ဂုဏ်သရေရှိပုဂ္ဂိုလ်များနှင့်ရှေ့တွင် စကားပြောရန် စင်မြင့်ပေါ်သို့လျှောက်သွားခဲ့ပြီး သန်း ၁၆၀ ကျော်ပြည်သူများ၏ကံကြမ္မာကို ရင်ဆိုင်ဖြေရှင်းနေခဲ့သည်။

**နှစ်ပေါင်းများစွာ အင်ဒိုနီးရှားနိုင်ငံသည် အရည်အသွေးအထူးကောင်းမွန်သည့် ဆန်များကို တစ်နှစ် တန်ချိန်နှစ်သန်း ခန့် ပြည်တွင်းစားသုံးရန် ပြန်လည်တင် သွင်းခဲ့ရပါသည်။ ယနေ့ နိုင်ငံအတွင်း ဖူလုံမှုရရှိခြင်းသည် အံ့သြစရာတော့ မဟုတ်။ ကျွန်တော်တို့ အလုပ်တွေ အများကြီး ကြိုးစားလုပ်ခဲ့ကြရသည်။**



**တင်ညွန့်**

**Ref : Soeharto,**
**My Thoughts, Words and Deeds**
**(An Autobiography)**

www.foreverspace.com.mm

# သတင်းသမားများ၏ ရုပ်ပုံလွှာ

ထင်အောင်ကျော်

ယခုရက်ပိုင်းအတွင်း သတင်းစာပညာသင်တန်းတက်နေသော လူငယ်အချို့နှင့် ကျွန်တော်ဆုံဖြစ်နေသည်။ သူတို့ကို ကျွန်တော် သတိထားလေ့လာမိသည်။ သူတို့တစ်တွေသည် တက်ကြွသည်၊ လန်းဆန်းသည်၊ နုပျိုသည်။ ထို့ထက်ပို၍ ဆိုရပါမူ ခေတ်လည်းမီကြသည်။ အသက်အရွယ်တွေကိုလည်းကြည့်ဦး။ ၂၀ နှောင်းပိုင်း သို့မဟုတ် ၃၀ ကျော်စအရွယ်ကလေးတွေ။ တကယ်တမ်းပြောရလျှင် ၃၀ ကျော်ဆိုတာ သူတို့တွေထဲမှာ တကယ်ပဲအသက်ကြီးပုဂ္ဂိုလ်။ ဝါကြီး၊ မကြီးတော့ ကျွန်တော်လည်း သိပ်မပြောတတ်။



သည်ကနေ့ စာနယ်ဇင်းလောက အခြေအနေကိုကြည့်လျှင် စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း အမျိုးအမည်များစွာဖြင့် ထွက်ရှိနေသည်။ သက်ဆိုင်ရာဘာသာရပ်အသီးသီးဖြင့် ဖြစ်သည်။ ဘာသာရေး၊ ဂမ္ဘီရ၊ အနုပညာ၊ အတွေးအခေါ်၊ မျက်မှောက်ရေးရာ၊ စာပေ စသည်ဖြင့်အမျိုးစုံ ဖြစ်သည်။ ဂျာနယ်တွေလည်း အလားတူ ဖြစ်သည်။

သည်နေရာတွင် အလျဉ်းသင့်၍ တစ်ခုပြောချင်ပါသည်။ ကျွန်တော့်ရှေ့က ကိုမျိုးမြတ်သူတို့လည်း တစ်ခါက ပြောသွားခဲ့ဖူးသည်ထင်ပါသည်။ ကျွန်တော်က နိုင်ငံခြားသားများနှင့် ပြောရဆိုရတာတွေ ရှိသည်။ သည်အခါ သတင်းဂျာနယ်များအကြောင်းကို ပြောပြရလေ့ရှိသည်။ သတင်းဂျာနယ်ဆိုတာကို သူတို့သိပ်သဘောမပေါက်ပါ။ ဂျာနယ်ဆိုတာက ပညာရပ်အကြောင်းအရာတစ်ရပ်ရပ်ကို ကိုယ်စားပြုဖော်ပြသော စာစောင်အဖြစ် သူတို့ကနားလည်ထားကြသည်။ ဥပမာ–ဆေးပညာဂျာနယ်၊ အားကစားပညာဂျာနယ် စသည်ဖြင့်ပါ။

ကျွန်တော်က သည်ကဂျာနယ်တွေအကြောင်းပြောပြတော့ သူတို့က "အို်း . . သဘောပေါက်ပြီ Weekly တွေပေါ့" ဟု ပြောတတ်ကြသည်။ တစ်ယောက်မဟုတ်၊ နှစ်ယောက်မဟုတ်၊ အတော်များများက ထိုအတိုင်းပင်ပြောကြသည်။ ဆိုချင်တာက

www.foreverspace.com.mm



**ကျွန်တော်က သင်တန်းဆီသို့လာနေသော သည်ကနေ့သတင်းထောက်များကို ကြည့်နေမိသည်။ သူတို့တစ်တွေသည် တက်ကြွသည်။ လန်းဆန်းနေသည်။ နပျိုကြသည်။ သူတို့စတိုင်လေးတွေက မိုသည်။ ခေတ်ရေစီးကြောင်းထဲကနေ နောက်ကျမကျန်ရစ်။ တစ်မူထူးခြားပြီးလည်းမနေ။ သို့စဉ်လျက် ယနေ့မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်လမ်းများတွင် သတင်းထောက်တွေကိုသရုပ်ဖော်ပုံက ဟန်မကျသေး။**

'အပတ်စဉ်စာစောင်' ဟူလို။ သူတို့ဆိုတာကို စဉ်းစားကြည့်တော့လည်း မှားသည်ဟု မဆိုသာပြန်။ သည်ကနေ့ ထိပ်တန်းဂျာနယ်များကိုကြည့်ပါက အပတ်စဉ်သတင်းစာစောင်များဟူ၍ ခေါ်နိုင်ပါသည်။

သည်သတင်းစာစောင်တွေ သည်ဘက်ခေတ်ထဲ ခေတ်ကောင်းလာတာ ၁၉၉၀ ပြည့်လွန် အလယ်ပိုင်းနှစ်များက စသည်ဟု ပြောရမည်။ ထိုစဉ်က 'ပြည်မြန်မာ' နှင့် 'လျှပ်တစ်ပြက်' တို့ အတော်ကြီး ရေပန်းစားခဲ့သည်။ သို့တိုင် ထိုစဉ်က မဂ္ဂဇင်းတွေကို စာဖတ်ပရိသတ်က ပိုပြီးအလေးထားနေဆဲဟု ဆိုရပေမည်။

ထို့နောက် ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းတွင် 'ကုမုဒြာ' ပထမမျိုးဆက်ထွက်ခဲ့သည်။ ထိုစဉ်က ရေရှည်မခံခဲ့သော်ငြား စနစ်ကျနသည့် သတင်းဂျာနယ်ပုံစံသည် မြန်မာစာပေနယ်တွင် မြေစမ်းခရမ်းပျိုးခဲ့သည်ဟု ဆိုရမည်။

သည်လိုပြောရတာက အကြောင်းရှိသည်။ သတင်းဦးစားပေးစာစောင်များ (မဂ္ဂဇင်း၊ ဂျာနယ်များ) သည် သမားရိုးကျပုံစံအရ စာရေးဆရာများ၊ ဆောင်းပါးရှင်များထံမှ စာမူတွေကို တောင်းယူ၍ဖြစ်စေ ပေးတာကိုပဲယူ၍ဖြစ်စေ၊ Assignment ချပေး၍ဖြစ်စေ ယူသုံးနေရာကနေ မိမိတို့တိုက်ပိုင်သတင်းထောက်များကို ထားရှိလာကြခြင်း ဖြစ်သည်။

စာစောင်ထုတ်ဝေသူများ၊ အယ်ဒီတာများနှင့် အချို့ထူးချွန်ထက်မြက်သော သတင်းရေးသမားများသည် အခါအားလျော်စွာ ပြည်ပမှခေါ်ယူသော သတင်းစာပညာသင်တန်းများကို မြည်းစမ်းပြီးစအချိန်လည်း ဖြစ်သည်။ အချို့ဆိုလျှင် အတော်ကလေးခရီးပေါက်အောင် သင်ကြားခွင့်ရခဲ့ကြသည်။

သူတို့တစ်တွေက အစဉ်အလာလမ်းဟောင်းကြီးကနေ ဖောက်ထွက်ချင်ကြသည်။ သူတို့သိမြင်လာသော နိုင်ငံတကာစံသတင်းစာပညာကို လက်တွေ့အသုံးချချင်လာသည်။ သူတို့လက်ရှိသုံးနေသော စာရေးဆရာကြီးများ၏စာက မကောင်းမဟုတ်။ ကောင်းသည်။ သို့သော် သူတို့ယခုသိလာရသော နိုင်ငံတကာသတင်းရေးသားပုံစံနှင့်မညီ။

အမှန်အတိုင်းပြောရလျှင် ထိုဆရာများကို နိုင်ငံတကာစံနှင့်ညီအောင် သူတို့တစ်တွေက ဖျောင်းဖျနားချခဲ့တာရှိ၊ မရှိ ကျွန်တော်မသေချာပါ။ အဆိုပါ ဆရာများကလည်း နိုင်ငံတကာစံကို လိုက်နာလိုသောစိတ်ရှိ၊ မရှိကျွန်တော်မသဲကွဲပါ။

လက်တွေ့တွင်မြင်လာရတာ တစ်ခုတော့ရှိသည်။ အဆိုပါ သတင်းဦးစားပေးမဂ္ဂဇင်း၊ ဂျာနယ်များသည် ကုမ္ပဏီများက အလုပ်ခေါ်ပုံမျိုး သတင်းထောက်ရာထူးတွေကို ခေါ်ယူလာကြသည်။ သူတို့တစ်တွေကို ရေးဖြေ၊ နှုတ်ဖြေ၊ စိတ်ပိုင်းဆိုင်ရာစစ်ဆေးမှုတွေ စစ်ဆေးပြီးရွေးချယ်ခေါ်ယူကြသည်။

ကနဦးတွင် အားလုံးအဆင်ချောသည်မဟုတ်။ စစ်ဆေးမှုတွေကို အောင်မြင်သော်ငြား လက်တွေ့သတင်းထောက်လုပ်ရသောအခါ လန်ထွက်ကုန်ကြသည်။ တချို့က တိုင်းရင်းသားမျိုးနွယ်စုဝင်များ ဖြစ်ရာ သတင်းစာသုံးမြန်မာစာကို ကျွမ်းကျင်စွာမသုံးတတ်ကြ။ မည်သို့ဆိုစေ သည်အချက်တွေက သတင်းစာစောင်တွေအတွက် 'ဆရာများ' ဖြစ်ခဲ့ပြီး ရှေ့ခရီးအတွက် သင်ခန်းစာတွေ ရယူနိုင်ခဲ့ကြသည်။

၂၀၀၀ ပြည့်လွန်ဆန်းစနှစ်များတွင်မူ အပတ်စဉ်သတင်းစာစောင်များသည် ကျားကုတ်ကျားခဲဖြင့် နေရာယူနိုင်လာခဲ့သည်။ စောင်ရေတွေကလည်း ထောင်ဂဏန်းမှသည် သောင်းဂဏန်းသို့တက်လာသည်။ လူဦးရေသန်း ၅၀ ရှိသော နိုင်ငံတစ်နိုင်ငံတွင် ဥပမာအားဖြင့် စောင်ရေ ၅၀,၀၀၀ သည် မများလှဘူးဆိုလျှင်တောင်မှ နေရာတစ်နေရာတော့ရပြီဟု ဆိုရပေမည်။ ကိုယ်နှင့်အပြိုင်စာစောင်တွေကလည်း ရှိနေသည်၊ စာစောင်ကို ဝယ်ဖတ်နိုင်လောက်အောင် စီးပွားရေးအခြေအနေကလည်း လိုသေးသည်ဆိုသောအချက်များကို စဉ်းစား၍ပြောခြင်း ဖြစ်ပါသည်။

လမ်းသစ်ထွင်ခဲ့သော 'ကုမုဒြာ၊ 7 Day News' တို့နှင့်အတူ အခြားသတင်းစာစောင်များ ပေါ်ထွန်းလာသည်။ ထိုစာစောင်အတော်များများသည် နိုင်ငံတကာသတင်းစံနှင့် တတ်နိုင်သမျှညီအောင် ကြိုးစားလာကြသည်ကိုလည်းတွေ့ရသည်။ အယ်ဒီတာများနှင့် ဝါရင့်သတင်းထောက်များသည် နိုင်ငံတကာနှင့် သင်ကြားပို့ချသော သတင်းပညာသင်တန်းများကို အနည်းဆုံးနှစ်ပတ်မှသည် တစ်လ၊ သုံးလစသည်ဖြင့် တက်ရောက်လေ့လာဖူးသူများ ဖြစ်လာသည်။

သူတို့စာစောင်များတွင် လူသစ်တွေရလာသောအခါ ထိုပုဂ္ဂိုလ်များက သူတို့လေ့လာဆည်းပူးလာခဲ့ရသမျှတွေကို ထပ်ဆင့်မျှဝေပေးကြသည်။ အချို့ဆရာလုပ်ချင်သူများကလည်း ဆရာပြန်လုပ်ကြသည်။ မည်သို့ဆိုစေ မြန်မာနိုင်ငံ၏ သတင်းစာစောင်များ တစ်ခေတ်ဆန်းသစ်လာခဲ့သည်ကတော့ အမှန်ပါ။

တစ်ခါက ထိုသို့သင်တန်းပို့ချပေးနေသူ လူငယ်သတင်းထောက်သတင်းဆရာ တစ်ယောက်နှင့် ကျွန်တော်ဆုံခဲ့ရသည်။

www.foreverspace.com.mm

ထိုစဉ်က ကျွန်တော်သည် မြန်မာစာရေးဆရာတွေ အစဉ်အလာအတိုင်း ရိုးရိုးလွယ်အိတ်ကိုလွယ်လျက်သား ဖြစ်သည်။

"ခင်ဗျားက ဘာလို့ဒီလွယ်အိတ်ကြီးလွယ်နေရတာလဲ။ အခု အင်တာဗျူးတွေသွားရင် ဒီပုံစံကသိပ်အဆင်မပြေတော့ဘူးဗျ။ ကျွန်တော့်သင်တန်းမှာ သင်တန်းသားသတင်းထောက်တွေကို ကျောပိုးအိတ်လွယ်၊ စမတ်ကျကျဝတ်စား ဒါလည်းအရေးကြီးတယ်ဆိုတာ သင်ပေးနေတယ်" ဟုသူက ပြောပါသည်။

ထိုစဉ်ကတော့ သူ့အဆိုကို ကျွန်တော်လက်မခံပါ။ ကိုယ့်မှာ ကလောင်ဝိတ်ရှိရင်၊ မှန်မှန်ကန်ကန်လုပ်ရင်၊ လွယ်အိတ်လွယ်လွယ်၊ ကျောပိုးအိတ်လွယ်လွယ်၊ လုံချည်ဝတ်ဝတ်၊ ဘောင်းဘီဝတ်ဝတ်၊ ခြေညှပ်ဖိနပ်စီးစီး၊ ခေတ်ပေါ်ကွင်းထိုးဖိနပ်စီးစီး ဘာထူးမှာလဲဟု ကျွန်တော်တွေးခဲ့မိသည်။ သည်အတိုင်း ယူဆခဲ့သည်။ သူပြောတာကိုလည်း အလေးအနက်သိပ်မထားခဲ့ပါ။

သို့သော် အခါအားလျော်စွာဆိုသလို ရုပ်မြင်သံကြားနှင့် ဒီဗီဒီဇာတ်လမ်းများကိုကို ဟိုတစ်ပိုင်း၊ သည်တစ်စကြည့်ဖြစ်ခဲ့သည်။ အဲသည်မှာ ကြော်ငြာအပိုင်းအစတွေပါသည်။ ဇာတ်ဝင်ခန်းတွေကို မြင်ရသည်။ ခေတ်အခြေအနေအရ သတင်းထောက်တွေကို ထည့်ရိုက်ကြသည်။

အဲသည်မှာ သတင်းထောက်ဆိုသူများက လည်ကတုံးနွမ်းနွမ်းနှင့် လွယ်အိတ်အရောင်မှိန်မှိန်နှင့် ပြီးတော့ လက်ထဲမှာ ရီကော်ဒါတစ်လုံးလည်း ကိုင်ထားသည်။ သူတို့က ထင်ပေါ်ကျော်ကြားသူများ၊ သရုပ်ဆောင်များကို ခါးညွတ်ရိုကျိုးပြီး အင်တာဗျူးကြသည်။ သည်ပုံတွေကိုချည်း ထပ်ခါတလဲလဲရိုက်ပြနေတော့ သတင်းထောက်တွေ သည်ပုံစံအတိုင်းပဲလား စောကြောလာမိသည်။



ကျွန်တော်လွယ်အိတ်လွယ်ခဲ့သည်ဆိုတုန်းက ဟောင်းနွမ်းနေသော လွယ်အိတ်ကိုလွယ်ခဲ့ခြင်းမဟုတ်ပါ။ အဝတ်အစားကိုလည်း အဖိုးတန်ကြီးမဟုတ်သည့်တိုင် သပ်သပ်ရပ်ရပ်ဝတ်ပါသည်။ ကျွန်တော့်ဆရာနတ်နွယ်၏ ဝတ်စားဆင်ယင်ပုံကို အတုခိုးသည်။ ကိုယ်တိုင်ကလည်း ဟန်ကျပန်ကျဝတ်ရတာကို သဘောကျသည်။

အခု နောက်တက်လာသောဂျာနယ်လစ်ကလေးများက ထို့ထက်ပင်ပိုသေးသည်။ အများစုက တက္ကသိုလ်ဘွဲ့ရတွေဖြစ်သည်။ ယောကျ်ားကလေးတွေကိုမပြောနှင့်တော့ မိန်းကလေးတွေပင် ဘောင်းဘီရှည်နှင့် ဖြစ်နေပြီ။ ကျွန်တော်တို့လွယ်ခဲ့သောကျောင်းလွယ်အိတ်မျိုးကတော့ ရှားမှရှား။

သို့သော် သူတို့တစ်တွေသည် ယနေ့စာဖတ်ပရိသတ်ကြီး၏ ချင်ခြင်းကို ကြိုးစားပမ်းစားဖြည့်ဆည်းပေးနေကြသူများဖြစ်သည်။ ငယ်ရွယ်သူများပီပီ အခက်အခဲတွေကို လက်လျှော့ဖို့မစဉ်းစား၊ ပန်းတိုင်ကိုရောက်နိုင်ဖို့သာကြိုးစားသည်။

ကျွန်တော်က သင်တန်းဆီသို့လာနေသော သည်ကနေ့သတင်းထောက်များကိုကြည့်နေမိသည်။ သူတို့တစ်တွေသည် တက်ကြွသည်။ လန်းဆန်းနေသည်။ နုပျိုကြသည်။ သူတို့စတိုင်လေးတွေက မိသည်။ ခေတ်ရေစီးကြောင်းထဲကနေ နောက်ကျမကျန်ရစ်။ တစ်မူထူးခြားပြီးလည်းမနေ။ သို့စဉ်လျက် ယနေ့မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်လမ်းများတွင် သတင်းထောက်တွေကို သရုပ်ဖော်ပုံက ဟန်မကျသေး။ သတင်းကျေးဇူးဖြင့်ရပ်တည်နေရသော သူတို့အနေဖြင့် တမင်နှိမ့်ချခြင်းတော့မဟုတ်တန်ရာ။ မသိကျိုးကျွံထားနေခြင်းဖြစ်ကောင်းဖြစ်မည်။ မည်သို့ဆိုစေ မြန်မာသတင်းသမားတို့၏ရုပ်ပုံလွှာက တကယ်ပင် ပြောင်းလဲခဲ့ချေပြီ။

**ထင်အောင်ကျော်**

www.foreverspace.com.mm

# စွန့်လွှတ်ဖို့ သင့်နေပြီ

**ဂျီအောင်ဘန်း**

ဖလံ ဝေ ကဒလိ ဟန္တိ၊ ဖလံ ဝေဠုံ ဖလံ နဠုံ၊ သက္ကာရော ကာပုရိသံ ဟန္တိ၊ ဂဗ္ဘော အဿတရိံ ယထာ။

ဘိက္ခဝေ–ရဟန်းတို့၊ ကဒလိံ– ငှက်ပျောပင်ကို၊ ဖလံ–မိမိအသီးသည်၊ ဝေ–စင်စစ်၊ ဟန္တိယထာ–သတ်လေသကဲ့သို့၊ ဝေဠုံ–ဝါးပင်ကို၊ ဖလံ–ဝါးသီးသည်၊ ဟန္တိယထာ–သတ်လေသကဲ့သို့၊ နဠုံ–ကျူ ပင်ကို၊ ဖလံ–မိမိအသီးသည်၊ ဟန္တိယထာ–သတ်လေသကဲ့သို့၊ အဿတရိံ–အဿတိုရ်မြင်းမကို၊ ဂဗ္ဘော–မိမိကိုယ်ဝန်သည်၊ ဟန္တိယထာ–သတ်လေသကဲ့သို့၊ တထာ–ထို့အတူ၊ ကာပုရိသံ–နှလုံးသွင်းယုတ်သောယောကျ်ားကို၊ သက္ကာရော–လာဘ်ပူဇော်သက္ကာသည်၊ ဟန္တိ–သတ်ဖြတ်ဖျက်ဆီးတတ်၏။

**(ကျီးသဲလေးထပ်ဆရာတော်၏ ဓိနတ္တပကာသနီကျမ်းမှ)**

ဤစာသားဂါထာလေးက စာရေးသူရောက်ဖူးခဲ့သော ဘာသာရေးအဆောက်အအုံတစ်ခုမှာ ရေးထားသည့်စာပိုဒ်လေး




ဖြစ်သည်။ ဘယ်လောက်ကောင်းလှပါသလဲ။ စာရေးသူရင်ထဲ ရှင်းခနဲ၊ ကွင်းခနဲ။ ဘာသာရေးအခြေခံတွေ အားနည်းလာသည့် ယခုလိုခေတ်ကြီးမျိုးမှာ ကြုံလာရမည့်အဖြစ်တွေကိုများ ကြိုသိပြီး ရေးထားသလိုပင်။

တလောက ကိစ္စတစ်ခုပေါ်သဖြင့်

www.foreverspace.com.mm

နယ်သို့ အားချင်းခရီးထွက်ဖို့ စာရေးသူ အောင်မင်္ဂလာအဝေးပြေးဝင်းထဲသို့ ရောက်သွား၏။ အကြိမ်ကြိမ်ကြားဖူး၏။ အကြိမ်ကြိမ်လည်း ဖတ်ဖူး၏။ အကြိမ်ကြိမ်ခံခဲ့ရဖူးသော လူများကိုလည်း တွေ့ဖူး၏။ ဒီလို သိနေမြင်နေခဲ့တာတောင် စာရေးသူမှာ လက်မှတ်ရောင်း (ဝါ) ဆွယ်ရောင်းတွေ၏ ထောင်ချောက်ထဲသို့ ကားခနဲ ကျခဲ့ရ၏။ ဖြစ်ပုံက ဒီလို။

စာရေးသူက နယ်မြို့လေးတစ်မြို့ကို တိုက်ရိုက်ရောက်သည့်ကားလိုင်းကို ရှာနေစဉ် ဘေးနားသို့ "အစ်ကို ဘယ်သွားမလို့လဲ" ဘာညာ စသည်ဖြင့် တစ်ယောက်တည်း စကားတွေဖောင်ဖွဲ့ပြီး ဆွဲမတတ် လွဲမတတ် လက်မှတ်ဝယ်ဖို့ဆွယ်၏။ စာရေးသူ ထိုဝင်းထဲရောက်သည့်အချိန်က ညနေလေးနာရီခွဲပြီဖြစ်၍ ညပိုင်းထွက်သည့် ကားတွေက စထွက်နေကြပြီ။ ကိုယ့်ရှေ့မှာလည်း ကားတွေက တစ်စီးပြီးတစ်စီးထွက်နေတော့ ဗမာပီပီ မရမှာ မမီမှာကို စိုးရိမ်သည့်စိတ်ကလေးက အနည်းငယ်ဝင်လာ၏။ ဒီတော့ ဘေးက တတွတ်တွတ်ပြောနေသည့်လိုင်းက ကားလက်မှတ်ကို ဝယ်ဖို့ လွှတ်ခနဲ ဈေးမေးမိလိုက်၏။ ဒီတော့ ထိုဆရာက ဘာမှမဖြေသေးဘဲ စာရေးသူနာမည်ကို မသိသလို မေးပြီး လက်မှတ်ကောက်ရေးလိုက်၏။ ထိုအချိန်ထိ စာရေးသူဝယ်မည်ဟု မပြောရသေး။ ဒါနှင့် စာရေးသူလည်း ဈေးကို အတင်းမေးရ၏။ ထိုဆရာပြောသောဈေးက ပုံမှန်ဈေးထက် တစ်ဆလောက်ပိုများနေ၏။ စာရေးသူက ပုံမှန်ဈေးကိုပြောတော့ ဒါ လိုင်းကြီး၊ မြတီထိသွားမှာ။ ဒါကြောင့်မို့ ပိုများတာဆိုတော့။ ဒီလိုနှင့် ဆစ်ရင်း လျှော့ရင်း တင်းရင်းနှင့် ပုံမှန်ထက် တစ်ထောင်ပိုပေးလိုက်ရ၏။

တကယ်ဆို ဒီအခြေအနေထိ စာရေးသူစိတ်ထဲ ဘာမှပြဿနာမရှိသေး။ ကိုယ်လိုချင်သော ဘေးခုံဆိုတော့ အေးအေးဆေးဆေးပင်။ ခြောက်နာရီခွဲမှ ထွက်မည်ဖြစ်၍ လက်ဖက်ရည်ဆိုင်မှာ သွားထိုင်နေလိုက်၏။ အချိန်ကလည်းပို၊ ဖတ်စရာစာအုပ်လည်း အားချင်းထွက်လာသည်ဖြစ်၍ ပါမလာတော့ ဘာရယ်မဟုတ် အပျင်းပြေ ဟိုကြည့်ဒီကြည့်နှင့် ကားလက်မှတ်ရှိ ရုပ်ယှက်ခတ်နေသောစာလုံးများကိုကြိုးစားပြီး ဖတ်ကြည့်နေမိ၏။ ကားလက်မှတ်ပေါ်ရှိစာကြောင်းကို အဓိပ္ပာယ်ဖော်နိုင်ချိန်မှာတော့ စာရေးသူစိတ်ထဲ တစ်မျိုးဖြစ်သွား၏။ ရေးထားတာက 'ဖျာခင်းတစ်' တဲ့။ စာရေးသူဝယ်တာက ကားလက်မှတ်ဖြစ်သည်။ ပွဲခင်းဖျာလက်မှတ်မဟုတ်။ ပြီးတော့ စီးရမည်ဟု သူတို့ပြောသောကားက လေအိတ် Express ကား။ ဘယ်လိုဖြစ်လို့ ဖျာခင်းတစ်ဖြစ်လာပါလိမ့်။ ဆက်စဉ်းစားလို့မရတော့ ဂိတ်ကိုပြန်သွားပြီး မေး၏။ ဟိုကပြန်ဖြေတော့ စာရေးသူထင်ထားခဲ့သလိုပင် ဖျာခင်းပြီးထိုင်ရမှာတဲ့။

ဒီမှာ စာရေးသူနှင့် လက်မှတ်ရောင်းသည့်ဆရာ၊ ဂိတ်ကတာဝန်ရှိလား၊ တာဝန်မရှိလားမသိတဲ့ လူကြီးတစ်ယောက် သုံးယောက်ပတ်ပြီး စကားများရတော့၏။ စာရေးသူပေးထားသည့်လက်မှတ်ခက ပုံမှန်စီးနေကျထက် ပိုပေးထားရတော့ နှစ်ယောက်တစ်ယောက်ဖြစ်နေလင့်ကစား ခုံ၍ မရရအောင်ပြော၏။ မရ၊ နောက်ဆုံး တိုင်မည်ဆိုတာတောင် နှစ်ယောက်စလုံးက ရယ်ပြီး တိုင်ချင်ရာတိုင်ဆိုတော့ ဘေးမှာ လူတွေကလည်း ဝိုင်းကြည့်နေရာ ကိုယ့်ဒေါသကို ကိုယ်ထိန်းလိုက်ရသလို ကိုယ့်ဆန္ဒကိုလည်း မျိုသိပ်လိုက်ရ၏။

ဒီလိုနှင့် စာရေးသူမှာ အလျှော့ပေးပြီး ကားပေါ်တက်ခဲ့ရ၏။ ဘယ်မှာလဲ . . . ပြောပြောနေသည့် ခရီးသည်စိတ်ချမ်းသာမှုဆိုသည်မှာ။ ကားပေါ်ရောက်တော့ ဘယ်လိုမှ စီးလို့မဖြစ်၍ ပိုက်ဆံထပ်ပေးပြီး ခုံလက်မှတ်ဝယ်လိုက်ရ၏။ ကားမထွက်ခင် ဂိတ်ရင်းတိုက်ခန်းသို့ဝင်ပြီး အပေါ်သွားစဉ် သူတို့အချင်းချင်း လွတ်လွတ်လပ်လပ်ပြောနေကျသည့်စကားကို ကြားလိုက်ရတော့ စာရေးသူမှာ လုပ်ပဲလုပ်ရမလို လက်သီးပုန်းပဲထိုးရမလိုနှင့် သူတို့ပြောနေကြတာ

**စာရေးသူလို ရန်ကုန်မှာမွေး ရန်ကုန်မှာကြီးတဲ့လူတောင် ကိုယ်မှန်ရဲ့သားနဲ့ ဗလောင်းဗလဲ ကလိန်ကကျစ်အလုပ်ခံလိုက်ရတာကို ငုံ့လျှိုးခဲ့ရတယ်ဆိုရင် နယ်ကတက်လာတဲ့ ရိုးရိုးသားသားခရီးသည်တွေ၊ တစ်ခါမှ ခရီးမထွက်ဖူးတဲ့သူတွေ၊ ကြောက်တတ်တဲ့သူတွေကို ဘယ်လောက်တောင် နေ့စဉ်နှင့်အမျှ ဒီအဝန်းအဝိုင်းက လီးနေခတ်နေကြပါသလဲ။ ဒီခေတ်က ဈေးကွက်စီးပွားရေးခေတ်ဖြစ်သည်။ အပြိုင်အဆိုင် ရှိကိုရှိရမည်။**

လည်း ကြည့်ဦး။

"ငါ့ခွင်ရိုက်လိုက်တာ သုံးထောင်လောက် ရလိုက်တယ်" ဟု။

ဒီဝင်းထဲဝင်လာသည့် မည်သို့သော သာရေးနာရေးကိစ္စနှင့် ခရီးထွက်မည်မှန်း မသိသည့်လူမှန်သမျှကို လူတစ်ဦးတစ်ယောက်လို့ မမြင်နိုင်လောက်အောင် ဝိုင်းသမဖို့ ဆွမ်းကြီးလောင်းဖို့ လုပ်နေကြတာ။

စာရေးသူလို ရန်ကုန်မှာမွေး၊ ရန်ကုန်မှာကြီးတဲ့လူတောင် ကိုယ်မှန်ရဲ့သားနဲ့ ဗလောင်းဗလဲ ကလိန်ကကျစ်အလုပ်ခံလိုက်ရတာကို ငုံ့လျှိုးခဲ့ရတယ်ဆိုရင် နယ်ကတက်လာတဲ့ ရိုးရိုးသားသားခရီးသည်တွေ၊ တစ်ခါမှ ခရီးမထွက်ဖူးတဲ့သူတွေ၊ ကြောက်တတ်တဲ့သူတွေကို ဘယ်လောက်တောင် နေ့စဉ်နှင့်အမျှ ဒီအဝန်းအဝိုင်းက လီးနေခတ်နေကြပါသလဲ။ ဒီခေတ်က ဈေးကွက်စီးပွားရေးခေတ်ဖြစ်သည်။ အပြိုင်အဆိုင် ရှိကိုရှိရမည်။ ကောင်းသောဝန်ဆောင်မှု၊ စရိတ်အနည်းဆုံးဆိုတာကို ပြိုင်ရမည့်

www.foreverspace.com.mm

အစား ယုတ်ညံ့သောဝန်ဆောင်မှု၊ စရိတ်ကြီးမားမှုဆိုတာကို လွဲမှားပြီး ပြိုင်နေကြသလားဆိုတာ။ Demand နှင့် Supply က မျှနေရမည့်အစား ကိုယ်လုပ်ချင်တာလုပ်နိုင်ဖို့ Supply ကသေးပြီး Demand များနေအောင် ချုပ်ကိုင်ထားနေကြသလား သေချာစိစစ်ဖို့ လိုကိုလိုနေပြီဖြစ်သည်။ တိုးတက်ခေတ်မီချင်သည်လည်းဆိုသေး၊ တဖြည်းဖြည်းမှ ပြင်သွားမှာပေါ့ဆိုလျှင် ခရီးသွားလုပ်ငန်းနှင့် ပြည်တွင်းပို့ဆောင်ရေးအပိုင်းကတော့ ဒီလိုလူစားမျိုးတွေကြောင့် စုန်းစုန်းမြုပ်ရပေလိမ့်မည်မှာ မြေကြီးလက်ခတ်မလွဲပေ။

တစ်ခါရှိသေးသည်။ လမ်းခရီးမှာသူတို့ချိတ်ဆက်ထားသည့် စားသောက်ဆိုင်များတွင် မဝင်မနေရ ဝင်ရောက်၍ စားသောက်စေခြင်းပင်။ ကားမောင်းသူ၊ အကူတို့ကို အလကားကျွေးလို့ ဝင်စားသည်ဆိုခဲ့သည်တောင် ခရီးသည်တွေဆီက မတန်တဆဈေးတင်ပြီး အမြတ်ထုတ်ဖို့ လုပ်ပေးနေခြင်းမျိုးဖြစ်နေသည်ကို သတိပြုသင့်သည်။ ဥပမာဖြင့် ပြောရလျှင် ဝက်သတ်ရုံသို့ ဝက်တွေကို လာပို့သလိုပင်။ ဒီတော့ စာရေးသူတို့ ခရီးသည်တွေမှာ မိအေးနှစ်ခါနာပင်မကတော့။ ဒီပုံအတိုင်းဆို ပြည်တွင်းခရီးသွားလုပ်ငန်းတိုးတက်ဖို့ဆိုတာ ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒအမြဲပြောလေ့ရှိသည့် 'ဖြစ်မယ် အားကြီးဖြစ်လိမ့်မယ်' ဟု ငှားပြီး ပြောရမလိုပင်။

တချို့တချို့နေရာတွေမှာ လွယ်လင့်တကူ ဖြတ်ကျော်လို့ရခဲ့တိုင်း နေရာတကာတိုင်းကို အမြဲတစေ လွယ်လင့်တကူဖြတ်ကျော်ကြဖို့ ကြိုးစားကြသည်ချည်းပဲဖြစ်သည်။ တကယ်ဆို အများပြည်သူနှင့်တိုက်ရိုက်ထိတွေ့ဆက်ဆံနေရသည့် နေရာဌာနမျိုးသည် အမြဲတစေစောင့်ကြည့်ထိန်းသိမ်းကြည့်ရှုနေဖို့ လွန်စွာအရေးကြီးလှ၏။ ကိုယ့်အကျိုးအမြတ်ရယူပြီးမှ ဖြစ်ပေါ်လာနိုင်သည့် ပြဿနာကို မတရားဝိတ်သုံးပြီးဖြေရှင်းကြသည့် ဝိသမလောဘသမားများနှင့် အကျင့်ပျက်ဝန်ထမ်းအချို့၏ ပုလင်းတူဘူးဆို့လုပ်ကြသည့်ကြားထဲမှ တကယ်မချိမဆံ့ခံလိုက်ရသည်မှာ အခွန်ထမ်းပြည်သူအများစုနှင့် ဝန်ထမ်းအများစုပင်။

ကိုယ်ရသည့်ငွေသည် ကိုယ့်လိုပင်လူထုအတန်းအစားထဲက လူတွေ ကြိုးကြိုးစားစား ချွေးသီးချွေးပေါက်ကျ၍ ဖြူဖြူစင်စင်ရှာခဲ့ရသည့်အထဲမှ ဖြစ်သလို လူဖြစ်ပြီးလူစိတ်မရှိသည့် ဝိသမသမားတွေ မတန်တဆတနင့်တဖြဲအနိုင်ကျင့်ယူလိုက်သော ငွေထဲမှအမှန်အမှားပမာဏတောင် မရှိဘူးလားဆိုတာကိုကော ထိုလူတွေ သိရောသိကြပါရဲ့လား။

မကြာမီ ခေတ်ပြောင်း စနစ်ပြောင်းတော့မည်။ နောက်လာမည့်ခေတ်သစ် စနစ်သစ်မှာ ရောက်လာကြမည့်လူတွေက ဤအမူအကျင့်ကို အမြစ်ကနေ လှန်ကြမည့်လူတွေချည်းပင်ဖြစ်သည်။ ဒီလို မတရားပေးဆပ်နေရခြင်းကို မနှစ်မြို့နေသည့်လူတွေချည်းပင်ဖြစ်သည်။ မည်သို့သော ခွန်



www.foreverspace.com.mm

အားစိုက်ထုတ်၊ ရင်းနှီးမြှုပ်နှံမှုမျှမရှိဘဲ စားပွဲတစ်လုံး၊ ခုံတစ်လုံး၊ နေရာတစ်ခုရှိနေရုံမျှနှင့် ဝင်ငွေတသဲသဲရနေသည်ဆိုတာ၊ ဘယ်လိုအလုပ်များဖြစ်နေပြီလဲဆိုတာ သာမန်အသိဉာဏ်ရှိသည့် လူတွေမှန်သမျှ သိပြီးသားပင်။

"ကာပုရိသံ–နှလုံးသွင်းယုတ်သောယောက်ျားကို၊ သက္ကာရော–လာဘ်ပူဇော်သက္ကာသည်၊ ဟန္တိ–သတ်ဖြတ်ဖျက်ဆီးတတ်၏။" ထိုစာသားကို 'လာဘ်' ကို မျှော်သောသူတို့ အမြဲတမ်း နှလုံးသွင်းမြင်နိုင်ဖို့ ကိုယ်အိမ်ကိုယ့်ယာမှာ ရေးထားသင့်ပေသည်။

မြန်မာစကားပုံ၌ အနာသိလျှင်ဆေးရှိသည်ဆိုသည့် စကားပုံရှိ၏။ ဤသို့ဆိုလျှင် ဤကဲ့သို့ ဝေဒနာကို ကုစားရန်အဖြေကတော့ရှိမည်ပင်ဖြစ်သည်။ စာရေးသူ၏ စိတ်သဘော ဆန္ဒအရဆိုလျှင် ပြည်သူတို့ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ သက်သောင့်သက်သာအဆင်ပြေခရီးသွားနိုင်ဖို့ အဝေးပြေးယာဉ်လိုင်းတွေ၊ အဝေးပြေးဂိတ်တွေ၊ ခရီးစဉ်တစ်လျှောက် ယာဉ်မောင်း၊ အကူတို့ ပြုမူကျင့်ကြံပုံတွေကို အမြဲတစေ စစ်ဆေးကြပ်မတ်ရမည် ဖြစ်သည်။

ယာဉ်တို့၏ ကြံ့ခိုင်မှုကို တစ်လတစ်ခါ မစစ်ဆေးနိုင်လျှင်တောင် သုံးလတစ်ခါဖြစ်ဖြစ် (စက်၊ ထိုင်ခုံ၊ ကားကြမ်းခင်း၊ ပြတင်းပေါက်၊ ဖျော်ဖြေရေးအသုံးအဆောင်များ၊ ယာဉ်၏သန့်ရှင်းမှု) တစ်ခါတစ်ရံ ခရီးသည်ဟန်ဆောင်၍ ဂိတ်နှင့် ယာဉ်များတွင် စစ်ဆေးကြည့်ရှုခြင်း၊ ပိုတောင်းခြင်း၊ မလိမ့်တပတ်လုပ်၍ ညာရောင်းခြင်း စသည့် မရိုးမဖြောင့်သောသဘောကိုတွေ့ရှိပါက တရုတ်နိုင်ငံတွင် ကျင့်သုံးသကဲ့သို့ ပြင်းပြင်းထန်ထန် ပြစ်ဒဏ်ပေးခြင်း သို့မဟုတ် အနည်းဆုံး ကြိမ်ဒဏ်လောက်တော့ ချမှတ်အပြစ်ပေးခြင်းမျိုး၊ အဝေးပြေးဝင်းများအတွင်း စနစ်ကျသော ခရီးစဉ်များ နေရာချမှု (ကားဝင်းကို နှစ်ပိုင်းခွဲ၍ တစ်ပိုင်းကို အထက်မြန်မာခရီးစဉ်၊ အောက်မြန်မာခရီးစဉ် စသည့်နေရာချထားမှု) ကားလိုင်းကားဂိတ်များစုစည်းမှု၊ ဥပမာ–မြဝတီဆိုလျှင် မြဝတီထွက်သည့်ကားများသာ စသည့်အပြင် သတ်မှတ်သည့် ယာဉ်စီးနှုန်းထားကို တစ်ပြေးညီသတ်မှတ်၍ ထင်သာမြင်သာသည့်နေရာတွင်ဖော်ပြထားရန် (သို့မှသာ ဝန်ဆောင်မှုအပိုင်း ပို၍ကောင်းလာစေမည်)၊ လမ်းခရီး၌ယာဉ်ပျက်ပါက ပုံစံတူ၊ ကားတူ၊ ဝန်ဆောင်မှုတူသောယာဉ်နှင့်သာ အစားထိုးရေး (ဖော်ပြသကဲ့သို့ မကျင့်သုံးနိုင်ပါက ယာဉ်လိုင်းကိုပိတ်သိမ်းခြင်းမျိုး)၊ သတ်မှတ်ထားသည့် လမ်းခုလတ်ယာဉ်ရပ်နားစခန်းတွင်သာ ရပ်နားရေး (သို့မှသာ မော်လမြိုင်ကနေပဲခူးထိ တောက်လျှောက်မောင်းလာပြီးမှ ရန်ကုန်ဝင်ရန် နာရီဝက်လောက်သာကျန်တော့သည့်နေရာဌာနမျိုးတွင် နှစ်နာရီလောက် စိမ်ပြေနပြေရပ်နားခြင်းမျိုးမှ ရှောင်ကြဉ်နိုင်ရန်) စသည် စသည်ဖြင့် ပြောရရေးရလျှင် ကုန်နိုင်ဖွယ်မရှိပါ။

ခရီးသွားလုပ်ငန်းပို့ဆောင်ရေးသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု ဘယ်လောက်ရှိနေပြီလဲဆိုသည်ကိုပြသည့် အနီးစပ်ဆုံးပုံရိပ်ဖြစ်သည်။ ခရီးသွားပြည်သူတွေ၏ စိတ်ကျေနပ်မှု၊ စိတ်ချလုံခြုံမှု၊ ပိုင်ပိုင်နိုင်နိုင်ရှိမှု၊ သက်သောင့်သက်သာရှိမှု၊ ပေးရသောအခကြေးငွေနှင့် ထိုက်တန်သော ဝန်ဆောင်စိတ်ချမ်းသာမှုရှိဖို့ပဲဖြစ်သည်။ ကိုယ့်ရင်သွေးကို ကိုယ်ပြုစုစောင့်ရှောက်သကဲ့သို့ အမြဲတစေ ကြပ်မတ်စောင့်ရှောက်ရန် အထူးအရေးကြီး၏။ 'မှု' ရော 'လူ' ရော ကောင်းဖို့အရေးကြီး၏။ ကိုယ့်ပုံရိပ်ကို ထိခိုက်စေသည့် အနှောင့်အယှက်မျိုး၊ ပျက်စီးစေမည့်လူမျိုးကို သုတ်သင်ဖယ်ရှားပေးရမည်။ ခင်တွယ်နေ၍၊ ရနေ၍ မပစ်ပယ်ဝံ့မျိုး မဖြစ်စေရ။ တာဝန်ရှိသူတို့ သေချာစိစစ်၍ ကြပ်မတ်သင့်နေပေပြီ။

ဘယ်လိုပင်ဖြစ်စေကာမူ အမှားရှိလျှင် အမှန်ဆိုတာလည်း ရှိရမည်အမှန်ပင်။ လုပ်နည်းကိုင်နည်းသိ၍ပဲဖြစ်ဖြစ်၊ မသိ၍ပဲဖြစ်ဖြစ် မှားခဲ့လျှင်လည်းပြင်ဖို့ အချိန်မီပါသေး၏။ 'ကျွဲကူးရေပါ' ဆိုသလို သူတစ်

မြန်မာစကားပုံ၌ အနာသိလျှင်ဆေးရှိသည်ဆိုသည့်စကားပုံရှိ၏။ ဤသို့ဆိုလျှင် ဤကဲ့သို့ ဝေဒနာကိုကုစားရန်အဖြေကတော့ ရှိမည်ပင်ဖြစ်သည်။ စာရေးသူ၏စိတ်သဘောဆန္ဒအရဆိုလျှင် ပြည်သူတို့ စိတ်ချမ်းသာကိုယ်ချမ်းသာ သက်သောင့်သက်သာအဆင်ပြေခရီးသွားနိုင်ဖို့ အဝေးပြေးယာဉ်လိုင်းတွေ၊ အဝေးပြေးဂိတ်တွေ၊ ခရီးစဉ်တစ်လျှောက် ယာဉ်မောင်းအကူတို့ပြုမူကျင့်ကြံပုံတွေကို အမြဲတစေ စစ်ဆေးကြပ်မတ်ရမည် ဖြစ်သည်။

ပါးစိတ်ချမ်းသာအောင် ကူညီပေးခြင်းဖြင့် ကိုယ့်ဝမ်းရေးဖြေရှင်းကြသော ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် ထမင်းရှင်ကို စော်ကားနေသလိုမျိုးထက် စေတနာပါပါ စိတ်ထား၍ လုပ်ကိုင်စေကြချင်သည်။ ခေတ်ကလည်း ပြောင်းတော့မည်၊ စနစ်ကလည်း ပြောင်းတော့မည်။ ဤအမူအကျင့်ဟောင်းတွေ၊ ယုတ်ညံ့သောအကျင့်ဆိုးတွေ ယူလာ၍ရမည်မဟုတ်ပါ။ အကယ်၍သာ ပြောင်းလဲပြုပြင်လာကြမည်ဆိုလျှင် စာရေးသူ အမှတ်တရသိမ်းထားသော 'ဖျာခင်းတစ်' ဆိုသောလက်မှတ်လေးသည် 'ဂန္ထဝင်ကားလက်မှတ်' ဖြစ်သွားနိုင်သကဲ့သို့ မပြုပြင်မကြပ်မတ်ခဲ့ကြဘူးဆိုလျှင်လည်း နောင်လာမည့် 'ဖျာခင်းတစ်' ဆိုသည်များထဲက တစ်စောင်သာပင်ဖြစ်နေပေလိမ့်မည်ဟု စာရေးသူတွေးနေမိ၏။

**ဂျီအောင်ဘန်း**

www.foreverspace.com.mm

# ချစ်သူများနှင့် ခရီးသွားခြင်း

မောင်မောင်တင်

**မနက် ၄ နာရီတွင် ကျွန်တော် အိပ်ရာမှနိုးနေပါသည်။ ဒီနေ့ အဖေ့ရွာကို သွားရမည်။ ကျောင်းသားဘဝ ငယ်စဉ်ကတည်းက အဖေ၊ အမေတို့နှင့်ခွဲနေခဲ့ရသည်။ ကျောင်းပြီး၍ အလုပ်လုပ်ပြန်တော့လည်း ရွာနှင့်ပို၍အလှမ်းဝေးသွားပါသည်။ နွေရာသီကျောင်းပိတ်ရက်မှာ အဖေ၊ အမေတို့နှင့်အတူနေရသော်လည်း အလုပ်အကိုင်နှင့်ဖြစ်လာသောအခါ အဖေ အမေတို့နှင့် ပြန်တွေ့ရန် ပို၍ ခက်ခဲသွားပါသေးသည်။**



**ခရီးအတူသွားကြသောချစ်သူများ**

ကျွန်တော် အလုပ်နှင့်အကိုင်နှင့်ဖြစ်လာပြီး စီးပွားရေးအခြေအနေကောင်းမွန်လာသည့်အခါ အဖေနှင့်အမေကို ရန်ကုန်ခေါ်ထားလိုက်ပါသည်။ ကျွန်တော်နှင့်အတူနေပြီး မကြာမီပင် အမေသည် လူကြီးရောဂါနှင့် ကွယ်လွန်ခဲ့ပါသည်။ အမေကွယ်လွန်ချိန်တွင် အမေ့အသက် ၇၀ နှစ်သာရှိပါသည်။ အမေကွယ်လွန်ပြီးနောက် အဖေ့ကို ကျွန်တော့်ထံတွင်နေရန် တိုင်ပင်ပြီး ကျွန်တော်နှင့်ပင်အတူနေသွားသည်မှာ မကြာလှပဟုထင်ရသော်လည်း အဖေကွယ်လွန်ချိန်တွင် အဖေ့အသက်က ၉၀ ရှိနေပါပြီ။ သို့ဖြစ်၍ အဖေကျွန်တော်နှင့် အတူနေသွားသည်မှာ အနှစ် ၂၀ နီးပါး ဖြစ်ပါသည်။

အဖေ ကျွန်တော်နှင့်အတူနေစဉ်အတွင်း ရွာသို့မကြာခဏပြန်ပါသည်။ အဖေ့ရွာတွင် ဆွေမျိုးညီအစ်ကိုမောင်နှမနှင့်သားသမီးများရှိနေ၍ သံယောဇဉ်မပြတ်ခြင်းဖြစ်ပါသည်။ အဖေရွာတွင်နေစဉ်အတွင်း ရွာ၏ (သာရေး၊ နာရေး၊ ဘာသာရေး၊ လူမှုရေး) ကိစ္စများကို ဆောင်ရွက်လိုသောဆန္ဒများပေါ်ပေါက်လာသည့်အခါ ကျွန်တော့်ကို တိုင်ပင်၍ ဆောင်ရွက်ပေးရန်တိုက်တွန်းပါသည်။ အဖေအလိုချင်ဆုံးသောဆန္ဒမှာ ရွာရှိမူလတန်းကျောင်းကို အလယ်တန်းကျောင်းဖြစ်စေချင်သောဆန္ဒသည် အပြင်းပြဆုံးဖြစ်ပါသည်။ 'အလယ်တန်းကျောင်းရနိုင်သည်။ ကျေးရွာမှလည်း

www.foreverspace.com.mm

ပါဝင်ကူညီပံ့ပိုးပါ’ ဟု ပြော၍ ကျွန်တော်တို့ရွာမှ မြေနေရာခုနစ်ဧကနှင့် သစ်သားအုတ်ညှပ်ကျောင်းဆောင် (အခန်းခြောက်ခန်းပါ) တစ်ခုကို ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ သို့ရာတွင် အဖေကွယ်လွန်သည့် ၂၀၀၇ ခုနှစ်အထိ အလယ်တန်းကျောင်းမရခဲ့ပါ။ အဖေကွယ်လွန်ပြီး နောက်တစ်နှစ်တွင် အလယ်တန်းကျောင်း ဖွင့်ခွင့်ရခဲ့ပါသည်။

အဖေ၏ဒုတိယဆန္ဒတစ်ခုမှာ ကျွန်တော့်အိမ်မှ စာအုပ်များကို ရွာရှိဆွေမျိုးများကို ဖတ်စေချင်သောဆန္ဒဖြစ်ပါသည်။ ဤဆန္ဒကြောင့် ရွာတွင်စာကြည့်တိုက်ဆောက်စေ၍ ကျွန်တော့်အိမ်တွင်ရှိသမျှစာအုပ်များကို လှူဒါန်းရန်ပြောကြားပါသည်။ ကျွန်တော်လည်း အဖေ့ဆန္ဒအတိုင်း စာကြည့်တိုက်ဆောက်၊ စာအုပ်များနှင့် မဂ္ဂဇင်း၊ ဂျာနယ်များလှူဒါန်းပြီး စာကြည့်တိုက်ဖွင့်လိုက်ပါသည်။ စာကြည့်တိုက်ဖွင့်ပွဲသို့ ခရိုင်နှင့်မြို့နယ် ပြန်/ဆက်အရာရှိများကိုယ်တိုင်လာရောက်ဖွင့်ပေးခဲ့ပါသည်။ အဖေ့ဆန္ဒတစ်ခုပြည့်ခဲ့ပြန်ပါသည်။

အဖေဖြစ်စေချင်သောတတိယဆန္ဒမှာ ရွာရှိ အသက် ၈၀ အထက် အဘိုးအဘွားများကို သက်ကြီးပူဇော်ပွဲလုပ်ရန်ဖြစ်ပါသည်။ ဤဆန္ဒကို ကျွန်တော်တစ်ဦးတည်းဖြင့် ပထမအကြိမ်ဆောင်ရွက်ခဲ့ရာ အဘိုးအဘွား ၁၄ ဦးအား ကန်တော့နိုင်ခဲ့ပါသည်။ အဖေသည် ရွှင်ပြုံးပျော်၍နေပါသည်။

နောက်ထပ်ဖြစ်စေချင်သောဆန္ဒများမှာ ဆေးပေးခန်းတစ်ခု၊ နာရေးကူညီမှုအသင်းတစ်ခုတည်ထောင်ရန်ဖြစ်ပါသည်။ ထိုဆန္ဒနှစ်ခုလုံးကို ရွာမှညီငယ်များနှင့် တိုင်ပင်၍ ကျွန်တော်က ကျပ်ငွေ ၅၀,၀၀၀ မတည်ပြီး နာရေးကူညီမှုအသင်းကို ဖွဲ့စည်းစေပါသည်။ ဆေးပေးခန်းတစ်ခုဖြစ်မြောက်ရေးအတွက် ကျေးရွာမှ မြေနှင့်အဆောက်အအုံကိုဆောက်လုပ်လှူဒါန်းခြင်းဖြင့် ဆေးပေးခန်းဖြစ်မြောက်လာပါသည်။

ဆေးပေးခန်းအတွက် ဆရာမတစ်ယောက်ကို မြို့နယ်ကျန်းမာရေးဦးစီးမှူးက စီစဉ်ပေးပါသည်။ ဆရာမနှင့် ဆေးအချို့ရရှိသော်လည်း ဆေးပေးခန်းအတွက် ကိရိယာတန်ဆာပလာများတော့မရပါ။ သို့ဖြစ်၍ ဆေးပေးခန်းတွင်အသုံးပြုရန် ကိရိယာတန်ဆာပလာ ၂၇ မျိုးကို ကျွန်တော်ကဝယ်၍ လှူဒါန်းပေးရာ ကျေးရွာဆေးပေးခန်းကလေးတစ်ခု ဖြစ်သွားပါတော့သည်။

နာရေးကူညီမှုအသင်းကို ငွေကျပ် ၅၀,၀၀၀ နှင့် စတင်တည်ထောင်သော်လည်း အလုပ်ဖြစ်အောင်တော့ လုပ်နေကြပါသည်။ ကျေးရွာရှိညီငယ်များက ဦးဆောင်၍ ရွာတွင်းရှိ အိမ်ခြေအားလုံးကို စည်းရုံးကြပါသည်။ သူတို့စည်းရုံးပုံမှာ နာရေးတစ်ခုပေါ်ပေါက်ပါက အိမ်တိုင်းအိမ်တိုင်းက ဆန်တစ်ပြည်၊ ငွေကျပ် ၁၀၀ လှူရန်ဖြစ်ပါသည်။ အိမ်ခြေ ၂၅၀ ရှိ၍ ဆန်ပြည်ပေါင်း ၂၅၀ (၁၅ တင်း) ခန့်ရရှိပြီး ငွေကျပ် ၂၅,၀၀၀ ရရှိပါသည်။ ထိုရရှိသောအလှူငွေနှင့် ဆန်နှင့်ပင် နာရေးအထောက်အကူဖြစ်ပြီး ချမ်းသာသူများအတွက် မိမိအိမ်မှ ထပ်မံစိုက်ထုတ်၍ ကျွေးမွေးလှူဒါန်းပြီး ဈာပနတစ်ခုကိုပြီးမြောက်အောင် ဆောင်ရွက်နေကြသည်ကို တွေ့ရှိရပါသည်။

ကျွန်တော် ရေးသားဖော်ပြခဲ့သောအဖေ့ဆန္ဒအရ အကောင်အထည်ဖော်ရသောကိစ္စများသည် ကျွန်တော့်အတွက် ကုသိုလ်ရေးများဖြစ်ခဲ့ရပါသည်။ ကျွန်တော့်အဖေ ကွယ်လွန်သွားသောအခါ အဖေဖြစ်စေချင်၍ ဖြစ်အောင်ဆောင်ရွက်ပေးခဲ့သောလူမှုရေးကိစ္စအဝဝသည် ဆက်လက်ရှင်သန်နေရန် ကျွန်တော့်ကို တိုင်ပင်ကြပါသည်။ ကျွန်တော်လည်း တတ်နိုင်သောအင်အားအတွင်းမှ အမြဲတစေကူညီပံ့ပိုးနေရပြန်ပါသည်။ ဤသို့ကူညီပံ့ပိုးမှုများအတွက် တစ်နှစ်လျှင် နှစ်ခေါက်သုံးခေါက်

**ကန်တော့ကြမည့်သူများနှင့် ကန်တော့ခံအဘွားဒေါ်အေးကြည်**





www.foreverspace.com.mm

ရွာသို့ပြန်ရပြန်သည်။ ယခုတစ်ခေါက်သွားရသည့်သက်ကြီးပူဇော်ပွဲကို နှစ်စဉ်မပျက်ဆောင်ရွက်ခဲ့ရာ ယခုနှစ်ပါဆိုလျှင် (၆) ကြိမ်မြောက်ဖြစ်၍ အဘိုးအဘွား ၂၁ ဦးဖြစ်လာပါသည်။

အဖေသည် သူလုပ်လိုသော ရပ်ရေး၊ ရွာရေး၊ လူမှုရေးတွေကို အကောင်အထည်ဖော်ခိုင်းနေသည့်အချိန်တွင်ပင် ရွာဦးဘုန်းတော်ကြီးကျောင်း မီးလောင်ခဲ့သည်။ ဘုန်းတော်ကြီးကျောင်းမှာ သေးသေးကွေးကွေးမဟုတ်ပါ။ ကျွန်းတိုင်ကြီးပေါင်း ၈၀ ခန့်ရှိပြီး ရှေးဟောင်းအမွေအနှစ် ဖြစ်ပါသည်။ ရွာသူရွာသားများ ဝမ်းနည်းပက်လက်ဖြစ်နေသည်မှတစ်ပါး ဘာမှမလုပ်တတ် မကိုင်တတ်ဖြစ်နေပါသည်။ ကျွန်တော့်ညီက ဖုန်းဆက်၍ ရွာကိုပြန်လာပြီး ဦးဆောင်ဦးရွက်လုပ်ပေးရန်ပြောပါသည်။ ကျွန်တော်နှင့်အဖေ ရွာသို့သွား၍ ချက်ချင်းရွာသူ၊ ရွာသားတွေစုဆောင်းစေပြီး ဆွေးနွေးတိုင်ပင်ကြပါသည်။ ကျေးရွာသူ၊ ရွာသားများ သဘောပေါက်လောက်သည့်အခါ "ဒီရွာကိုဘိုးဘွားတွေက တည်ထောင်ခဲ့တာမို့ ဆွေမျိုးတွေချည်းပဲဖြစ်တယ်။ ဒီဆွေမျိုးတွေ စုပေါင်းပြီး ဒီကျောင်းကြီးကို ပြန်ဆောက်မှဖြစ်မယ်။ ဒါကြောင့် ဆွေမျိုးတွေ ခုလိုစုမိတုန်း အလှူငွေဆန္ဒပြုကြပါ။ အဲဒီအလှူရငွေနဲ့ ဒီကျောင်းကြီးဆောက်လုပ်ရေးကို စမယ်။ ကျွန်တော်က ကျပ် . . . . . လှူပါတယ်" ဟု ပြောလိုက်သောအခါ ရွာရှိဆွေမျိုးများ လှုပ်လှုပ်ရွရွဖြစ်လာကြပါသည်။ ကျွန်တော် က "ကဲ ကဲ ဆန္ဒပြုကြပါ" ဟု ပြောလိုက်သောအခါ ရွာမှဆွေမျိုးများ တစ်ဦးပြီးတစ်ဦး ဆန္ဒပြုကြပါသည်။ ဤစည်းရုံးရေးပွဲတစ်ခုအတွင်း ကျပ် သိန်း ၄၀ ခန့်ရရှိ၍ ကျောင်းဆောက်လုပ်ရေးကို စတင်ဆောင်ရွက်ရန်ပြောပြီး ညနေပိုင်းတွင် ရန်ကုန်သို့ ပြန်ခဲ့ပါသည်။ ခြောက်လခန့်ကြာသောအခါ အလှူငွေများ တိုးတက်ရရှိကြောင်း ညီငယ်က အကြောင်းကြားပါသည်။


ကျွန်တော်နှင့်အဖေသည် ဒီကျောင်းကြီးဖြစ်မြောက်ရေးကို အထူးပူပန်နေကြပြီး ရွာသို့ သုံး၊ လေးခေါက်ပြန်၍ စည်းရုံးကြပါသည်။ တစ်နှစ်ပြည့်မြောက်သောအချိန်တွင် ကျောင်းကြီးကိုထူမတ်ပြီး ထုပ်၊ လျောက်၊ ဒိုင်းမြားတပ်ဆင်ပြီးသွားပါသည်။ သို့သော် အမိုးမိုးရန်ခက်ခဲနေပါသည်။ ရွာရှိ ညီများက ရွာကိုပြန်လာပြီး စည်းရုံးရေးလုပ်ပေးရန် ပြောလာပြန်သည်။ ဤတွင် ရွာသို့သွား၍ ရွာလုံးကျွတ်ခေါ်ယူပြီး ဆွေးနွေးကြပြန်ပါသည်။

ကျွန်တော်ကရွာရှိ ရွာသူရွာသားဆွေမျိုးများအား အိမ်တိုင်း သွပ်ပြားလှူရန်ပြောပါသည်။ ရွာသားများက အချို့အလွန်ဆင်းရဲ၍ မလှူနိုင်ကြောင်းပြောပါသည်။ ဤသတင်းကြားရသော ကျွန်တော်က ဤရွာတွင် အိမ်ခြေပေါင်း ၂၅၀ ခန့်ရှိရာ အိမ်ခြေ ၅၀ ကို လုံးဝအလှူမခံရန်၊ ကျန်အိမ်ခြေ ၂၀၀ ကို ၅၀ စီ အုပ်စုလေးစုခွဲရန် အုပ်စုလေးစုတွင် ပထမအုပ်စုက ချမ်းသာသူ၊ ဒုတိယအုပ်စုက စီးပွားရေးပြေလည်သူ၊ တတိယအုပ်စုက စားနိုင်သောက်နိုင်အဆင့်နှင့် စတုတ္ထအုပ်စုက စေတနာရှိသူ စသည်ဖြင့် အုပ်စုခွဲပေးလိုက်ပါသည်။ ထိုအုပ်စုတွင်းမှ ချမ်းသာသူများ သွပ်သုံးချပ်လှူပါ။ စီးပွားရေးပြေလည်သူ ဒုတိယအုပ်စုက သွပ်နှစ်ချပ်လှူပါ။ တတိယအုပ်စု သွပ်တစ်ချပ်လှူပါ။ ကျန်အုပ်စုက လှူနိုင်ရင်လှူပါ။ မလှူနိုင်လျှင် မလှူပါနှင့်ဟုပြောသောအခါ လှူကြပါသည်။ စာရင်းရေးဆွဲလိုက်သောအခါ သွပ်အချပ်ရေ ၃၀၀ ခန့်စာရင်းထွက်လာပါသည်။ ကျွန်တော်သည် ကျွန်တော်လှူရမည့်ငွေ . . . . ကို လှူပြီး နှုတ်ဆက်စကားပြောဆို၍ ရွာမှ ပြန်လာခဲ့ပါသည်။ သုံးလေးလကြာသောအခါ ကျွန်တော့်ညီငယ်ထံမှ သတင်းစကားကြားရပါသည်။ "အစ်ကိုရေ အစ်ကိုစီစဉ်တဲ့အတိုင်း ကျောင်းကြီးကို အမိုးမိုးပြီးပါပြီ။ သွပ်လည်း ၂၅ ချပ် ပိုနေပါတယ်။ ရွာကလူတွေအားလုံးက ဝမ်းသာနေကြပြီး အစ်ကို့ကိုကျေးဇူးတင်ကြောင်း ပြောနေကြတယ်" ဟု ညီငယ်စကားကြောင့် ဝမ်းသာရပါသည်။ ယခု သုံးနှစ်ကျော် စုပေါင်းလှူဒါန်းကြတဲ့အတွက် ကျောင်းကြီး ပြီးသွားပါပြီ။

အဖေကွယ်လွန်သွားပြီးနောက် အဖေ့ ဆန္ဒများဖြင့် ဆောင်ရွက်ခဲ့ရသော လူမှုရေးနောက်ဆက်တွဲများကို ကျွန်တော် ဆက်လက်သယ်ပိုးနေရပါသည်။ 'ချစ်သူများနှင့်ခရီးသွားခြင်း' ဆောင်းပါးသည် အဖေ့ဆန္ဒများကို ဆက်လက်ဆောင်ရွက်ရန် သွားခြင်းဖြစ်ပါသည်။

၂၀၀၉ ခုနှစ် ဧပြီလ ၁၇ ရက်နေ့ မြန်မာနှစ်ဆန်း ၂ ရက်နေ့တွင် ကျွန်တော်နှင့်အဖွဲ့ ရန်ကုန်မှ ခရီးထွက်လာသည်။ ကျွန်တော်တို့အဖွဲ့တွင် လူ ၂၀ ပါ၍ Light Truck တစ်စီးငှားရပါသည်။ ကားပေါ်တွင်

**နွားလှည်းကိုယ်စီဖြင့် ရန်ကုန်သူများ**



သားသမီးများ၊ မြေးများ၊ ကျွန်တော့်တပည့်များပါပြီး ကျွန်တော့်မိသားစုပါ စုစုစည်းစည်းသွားရ၍ ပျော်နေပါသည်။ ပါလာသူအားလုံးက မရောက်ဖူးသော တောရွာသို့ ကားနှင့်သွားရခြင်းအတွက် ဝမ်းသာနေကြပါသည်။ ကျွန်တော်တို့သည် ရန်ကုန်မှ တိုက်ကြီးမြို့၊ သာယာဝတီတို့ကိုဖြတ်၍ လက်ပံတန်းမြို့ကားဂိတ်တွင် ခေတ္တနားကြပါသည်။ လက်ပံတန်းမှထွက်ခွာပြီး ကျွန်တော်တို့မြို့ရောက်သောအခါ ညီငယ်က မုန့်ကြွပ်ခေါက်ဆွဲများပြင်ဆင်၍ စောင့်နေပါသည်။ နံနက်စာကို ညီငယ့်အိမ်တွင် စားကြပြီး မြို့မှရွာသို့ ခုနစ်မိုင်ခရီး ဆက်ကြပါသည်။ ထိုခရီးသည် ပါလာသူအားလုံးအတွက် အပျော်ဆုံးခရီး ဖြစ်ပါသည်။ မြို့မှထွက်ခွာ၍ သုံးမိုင်ခန့်အရောက်တွင် ကားလမ်းရေကျော်နေ၍ ကားပေါ်မှဆင်းကြပါသည်။ နွေခေါင်ခေါင်ကားလမ်း ရေကျော်နေသည်ဆိုခြင်းမှာ ထူးဆန်းနေပါသည်။ သေချာစွာမေးမြန်းသောအခါ ဆည်ရေများလွှတ်ထား၍ ရေကျော်နေခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့အဖွဲ့သားအားလုံး ရေကျော်နေသောတာကို ခြေလျင်လျှောက်ကြပါသည်။ ပါလာသောကားကို အမျိုးသားများနှင့် ရွာသူရွာသားများအကူအညီဖြင့် ဖြတ်ကျော်လိုက်ပါသည်။ ရေကျော်ကိုဖြတ်ကျော်ပြီး ပါလာသူအားလုံး ကားပေါ်ပြန်တက်၍ ခရီးဆက်ကြပြန်ပါသည်။ နံနက် ၁၁ နာရီကျော်တွင် ရွာသို့ရောက်သွားပါသည်။ ရွာတွင် ကျွန်တော့်မမကြီးနှင့် ညီအစ်ကိုမောင်နှမများ ဆီးကြိုနေကြပါသည်။ ကျွန်တော်တို့ ခေတ္တမျှနားနေပြီး ကိုယ်လက်သန့်စင်ပြီးနောက် နံနက်စာ ထမင်းစားကြပါသည်။ မောင်တစ်ယောက်သားသမီး မြေးများ တပည့်များနှင့် ရွာကိုလာမည်သိ၍ ချက်ထားသောဟင်းများမှာ ဝက်သား၊ ကြက်သား၊ ဘဲသား၊ ငါးနှင့် ငါးပိရည်တို့စရာအစုံကို ဟင်းရည်သောက် အချဉ်ဖြည့်စွက်ထားရာ ထမင်းမြိန်လှပါသည်။ ပါလာသော ရန်ကုန်သူ၊ ရန်ကုန်သားများ ဦးခေါင်းမဖော်နိုင်အောင်ပင် မြိန်ကြပါသည်။ တစ်ဦးနှင့်တစ်ဦး "ဟဲ့ နင့်ပန်းကန်များပေါက်နေသလား။ ထမင်းတွေ ခဏခဏထည့်နေပါလား" ဟု နောက်ပြောင်ရသည်အထိ ဖြစ်ပါသည်။


ကျွန်တော်နှင့် ညီအစ်ကိုဧည့်သည်များကတော့ နောက်ဆုံးမှစားကြပါသည်။ အကြောင်းက ယောက်ဖကြီးစီစဉ်ထားသော ထန်းရည်စစ်စစ် (ချို ပြင်း) မှာ သောက်၍မဝ တစ်ခွက်ပြီးတစ်ခွက်လက်ကမချဘဲ သောက်နေသောကြောင့်ပင်။ "ဒီထန်းရည်မျိုး ရန်ကုန်မှာမရှိဘူး" ဟု တစ်ယောက်ကဆိုပါသည်။ "ဘယ်ရှိမလဲကွ။ ဒီထန်းပင်က ဒီရွာမှာပဲရှိတာ" ဟု ပြန်ပြောသောအခါ ရယ်ရပြန်ပါသည်။ ကျွန်တော်တို့ဝိုင်းကိုရပ်၍ ထမင်းစားရန် မမကြီးက ပြောသောအခါ ကျွန်တော်တို့အားလုံး ရီဝေဝေဖြစ်နေကြပေပြီ။

ကျွန်တော်တို့အားလုံး ထမင်းစားပြီးသောအခါ ကိုယ်ပိုင်အချိန်ပေးထားပါသည်။ တစ်ရွာလုံးရှိဆွေမျိုးများ အိမ်သို့လည်ပတ်စေပါသည်။ ကျွန်တော်တို့ရွာရှိ ဘုန်းတော်ကြီးကျောင်း၊ အလယ်တန်းကျောင်း၊ ဆေးပေးခန်း၊ စာကြည့်တိုက်များသို့ အသီးသီး သွားရောက်ကြပါသည်။ အချို့သောမြို့သူများက ကျွန်တော့်အဖေခြံတွင် မာလကာ၊ သံပုရာ၊ ငှက်ပျော၊ အုန်းနှင့်ဟင်းသီးဟင်းရွက်ပင်များကို လိုက်လံကြည့်ရှု၍ ဓာတ်ပုံရိုက်၊ ဟင်းရွက်ခူး၊ သစ်သီးခူးပြီး ပျော်နေကြပါသည်။ ခြံ၏နောက်ပိုင်းတွင် ရေကန်တစ်ခုရှိရာ ထိုရေကန်ကိုလည်း သဘောကျ၍ ဓာတ်ပုံရိုက်လာသည်။ သွားလာလှုပ်ရှား၍ မောသွားသောအခါ ခေတ္တနားနေကြပါသည်။

ကျွန်တော့်ယောက်ဖနှင့် မမကြီးတို့သည် မမောမပန်းနိုင်သေးဘဲ နေ့လယ်နေ့ခင်းစားသောက်ရန် ရေနွေး၊ လက်ဖက်များ စီစဉ်နေရာ ပါလာသူ မြို့သူများက လက်ဖက်မစားလိုကြောင်း၊ သစ်သီးများသာစားလိုကြောင်းပြော၍ မာလကာသီး၊ ငှက်ပျောသီးနှင့် အုန်းသီးများကို စီစဉ်ပေးရပါသည်။ အဖေ့ခြံအတွင်းတွင် အုန်းပင်ပေါင်း ၂၀ ခန့် ရှိရာ အုန်းတစ်ပင် အသီး ၆၀ ကျော်သီး လျက်ရှိပါသည်။ ရန်ကုန်သူ၊ ရန်ကုန်သားများက အုန်းသီးနုနုကိုစား၍ အုန်းရည်သောက်မည်ပြောရာ အုန်းပင်နှစ်ပင်မှခူးယူသော အုန်းသီးများမှာ ၁၀၀ ခန့်ရှိရာ စားမကုန်သောက်မကုန်ပင်။ ဒီတွင်မရပ်သေးပါ။ ရန်ကုန်သို့ယူသွားရန်ဆိုပြီး အုန်းသီး ၄၀ ကို အပေါ်အခွံသင်၍ ပီနံအိတ်တွင် ထည့်ထားပေးပါသည်။ ကျွန်တော်တို့အားလုံး "တော်ပါပြီ။ ဘာမှမကျွေးပါနဲ့။ ညစာမစားနိုင်ဖြစ်တော့မယ်" ဟု ပြောရပါသည်။

ကျွန်တော်တို့ရွာသို့ပါလာကြသော

**ရေကျော်နေသော သပြုပြင်ရွာအနီး လမ်းတစ်နေရာ**




www.foreverspace.com.mm

ကျွန်တော့်တပည့်များမှာ မိန်းကလေးငယ်များဖြစ်၍ တောရွာခလေ့တွင် ပျော်နေကြပါသည်။ ညနေစောင်း ၅ နာရီခန့်တွင် တပည့်များက နွားလှည်းစီးလိုသည်ပြော၍ နွားလှည်းနှစ်စီးပြင်ဆင်ပြီး ပါလာသူအားလုံးလှည်းပေါ်တက်စေကာ ရွာဦးဘုန်းတော်ကြီးကျောင်း၊ အလယ်တန်းကျောင်းနှင့်ဆေးပေးခန်းများကို လှည့်လည်ဖူးမြော်ကြည့်ရှုပြီး ရွာကိုနွားလှည်းဖြင့် တစ်ပတ်ပတ်ကြပါသည်။ ကျေးရွာသဘာဝနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်နေသော ရှူခင်း၊ ပဲခူးရိုးမတောင်ပြာပြာနှင့် ယာခင်းများကိုကြည့်ရှု၍ ပျော်ရွှင်နေကြပါသည်။ အိမ်သို့ပြန်ရောက်သောအခါ ရေမိုးချိုး၍ ညစာစားရန်ပြင်ဆင်ကြပါသည်။

ညစာကို ကျွန်တော့်ညီငယ်က ညစာစားပွဲပုံသဏ္ဌာန်တည်ခင်းဧည့်ခံပါသည်။ ရွာမှ ညီ၊ ညီမများနှင့် ရန်ကုန်မှပါလာသောဧည့်သည်များ တစ်ဦးနှင့်တစ်ဦး မိတ်ဆက်ကြပါသည်။ မိတ်ဆက်ပြီးသောအခါ Whisky တစ်ပက်စီကို သောက်ကြပြီး ညစာစားပွဲကိုဆင်နွှဲကြပါသည်။ ကြက်သားနှင့်ပဲကိုချက်၍ ဘာလချောင်ကြော်၊ ဟင်းရွက်ကြော်၊ ဝက်သားဆီပြန်၊ ဘဲဆီပြန်နှင့် စားသောက်ကြရသည်မှာ ထမင်းမြိန်၍ ပျော်စရာကောင်းလှပါသည်။ မြို့ပေါ်ဟိုတယ်များတွင် ညစာစား၍ကောင်းသလို အဖော့ခြံတွင်းမှ သစ်ပင်များကြားတွင် ညစာစားပွဲကျင်းပရသည်မှာ ပျော်စရာတစ်မျိုးဖြစ်ပါသည်။ ကျွန်တော့်ကို ညီအစ်ကိုမောင်နှမများမှာ ဒီလိုပွဲမျိုးတစ်နှစ်လျှင် တစ်ကြိမ်သာကြုံရ၍ ချက်ပြုတ်ကျွေးမွေးသည်ကို မောရပန်းရမှန်းမသိဘဲ ပျော်နေကြပါသည်။ ထူးခြားသည်မှာ တောရွာဖြစ်သော်လည်း ကိုယ်ထူကိုယ်ထလျှပ်စစ်မီးများထိန်ထိန်လင်းနေခြင်းပင်ဖြစ်ပါသည်။ နောက်တစ်နေ့နံနက်စောစောတွင် သက်ကြီးပူဇော်ပွဲရှိ၍ ကျွန်တော်တို့ စောစောအိပ်ကြပါသည်။

နှစ်ဆန်း ၃ ရက်နေ့ နံနက်တွင် သက်ကြီးပူဇော်ပွဲကျင်းပကြပါသည်။ ရွာတွင်းရှိ အဖေ့ညီအစ်ကိုမောင်နှမများဖြစ်ပါသည်။ စုစုပေါင်း ၂၁ ယောက်ဖြစ်ပါ သည်။ နံနက်စောစောဖြစ်၍ အဘိုးအဘွားများကို လက်ဖက်ရည်၊ ကော်ဖီ၊ ကိတ်မုန့်၊ ဆနွင်းမကင်းမုန့်များဖြင့် ဧည့်ခံကျွေးမွေးရာ အဘွားတစ်ဦးက "လူလေးရယ် တို့က ဒီအစားအစာတွေ မစားတတ်ဘူး။ စားလည်းမစားဖူးဘူး။ တို့က မုန့်ဟင်းခါးကိုပဲ စားတတ်တာ။ နေ့တိုင်းတော့ နံနက်စာကို ထမင်းကျန်ကြော်ပြီး၊ ပဲပြုတ်နဲ့စားကြတာ" ဟု ပြောပါသည်။ ကျွန်တော်က "အဘွားတို့မစားဘူးလို့ စားဖူးအောင် စီစဉ်လာတာ။ ရန်ကုန်မြို့မှာ ရွှေပုစွန်မုန့်တွေက နာမည်

စုပေါင်းလှူဒါန်းထားသော ကျေးရွာဘုန်းတော်ကြီးကျောင်း



ကြီးတယ်။ စားစေချင်တယ်" ဟု ပြန်ပြောရပါသည်။

ကျွန်တော်တို့ညီအစ်ကိုမောင်နှမများသည် ရန်ကုန်မှပါလာသော သားသမီးမြေးများ၊ တပည့်များနှင့်အတူ လက်အုပ်ချီ၍ ကန်တော့ကြပါသည်။ ကျွန်တော့်မိသားစုနှင့် ညီအစ်ကိုမောင်နှမများက လှူဖွယ်များဖြစ်သော မျက်နှာသုတ်ပဝါ၊ လုံချည်အင်္ကျီနှင့် ဝတ္ထုငွေများကို ပေးအပ်၍ အဘိုးအဘွားများကို ဆုံးမဩဝါဒစကားပြောကြားပေးပါရန်ပြောရာ အဖေ့ညီတစ်ဦးဖြစ်သော ကန်တော့ခံဘထွေးက "မောင်မောင်တင် မင်းတို့က ဆုံးမဩဝါဒပေးရမယ့်လူတွေမဟုတ်ဘူး။ ပညာတတ်တွေ၊ မျက်စိကြီးနားကြီးတွေကွ။ အဲဒီတော့ အားလုံးသိပြီး၊ ကြားပြီး၊ နားလည်ပြီးပြီလို့ ငါထင်တယ်။ ဒါပေမဲ့ ပိုတယ်တော့မဟုတ်ဘူး။ အမြဲမပြတ်သတိထားရမယ့် ဒီစကားစုလေးကို ပေးလိုက်မယ်။ နားထောင်ကြ။ "မဂ္ဂင်ရှစ်ပါးတဲ့။ (၁) သမ္မာဒိဋ္ဌိ=မှန်စွာသိမြင်မှု၊ (၂) သမ္မာသင်္ကပ္ပ= မှန်စွာကြံစည်မှု၊ (၃)သမ္မာဝါစာ=မှန်စွာပြောဆိုမှု၊ (၄) သမ္မာကမ္မန္တ=မှန်စွာပြုလုပ်မှု၊ (၅) သမ္မာအာဇီဝ=မှန်စွာအသက်မွေးမှု၊ (၆) သမ္မာဝါယမ= မှန်စွာကြိုးစားအားထုတ်မှု (၇) သမ္မာသတိ = မှန်စွာသတိရှိမှု၊ (၈) သမ္မာသမာဓိ= မှန်စွာစူးစိုက်တည်ငြိမ်မှုဆိုတဲ့တရားဟာ ကိလေသာတို့ကိုဖျက်ဆီးပြီး ဝဋ္ဋဆင်းရဲချုပ်ငြိမ်းတယ်။ နိဗ္ဗာန်ရောက်စေနိုင်တဲ့တရားဆိုတာ မှတ်ထား။ အဲဒီအတိုင်းကျင့်ကြံကြိုးစားပေတော့" တဲ့။ ဘထွေးက သူ့ဩဝါဒကို အဆုံးသတ်လိုက်ပါတယ်။ ဘထွေးပြောပြီးသောအခါ ကျန်အဘွားများက ဆုပေး၍ အခမ်းအနားကိုအဆုံးသတ်လိုက်ကြပါသည်။

ကျွန်တော်နှင့်အဖွဲ့သည် နေ့လယ်စာထမင်းစားချိန်ပြန်ကြမည်ဖြစ်၍ ၁၁ နာရီအထိ အားလပ်ချိန်ပေးထားရာ အဖေ့ခြံတွင်းမှ သံပုရာ၊ မာလကာ၊ ဆူးပုပ်၊ ရှမ်းနံနံနှင့် ရင်းတိုက်ရွက်၊ ပဒပ်စာဖူးများ ခူးနေကြပါသည်။ ရှမ်းနံနံများမှာ များလွန်း၍ ပီနံအိတ်နှင့်ထည့်ကာ သယ်ယူကြပါသည်။

www.foreverspace.com.mm



ကျွန်တော့်မမကြီးက ကလေးတွေစားရန်ဟုဆိုကာ သရက်သီးအလုံး ၅၀ ကို အိတ်နှင့် ထည့်ထားပေးပြန်ပါသည်။ စောစောပိုင်းကတည်းကလည်း အုန်းသီးများ အခွံသင်၍ အလုံး ၄၀ ခန့် အိတ်နှင့်ထည့်ထားပါသေးသည်။

ထမင်းစားချိန်ရောက်၍ လူစုပြီးသော အခါ မမကြီးအိမ်တွင် ထမင်းစားရန်မဟုတ်ဘဲ ညီမငယ်(ကျွန်တော်တို့ညီအစ်ကိုမောင်နှမခြောက်ယောက်တွင် အငယ်ဆုံး)က နေ့လယ်စာကျွေးမည်ဖြစ်သည်။ ကျွန်တော့်ညီမငယ်က "မောင်မောင်လာတုန်း၊ လူတွေလည်းစုံတုန်း ထမင်းကျွေးချင်တယ်" ပြောရာ ကျွန်တော်က "ညီမလေးလူတွေကအများကြီး၊ မမကြီးအိမ်မှာပဲဝိုင်းပြီး ချက်ပြုတ်စားလိုက်ပါလား" ပြောတော့ "မောင်မောင့်အဖွဲ့က မများပါဘူး။ ညီမလေးက အဖေ့ညီအစ်ကိုမောင်နှမတွေပါကျွေးမှာ လူ ၅၀ လောက်မှန်းထားတယ်" ဆို၍ လက်ခံလိုက်ရပါသည်။ ကျွန်တော်တို့မောင်နှမစကားပြောနေစဉ် ယောက်ဖကြီးက ဝင်ပြောလာပြန်သည်။ "မောင်မောင်တင် မင်းတို့အဖွဲ့လောက်တော့ အပျော့ပေါ့ကွာ။ တို့က ဒီလိုအဖွဲ့တွေနဲ့ မင်းလာတာမျှော်နေတာ။ နောက်လည်း လိုက်ချင်တဲ့ကလေးတွေ ခေါ်လာခဲ့ပါ။ ဘယ်လောက်များများ ငါတာဝန်ယူတယ်။ တို့မှာ ဒီလိုကျွေးဖို့ရာဖွေထားတာ။ ကလေးတွေပျော်နေတာမြင်တော့ တို့လည်းဝမ်းသာနေတာကွ" ဟု ပြောပါသည်။

ကျွန်တော်တို့အဖွဲ့ ညီမလေးအိမ်ရောက်တော့ လူတွေအတော်စုံနေပါသည်။ အဖေ့ညီများ၊ အဖေ့ခယ်မများ၊ တူ၊ တူမများနှင့် ကျွန်တော့်အဖွဲ့ပေါင်းလိုက်သော အခါ လူ ၅၀ ခန့်ပင်ရှိပါသည်။ ထမင်းစားပွဲဝိုင်း လေးဝိုင်းပြင်ထား၍ အတော်ဖြစ်ပါသည်။ လူကြီးများနှင့် ကျွန်တော့်ရန်ကုန်အဖွဲ့က အရင်စားပါသည်။ နောက်တစ်သုတ်ပြင်၍ စားပြီးသောအခါ ၁၂ နာရီခွဲသွားပါသည်။ လက်ဖက်ရည်ကြမ်းဝိုင်း၊ လက်ဖက်သုပ်နှင့် စားရင်းသောက်ရင်း စကားပြောနေကြပြီး မွန်းလွဲ ၁ နာရီတွင် ရန်ကုန်သို့ပြန်ရန် ရွာမှထွက်ခဲ့ကြပါသည်။

ရွာမှမြို့သို့အပြန် ကားပေါ်တွင် ပါသူအားလုံးပျော်နေကြပါသည်။ ရွာမှမြို့အပြန်လမ်းတစ်လျှောက် နွေခေါင်ခေါင် ရေများပြည့်လျှံနေသော လယ်မြေများ၊ ရေကန်များနှင့် စိမ်းလန်းစိုပြည်နေသော လယ်မြေများကို မြင်ရသည်မှာ စိတ်ကြည်နူးဖွယ်ရာ ဖြစ်ပါသည်။ ပဲခူးရိုးမတောင်ခြေမှ ကျွှာစေတီတော်ဖြူဖြူသည် နောက်ခံပဲခူးရိုးမပြာပြာနှင့် ထင်းထင်းကြီးပေါ်နေသည်ကို ဖူးတွေ့ရပါသည်။ တစ်လမ်းလုံးပျော်မဆုံးစကားတပြောပြောနှင့်လာခဲ့ရာ အလာတုန်းက လမ်းရေကျော်နေသော ရွာသို့ရောက်လာပါသည်။ ပါလာသူအားလုံးကားပေါ်မှဆင်းကြပြီးလမ်းလျှောက်ကြပါသည်။ ကားကူးရန် အနီးရှိပွဲရုံမှ အသိများ အကူအညီတောင်းပြီး ဖွဲပြာအိတ်များစီတန်းချကာ ကားကို ဝိုင်းတွန်း၍ ဖြတ်ကျော်လိုက်ကြပါသည်။ လူငယ်များဓာတ်ပုံရိုက်နေစဉ် ဒီရေကျော်လမ်းကို ဘယ်လိုလုပ်ရမလဲဟု စဉ်းစားနေမိပါသည်။ မြို့ရောက်သောအခါ ညီငယ်အား "ညီလေး ရေကျော်နေတဲ့နေရာမှာ တံတားဆောက်ပြီး ရေလွှဲရင် ဘယ်လောက်ကုန်မလဲ" မေးရာ "သုံးသိန်းကျော်၊ လေးသိန်းလောက်တော့ ကုန်မယ်ထင်တယ်" ပြောပါသည်။ "ဒါဖြင့် အစ်ကို မတည်ခဲ့မယ်။ ရော့ တစ်သိန်း၊ စေတနာရှိတဲ့လူတွေကို အလှူခံကြည့်ကွာ။ မလောက်ရင် အစ်ကို ထပ်ထည့်ဦးမယ်" ပြော၍ ငွေတစ်သိန်းမတည်ခဲ့ပါသည်။ ကျွန်တော် ရန်ကုန်ပြန်ရောက်ပြီး သုံးပတ်ခန့်အကြာတွင် တံတားဆောက်လုပ်ပြီးစီးကြောင်း ညီငယ်က အကြောင်းကြားပါသည်။ အစ်ကို မတည်ငွေနှင့် ကျေးရွာမှအလှူရှင်များ စေတနာပေါက်ကြ၍ ပြီးမြောက်သွားခြင်းဖြစ်ကြောင်း သိရပါသည်။

မြို့မှ ရန်ကုန်သို့ ၃ နာရီတွင် ထွက်ခွာခဲ့ပါသည်။ တစ်လမ်းလုံး စိတ်ထဲတွင် ပီတိဖြစ်နေပါသည်။ သွားချင်သော အဖေ့ရွာခရီး၊ ဆွေမျိုးများ၏ ဝမ်းသာပီတိဖြင့် ကြိုဆိုဧည့်ခံမှု၊ ပါလာသောသားသမီး၊ မြေးများ၊ တပည့်ချစ်များ၏ ပျော်ရွှင်ကျေနပ်နေသော မြင်ကွင်းများမှာ မေ့ပျောက်၍ မရနိုင်သော အတွေ့အကြုံများဖြစ်ပါသည်။ ရွာမှ မြို့၊ မြို့မှ ရန်ကုန်သို့ ၁၉၅၈ ခုနှစ်က ထွက်ခဲ့သော ကျောင်းသားဘဝ၊ ကျောင်းပြီး၍ ဝန်ထမ်းဘဝ၊ ဝန်ထမ်းဘဝမှထွက်၍ ကိုယ်ပိုင်လုပ်ငန်းလုပ်နေသောဘဝများတွင် ရန်းကန်လှုပ်ရှားနေရသည်မှာ မနားခဲ့ရပါ။ အဖေနှင့် အမေကိုတွေ့ချင်လျှင် တစ်

**ရွာအလယ်တန်းကျောင်းနှင့် လှူဒါန်းထားသောသောက်ရေကန်**



www.foreverspace.com.mm

နှစ် တစ်ခေါက်၊ နှစ်ခေါက်သာရောက်ပါသည်။ အဖေနှင့်အမေကသာ သားကိုတွေ့ချင်၍ ရန်ကုန်မြို့သို့ အခေါက်ခေါက်အခါခါလာနေရပါသည်။ အဖေနှင့်အမေကို ရန်ကုန်ခေါ်ထားသောအခါတွင်လည်း အိမ်မှရုံး၊ ရုံးမှအိမ်နှင့် နောက်ပိုင်းတွင် ကိုယ်ပိုင်အလုပ်လုပ်သည့်အခါ ပိုဆိုးသွားပါသည်။ ကိုယ်ပိုင်အလုပ်ဖြစ်၍ ပိုကြိုးစားရပြီး နံနက်မိုးလင်းသည်နှင့် အိမ်မှထွက်၊ နံနက်ထမင်းကို ရုံးမှာစား၊ ညနေ ၆ နာရီကျော်မှ အိမ်ကိုရောက်၊ စနေ၊ တနင်္ဂနွေဆိုတာမရှိဖြစ်နေပါသည်။ အမေက "လူလေးရယ် မင်းကိုကြည့်ရတာ ပင်ပန်းလိုက်တာ။ နားနားနေနေလေးလုပ်ပါ" တဲ့။ ကျွန်တော်က မနားနိုင်ပါ။ ကျွန်တော့်လုပ်ငန်းသည် မအောင်မြင်သေး။ ကြိုးစားရဦးမည်ကို ကျွန်တော်သိနေပါသည်။ ယခုတော့ ကျွန်တော့်လုပ်ငန်းများ အောင်မြင်မှုရနေပါပြီ။ အမေက သားအောင်မြင်မှုရနေသည်ကို မမြင်နိုင်တော့ပါ။ အမေကွယ်လွန်ခဲ့သည်မှာ ၁၅ နှစ်ကျော်ခဲ့ပြီဖြစ်ပါသည်။ အဖေကတော့ သားရဲ့အောင်မြင်မှုကို မြင်တွေ့ရပြီး မိမိမွေးရပ်ရွာကို ပြန်ကြည့်ပါ၊ ကူညီပါ၊ ပံ့ပိုးပါ အကြိမ်ကြိမ်ပြော၍ ဤဆောင်းပါးပါ ကုသိုလ်ရေးများ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ အဖေ့ကျေးဇူး၊ အဖေ့မေတ္တာများသည် ဆပ်၍မကုန်နိုင် ဖြစ်ရပါသည်။

ဤ 'ချစ်သူများနှင့် ခရီးသွားခြင်း' ဆောင်းပါးမှာ ကျွန်တော့်အတွက် ထူးခြားသောအတွေ့အကြုံ ဖြစ်ပါသည်။ သမီးတစ်ယောက်၊ သားနှစ်ယောက်နှင့် အတူနေခဲ့ရာမှ ဘဝအချိုးအကွေ့မှာ အမျိုးမျိုးတွေ့ကြုံရပြီး ၁၀ နှစ်ခန့်ဝေးကွာနေရပြီးမှ ယခုအခါ စုစုစည်းစည်း၊ ပျော်ပျော်ရွှင်ရွှင် နေရသည့်အချိန်ဖြစ်ပါသည်။ တစ်ဖက်တွင် လုပ်ငန်းခွင်အတွင်း နှစ်မြုပ်နေရာ တပည့်များနှင့် နီးနီးကပ်ကပ်နေရပြီး တပည့်များကလည်း ကျွန်တော့်အပေါ်မိဘသဖွယ် ခင်မင်ရင်းနှီး၍ တွယ်တာလာကြပါသည်။ ကျွန်တော်ကလည်း လုပ်ငန်းခွင်ပျော်ရွှင်အောင် တူတွေ၊ သားတွေ၊ သမီးတွေကဲ့သို့ ဆက်ဆံခဲ့ရာ ကျွန်တော့်အပေါ်သံယောဇဉ်တွယ်တာ၍ ချစ်ခင်ကြသလို ကျွန်တော်ကလည်း သံယောဇဉ်တွယ်တာ၍ ချစ်ခင်မိပါသည်။ ဤတွင် သားရင်း၊ သမီးရင်းများကဲ့သို့ ချစ်ရသောလူများဖြစ်လာပါသည်။ ယနေ့မိဘရပ်ထံပြန်၍ အလှူဒါနလုပ်မည်ပြောသောအခါ သူလိုက်ချင်၊ ငါလိုက်ချင်နှင့် လူ ၂၀ ခန့်ပါလာသော ကားတစ်စီးသာခေါ်သွားနိုင်ခဲ့ပါသည်။ နောင်အခါရွာသို့သွားသည့်အခါ အားလုံးလိုက်နိုင်အောင် စီစဉ်ပေးမည်ဟု ပြောထားရပါသည်။

ကျွန်တော့်အဖေနှင့် အတူနေသည့် အတောအတွင်း ရွာသို့ရောက်ပါသည်။ အဖေက ရွာပြန်ချင်သည်ပြောလျှင် လိုက်ပို့ရသည်။ ရန်ကုန်ပြန်ချင်သည်ပြောလျှင် သွားခေါ်သည်။ ကျွန်တော့်တွင် ကားရှိနေ၍ ဘတ်စ်ကားမစီးစေချင်ပါ။ အဖေကတော့ "တစ်သက်လုံး ဘတ်စ်ကားနဲ့သွားနေရတာ။ ငါ့ဘာသာဘတ်စ်ကားနဲ့သွားမယ်။ ပြန်မယ်" ပြောပါသည်။ ကျွန်တော်ကတော့ ခုမှအဖေ့ကျေးဇူးတွေဆပ်နေရတာ။ လုပ်နိုင်တာတွေအားလုံး လုပ်ပေးမည်။ အဖေမပင်ပန်းစေရဟု စိတ်ထဲဆုံးဖြတ်ထားသည်။

အဖေ့ကိုကြိုပို့တိုင်း အဖေနှင့် ကျွန်တော်နှစ်ယောက်တည်း သွားကြပြန်ကြပါသည်။ တစ်ခါတစ်ရံ လူကြုံလိုက်ချင်သူတွေ့လျှင် သုံး၊ လေးယောက်သာ ကားပေါ်ပါသည်။ လမ်းခရီးတစ်လျှောက်နားလိုက်၊ မောင်းလိုက်နှင့် သက်သက်သာသာသွားကြပါသည်။ ယခုတစ်ခေါက်တော့ အဖေမပါ။ အဖေမပါသော်လည်း ဖြေသာသည်က သားသမီး၊ မြေးများပါသည်။ ကျွန်တော်ချစ်ရသောတပည့်များ ပါသည်။ သူတို့တစ်တွေ အားလုံးပျော်နေကြပါသည်။ မျက်နှာများ ရွှင်ပြုံးနေကြ၍ ခရီးသွားရခြင်း၏ပျော်မွေ့ဖွယ်အရသာကို ခံစားနေကြရပါသည်။ ကျွန်တော်တို့ ကုသိုလ်ကံကောင်းသည်မှာ ခရီးသွားနေသောနှစ်ရက်တွင် မိုးအုံ့မှိုင်း၍ မိုးနှင်းပေါက်ကျနေပြီး နေပူခြင်းလုံးဝမရှိပါ။ ကျွန်တော်တို့အရပ်သည် ပူပြင်းသောနွေရာသီရှိရာ ကျွန်တော်တို့အဖွဲ့ အပူဒဏ်မခံစားရပါ။ ကျွန်တော်တို့မရောက်ခင်ရက်များအတွင်း မိုးအနည်းငယ်ရွာထား၍ ဖုန်ထူခြင်း၊ ဖုန်မှုန့်များရှုရခြင်းလည်း လုံးဝမရှိပါ။ ကုသိုလ်ရေးသွားသူတစ်စုအတွက် သိကြားမင်းသည် ကြိုတင်သိရှိပြီး နေမပူ ဖုန်မထူအောင် စီစဉ်ပေးထားလေရော့သလား အောက်မေ့ရပါသည်။

အဖေ့ရွာမှအပြန် ကြို့ပင်ကောက်မြို့၊ ကြို့ပင်ကောက်မြို့မှ လက်ပံတန်း၊ သာယာဝတီ၊ ဥက္ကံ၊ တိုက်ကြီး၊ မှော်ဘီမြို့အသီးသီးကို ဖြတ်ကျော်၍ ရန်ကုန်မြို့သို့ ည ၇ နာရီတွင် ဘေးမသီရန်မခဘဲ အေးချမ်းသာယာစွာရောက်ရှိပြီး မကြီးပေးလိုက်သော သစ်သီးလက်ဆောင်များခွဲဝေပေး၍ "အားလုံး Good Night ပါသားတို့ သမီးတို့" ဟု နှုတ်ဆက်ပြီး လူစုခွဲလိုက်ကြပါသည်။

'ချစ်သူများနှင့် ခရီးသွားခြင်း' ဆောင်းပါးမှာ ကျွန်တော်ချစ်ရသော သားများ၊ သမီးများ၊ မြေးများနှင့် တပည့်များနှင့် ခရီးသွားရခြင်းကို ဖော်ပြခြင်းဖြစ်ပါသည်။ ကျွန်တော့်ရွာသည် မြို့နှင့် ခုနစ်မိုင်ဝေး၍ ကျွန်တော်ငယ်စဉ်က ခြေလျင်လျှောက်ရသောခရီးဖြစ်ပါသည်။ ယခုတော့ မြို့မှရွာအထိကားကိုမောင်း၍ သွားနိုင်နေပြီဖြစ်ပါသည်။ ရွာတွင် ကိုယ်ထူကိုယ်ထလျှပ်စစ်မီးနှင့် ထော်လာဂျီ၊ ဆိုင်ကယ်များ တဝီဝီဖြစ်နေသည်မှာ အံ့သြဖွယ်ရာဖြစ်ပါသည်။ ဤဆောင်းပါးကို ရေးသားခြင်းမှာ လယ်သမားကြီး ဦးဟန်ညွန့် (ကျွန်တော့်အဖေ) အား အလွမ်းပြေရေးသားဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

(ဤချစ်သူများနှင့် ခရီးသွားခြင်း ဆောင်းပါးသည် ရန်ကုန်မြို့မှ ၁၂၄ မိုင်ကွာဝေးသော ကြို့ပင်ကောက်မြို့၊ ထိုမှ တစ်ဆင့် ခုနစ်မိုင်ကွာဝေးသော ကျခတ်တန်းကြီးရွာသို့ (၁၈-၄-၂၀၀၉) ရက်နေ့တွင်သွားရောက်ခဲ့သော ခရီးသွားဆောင်းပါး ဖြစ်ပါသည်။)

**မောင်မောင်တင်**
**၇-၆-၂၀၀၉**


www.foreverspace.com.mm

# ပုံပြင်ကျေးဇူး

မြသန်းသန်းနု

**ချော ပုံကို ကျွန်မစတွေ့တဲ့အချိန်က အထက်တန်းကျောင်းသူလေးပဲ ရှိပါသေးတယ်။ ကျောနဲ့ရင်ကပ်လုမတတ် ပိန်ပိန်ပါးပါး သေးသေးသွယ်သွယ် ကလေးမလေး ဖြစ်ပါတယ်။ အခုခေတ် ဘယ်လိုခေါ်မှန်းမသိပေမယ့် ကျွန်မတို့ ငယ်ငယ်က ဂျပန်ဆံတောက်လို့ခေါ်တဲ့ ဂျပန်မလေးတွေရဲ့ နဖူးပြင်တစ်ခုလုံးပေါ်မှာ ဆံစလေးတွေ ညီညီညာညာညှပ်ပြီးချထားတဲ့ ဆံပင်ပုံစံလေးနဲ့ ရိုးရိုးသားသား ချစ်စရာလေးပါ။**

အဲဒီအချိန်က ကျွန်မတို့ အိန္ဒိယနိုင်ငံမှာ အလုပ်လုပ်ဆဲဖြစ်ပါတယ်။ ချောပုံ အဖေ၊ အမေနဲ့ ညီမလေးမီမီတို့ မိသားစုလေးယောက် ကျွန်မညီမအိမ်အနောက်ဘက်အခန်းလွတ်မှာ ခဏလာနေကြတဲ့ ၁၉၉၆ ခုနှစ်လောက်က ချောပုံကို စတွေ့တာဖြစ်ပါတယ်။ အငယ်မလေးမီမီက ကလေးဆိုးဆိုးတယ်လို့ ပြောပေမယ့် ကျောင်းပိတ်ရက်တွေမှာတောင် အိမ်နောက်ဘက်မှာ ကလေးနှစ်ယောက်ရှိတယ်လို့ မထင်ရလောက်အောင် တိတ်တိတ်ဆိတ်ဆိတ်ရှိလှပါတယ်။ ချောပုံတို့ အခန်းဆီက သက်ဝင်လှုပ်ရှားလာတဲ့အချိန်ကတော့ ချောပုံကျောင်းကပြန်ရောက်တဲ့ ညနေချိန်ခါပဲဖြစ်ပါတယ်။ ချောပုံ ကျောင်းကပြန်ရောက်တိုင်း သူ့မေမေက ကျောင်းလွယ်အိတ်ထဲပါသမျှ စာအုပ် ခဲတံဘူးမကျန် တစ်ခုချင်း စာအုပ်တစ်အုပ်ချင်း မွှေနှောက်ရှာဖွေပါတယ်။ ထမင်းချိုင့်ပါမကျန်ဖွင့်ပြီး ရှာပါတယ်။ ချောပုံက ကျောင်းလုံချည်စိမ်းနဲ့ ရင်ဖုံးအင်္ကျီဖြူလေးကနေ အိမ်နေဝတ်တဲ့ အင်္ကျီအဝတ်အစားလဲရာမှာလည်း သူ့မေမေရှေ့မှာပဲ လဲဝတ်ရပါတယ်။ ချောပုံမေမေက ကျောင်းဝတ်စုံကို အတွင်းအပြင်လှန်ပြီး အကြိမ်ကြိမ်ခါပါတယ်။ ချောပုံမေမေက သူ့သမီးကို တစ်ယောက်ယောက်က ရည်းစားစာပေးလိုက်လေမလားဆိုပြီး အစိုးရိမ်လွန်ရာကနေ မလုပ်သင့်တာတွေ လုပ်နေတာပဲဖြစ်ပါတယ်။ ချောပုံကလည်း ညနေတိုင်း ငိုရပါတယ်။ နောက်ပိုင်း ကျွန်မနဲ့ ခင်မင်ရင်းနှီးသွားတော့ သားသမီးကို အဲဒီလို မယုံသင်္ကာစိတ်နဲ့မဆက်ဆံသင့်ဘူးလို့ ချောပုံမေမေကို အတော်ကြီးပြောယူရပါတယ်။



ချောပုံလေးက လိမ္မာပါတယ်။ ညီမလေးကိုလည်း ကြင်နာတယ်။ တည်တည်ငြိမ်ငြိမ်လည်းရှိတယ်။ မိဘနောက်ကွယ်မှာ လုပ်ချင်ရာလုပ်မယ့်ပုံလည်း မပေါ်ပါ။ ပညာရေးထူးချွန်လှတယ်မဟုတ်ပေမယ့် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို နှစ်ချင်းပေါက်အောင်ပါတယ်။ အမှတ်တွေကလည်း ကောင်းတယ်လို့ သိရပါတယ်။ အဲဒီနောက်ပိုင်း ကျွန်မတို့ ရန်ကုန်ပြန်လည်တဲ့အခါ ချောပုံတို့မိသားစုကို မတွေ့ရတော့ပါ။ တောင်ဒဂုံမှာ အိမ်ငှားနေကတည်းက မတွေ့ဖြစ်တော့ဘူးလို့ ကျွန်မညီမက ပြောပါတယ်။ ၂၀၀၂ ခုနှစ်က ထင်ပါတယ်။

နောက်တစ်ကြိမ် အလည်အပတ်အဖြစ် ရန်ကုန်ပြန်ရောက်လာချိန် မြို့ထဲကအပြန် မှတ်တိုင်မှာ ဘတ်စ်ကားစောင့်နေတဲ့လူစုလူဝေးထဲ ချောပုံကို အမှတ်မထင်မြင် လိုက်ပါတယ်။ ကျွန်မလည်း ဝမ်းသာအားရနှုတ်ဆက်ပြီး သူတို့မိသားစုအကြောင်း မေးမိပါတယ်။ ချောပုံအကြောင်းသိချင်တာကတော့ သူ့ပညာရေးပါ။ ချောပုံက ဥပဒေတန်းဒုတိယနှစ်ရောက်နေပါပြီ။ အရင်လို သေးသေးသွယ်သွယ်လေးအတိုင်းဖြစ်ပေမယ့် တက္ကသိုလ်ကျောင်းသူလေးအဖြစ် သပ်သပ်ရပ်ရပ်ဝတ်စားပြီး ရိုးရိုးယဉ်ယဉ်လေး ဖြစ်နေပါတယ်။ ချောပုံ ဥပဒေတန်း ဒုတိယနှစ်တောင်ရောက်နေပြီဆိုလို့ ဝမ်းသာတယ်ဆိုတာထက် ကျေနပ်အားရဖြစ်မိပါတယ်။ ချောပုံက တက္ကသိုလ်ဝင်တန်း အောင်စဉ်က

www.foreverspace.com.mm

လည်း ကျူရှင်ယူခဲ့သူမဟုတ်ပါ။ အခု
လည်း စာလိုက်နိုင်အောင် ကိုယ့်ဘာသာ
ကြိုးစားပါတယ်လို့ ပြောပါတယ်။ ချော
ပုံဖေဖေက အငှားကားတက္ကစီဆွဲသူဆို
တော့ ခရီးသည်ရပါမှ တစ်လ အိမ်ငှားခ
နဲ့ အိမ်စရိတ်ကျေမှာဖြစ်ပါတယ်။ ဒါ့
ကြောင့်လည်း သိတတ်တဲ့ ချောပုံက သူ့
အတွက်ကျူရှင်ခအပိုမကုန်ရအောင် ကြိုး
စားခဲ့တာ ဖြစ်ပါတယ်။ ချောပုံစီးရမယ့်
ဘတ်စ်ကားရောက်လာလို့ "အန်တီတို့
မပြန်ခင်လာကြဦး" လို့ပြောပြီး လမ်းခွဲ
လိုက်ပါတယ်။ ကျွန်မတို့မပြန်ခင် တနင်္ဂ
နွေတစ်ရက် ချောပုံတို့မိသားစု ရောက်လာ
ကြပါတယ်။ "တက္ကသိုလ်ကျောင်းသူသမီး
ကြီးကို ငယ်ငယ်ကလိုပဲ ရည်းစားစာရှာ
သေးသလား" လို့ ချောပုံအမေကိုမေး
ကြည့်တော့ "အစ်မပြောပြီးကတည်းက
ကျွန်မ မလုပ်တော့ပါဘူး၊ သမီးကိုချစ်
လွန်းပြီး လုပ်မိတာပါ" လို့ ချောပုံမေမေက
ရိုးရိုးသားသားပြောရှာပါတယ်။

ကျွန်မနဲ့ ကျွန်မခင်ပွန်း အိန္ဒိယအသံ
လွှင့်ဌာနကနေ အနားယူပြီး ရန်ကုန်ပြန်
ရောက်ကြတဲ့အခါ ချောပုံတို့မိသားစုနဲ့
မကြာခဏတွေ့ပါတယ်။ ကျွန်မတို့ပြန်
ရောက်ပြီး သုံးနှစ်လောက်ကြာတော့ ချောပုံ
လည်း LL.B ဥပဒေဘွဲ့ရပါတယ်။ ဘွဲ့ရ
ပြီး ငွေကြေးတတ်နိုင်တဲ့သားသမီးတွေ
နည်းတူ မဟာဝိဇ္ဇာတန်းမတက်နိုင်သလို
ကိုယ့်စရိတ်ကိုယ်စားပြီး တပည့်ခံ ရှေ့နေ
သင်တန်းယူတာမျိုးလည်း မလုပ်နိုင်ရှာတာ
ကြောင့် မြို့ထဲက စာအုပ်ဆိုင်တစ်ဆိုင်မှာ
အကူအရောင်းစာရေးမလေးလုပ်နေရပါ
တယ်။ တစ်ရက် ချောပုံရောက်လာပြီး
ကျွန်မဆီမှာ အင်္ဂလိပ်ဘာသာစကားပြော
သင်ချင်တယ်လို့ ပြောပါတယ်။ အဲဒီအချိန်
က ဘွဲ့ရပြီးနဲ့ အလုပ်ဝင်နေပြီဖြစ်တဲ့ မိန်း
ကလေး ယောကျ်ားလေးတချို့ကို ကျွန်မ
အင်္ဂလိပ်ဘာသာစကားပြောသင်ပေးနေတာ
ကြောင့် သူတို့နဲ့ အချိန်လွှဲပြီး တစ်ပတ်နှစ်
ရက်သင်ပေးမယ်လို့ ပြောလိုက်ပါတယ်။
ချောပုံ နိုင်ငံရပ်ခြားမှာ အလုပ်လုပ်ဖို့ ပြင်
ဆင်နေတာကြောင့် အင်္ဂလိပ်ဘာသာအခြေ
ခံစကားပြောအလေ့အကျင့် နည်းနည်းရချင်
တာပါလို့ ပြောပါတယ်။ ချောပုံ နိုင်ငံခြား
သွားမယ်ဆိုလို့ ကျွန်မအံ့အားသင့်ခဲ့ပေမယ့်
သွားဖြစ်ရင် ရှောင်စရာ ဆောင်စရာကိုပဲ
ကျွန်မပြောပြခဲ့ပါတယ်။ 'မသွားသင့်ဘူး၊
သွားသင့်တယ်' ဆိုတဲ့ ဇဝေဇဝါဖြစ်စေမယ့်
အကြံဉာဏ်မျိုးမပေးခဲ့ပါ။ ကျွန်မ ချောပုံကို
ယုံကြည်မှုရှိပါတယ်။ ဒီကလေးမလေး လူ
ကောင်လေးသေးပေမယ့် စိတ်ဓာတ်ကြံ့
ခိုင်မှုရှိတာ ကျွန်မ သိထားပါတယ်။ ချော
ပုံကို စာသင်ပေးတဲ့အခါ ဒီအချက်ကိုပိုပြီး
သိလာပါတယ်။ ကျွန်မ စာသင်တဲ့အခါ
'သဒ္ဒါ' (Grammar) အပေါ်မှာ အလေး
အနက်သင်ကြားတာမျိုး သမားရိုးကျပုံစံနဲ့
သင်ကြားတာမျိုးကို ရှောင်ခဲ့ပါတယ်။ ကျွန်
မမှားချင်မှားပါလိမ့်မယ်။

ဒါပေမဲ့ ဘယ်ဘာသာစကားကိုပဲ
သင်သင် ဝါကျတည်ဆောက်မှုမှန်ကန်
အောင် ကြိုးစားဖို့လိုပေမယ့် 'ဂရမ်မာ' ကို
ရှေ့တန်းတင်လိုက်ရင် အပြောအဆို နှေး
ကွေးသွားနိုင်တယ်လို့ ကျွန်မ ယူဆပါ
တယ်။ ကျွန်မကတော့ နေ့စဉ်နေ့တိုင်း
မပြောမဖြစ် လိုအပ်တဲ့ စကားပြောပုံဆိုပုံ၊
မေးခွန်းမေးပုံတွေကိုသင်ရင်း ဒဏ္ဍာရီတွေ၊
နတ်သမီးပုံပြင်တွေ လက်လှမ်းမီသ
လောက် များများပြောပြပါတယ်။ အဲဒီလိုပုံ
တွေ ဖတ်ပြပြောပြပြီး မေးခွန်းတွေ မေးပါ
တယ်။ ချောပုံ ကျွန်မဆီမှာ သုံးလကျော်
ကျော် အင်္ဂလိပ်စကားပြော သင်သွားပါ
တယ်။ ချောပုံ ရေးဖြေမှာရော လူတွေ့မေး
မြန်းတာမှာပါ အရွေးခံရပြီး ခရီးမထွက်ခင်
ကျွန်မတို့ကို လာကန်တော့သွားပါတယ်။
ချောပုံမေမေနဲ့တွေ့တဲ့အခါ သမီးဆီက ဖုန်း
ဆက်တဲ့အကြောင်း၊ အဆင်ပြေကြောင်း
ပြောပြပါတယ်။ တခြားနေရာတွေက
လည်း ချောပုံရဲ့သတင်းကောင်းတွေကို
မကြာခဏကြားရပါတယ်။ လိမ္မာရေးခြား
ရှိတဲ့အကြောင်း၊ အလုပ်ကြိုးစားကြောင်း

**သမီးတော့ ပိုက်ဆံစုချင်လို့ တစ်လမှာ
တစ်ကြိမ်ပဲ အသားစားတယ်။ နေ့တိုင်း
ကြက်ဉတစ်လုံး ဟင်းသီးဟင်းရွက်နဲ့
ငါးပိပဲ စားတယ်။ ဗမာဆိုင်မှာ ငါးပိရည်
ဝယ်လို့ရတယ်လေ။ သဘာဝသစ်တော
နဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းတဲ့နေရာမှာ
ကောင်းလိုက်တာ။ အဆောက်အအုံ
ဆောက်စရာရှိရင်တောင် တောင်တွေ
ဖြိုတာ သစ်ပင်တွေခုတ်တာမရှိဘူး။**

ဝမ်းသာစရာသတင်းကောင်းတွေပါပဲ။
ချောပုံအလုပ်သွားလုပ်နေတုန်း ချောပုံရဲ့
မိဘတွေလည်း မကျယ်ဝန်းပေမယ့် မြေပိုင်
အိမ်ပိုင်လေးနဲ့ဖြစ်သွားပြီဆိုတော့ ချောပုံ
ပင်ပန်းရကျိုးနပ်ပါတယ်။

နိုင်ငံရပ်ခြားမှာ ၂ နှစ်တိတိအလုပ်
လုပ်ပြီး ချောပုံပြန်ရောက်လာပါတယ်။
"သုံးနှစ်နေမယ်ဆိုပြီး ဘာကြောင့်စောပြီး
ပြန်လာတာလဲ" လို့ မေးတဲ့အခါ "သမီး
အခု ကိုယ့်ကိုယ်ကိုယ် Confidence (ယုံ
ကြည်မှု) ရှိနေပြီ။ အခုပြန်လာပြီး ကွန်ပျူ
တာသင်တန်းတက်မယ်။ အန်တီ့ဆီမှာ
လည်း အင်္ဂလိပ်စာလာသင်ဦးမယ်။ ပြီးရင်
အခုလုပ်ခဲ့တဲ့ အလုပ်ထက်ပိုပြီးအဆင့်မြင့်
တဲ့အလုပ်တွေ့ရင် ပြန်လျှောက်ဦးမယ်။
အမေတို့ အဖေတို့နဲ့ ညီမလေးကိုလည်း
သတိရတာလည်း ပါတာပေါ့လေ။ အန်တီ့
ကိုလည်း သိပ်ပြီးကျေးဇူးတင်ပါတယ်။
အန်တီက ပုံပြင်တွေ အများကြီးပြောပြ
လိုက်တာ သမီးအတွက် သိပ်ပြီးအ
ထောက်အကူရပါတယ်။ သာမန်ဆိုရင်
တော့ ကလေးတွေ နားထောင်ကောင်းတဲ့
ပုံပြင်လေးတွေဆိုပေမယ့် အသက်အရွယ်
အားလုံးအတွက် ပညာရစေပါတယ်" လို့

www.foreverspace.com.mm

တည်တည်ငြိမ်ငြိမ်လေး ပြောပြနေပါတယ်။ ချောပုံ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိနေပြီ ဆိုတာ အထူးပြောပြနေဖို့မလိုပါ။ သူ့ စကားလုံးတိုင်းက ဖော်ပြနေပါတယ်။ အရင်ကလိုပဲ သေးသေးသွယ်သွယ်လေး ဖြစ်နေပေမယ့် တစ်သွေးတစ်မွေးလှပြီး စိတ်ဓာတ်ရောလူပါ ကြံ့ခိုင်လာတာကို လည်း ထင်ထင်ရှားရှား တွေ့ရပါတယ်။

**ဘုန်းကြီးကျောင်းမှာ တံမြက်စည်းလှဲ ကြမ်းတိုက် ပြီးတော့ အိမ်သာတွေပါ ဆေးပေးတယ်။ သမီးတို့ အလုပ်ပြီးရင် ဘုန်းကြီးက ဟင်းသီးဟင်းရွက်တွေ ရော သားငါးတွေပါ ပေးလိုက်တယ်။ မယူပါရစေနဲ့လို့လည်း ပြောမရဘူး။ သမီးက ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း ဖြစ်လို့ သန့်ရှင်းရေးလုပ်ပေးတာမဟုတ် ပါဘူး။ မြန်မာတစ်ယောက်အနေနဲ့ လူကြီးကို ရိုသေတတ်တယ် ကူညီတတ် တယ်ဆိုတာတော့ သူများတွေသိစေ ချင်ပါတယ်။**

"သမီးရဲ့အတွေ့အကြုံလေးတွေ ပြောပြပါဦး" လို့ ကျွန်မ စကားစလိုက်ပါတယ်။ ချောပုံက "ဟိုမှာလည်း လက်ဖက်ရည်ဆိုင်တွေရှိပါတယ်။ သူတို့ဆီမှာက Coffee Shop လို့ ခေါ်ကြတယ်။ သွားရင်းလာရင်း ကော်ဖီ/လက်ဖက်ရည်ဝင်သောက်တာမျိုးပဲ ရှိပါတယ်။ တစ်ခါတလေ အဆာပြေမုန့်စားတာမျိုးလောက်ပါ ပဲ။ အကြောင်းမဲ့သက်သက်အချိန်ဖြုန်းပြီး လက်ဖက်ရည်ဆိုင်ထိုင်တာမျိုး ဘယ်သူမှ မလုပ်ကြပါဘူး။ ကျောင်းပိတ်ချိန်၊ တက္ကသိုလ်ကောလိပ်ပိတ်ချိန်တွေမှာ စက်ရုံ၊ အလုပ်ရုံတွေမှာ အလုပ်ဝင်လုပ်ကြပါတယ်။ ကျောင်းစရိတ်ရှာကြတာပေါ့။ မိဘက ကျောင်းထားပေးပေမယ့် မိဘသက်သာအောင်ဆိုတဲ့ရည်ရွယ်ချက်နဲ့ပါ။ ဈေးသည်တွေကအစ အင်္ဂလိပ်လိုပြောတတ်ကြလို့ သမီးတို့ကံကောင်းပါတယ်။ အင်္ဂလိပ်စကားပြောလေ့ကျင့်သလိုလည်းဖြစ်တာပေါ့။

လူငယ်တွေပဲ အလုပ်ရှာကြတာ မဟုတ်ဘူး။ လူကြီးတွေလည်း အလုပ်လုပ်ကြတာတွေ့ရလို့ အစပိုင်းမှာ အံ့အားသင့်မိသေးတယ်။ အသက် ၅၀ ကျော်၊ ၆၀ တွေ စက်ရုံ အလုပ်ရုံတွေမှာ အလုပ်လုပ်ကြတုန်းပဲ။ သက်သက်သာသာလုပ်ရတဲ့နေရာတွေမှာ တာဝန်ပေးတာပေါ့လေ။ ဒီထက်အသက် ကြီးသွားရင် ဟင်းသီးဟင်းရွက်၊ ကုန်ခြောက်မျိုးစုံပဲ ဈေးရောင်းကြပါတယ်။ သူတို့နိုင်ငံမှာ အလုပ်ဌာနတစ်မျိုးကနေ နောက်တစ်မျိုးပြောင်းရတာလည်း လွယ်လွယ်ကူကူပဲ။ ဥပမာ–စက်ရုံမှာ အလုပ်လုပ်နေတဲ့မိန်းကလေးတစ်ယောက် အိမ်ထောင်ပြုတဲ့အခါ သူ့ယောက်ျားတွေက အစိုးရအလုပ်လုပ်တာကို သဘောကျတယ်ဆိုလို့ စက်ရုံကအလုပ်ထွက်ပြီး အလွတ်သူနာပြုသင်တန်းတက်တယ်။ သင်တန်းပြီးတော့ အစိုးရသူနာပြုအလုပ်လျှောက်တဲ့အခါ လွယ်လွယ်ကူကူအလုပ်ရတယ်။ သူတို့က စည်းကမ်းရှိကြတယ်။ သန့်ရှင်းကြတယ်။ လမ်းတွေဆိုရင် အိမ်ရှေ့၊ အိမ်နောက် (နောက်ဖေးလမ်းကြား) ခွဲခြားမရအောင် သန့်ရှင်းကြတယ်။ အိမ်နောက်ဖေးလမ်းတွေမှာတောင် ပန်းအိုးတွေစီလို့။

သစ်ပင်တွေ သပ်သပ်ရပ်ရပ်စီပြီး စိုက်ကြတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုလည်းရှိတယ်။ သစ်ပင်တွေ ဟင်းသီးဟင်းရွက်ပင်တွေစိုက်တာ စနစ်တကျရှိပြီး ဂရုစိုက်လို့ အပင်သေးပေမယ့် အသီးတွေအပွင့်တွေ လှိုင်နေတာပဲ။ ဟင်းသီးဟင်းရွက်လည်း သိပ်လတ်တယ်။ ပေါလည်းပေါတယ်။ သမီးတော့ ပိုက်ဆံစုချင်လို့ တစ်လမှာတစ်ကြိမ်ပဲ အသားစားတယ်။ နေ့တိုင်း ကြက်ဥတစ်လုံး၊ ဟင်းသီးဟင်းရွက်နဲ့ ငါးပိပဲ စားတယ်။ ဗမာဆိုင်မှာ ငါးပိရည်ဝယ်လို့ ရတယ်လေ။ သဘာဝသစ်တောနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းတဲ့နေရာ



www.foreverspace.com.mm



မှု ကောင်းလိုက်တာ။ အဆောက်အအုံ ဆောက်စရာရှိရင်တောင် တောင်တွေဖြိုတာ သစ်ပင်တွေခုတ်တာ မရှိဘူး။

အဲဒီမှာ သမီးသဘောကျတာတွေရှိတဲ့အထဲက သဘောအကျဆုံးသုံးမျိုးကတော့ (၁) ယောကျ်ားလေးတွေက မိန်းကလေးတွေကို လေးစားတယ်။ လမ်းမှာ မိန်းကလေးတွေကို စခြင်း၊ နောက်ခြင်းမရှိဘူး။ (၂) အမှားတစ်ခုခုလုပ်မိရင် အမှားလုပ်မိပါတယ်လို့ဝန်ခံတာကို အပြစ်မတင်ကြဘူး။ သဘောကျကြတယ်။ (၃) မသိတာရှိရင်၊ မရှင်းလင်းတာရှိရင် မေးသမျှကို သေသေချာချာရှင်းပြကြတယ်” လို့ချောပုံက သူရောက်ခဲ့တဲ့အာရှနိုင်ငံတစ်နိုင်ငံအကြောင်း ချီးမွမ်းခန်းဖွင့်နေပါတယ်။ ချီးမွမ်းခန်းဖွင့်တယ်လို့ပြောတာထက် အပြုသဘောဆောင်ပြီး ချောပုံပြောတတ်ဆိုတတ်နေတာကို ကျွန်မ ကျေနပ်နေမိပါတယ်။

“သမီးက ဟိုမှာ အကောင်းတွေချည်းပဲမြင်လာရတယ်ထင်တယ်။ မကောင်းတာတစ်ခုမှမပါဘူး။” ချောပုံ ဘာဆက်ပြောမယ်ဆိုတာသိချင်လို့ ကျွန်မ စကားဆက်လိုက်ပါတယ်။ “ဒီလိုလည်းမဟုတ်ပါဘူး။ အဆင်မပြေတာတွေရှိပါတယ်။ အဲဒါတွေကို သမီးလျစ်လျူရှုပြီးနေလိုက်တယ်။ ကောင်းတာတွေချည်းပဲ စဉ်းစားတော့ သမီးလည်း ပညာရတယ်။ အလုပ်ထဲမှာရော သမီးတို့နေတဲ့ရပ်ကွက်ပတ်ဝန်းကျင်က မိသားစုတွေပါ သမီးကိုချစ်ကြပါတယ်။ ဟင်းသီးဟင်းရွက်ကအစ ဈေးဝယ်ရင် သမီးကို ပိုထည့်ပေးကြတယ်။ သမီးက ဒေသခံတွေရဲ့ သာရေးနာရေးမှာလည်း သူငယ်ချင်းတွေနဲ့စုပြီး ကူညီနိုင်အောင် အမြဲကြိုးစားတယ်။ တစ်ယောက်တည်းတော့လည်း မတတ်နိုင်ဘူးလေ။ တခြားသူတွေလည်း ကူညီချင်တဲ့စိတ်လေးဝင်အောင် ပြောပြရတာပေါ့။

သမီးတို့အဆောင်နားကရပ်ကွက်မှာ ထိုင်းလူမျိုးတွေလည်း နေကြတယ်။ အဲဒါကြောင့် ထိုင်းဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းတစ်ကျောင်းလည်းရှိတယ်။ အလုပ်နားရက်တွေမှာ သူငယ်ချင်းတွေခေါ်ပြီး ဘုန်းကြီးကျောင်းက ဘုရားဆောင်သန့်ရှင်းရေးလုပ်ပေးတယ်။ ဘုန်းကြီးကျောင်းမှာ တံမြက်စည်းလှဲ၊ ကြမ်းတိုက်၊ ပြီးတော့ အိမ်သာတွေပါဆေးပေးတယ်။ သမီးတို့အလုပ်ပြီးရင် ဘုန်းကြီးက ဟင်းသီးဟင်းရွက်တွေရော၊ သားငါးတွေပါ ပေးလိုက်တယ်။ မယူပါရစေနဲ့လို့လည်း ပြောမရဘူး။ သမီးက ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းဖြစ်လို့ သန့်ရှင်းရေးလုပ်ပေးတာမဟုတ်ပါဘူး။ မြန်မာတစ်ယောက်အနေနဲ့ လူကြီးကိုရိုသေတတ်တယ်၊ ကူညီတတ်တယ်ဆိုတာတော့ သူများတွေသိစေချင်ပါတယ်။ သမီး အခုပြန်လာတော့ အဖိုးတန်ပစ္စည်းမဟုတ်ပေမယ့် လက်ဆောင်တွေအများကြီးရလာပါတယ်။ အန်တီ့ရဲ့ ‘အပြုသဘောဆောင်’ ပုံပြင်တွေ နားထောင်ပြီး သမီးအသိဉာဏ်တိုးလာပါတယ်။ ကန်တော့ပါရစေ” ဆိုပြီး ပြောပြောဆိုဆို ကန်တော့ပါတယ်။ ဒီထက်ကျေနပ်စရာ ဘာများရှိပါသေးသလဲ။

ကျွန်မ ကလေးတွေကို စာသင်တိုင်း ပုံတွေပြောပြလေ့ရှိပါတယ်။ ဒဏ္ဍာရီတွေ၊ ပုံတွေထဲကနေ သင်ခန်းစာရစေချင်တာ ဖြစ်ပေမယ့် လောလောဆယ် စာသင်နေတုန်း ထိုင်းမှိုင်းပျင်းရိတဲ့စိတ်ကို ပုံပြင်တွေအားဖြင့် နိုးကြားစေနိုင်တယ်လို့ ကျွန်မလက်ခံထားလို့ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုတောင်ပိုင်းက တင်နက်စီ (TENNESSEE) ပြည်နယ်မှာ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ ကျော်လောက်ကစပြီး တစ်နှစ်တစ်ကြိမ် ပုံပြောပွဲတော်ကျင်းပပါတယ်။ ဗြိတိန်နိုင်ငံ ဝေလပြည်နယ် (WALES) မှာလည်း နှစ်စဉ် ပုံပြောပွဲတော်ကျင်းပတယ်လို့ သိရပါတယ်။ အလားတူပဲ ပြင်သစ်နိုင်ငံ၊ နယူးဇီလန်နိုင်ငံတွေမှာလည်း ဒီအလေ့အထကို အတုယူလာကြပြီလို့ ဆိုပါတယ်။

မျက်မှောက်ခေတ်မှာ လူတိုင်းပျားပန်းခပ် မနားမနေ အပြိုင်အဆိုင်အလုပ်လုပ်ကြရပါတယ်။ ပြိုင်ဆိုင်မှုတွေကြားမှာ မျောပါရင်း ဘဝမှာ ဆုံးရှုံးမှုတွေရှိလာတယ်ဆိုတဲ့အချက်ကိုတောင် စဉ်းစားဖို့ အချိန်မပေးနိုင်တာ တွေ့ရပါတယ်။ အေးချမ်းတဲ့ အချိန်တစ်ချိန်ထားပြီး သူတစ်ပါးပြောတာကို နားထောင်တတ်ဖို့၊ လေ့လာတတ်ဖို့၊ ခံစားတတ်ဖို့ဆိုတာတွေ ဒီခေတ်မှာ ဆိတ်သုဉ်းနေတာ တွေ့ရပါတယ်။ ပုံပြင်တွေက အဲဒီစိတ်ဓာတ်တွေကို ပြန်ပြီးရှင်သန်စေပါတယ်။ ကမ္ဘာတစ်ဝန်းလုံးမှာ ယဉ်ကျေးမှုအဖုံဖုံရှိတဲ့အလျောက် ပုံပြင်တွေကို ရာစုနှစ်ပေါင်းများစွာကတည်းက ကိုယ့်ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနဲ့ လိုက်ဖက်အောင် အလှဆင်ပြီး ဆင့်ကဲဆင့်ကဲပြောလာလိုက်ကြတာ ဒီကနေ့အထိပါပဲ။

လူတွေအနေနဲ့ သူ့နယ်ကိုယ့်နယ်၊ သူ့မြေကိုယ့်မြေ အတောမသတ် အငြင်းပွားနေကြပေမယ့် ပုံပြင်တွေကတော့ နယ်အဆီးအတားမရှိဘဲ ကြားရသူတိုင်း တက်ကြွလန်းဆန်းမှုရှိအောင်လည်း စွမ်းဆောင်နိုင်ပါတယ်။ မိသားစု ပျော်ပျော်ပါးပါးဝိုင်းဖွဲ့ထမင်းစားရသလို ပုံပြောတာကိုဝိုင်းဖွဲ့နားထောင်ရတာကလည်း ကျဉ်းကျပ်ပြီး မအီမသာဖြစ်နေတဲ့စိတ်ကို ထွက်ပေါက်ပေးလိုက်သလိုပါပဲ။

အိန္ဒိယနိုင်ငံမှာ ခရစ်တော်မပေါ်မီ အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှုပေါ်ထွန်းချိန်ခေတ်ကာလကတည်းက ပုံပြင်တွေစတင်ခဲ့တာကြောင့် ဒီကနေ့ကမ္ဘာမှာ ပျံ့နှံ့နေတဲ့ ပုံပြင်တွေဟာလည်း အိန္ဒိယပုံပြင်တွေကို အခြေခံထားတာတွေ့ရပါတယ်။ နိုင်ငံတစ်နိုင်ငံဟာ ရင့်ကျက်မှုရှိလေလေ ပုံပြင်ဘဏ်တိုက်ကြီးဟာလည်း ကြီးမားလာလေပဲလို့ ဆိုကြပါတယ်။ ပုံပြင်တွေနားထောင်ခြင်းအားဖြင့် ကလေးတွေရဲ့ တွေးခေါ်ဆင်ခြင်တတ်မှု ဉာဏ်ရည်မြင့်စေပြီး အပြစ်ကင်းစင်မှု အရည်အသွေးကိုလည်း ပိုပြီးကြာကြာ ထိန်းသိမ်းနိုင်စွမ်းရှိပါတယ်။

ပုံပြင်လေးတွေဖတ်ရတာ စိတ်ချမ်းမြေ့စရာပါပဲ။ ဒါပေမဲ့ ပုံပြင်တွေကိုစိတ်ပါလက်ပါရင်ထဲကနေ ပြောပြနေတာကို နားထောင်ရတာဟာ တကယ့်ကို ထူးကဲတဲ့အတွေ့အကြုံတစ်မျိုးပါပဲ။ ပုံပြင်နားထောင်သူဟာ နားထောင်နေရင်း သင်ယူဆည်းပူးဖို့ရယ်၊ အပြောင်းအလဲပြုလုပ်ဖို့ရယ်၊ ရင့်ကျက်မှုရှိဖို့ရယ် အလိုအလျောက်ပြင်ဆင်

www.foreverspace.com.mm

ပြီးသွားဖြစ်နေပါတယ်လို့လည်း လက်ခံထားကြပါတယ်။

ချောပုံကို ကျွန်မပြောပြတဲ့ ပုံပြင်တွေ အများကြီးပါ။ ဒီအထဲမှာ 'The Cracked Pot အက်ကြောင်းထင်နေသောရေအိုး' ဆိုတဲ့ ပုံလေးတစ်ပုံလည်း ပါပါတယ်။ အိန္ဒိယနိုင်ငံက မြို့လေးတစ်မြို့မှာ အလုပ်သမားတစ်ယောက်ဟာ သူ့သခင်အတွက် ရေထမ်းသယ်ပေးရပါတယ်။ ကျွန်မတို့ဆီမှာ ဆီပုံးလွတ်တွေကို ကြိုးနဲ့ဆိုင်း ဝါးလုံးလျှိုပြီး ရေထမ်းကြသလို သူတို့ဆီမှာ မြေအိုးတွေသုံးကြပါတယ်။

အဲဒီအလုပ်သမားအသုံးပြုတဲ့ရေအိုးနှစ်လုံးထဲက တစ်လုံးက ပကတိအကောင်းဖြစ်ပြီး တစ်အိုးက အက်နေပါတယ်။ ဒါကြောင့် ရေထမ်းသမားက သူ့သခင်အိမ်ရေသယ်လာတိုင်း အက်နေတဲ့အိုးက ရေစိမ့်ကျနေတာကြောင့် သခင့်အိမ်အရောက် ရေတစ်ဝက်ပဲကျန်ပါတယ်။ ရေထမ်းသမားက သူ့အိုးအအက်ကို လွှင့်မပစ်ဘဲ ဆက်ပြီးသုံးမြဲသုံးနေပါတယ်။ အဲဒီလိုနဲ့ အိုးအက်ကြီးနဲ့ ရေထမ်းလာလိုက်တာ ၂ နှစ်တင်းတင်းပြည့်လာပါပြီ။ အကောင်းပကတိ ဖြစ်နေတဲ့အိုးက ရေအပြည့်သယ်ပေးနိုင်တာကို ဂုဏ်ယူနေပေမယ့် အက်နေတဲ့အိုးကတော့ အရည်အချင်းမပြည့်တာကို ရှက်ပြီး စိတ်ဆင်းရဲနေပါတယ်။

တစ်နေ့တော့ အက်နေတဲ့ရေအိုးက ရေထမ်းသမားကိုတောင်းပန်ပါတယ်။ ရေထမ်းသမားက "ဘာကြောင့်တောင်းပန်ရတာလဲ" လို့မေးတဲ့အခါ "ကျွန်တော့်ကို အသုံးပြုပြီး ရေသယ်နေတာ ၂ နှစ်ရှိပါပြီ။ ဒါပေမဲ့ ကျွန်တော့်ရဲ့အရည်အချင်းမပြည့်မှုကြောင့် ခင်ဗျားရဲ့သခင်ကို ရေနှစ်အိုးအပြည့်သယ်မပေးနိုင်ဘဲ တစ်အိုးခွဲသာသယ်ပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် တောင်းပန်ရတာပါ" လို့ဖြေပါတယ်။ ရေထမ်းသမားက "အခုစမ်းချောင်းကရေသယ်ပြီး သခင်အိမ်အပြန်လမ်းတစ်လျှောက် လှလှပပပွင့်နေတဲ့ ပန်းတွေကို မင်းသတိပြုပြီးကြည့်စေချင်တယ်" လို့ ရေအိုးအအက်ကြီးကိုပြောလိုက်ပါတယ်။

စမ်းချောင်းမှာရေဖြည့်ပြီး ပြန်လာတဲ့အခါ ရေထမ်းသမားပြောတဲ့အတိုင်း နွေးထွေးတဲ့နေရောင်အောက်မှာ ပန်းတွေ လှလှပပကြီးပွင့်နေတာ ရေအိုးအအက်ကြီးသတိထားမိပါတယ်။ ရေထမ်းသမားက ပန်းတွေလှလှပပပွင့်နေတာမြင်ရပေမယ့်ရေအပြည့်သယ်မပေးနိုင်လို့ စိတ်မကောင်းဖြစ်နေသေးတဲ့ ရေအိုးကို "အခုပန်းတွေပွင့်နေတာ မင်းရှိတဲ့ဘက်မှာပဲဆိုတာ သတိထားမိရဲ့လား။ မအက်တဲ့ရေအိုးဘက်မှာ ဘာပန်းမှ မပွင့်ဘူး။ မင်းရဲ့အက်ကြောင်းကို အခွင့်ကောင်းယူပြီး ရေပြန်သယ်လာတဲ့လမ်းတစ်လျှောက် မင်းဘက်မှာ ငါပန်းမျိုးစေ့တွေကြဲထားခဲ့တယ်။ မင်းအက်ကြောင်းက တစိမ့်စိမ့်ကျတဲ့ရေကြောင့် ပန်းမျိုးစေ့တွေကနေ အခုလို လှပတဲ့ပန်းတွေ ဝေဝေဆာဆာပွင့်နေတာပဲ။ ဒီပန်းတွေနဲ့ ငါ့သခင်ရဲ့အိမ်မှာ ပန်းအိုးထိုး အလှဆင်ပေးနိုင်ခဲ့တာ ၂ နှစ်ရှိပြီ။ မင်းရဲ့အက်ကြောင်းသာမရှိရင် ငါ့သခင်ရဲ့အိမ်မှာ အခုလိုပန်းတွေနဲ့ ကျက်သရေရှိနိုင်မှာမဟုတ်ဘူး" လို့ပြောလိုက်ပါတယ်။

လူတိုင်းလူတိုင်းမှာ အပြစ်အနာအဆာရှိစမြဲပါ။ ဒီအချက်ကို နားလည်လက်ခံပေးနိုင်မယ်ဆိုရင် တစ်နည်းနည်းနဲ့အသုံးဝင်တန်ဖိုးရှိသူတွေဖြစ်လာနိုင်ပါတယ်။ အပြစ်အနာအဆာရှိတာကို အားငယ်ကြောက်ရွံ့နေမယ့်အစား အပြုသဘောဆောင်တတ်မယ်ဆိုရင် အင်အားတစ်ခုဖြစ်စေနိုင်ကြောင်း သင်ခန်းစာပေးထားပါတယ်။ ကျွန်မသိထားတဲ့ ဒီပုံပြင်လေးကိုလည်း မူရင်းအင်္ဂလိပ်ဘာသာနဲ့ ချောပုံကို ဖတ်ပြခဲ့ဖူးပါတယ်။

**မြသန်းသန်းနု**
**၂၀–၆–၂၀၀၉**

Ref: The Speaking Tree,
Times News Network

## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

| | |
|---|---|
| **အမည်ရင်း** | – သန်းသန်းနု |
| **မိဘ** | – ဦးနု (ဝန်ကြီးချုပ်ဟောင်း)–ဒေါ်မြရီ |
| **မွေးသက္ကရာဇ်** | – ၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် |
| **ပညာအရည်အချင်း** | – ၁၉၆၄–၆၈ စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရ။ |
| **အလုပ်အကိုင်** | – ၁၉၈၀ ပြည့်နှစ်မှ ၂၀၀၃ ခုနှစ်အထိ အိန္ဒိယနိုင်ငံ All India Radio (AIR) နိုင်ငံပိုင်အသံလွှင့်ဌာနတွင် ဘာသာပြန်/အသံလွှင့်သူအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၃ ခုနှစ်ဇူလိုင်လတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ။ |
| **စာပေလောကဝင်ရောက်သည့်နှစ်** | – ၂၀၀၇ ခုနှစ်တွင် ပြည့်စုံစာပေမှ မျက်စိအကြောင်းသိကောင်းစရာ ဘာသာပြန်စာအုပ်ထုတ်ဝေခဲ့။ ကလောင်အမည် သန်းသန်းနုဖြစ်ပြီး ယခု မြသန်းသန်းနု ကလောင်အမည်ထားရှိ။ |
| **ခင်ပွန်း** | – ဦးအောင်ငြိမ်း |
| | သားနှစ်ဦးရှိရာ မောင်ရှိန်မင်း (MBA) (အမေရိကန်ပြည်ထောင်စု လော့စ်အိန်းဂျလိစ်မြို့ အစိုးရဌာနတွင် Management Administrator အဖြစ် တာဝန်ထမ်းဆောင်နေ) နှင့် ဒေါက်တာအောင်စည် Ph.D (NEURO SCIENCES) RESEARCHER, AUSTRALIAN NATIONAL UNIVERSITY CANBERRA တို့ဖြစ်။ |

www.foreverspace.com.mm



# သူတို့ဆီက သန့်ရှင်းရေးနှင့် အမှိုက်သိမ်းစနစ်

ကိုဝမ်း

**မ** **ကာအိုမြို့လယ်ကောင်စကြံ၌ လျှောက်သွားနေစဉ်ဖြစ်သည်။ မူကြိုကျောင်းဖယ်ရီတစ်စီးဆိုက်လာကာ ကလေးတွေ ကားပေါ်ကဆင်းလာကြသည်။ အချို့ကလေးများက ကျောင်းအတွင်းသို့မဝင်သေးဘဲ ဘေးစကြံပေါ်ပြေးလာနေသည်။ ဘာလုပ်မှာပါလိမ့်ဟုကြည့်တော့ ကားပေါ်မှာသောက်လာခဲ့သည့် အအေးဘူးခွံကို စကြံပေါ်ကအမှိုက်ပုံးထဲသို့လာထည့်တာဖြစ်နေသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် စည်းစနစ်ရှိသော ဤကလေးကို ကျွန်တော်က သဘောကျစွာကြည့်နေမိသည်။ ဒါက ကလေးများပါ။**

ည ၉ နာရီအလုပ်ဆင်း၍ ဘတ်စ်ကားမှတ်တိုင်သို့သွားနေစဉ်ဖြစ်သည်။ အနားကကားတစ်စီးဖြတ်သွားပြီး ဂွမ် . . လမ်လမ်ဆိုတဲ့ တစ်စုံတစ်ခုက လမ်းဘေးသို့ ကျလာခဲ့သည်။ မော်တော်ကားက ပစ္စည်းတစ်ခုပြုတ်ကျလာခြင်းမဟုတ်ပါ။ ကားပေါ်က တစ်စုံတစ်ဦးက သောက်ပြီးသားကိုကာကို လာဘူးခွံကို လမ်းဘေးကို ပစ်ချလိုက်တာပါ။



ဤအရပ် ဤဒေသသည် အင်မတန်လွတ်လပ်သည့် ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့အထိ နှစ်ပေါင်းလေးရာကျော် ပေါ်တူဂီကိုလိုနီဖြစ်ခဲ့သည်။ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် တရုတ်ပြည်၏ အထူးစီမံခန့်ခွဲရေးဒေသ ဖြစ်သည်။ ကားပေါ်က ဘူးခွံပစ်ချသူသည် စင်ကာပူမှာဆိုလျှင် အရေးယူခံရမည်။ စင်ကာပူက တင်းကျပ်သည်။ ဆေးလိပ်တိုကို တွေ့ကရာနေရာ ပစ်ချ၍မရ။ ခေတ်သစ်စင်ကာပူနိုင်ငံထူထောင်သူ လီကွမ်ယုက သူ၏ ကိုယ်တိုင်ရေးအထ္ထုပ္ပတ္တိ စင်ကာပူဇာတ်လမ်း (Singapore Story) တွင် ဂျပန်ခေတ်က စင်ကာပူတွင် အိမ်တံခါးဖွင့်အိပ်၍ရပုံ၊ ဂျပန်၏ တင်းကျပ်သော စည်းစနစ်ကို သူသဘောကျပုံကို ထည့်သွင်းရေးသားခဲ့သည်။

ဒီအရပ်တွင် အမှိုက်အလွန်ပေါသည်။ လူဦးရေသိပ်သည်းထူထပ်၍ ဖြစ်သည်။ တိုက်ခန်းတွေနှင့် အနေများသည်။ သူဌေးမှ လုံးချင်းအိမ်နှင့် နေနိုင်သည်။ တစ်နေ့တစ်နေ့ စွန့်ပစ်သောအမှိုက်ပမာဏက မနည်းပါ။ အမှိုက်သိမ်းစနစ်ကို စတင်ပြောပြပါရစေ။

ကျွန်တော် မကာအိုသို့ စတင်ရောက်သော ၁၉၉၁ ခုနှစ်တွင် မကာအိုတစ်မြို့လုံး၏ အမှိုက်ကို စည်ပင်သာယာသန့်ရှင်းရေးအလုပ်သမားက တာဝန်ယူသိမ်းဆည်းသည်။ ယနေ့ပန်းဆိုးတန်းနှင့် ဦးဝိစာရလမ်းတို့လို အလုပ်သမားတစ်ဦးကို နယ်မြေသတ်မှတ်ပေးထားသည်။ ၁၉၉၁ ခုနှစ်တွင် မကာအို ပေါ်တူဂီအစိုးရက တစ်မြို့လုံးအမှိုက်သိမ်းရန် စီအက်စ်အာရ်ဆိုသောကုမ္ပဏီကို ကန်ထရိုက်ပေးလိုက်ရာ စည်ပင်သာယာက အလုပ်သမားများသည် ယင်းကုမ္ပဏီ၏ အလုပ်သမား ဖြစ်သွားသည်။ အမှိုက်သိမ်းအလုပ်သမားများက အစိုးရအမှုထမ်းအဖြစ်ကနေ ကုမ္ပဏီဝန်ထမ်းမဖြစ်လို၍ သပိတ်မှောက်သည်။ ဤအရပ်သည် အမှိုက်ပုံးတစ်ပုံးသို့ တစ်နေ့အမှိုက်မသိမ်းသည်နှင့် ပြည့်လျှံသွားတော့သည်။ နှစ်ရက်အမှိုက်မသိမ်းသော် အမှိုက်ပုံးဘေးတွင် စုပုံနေတော့သည်။ သို့သော် တစ်ပတ်တာမျှ ညှိနှိုင်းပြီးသော် အလုပ်သမားများ သဘောတူညီမှုရကာ အလုပ်ပြန်ဆင်းသည်။

ယင်းစီအက်စ်အာရ်ကုမ္ပဏီသည် ဒေသခံကုမ္ပဏီမဟုတ်ပါ။ နိုင်ငံတကာကုမ္ပဏီဖြစ်သည်။ နိုင်ငံအတော်များများတွင် ကန်ထရိုက်ယူ၍ အမှိုက်သိမ်းသောကုမ္ပဏီဖြစ်သည်။ သန့်ရှင်းရေးတွင်သာမက လုံခြုံရေးတွင်လည်း ဂတ်ဒ်ဖို့ (Guard Force)၊ စီကျူရီကော (Securicor) ဆိုသော ကုမ္ပဏီတွေသည် နိုင်ငံတကာကုမ္ပဏီတွေဖြစ်သည်။

လူသွားစကြံပေါ်တွင် တိုင်တစ်တိုင်၌ အမှိုက်ပုံးငယ်တစ်ခု ချိတ်ဆွဲထားသည်။ လမ်းဆုံလမ်းခွလို ကျယ်ပြန့်သောနေရာတွင် အမှိုက်ပုံးကြီးတစ်ပုံး သို့မဟုတ် နှစ်ပုံး

www.foreverspace.com.mm

ရှိသည်။ ယင်းအမှိုက်ပုံးကြီးသည် လူ့ရင်စို့ခန့်ရှိကာ အပြာရောင်ဆေး သုတ်ထားသည်။ အမှိုက်ပစ်မည့်သူက စင်္ကြံဘက်ရှိ ခြေနင်းမောင်းတံကို ခြေထောက်နှင့်နင်းသော် အဖုံးပွင့်လာသည်။ အမှိုက်ပစ်ပြီးသည်နှင့် အဖုံးပိတ်သွားမည်။ ခွေး၊ ကြောင် တက်၍မရပါ။ ယင်းအမှိုက်ပုံးသို့ စောစောကနယ်မြေသန့်ရှင်းရေးသမားသည် လမ်းပေါ်ရှိ အမှိုက်ရော အမှိုက်ပုံးငယ်ကအမှိုက်ကိုပါ စုပေါင်းသိမ်းဆည်း၍ အမှိုက်ပုံးကြီးထဲ လာထည့်ရသည်။

အမှိုက်ပုံးကြီးကို အမှိုက်များသောနေရာ၌ တစ်နေ့နှစ်ကြိမ် အမှိုက်ပုံမှန်ရှိသောနေရာ၌တစ်ကြိမ် ကားနှင့်လာ၍သိမ်းဆည်းသည်။ ယာဉ်မောင်းအပြင် နောက်က တွဲလွဲခို၍လိုက်ရသော အလုပ်သမားနှစ်ဦးပါသည်။ အမှိုက်ပုံးဘေးတွင်ကားဆိုက်သည်နှင့် အလုပ်သမားက အမှိုက်ပုံးကြီးကို ဆွဲကာ ကားနောက်ကချိတ်တွင် ချိတ်ပေးလိုက်သည်။ 'ဆွဲ' ဟုအော်လိုက်သည်နှင့် စက်အရှိန်ဖြင့် ယင်းအမှိုက်ပုံးကိုမတင်ပြီး ကားနောက်ခန်းသို့ အမှိုက်ပုံးကသွန်ပြီးသားဖြစ်သည်။ နှစ်ပုံးရှိက နောက်တစ်ပုံးကိုထပ်ချိတ် စက်ရှိန်နှင့်မ၍ သွန်ချသည်။ ယင်းအမှိုက်သိမ်းကားထွက်သွားကာ အမှိုက်ပုံးတွေနေရာချပြီးသော် နောက်ကရေဆေးကားလာသည်။ ယာဉ်မောင်းတစ်ဦးတည်း ကားပေါ်ကဆင်း၊ ရေပိုက်ကိုယူ၊ အမှိုက်ပုံးတွေ၏အပြင်ဘက်ကို ရေဖျန်းကာ ဆေးကြောသည်။

နယ်မြေအလုပ်သမားသည် အင်မတန်ပင်ပန်းသည်။ အလုပ်ချိန်ရှစ်နာရီကို အပြည့်အဝလျှောက်သွားကာ လှဲကျင်းနေရသည်။ လမ်းအမြဲတမ်းလျှောက်နေရ၍လည်း သူတို့ကိုကြည့်လျှင် မည်သူမှ ဝဝဖြိုးဖြိုးမရှိ။ ကိုယ်ရေစစ်ကာပိန်နေသည်။ အဓိကရှင်းရသည်က လူစွန့်ပစ်အမှိုက်ဖြစ်သည်။ စက္ကူစုတ်၊ ပလတ်စတစ်အိတ်၊ ဆေးလိပ်တို၊ စောစောကပြောသည့် အချိုရည်ဘူးခွံမျိုးတို့ ဖြစ်သည်။ သို့သော် သဘာဝအမှိုက် သစ်ရွက်ကြွေကိုလည်း ချန်ထား၍မရပါ။ ဒီအရပ်မှာ ညောင်ညိုပင်တွေပေါသည်။ လွန်ခဲ့သောနှစ်ပေါင်းသုံးလေးဆယ်ကတည်းက အရိပ်ရစေရန် စည်ပင်ကစိုက်ခဲ့သောအပင်တွေပါ။ ထုံးစံအတိုင်း နွေဦးပေါက်တွင် သစ်ရွက်ကြွေသည်။ ရှေ့ကလှဲသွားလျှင် နောက်က တဖြောက်ဖြောက်နှင့်ကြွေနေသည်ကို ဘဏ်တံခါးက ကြည့်နေသော ကျွန်တော်က မြင်နေရသည်။ တစ်ခါ နောက်ပြန်လှဲရပြန်သည်။ သို့သော် မနိုင်လျှင်ကိစ္စမရှိပါ။ လူစွန့်ပစ်အမှိုက်မကျန်ဖို့ရာပဲ အဓိကဖြစ်သည်။

လစာက မကာအိုပါတာကပ် ၄၅၀၀ က စသည်။ လုပ်သက်ရင့်သည်နှင့် ခြောက်ထောင်၊ ခုနစ်ထောင်ဖြစ်မည်။ သို့သော် ဤငွေပမာဏသည် မနည်းသော်လည်း ဤအရပ်၌မများချေ။ အလုပ်ချိန်အတွင်း၌ လက်ဖက်ရည်ဆိုင်သွားခွင့်မရှိ။ ဈေးသွားခွင့်မရှိ။ ကိစ္စရှိ၍ ဘဏ်ဝင်ခွင့်မရှိ။ လစာဝင်၊ မဝင်သိလိုသော် ဘဏ်တံခါးဝတွင်ရပ်၍ ကျွန်တော့်ကို ဘဏ်စာအုပ်လှမ်းပေး ကာ ထွက်သွားသည်။ ခဏနေတော့ ပြန်လာယူသည်။ တာဝန်ချိန်ပျက်ကွက်က ဒဏ်ကြေးက ခုနစ်ထောင်ဖြစ်သည်။ တာဝန်ကျပုဂ္ဂိုလ်က မော်တော်ဆိုင်ကယ်နှင့် အမြဲလာရောက်စစ်ဆေးသည်။

လူဦးရေထူထပ်၍ အမှိုက်ပေါသည်ဟု ပြောခဲ့ပါသည်။ တရုတ်တွင် တစ္ဆေကြီးပွဲဆိုတာရှိသည်။ နေဝင်ရီတရော ညဘက်တွင် အခန်းတိုင်းက တိုက်အောက်ကစင်္ကြံမှာဆင်း၍ပူဇော်ပသသည်။ စက္ကူတွေ မီးရှို့သည့်အမှိုက်များစွာကျန်ရစ်ခဲ့သည်။ ဒါကို နယ်မြေသန့်ရှင်းရေးက နိုင်အောင်သိမ်းရသည်။

နောက်တစ်ချိန်က တရုတ်နှစ်သစ်ကူးအချိန်ဖြစ်သည်။ အိမ်ရှိပစ္စည်းတွေကို အသစ်နှင့်လဲလှယ်သောဓလေ့ရှိသည်။ ခုတင် မွေ့ရာတွေပါသည်။ ဒါတွေကိုတော့ အမှိုက်ပုံးကြီးမှာပုံသည်။ အမှိုက်သိမ်းကား၏တာဝန်ဖြစ်သည်။ အမှိုက်သိမ်းကားက အမှိုက်တွေပြည့်ပါက လူဝမ်နှင့် တိုင်ပါကြားရှိ အမှိုက်မီးရှို့သောစက်သို့ပို့ရသည်။

နောက်တစ်ခုက လမ်းကိုရေဆေးခြင်းဖြစ်သည်။ လမ်းပဲ မိုးရွာရင်စင်သွားမှာပေါ့ဟု ပြော၍ရပေသည်။ ဒီအရပ်မှာ လမ်းကိုရေဆေးသည်။ နောက်လမ်းနှင့် စင်္ကြံထောင့်တွင်ကပ်နေသော ရွှံ့တွေ၊ ဖုန်တွေကို ဘရပ်ချ်အဝိုင်းနှင့်ပွတ်တိုက်သည်။ အားလုံး ယာဉ်မောင်းတစ်ဦးတည်းစက်ဖြင့်လုပ်သည်။ ကမ်းပေါ်ကအမှိုက်ကို လေစုပ်စက်ဖြင့် စုပ်ယူသည်။

အများသုံးအိမ်သာ၊ အများသုံးအိမ်သာက စည်ပင်သာယာ၏ကိစ္စဖြစ်သည်။ လူစည်ကားရာနေရာတွေ၌ မြေပေါ်မှာထားပေးသည်။ အခမဲ့မို့ ပိုက်ဆံလုံးဝမပေးရပါ။ အမြဲတမ်းသန့်ရှင်းနေအောင် အလုပ်သမားက ရေဆေးတိုက်ချွတ်နေရသည်။ ယင်းစည်ပင်သာယာအလုပ်သမား၏ လစာသည် ပါတာကပ် ရှစ်ထောင်(ယူအက်စ်ဒေါ်လာ-၁၀၀၀) ဖြစ်သည်။ အများသုံးအိမ်သာအဖြစ် တချို့နေရာ၌ ရွှေ့ပြောင်းအိမ်သာ (Mobile Toilet) ထားပေးသည်။ ကားဖြင့်ဆွဲလာချထား၊ အချိန်တန်လျှင် မိလ္လာသိမ်းကား ရေဆေးကားလာသည်။

စားသောက်ဆိုင်ကဲ့သို့သော အမှိုက်ထွက်သည့်ဈေးဆိုင်က အမှိုက်ကိုဖော်ပြပါ အမှိုက်ပုံးကြီး၌ စွန့်ပစ်ခွင့်မရှိ။ သွန်ခွင့်မရှိ။ အမှိုက်ပုံးကြီးသည် သာမန်အရပ်သားများအတွက်သာ။ စားသောက်ဆိုင်က အမှိုက်ကို ပုဂ္ဂလိကအမှိုက်သိမ်းကားက နေ့စဉ်လာသိမ်းသည်။ အခပေးရသည်။

မကာအိုတွင် ပုဂ္ဂလိကသန့်ရှင်းရေးကုမ္ပဏီတွေရှိသည့် ဖိလစ်ပိုင်အလုပ်သမားတွေ၊ တရုတ်ပြည်ကအလုပ်သမားတွေက ဒီကုမ္ပဏီမှာ အလုပ်လုပ်သည်။ ဘဏ်တွေ၊ အစိုးရရုံးတွေ၊ ဆေးရုံတွေက ငှားရမ်းသည်။ တစ်နှစ်ပြည့်လျှင် ကန်ထရိုက်ခေါ်သည်။ ဈေးအနည်းဆုံးသူရသည်။ ကျွန်တော်လုံခြုံရေးစောင့်သော ဘီစီအမ်ဘဏ်ကို ဆန်းရှိုင်းသန့်ရှင်းရေးကုမ္ပဏီက တာဝန်ယူသည်။ သန့်ရှင်းရေးဖိလစ်ပင်းမလေးမာဆဲဇ်က မနက်ကိုးနာရီကနေ ဆယ့်တစ်နာရီကို တိုင်ပါဆီစီအမ် မနက် ဆယ့်တစ်

www.foreverspace.com.mm

နာရီကနေ နေ့ခင်း တစ်နာရီကို လူဝမ်ဘဏ် သန့်ရှင်းရေးလုပ်ရသည်။ ညနေပိုင်း လေးနာရီမှ ခြောက်နာရီကို လူဝမ်ကျန်းမာရေးဌာနတွင် အလုပ်ဆင်းရသည်။ ဤကဲ့သို့ အလုပ်ဆင်းချိန်တွေ စုပေါင်းပြီးမှ တစ်လစာလခရသည်။

မကာအိုက အစိုးရဆေးရုံကြီးစန်းတင်ကိုလည်း ဤဆန်းရှိုင်းကုမ္ပဏီကပဲ တာဝန်ယူသည်။ ကျွန်တော်တို့ ရန်ကုန်တွင် ဗိုလ်ချုပ်လမ်းပေါ်ပြေးဆွဲသော ဘတ်စ်ကား စီးသွားပါက လှည့်ကြည့်စရာမလို။ ဆေးရုံရှေ့ရောက်တာ သိရသည်။ ဆေးရုံနံ့ရ၍ဖြစ်သည်။ မကာအိုဆေးရုံကြီး တစ်ခုလုံး မည်သည့်အနံ့မှမရပါ။ ရှေ့ကလည်းမရ၊ နောက်ကလည်းမရ၊ အထဲမှာလည်းမရ။ ရေခဲတိုက်ရှေ့မှာ ကျွန်တော် တာဝန်ကျဖူးသည်။ မည်သည့်အနံ့မှမရခဲ့ပါ။

ကျွန်တော် အချိန်ပိုင်းတာဝန်ကျသော မကာအိုမော်ကွန်းတိုက်လို အစိုးရရုံးတွင် သက်သာသည်။ အိမ်သာကို ဘရပ်ချ် နှင့် ဟိုထိုးဒီထိုးလုပ်၊ ရေဆွဲချ၊ ဧည့်ခန်းကဆိုဖာတွေဖုန်သုတ်၊ တကယ်တော့ အဲယားကွန်းအမြဲဖွင့်ထားပြီး မှန်တံခါးတွေအမြဲပိတ်ထား၍ ဘာဖုန်မှမရှိပါ။ ယင်းကုမ္ပဏီသည် ဒေသခံတရုတ်ကုမ္ပဏီ ဖြစ်သည်။ မကာအိုအစိုးရယဉ်ကျေးမှုဌာနက လေလံခေါ်ရာ သူကဈေးအနည်းဆုံးဖြစ်၍ သူရသည်။ ယဉ်ကျေးမှုဌာနအောက်က စာကြည့်တိုက်၊ မော်ကွန်းတိုက်၊ ဂီတသင်တန်းကျောင်း၊ ပြတိုက်၊ ပန်းချီသင်တန်းကျောင်းတွေအားလုံးသည် ကုမ္ပဏီကတာဝန်ယူရသည်။ ယဉ်ကျေးမှုဌာနက ဘတ်ဂျက်နည်းပေရာ တစ်ခါက ခြောက်လတာ သန့်ရှင်းရေးမထားနိုင်ခဲ့ပါ။ အစိုးရဘဏ္ဍာရေးဌာနအောက်ရှိ ငွေကြေးအာဏာပိုင်အဖွဲ့ရုံးကို ကျပြန်တော့ ဘတ်ဂျက်များသည့် ရုံးဝန်ထမ်းတွေသောက်ဖို့ လစ်ပတန်အချိုခြောက်၊ အကြမ်းခြောက်ထုပ်၊ ကော်ဖီဖျော်စက်၊ ပေါင်မုန့်များထားပေးရာ ဝန်ထမ်းတွေက ကုန်အောင်မစားနိုင် ယင်းရုံးမျိုး၌ သန့်ရှင်းရေးရော၊ လုံခြုံရေးပါ စားသောက်ကြရသည်။

တချို့ရုံးကျတော့လည်း သန့်ရှင်းရေးအလုပ်သမားမှာ ရေပင်သောက်ခွင့်မရ။ အစိုးရရုံးတိုင်းမှာ ရုံးဘတ်ဂျက်နှင့် ရေသန့်ဘူး၊ လျှပ်စစ်ရေတိုင်တွေရှိသည်။ ရေပူရေအေးထွက်သည်။ ဆန်းရှိုင်းသန့်ရှင်းရေးဖိလစ်ပိုင်အမျိုးသမီးတွေကလည်းလွန်သည်။ အစိုးရကျန်းမာရေးဌာနရုံးချုပ်မှာ ညဘက်သန့်ရှင်းရေးလုပ်ရင်း သောက်ရုံမက ပုလင်းကြီးတွေနှင့် အိမ်သို့သယ်သည်။ သန့်ရှင်းရေးသမား ငါးယောက်လောက်ဆိုတော့ ရေပုံးက တစ်ဝက်ခန့် နေ့တိုင်းလျော့သည်။ သူတို့ကလည်း သူတို့။ ကျန်းမာရေးဌာနက ရေမသောက်ရ အမိန့်ထုတ်လိုက်သည်။

မြို့၏သန့်ရှင်းရေးနှင့် အမှိုက်သိမ်းစနစ်ကို ပုဂ္ဂလိကအား လွှဲပေးလိုက်တော့ စည်ပင်သာယာက ဘာလုပ်သလဲဟုမေးစရာရှိသည်။ စည်ပင်သာယာက ရေမြောင်းရှင်းသည်။ မြို့တစ်မြို့လုံး သစ်ပင်စိုက်သည်၊ သစ်ပင်ပျိုးသည်။ တရုတ်နှစ်သစ်ကူးပွဲတော်၊ ခရစ္စမတ်နှင့် နှစ်ကူးတွင် တစ်မြို့လုံးကို မီးအလှဆင်သည်။ မီးလုံးပါအရုပ်တွေ ဆင်သည်။ ကြာပန်းက မြန်မာပြည် သီတင်းကျွတ်မှာ ပွင့်ပေသည်။ ဟောင်ကောင် မကာအိုတွင် ဇွန်လမှာပွင့်သည်။ ကြာပန်းပွင့်နေသော ကြာဖြူ၊ ကြာနီပန်းအိုးတွေကို ပန်းခြံထဲရှိ ရေကန်တွင် ရေအောက်၌ ဖောင်အသေရိုက်ပြီး ပန်းအိုးတင်ထားရာ ရေထဲကကြာပန်းပွင့်သလိုဖြစ်သည်။ မကာအိုတွင် မည်သည့်ပန်းခြံမဆို တစ်ညလုံးမီးထွန်းထားသည်။ သစ်ပင်ကြီးတွေကို မီးဆလိုက်ထိုးထားသည်။ ပန်းခြံတွင်ဝင်၍နားနေသူတွေမှာ ဝင်ခွင့်ပိုက်ဆံတစ်ပြားတစ်ချပ်မှ ပေးစရာမလိုပါ။

ကမ္ဘာလှည့်ခရီးသည်လုပ်ငန်း၏ဝင်ငွေအဓိကထားသောအရပ်မို့ မြို့သန့်ရှင်းရေးနှင့် လုပရေးကို အထူးအလေးထားဆောင်ရွက်ခြင်းဖြစ်သည်။



**ကိုဝမ်း**

www.foreverspace.com.mm





# ဆရာဇော်ဂျီ ရာပြည့်ပွဲ (၃)

သခင်တင်မြ

## စပါးအဝယ်ဒိုင်ကိစ္စ

ကျွန်တော်သည် လယ်သမားဦးကြီးကို ဆရာတင်ပြီးဆက်မေးခဲ့ပါသည်။ စပါးအရောင်းအဝယ်ကိစ္စဖြစ်ပါသည်။

ထိုစဉ်က စပါးကို ပုဂ္ဂလိကကုန်သည်များနှင့်အပြိုင် အစိုးရက ဒိုင်ဖွင့်ဝယ်နေသောအချိန် ဖြစ်သည်။ အက်စ်အေအမ်ဘီ (State Agriculture Marketing Board) အစိုးရကောက်ပဲသီးနှံရောင်းဝယ်ရေးဘုတ်သည် တစ်ပြည်လုံးတွင် စပါးဝယ်ယူသိုလှောင်၊ ကိုယ်ပိုင်စက်နှင့် အငှားစက်များဖြင့် ကြိတ်ခွဲ၊ နိုင်ငံခြားပို့သည့်လုပ်ငန်းများကို ပုဂ္ဂလိကကုန်သည်များနှင့် အပြိုင်လုပ်နေသောကာလ ဖြစ်သည်။

ဤစပါးဝယ်ယူရေးလုပ်ငန်းကို သိလိုသဖြင့် ဦးကြီးကို ဆက်မေးလိုက်သည်။

"စပါးကုန်သည်ပွဲစားက စပါးတင်း ၅၀,၀၀၀ လောက်ကို လုပ်သား ၁၀ ယောက်လောက်နဲ့ဝယ်နိုင်တယ်။ သိုလှောင်နိုင်တယ်။ အက်စ်အေအမ်ဘီကတော့ကွာ လူများပြီး ပွဲမစည်လို့ ပြောနိုင်တယ်။ စပါးအဲဒီလောက်ကို လူ ၂၀ အနည်းဆုံးနဲ့မှလုပ်နိုင်တယ်။ ပေါင်ချိန်စာရေး၊ တာလီစာရေး၊ စပါးပုံစောင့်၊ ဂိုဒေါင်စောင့်ဆိုတော့ စရိတ်ပိုကုန်တာပေါ့"။ အစိုးရထက် ကုန်သည်က စပါးဈေးပိုပေးနိုင်သည်မှာ ဤအကြောင်းပါသည်။

ကုန်သည်ပွဲစားများ စပါးဝယ်ပုံကို ကြည့်ပါ။ "လယ်သမားက သမွန်တစ်စင်းနဲ့ စပါးလာရောင်းရင် စပါးကို အပေါ်ယံနိုက်ကြည့်၊ လက်နဲ့ပွတ်ကြည့် ဈေးဖြတ်ပြီး စပါးဝယ်၊ စပါးချင်နေဆဲမှာ ဆန်နမူနာကြည့်ပြီး စပါးတစ်ရာကြိတ်ရင် ဆန်၊ ဆန်ကွဲနဲ့ဖွဲ ဘယ်အချိုးထွက်မည်ကို သိသည်။ အစိုးရဒိုင်မှူးကတော့ သမ္ဗန်တစ်စင်းကို အထက်၊ အလယ်၊ အောက် စပါးနမူနာကြည့်ရုံနဲ့ တစ်ယောက်တည်း အဆုံးအဖြတ်မပေးနိုင်ဘူး။ အဆင့်ဆင့် တင်ပြညှိနှိုင်းနေရတာကြောင့် ကြန့်ကြာ။ မြစ်ဝကျွန်းပေါ်မှာ ဒီရေအတက်အကျကြည့်ပြီး သွားလာရတော့ လယ်သမားက စပါးရောင်းပြီး ဈေးဝယ်ပြန်ရမှာ။ လယ်သမားရဲ့ဆန္ဒကို ဒိုင်မှူးကမသိ။ ကုန်သည်ပွဲစားက သိတော့ စပါးဝယ်လို့ ပိုရတာပေါ့။ ကုန်သည်ကို အစိုးရက မယှဉ်နိုင်ဘူး။ ဒီတော့ စပါးပိုဝယ်ရအောင် အစိုးရက အာဏာနဲ့ အနိုင်ကျင့်တော့တာပဲ"

"ကုန်သည်ပွဲစားက စပါးလာရောင်းတဲ့လယ်သမားကို မိတ်မပျက်အောင်ကောင်းကောင်းဆက်ဆံတယ်။ နို့ပြီး စပါးချင်နေဆဲ စပါးအရောင်ပြောင်းလာတာတွေ့ရင် ဒါမှမဟုတ် ဖုန်တွေ၊ သဲတွေ၊ ခဲတွေတွေ့ရင် လယ်သမားကို အကျိုးအကြောင်းရှင်းပြ ဈေးလျှော့ခိုင်း၊ လယ်သမားတွေက

www.foreverspace.com.mm

လည်း လျှော့ပေးလေ့ရှိပါတယ်"

"အစိုးရစပါးဒိုင်ကျတော့ ဒီလိုစပါးမျိုးကို အလုပ်ရှုပ်တယ်ဆိုပြီး မဝယ်ဘဲ ပယ်ပစ်တယ်။ အဲဒါကြောင့် အစိုးရစပါးဒိုင် စပါးဝယ်မရတာ ဘာဆန်းလဲ"

"စပါးဆိုတာက ကိုယ်လိုချင်တဲ့အမျိုးအစားအရေအတွက်ဝယ်တိုင်း ရတာမှ မဟုတ်တာ။ မျိုး၊ ရေ၊ မြေနဲ့ ဥတုရာသီ၊ ပိုးမွှား၊ နို့ပြီး လူလုပ်အား အားစိုက်မှုနဲ့ မစိုက်မှု။ ဒါတွေအားလုံး ပြည့်စုံရင်တော့ စပါးအမျိုးအစားရော အရေအတွက်ပါ ကောင်းတယ်။ အဲဒီထဲက တစ်ခုခုချို့ယွင်းရင် မှန်းချက်နဲ့နှုန်းထွက် မကိုက်တော့ဘူး"

လယ်သမားဦးကြီးက သူတို့ကြုံနေတဲ့အခက်အခဲများကို ဆက်ပြောပါသည်။

"လယ်ယာလုပ်သားငှားရတာလည်း အခက်အခဲရှိနေတယ်။ ဟိုတုန်းက ၁၂ ရာသီလုပ်သားငှားလို့ရတယ်။ ခုတော့ မိုးလုပ်သားကတစ်ယောက်၊ နွေလုပ်သားက နောက်တစ်ယောက်။ သတ်သတ်စီဖြစ်လာတယ်။ ဟိုးတုန်းက မိုးမကျမီ ထင်းသယ်ထင်းခွဲအလုပ်ကို နွေလုပ်သားက အလုပ်ဝင်တာနဲ့စလုပ်တယ်။ ခုတော့ သီးခြားလုပ်သားငှားလုပ်ရတယ်။ ဒီကြားထဲ မိုးရာသီမကုန်ခင် လယ်မပြီးခင်မှာ ထွက်သွားလေ့ရှိတာကြောင့် လယ်ရှင်က လုပ်သားကို ခယနေရတယ်။

ဟိုတုန်းက ၁၂ ရာသီလုပ်သားကို စပါးတင်း ၁၅၀ ပေးရင်ရတယ်။ ခုတော့ မိုးလုပ်သားက တင်း ၁၀၀၊ နွေလုပ်သားက တင်း ၁၀၀ ပေးရတော့၊ ၁၂ ရာသီစာအတွက် စပါးတင်း ၂၀၀၊ တင်း ၅၀ ပိုကုန်တာပေါ့။ ကောက်စိုက်ခကလည်း ဈေးတက်လာတယ်။ စပါးရိတ်ခလည်း ကြည့်ဦး။ စစ်ပြီးစက တစ်ဧက ၈ ကျပ်၊ ၉ ကျပ်။ ခုဆိုရင် တစ်ဧက ၁၂ ကျပ်၊ ၁၃ ကျပ်။ တက်မှာပေါ့ ဟိုးတုန်းက အိန္ဒိယက ကုလားတွေနဲ့ အညာက အညာသားတွေလာကြတယ်။ ခု ကုလားတွေကို အစိုးရက လာခွင့်မပေးတော့ဘူး။ အညာသားတွေကတော့ ဘာ့ကြောင့် ဆင်းမလာကြတာလဲ မသိဘူး။ ကောက်ရိတ်သမားရှားပါးတော့ စပါးမောင်းညိုချိန်မှာ မရိတ်ရ၊ နောက်ကျမှ ရိတ်ရတယ်။ အကျိုးအကြေနဲ့ အဖိတ်အစင်များတော့တာပေါ့"

## ဒုက္ခများလှ လယ်သမားဘဝ

လယ်ထွန်ရတာလည်းကြည့်ဦး။ အရင်က တစ်တုံးထွန်ဆိုရင် ၁၂ ဧကရှိတယ်။ ခုတော့ ရှစ်ဧက အလွန်ဆုံး ကိုးဧကပဲ။ လယ်သမားက လယ်စရိတ်ကာမိအောင်ဆိုပြီး နွားကောင်းမသုံးတော့ဘူး။ တချို့ဆို နွားမနဲ့တောင် လယ်ထွန်ကြတယ်။ ကောင်းရော။ လယ်လုပ်ငန်းကမဖွံ့ဖြိုးတော့ ဈေးကြီးတဲ့နွားကောင်းလည်း မကိုင်နိုင်ကြဘူး"

"လယ်ယာလုပ်သား လယ်လုပ်ပုံကလည်း အရင်က နေထွက်က နေဝင်အထိ ဆက်တိုက်လုပ်လေ့ရှိတယ်။ ခုတော့ မနက်နဲ့ ညနေပိုင်းသာလုပ်ပြီး နေ့လယ်ပိုင်းနားတော့တာပဲ။ ဘယ်လိုခိုင်းခိုင်းမလုပ်တော့ဘူး"

"လယ်ယာအခြေအနေလည်းကြည့်ဦး။ အရင်ကဆိုရင် ရေငန်မဝင်အောင် ချောင်းရိုးတစ်လျှောက်မှာ လယ်သမားတွေစုပြီး တာရိုးမြင့်မြင့်တွေဖို့ကြတယ်။ ဒီလိုတာရိုးတွေရှိတော့ ဆားငန်ရေမဝင်နိုင်ဘူး။ နန်းတင်အောင် ကန်သင်းရိုးတွေလုပ်နိုင်တယ်။ ဒီလို အချိန်မီကာကွယ်နိုင်တော့ စပါးအထွက်ကလည်း တစ်တုံးထွန် စပါးတင်း ၆၀၀ လောက်ထွက်တယ်။ ခုများဖြင့် တင်း ၄၀၀ တောင်အနိုင်နိုင်"

"အစိုးရက အမတော်ကြေး တစ်ဧက ၁၅ ကျပ်နှုန်းသာပေးတော့ မလောက်တာနဲ့ ကျေးရွာဘဏ်က တစ်ဧက ၃၀ ကျပ်ထပ်ချေးရတယ်။ တစ်တုံးထွန်လယ်သမားမှာ လူကြီးနှစ်ယောက်၊ ကလေးနှစ်ယောက် ပေါင်း လေးယောက်၊ စားစရိတ်က တစ်လ လူကြီးတစ်ယောက် ၂၅ ကျပ်နှုန်း၊ ကလေးတစ်ယောက် ၁၀ ကျပ်နှုန်းဆိုရင် မလောက်ငတော့ဘူး။ ဒါကြောင့် လယ်အလုပ်ကို အာရုံမစိုက်နိုင်။ ကြားဖြတ်ဝင်ငွေရမယ့် သားငါးရှာတဲ့အလုပ်ကို လုပ်ကြရတယ်။

ကျုပ်တို့လယ်သမားတွေကို ဒုက္ခအပေးဆုံးကတော့ တောကျေးလက်မှာ မငြိမ်သက် မလုံခြုံတာပဲ။ အစိုးရက နေ့မှာ အုပ်ချုပ်ပြီး ညကျတော့ သူပုန်ကဘုရင်ပဲ။ အခွန်ကိုလည်း နှစ်ခါပေးရတယ်။ လယ်ခွန်နှစ်ခါ၊ ခြံခွန်နှစ်ခါ။ သူပုန်က လေးဖွဲ့ရှိရင်တော့ သေပေတော့။ အခွန်တစ်မျိုးတည်း လေးဖွဲ့ကိုပေးရမယ်။ 'တုံးအောက်ကဖား ပြားတဲ့ဖားကပြား၊ ဖောင်းတဲ့ဖားကဖောင်း' လို့ ဆိုရိုးရှိတယ်မဟုတ်လား။ ခုတော့ ကျုပ်တို့လယ်သမားအားလုံး တစ်ကောင်မှမဖောင်းဘဲ အားလုံးပြားနေကြတယ်။ တကယ့် 'နင်းပြားပဲ'"

ဤသည်တို့ကား သင်္ဘောပေါ်တွင် ဖိုးတုတ်ဝက တက်လာသည့်လယ်သမားများထံမှ လေ့လာသိရှိချက်များဖြစ်ပေသည်။

## ပုသိမ်ကိုလေး

ကျွန်တော်တို့စီးလာတဲ့သင်္ဘော ပထမ ရေပူဝရွာတွေ့တော့ ဦးစိုးလှိုင်က လက်ညှိုးထိုးပြပြီး ရန်ကုန်ဘဆွေရဲ့ဇာတိရွာဟုပြောလေသည်။ ထိုင်ကူမြစ်တန်း လွန်တာနဲ့ မကြာမီ ကျိုက်လတ်မြို့ဆိပ်ကို ကပ်သည်။ ဖိုးတုတ်ဝကတက်လာတဲ့လယ်သမားဦးကြီးနှစ်ယောက် ကျွန်တော်တို့ကို နှုတ်ဆက်ဆင်းသွားသည်။ သင်္ဘောက ကျိုက်လတ်ဆိပ်မှာ ကုန်တင်ကုန်ချလုပ်တာ မိနစ် ၃၀ လောက်ကြာသည်။ ပြီးတာနဲ့ ဆက်ထွက်ခဲ့သည်။

ဒီရေတက်လာတော့ သင်္ဘောအရှိန်က နှေးသွားပါသည်။ ကျိုက်လတ်မြို့ ဆင်ခြေဖုံးအရောက်မှာ 'ပုသိမ်ကိုလေး' အကြောင်း စဉ်းစားမိသည်။

"ဦးစိုးလှိုင် စာရေးဆရာ ပုသိမ်ကိုလေးကို သိလား" ဟု မေးမိသည်။

ဦးစိုးလှိုင်က "မသိဘူး။ သူ့စာတွေတော့ စနေ နဂါးနီမှာဖတ်ဖူးတယ်။" ဒါကြောင့် ဦးစိုးလှိုင်ကို ပုသိမ်ကိုလေးအကြောင်း ပြောမိသည်။

www.foreverspace.com.mm

"သူ့အမည်ရင်းက ကိုချိုလှအောင်။ စစ်အတွင်းက သူ့ကိုစသိခဲ့တယ်။ ပုသိမ်ကိုလေးအမည်နဲ့သူရေးတဲ့စာတွေကိုတော့ စစ်မဖြစ်မီ ၁၉၄၀–၄၁ ခုနှစ်လောက်က တည်းက ဖတ်ဖူးပါတယ်။ ကျွန်တော် အကြိုက်ဆုံးက ပြင်သစ်ပြည်က ဘလင်ကို့ အကြောင်းကို 'သူရဲကောင်း' အမည်နဲ့ စနေနဂါးနီဂျာနယ်မှာ အခန်းဆက်ရေးခဲ့တာပဲ"

"အဲဒီဆောင်းပါးမှာ ရန်ကုန်ဘဆွေက အမှာစာရေးခဲ့တယ်လေ" ဟု ဦးစိုးလှိုင်က ဖြည့်လိုက်ပါသည်။

ကျွန်တော်က "ရန်ကုန်ဘဆွေက စနေနဂါးနီဂျာနယ်မှာ အယ်ဒီတာလုပ်ခဲ့တယ်။" ပုသိမ်ကိုလေးကို လူချင်းတွေ့ဖူးတာကတော့ ဂျပန်ခေတ်မှာပဲ။ ၁၉၄၃ ခုနှစ် မတ်လလောက်မှာထင်တယ်။ ပုသိမ်အာရှလူငယ်ဗဟိုစည်းရုံးရေးမှူး ကိုဝင်းမောင် ရန်ကုန်အလာမှာ ပုသိမ်ကိုလေး ရန်ကုန်ပါလာတာနဲ့တွေ့ဖူးတယ်။ ကျွန်တော့်ထက် ၄ နှစ်လောက်ကြီးမယ်။ သူ့မှာ နူနာရောဂါစွဲနေပြီ။ မျက်နှာကတော့မသိသာသေးဘူး။ လက်နှစ်ဖက်ကိုတော့ အိတ်တွေစွပ်ထားတယ်။ ကိုဝင်းမောင်က မိတ်ဆက်ပေးတော့ ကျွန်တော်က နှုတ်ဆက်ဖို့လက်ကမ်းလိုက်တယ်။ သူ့လက်နှစ်ဖက်ကို အပေါ်အင်္ကျီအိတ်ထဲက မထုတ်ဘူး။ ဂျပန်လို ခေါင်းငုံ့ပြီး အရိုအသေပေးတဲ့ပုံနဲ့နှုတ်ဆက်တယ်။ ကျွန်တော်က သူ့အကြောင်းမသိတော့ အထင်လွဲမိသေးတယ်။

သူမရှိမှ သူ့အကြောင်း ကိုဝင်းမောင်ကပြောပြတယ်။ "ကိုချိုလှအောင်အဖေက မြို့ပိုင်။ သူ ကိုးတန်းအရောက်မှာ နူနာစွဲလာလို့ ကျောင်းထွက်လိုက်ရတယ်။ ဘယ်မှမထွက်။ အိမ်မှာပဲကုတ်ပြီး စာရေးစာဖတ်နေရတယ်။ ပုသိမ်အာရှလူငယ်အစည်းအရုံးမှာ ဒု–ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားတယ်။ မြေအောက်ကွန်မြူနစ်ပါတီမှာ တက်တက်ကြွကြွလုပ်နေတယ်။ ကိုချိုလှအောင်ဟာ စာရေးကောင်းသလို စကားပြောလည်းကောင်းလှတယ်" တဲ့။

စစ်အပြီး ၁၉၄၆ ခုနှစ် မတ်လ ကွန်မြူနစ်ပါတီကွဲတော့ ကိုချိုလှအောင်ဆီက အလံနီပါတီကိုထောက်ခံကြောင်း၊ ဘာ့ကြောင့်ထောက်ခံရကြောင်း စာရှည်တစ်စောင်ရခဲ့သေးတယ်။ သူ့လိပ်စာက ပုသိမ်မဟုတ်တော့ဘူး။ ကျိုက်လတ်ဖြစ်နေတယ်။ ဘာ့ကြောင့် ကျိုက်လတ်ကို ပြောင်းခဲ့တယ်လို့ စာမှာမပါဘူး။

ဒါကြောင့် သူနဲ့ဆွေးနွေးဖို့ကျိုက်လတ်လာခဲ့တယ်။ သူ့ဖခင်က နယ်ပိုင်ဝန်ထောက်အဖြစ် ကျိုက်လတ်ကိုပြောင်းခဲ့ရတော့ သူပါလိုက်ခဲ့ရတာကိုး။ သူ့ရောဂါအခြေအနေက ပိုဆိုးနေပြီ။ မျက်နှာမှာ ပါးတွေ နှာခေါင်းတွေက နီရဲတွတ်နေပြီ။ ဒါကြောင့် အိမ်ပြင်လုံးဝမထွက်ဘဲ အိမ်တွင်းပုန်းဖြစ်နေတယ်။ ဂျပန်ခေတ် သူနိုင်ငံရေးသင်တန်းတက်ခဲ့ပြီး သူနဲ့သမီးရည်းစားဖြစ်ခဲ့တဲ့ခင်ခင်အေးလည်း သူ့ဇနီးဖြစ်နေပြီ။ ခင်ခင်အေးက အသားဖြူဖြူ မျက်နှာသွယ်ပြီး မျက်ခုံးကောင်း မျက်လုံးကလည်း တစ်လက်လက်တောက်နေတော့ သူတို့ဇနီးမောင်နှံဟာ မင်းကုသနဲ့ပပဝတီလို့ ဆိုရမယ်။



ကိုချိုလှအောင်ဟာ စိတ်သာရှိပြီး ကိုယ်မပါနိုင်တဲ့ဘဝကြောင့် ဘာတာဝန်မှ မယူနိုင်တော့ဘူး။ စာတောင်မရေးနိုင်တော့တဲ့အခြေအနေပဲ။

သူ့ကိုအားပေးစကားပြောပြီး ကျွန်တော်ပြန်ခဲ့ရတယ်။ နောက်တစ်နှစ်လောက်အကြာမှာ ကိုချိုလှအောင်ရဲ့နာရေးကြော်ငြာ သတင်းစာမှာဖတ်လိုက်ရတယ်။

## သမိန်ထောရွာကြီး

ညနေ ၃ နာရီလောက်မှာ ဖျာပုံကိုရောက်သည်။ ဖျာပုံကမ်းနားလမ်းက ဦးစိုးလှိုင်ရဲ့ညီ ကျောင်းဆရာဦးကျော်သောင်း အိမ်မှာ တည်းခိုညအိပ်ခဲ့သည်။

နောက်တစ်နေ့နံနက်မှာတော့ ဘတ်စ်ကားနဲ့ ဦးစိုးလှိုင်ရဲ့ဇာတိရွာ သမိန်ထောကို ထွက်ခဲ့ကြသည်။

ဖျာပုံမြို့နယ်နိမိတ်လွန်တာနဲ့ အချာဆိုတဲ့ရွာကြီးမှာ တံတားရှိတာ ကောင်းကောင်းမှတ်မိသည်။ အချာကနေ သမိန်ထောရွာကို ခုနစ်မိုင်ဝေးသည်။ ဦးစိုးလှိုင်က သမိန်ထောရွာနဲ့ ရွာနီးချုပ်စပ်က လယ်သမားတွေကို ကျွန်တော်နဲ့ဆွေးနွေးဖို့ကြို

**အရှင်ဦးအာစရသည် ဖျာပုံမြို့နယ် သမိန်ထောရွာမှ သခင်ခေါင်းဆောင်ဆရာတော်တစ်ပါးဖြစ်သည်။ လွန်ခဲ့သောတစ်နှစ်ခန့်ကပင် ပုဒ်မ ၁၂၄ (က) အစိုးရအကြည်ညိုပျက်စေသည့်ပုဒ်မဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ်တစ်နှစ်၊ စီကလပ် ကျခံခဲ့ရသောရဟန်းဖြစ်သည်။ ထောင်ကျသည့်နေ့ကစပြီး ဘီကလပ်မရသဖြင့် ဦးအာစရ ဆန္ဒပြအငတ်ခံခဲ့သည်။ တစ်ပတ်ကြာသောအခါ ထောင်အာဏာပိုင်တို့က ဦးအာစရကို နှာခေါင်းထဲပိုက်သွင်းပြီး အစာအတင်းသွင်းတော့သည်။ အစာတော်ခံထားသဖြင့် အားပျော့နေသော ဦးအာစရသည် မရုန်းနိုင်မလှုပ်နိုင်ခြင်းကြောင့် အစာသွင်းသည်ကို ခံနေရတော့သည်။**

www.foreverspace.com.mm



တွင်အကြောင်းကြားထားသည်။

သမိန်ထောရွာလယ်က ဦးစိုးလှိုင်၏ ညီဝမ်းကွဲအိမ်တွင် တည်းကြသည်။ ဦးစိုးလှိုင်၏ညီမှာ ကျေးရွာအုပ်ချုပ်မှုအဖွဲ့ အတွင်းရေးမှူး ဖြစ်သည်။ သမိန်ထောရွာတွင် အလယ်တန်းကျောင်းရှိသည်။ ကျောင်းအုပ်မှာ ခေတ်ပညာတတ်ပြီး စာပေဝါသနာပါသူဖြစ်သည်။ ကျွန်တော်ရေးသည့် 'ဘုံဘဝမှာဖြင့်' ကို မြဝတီမဂ္ဂဇင်းတွင် လစဉ်မလွတ်တမ်းဖတ်နေသူဟု ပြောသည်။

သမိန်ထောရွာမှာ အိမ်ခြေ ၆၀၀ ကျော်ရှိသည့် ရှေးဟောင်းရွာကြီးဖြစ်သည်။ အမည်က သမိန်ထောဆိုတော့ မွန်ရွာမှန်းသိသာသည်။ ဖျာပုံ–ကျုံကဒွန်းသွားကားလမ်းပေါ်တွင်တည်ရှိသည်။ မွန်ဘုရင်များလက်ထက်ကပင် ဆောက်လုပ်လှူဒါန်းထားသည့် သာသနိက အဆောက်အအုံများတွေ့ရသည်။ တစ်ရွာလုံးလိုလိုတွင် အုန်းခြံ၊ သရက်ခြံ၊ မရမ်းခြံများရှိပြီး ယင်းခြံများတွင် အုတ်တိုက်များဖြင့် ကြေးရတတ်များနေထိုင်ကြသည်။ ရွာလယ်တွင် ထုံးစံအတိုင်း တရုတ်နှင့်ကုလားဆိုင်ကြီးများက နေရာယူထားသည်။

သမိန်ထောရွာကို ကျွန်တော်မရောက်ဖူးပေမယ့် ဖျာပုံမြို့နဲ့ဆက်စပ်ပြီး ဝံသာနုလှုပ်ရှားမှု၊ တို့ဗမာအစည်းအဝေး လှုပ်ရှားမှုများဖြင့် ဒုတိယကမ္ဘာစစ်မဖြစ်မီကပင် ကြားသိခဲ့ပြီးဖြစ်သည်။ အထူးသဖြင့် ၁၉၄၀ ပြည့်နှစ် အင်းစိန်ထောင်တွင် ကျွန်တော်ရှိစဉ် သမိန်ထောရွာမှ ဆရာတော်အရှင်ဦးအာစရကို အကြောင်းပြု၍ ဤသမိန်ထောရွာကို ကျွန်တော်သိကျွမ်းခဲ့သည်ဟု ဆိုနိုင်သည်။

## အရှင်ဦးအာစရ

ကျွန်တော် ဘီကလပ်ထောင်ကလေးသို့ရောက်ပြီး မကြာမီမှာပင် ထောင်တွင်းတိုက်ပွဲတစ်ခုပေါ်လာသည်။ အရှင်ဦးအာစရအား ထောင်မှလွှတ်ရေးနှင့်ပတ်သက်၍ ပေါ်လာသောထောင်တွင်းတိုက်ပွဲဖြစ်သည်။

အရှင်ဦးအာစရသည် ဖျာပုံမြို့နယ် သမိန်ထောရွာမှ သခင်ခေါင်းဆောင်ဆရာတော်တစ်ပါးဖြစ်သည်။ လွန်ခဲ့သောတစ်နှစ်ခန့်ကပင် ပုဒ်မ ၁၂၄ (က) အစိုးရအကြည်ညိုပျက်စေသည့် ပုဒ်မဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ်တစ်နှစ်၊ စီကလပ်ကျခံခဲ့ရသောရဟန်းဖြစ်သည်။ ထောင်ကျသည့်နေ့ကစပြီး ဘီကလပ်မရသဖြင့် ဦးအာစရ ဆန္ဒပြအငတ်ခံခဲ့သည်။ တစ်ပတ်ကြာသောအခါ ထောင်အာဏာပိုင်တို့က ဦးအာစရကို နှာခေါင်းထဲပိုက်သွင်းပြီး အစာအတင်းသွင်းတော့သည်။ (Force Feeding) အစာငတ်ခံထားသဖြင့် အားပျော့နေသော ဦးအာစရသည် မရုန်းနိုင်၊ မလှုပ်နိုင်ခြင်းကြောင့် အစာသွင်းသည်ကို ခံနေရတော့သည်။ ဤသို့ အစာငတ်ခံအလျှော့မပေး၊ ထောင်အာဏာပိုင်များကလည်း အစာကိုပိုက်ဖြင့်သွင်းလာရာ ခြောက်လကျော် ကြာလာသည်။ ဤသို့ ထောင်အာဏာပိုင်များက အစာကို နှာခေါင်းမှအတင်းသွင်းနေကြောင်း သတင်းစာများတွင် ပါလာသည်။ လွှတ်တော်အစည်းအဝေးတွင် သခင်အမတ်များဖြစ်သည့် သခင်မြ၊ သခင်အုံးကြီး၊ သခင်လှတင်တို့က အစိုးရကိုမေးခွန်းထုတ်ကာမှ အရှင်ဦးအာစရကို ဘီကလပ်အဆင့်ပေးလိုက်သည်။

လွှတ်ရက်စေ့၍ အရှင်ဦးအာစရကို လွှတ်ဖို့ကြံလာသည်နှင့် ပြဿနာတက်တော့သည်။ ဦးအာစရက "ဘူးပေါက်ကလေးကမထွက်၊ ဘူးပေါက်တံခါးမကြီးဖွင့်ပေးမှ ထောင်မှထွက်မည်" ဟု ထောင်အာဏာပိုင်တွေထံ အကြောင်းကြားလိုက်သည်။

ဤကိစ္စနှင့်ပတ်သက်၍ သခင်လေးမောင်၊ သခင်နုတို့က ဦးအာစရအား "ကိုယ်တော် ဘူးဝတံခါးပေါက်ကလေးကပဲဖြစ်ဖြစ်၊ ဘူးဝတံခါးမကြီးကပဲဖြစ်ဖြစ် လွှတ်တဲ့အခါ အပြင်ရောက်ဖို့ လိုရင်းပဲမဟုတ်လား။ သူတို့လွှတ်ချင်တဲ့အပေါက်၊ ဘယ်အပေါက်ကလွှတ်လွှတ် အပြင်ရောက်ဖို့အဓိကပဲ။ အရှင်ဘုရား ဒီထောင်ထဲဝင်တုန်းကလည်း ဒီအပေါက်ကလေးကပဲ မဟုတ်လား" ဟု လျှောက်ထားသည်။

ဦးအာစရက "ဝင်တုန်းက ဒီအပေါက်ကလေးကဝင်ခဲ့တာမှန်တယ်။ ဝင်ခဲ့တုန်းက ဒီဘူးပေါက်ကလေးရဲ့အကြောင်းဇာစ်မြစ်ကိုမသိလို့ ဝင်ခဲ့တာ။ ခုတော့ ဒီဘူးပေါက်ကလေးရဲ့အကြောင်းကိုသိပြီ။ ကျုပ်လိုဘုရားသားတော်တစ်ပါးဟာ ဒီညစ်ညမ်းတဲ့အပေါက်က မထွက်နိုင်ဘူး။ ဘူးဝတံခါးမကြီးကဖွင့်လွှတ်မှ ထွက်မယ်"

ဦးအာစရ၏ အကြောင်းပြချက်မှာ ခိုင်လုံနေပါသည်။ အကြောင်းမူ ထောင်ဘူးဝတွင် ရင်ကွဲတံခါးမကြီးနှင့် တံခါးရွက်တစ်ခုတွင်ဖောက်ထားသော မလွယ်ပေါက်တံခါးကလေးဟူ၍ တံခါးနှစ်ခုရှိသည်။ ထောင်မှူးထောင်ပိုင်မှအစ အားလုံးသောထောင်အရာရှိများ ထောင်တွင်းသို့ဝင်ကြရာတွင် ရင်ကွဲတံခါးမကြီးဖွင့်၍ဝင်ကြပြီး ထောင်ကျများ မလွယ်ပေါက်တံခါးကလေးမှဝင်ကြရသည်။

ထောင်ကိုစဆောက်စဉ်ကပင် ထိုမလွယ်ပေါက်တံခါးကလေးမှဝင်လေသမျှသူတို့အား ဘုန်းတန်ခိုးအရှိန်အဝါနှင့် ကာယသိဒ္ဓိကိုယ်ခံ အစရှိသည်တို့ ယုတ်ညံ့လျက် အသရေနိမ့်သွားစေရန် မီးနေထဘီများနှင့် အခြားယုတ်ညံ့သောအစီအရင်များဖြင့် စီမံထားသည်ဟု ဤတံခါးကလေးအကြောင်း ထောင်ထဲရောက်ကာမှ ကြားသိရသည်။

ထို့ပြင် ဤတံခါးပေါက်ကလေးမှ အတွင်းသို့ဝင်သည်ဖြစ်စေ၊ ထွက်သည်ဖြစ်စေ ခေါင်းမငုံ့ဘဲ ဝင်မရ၊ ထွက်မရပါ။ ငုံ့ဝင် ငုံ့ထွက်မှရပါသည်။ ဤသို့ ငုံ့ဝင် ငုံ့ထွက်ရခြင်းသည် ထောင်အာဏာပိုင်များနှင့် အင်္ဂလိပ်အစိုးရအား ရိုသေလေးစားပါ၏။ ခေါင်းငုံ့အညံ့ခံပါ၏ဟု တမင်ရည်ရွယ်ပြုလုပ်ထားခြင်းဖြစ်သည်ဟု ကျွန်တော်တို့ကြားသိပြီးဖြစ်သည်။ ဤသည်ကို ဦးအာစရက အခိုင်အမာယုံကြည်နေပေသည်။

ထောင်မှူး၊ ထောင်ပိုင်များသည် လွှတ်ရက်စေ့သူများကို တစ်ရက်ပို၍ပင်

www.foreverspace.com.mm

ချုပ်ထားပိုင်ခွင့်မရှိပါ။ ချုပ်ထားပါက မတရားချုပ်နှောင်မှုဖြင့် ထောင်သားက ပြန်တရားစွဲနိုင်ပေသည်။

ထို့ကြောင့် ထိုညတွင်ပင် မလွယ်ပေါက်ကလေးက မထွက်နိုင်ဟုငြင်းနေသော ဦးအာစရကို အိပ်ထောင်များပိတ်ပြီးသည့်အချိန်တွင် ထောင်မှူးကြီး ဦးပန်းမောင် ခေါင်းဆောင်သည့် ထောင်ဝါဒါ၊ ဘာယာများဖြင့် အတင်းချုပ်နှောင် ထမ်းပိုးပြီး မလွယ်ပေါက်ကလေးမှ ထုတ်သွားပါတော့သည်။ ဦးအာစရသည် 'သခင်မျိုးဟေ့ တို့ဗမာ' အော်ဟစ်ရင်း ရုန်းကန်ရင်းပါသွားပါသည်။

ကျွန်တော်တို့သခင်များကလည်း 'သခင်မျိုးဟေ့ တို့ဗမာ' သံပြိုင်ဟစ်ရင်း 'ဟေ့ ပန်းမောင် မတရားမလုပ်နဲ့ကွ။ နေ့မှလွှတ်ပါလား။ ဘာကြောင့် ညကြီး ခိုးကြောင်ခိုးဝှက်လွှတ်ရတာလဲ' ဟု ကြွေးကြော်အော်ဟစ်ကာ သံပုံးတီး၊ သံတံခါးတွေကို တုတ်ဖြင့်ခေါက်ပြီး ဆန္ဒပြတိုက်ပွဲဆင်ကြပါသည်။

(ဘုံဘဝမှာဖြင့် စာ ၈၉–၉၀)

ဤနည်းဖြင့် ကျွန်တော် သမိန်ထောရွာမှ အရှင် ဦးအာစရကို သိကျွမ်းခဲ့ရခြင်းဖြစ်သည်။ ဦးအာစရသည် ဂျပန်ခေတ်က လူထွက်ပြီး သူ့အသက်ထက် ထက်ဝက်ငယ်သူ မိန်းကလေးဖြင့် အိမ်ထောင်ပြုကာ ရန်ကုန် ဗဟန်းဘက်တွင်နေထိုင်ပါသည်။ ၁၉၇၀ ပြည့်နှစ်လောက်အထိ အသက်ရှင်လျက်ရှိနေပါသည်။ ဦးအာစရ၏လူအမည်က သခင်အောင်နိုင်ပါ။

သမိန်ထောရွာရောက်သည့်ညတွင် ကျေးရွာမှ လယ်သမားများနှင့် ကျွန်တော်တွေ့ရ လေ့လာရသည်။

## သေမင်းတမံတဲ့

လယ်သမားများက သူတို့ရွာအနီးက ဖြတ်စီးနေသည့် ငါးရိုးကြီးချောင်း (ဘုရားကြီးချောင်းဟုလည်းခေါ်သည်) ကို ၁၉၆၂ ခုနှစ်က ဆည်မြောင်းဌာနက တမံတုတ်ခဲ့သည့်အကြောင်း ပြောပြသည်။

"အစိုးရက လယ်သမားတွေကောင်းစားဖို့ စေတနာနဲ့လုပ်ပေးခဲ့တာပါ။ မလုပ်တတ်တော့ စေတနာက လယ်သမားတွေအတွက် ဝေဒနာဖြစ်ခဲ့ရတယ်" ဟု လယ်သမားများက ပြောပြသည်။

ငါးရိုးကြီးချောင်းတစ်ဝိုက်မှာ သမိန်ထောရွာအပါအဝင် ရွာပေါင်း ၂၀ ခန့်ရှိသည်။ လယ်ကွင်းတွေကလည်း ပထမတန်းစားမြေ စပါးတင်း နှစ်သိန်းလောက်ထွက်တဲ့လယ်တွေရှိတယ်။ ဒါပေမဲ့ မြေကဒယ်အိုးလို အလယ်ကခွက်နေသည်။ မိုးရွာရင် မိုးရေတွေ ချောင်းထဲကို တော်တော်နဲ့မဆင်းပါ။ မိုးအဆက်မပြတ်ရွာရင် ချိုင့်ခွက်ထဲက လယ်အချို့ စပါးပင်တွေ ရေနစ်ပြီးပျက်တာရှိသည်။ သည်ကြားထဲ ဒီရေကတစ်မှောင့်။ မိုးကရွာ၊ ဒီရေက တက်ဆိုရင်တော့ အဲဒီလယ်တွေအဖို့ အချိန်တန်ရင် ဆန်ကောနဲ့ကောက်ဆွသာ ကျန်တဲ့ဘဝရောက်ရပြီ။ ဒီအဖြစ်ကို ကယ်မဖို့ ဆည်မြောင်းဌာနက ငါးရိုးကြီးချောင်းကိုခွပြီး တမံတုတ်လိုက်တာဖြစ်သည်။ ဖြစ်ချင်တော့ ဒီနှစ်မှ မိုးကကောင်း၊ ဝါဆိုလမှာ လပေါက်မိုးကမစဲတာကြောင့် နှစ်ပေါင်း ၃၀ အတွင်း မကြုံဖူးအောင် ရေလျှံတော့သည်။ သမိန်ထောရွာခြေအရောက် ရေလျှံခဲ့သည်။ 'မြို့ဝန်မင်းစောင်မကာမှ ထောင်လုံးလုံးကျ' သည့်ဘဝဖြစ်ရသည်။

ဆည်မြောင်းဌာနက ငါးရိုးကြီးတမံမှာ ရေတံခါးတွေ အခိုင်အမာဆောက်ပေးရမှာဖြစ်သည်။ ရေတံခါးမရှိတော့ ပင်လယ်ရေတက်လာတာကိုလည်း မတားနိုင်။ မိုးရေကိုလည်း တုတ်မရဖြစ်ပြီး တမံထဲမှာရှိသည့်လယ်အားလုံး ပျက်လေသည်။ မိုးရေကများလွန်းတော့ တုတ်ထားတဲ့ တမံလည်း ကျိုးပေါက်သွားသည်။ အထက်ပိုင်းက တမံကျိုးတော့ သမိန်ထောရွာအောက် မြေနိမ့်ပိုင်းတွေလည်း ရေလွှမ်းတော့တာပေါ့။ ဒါကြောင့် လယ်သမားတွေက ငါးရိုးကြီးတမံကို 'သေမင်းတမံ' ဟု အမည်တပ်လိုက်ကြသည်။

တမံလုပ်တဲ့ အဓိကရည်ရွယ်ချက်က တောရိုင်းမြေကို လယ်လုပ်ဖို့ဖြစ်သည်ဟု လယ်သမားများကို ပြောသည်။ မြေရိုင်းကို လယ်လုပ်ဖို့ထက် ဒုတိယကမ္ဘာစစ်နဲ့ ပြည်တွင်းစစ်ကြောင့် လယ်ယဉ်တွေ လယ်ရိုင်းဖြစ်ကုန်တာကို လယ်ယဉ်တွေပြန်ဖြစ်အောင်လုပ်ဖို့က အရေးကြီးသည်ဟု လယ်သမားများပြောသည့်စကားမှန်နိုင်သည်။

အထက်ကအရာရှိတွေက လယ်ယာစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး စာတွေ့သာရှိသည်။ လက်တွေ့မရှိ။

လယ်သမားများက ဘိုးဘွားဘီဘင်ကပင် ဒီမြေ ဒီရေနဲ့ ဒီရာသီဥတုကိုယဉ်ပါးပြီး အကြောင်းသိပြီးဖြစ်သည်။ စာတွေ့မဟုတ်၊ လက်တွေ့ဖြစ်သည်။ တမံဆောက်မည်ဆိုပါက ဆည်မြောင်းအရာရှိများသည် ဒီနယ်ကလယ်သမားထံမှ ရေမြေအခြေအနေကို သိအောင်လေ့လာရမည်။ လယ်သမားများ၏လက်တွေ့နှင့် မိမိတို့ရဲ့စာတွေ့ကိုပေါင်းစပ်နိုင်ပါမှ 'မှန်းချက်နှင့် နမ်းထွက်' ကိုက်မည်ဖြစ်သည်။

နို့ပြီး လယ်သမားကြီးများက ပြောသေးသည်။ ငါးရိုးကြီးတမံရေမလျှံအောင် ရေတံခါးသာမက ရေနုတ်မြောင်း (အချို့က ရေထုတ်မြောင်းဟုခေါ်သည်) လည်းလိုသည်။ မြောင်းက သေးလို့မဖြစ်။ အနည်းဆုံး အကျယ်ရှစ်ပေ၊ အနက်လေးပေရှိမှ ဖြစ်မည်။

မနှစ်က ရေသုံးကြိမ်ကြီးတော့ ပျိုးတွေ သုံးခါသေ၊ သုံးခါပြန်စိုက်။ နှစ်တိုင်း လယ်တစ်ဧက ပျိုးပင် ၄,၀၀၀ သာကုန်သည်။ မနှစ်ကတော့ လယ်တစ်ဧက ပျိုး ၂၄,၀၀၀ ကုန်လေသည်။ ဒီဒုက္ခက လယ်သမားတွေကြုံရတာ၊ ဆည်မြောင်းအရာရှိတွေအဖို့တော့ 'နေသာသပ၊ လေညာက'။

(ရှေ့လဆက်ပါမည်။)

**သခင်တင်မြ**

■

www.foreverspace.com.mm

ယခင်လမှအဆက်




၁၉၉၆ ခုနှစ် Steel Market of The Year ဆုရသူ Mittal

# သူဌေးဖြစ်နည်း လျှို့ဝှက်ချက် ၂၃

ဦးလှဝင်း (လေသူရဲတစ်ဦး)

မစ်တယ် ဒီနေ့စိတ်ဝင်စားတဲ့ သံမဏိဈေးကွက်ကတော့ ဥရောပတိုက်ပါပဲ။ ဘာကြောင့်လဲဆိုတော့ ဥရောပနိုင်ငံတချို့က ဒီနေ့အထိ နိုင်ငံပိုင် သံမဏိစက်ရုံကြီးတွေကို ပုဂ္ဂလိကပိုင်စက်ရုံတွေအဖြစ် ပြောင်းဖို့ ပြင်ဆင်နေတုန်းဖြစ်တယ်။

ဒီနိုင်ငံတွေ အများစုကတော့ အရှေ့ဥရောပတိုင်းပြည်တွေပါ။ ဆိုဗီယက်အုပ်စုက ခွဲထွက်ခဲ့တဲ့နိုင်ငံတွေပါ။

၂၀၀၁ ခုနှစ်မှာ ပြင်သစ် ယူဆီနာ (Usinor) သံမဏိအုပ်စုနဲ့ ခက်ခက်ခဲခဲပြိုင်ဆိုင်ပြီး ရိုမေးနီးယား (Romania) နိုင်ငံမှ နိုင်ငံပိုင်သံမဏိစက်ရုံကို မစ်တယ် ဝယ်နိုင်ခဲ့ပါတယ်။

ဒီနေ့ ရိုမေးနီးယားနိုင်ငံ မစ်တယ်ပိုင် Ispat Sidex သံမဏိလုပ်ငန်းဟာ အဲဒီအချိန်ကစပြီး မွေးဖွားခဲ့တာပါပဲ။

နောက် . . . . ၂၀၀၂ ခုနှစ်မှာ အမေရိကန် US Steel သံမဏိအုပ်စုနှင့် ခက်ခက်ခဲခဲပြိုင်ဆိုင်ပြီး ပိုလန်နိုင်ငံမှာ နိုင်ငံပိုင် Polskie Huty Steel သံမဏိလုပ်ငန်းကို မစ်တယ် ဝယ်ယူခဲ့ပါတယ်။

ပိုလန်ပြီးတော့ မစ်တယ်က ချက် (Zech Republic) နိုင်ငံကို ဦးလှည့်ပြန်တယ်။ ကွန်မြူနစ်အုပ်စုကြီး ပြိုကျခဲ့ပြီးတဲ့နောက်မှာ အရှေ့ဥရောပမှာ ချက်နိုင်ငံက ရုရှားရဲ့လောင်းရိပ်က လွတ်ခဲ့ပါတယ်။ ကွန်မြူနစ်အုပ်စုမှာ နှစ်ပေါင်းများစွာ သုံးခဲ့ကြတဲ့ စီမံကိန်းစီးပွားရေး (Planned Economy) ဟာ လက်တွေ့အလုပ်မဖြစ်တော့ဘူးဆိုတာ အားလုံးလက်ခံကြပြီး လွတ်လပ်တဲ့ဈေးကွက်စနစ်ကို စတင်အသုံးပြုဖို့ ပြင်ဆင်ကြပါတယ်။ ဒါပေမဲ့ ချက်နိုင်ငံတော်မှာ ပိုက်ဆံမရှိဘူး။ လွတ်လပ်တဲ့ဈေးကွက်စနစ်ရဲ့ စီးပွားရေးပြိုင်ဆိုင်မှုတွေကိုလည်း ဘယ်လိုရင်ဆိုင်ရမှန်းမသိဘူး။ သူတို့တိုင်းပြည်မှာ စီမံကိန်းစီးပွားရေးစနစ် (Planned Economy) ကျင့်သုံးတဲ့အချိန်က တည်ထောင်ထားတဲ့ စက်ရုံကြီးတွေကတော့ ရှိတာပေါ့ခင်ဗျား။

အဲဒီစက်ရုံကြီးတွေမှာ သံမဏိစက်ရုံကြီးလည်းပါတယ်။ သံမဏိစက်ရုံမှာ သုံးနေတဲ့စက်ပစ္စည်းတွေက ခေတ်မမီတော့ဘူး။ အသစ်ယူတပ်ဆင်ဖို့၊ စက်အဟောင်းတွေကို ကြံ့ခိုင်မှုပြန်လုပ်ဖို့ကလည်း အစိုးရမှာ ပိုက်ဆံမရှိဘူး။ အရင်းအနှီးမရှိဘူး။ သံမဏိစက်ရုံကြီးက နေ့စဉ် အရှုံးကို အမြန်ဆုံးကာကွယ်နိုင်ဖို့နည်းလမ်းက ဝယ်သူရှာပြီး ရောင်းပစ်လိုက်တဲ့နည်းလမ်းပဲရှိတယ် မဟုတ်လား။

အဲဒီသံမဏိစက်ရုံကြီးရဲ့ အမည်က Nova Hut တဲ့ . . . ။ Ostrava မြို့အနီးမှာ ရှိပါတယ်။ အဲဒီစက်ရုံကို သူတို့တည်ထောင်ခဲ့တာ ၁၉၅၁ ခုနှစ်အတွင်းကပါ။ သက်တမ်းနှစ်ပေါင်း ၅၀ လောက်ရှိနေပြီ။ ဒါပေမဲ့ မမှန်ကန်တဲ့ စီးပွားရေးစနစ်ကြောင့် ဒီနှစ်ပေါင်း ၅၀ အတွင်းမှာ စက်ရုံကို ပြု

www.foreverspace.com.mm



ပြင်ပြောင်းလဲမှုတွေပြုလုပ်ရမှာကို မေ့နေခဲ့တယ်။ ပျက်ကွက်ခဲ့တယ်။ သံမဏိစက်ရုံက အကြီးကြီးပါ။ အလုပ်သမားပဲ ၁၂,၀၀၀ ကျော်ရှိပါတယ်။

အဲဒီစက်ရုံကို ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလအတွင်းမှာ မစ်တယ်က ဒေါ်လာ ခြောက်သန်းနဲ့ ဝယ်လိုက်တယ်။ အလွန်ချောင်တဲ့ဈေးပါ။ အဲဒီစက်ရုံဟာ တစ်ချိန်က တစ်နှစ် သံမဏိတန်ချိန် လေးသန်းအထိ ထုတ်လုပ်ခဲ့ဖူးတဲ့စက်ရုံပါ။

မစ်တယ် လက်ထဲရောက်ပြီးတဲ့နောက် သူစက်ရုံကို အသေးစားပြင်ဆင်မှုတွေပြုလုပ်ပြီးတာနဲ့ နှစ်စဉ် အမြတ်ထွက်နေတဲ့၊ အောင်မြင်တဲ့ သံမဏိစက်ရုံကြီးတစ်ခုဘဝကို ပြောင်းသွားခဲ့ပါပြီ။

ဒီနေ့ မစ်တယ် သီးသန့်ပိုင်ခဲ့တဲ့စက်ရုံတွေရဲ့ သံမဏိထုတ်လုပ်စွမ်းအားက တစ်နှစ်ကို သံမဏိတန်ပေါင်း ၄၂ သန်းလောက်ရှိပါတယ်။ ဒါ မနှစ်က ထုတ်လုပ်စွမ်းအားပါ။ ကမ္ဘာမှာ ဒုတိယမြောက် အများဆုံး သံမဏိထုတ်နေတဲ့ လုပ်ငန်းပါ။ ပထမမြောက် အများဆုံးထုတ်လုပ်တယ်ဆိုတဲ့ လူဇင်ဘတ်မြို့ကို အခြေစိုက်တည်ထောင်ထားတဲ့ လူမျိုးစုံပိုင် အာဆီလာ (Multinational Arcelor) သံမဏိလုပ်ငန်း ၂၀၀၁ ခုနှစ်ကထုတ်နိုင်တဲ့ပမာဏထက် နည်းနည်းပဲ ပိုနည်းပါတယ်။

မစ်တယ်က ဥရောပမှာ ထိပ်ဆုံးက အောင်မြင်နေတဲ့ အာဆီလာသံမဏိလုပ်ငန်းကို ပြိုင်ဖို့ အနိုင်ရဖို့ စမ်းကြိုးစားခဲ့ဖူးပါတယ်။ ဒါပေမဲ့ လွတ်လပ်တဲ့ ဈေးကွက်စနစ်ကြီးထွားနေတဲ့ အမေရိကန်နဲ့ ဥရောပက သံမဏိလုပ်ငန်းကြီးတွေကိုပြိုင်ဖို့ အနိုင်သတ်ဖို့ဆိုတာ အလွန်ခက်လိမ့်မယ်ဆိုတာ သူသိတယ်။

ဒါကြောင့် ၂၀၀၄ ခုနှစ်မှာ သူ့ရဲ့ Ispat International သံမဏိလုပ်ငန်းနဲ့ ဥရောပရဲ့အကြီးဆုံး သံမဏိလုပ်ငန်းအုပ်စုဖြစ်တဲ့ LNM Holdings ကို ပေါင်းလိုက်ပါတယ်။ Merger လုပ်ပစ်လိုက်ပါတယ်။


နောက် . . . တစ်ချိန်ထဲမှာပဲ အမေရိကန် သံမဏိအုပ်စုကြီးတစ်ခုဖြစ်တဲ့ Ohio မှာအခြေစိုက်တည်ထောင်ထားတဲ့ International Steel Group Inc နှင့် ပေါင်းလိုက်ပါတယ်။ ဒီလိုပြုလုပ်လိုက်တဲ့အတွက် စုစုပေါင်း ဒေါ်လာ ၂၂ ဘီလီယံတန်ဖိုးရှိတဲ့ သံမဏိအင်ပါယာကြီးတစ်ခု ဖြစ်လာပါတယ်။

ဒီနေ့ မစ်တယ်ရဲ့ သံမဏိအင်ပါယာကြီးဟာ နိုင်ငံပေါင်း ၁၄ နိုင်ငံမှာ တည်ဆောက်ပါတယ်။ အင်ဒိုနီးရှားကနေ (ပိုလန်) . . . နောက် . . . မက္ကဆီကို၊ အမေရိကန်ပြည်ထောင်စု . . . တောင်အမေရိကနဲ့ ထရီနီးဒတ် (Trinidad)၊ နောက် . . . အဲ . . . တိုက်ကြီးတွေအားဖြင့်ပြောရရင်တော့ မြောက်အမေရိက (North America)၊ အာဖရိက၊ အာရှနှင့် ဥရောပနိုင်ငံတွေ



**US Steel သံမဏိစက်ရုံမြင်ကွင်း**

**Arcelor Mittal သံမဏိစက်ရုံ**



www.foreverspace.com.mm




**Forbes မဂ္ဂဇင်းက ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်တစ်ဦးအဖြစ်ရွေးချယ်ခဲ့သူ Mittal**

အများကြီးမှာ ရှိပါတယ်။

၂၀၀၆ ခုနှစ်အတွင်းမှာတော့ ဥရောပ မဟာသံမဏိလုပ်ငန်းကြီး (Europeon Steel Giant) လို့ ခေါ်ကြတဲ့ Arselor SA နှင့် ပေါင်းလိုက်ပါတယ်။ merged လုပ်လိုက်တာပေါ့ခင်ဗျာ။ Arselor SA ရဲ့ ကြွယ်ဝမှုကတော့ အမေရိကန်ဒေါ်လာ ၃၃ ဘီလီယံ ရှိပါတယ်။ အဲဒီသံမဏိအုပ်စုနှင့် ပေါင်းလိုက်တဲ့ လုပ်ငန်းအမည်ကတော့ Arselor Mittal တဲ့ခင်ဗျာ။

ဒီအုပ်စုရဲ့ သံမဏိထုတ်လုပ်စွမ်းအား တစ်နှစ်တန်သန်း ၁၀၀ ရှိပါတယ်။

ဒီပေါင်းလိုက်တဲ့ အုပ်စုသံမဏိလုပ်ငန်းရဲ့ ၄၃ ဒသမ ၆ ရာခိုင်နှုန်းက သူဌေးကြီးမစ်တယ် ပိုင်တယ်ခင်ဗျာ။

အရှေ့ဥရောပနိုင်ငံတွေအထဲမှာ ရင်းနှီးမြှုပ်နှံဖို့ မစ်တယ် စိတ်မဝင်စားတဲ့ နှစ်နိုင်ငံရှိတယ်။

ရုရှားနှင့် ယူကရိန်းနိုင်ငံတွေပါ။ ပြဿနာက အဲဒီနှစ်နိုင်ငံမှာ ပြည်ပက ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး ထုတ်ပြန်ထားတဲ့ ဥပဒေတွေကို မကြိုက်လို့ပါ။ နောက် . . ရုရှားနှင့်ပတ်သက်ရင် ရုရှားခေါင်းဆောင် သမ္မတပူတင် ဒီနေ့တော့ ဝန်ကြီးချုပ်ပေါ့ခင်ဗျား။ ဒီလူကို သူမကြိုက်ဘူး။ ပူတင်က သူမုန်းတဲ့ ရုရှား Yukos ကုမ္ပဏီရဲ့ သူဌေး (Mikhail Khodorkovsky) ကို ဒီနေ့ ထောင်ထဲမှာထည့်ထားတယ် မဟုတ်လား။ သူအဲဒီလိုအနိုင်ကျင့်ခံရမှာကို ကြောက်လန့် ပုံရပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံမဏိဈေးကွက်နှင့် ပတ်သက်လို့တော့ မစ်တယ် အလွန်စိတ်ဝင်စားပါတယ်။ မစ်တယ်က မကြာခင်ကပဲ ကြေညာချက်ထုတ်ပါတယ်။ သူ တရုတ်နိုင်ငံမှာ ရင်းနှီးမယ့် သံမဏိလုပ်ငန်းရဲ့ ထုတ်လုပ်စွမ်းအားက ဒီနေ့ ကမ္ဘာ့သံမဏိထုတ်လုပ်စွမ်းအားရဲ့ ၂၅ ရာခိုင်နှုန်းနဲ့ ညီမျှလိမ့်မယ်။

သူ တရုတ်နိုင်ငံမှာ သံမဏိစက်ရုံ တည်ဆောက်ဖို့ ရွေးချယ်ထားတဲ့နေရာကတော့ တရုတ်နိုင်ငံမြောက်ပိုင်း Yingkou ဆိုတဲ့ ပြည်နယ်မှာပါ။ အမေရိကန်ဒေါ်လာ သန်း ၁၀၀ သုံးပါလိမ့်မယ်။

၁၉၉၄ ခုနှစ်အထိကို မစ်တယ်ပိုင်တဲ့ သံမဏိလုပ်ငန်းတွေက သူ့ဖခင်ပိုင် . . . အဲ . . . ဒါ သူ့မိသားစုပိုင် စီးပွားရေးလုပ်ငန်းတွေပါ။

၁၉၉၄ ခုနှစ်အတွင်းမှာမှ အိန္ဒိယနိုင်ငံပြင်ပမှာရှိတဲ့ သံမဏိစက်ရုံတွေကို သူပိုင်စက်ရုံလုပ်ငန်းတွေအဖြစ် ခွဲထွက်တည်ထောင်လိုက်ပါတယ်။

ဘာကြောင့် သူ့မိသားစုပိုင်လုပ်ငန်းတွေက ခွဲထွက်လိုက်တယ်ဆိုတဲ့အကြောင်းကို သူ့ဖခင်ကရော . . . သူကရော ထုတ်ဖော်ပြောကြားခဲ့တာ လုံးဝမရှိပါဘူး။ လျှို့ဝှက်ထားပါတယ်။

၁၉၉၇ ခုနှစ်မှာ မစ်တယ်ပိုင် သင်္ဘောလိုင်းတစ်ခုကို တည်ထောင်ခဲ့ပါတယ်။ ရည်ရွယ်ချက်ကတော့ သူပိုင်သံမဏိကုန်ကြမ်းနှင့် ကုန်ချောတွေကို ပို့ဆောင်ဖို့အတွက်ပါ။ သင်္ဘောကုမ္ပဏီနာမည်က Ispat Shipping ပါ။

မစ်တယ်ရဲ့ သူ့သံမဏိ အင်ပါယာကြီးကို တည်ထောင်ထားပုံက အလွန်အကွက်စေ့ပါတယ်။

ဒါကြောင့်လည်း သူက အာရှတိုက်တစ်ခုလုံးမှာ အချမ်းသာဆုံးပုဂ္ဂိုလ် . . .။

သူ ဒီနေ့ နေထိုင်လျက်ရှိတဲ့ ဗြိတိန်တစ်နိုင်ငံလုံးမှာလည်း သူက အချမ်းသာဆုံးပါပဲ။

၂၀၀၅ ခုနှစ် မတ်လမှာ ထုတ်ဝေတဲ့ Forbes Magazine မှာ ဖော်ပြချက်အရ မစ်တယ်ဟာ ကမ္ဘာမှာ တတိယအချမ်းသာဆုံးပုဂ္ဂိုလ်ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။

အမေရိကန်လူမျိုးမဟုတ်တဲ့လူတွေအထဲမှာ သူအချမ်းသာဆုံးပါ။ . . . The richest non American လို့ ပြောကြပါတယ်။

မှန်ပါတယ်။

ကမ္ဘာမှာ သူ့ထက်ချမ်းသာသူ နှစ်ဦးပဲရှိပါတယ်။ တစ်ယောက်က Microsoft ကွန်ပျူတာပိုင်ရှင်သူဌေး Bill Gates ပါ။ နောက်တစ်ယောက်ကတော့ အမေရိကန်ငွေကြေးရှင် . . . US investment guru . . ဝါရင်ဘတ်ဖက် (Warren Buffett) ပါ။

၂၀၀၃ ခုနှစ်အတွင်းမှာ လန်ဒန်မြို့မှာ သူဒီနေ့ နေထိုင်လျက်ရှိတဲ့အိမ်ကို ဝယ်လိုက်တယ်။ အမေရိကန်ဒေါ်လာ ၁၂၈ သန်း ပေးရပါတယ်။ တစ်ကမ္ဘာလုံးမှာ ဈေးအကြီးဆုံးပေးဝယ်ထားခဲ့တဲ့အိမ်လို့ သတ်မှတ်ထားပါတယ်။

သူနေတဲ့အိမ်ကို ဒီနေ့ လန်ဒန်မှာ အိမ်လို့တောင် မခေါ်တော့ဘူး။ မစ်တယ်ရဲ့ နန်းတော်ကြီးလို့ ပြောကြတယ်။ တချို့ကလည်း Taj Mittal လို့ နာမည်ပေးထားပါတယ်။

www.foreverspace.com.mm



အဲဒီအိမ်မှာ အိပ်ခန်း ၁၂ ခန်းရှိတယ်။

အိန္ဒိယနိုင်ငံက ကုလားသူဌေးကြီးတွေရဲ့ဓလေ့က သူတို့သားသမီးတွေရဲ့ မင်္ဂလာဆောင်ကို အကြီးအကျယ်ကျင်းပလေ့ရှိပါတယ်။

မစ်တယ်မှာ သားတစ်ယောက်နှင့် သမီးတစ်ယောက် ရှိပါတယ်။

သူ့သမီး မင်္ဂလာဆောင်ကတော့ ကမ္ဘာမှာ ငွေကြေးအများဆုံးသုံးပြီး ကျင်းပခဲ့တဲ့ မင်္ဂလာဆောင်အဖြစ်သတ်မှတ်လို့ရမယ်လို့ထင်ပါတယ်။

ငွေဘယ်လောက်သုံးခဲ့တယ်လို့ ထင်ပါသလဲ။

အမေရိကန်ဒေါ်လာ သန်း ၆၀ လောက်သုံးခဲ့တယ်တဲ့ခင်ဗျာ။

သူ့အိမ်က လန်ဒန်မှာရှိပေမယ့် မင်္ဂလာဆောင်ကို လန်ဒန်မှာ မလုပ်ဘူး။

ပြင်သစ်နိုင်ငံမှာ သွားလုပ်တယ်။

စေ့စပ်ပွဲကို ပြင်သစ်သမိုင်းမှာ နာမည်ကြီးလှတဲ့ ဗာဆိုင်းနန်းတော်ကြီး (Palace of Versaille) မှာ ပြုလုပ်ခဲ့တယ်။

မင်္ဂလာအခမ်းအနားက ငါးရက်ကြာတယ်တဲ့ခင်ဗျာ။ အဲဒီအခမ်းအနားကို ၂၀၀၄ ခုနှစ် ဇွန်လ ၂၀ ရက်နေ့မှ ပြင်သစ်နိုင်ငံရဲ့ ကမ္ဘာကျော် Vaux Le Viconte ဥယျာဉ်ကြီးမှာ လုပ်ခဲ့တယ်။



Mittal ၏ စံအိမ် Taj Mittal

ညစာစားပွဲကိုတော့ အလွန်နာမည်ကြီးလှတဲ့ Jardindes Tuileries မှာ ကျွေးတယ်။ အိန္ဒိယနိုင်ငံရဲ့ ရုပ်ရှင်မြို့တော် Bolly Wood က ပထမအဆင့်ရှိတဲ့ ရုပ်ရှင်မင်းသားမင်းသမီးတွေကို အကုန်ဖိတ်တယ်။

အကုန်လာကြတယ်။

လန်ဒန်မြို့က မင်္ဂလာဆောင်အခမ်းအနားကိုလာကြမယ့် ဧည့်သည်တစ်ထောင်ကျော်ကို အထူးငှားထားတဲ့ ဂျက်လေယာဉ်ပျံတွေနှင့် အကြိုအပို့လုပ်ပေးတယ်။ ဧည့်သည်တွေကို ကမ္ဘာကျော် ကြယ်ငါးပွင့်ဟိုတယ်ကြီးဖြစ်တဲ့ Inter Continental Le Grand မှာ တည်းခိုစေတယ်။

Ispat သင်္ဘောလိုင်း



အဲဒီလောက်တောင် ချဲ့တဲ့မင်္ဂလာဆောင်ဆိုတော့လည်း ဒေါ်လာသန်း ၆၀ ကုန်တယ်ဆိုတာ မဆန်းဘူးပေါ့ခင်ဗျား။

ကုလားသူဌေးကြီး မစ်တယ်က သံမဏိစီးပွားလောကမှာ အတော်ဆုံး၊ အအောင်မြင်ဆုံးပုဂ္ဂိုလ်ဖြစ်နေတဲ့အတွက် ကမ္ဘာ့အဆင့်ဆုတံဆိပ်အမျိုးမျိုးကိုလည်း သူ ရခဲ့ဖူးပါတယ်။

အမေရိကန် New Steel မဂ္ဂဇင်းကြီးက ၁၉၉၆ ခုနှစ်မှာ သူ့ကို 'Steel Maker of the Year' ဆုကို ပေးပါတယ်။

၁၉၉၈ ခုနှစ်မှာ 'Willy Kort Steel Vision Award' ကို သူရပါတယ်။ ဒီဆုက ကမ္ဘာ့သံမဏိစီးပွားလောကမှာ အဆင့်မြင့်ဆုံးဆုလို့ သတ်မှတ်လို့ ရနိုင်ပါတယ်။

၂၀၀၄ ခုနှစ်မှာ ကမ္ဘာကျော် Fortune Magazine ကြီးက မစ်တယ်ကို အဲဒီနှစ်ရဲ့ 'European Business man of the Year' ဆုကို ပေးပါတယ်။

၂၀၀၇ ခုနှစ်မှာ Bassemer Gold Medel ဆုကို သူရပါတယ်။

ဆက်လက်ဖော်ပြပါမည်။

**ဦးလှဝင်း (လေသူရဲတစ်ဦး)**